www.burmeseclassic.com




မြသန်းတင့်

ရှားလော့ဟုမ်း၏ နောက်ဆုံးဦးညွတ်ခြင်း

# HIS LAST BOW

Sir Arthur Conan Doyle

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် [၅၀၁၅၃၂၁၀၀၉]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၅၀၀၂၅၄၀၃၁၁]

ဒုတိယ အကြိမ်၊ ၂၀၁၁၊ မေ
[ပထမ အကြိမ်၊ ၁၉၈၄၊ အောက်တိုဘာ၊ ဘဝတက္ကသိုလ် စာပေ]

မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း
အတွင်း | ဒီဇိုင်း မောင်ကျော်စိုး
အုပ်ရေ | ၅၀၀
တန်ဖိုး | ၃၅၀၀ ကျပ်

မျက်နှာဖုံးရိုက် | ဒေါ်မြွေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။
ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်
၁၂၊ ဒေါနလမ်း၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ
၁၀၊ ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ကမာရွတ် မြို့နယ်၊ ရန်ကုန်။

# မြသန်းတင့်
## ရှားလော့ဟုမ်းစ်၏ နောက်ဆုံး ဦးညွှတ်ခြင်း

# His Last Bow

## Sir Arthur Conan Doyle

၈၉၅.၈၈
မြသန်းတင့် (မြန်မာပြန်)
ရှားလော့ဟုမ်းစ်၏ နောက်ဆုံး ဦးညွှတ်ခြင်း
မြသန်းတင့် (မြန်မာပြန်)၊ ရန်ကုန်၊
သင်းစာပေ၊ ဒုတိယ အကြိမ်။ ၂၀၁၁။
၂၉၆ - စာ၊ ၂၀.၅×၁၃ စင်တီ။
(၁) ရှားလော့ဟုမ်းစ်၏ နောက်ဆုံး ဦးညွှတ်ခြင်း

www.burmeseclassic.com

## နိုင်ငံတော် တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — နို့အရေး
တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး — နို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး — နို့အရေး

[illegible] မြဲစွဲသူ နိုင်ရန်သူ။
[illegible] မြဲစွဲသည့် အကြံ နိုင်လက်မခံ။
ဘယ်သူခွဲခွဲ နိုင်မကွဲ အမြဲ စည်းလုံးမည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့ သဘောထား

ပြည်ပ အားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော
ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော
  နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း
  ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
  စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်
  နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊
  အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ် စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

## မာတိကာ


| | |
|---|---|
| ဒေါက်တာ ဝပ်ဆင်၏ မှတ်စုဆောင်း စရိုက် | ၁ |
| ၁။ နွယ်သာကီ ရိပ်သာ | ၁၁ |
| ၂။ ချစ်သူ့ ကလဲ့စား | ၅၉ |
| ၃။ စက်ပိုင်ရှင် | ၉၃ |
| ၄။ ရေငုပ် သင်္ဘော ပုံစံများ ပျောက်ဆုံးမှု | ၁၂၅ |
| ၅။ စုံထောက်ဉာဏ် | ၁၇၁ |
| ၆။ သူတော်ယောင် လင်မယား | ၁၉၇ |
| ၇။ သရဲ ခြေထောက် | ၂၂၉ |
| ၈။ နောက်ဆုံး ဦးညွှတ်ခြင်း | ၂၇၁ |


www.burmeseclassic.com

www.burmeseclassic.com




ရှားလော့ဟုမ်း ဝတ္ထု ပထမဆုံး ပုံနှိပ် ဖော်ပြသည့်
၁၈၈၇ ခုနှစ် ဒီဇင်ဘာလ ထုတ်
ဘီတွန် ၏ ခရစ်စမတ် နှစ်လည် မဂ္ဂဇင်း အဖုံး

www.burmeseclassic.com

www.burmeseclassic.com




ရှားလော့ဟုမ်း ဝတ္ထုတို တစ်ပုဒ် ပါဝင်သော
၁၉၁၃ ခု ဒီဇင်ဘာလ ထုတ်
စထရင်း မဂ္ဂဇင်း အဖုံး




ရှားလော့ဟုမ်း
ဝတ္ထုတို တစ်ပုဒ်
ပါဝင်သော
ကောလီးယား မဂ္ဂဇင်း
အဖုံး တစ်ခု
(ရေးဆွဲသူ
ဖရက်ဒရစ် ဒေါ်စတီး)




မော်စကိုတွင်
ရုရှ ဘာသာဖြင့်
ထုတ်ဝေသည့်
"နပိုလီယန် ခြောက်ဦး အမှု"
ဝတ္ထု မျက်နှာဖုံး
(၁၉၄၅)

www.burmeseclassic.com

www.burmeseclassic.com




"But how did you know young Bromley murdered the haberdasher, Holmes?"

**Holmes:** Very simple, my dear Watson. Young Bromley is known as a fanatic fashion plate. And yet there he stood, protesting his innocence, in a shirt that fitted him badly all around.

**Watson:** *Of course, Holmes. Young Bromley always wears ARROW shirts. Perfect style at the collar. Exact sleeve length. "Sanforized". Tapered ARROW fit.*

**Holmes:** Quite so. Obviously our haberdasher had talked Bromley into trying a different shirt. It fitted atrociously. And in a rage, Bromley struck him down.

**Bromley:** *He told me it was an ARROW. He told me....*

**Holmes:** Poor devil. I can't help but believe there was strong provocation, Watson.

*ARROW*

The shirt for Britain—*with a dash of American*

CLUETT, PEABODY & CO., LTD., 24 NEW BOND STREET, LONDON W.1

1959


## A BAKER STREET FOLIO

**5 Letters About Sherlock Holmes**

**By Franklin Delano Roosevelt**

**(U.S. President)**



Summit, N.J. 1945 — Privately Printed

Edition limited to 150 copies of which 75 were sent to the original Baker Street Irregulars. For some years copies have been unavailable and despite persistent advertising we have, until now, been unable to raise a single copy. This is because not only Holmesians but F.D.R. collectors also want this tremendous trifle.

$15.00 per copy

ABRAMSON, ARGUS BOOKS INC, WEST 46 STREET

NEW YORK 19, N.Y.

1949


ဘောကာ စထရိ ဂျာနယ်တွင် အမေရိကန် သမ္မတ ရုဇဗဲက
ရှားလော့ဟုမ်း အကြောင်း ရေးသားထားသည့် စာ ငါးစောင် ပေါင်းချုပ်
စောင်ရေ ၁၅၀ သာ ထုတ်ပြီး ၇၅ စောင်ကို သတ်မှတ်ထားသည့်
အသင်းဝင် ၇၅ ဦး နှင့် ကျန် ၇၅ စောင်ကို ပြင်ပတွင်
တစ်စောင်လျှင် ၁၅ ဒေါ်လာဖြင့် ရောင်းသည်။ (၁၉၄၉ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com




လန်ဒန်မြို့
နော့သမ်ဘာလမ် လမ်း၊
ရှားလော့ဟုမ်း အမည်ရှိ
ဟိုတယ်မှ
ဝိုင် အရက်စာရင်း ကတ်ပြား




ရှားလော့ဟုမ်း ဝါသနာအိုးများ ဖွဲ့စည်းထားသော
"ဘေကာ စထရိ မိတ်ဆွေများ အသင်း" အသင်းဝင် လက်မှတ် တစ်စောင်

## ဒေါက်တာ ဝပ်ဆင်၏ ဇာတ်ဆောင် စရိုက်

ရှားလော့ဟုမ်း ဝတ္ထုများတွင် စုံထောက် ရှားလော့ဟုမ်း ပြီးသည့်နောက် အရေးကြီးသည့် ဇာတ်ဆောင်မှာ ဒေါက်တာ ဝပ်ဆင် ဖြစ်လေသည်။ ရှားလော့ဟုမ်း လိုက်ခဲ့သည့် အမှုများကို မှတ်တမ်းတင်သူမှာ ဒေါက်တာ ဝပ်ဆင် ဖြစ်လေရာ ဒေါက်တာ ဝပ်ဆင် မရှိလျှင် ရှားလော့ဟုမ်းလည်း မရှိနိုင် ဟူ၍ပင် ပြောနိုင်လေသည်။

စာရေးဆရာ ဆာ အာသာ ကိုနင်ဒွိုင်းလ်၏ ဖော်ပြချက် အရ ဒေါက်တာ ဝပ်ဆင်သည် လန်ဒန် တက္ကသိုလ်မှ ဆေးပညာ ဒေါက်တာ ဘွဲ့ကို ရခဲ့ပြီးနောက် စစ်တပ်ထဲသို့ ဝင်ခဲ့သည်။ စစ်တပ် ဆရာဝန် အဖြစ် အိန္ဒိယ တပ်မတော်တွင် ဝင်ရောက် အမှုထမ်းနေစဉ် အာဖဂန် စစ်မြေပြင်သို့ ရွှေ့ပြောင်းသွားခဲ့သည်။ အာဖဂန် စစ်မြေပြင်တွင် ဒဏ်ရာ ရလာခဲ့သည့် အခါ ဒေါက်တာ ဝပ်ဆင်သည် တပ်မှ ပင်စင်ဖြင့် ပြန်လာခဲ့ပြီး လန်ဒန် မြို့တွင် ဆေးခန်းကလေး တစ်ခန်း ဖွင့်၍ ဆေးကုသခြင်းဖြင့် အသက် မွေးမည် ပြုသည်။ သို့ရှိနေစဉ် မိတ်ဆွေ တစ်ယောက် ဖြစ်သည့် စတင်းဖို့၏ ဆက်သွယ်ပေးချက် အရ ရှားလော့ဟုမ်းနှင့် တွေ့ပြီး ဘေကာလမ်း၊ ၂၂၁ ဘီတွင် အခန်း စပ်တူ ငှား၍ နေကြသည်။ ဒေါက်တာ ဝပ်ဆင်သည် ရှားလော့ဟုမ်းနှင့် အတူ ဘေကာလမ်း တိုက်ခန်းတွင် အတူ နေထိုင်ခဲ့ပြီး နောက် အိမ်ထောင် ကျသွားခဲ့သည်။

'စိတ်ကောင်း သဘောကောင်း ရှိသည့် ကျွန်ုပ်၏ မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်မှာ ကျွန်ုပ်ကို စွန့်ပစ်ကာ သူ့မိန်းမ နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့လေပြီ။ ဤသည်မှာ ကျွန်ုပ်နှင့် နှစ်ရှည်လများ ပေါင်းသင်းလာသည့် အတောအတွင်း ဝပ်ဆင်၏ တစ်ခုတည်းသော ကိုယ်ကျိုးကြည့်မှုဟုပင် ဆိုချင်ပါသည်။ ယခုကား ကျွန်ုပ် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေပြီ။' ဟု ရှားလော့ဟုမ်း ကိုယ်တိုင် ရေးသည့် ဟန်ဖြင့် တင်ပြသော *The Blanched Soldier* ဝတ္ထုတွင် ကိုနင်ဒွိုင်းလ်က ရေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



*A Study in-Scarlet* ဝတ္ထုတွင် ဆာ အာသာ ကိုနင်ဒွိုင်းလ်က ဒေါက်တာ ဝပ်ဆင်၏ ဇနီး အကြောင်းကို အတော်အတန် ပြည့်စုံစွာ ဖော်ပြထားသည်ကို တွေ့ရသည်။ ဒေါက်တာ ဝပ်ဆင်သည် မေရီ မော်စတန်နှင့် ၁၈၈၈ ခုနှစ်တွင် တွေ့ခဲ့ကြ၏။ ထိုအချိန်၌ မေရီ မော်စတန်မှာ အသက် ၂၇ နှစ် ရှိလေပြီ။ မေရီ မော်စတန်သည် အိန္ဒိယ တပ်မတော် ဗိုလ်ကြီး တစ်ဦး၏ သမီး ဖြစ်၍ ငယ်စဉ်ကပင် မိဘများ ကွယ်လွန်ခဲ့ကြသည်။ မေရီ မော်စတန်သည် အက်ဒင်ဘာရာတွင် ပညာ သင်ကြားခဲ့ပြီးနောက် မစ္စက် စီစီ ဖောရက်စတား ဆိုသူ အမျိုးသမီးကြီး တစ်ယောက်၏ အိမ်တွင် ကလေးများကို အုပ်ထိန်းသူ စာပြ ဆရာမ လုပ်ခဲ့သည်။ ၁၈၈၉ ခုနှစ်တွင် ဒေါက်တာ ဝပ်ဆင်နှင့် လက်ထပ်ခဲ့သည်။ သူနှင့် လက်မထပ်မီ ကလေးတွင် ဒေါက်တာ ဝပ်ဆင်သည် ပက်ဒင်တန်ဘူတာ အနီးတွင် ဆေးခန်းကလေး တစ်ခန်းကို ဒေါက်တာ ဖာကူးဟား ဆိုသူထံမှ ဝယ်ယူလိုက်ကာ ဆေးကုသည့် လုပ်ငန်းကို လုပ်ကိုင်သည်။

ရှားလော့ဟုမ်းနှင့် အတူ ဘေကာလမ်း တိုက်ခန်းတွင် နေခဲ့စဉ်က ဒေါက်တာ ဝပ်ဆင်၏ ဝင်ငွေ မည်ရွေ့ မည်မျှ ရှိသည်ကို ဖော်ပြထားခြင်း မရှိ။ ဒေါက်တာ ဝပ်ဆင် ကိုယ်တိုင်မှာလည်း ဆေးကုသသည့် လုပ်ငန်းကို ကောင်းစွာ လုပ်ကိုင်ခြင်း မရှိသေးဘဲ ရှားလော့ဟုမ်းနှင့် အတူ မှုခင်းများကို လိုက်လံ စုံစမ်းရာတွင် ပါဝင်သည်ကိုသာ တွေ့ရသည်။ အလုပ်အကိုင် မည်မည်ရရ မတွေ့ရ။ ဒေါက်တာ ဝပ်ဆင်သည် စစ်တပ်မှ ရသော ပင်စင်ကလေးဖြင့်ပင် ထိုင်စားနေဟန် တူသည်။ သူသာမက ရှားလော့ဟုမ်းမှာလည်း ထိုအချိန်က အမှုများ အတွက် ပြောပလောက်အောင် ညဏ်ပူဇော်ခ မရချေ။ ထိုကာလ အတွင်း ရှားလော့ဟုမ်း မြိုးမြိုးမြက်မြက် ရဖူးသည့် ညဏ်ပူဇော်ခမှာ ဘိုဟီးမီးယား ဘုရင်ထံမှ ရသည့် ညဏ်ပူဇော်ခ ပေါင်တစ်ထောင်၊ ဟိုဒါနက်ဆီ မြို့စားကြီးထံမှ ပေါင် ခြောက်ထောင်နှင့် ဂျာမန် အမတ်ကြီး ဗွန် ဗော့ထံမှ ပေါင် ငါးရာတို့သာ ဖြစ်သည်။ များများစားစား ရသည့် ညဏ်ပူဇော်ခများလည်း ရှိကောင်း ရှိပေလိမ့်ဦးမည်။ သို့ရာတွင် ဒေါက်တာ ဝပ်ဆင်သည် ထိုအမှု သုံးမှုမှအပ အခြား အမှုများတွင် ရှားလော့ဟုမ်း ငွေ မည်မျှ ရသည်ကို ဖော်ပြခြင်း မရှိခဲ့။

ဒေါက်တာ ဝပ်ဆင်သည် ရှားလော့ဟုမ်းနှင့် အတူ နေခဲ့သည့် ကာလ အတောအတွင်းတွင် ဆေး ကုသသည့် လုပ်ငန်းကို လုပ်ချိန် မရဖြစ်ခဲ့သည့် အတွက် ဝင်ငွေ မရှိသည့်တိုင် ရှားလော့ဟုမ်း၏ အမှုများ





အကြောင်းကို ရေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေ ရရှိနေသည်ဟု ယူဆရသည်။

ဒေါက်တာ ဝပ်ဆင်သည် ရှားလော့ဟုမ်း မှတ်တမ်းများထဲတွင် ရှားလော့ဟုမ်း၏ ရုပ်ကိုသာ ဖော်ပြသော်လည်း သူ့ ရုပ်ပုံကိုမူ ဖော်ပြခြင်း မပြုချေ။

*The Six Napoleons* ဆိုသော ဝတ္ထုထဲတွင် ရှားလော့ဟုမ်းနှင့် ပုလိပ် အင်စပက်တော် တစ်ဦးတို့ ပြောသော စကားများ အရသာ ဒေါက်တာ ဝပ်ဆင်၏ ရုပ်ပုံကို ခန့်မှန်းကြည့်ရသည်။

'လူက အရပ်အမောင်း သင့်သင့်၊ ကိုယ်လုံး ကိုယ်ပေါက် တောင့်တောင့်၊ မေးရိုး လေးထောင့်နှင့် ခင်ဗျ၊ လည်ကုပ်ကလည်း ခပ်တုတ်တုတ်ရယ်၊ မျက်ခွံတွေက မျက်လုံးကို ဖုံးတော့မတတ် အောက်ကို တွဲကျလို့'

'ဟုတ်ပါ့ဗျာ၊ ဝပ်ဆင်ပါ၊ သူ့ အပြင် ဘယ်သူ ဖြစ်နိုင်ဦးမှာလဲ'

ဤသည်တို့မှာ ဒေါက်တာ ဝပ်ဆင်၏ ရုပ်လက္ခဏာ ဖြစ်သည်။ ဒေါက်တာ ဝပ်ဆင်သည် ခွေးဘီလူးကလေး တစ်ကောင် မွေးထားသည်။ သဘော်သားများ သောက်လေ့ ရှိသည့် ဆေးတံ ဆေးကို သုံးသည်။ ငယ်ငယ်တုန်းက ရပ်ဘီဘော ကစားခဲ့ဖူးသည်။ မနက် အိပ်ရာထ နေမြင့်တတ်သည်။ ဤသည်တို့မှာ ဒေါက်တာ ဝပ်ဆင်၏ စရိုက်များ ဖြစ်၏။

ဒေါက်တာ ဝပ်ဆင်၏ စိတ်သဘောထားနှင့် ပတ်သက်၍မူ ရှားလော့ဟုမ်း ကိုယ်တိုင် ပြန်ရေးသည့် မှတ်တမ်း တစ်စောင် ဖြစ်သော *The Blanched Soldier* တွင် အောက်ပါအတိုင်း ရေးခဲ့သည်ကို တွေ့နိုင်သည်။

'ကျွန်ုပ်၏ မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်၏ စိတ်ကူးစိတ်သန်းများမှာ ကျဉ်းမြောင်းသည့်တိုင် အလွန်တရာ စွဲမြဲ နိုင်မာလှပေ၏။ ဒေါက်တာ ဝပ်ဆင်သည် ကာလ အတန်ကြာကပင်လျှင် ကျွန်ုပ်အား ကိုယ်တွေ့ အဖြစ်အပျက်များကို ကိုယ်တိုင် ရေးသားရန် တိုက်တွန်းခဲ့ဖူး၏။ ဒေါက်တာ ဝပ်ဆင်၏ ရေးသားချက်များသည် မည်မျှ အပေါ်ယံ ကျကြောင်း၊ အဖြစ်အပျက်ကို တိကျစွာ ဖော်ပြရမည့် အစား ပရိသတ် ဖတ်ကောင်းအောင် မည်သို့ မည်ပုံ ရေးသားလေ့ ရှိကြောင်းများဖြင့် ကျွန်ုပ်သည် အခါ အခွင့်သင့်တိုင်း ပြစ်တင် ဝေဖန်လေ့ ရှိခဲ့ရာ ယခုကဲ့သို့ ကျွန်ုပ်အား ကိုယ်တွေ့ အကြောင်းအရာများကို ကိုယ်တိုင် ပြန်ရေးရန် သူ ပူဆာသည့် အခါတွင်မူ ကျွန်ုပ်မှာ ကိုယ့် အတတ်နှင့် ကိုယ် ဆိုသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျှော့ ရှိပေ၏။ ကျွန်ုပ်၏ စွန့်စားခန်းကလေးများတွင် ကျွန်ုပ်သည် ဒေါက်တာ ဝပ်ဆင်ကို မကြာခဏ ဆိုသလို ခေါ်သွားလေ့ ရှိရာ ဤသို့ ခေါ်သွားခြင်းမှာ အခြားကြောင့် မဟုတ်ဘဲ ဒေါက်တာ ဝပ်ဆင်တွင် ထူးခြားသည့် အရည်အချင်းများ ရှိသောကြောင့် ဖြစ်၏။ ဒေါက်တာ ဝပ်ဆင်ကို ခေါ်သွားခြင်းမှာ အပို သက်သက်သာ ဖြစ်သည်ဟု အများက ထင်ခဲ့ကြလျှင် ဤသည်မှာ ဝပ်ဆင်က သူ၏ အရည်အချင်းများကို အနည်းငယ်မျှလောက်သာ ရေးပြီး ကျွန်ုပ်၏ အရည်အချင်းများကို အရှိထက် ပို၍ ပုံကြီးချဲ့ ရေးသားခြင်းကြောင့်သာ ဖြစ်ပေလိမ့်မည်။ မိမိ၏ ကောက်ချက်များနှင့် ခြေလှမ်းများကို ကြိုတင် ခန့်မှန်းနိုင်သော ကြံဖော် ကြံဖက် တစ်ယောက်သည် များစွာ အန္တရာယ် ကြီးသူ တစ်ယောက် ဖြစ်၏။ သို့ရာတွင် ရှေ့တွင် ဖြစ်ပေါ်လာသည့် အလားအလာတို့ကို မသိဘဲ အဖြစ်အပျက်သစ် တစ်ရပ် ဖြစ်ပေါ်လာတိုင်း တအံ့တဩ ဖြစ်နေတတ်ပြီး အနာဂတ်ကို ပိတ်ထားသော စာအုပ်ကြီး တစ်အုပ်သဖွယ် မမြင်နိုင်သူ တစ်ယောက်မှာကား အကောင်းဆုံးသော ကြံဖော် ကြံဖက် ဖြစ်လေ၏။' ဟု ရေးထားသည်ကို တွေ့ရသည်။

ဤသည်ကို ထောက်လျှင် ဒေါက်တာ ဝပ်ဆင်သည် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတတ်သူ၊ စိတ်ကူးစိတ်သန်းထက် လက်တွေ့ကို ပို၍ အားသန်သူ၊ သူ့ မိတ်ဆွေ ရှားလော့ဟုမ်း၏ အရည်အချင်းများကို လွန်စွာ အထင်ကြီး တန်ဖိုးထားသူ ဖြစ်ကြောင်း တွေ့နိုင်သည်။

ဒေါက်တာ ဝပ်ဆင်သည် ရှားလော့ဟုမ်း၏ အရည်အချင်းများကို တန်ဖိုး ထားရုံမျှမက ကိုးကွယ်သူ ဖြစ်သည်ဟု ပြောနိုင်သည့် အချက်များလည်း ရှိသည်။

ဒေါက်တာ ဝပ်ဆင်၏ အမြင်၌ ရှားလော့ဟုမ်းသည် အလွန်ယုတ္တိဗေဒကျစွာ စဉ်းစားနိုင်စွမ်း ရှိသူ၊ သတ္တိကောင်းသူ၊ စေ့စပ် သေချာသူ၊ တရား မျှတမှုကို မြတ်နိုးသူ၊ သက်ညှာတတ်သူဟု မြင်ပြီး ထိုသို့ မြင်သည့် အတိုင်းလည်း မှတ်တမ်းတိုင်း၌ ရှားလော့ဟုမ်း၏ အကြောင်းကို အကျယ်တဝင့် ရေးသားထားသလောက် သူ့ အကြောင်းကိုမူ များများ ရေးသည်ကို မတွေ့ရချေ။

ဒေါက်တာ ဝပ်ဆင် ရှားလော့ဟုမ်း အပေါ်တွင် သစ္စာ ရှိလိုက်ပုံမှာလည်း ဆိုဖွယ် မရှိတော့။ သူ သစ္စာ ရှိပုံမှာ ဆရာနှင့် တပည့် သစ္စာ ရှိပုံမျိုး၊ သခင်နှင့် ခွေးငယ်ကလေးတို့၏ သစ္စာ ရှိပုံမျိုးနှင့် တူနေတော့သည်။ ဒေါက်တာ ဝပ်ဆင်သည် ရှားလော့ဟုမ်း နိုင်းသည်ဆိုလျှင် ဘာ





တို့မျှ ကျိုးကြောင်း မေးမြန်းခြင်း မပြုတော့။ နိုင်းရာကို သစ္စာ ရှိစွာ လုပ်သည်။ ရှားလော့ဟုမ်း၏ အမိန့်ကို ကျိုးနွံစွာ နာခံသည်။ ရှားလော့ဟုမ်း၏ အမိန့်ကို သူ မနာခံသည့် အခါမျိုးမှာ အသက် အန္တရာယ်ကို စိုးရိမ်ရသည့် နေရာမျိုးသို့ ရှားလော့ဟုမ်းက သူ တစ်ယောက်တည်း သွားမည် ပြုသည့် အခါမျိုး၊ သူ့ကို (ဒေါက်တာ ဝပ်ဆင်) မလိုက်ရန် တားသည့် အခါမျိုးတွင်မူကား ဒေါက်တာ ဝပ်ဆင်သည် ရှားလော့ဟုမ်း၏ အမိန့်ကို ဖီဆန်ကာ သူ့ဆုံးဖြတ်ချက်နှင့်သူ လုပ်လေ့ ရှိသည်။ ကျန်အချိန်မျိုးတွင်မူ ဒေါက်တာ ဝပ်ဆင်သည် ရှားလော့ဟုမ်း၏ ရိုးဘော့ စက်ရုပ် တစ်ရုပ်မျှသာ ဖြစ်လေသည်။

*The Illustrious Client* ဝတ္ထုတွင် ရှားလော့ဟုမ်း၏ တာဝန်ပေးချက် အရ ဒေါက်တာ ဝပ်ဆင်သည် ဘုမသိ ဘမသိဖြင့် တရုတ်ကြွေထည်များ အကြောင်းကို လေ့လာကာ အလွန် အန္တရာယ် ကြီးသည့် ရာဇဝတ်ကောင် တစ်ယောက်၏ အိမ်ကို စွန့်စွန့်စားစား သွားရောက်ခဲ့ပုံကို ကြည့်လျှင် ဒေါက်တာ ဝပ်ဆင်သည် ရှားလော့ဟုမ်း၏ အမိန့်ကို မည်မျှ ကျိုးနွံကြောင်း ထင်ရှားသည်။

သို့ရာတွင် ဒေါက်တာ ဝပ်ဆင်သည် လူဖြောင့် စိတ်တို တစ်ဦးဖြစ်၏။ *The Adventure of Copper Beeches* ဝတ္ထုတွင် အောက်ပါအတိုင်း ရေးထားသည်ကို တွေ့နိုင်သည်။

'ပစ္စည်းတည်း ဟူသော အကြောင်းတရားက နေပြီး ပစ္စယုပ္ပန်တည်း ဟူသော အကျိုးတရားကို ရအောင် ကျုပ် ဘယ်လို အပတ်တကုတ် အားထုတ်ရတယ် ဆိုတာကို ရေးမယ့် အစား ခင်ဗျားဟာ လူပြိန်းတွေ ဖတ်ကောင်းအောင် ရေးနေတာမျိုး ဖြစ်နေတယ်ဗျ။ ဒီအချက်ကတော့ ခင်ဗျား ညံ့တာပဲ' ဟု ရှားလော့ဟုမ်းက ပြောလိုက်၏။

ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ ထူးခြားသည့် စရိုက်များ အနက် ကိုယ့် ကိုယ် ကိုယ် အထင်ကြီးဟန် ရှိသည့် လက္ခဏာကို တစ်ကြိမ်မက မြင်ခဲ့ဖူးပြီ ဖြစ်သည့် အလျောက် ကျွန်ုပ်မှာ အနည်းငယ် စိတ်တိုသွားသည်နှင့်

'အေးလေ၊ ကျွန်တော် ဘယ်လိုပဲ ရေးရေး ခင်ဗျားရဲ့ တွေးခေါ်မှုနှင့် ပတ်သက်လို့တော့ လျှော့ပေါ့ပြီး ရေးဖူးတယ် မထင်ပါဘူး၊ ထိုက်သည့် အားလျော်စွာတော့ ရေးခဲ့တာချည်းပါပဲဗျ'

*The Sign of Four* ဝတ္ထုတွင်လည်း ဒေါက်တာ ဝပ်ဆင်က အောက်ပါအတိုင်း ရေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှားလော့ဟုမ်းသည် ကျွန်ုပ် ရေးခဲ့သည့် မှတ်တမ်း တစ်စောင်နှင့် ပတ်သက်၍ ဝေဖန် ပြောဆိုရာ၌

'ခင်ဗျား ရေးသားထားပုံက သိပ်ပြီး စိတ်ကူးယဉ်နေတယ်ဗျ။ တစ်ခါတုန်းက ခင်ဗျား ရေးခဲ့သလိုပဲ ခု မှတ်တမ်းမှာလည်း ခင်ဗျား ရေးထားပုံက အချစ် ဝတ္ထုလိုလို၊ ယူကလစ်ရဲ့ ဂျီဩမေထရီ ပုစ္ဆာလိုလို ဘာလိုလိုနှင့်'

အမှန်အားဖြင့် ကျွန်ုပ်သည် ထိုမှတ်တမ်းကို သူ သဘောကျဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစား၍ ရေးခဲ့ခြင်း ဖြစ်ရာ ယခုကဲ့သို့ ဝေဖန်သည့် အခါတွင်မူကား ကျွန်ုပ် စိတ်ထဲတွင် ထောင်းခနဲ ဖြစ်သွားလေ၏။ ကျွန်ုပ်၏ ရေးသားချက်ထဲမှ စာကြောင်းတိုင်း စာကြောင်းတိုင်းသည် သူ့ အထူး လုပ်ဆောင်ချက်များကို ချီးကျူး ရေးသားရမလို ဖြစ်နေသည့် အတွက် ထိုမျှ အတ္တ ကြီးရသလော ဟူ၍လည်း တွေး၍ ကျွဲမြီးတိုမိပါသေးသည်။' ဟု ရေးသားထားသည်ကို တွေ့နိုင်သည်။

ဤအရေးအသားများကို ထောက်လျှင် ဒေါက်တာ ဝပ်ဆင်သည် ရှားလော့ဟုမ်းကို လေးစား တန်ဖိုးထားသည့်တိုင် အရမ်းကာရော ကိုးကွယ်သူ တစ်ယောက် မဟုတ်ကြောင်းကို တွေ့နိုင်သည်။ ရိုးသားသည့်တိုင် ပြောသမျှကို ခေါင်းငုံ့ခံတတ်သည့် လူနုံ တစ်ဦး မဟုတ်ဘဲ မဟုတ်မခံ စိတ် ရှိသည့် လူဖြောင့် တစ်ဦး ဖြစ်ကြောင်းကို တွေ့နိုင်သည်။

ရှားလော့ဟုမ်းသည် မိန်းမများနှင့် ပတ်သက်၍ ကင်းရှင်းသလောက် ဒေါက်တာ ဝပ်ဆင်မှာမူ မိန်းမကျွမ်း ကြေသူ တစ်ဦး ဖြစ်ဟန် ရှိသည်။

ဤသည်ကို အောက်ပါ စကား အရ သိနိုင်သည်။

'မိန်းမတွေကို တော်တော်များများ တွေ့ခဲ့ဖူးပြီဗျ။ တွေ့ဆိုတိုက်ကြီး သုံးတိုက်မှာ ရှိတဲ့ နိုင်ငံ တော်တော် များများက မိန်းမတွေကို ကျွန်တော် မြင်ခဲ့ဖူးပြီ၊ ယဉ်ကျေးပြီး ထက်မြက်တဲ့ မျက်နှာမျိုးတော့ တစ်ယောက်ပဲ တွေ့ဖူးသေးတယ်၊ တခြား မတွေ့ဖူးသေးဘူး' ဟု ကျွန်ုပ်၏ ဇနီးလောင်းနှင့် ပတ်သက်၍ ပြောသည့် အခါတွင် ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'အင်း၊ ခင်ဗျားကတော့ မိန်းမကျွမ်း ကြေတဲ့ လူကိုးဗျ၊ အမျိုးသမီးက အလင်းရောင်ကို ကျောပေးပြီး ထိုင်လိုက်ပုံ ထောက်တော့ ကျုပ်လည်း သိပ်ခေတဲ့ အမျိုးသမီး မဟုတ်ဘူး ဆိုတာ အကဲခတ်လိုက်မိပါရဲ့'

'ဟုတ်တယ်ဗျ၊ အခန်းထဲမှာ ကုလားထိုင်တွေ တစ်ပုံကြီး ရှိ





ဝါလျက်နှင့် အလင်းရောင်ကို ကျောပေးထားတဲ့ ကုလားထိုင်ကိုမှ ရွေးထိုင်ပုံကို ထောက်တော့ သူ့ကို အကဲခတ်ဖို့ သိပ်မလွယ်တော့ဘူးပေါ့'

'အင်း၊ သေသေချာချာ မြင်ရသည့်တိုင်အောင်လည်း မိန်းမ တစ်ယောက်ကို အကဲခတ်ဖို့ ဆိုတာ မလွယ်ပါဘူးဗျာ'

ဒေါက်တာ ဝပ်ဆင် ဇနေဉာဏ် ကောင်းပုံနှင့် ပတ်သက်၍လည်း ဤသို့ ရေးထားသည်ကို တွေ့ရသည်။

'ပါမောက္ခ မိုရီယာတီ အကြောင်း ကျုပ် ပြောဖူးတာ မှတ်မိသေးတယ် မဟုတ်လား'

'မှတ်မိပါ့ဗျာ၊ အမှုတွေကို ကျူးလွန်ရာမှာ နည်းစနစ် ကျကျ ကျူးလွန်တတ်တယ်လို့ နာမည်ကြီးသလောက် ...'

'ဟိုးဆရာကြီး ဟိုး၊ ဒီလောက်လည်း အမွှမ်းတင် မနေနှင့်ဦး'

'မဟုတ်ပါဘူး၊ နာမည် ကြီးသလောက် လူ မသိဘူးလို့ ပြောမလို့ပါ'

'အမယ်၊ ခင်ဗျားကလည်း အရွှမ်းတွေ ဖောက်ပြီး လျှောချတတ်ပါကလား၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ခင်ဗျားနှင့် စကား ပြောရင် သတိထားပြောမှ'

ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်တို့၏ ဆက်ဆံရေးကို ဝေဖန်ရေး ဆရာများက ဟုမ်း-ဝပ်ဆင် ပါတနာရှစ်ဟု ခေါ်ကြသည်။

ရှားလော့ဟုမ်း ကျွမ်းကျင်သူ *Micheal Pointer* က 'ကိုနင်ဒွိုင်းလ်သည် ရှားလော့ဟုမ်းကို လက်စတုံးအောင် ဖျောက်ဖျက် ပစ်လိုသည် ဆိုလျှင် ဒေါက်တာ ဝပ်ဆင်ကို အလျင် သတ်ပစ်သင့်ပေသည်။ ဤသည်သာလျှင် အကောင်းဆုံးနည်း ဖြစ်သည်။ ဝပ်ဆင် မရှိဘဲ ဟုမ်း မရှိနိုင်။ ဝပ်ဆင် မရှိဘဲ ဟုမ်း မပေါ်ပေါက်နိုင်။ ဒေါက်တာ ဝပ်ဆင်၏ အရေးအသားများသည် လည်းကောင်း၊ ဟုမ်းနှင့် စာဖတ် ပရိသတ် ကြားတွင် ကြားခံ အဖြစ် ရပ်တည်နေသော ဝပ်ဆင်၏ အနေအထားသည် လည်းကောင်း တန်ဖိုး မဖြတ်နိုင်အောင် ရှိပါသည်။

'အမှန်အားဖြင့် ရှားလော့ဟုမ်းနှင့် ဝပ်ဆင်တို့ နှစ်ယောက်စလုံးသည် စာရေးဆရာ အာသာ ကိုနင်ဒွိုင်းလ်၏ ကိုယ်ပွား ဖြစ်ပါသည်။ သူ့ တစ်ကိုယ်တည်းတွင် ရှိသည့် စရိုက်ကို ကျွမ်းကျင်သည့် အရေးအသားဖြင့် ရေးထုတ်လိုက်သည့် အခါတွင် စရိုက်ချင်း မတူသော ဇာတ်ဆောင် နှစ်ယောက် မွေးဖွား လာခဲ့ပါသည်။

'ခန္ဓာကိုယ် တုတ်ခိုင်ပြီး ခေါင်းအေးအေး ထားတတ်၍လက်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ ကျသော ဒေါက်တာ ဝပ်ဆင်သည် အလွန် ထက်မြက်သည့် ရှားလော့ဟုမ်းနှင့် ထင်းထင်းကြီး ခြားနားလျက် ရှိပါသည်။

'စာရေးဆရာ ကိုနင်ဒွိုင်းလ်သည် သူ့ ဟီးရိုး၏ အရည်အချင်းများကို တစ်သမတ်တည်း ရေးပြနေလျှင် သူ့ကိုယ်သူ ချီးမြှောက်နေသကဲ့သို့ ရှိမည်သာ ဖြစ်ပါသည်။

'ဤတွင် ကိုနင်ဒွိုင်းလ်သည် သူ့ဟီးရိုး၏ အရည်အချင်းများကို ချီးမွမ်းပေးရန် အတွက် ဒုတိယ ဇာတ်ဆောင် ဒေါက်တာ ဝပ်ဆင်ကို ဖန်တီးခဲ့ခြင်း ဖြစ်ပါသည်။

'ဤနည်းသည် အသစ်အဆန်း မဟုတ်သည့်တိုင် ကိုနင်ဒွိုင်းလ်သည် ရှေးက ရှိခဲ့ပြီး ဖြစ်သော ဆရာတို့၏ နည်းကို အသစ် ထပ်မံချဲ့ထွင်လိုက်ခြင်းပင် ဖြစ်ပါသည်။' ဟု ရေးခဲ့သည်။

ရှားလော့ဟုမ်းနှင့် ဒေါက်တာ ဝပ်ဆင်တို့သည် ဒေါက်တာ ဝပ်ဆင် အိမ်ထောင်ကျပြီးသည့် နောက်တွင် ကွဲကွာသွားကြသော်လည်း နောက်ပိုင်းတွင် ဒေါက်တာ ဝပ်ဆင်သည် အလုပ်နှင့် ဇနီးသည်ကိုပင် ကောင်းစွာ ဂရုမပြုနိုင်တော့ဘဲ ရှားလော့ဟုမ်း၏ အမှုများတွင် ယခင်ကကဲ့သို့ပင် ပါဝင် လှုပ်ရှားလာပြန်သည်။

ရှားလော့ဟုမ်းနှင့် ဝပ်ဆင်တို့၏ ဒုတိယ အကြိမ် ပါတနာရှစ်သည် မည်မျှ ကြာသည်ကိုမူ ကျွန်တော်တို့ မသိရ။ နောက်ပိုင်းတွင်လည်း ဒေါက်တာ ဝပ်ဆင် မည်သို့ မည်ပုံ ဖြစ်သွားသည်ကို ကျွန်တော်တို့ မသိရပါ။

သို့ရာတွင် ရှားလော့ဟုမ်း ကိုယ်တိုင် ရေးသည့် မှတ်တမ်း နှစ်ခုအနက် (တစ်ခုမှာ *The Blanched Soldier* ဖြစ်သည်။) တစ်ခု ဖြစ်သည့် *The Lion's Mane* တွင်မူ ရှားလော့ဟုမ်းက

'ကျွန်ုပ်သည် အသက်ရှု ကျပ်လှသော လန်ဒန် မြို့လယ်ကောင်တွင် နေခဲ့ရစဉ်ကတည်းက အေးချမ်း ငြိမ်သက်သော ပတ်ဝန်းကျင်တွင် နေလိုသော ဆန္ဒ ဖြစ်ပေါ်ခဲ့ဖူးသည့် အတိုင်း ဆပ်ဆက်နယ် ကျေးလက်ရှိ ကျွန်ုပ်၏ အိမ်ကလေးတွင် နေထိုင်လျက် ရှိစဉ် ဤအမှုမျိုးကို ကြုံတွေ့ခဲ့ရခြင်း ဖြစ်၏။ ကျွန်ုပ်၏ မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်နှင့် ကျွန်ုပ်မှာ ဝေးကွာလျက် ရှိကာ ရက်သတ္တပတ် အကုန်တွင် လာရောက် လည်ပတ်သည့် အခါများ၌သာ တွေ့ဖြစ်တော့သည့် အတွက် ဤအမှုကို ကျွန်ုပ်ကိုယ်တိုင် မှတ်တမ်း တင်ရပေတော့မည်။' ဟု ရေးသား ထားသည်ကို တွေ့ရသည်။





ဤသည်မှာ ဝပ်ဆင်နှင့် ပတ်သက်၍ ရှားလော့ဟုမ်း၏ နောက်ဆုံး ရေးသားချက် ဖြစ်သည်။

ယခု အတွဲတွင် ဖော်ပြထားသည့် နောက်ဆုံး ဝတ္ထုမှာ ဝပ်ဆင်၏ မှတ်တမ်းလည်း မဟုတ်၊ ရှားလော့ဟုမ်း၏ မှတ်တမ်းလည်း မဟုတ်ဘဲ စာရေးဆရာက ကြားလူ အဖြစ် ရေးသားထားသည့် တစ်ခုတည်းသော ဝတ္ထု ဖြစ်သည်။

ထိုဝတ္ထု အဆုံးတွင် ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။

မိတ်ဆွေ နှစ်ဦးတို့သည် မိနစ် အတန်ကြာမျှ ရှေးဟောင်း နှောင်းဖြစ်တို့ကို ပြောဆိုလျက် ရှိကြလေ၏။ မော်တော်ကားဆီသို့ လာကြစဉ် ရှားလော့ဟုမ်းက လရောင် ဖြိုးဖြက်လျက် ရှိသည့် ပင်လယ်ပြင်ကို လက်ညှိုး ထိုးပြလိုက်ရင်း ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်လျက်

'အရှေ့လေ တိုက်နေတယ်ဗျို့ ဝပ်ဆင်'

'ဟုတ်မထင်ပါဘူးဗျာ၊ နွေးနေသားပဲ'

'ဩော် ဝပ်ဆင်ရယ်၊ ခင်ဗျားမှာလည်း အလျင် အတိုင်းပဲကိုး၊ ပြောင်းလဲနေတဲ့ ခေတ်ကြီးမှာ မပြောင်းလဲတာ ဆိုလို့ ခင်ဗျားပဲ ကျန်တော့တယ်၊ ခု အရှေ့လေ တိုက်နေတယ်ဗျ၊ ဒီလို လေမျိုးဟာ အင်္ဂလန်မှာ တစ်ခါမှ မတိုက်ဖူးဘူး၊ ဒီ လေကြီး တိုက်ရင်တော့ တော်တော်လေးကို အေးလိမ့်မယ်ဗျို့၊ ဒီလေကြီး မတိုက်ခင်မှာ ကျုပ်တို့တစ်တွေလည်း ညှိုးရော် ခြောက်ခန်း ကုန်ချင် ကုန်ကြမှာ၊ ဒါပေမဲ့ ဒီလေဟာလည်း ဘုရားသခင်ရဲ့ အလိုတော် အတိုင်း တိုက်တဲ့ လေသာ ဖြစ်လေတော့ မုန်တိုင်းကြီး ပြီးသွားခဲ့ရင် နေရောင်ခြည်ထဲမှာ ပိုပြီး သန့်ရှင်း၊ ပိုပြီး အင်အားကောင်း ပိုပြီး သာယာ ဝပြောတဲ့ ကျုပ်တို့ တိုင်းပြည်ကို တွေ့ရတော့မှာပါ'

အသက် ကြီးရင့်လာသည့် အရွယ်တွင် အကောင်းမြင် ဝါဒကို ဆုပ်ကိုင် လက်ကိုင်ပြုနိုင်သော ရှားလော့ဟုမ်း၏ ဒဿနကို ဤတစ်ပုဒ်တွင် ကျွန်တော်တို့ မြင်နိုင်ပါသည်။

ထိုအချိန်သည် သူတို့နှစ်ယောက် နောက်ဆုံး တွေ့ကြသော အချိန် ဖြစ်၍ ထိုစကားများမှာ သူတို့နှစ်ယောက် နောက်ဆုံး ပြောခဲ့သော စကားများ ဖြစ်ပြီး ကာလမှာ ပထမ ကမ္ဘာစစ်ကြီး မဖြစ်မီ ကာလ ဖြစ်ပါသတည်း။

မြသန်းတင့်



www.burmeseclassic.com

www.burmeseclassic.com

# နွယ်သာကီ ရိပ်သာ



**၁။ မစ္စတာ ဂျွန် စကော့ အဲကလက်၏ ထူးခြားသော အဖြစ်အပျက်။**

ကျွန်ုပ်၏ မှတ်စုကို ပြန်ကြည့်သည့် အခါ၌ ထိုအမှုကို ကျွန်ုပ် မှတ်တမ်းတင် ထားသည့် နေ့မှာ ၁၈၉၂ ခုနှစ် မတ်လ ကုန်ခါနီး အေးစိမ့်၍ လေပြင်း တိုက်သော နေ့တစ်နေ့ ဖြစ်ကြောင်းကို တွေ့ရ၏။

ကျွန်ုပ်တို့သည် နေ့လယ်စာ စားနေကြစဉ် ရှားလော့ဟုမ်းထံသို့ ကြေးနန်း တစ်စောင် ရောက်လာသည်၌ ရှားလော့ဟုမ်းသည် ပြန်ကြားချက် တစ်စောင်ကို ခပ်သော့သော့ ရေးပေးလိုက်လေ၏။

ထိုကိစ္စနှင့် ပတ်သက်၍ ရှားလော့ဟုမ်းသည် မည်သို့မျှ ပြောဆိုခြင်း မရှိသော်လည်း မီးလင်းဖို အနီးတွင် မတ်တတ်ရပ်ကာ ဆေးတစ်ဆုံကို ဖွာရင်း ထိုကြေးနန်းကို မကြာခဏ ကြည့်လျက် ရှိသည်ကို ထောက်သော် သူ့ ခေါင်း ထဲတွင် ထိုကိစ္စကို တွေးတော စဉ်းစားလျက် ရှိကြောင်း သိနိုင်ပေ၏။

ရှားလော့ဟုမ်းသည် မျက်လုံးတွင် လှောင်ပြောင်သည့် အရိပ်အယောင် တို့ ယှက်သန်းလျက် ရှိရာမှ ကျွန်ုပ်ဘက်သို့ ရုတ်တရက် လှည့်လိုက်ပြီးလျှင်

'အိုင်ဆေး ခင်ဗျားကတော့ စာသမား ပေသမားမို့လို့ မေးရဦးမယ်၊ ရှုပ်ထွေး ဆန်းကြယ်သော ဆိုတဲ့ နာမဝိသေသနပုဒ်ကို ဘယ်လို အနက်ဖွင့်မလဲ'

'ထူးဆန်းသော၊ တစ်မူ ထူးခြားသောလို့ အဓိပ္ပာယ် ဖွင့်လို့ ရှာပေါ့'

ဟု ကျွန်ုပ်က ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းသည် ကျွန်ုပ် ပေးသည့် အဓိပ္ပာယ်ကို ကျေနပ်ခြင်း မရှိဟန်ဖြင့် ခေါင်းကို ယမ်းလိုက်လျက်

'ဒီလောက်နဲ့တော့ မလုံလောက်သေးဘူးဗျ၊ ရှုပ်ထွေး ဆန်းကြယ်သော ဆိုတဲ့ စကားရဲ့ အနက်ထဲမှာ ကြေကွဲစရာ ကြောက်စရာလည်း ပါနေတယ်၊ အလိုလိုမှ စိတ်ညစ်နေတဲ့ လူတွေကို မှတ်တမ်း အရှည်ကြီးတွေ ရေးပြီး နှိပ်စက်ခဲ့တဲ့ ခင်ဗျားရဲ့ မှတ်တမ်းတွေကိုပဲ ပြန်ကြည့်လေဗျာ၊ နည်းနည်း ဆန်းကြယ်လာပြီ ဆိုတာနှင့် တစ်ပြိုင်နက် ရာဇဝတ် ဖြစ်မှု မကင်းတဲ့ သဘောဟာ အလိုလို ပါလာတတ်တယ် ဆိုတာကို တွေ့ရ တတ်တယ်ဗျ၊ ဥပမာ ဆံပင်နီဂိုဏ်း အကြောင်းကိုပဲ ခင်ဗျား ပြန်စဉ်းစားကြည့်ဗျာ၊ အဲဒီ အဖြစ်အပျက်ဟာ စကတည်းက ယဉ်သကို ဆိုသလို ချီလာကတည်းက ခပ်ဆန်းဆန်းရယ်ဗျ၊ ပြီးတော့ နောက်ဆုံးကျတော့ ဒီကိစ္စဟာ လုယက်ရန် ကြံစည်မှုနှင့် အဆုံး သတ်သွားရတယ်၊ ပြီးတော့ လိမ္မော်စေ့ ငါးစေ့ ပို့တဲ့ အမှုဟာလည်း ခပ်ဆန်းဆန်းပဲ၊ နောက်ဆုံးကျတော့ လူသတ်မှုနှင့် အဆုံး သတ်သွားရတယ်၊ ဘာဖြစ်လို့မှန်းတော့ မသိဘူး၊ ဒီစကားလုံးကို ကြားရင် ကျုပ် စိတ်ထဲမှာ တစ်ခုခု ဖြစ်တော့မယ် ဆိုပြီး သတိ ရှိနေတတ်တယ်'

'ခုကော ဒီစကားလုံးကို ကြားရလို့လား'

ရှားလော့ဟုမ်းက ကြေးနန်းကို ဖတ်ပြလေ၏။

'မယုံနိုင်စရာကောင်းသည့် ရှုပ်ထွေး ဆန်းကြယ်သော အဖြစ်အပျက်တစ်ခု ရှိသည်၊ တွေ့နိုင် မတွေ့နိုင်၊ စကော့ အဲကလက်၊ ဓာတိုက်မှ တစ်ဆင့်၊ ချယ်ရင်ကရော့ ဘူတာကြီး'

'ယောကျ်ားလား၊ မိန်းမလား'

'ယောကျ်ားပဲ ဖြစ်ရမှာပေါ့ဗျ၊ မိန်းမ ဆိုရင် အမြန် ကြေးနန်းကို အသွားအပြန် အခ ပေးပြီး ဘယ်မှာ ရိုက်ပါ့မလဲ၊ တစ်ခါတည်း လူကိုယ်တိုင် လာမှာပေါ့'

'လာပါလို့ အကြောင်းပြန်လိုက်သလား'

'အင်း ခင်ဗျားလည်း သိသားပဲဗျာ၊ ဗိုလ်မှူးကြီး ကာရူးသားကို အချုပ်ထဲကို ပို့ပြီးကတည်းက ကျုပ်လည်း ပျင်းတင်းတင်း ဖြစ်နေတာ၊ ကျုပ် စိတ်ကလည်း မကောင်းပါဘူးဗျာ၊ ဘာနှင့် တူသလဲ ဆိုတော့ တဝုန်းဝုန်း ခုတ်နေတဲ့ မီးရထား အင်ဂျင် စက်ခေါင်းများလိုပဲ တဝုန်းဝုန်း ခုတ်ရင် ခုတ်နေရမှ၊ ခုတ်မနေရရင် တယ်ပြီး သံချေး တက်ချင်တယ်၊ ခု ကျုပ်တို့ ဘဝမှာလည်း





ဘာမှ ထူးထူးခြားခြား မရှိဘူး၊ သတင်းစာတွေကို ကြည့်လိုက်တော့လည်း ပျင်းစရာ၊ ကျုပ်တို့ လန်ဒန် ရာဇဝတ်မှု လောကကို ကြည့်လိုက်ပြန်တော့လည်း စိတ်ကူးဉာဏ် ကောင်းကောင်း သတ္တိ ဗျတ္တိ ကောင်းကောင်းနှင့် ကျူးလွန်တဲ့ ရာဇဝတ်မှု ဆိုလို့ မရှိသလောက်ပဲ၊ ဒီလောက် ပျင်းစရာ ကောင်းနေတဲ့ အချိန်မှာ ဒီအမှုကို လိုက်မလားလို့ ခင်ဗျားမို့ မေးရပလေတယ်ဗျာ၊ ဒီအချိန်မှာတော့ ဘယ်လောက် သေးဖွဲတဲ့ အမှု ဖြစ်စေ လိုက်မှာပဲဗျ၊ ဟော ပြောရင်း ဆိုရင်း ကျုပ်တို့ အမှုသည် ပေါက်လာပြီ ထင်တယ်'

လှေကားမှ ဖြည်းဖြည်း မှန်မှန် တက်လာသော ခြေသံများကို ကြားရပြီး နောက်ခဏ အကြာတွင် အရပ် ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးတုတ်တုတ်၊ နှုတ်ခမ်းမွေး ကျင်စွယ်တို့ ဖြူဖွေးလျက် သပ်သပ်ရပ်ရပ် ဝတ်ထားသည့် လူတစ်ယောက်သည် အခန်းထဲသို့ ဝင်လာလေ၏။ ဝဝဖိုင့်ဖိုင့် ခန္ဓာကိုယ်နှင့် ဟိတ်ဟန်များသော အမူအရာတို့ကို ကြည့်လိုက်ခြင်းဖြင့် ထိုသူမှာ မည်သို့သော အတန်းအစားမှ လာကြောင်းကို ကောင်းစွာ သိနိုင်ပေ၏။ ခြေချင်းဝတ် အထိ ရှည်သော ဖိနပ်ရှည်များမှသည် ရွှေကိုင်း မျက်မှန် အထိ ထိုလူ၏ အမူအရာ၊ အပြင်အဆင် အားလုံးကို ကြည့်လိုက်လျှင် ထိုလူသည် ကွန်ဆာဗေးတစ် တစ်ယောက် ဖြစ်ကြောင်း၊ သာသနာရေး ဝန်ထမ်း တစ်ဦး ဖြစ်ကြောင်း၊ အေးချမ်းစွာ နေထိုင်သူ တစ်ယောက် ဖြစ်ကြောင်း၊ အယူ သီး၍ အစွဲအလမ်း အားကြီးသူ တစ်ယောက် ဖြစ်ကြောင်းကို သိသာနိုင်ပေ၏။ သို့ရာတွင် အံ့ဩစရာ ကောင်းသည့် ကိစ္စ တစ်ခုကြောင့် ထိုလူမှာ ဣန္ဒြေ မဆည်နိုင်ဘဲ ဖြစ်လျက် ရှိကာ ဆံပင်များ ထောင်ထလျက် ရှိပြီး ပါးပြင်မှာလည်း ဒေါသကြောင့် နီရဲလျက် ရှိသည့်ပြင် အမူအရာမှာလည်း တုန်လှုပ် ချောက်ချားလျက် ရှိခြင်းကို တွေ့ရလေ၏။

ထိုလူသည် ခရီး ရောက်မဆိုက်ပင် သူ့ကိစ္စကို ထုတ်ဖော် ပြောဆိုခြင်း ပြုလေ၏။

'ကျွန်တော့်မှာ တော်တော် ထူးဆန်းပြီး စိတ် မချမ်းသာစရာ ကောင်းတဲ့ ကိစ္စ တစ်ခုနှင့် တွေ့နေပါတယ် မစ္စတာ ဟုမ်းရယ်၊ ကျွန်တော့် တစ်သက်မှာ ဒီလို ကိစ္စမျိုး တစ်ခါမှ မကြုံခဲ့ဖူးပါဘူး၊ တော်တော်လေးကို ဆိုးပြီး တော်တော်လေးကို ရိုင်းပျတဲ့ ကိစ္စပါ၊ ကျွန်တော့်ကို ဖြေရှင်းပေးပါနော် စုံထောက်ကြီး'

ထိုလူမှာ ဒေါသကို မချုပ်တည်းနိုင်အောင် ဖြစ်လျက် ရှိလေ၏။

'ကဲ ထိုင်ပါဦး မစ္စတာ စကော့ အဲကလက်၊ ဒီကို လာတဲ့ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘို ကျွန်တော့်ကို အလျင် ပြောပြစမ်းပါဦး' ဟု ရှားလော့ဟုမ်းက လေအေး ဘလေးဖြင့် ပြောလေ၏။

'ခုကိစ္စကို ကြည့်ရတာ ပုလိပ်နှင့်လည်း သိပ် သက်ဆိုင်ပုံ မရဘူး ဝင်တာပဲ ခင်ဗျာ၊ သို့သော်လည်း အဖြစ်အပျက်ကို စုံထောက်ကြီး နားထောင် ကြည့်ပါဦး၊ အဲဒီ အခါကျတော့ ကျွန်တော် ဘာ့ကြောင့် ဒီလောက် အလောသုံး ဝယ် ဖြစ်နေရတယ် ဆိုတာကို စုံထောက်ကြီး သဘော ပေါက်လာပါလိမ့်မယ်၊ ကျွန်တော်ဟာ ကိုယ်ပိုင် လိုက်တဲ့ စုံထောက်တွေကို သိပ် သဘော မကျလှပါ ဦး၊ သို့သော်လည်း စုံထောက်ကြီးရဲ့ အမည်ကို ကြားတဲ့ အခါကျတော့ ...'

'ဟုတ်ပါပြီလေ၊ ဒုတိယ ပြောချင်တဲ့ အချက်က ခင်ဗျား ဒီကို ချက် ငင်း ဘာဖြစ်လို့ မလာသလဲ ဆိုတဲ့ အချက်ဗျ'

'ခင်ဗျာ၊ စုံထောက်ကြီး ဘာကို ဆိုလိုတာပါလဲ'

ရှားလော့ဟုမ်းက လက်မှ နာရီကို ငုံ့ကြည့်လိုက်ရင်း

'ခု နာရီပြန် နှစ်ချက်ခွဲနေပြီ ခင်ဗျ၊ ခင်ဗျား ကြေးနန်းက နာရီပြန် ၁စ်ချက်လောက်မှာ ရိုက်လိုက်တာ၊ ဒါပေမဲ့ ခင်ဗျား အဝတ်အစားနှင့် ခင်ဗျား က်နှာကို ကြည့်လိုက်ရင် မနက် အိပ်ရာက နိုးနိုးချင်း ကိစ္စ ပေါ်နေတယ် ဲတာကို သိနိုင်တယ်ဗျ၊ ကမန်းကတန်းနှင့် လာခဲ့တာ'

ကျွန်ုပ်တို့ အမှုသည်သည် ထိုအခါကျမှ ဖရိုဖရဲ ဖြစ်နေသည့် ဆံပင် ၁းကို သပ်လိုက်ပြီးနောက် မုတ်ဆိတ်ကို စမ်းကြည့်လိုက်၏။

'စုံထောက်ကြီး ပြောတာ မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော်ဖြင့် မုတ်ဆိတ် ိတ်ဖို့တောင် အမှတ် မရခဲ့ပါဘူး၊ အဲဒီ အိမ်က မြန်မြန် အပြင် ရောက်ရင် းရော ဆိုပြီး ကမန်းကတန်း ထွက်လာခဲ့တာပါ၊ ဒါပေမဲ့ စုံထောက်ကြီးဆီကို ာခင် ဟိုစုံစမ်း ဒီစုံစမ်း ဆိုတော့ နည်းနည်း ကြာသွားပါတယ်၊ ကျွန်တော် မ်ပွဲစားတွေဆီကို သွားပါတယ်၊ သူတို့က ပြောလိုက်တော့ မစ္စတာ ဂါစီယာ အိမ်လခတွေ အားလုံးကို ပေးပြီးပြီတဲ့ ခင်ဗျ၊ နွယ်သာကီ ရိပ်သာမှာ အားလုံး ုာချောမောမောပါပဲလို့ ပြောလိုက်ကြတယ် ခင်ဗျ'

ရှားလော့ဟုမ်းက ရယ်လိုက်လျက်

'နေဦး ခင်ဗျ၊ နေဦး ခင်ဗျ၊ မိတ်ဆွေကြီးက ကျုပ် မိတ်ဆွေ ဒေါက်တာ ဆင်လိုပဲ အဖြစ်အပျက်ကို အဆုံးပိုင်းက စပြီး ပြောတတ်တဲ့ အကျင့် ရှိသကိုး ကဲ ကဲ အေးအေးဆေးဆေး ထိုင် စဉ်းစားပြီးမှ ကျုပ်ကို အစီအစဉ်လိုက် ာပြစမ်းပါဦး၊ ဘာတွေ ဖြစ်ခဲ့သလဲ၊ ဘာဖြစ်လို့ ခင်ဗျား ကျုပ်ဆီကို လာရ





သလဲ၊ ဆံပင် မဖြီး မုတ်ဆိတ် မရိတ်နိုင်ဘဲ ဖိနပ်ရှည်ကြီး စီးလို့၊ ကိုယ်ကျပ် အင်္ကျီကလည်း ကြယ်သီး ဟိုတစ်လုံး သည်တစ်လုံးနှင့်၊ ဘာတွေများ ဒီလောက် အရေးတကြီး လာပြီး ဘယ်လို အကူအညီတွေ အကြံဉာဏ်တွေ တောင်းစရာ ရှိလို့လဲ'

ကျွန်ုပ်တို့၏ ဧည့်သည်ကြီးသည် စိတ်ပျက်လက်ပျက်ဖြင့် သူ့ကိုယ်သူ ပြန် ငုံ့ကြည့်လိုက်ပြီးနောက်

'အခြေအနေကတော့ တော်တော်လေးကို ဆိုးပါတယ် ခင်ဗျာ၊ ကျွန်တော် မှတ်မိသလောက် ကျွန်တော့် တစ်သက်မှာဖြင့် ဒါမျိုး တစ်ခါမှ မတွေ့ခဲ့ဖူးဘူး ထင်တာပဲ၊ သို့သော်လည်း ကျွန်တော့်ရဲ့ အဖြစ်ဆန်းကို စုံထောက်ကြီး နားထောင် ကြည့်ပါဦးလေ၊ နားထောင်ပြီးတဲ့ အခါကျတော့ ကျွန်တော် ဘာ့ကြောင့် ဒီလောက် ဖြစ်လာရသလဲ ဆိုတာကို စုံထောက်ကြီး သဘောပေါက်သွားမှာပါ'

သို့ရာတွင် ထိုလူ၏ စကားမှာ အဆုံး မသတ်လိုက်ရချေ။ အပြင်ဘက်မှ ဆူဆူညံညံ အသံများ ကြားရပြီးနောက် ကျွန်ုပ်တို့၏ အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန်သည် အရာရှိဟန် ပေါက်နေသည့် ခပ်တောင့်တောင့် လူ နှစ်ယောက်ကို အခန်းထဲသို့ ခေါ်လာခဲ့သဖြင့် ကြည့်လိုက်ရာ တစ်ယောက်မှာ စကော့တလန် ယာဒ် စုံထောက် အဖွဲ့မှ ခြေမြန် လက်မြန် ရှိ၍ သူ့နည်းနှင့် သူ တော်သည်ဟု နာမည်ကြီးသော အက်စပက်တော် ဂရက်ဆန် ဖြစ်လေ၏။ အင်စပက်တော် ဂရက်ဆန်သည် ရှားလော့ဟုမ်းကို လက်ဆွဲ နှုတ်ဆက်ပြီးလျှင် ၄င်းနှင့် လိုက်ပါ လာသူမှာ ဆာရေးနယ် ပုလိပ် အဖွဲ့မှ အင်စပက်တော် ဗိန်း ဖြစ်ကြောင်းဖြင့် မိတ်ဆက်ပေးလေ၏။

'ကျွန်တော်တို့ အနံ့ခံ လိုက်လာကြတာ ခင်ဗျ၊ အနံ့က ဒီကို ရနေလို့' ဟု ဆိုကာ ခွေးဘီလူး မျက်လုံးဖြင့် ကျွန်ုပ်တို့ ဧည့်သည်ကို ကြည့်လျက် ရှိ လေ၏။ ထိုနောက် ဧည့်သည်ဘက်ကို လှည့်လိုက်ကာ

'ခင်ဗျားက လီမြို့၊ ပေါ့ဟမ် အိမ်က မစ္စတာ ဂျွန် စကော့ အဲကလက် မဟုတ်လား'

'ဟုတ်ပါတယ်'

'ခင်ဗျားကို ကျုပ်တို့ တစ်မနက်လုံး လိုက်ရှာနေတာဗျ'

'ကြေးနန်းရုံးကို ဝင်ကြည့်ပြီး လိုက်မှာပေါ့၊ မဟုတ်ဘူးလား' ဟု ရှား လော့ဟုမ်းက မေးလိုက်၏။

'ဟုတ်ပါတယ် မစ္စတာ ဟုမ်း၊ ချယ်ရင်ကရော့ ဘူတာကြီး ရောက်လို့



www.burmeseclassic.com

www.burmeseclassic.com



ကြေးနန်းရုံးကို ဝင်ကြည့်တော့ သူ ဒီမှာ ရောက်နေတယ် ဆိုတာကို တွေ့လို့ လိုက်လာတာပါ'

'နေပါဦးဗျာ၊ ကျွန်တော့်ကို ဘာဖြစ်လို့ လိုက်ရှာနေကြတာလဲ၊ ကျွန်တော်နှင့် ဘာကိစ္စ ရှိလို့လဲ'

'မနေ့ညက နွယ်သာကီ ရိပ်သာမှာ မစ္စတာ အယ်လိုစီးယတ် ဂါစီယာ သေသွားတာနှင့် ပတ်သက်လို့ ခင်ဗျား ထွက်ချက်ကို လိုချင်လို့ပါ'

ကျွန်ုပ်တို့၏ ဧည့်သည်သည် ကုလားထိုင်တွင် မတ်၍ ထိုင်လိုက်ပြီး မျက်လုံး အပြူးသားဖြင့် စိုက်ကြည့်လျက် ရှိလေ၏။ တအံ့တဩ ဖြစ်လျက်ရှိသော သူ့ မျက်နှာပေါ်တွင် သွေးရောင် ဆို၍ အလျှင်း မရှိတော့ချေ။

'ဗျာ၊ သေသွားပြီ ဟုတ်လား၊ သေပြီ ပြောလိုက်သလား၊ ဟုတ်လား'

'ဟုတ်တယ် ခင်ဗျ၊ သေသွားပြီ'

'ဘာဖြစ်လို့ သေတာလဲ ခင်ဗျာ၊ ရထားတို့ ဘာတို့ တိုက်လို့လား'

'လူသတ်သွားတာ ခင်ဗျ'

'ဘုရားရေ၊ ဘယ်လို ဖြစ်တာလဲဗျာ၊ ဒီလိုဆိုရင် ကျွန်တော့်ကို မသင်္ကာဘူးလို့ ပြောချင်တာလား ခင်ဗျာ'

'သေသူရဲ့ အိတ်ကပ်ထဲမှာ ခင်ဗျားရဲ့ စာတစ်စောင်ကို တွေ့ရတယ်ဗျ။ အဲဒီစာကို ကြည့်ပြီး မနေ့ညက ခင်ဗျား သူ့အိမ်ကို သွားအိပ်ဖို့ ချိန်းထားတယ် ဆိုတာ သိရတယ်'

'ဟုတ်ပါတယ်၊ သွားအိပ်ဖို့ ချိန်းပါတယ်'

'ဘာ၊ ခင်ဗျား ချိန်းခဲ့တယ်နော်၊ ဟုတ်လား၊ ချိန်းခဲ့တယ်'

ပုလိပ် အရာရှိသည် မှတ်စု စာအုပ်ကို ထုတ်လိုက်လေ၏။

'ဗျို့ ဂရက်ဆန်၊ နေကြစမ်းပါဦးဗျာ၊ ခင်ဗျားတို့ လိုချင်တာက ရိုးရိုး ထွက်ချက်ကို လိုချင်တာ မဟုတ်လား'

'ဘယ်လို ထွက်ချက်ပဲ ဖြစ်ဖြစ် သူ့ ထွက်ချက်ကိုတော့ ရုံးတော်ကို တင်ရမှာပဲဗျ'

'ခု မစ္စတာ အဲကလက်က ပြောမလို့ လုပ်နေတုန်း ခင်ဗျားတို့ ရောက်လာတာပဲဗျ၊ အိုင်ဆေး ဝပ်ဆင်၊ မစ္စတာ အဲကလက်ကို ဘရန်ဒီနှင့် ဆိုဒါ နည်းနည်း တိုက်လိုက်စမ်းပါဦးဗျာ၊ ကဲ မစ္စတာ အဲကလက်၊ ခင်ဗျား ပြောမယ့် ဇာတ်လမ်းကို နားထောင်မယ့် ပရိသတ်တော့ တိုးလာပြီဗျ၊ ခင်ဗျား အဖြစ်အပျက်ကို အစက အဆုံး သေသေချာချာ ပြောပြစမ်းပါဦး'





ကျွန်ုပ်တို့၏ ဧည့်သည်သည် ဘရန်ဒီကို တကျိုက်ကျိုက် သောက်ချလိုက်လေရာ ထိုအခါကျမှပင် သူ့ မျက်နှာတွင် သွေးရောင် လျှမ်းစ ပြုလာလေ၏။ မစ္စတာ အဲကလက်သည် အင်စပက်တော် ဂရက်ဆန်၏ ပုလိပ် ဒိုင်ယာရီကို စိတ် မသက်မသာဖြင့် လှမ်းကြည့်လိုက်ပြီးနောက် သူ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို ပြောပြလေ၏။

'ကျွန်တော်က လူပျိုကြီးပါ ခင်ဗျာ၊ အပေါင်းအသင်း ဆုံလေတော့ ကျွန်တော့်မှာ မိတ်ဆွေ အပေါင်းအသင်းကလည်း တော်တော် များပါတယ်၊ အဲဒီ ကျွန်တော့် မိတ်ဆွေတွေထဲမှာ ကင်ဆင်တန် ရပ်ကွက်၊ အယ်ဘီမားလ် အိမ်မှာ နေတဲ့ ဖျစ်ချက်ရဲ့ ပိုင်ရှင် မဲလဗီးတို့ မိသားစုလည်း ပါပါတယ်၊ သူ့ အိမ်မှာ တွေ့ခဲ့တဲ့ တစ်လ နှစ်လလောက်တုန်းက ဂါစီယာ ဆိုတဲ့ လူငယ် တစ်ယောက်နှင့် ရင်းအကျွမ်း ဖြစ်ခဲ့ပါတယ်၊ ကျွန်တော် သိသလောက် ပြောရရင် ဂါစီယာဟာ စပိန်သွေး ပါပါတယ်၊ သူတို့ စပိန် သံရုံးနှင့်လည်း နည်းနည်းပါးပါး အဆက်အသွယ် ရှိပါတယ်၊ အင်္ဂလိပ် စကားလည်း ကောင်းကောင်း ပြောတတ်ပါတယ်၊ ဆက်ဆံရေးကလည်း ကောင်းတယ်၊ ပြီးတော့ လူက ဥပဓိရုပ်ကလည်း တော်တော်လေး ကောင်းပါတယ်။

'ဒီလိုနှင့် ကျွန်တော်တို့ နှစ်ယောက် ခင်မင် ရင်းနှီးသွားကြပါတယ်၊ သူကလည်း မြင်မြင်ချင်း ကျွန်တော့်ကို ခင်သွားပုံ ရပါတယ်၊ ကျွန်တော်နှင့် တွေ့ပြီး နှစ်ရက်လောက် ကြာတော့ ကျွန်တော် နေတဲ့ လီမြို့ကို သူ ရောက်လာပါတယ်၊ ကျွန်တော့် အိမ်ကို လာလို့ ကျွန်တော်က ကောင်းကောင်းမွန်မွန် ပြုစုလိုက်တော့ သူကလည်း အပြန်အလှန် သူ့ အိမ်ကို လာဖို့ ဖိတ်ပါတယ်၊ သူ့ အိမ်က အက်ရှားနှင့် အောက်ရှော့ ကြားမှာ ရှိတဲ့ နွယ်သာကီ ရိပ်သာပါ၊ မနေ့ညကတော့ သူ ဖိတ်တာနှင့် ကျွန်တော်လည်း သူ့ဆီကို ရောက်သွားပါတယ်။

'ကျွန်တော် သူ့ အိမ်ကို မရောက်ဖူးခင် ကတည်းက သူ့ အိမ်သူ အိမ်သားတွေ အကြောင်းကို ကျွန်တော့်ကို ပြောပါတယ်၊ သူ့မှာ ဗဟီရ ကိစ္စတွေကို လုပ်ပေးဖို့ စပိန် တပည့် တစ်ယောက် ရှိတယ်၊ အလွန် သစ္စာ ရှိတယ်လို့လည်း ပြောပါတယ်၊ အဲဒီ စပိန် တပည့်က အင်္ဂလိပ် စကားကိုလည်း ရေလည်ပတ်လည် ပြောနိုင်ပြီး သူ့ အိမ်ကို ထိန်းသိမ်း ပေးတယ်တဲ့ ခင်ဗျ၊ ပြီးတော့ အင်မတန် ဟင်းဟင်း အချက် ကောင်းတဲ့ ထမင်းချက် တစ်ယောက်လည်း ရှိတယ်တဲ့၊ အဲဒီ လူကတော့ ကပြားတဲ့ ခင်ဗျ၊ ခရီး သွားရင်း တွေ့တာနှင့် ခေါ်လာတာတဲ့၊ ဟင်းဟင်းကတော့ တော်တော်လေးကို အချက်ကောင်းသတဲ့ ခင်ဗျ၊ သူက



www.burmeseclassic.com

www.burmeseclassic.com



ဆာရေးနယ်မှာ သူ့လို အိမ်မျိုး မရှိဘူးတဲ့၊ လူမျိုးစုံ နေတဲ့ အိမ်မျိုး ဆိုလို့ သူ့ တစ်အိမ်ပဲ ရှိတယ်တဲ့၊ ဒါကြောင့် သူ့အိမ်က တော်တော် ဆန်းတဲ့ အိမ်လို့ ကျွန်တော့်ကို တစ်ခါက ပြောဖူးတယ် ခင်ဗျ၊ တကယ်ပါပဲ ခင်ဗျာ၊ ဆာရေးလို တောအရပ်မှာ နိုင်ငံခြားသားတွေ လာနေတဲ့ အိမ်ဆိုလို့ ဒီတစ်အိမ်ပဲ ကျွန်တော် တွေ့ဖူးပါသေးတယ်၊ တော်တော်တော့ ဆန်းတာပေါ့လေ၊ အဲ ဒါပေမဲ့ အိမ် ဆန်းတာထက် လူက ပိုဆန်းတယ် ဆိုတာကိုတော့ ကျွန်တော် နောက်မှ သိလာ ရတယ် ခင်ဗျ။

'ဒါနှင့် ချိန်းတဲ့ နေ့ကျတော့ ကျွန်တော်လည်း အက်ရှား တောင်ဘက် နှစ်မိုင်လောက် ဝေးတဲ့ သူ့ အိမ်ကို ရထားနှင့် ထွက်လာခဲ့ပါတယ်၊ အိမ်က သိပ်တော့ မကြီးလှပါဘူး ခင်ဗျာ၊ ခပ်လတ်လတ်ထဲကပါပဲ၊ ပေတစ်ရာ လမ်းမ ကြီးကို ကျောပေးထားပြီး အထဲကို ဝင်ရင် အတွင်းလမ်းက ကွေ့ပတ် ဝင်ရတယ် ခင်ဗျ၊ ခြံဝင်း လမ်းဘေးမှာတော့ တော်တော် မြင့်တဲ့ ခြံစည်းရိုးပင်တွေကို စိုက်ထားတယ်၊ အိမ်က တော်တော်ကို ဟောင်းနေပါပြီ ခင်ဗျာ၊ တချို့ နေရာ တွေကျတော့ ပြိုကျတော့မလားတောင် ထင်ရတယ်၊ ဒါနှင့် ကျွန်တော်လည်း ပေါင်းမြက်တွေ ဖုံးနေတဲ့ လမ်းကလေး အတိုင်း မောင်းလာခဲ့ပြီး သဘော်ဆေး တွေ ဖြူကွက်နေတဲ့ အိမ်တံခါး ရှေ့မှာ ရထားကို ရပ်လိုက်ပါတယ်၊ ဘာမသိ ဘာမသိ ဒီလောက် ရင်းနှီးတာလည်း မဟုတ်ဘဲနှင့် လာလည်မိတာတော့ မှားပြီ ထင်တယ်လို့ စနိုးစနောင့် ဖြစ်လိုက်မိပါသေးတယ်။

'ကျွန်တော် ရောက်တော့ ဂါစီယာ ကိုယ်တိုင် တံခါးကို လာ ဖွင့်ပေး တယ် ခင်ဗျ၊ ကျွန်တော့်ကိုလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်၊ ပြီးတော့ အသား ညိုညို မျက်နှာ ခပ်မှုန်မှုန်နှင့် အစေခံကို ကျွန်တော့် အိပ်ခန်းကို လိုက် အပြ ခိုင်းပါတယ်၊ အစေခံက ကျွန်တော့် အိတ်ကို ဆွဲပြီး အခန်းကို လိုက်ပို့ တယ် ခင်ဗျ၊ အိမ်ကြီး တစ်အိမ်လုံးကို ကြည့်ရတာ စိတ်ညစ်စရာကြီးပါ ခင်ဗျာ၊ ဒါနှင့် ကျွန်တော်တို့ နှစ်ယောက်လည်း ညစာ စားရင်း အာလာပသလ္လာပ ပြော ကြတာပေါ့လေ၊ တစ်ချိန်လုံး သူက ရွှန်းရွှန်းဝေအောင် စကားတွေ ပြောနေ ပေမဲ့ သူ့ကို ကြည့်ရတာ စိတ်က တခြား ရောက်နေသလိုပဲ ခင်ဗျ၊ တစ်ခါ တလေကျတော့ သူ ပြောတာတွေက ဟိုရောက် ဒီရောက်နှင့် ဆိုတော့ ကျွန်တော် ဖြင့် သူ ဘာပြောလို့ ပြောမှန်းတောင် ကောင်းကောင်း မသိဘူး၊ ပြီးတော့လည်း စားပွဲကို လက်ချောင်းကလေးတွေနှင့် တဒေါက်ဒေါက် ခေါက်နေတယ်၊ တစ်ခါ တစ်ခါ ကျတော့လည်း လက်သည်းတွေကို ကိုက်နေတယ် ခင်ဗျ၊ သူ့ကို ကြည့်





ရတာ ဂနာမငြိမ် ဖြစ်နေသလိုပဲလို့ ကျွန်တော် အောက်မေ့လိုက်မိတယ်၊ ထမင်း စားတုန်းတလည်း သူ ပြောလို့သာ ပြောတာပါ ခင်ဗျာ၊ ဒီလောက် အကောင်းကြီး လည်း မဟုတ်ပါဘူး၊ ပြီးတော့ အစေခံကလည်း ပြုစုပုံက သိပ် မနိပ်လှပါဘူး၊ အစေခံက မျက်နှာထားကြီး မှုန်ပြီး အနားမှာ ရပ်နေတော့ ကျွန်တော်ဖြင့် တော် တော့်ကို စိတ်ညစ်ခဲ့ရတယ်၊ ကျွန်တော်လည်း သူနှင့် ထမင်း ထိုင်စားပြီး စကား ပြောလို့သာ ပြောနေရတယ်၊ အကြောင်းပြချက် တစ်ခုခု ရှာပြီး ပြန်ရ ကောင်း မလားလို့တောင် စိတ်ကူးမိပါတယ်။

'ခု ဒီက အင်စပက်တော်ကြီးတို့ နှစ်ယောက်ကို တွေ့တော့မှ သူ သေတဲ့ အမှုနှင့် ပတ်သက်ပြီး စဉ်းစားစရာကလေး တစ်ခု ကျွန်တော် ပြန် သတိရလာ တယ် ခင်ဗျ၊ စောစောတုန်းကတော့ ဒီအကြောင်းကို အမှတ်မဲ့ပါပဲ၊ ကျွန်တော် တို့ ထမင်း စားပြီးခါနီးတော့ အစေခံ ရောက်လာပြီး စာကလေး တစ်စောင် လာပေးတယ် ခင်ဗျ၊ အဲဒီ စာကို ဖတ်ပြီးတဲ့ အခါကျတော့ ဂါစီယာဟာ စော စောတုန်းကထက်တောင် ဂနာမငြိမ် ဖြစ်နေတယ်လို့ ကျွန်တော် ထင်လိုက်မိပါတယ်၊ စာကို ဖတ်ပြီးတော့ ဂါစီယာဟာ ဟန်ဆောင် ပန်ဆောင်တောင် စကား သိပ် မပြောတော့ဘဲ စီးကရက်ကို တစ်လိပ်ပြီး တစ်လိပ် ထိုင်သောက်နေတယ် ခင်ဗျ၊ သူ ဘာသာသူ ဘာတွေကို တွေးနေသလဲတော့ မပြောတတ်ဘူးပေါ့လေ၊ ကျွန် တော့်ကိုလည်း စာထဲမှာ ပါတဲ့ အကြောင်းကို ဘာမှ မပြောဘူး၊ ဒါနှင့် ဆယ့် တစ်နာရီလောက် ရှိလို့ ကျွန်တော်တို့ လူချင်း ခွဲပြီး အိပ်ရာထဲ ဝင်တော့မှပဲ ကျွန်တော်လည်း တော်တော် စိတ်သက်သာရာ ရသွားတယ်၊ ခဏ နေတော့ ဂါစီယာဟာ ကျွန်တော့် အခန်းဝကို ရောက်လာပြီး လာကြည့်တယ် ခင်ဗျ၊ မီးတော့ တစ်အိမ်လုံး မှောင်နေပြီ၊ ပြီးတော့ ကျွန်တော့်ကို ခေါင်းလောင်းကြိုး တို့ ဆွဲသလားလို့ မေးတယ် ခင်ဗျ၊ ကျွန်တော်က မဆွဲဘူးလို့ ပြောလိုက်တယ်၊ ဒါက ကျွန်တော့်ကို အချိန်မတော် လာမေးမိတဲ့ အတွက် တောင်းပန်ပြီး တော် တော် ညဉ့်နက်နေပြီ၊ နာရီပြန် တစ်ချက်လောက်တောင် ရှိပြီလို့ ပြောသွားတယ် ခင်ဗျ။

'ဒီနောက်တော့ ကျွန်တော်လည်း အိပ်ချင်လာတာနှင့် အိပ်လိုက်တာ တစ်ညလုံး တစ်ရေးမှ မနိုးတော့ဘူး။

'ခု အံ့ဩစရာ ကောင်းတဲ့ အပိုင်းကို ရောက်ပါတော့မယ် ခင်ဗျာ၊ ကျွန်တော် အိပ်ရာက နိုးလာတော့ မိုး စင်စင် လင်းနေပြီ ခင်ဗျ၊ လက်က နာရီ ကို ကြည့်လိုက်တော့ ကိုးနာရီတောင် ထိုးခါနီးနေပြီ၊ ကျွန်တော့်ကို ရှစ်နာရီမှာ



www.burmeseclassic.com

www.burmeseclassic.com



နီးပါလို့ မှာထားလျက်နှင့် မနီးဘဲ မေ့နေတော့ ကျွန်တော်လည်း တော်တော် အံ့အား သင့်နေပါတယ်။

'ဒါနှင့် ကျွန်တော်လည်း အိပ်ရာက လူးလဲ ထ ခေါင်းလောင်းကြိုးကို ဆွဲပြီး အစေခံကို ခေါ်ပါတယ်၊ ဘာမှ ထူးသံ မကြားရဘူး ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း ခေါင်းလောင်းကြိုးကို ထပ်ကာ ထပ်ကာ ဆွဲကြည့်တယ်၊ ဒါပေမဲ့ မထူးပါဘူး ခင်ဗျာ၊ ဘာသံမှ မကြားရပါဘူး၊ ကျွန်တော့် စိတ်ထဲမှာတော့ ခေါင်းလောင်းကြိုး တစ်ခုခု ဖြစ်နေလို့ပဲလို့ ထင်လိုက်မိတာပေါ့၊ ကျွန်တော်လည်း အဝတ်အစားကို ကပျာကယာ ဝတ်ပြီး အောက်ထပ်ကို ဆင်းလာခဲ့ပါတယ်၊ စိတ်ကလည်း နည်းနည်းတော့ တိုလာတာပေါ့ ခင်ဗျာ၊ အောက်ထပ်ကို ရေနွေး တောင်းပြီး မျက်နှာ သစ်မယ်ပေါ့၊ ဒါပေမဲ့ အောက်ကို ဆင်းလာတော့ အောက်မှာလည်း လူတစ်ယောက်မှ မရှိဘူး ခင်ဗျ၊ ကျွန်တော် ဘယ်လောက် အံ့ဩမယ် ဆိုတာ စုံထောက်ကြီးတို့ စဉ်းစားကြည့်ပေါ့ ခင်ဗျ၊ ဒါနှင့် အိမ်ရှေ့ ဧည့်ခန်းဘက် ရောက်တော့ ကျွန်တော် အော်ခေါ်ကြည့်တယ်၊ အော်ခေါ်တော့လည်း ထူးသံ မကြားရဘူး ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း တစ်ခန်းပြီး တစ်ခန်း လျှောက်ကြည့်တယ်၊ လူ ဆိုလို့ တစ်ယောက်မှ မတွေ့ရတော့ဘူး ခင်ဗျ၊ ဂါစီယာက မနေ့ညတုန်းက သူ အိပ်တဲ့ အခန်းကိုလည်း ပြထားတဲ့ အတွက် ကျွန်တော်လည်း သူ့ အခန်းကို သွားပြီး တံခါး ခေါက်ကြည့်တယ်၊ ဘာသံမှ မကြားရဘူး ခင်ဗျ၊ တံခါး လက်ကိုင်ကို လှည့်ပြီး အခန်းထဲကို ဝင်ခဲ့တော့လည်း အခန်းထဲမှာ ဟာလာဟင်းလင်း ခင်ဗျ၊ အိပ်ရာကိုလည်း ညက အိပ်ထားတာ မတွေ့ရဘူး၊ သူရော ကျန်တဲ့ သူ့တပည့်တွေရော မရှိကြတော့ဘူး ခင်ဗျ၊ အိမ်ရှင်ကလည်း နိုင်ငံခြားသား၊ တပည့်ကလည်း နိုင်ငံခြားသား၊ ထမင်းချက်တလည်း နိုင်ငံခြားသား၊ သူတို့အားလုံး ညတွင်းချင်း စုပ်စမြုပ်စ ပျောက်သွားကြတယ် ခင်ဗျ၊ ဒါဟာ နွယ်သာကီ ရိပ်သာကို ကျွန်တော် အလည် ရောက်ခဲ့တဲ့ အကြောင်းပါပဲ ခင်ဗျာ'

ရှားလော့ဟုမ်းသည် လက်ချင်း ပွတ်ကာ တခစ်ခစ် ရယ်လျက် ရှိလေ၏။

'အင်း၊ ခင်ဗျား အဖြစ်အပျက်က ထူးခြားတာတော့ အမှန်ပဲဗျ၊ တစ်ဆိတ် မေးပါရစေဗျာ၊ ဒီတော့ ခင်ဗျား ဘာလုပ်သလဲ'

'ကျွန်တော်လည်း သိပ် ဒေါသ ထွက်တာပေါ့ ခင်ဗျာ၊ အကျိစားသန်သန်နှင့် ကျီစားတာမျိုးပဲလို့ ရုတ်တရက် ထင်လိုက်မိသေးတယ် ခင်ဗျ၊ ကျွန်တော်



လည်း ကျွန်တော့် ပစ္စည်းတွေကို သိမ်း တံခါးကို ဆောင့်ပိတ်ပစ်ခဲ့ပြီး အထုပ်ကလေး လက်က ဆွဲပြီး အက်ရှားကို ပြန်ခဲ့ရတာပေါ့ ခင်ဗျာ၊ ဒါနှင့် ရွာထဲရောက်တော့ အဲဒီ ရွာက အိမ်မြေပွဲစား အာလန် ဘရားသားကို သွား စုံစမ်းတော့ အဲဒီ အိမ်ကို သူတို့ ငှားပေးလိုက်တာတဲ့၊ ဒီတော့ ကျွန်တော် စဉ်းစားမိတာက ကျွန်တော့်ကို ကိုးရိုးကားရား ဖြစ်အောင် လုပ်ချင်လို့တော့ ဟုတ်မှာမဟုတ်ဘူး၊ ဇကန္တ အိမ်လခ မပေးနိုင်လို့ လစ်ပြေးတာပဲလို့ ကျွန်တော် ထင်လိုက်မိပါတယ်၊ အဲဒီလက မတ်လ ဆိုတော့ လေးလပိုင်း အတွက် အိမ်လခကလည်း ပေးရခါနီးပြီ မဟုတ်လား၊ ဒါပေမဲ့ ခု စုံစမ်းလိုက်တော့ မဟုတ်ပြန်ဘူး ခင်ဗျ၊ အိမ်ပွဲစားတွေက ကျွန်တော် ခုလို သတိလာပေးတဲ့ အတွက် ကျေးဇူး တင်ပါတယ်တဲ့၊ ဒါပေမဲ့ အိမ်လခ ကြွေး မရှိပါဘူးတဲ့၊ ကြိုတင် ပေးပြီးသားပါတဲ့။

'ဒါနှင့် ကျွန်တော်က လန်ဒန်ကို ပြန်လာပြီး စပိန် သံရုံးကို သွား စုံစမ်းတယ် ခင်ဗျ၊ စပိန် သံရုံးကလည်း အဲဒီ လူကို မသိဘူးလို့ ပြောလိုက်တယ်။

'ဒါနှင့် သူနှင့် ကျွန်တော် ပထမဆုံး စတွေ့တဲ့ မဲလဗီး အိမ်ကို သွားပြီး အကျိုး အကြောင်း စုံစမ်းတော့ သူကလည်း ဂါစီယာ ဆိုတဲ့ လူအကြောင်းကို ကျွန်တော် သိသလောက်တောင် မသိဘူး ခင်ဗျ၊ နောက်ဆုံးတော့ ဒီလို ကိစ္စမျိုးကို စုံထောက်ကြီးကတော့ စုံစမ်း ပေးနိုင်မှာပဲ ဆိုပြီး စုံထောက်ကြီးဆီကို ကြေးနန်း ရိုက်မေးတော့ စုံထောက်ကြီးက လာနိုင်တယ်လို့ ပြောတာနှင့် ကျွန်တော် လာခဲ့တာပါပဲ ခင်ဗျာ၊ ခုတော့ ဟောဒီက အင်စပက်တော်ကြီးတို့ လာမှ ဒီ အသတ်ခံရတဲ့ အကြောင်းကို သိတော့တာပါပဲ၊ ဒီတော့ ကျန်တဲ့ အပိုင်းကိုတော့ အင်စပက်တော်ကြီးတို့ကပဲ ပြောပြပါတော့၊ ကျွန်တော် တစ်ခု ပြောရဲတာကတော့ ကျွန်တော် ပြောတဲ့ စကားတွေထဲမှာ မမှန်တာ တစ်လုံးမှ မပါဝါဘူး ခင်ဗျာ၊ ဒါက လွဲရင်တော့ ကျွန်တော် ဒီလူ့ အကြောင်းကို ဘာမှ မသိရှိအပ်ပါ၊ ကျွန်တော်ကတော့ တရားဥပဒေ အတိုင်း ဖြစ်အောင် ကူညီဖို့ အဆင်သင့်ပါ'

အင်စပက်တော် ဂရက်ဆန်က ချိုသာသော အသံဖြင့်

'ဟုတ်ပါပြီလေ၊ ခင်ဗျား ပြောတဲ့ အချက်တွေ အားလုံးဟာ ကျွန်တော်တို့ သတိထားမိတဲ့ အချက်တွေနှင့် တော်တော်ကလေး နီးစပ်ပါတယ်၊ ဥပမာအားဖြင့် ခင်ဗျားတို့ ထမင်း စားနေတုန်း ရောက်လာတဲ့ စာကိစ္စ ဆိုပါတော့၊ အဲဒီစာတို သူ ဘာလုပ်လိုက်သလဲ ဆိုတာကော သတိများပြုလိုက်မိသလား'



www.burmeseclassic.com

www.burmeseclassic.com



'သတိထားလိုက်မိပါတယ် ခင်ဗျာ၊ ဂါစီယာဟာ စာကို လုံးထွေးပြီး မီးဖိုထဲကို ထည့်လိုက်ပါတယ်'

'မစ္စတာ ဗိန်း အနေနှင့်ကော ဘာပြောစရာ ရှိသေးလဲ'

ကျေးရွာ ပုလိပ် ဌာနမှ စုံထောက်ကြီး ဗိန်းမှာ ကိုယ်လုံး ကိုယ်ပေါက် တောင့်တောင့်၊ ဝဝဖိုင့်ဖိုင့်၊ အသားနီနီနှင့် ဖြစ်ပြီးလျှင် မျက်နှာကြီး တစ်ခုလုံးမှာ ပြည့်အစ်လျက် ရှိလေရာ မျက်ခုံး မို့မို့ကြီးများနှင့် ပါးစုံ့ကြီးများထဲ နစ်မြုပ်ပျောက်ကွယ်လျက် ရှိသော အလွန် ထူးခြား တောက်ပသည့် မျက်လုံး နှစ်လုံး ကြောင့်သာလျှင် သူ့ မျက်နှာမှာ ကြည့်ပျော် ရှုပျော် ဖြစ်နေခြင်း ဖြစ်ပေ၏။ အင်စပက်တော် ဗိန်းသည် မပြုံးချင် ပြုံးချင် ပြုံးလိုက်လျက် အရောင်အဆင်း မရှိတော့သော စက္ကူခေါက်ကလေး တစ်ခုကို အိတ်ထဲမှ ထုတ်လိုက်လေ၏။

'မီးဖို သံပေါင် အောက်က တွေ့လာခဲ့တယ် မစ္စတာ ဟုမ်း၊ မီးဖိုထဲကို ပစ်ချလိုက်တော့ တစ်ပိုင်းတစ်စ လောင်ပြီး တစ်ဖက်ကို ကျသွားတာ၊ ကျန်တဲ့ အပိုင်းကလေးကို ကျွန်တော် မီးဖိုအောက်က ကောက်လာခဲ့တယ်'

ရှားလော့ဟုမ်းသည် ကျေနပ်သွားဟန်ဖြင့် ပြုံးလိုက်လေသည်။

'ဒီစက္ကူစုတ်ကလေးကို တွေ့အောင် တော်တော် ရှာယူရလိမ့်မယ် ထင်တယ်'

'ရှာရတာပေါ့ ခင်ဗျာ၊ ဒါက ကျွန်တော့် နည်းကိုး စုံထောက်ကြီးရဲ့၊ မစ္စတာ ဂရက်ဆန်၊ ကျွန်တော် ဖတ်ပြလိုက်ရမလား'

'အင်စပက်တော်ကြီးတို့က စာကို တွေ့လာလေတော့ ကျွန်တော် ပြောတဲ့ အတိုင်း မှန်နေတာ တွေ့ရလို့ တော်ပါသေးရဲ့ ခင်ဗျာ၊ ဒါပေမဲ့ မစ္စတာ ဂါစီယာ ဘာဖြစ်လို့ သေသွားသလဲ၊ သူ့ တပည့်တွေရော ဘယ်ကို ပျောက်သွားသလဲ ဆိုတာကိုတော့ ကျွန်တော် လုံးလုံး မကြားခဲ့ဘူး ခင်ဗျာ' ဟု ပြောလေ၏။

'ဂါစီယာ ကိစ္စကတော့ ရှင်းပါတယ်၊ ဒီနေ့မနက် သူ့ အိမ်နှင့် တစ်မိုင်လောက် ဝေးတဲ့ အောက်ရှော့ ကွင်းကြီးထဲမှာ သူ့ အလောင်းကို တွေ့ရတယ်ဗျ၊ ခေါင်းကတော့ သဲအိတ်တို့ ဘာတို့နှင့် ရိုက်ထားတာမျိုးလို ကြေနေတယ်၊ ဒဏ်ရာ ရတယ်လို့တောင် ပြောဖို့ ခက်ခက်ရယ်၊ တစ်ခေါင်းလုံး ကြေနေတာကိုးဗျ၊ အဲဒီ ကွင်းစပ်က လူလည်း တော်တော် ပြတ်တယ်၊ ကွင်းအနီး နှစ်ဖာလုံ ပတ်လည်မှာ အိမ် ဆိုလို့ တစ်အိမ်မှ မရှိဘူး၊ ပထမ တစ်ချက်ကတော့ နောက်ကနေပြီး ရိုက်လိုက်တာနှင့် တူတယ်၊ လဲကျသွားတော့မှ စိတ်ရှိလက်ရှိ ရိုက်ထားတဲ့





ပုံပဲ၊ ဒဏ်ရာကတော့ တော်တော်လေးကို ပြင်းတယ်ဗျ၊ တရားခံတွေရဲ့ သဲလွန်စကို ခြေရာတို့ကိုတော့ မတွေ့ရဘူး'

'ပစ္စည်း ယူသေးသလား'

'ပစ္စည်း ယူသွားတဲ့ လက္ခဏာ မရှိဘူး ခင်ဗျ'

မစ္စတာ အဲကလက်က အသံတုန်တုန်ဖြင့်

'တော်တော် ရက်စက်တာပဲဗျာ၊ ကြောက်စရာကြီးပါလား၊ ကျွန်တော်ဖြင့် ဒီသတင်းကို ကြားလိုက်ရတော့ ဘယ်လို ဖြစ်သွားမှန်းတောင် မသိဘူး၊ ကျွန်တော် သွားလည်မိကာမှ အိမ်ရှင်က ညကြီးသန်းခေါင် အပြင် ထွက်ပြီး ဒီလို သတ်ခံလိုက်ရတယ် ဆိုတော့ စိတ် မကောင်းစရာကြီး၊ ကျွန်တော်ဖြင့် ဘာဆို ဘာမှကို မသိရပါဘူး၊ အမှုကကော ကျွန်တော်နှင့် ဘယ်လို ပတ်သက်နိုင်ပါသေးသလဲ ခင်ဗျာ'

အင်စပက်တော် ဗိန်းက

'ဒါကတော့ ရှင်းပါတယ်လေ၊ သေသူရဲ့ အိတ်ထဲမှာ တွေ့တဲ့ တစ်ခုတည်းသော စာရွက်စာတမ်းက အချင်းဖြစ်တဲ့ ညမှာ သူ့ဆီကို လာအိပ်မယ်လို့ ရေးထားတဲ့ ခင်ဗျား စာ ဖြစ်နေတယ်၊ ဒီ စာအိတ်ပေါ်က လိပ်စာကို တွေ့တဲ့ အတွက် သေသူရဲ့ နာမည်နှင့် လိပ်စာကို ကျွန်တော်တို့ သိရတာကိုး၊ အိမ်ကို ကျွန်တော်တို့ ကိုးနာရီကျော်ကျော်လောက် ရောက်သွားတဲ့ အခါကျတော့ ခင်ဗျားကိုရော ဘယ်သူ့ကိုမှ မတွေ့ရတော့ဘူး၊ ဒါနှင့် ကျွန်တော်က ဝှယ်သာကီ ရိပ်သာကို စစ်ဆေး ကြည့်နေတုန်းမှာ ခင်ဗျားကို လိုက်ရှာဖို့ လန်ဒန်မှာ ရှိတဲ့ ဟောဒီက အင်စပက်တော် ဂရက်ဆန်ဆီကို သံကြိုး ရိုက်လိုက်တာပဲ၊ ဒီနောက် လန်ဒန်ကို ကျွန်တော် လိုက်လာပြီး ခင်ဗျားကို ရှာတယ်၊ ခုတော့ ဒီမှာ လာတွေ့တယ်'

အင်စပက်တော် ဂရက်ဆန်က ခေါင်းညိတ်ပြလိုက်၏။

'စာက သာမန် စက္ကူ အဖြူပေါ်မှာ ရေးထားတာ ခင်ဗျ၊ ရေစာ မပါဘူး၊ စာရွက်ကတော့ တော်တော် ဆန်းတယ်၊ စာရွက်ကို အသွားတိုတို ကတ်ကြေးနှင့် နှစ်ခါ ဖြတ်ထားတယ်၊ စာရွက်ကို သုံးခေါက် ချိုးထားပြီး အနီရောင် ချိပ်နှင့် ပိတ်ထားတယ်၊ ချိပ်ကို ကမန်းကတန်း ပိတ်ပြီး အပေါ်က ဘဲဥပုံ အရာ တစ်ခုနှင့် နှိပ်ထားတယ်၊ စာက ဝှယ်သာကီ ရိပ်သာက မစ္စတာ ဂါစီယာကို လိပ်တပ်ထားတယ်၊ စာထဲမှာ "အစိမ်းရောင်နှင့် အဖြူရောင်၊ အစိမ်းဖွင့်၊ အဖြူပိတ်၊ အလယ် လှေကား၊ ပထမ စင်္ကြံ၊ ညာဘက် ခုနစ်ပေါက်မြောက်၊



www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင် သင်္ကေလတ် ခန်းဆီး၊ အမြန်၊ ဒီ** တဲ့ ခင်ဗျာ၊ လက်ရေးကတော့ မိန်းမ လက်ရေးပဲ၊ စာရေးထားတာက နှစ်သွားချွန်ချွန် ကလောင်တံ တစ်ချောင်းနှင့် ရေးထားတာ၊ ဒါပေမဲ့ လိပ်စာကိုတော့ တခြား ကလောင်တံ တစ်ချောင်းနှင့် ရေးထားတာ၊ ဒါမှ မဟုတ်ရင်လည်း တခြား လူတစ်ယောက်က ရေးထားတာ၊ လိပ်တပ်တဲ့ လက်ရေးက ပိုပြီး အပြားကြီးပြီး ပိုပြီး ဝိုင်းတယ်၊ ဟော ဒီမှာ ...'

ရှားလော့ဟုမ်းက စာရွက်ပိုင်းကလေးကို လှမ်းကြည့်လိုက်ပြီးလျှင်

'စာရွက်က တော်တော်တော့ ဆန်းတယ်ဗျ၊ ခုလို အသေးစိတ်ကလေးကို စစ်ထားလို့ မစ္စတာ ဖိန်းကို ကျေးဇူးတင်တယ်ဗျာ၊ နောက်ထပ် အသေးစိတ် အသစ်ကလေးတွေလည်း တွေ့ရသေးတယ်ဗျ၊ ချိပ်ပေါ်မှာ နှိပ်ထားတဲ့ ဘဲဥပုံ ပစ္စည်း ဆိုတာက အသီးပေါ်မှာ အပွင့်တွေ မှန်ကူကွက်တွေ မပါတဲ့ ပြောင်ချောချော ရှပ်အင်္ကျီ လက်ကြယ်သီးဗျ၊ ဒီလို အရွယ် ဒီလိုပုံမျိုးဟာ ရှပ်အင်္ကျီ လက်ကြယ်သီးပဲ ဖြစ်ရမယ်၊ တခြားဟာ မဖြစ်နိုင်ဘူး၊ ကတ်ကြေးကတော့ လက်သည်း ညှပ်တဲ့ ကတ်ကြေး အသေးစားကလေးဗျ၊ စာရွက် ပြတ်နေပုံ ကွေးကွေးကောက်ကောက်ကလေး နှစ်ခု ဖြစ်နေတာက တခြားကြောင့် မဟုတ်ဘူး၊ လက်သည်း ညှပ်တဲ့ ကတ်ကြေး အသေးကလေးနှင့် ကိုက်ထားလို့ ဒီလို ဖြစ်နေတာ'

ရှာပုလိပ်ဌာနမှ စုံထောက် အင်စပက်တော်က သဘောကျ၍ ရယ်လိုက်၏။

'ကျွန်တော် စဉ်းစားထားတာ ကုန်ပြီလို့ အောက်မေ့နေတာ၊ ခုတော့ ကျန်နေသေးတာကိုး ခင်ဗျ၊ စာကို ဖတ်ကြည့်လိုက်တဲ့ အခါကျတော့ စာဟာ အရေးတကြီး ရေးထားတယ်၊ အောက်မှာ အမျိုးသမီး တစ်ယောက် လက်မှတ် အတိုကောက် ထိုးထားတယ် ဆိုတာလောက်ကိုပဲ တွေ့တယ် ခင်ဗျာ'

ထိုသို့ ပြောနေချိန်တွင် မစ္စတာ အဲကလက်မှာ ဂနာမငြိမ် ဖြစ်လျက် ရှိသည်ကို တွေ့ရလေ၏။

အင်စပက်တော် ဂရက်ဆန်က ထိုင်ရာမှ ထထိုင်လျက်

'ခုလောက် ဆိုရင် တိုင်ချက် ဖွင့်လို့ ရလောက်ပါပြီလေ၊ မစ္စတာ အဲကလက် ကျွန်တော်တို့နှင့် ဌာနကို လိုက်ခဲ့ဗျာ၊ ခင်ဗျား ထွက်ချက်ကို လက်မှတ် ထိုးပေးရအောင်'

'ဟုတ်ကဲ့ ခင်ဗျာ၊ လိုက်ဆိုလည်း လိုက်တာပေါ့၊ သို့သော်လည်း စုံ



ထောက်ကြီး ခင်ဗျာ၊ စုံထောက်ကြီးကို လိုက်ပါ ဆောင်ရွက်ပေးဖို့ ကျွန်တော် ငှားပါတယ်၊ ငွေရေး ကြေးရေး ကိစ္စ မရှိပါဘူး၊ ကုန်ချင်သလောက် ကုန်ပါစေ၊ အမှန်ကို ရောက်ရင် တော်ပါပြီ'

ရှားလော့ဟုမ်းက ကျေးရွာ ပုလိပ်ဌာနမှ အင်စပက်တော် ဖိန်းဘက်သို့ လှည့်၍

'ဘယ်လိုလဲ မစ္စတာ ဖိန်း၊ ခင်ဗျားနှင့် ပူးပေါင်း လုပ်ရင် ကန့်ကွက်စရာ မရှိပါဘူးနော်'

'ဟာ ကြံ့ကြံ့စည်ရာ ခင်ဗျာ၊ ကျွန်တော့် အဖို့ ဂုဏ်တောင် ယူရဦးမယ်'

'မစ္စတာ ဖိန်း စုံစမ်းခဲ့သမျှတွေကတော့ တော်တော်လည်း စေ့စပ်ပြီး ပြည့်စုံပါတယ်၊ သို့သော်လည်း ဘယ်အချိန်လောက်မှာ သေတယ် ဆိုတာနှင့် ပတ်သက်လို့ သဲလွန်စကလေး ဘာလေးများ မတွေ့ခဲ့ဘူးလား'

'အဲဒီ ကွင်းစပ်ကို ည နာရီပြန် တစ်ချက်လောက်မှာ ရောက်တယ် ခင်ဗျ၊ အဲဒီ အချိန်မှာ မိုးတဖွဲဖွဲ ကျနေတယ်၊ မိုးမရွာခင် အသတ်ခံရတာ ဖြစ်မယ်'

ကျွန်ုပ်တို့၏ အမှုသည် မစ္စတာ အဲကလက်က

'ဒါတော့ မဖြစ်နိုင်ဘူး ခင်ဗျ၊ မနေ့ညက ကျွန်တော့်ကို နာရီပြန် တစ်ချက်မှာ လာနှိုးတာ သူ့ အသံမှ သူ့ အသံ အစစ် ခင်ဗျ၊ ဒါကိုတော့ ကျွန်တော် ကျိန်ပြောရဲတယ်'

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'အင်း ဆန်းတော့ ဆန်းသဗျ၊ ဒါပေမဲ့ မဖြစ်နိုင်ဘူးလို့တော့လည်း မပြောနိုင်ပေဘူးပေါ့လေ'

'စုံထောက်ကြီးက သဲလွန်စ ရလို့လား' ဟု အင်စပက်တော် ဂရက်ဆန်က မေးလေ၏။

'အပေါ်ယံ ကြည့်ရင်တော့ အမှုက သိပ် မရှုပ်လှပါဘူးဗျ၊ သို့သော်လည်း အမှုက စိတ်ဝင်စားစရာ အသစ်အဆန်းကလေးတွေ ပါနေတယ်၊ ကျုပ် ထင်မြင်ချက်ကို မပေးခင် နောက်ထပ် အချက်အလက်ကလေး နည်းနည်းပါးပါးတော့ လိုချင်သေးတယ်ဗျ၊ ဒါထက် နေစမ်းပါဦး မစ္စတာ ဖိန်း၊ အိမ်ထဲကို ရှာကြည့်တော့ ဒီစာရွက် အပြင် တခြား ဘာများ ထူးထူးခြားခြား တွေ့ရသေးသလဲ'

အင်စပက်တော် ဖိန်းသည် ရှားလော့ဟုမ်းကို ခပ်ဆန်းဆန်း ကြည့်လိုက်ပြီးလျှင်

'တော်တော် ထူးခြားတဲ့ အချက် တစ်ချက် နှစ်ချက်လောက်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတယ် ခင်ဗျ။ ဌာနကို သွား တိုင်ချက် ဖွင့်ပြီးရင် စုံထောက်ကြီး ကိုယ်တိုင် လိုက်ကြည့်ပြီး ထင်မြင်ချက် ပေးစမ်းပါဦးလေ'

ရှားလော့ဟုမ်းသည် ခေါင်းလောင်းကြိုးကို လှမ်းဆွဲလိုက်ရင်း

'ရပါတယ်ဗျာ၊ ကြိုက်သလို လုပ်ပါ၊ ကဲ မစ္စက် ဟတ်ဆန်ရေ၊ ယောဒီက မိတ်ဆွေကြီးများကို အိမ်ပေါက်ဝ အထိ လိုက်ပို့ လိုက်ပါဗျာ၊ ပြီးတော့ သူငယ် ကလေးကိုလည်း ယောဒီ ကြေးနန်းကို အပို့ ခိုင်းလိုက်စမ်းပါ၊ အပြန် ကြေးနန်းခ ငါးသျှီလင်ပါ ပေးခဲ့လို့'

ဧည့်သည်များ ထွက်သွားသည့် အခါတွင် ကျွန်ုပ်တို့ နှစ်ယောက်သည် အတန်ကြာမျှ တိတ်ဆိတ်စွာ ထိုင်နေကြလေ၏။

ရှားလော့ဟုမ်းမှာ မျက်မှောင်ကုတ်လျက် ဆေးတံကို တစ်ဆုံပြီး တစ် ဆုံ ဆက်တိုက် ဖွာနေလေ၏။ လေးနက်စွာ စဉ်းစားလေ့ ရှိသည့် အခါများတွင် ဖြစ်နေကျ အတိုင်း သူ့ခေါင်းသည် ရင်ဘတ်ပေါ်တွင် ငိုက်ကျလျက် ရှိ၏။ ထို နောက် ကျွန်ုပ်ဘက်သို့ ဆတ်ခနဲ လှည့်လိုက်ကာ

'အိုင်ဆေး ခင်ဗျား ဘယ်လို သဘောရသလဲ'

'ဒီ အမှုမှာ အဲကလက် ဘယ်လို ပါနေသလဲ ဆိုတာကို ကျွန်တော်ဖြင့် စဉ်းစားလို့ကို မရသေးဘူးဗျ'

'အမှုနှင့် ပတ်သက်လို့ကော'

'သေသူ ဂါစီယာရဲ့ တပည့်တွေ ပျောက်သွားပုံကို ထောက်တော့ ဒီ ကောင်တွေဟာ လူသတ်မှုနှင့် တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေလို့ပဲ ဖြစ်မှာပဲဗျ၊ ဒါကြောင့် ဥပဒေကို တိမ်းရှောင် ပြေးကြတာနှင့် တူတယ်'

'အင်း ဖြစ်နိုင်တဲ့ အချက်ပါပဲ၊ အပေါ်ယံ ကြည့်လိုက်ရင်တော့ တပည့် နှစ်ယောက်ဟာ သူတို့ ဆရာ အပေါ်မှာ မကောင်း ကြံနေကြတယ်၊ သို့သော် လည်း အိမ်ကို ဧည့်သည် လူစိမ်း လာအိပ်တဲ့ နေ့မှာ သတ်ပြီး ထွက်ပြေးကြ တယ် ဆိုတာဟာ တော်တော်လေးတော့ ဆန်းတာပဲဗျ၊ တကယ် ကြံချင်ရင် တခြား နေ့တွေမှာ ကြံပါလား၊ သူတို့ချည်းပဲ ရှိတာ'

'ဒါဖြင့်ရင် ဘာဖြစ်လို့ ဒီကောင်တွေ ထွက်ပြေးကြလဲဗျာ'

'ဟုတ်တယ်ဗျ၊ မေးစရာပဲ၊ ဒီကောင်တွေ ဘာဖြစ်လို့ ထွက်ပြေးကြသလဲ၊ ဒါဟာ တော်တော် အရေးကြီးတဲ့ အချက် ဖြစ်တယ်၊ နောက် အရေးကြီးတဲ့ အချက် တစ်ချက်က ကျုပ် အမှုသည် အဲကလက်ရဲ့ အဖြစ်အပျက်ဗျ၊ ဒီတော့ ဒီကောင်တွေ ထွက်ပြေးကြတဲ့ ကိစ္စရယ်၊ ကျုပ်တို့လူ ကြုံခဲ့တဲ့ အဖြစ်အပျက်





ရယ်၊ ဒါတွေဟာ တစ်ခုနှင့် တစ်ခု ကိုက်ညီ အပ်စပ်အောင် လူ့ဉာဏ်နှင့် ဘာ ဖြစ်လို့ မလုပ်နိုင်ရမှာလဲဗျာ၊ ဒီအထဲမှာ ခပ်ဆန်းဆန်း ရေးထားတဲ့ စာကိုပါ သူ့ နေရာနှင့် အံဝင်ခွင်ကျ ဖြစ်အောင် ထည့်ပေးနိုင်တယ် ဆိုရင် ကျုပ်တို့ လက်ခံနိုင်စရာ ရှိတဲ့ ယာယီ ကောက်ချက် တစ်ခုတော့ ထွက်လာရမှာပေါ့၊ အဲဒီ အထဲမှာ နောက် ရတဲ့ အချက်အလက်သစ်တွေကိုပါ ညီညွတ် အပ်စပ် အောင် ထည့်ပေးနိုင်ပြီ ဆိုရင်တော့ ကျုပ်တို့ ကောက်ချက်ဟာ ယာယီ ကောက် ချက် တစ်ခုတင် မဟုတ်ဘဲနှင့် ညီမျှခြင်း ချပြီးသား အဖြေ တစ်ခု ဖြစ်လာပြီ ပေါ့'

'ကဲ ဒီလိုဆိုရင် ကျွန်တော်တို့ ကောက်ချက်က ဘယ်လို ကောက်ချက် မျိုးလဲဗျာ'

ရှားလော့ဟုမ်းသည် မျက်လုံးများကို မှိတ်ကာ ကုလားထိုင် နောက်မှီ ကို မှီလိုက်လေ၏။

'ဒီကိစ္စမှာ ပြောင်ချင် နောက်ချင်လို့ သက်သက် ကျီစားတဲ့ အနေနှင့် သူ့ကို အိမ်ကို ဖိတ်တယ် ဆိုတာကတော့ လုံးလုံး မဖြစ်နိုင်တော့ဘူးဗျ၊ နောက် မှ ဖြစ်လာတဲ့ လူသတ်မှုကို ကြည့်လိုက်ရင် ဒါကို အလွယ်ကလေးနှင့် သိနိုင် တယ်၊ ဒီတော့ အဲကလက်ကို ဝှယ်သာကီ ရိပ်သာကို လာအောင် ဖိတ်တာဟာ အကြောင်း တစ်ခုခု ရှိရမယ်'

'ဘယ်လို အကြောင်းများလဲဗျာ'

'ကွင်းဆက်တွေ တစ်ခုပြီး တစ်ခု စဉ်းစားကြရအောင်ဗျာ၊ စပိန် လူမျိုး ဂါစီယာနှင့် အဲကလက်တို့ ဒီလောက် မြန်မြန်ဆန်ဆန် မိတ်ဆွေ ဖြစ်သွားကြ တာဟာ သွေးရိုးသားရိုး မဟုတ်နိုင်ဘူးဗျ၊ သူတို့ မိတ်ဆွေ ဖြစ်ကြပုံက မြန်လွန်း နေတော့ တယ်ပြီး သဘာဝ မကျလှဘူး၊ ဒီအထဲမှာ မိတ်ဆွေ အဖြစ် ရင်းနှီးအောင် အတင်း လုပ်နေတဲ့ လူက ဂါစီယာရယ်၊ ဂါစီယာဟာ အဲကလက်နှင့် စ သိကျွမ်း ပြီး နောက်တစ်နေ့မှာ လန်ဒန် အရှေ့ပိုင်းမှာ ရှိတဲ့ အဲကလက်ဆီကို တကူးတက လာတယ်ဗျ၊ ပြီးတော့ ဝှယ်သာကီ ရိပ်သာကို အဲကလက် မလာ လာအောင် အဲကလက်ကို ဘာဖြစ်လို့ ဖိတ်ရတာလဲ၊ အဲကလက်ကကော ဘာပေးနိုင်သလဲ၊ လူအနေနှင့်ကတော့ အဲကလက်မှာ ခင်တွယ်စရာ ဆိုလို့ ဘာမှ မရှိဘူးဗျ၊ လူက နည်းနည်းလည်း ထူသေး ထိုင်းသေးတယ်၊ ဂါစီယာလို သွက်သွက်လက်လက် ကောင်မျိုးနှင့် သိပ်ပြီး ဝင်ဆံ့မယ့် လူစား မဟုတ်ဘူးဗျ၊ ဒါဖြင့် ဂါစီယာဟာ လူတွေ တစ်ပုံကြီး တွေ့ခဲ့တဲ့ အနက် သူ့ ကိစ္စကို အသုံးချဖို့ ဘာဖြစ်လို့ ဒီလူ

www.burmeseclassic.com



ကို ရွေးသလဲ၊ ဒီလူမှာ ထူးခြားတဲ့ အရည်အချင်း ရှိလို့လား၊ ကျုပ် အနေနှင့် ပြောရမယ် ဆိုရင်တော့ ဒီလူမှာ အရည်အချင်း ရှိတယ်လို့ ပြောရမယ်ဗျ၊ ဘာလဲ သိရဲ့လား၊ တခြား မဟုတ်ဘူး၊ ဒီလူ့မှာ အင်္ဂလိပ် ပီပီ ရေးကျပြီး တည်ကြည် ဖြောင့်မတ်တဲ့ အရည်အချင်း ရှိတယ်၊ ဒီလူနှင့် ပေါင်းပြခြင်းအားဖြင့် သူ့ကို တခြား အင်္ဂလိပ်တွေက အထင်ကြီး ယုံကြည်လာအောင် လုပ်ချင်ရင် သက်သေ ပြလို့ ကောင်းမယ့် လူမျိုး၊ ခုပဲ ကြည့်လေ၊ ဒီလူ ပြောတဲ့ ထွက်ချက်ကို ပုလိပ် အင်စပက်တော် နှစ်ယောက်က အမေးအမြန်း မရှိဘဲ လက်ခံသွားကြပြီ မဟုတ်လား၊ ဒါဟာ ဘယ်လောက် ထူးခြားသလဲ'

'ဒါဖြင့် အဲကလက်က ဘာကို သက်သေ ပြမှာတဲ့လဲ'

'ခုတော့ ဘာကိုမှ ပြစရာ မလိုတော့ဘူးပဗျာ၊ မျှော်လင့်သလို ဖြစ် မလာဘဲ တစ်နည်းတစ်ဖုံ ဖြစ်သွားတာကိုး၊ ကျုပ်ကတော့ ခု အဖြစ်အပျက်ကို ဒီအတိုင်းပဲ မြင်တယ်ဗျ'

'သြော် ဟုတ်ပြီ၊ ကျွန်တော် စဉ်းစားလို့ ရပြီ၊ ဂါစီယာဟာ ဒီနေ့ ဒီ အချိန်မှာ သူနှင့် အတူ ရှိနေတယ် ဆိုတာကို အဲကလက်က ရုံးတော်မှာ သက် သေခံရမယ်ပေါ့'

'ဟုတ်တယ်ဗျ၊ ဂါစီယာဟာ သူနှင့် အတူ ရှိနေကြောင်းကို ရုံးတော် မှာ သက်သေ ခံနိုင်းဖို့ ဆင်ထားတဲ့ အကွက်၊ ဥပဒေ စကားနှင့် ပြောရရင် အဲ ကလက်ကို သက်သေထူပြီး အယ်လီဘိုင် ပြမှာပေါ့ဗျာ။

'ကဲ ဒီလို စဉ်းစား ကြည့်ရအောင်ဗျာ၊ နွယ်သာကီ ရိပ်သာမှာ ရှိတဲ့ သူတို့ ဆရာ တပည့် သုံးယောက်ဟာ တစ်ခုခုကို ကြံနေတဲ့ အပေါင်းပါတွေဗျ၊ ဘာမှန်းတော့ မသိသေးဘူးပေါ့၊ ဒီတော့ သူတို့ ကိစ္စကို ည နာရီပြန် တစ်ချက်မှာ လုပ်ဖို့ စီစဉ်ထားကြတယ်၊ နွယ်သာကီ ရိပ်သာကို ရောက်တော့ နာရီတွေကို အချိန် ရွှေ့ထားလိုက်ကြပြီး အဲကလက်ကို သူ ထင်တဲ့ အချိန်ထက် စောပြီး အိပ်ရာ ဝင်ခိုင်းလိုက်ကြတယ်၊ အဲကလက် အိပ်လို့ ဂါစီယာ လာပြီး နာရီပြန် တစ်ချက်လောက် ရှိရော့မယ်လို့ ပြောတုန်းက တကယ်က နာရီပြန် တစ်ချက် မထိုးသေးဘူး၊ ဆယ့်နှစ်နာရီလောက်ပဲ ရှိလိမ့်ဦးမယ်၊ ဂါစီယာဟာ သူ လုပ် စရာ ရှိတာကို လုပ်ပြီး သူ ပြောတဲ့ အချိန် အိမ်မှာ ရှိတယ် ဆိုတာကို ပြနိုင်ရင် သူ့ကို ဘယ်လို စွဲချက်နှင့် တင်တင် သိပ်မှုစရာ မလိုတော့ဘူး၊ ဒီအချိန်မှာ ဂါစီယာဟာ အိမ်မှာ ရှိတယ် ဆိုတာကို အဲကလက်က သက်သေ ခံနိုင်တော့ မှာကိုး၊ အဲဒီအခါကျတော့ အဲကလက် ဆိုတဲ့ လူကလည်း အင်္ဂလိပ် ပီပီ ဘယ်





ဘုရားရုံးကိုပဲ ရောက်ရောက် ဂါစီယာဟာ တစ်ချိန်လုံး သူနှင့် အတူ အိမ်မှာ ရှိတယ် ဆိုတာကို ကျမ်းကျိန် ထွက်တော့မှာပဲဗျ၊ ဒါက ဂါစီယာက သူ့ဘက် က သေချာအောင် လုပ်ထားတဲ့ အကွက်ဗျ'

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျွန်တော် သဘော ပေါက်ပါပြီ၊ ဒါပေမဲ့ သူ့ အစေခံတွေ ပျောက်သွားတဲ့ ကိစ္စကိုကော'

'ခုထိတော့ အချက်အလက် အပြည့်အစုံ မရသေးဘူးလေ ဆရာကြီးရဲ့၊ သို့သော်လည်း ဒါတွေက မကျော်လွှားနိုင်တဲ့ အခက်အခဲတွေ မဟုတ်ပါဘူးဗျာ၊ အချက်အလက် မပြည့်စုံသေးဘဲနှင့် ပြောရတာ သိပ်တော့ မကောင်းလှဘူးပေါ့၊ အချက်အလက်ကို တွေးလုံးနှင့် ကိုက်အောင် အတင်း ဖျစ်ညှစ် သွင်းတာဟာ အလွန် မှားတဲ့ နည်းလို့ ကျုပ် မကြာခဏ ပြောဖူးလျက်သားနှင့်'

'ဒါဖြင့် စာကကောဗျာ'

'စာက ဘယ်လို ရေးထားသတဲ့လဲ၊ အစိမ်းရောင်နှင့် အဖြူရောင်တဲ့ဗျ၊ သောက်ကျိုးနည်း မြင်းပွဲမှာ ဂျော်ကီ ရွေးတာ ကျနေတာပဲ၊ အစိမ်းဖွင့် အဖြူ ပိတ်တဲ့ဗျ၊ ဒါက အချက်ပြတာ၊ အလယ် လှေကား၊ ပထမ စင်္ကြံ၊ ခုနစ်ပေါက် မြောက် သဏ္ဌာလတ်စိမ်း ခန်းဆီးတဲ့၊ ဒါကတော့ တစ်ခုခုကို ညွှန်းတာနှင့် တူ ဘာဲ၊ အမျိုးသမီး မျောက်မထားတဲ့ ကိစ္စကိုပဲ ပြောလေသလားတော့ မသိဘူး၊ ဘာပဲဖြစ်ဖြစ် လျှို့ဝှက် ကိစ္စ တစ်ခုကို ညွှန်းထားတာတော့ အမှန်ပဲ၊ အမြန် ဆို ဘာတော့ ရှင်းပါတယ်၊ ဒီ ဆိုတာက ပေးပို့သူရဲ့ လက်မှတ် အတိုကောက် ဗျ'

'ဂါစီယာ ဆိုတဲ့ လူက စပိန် ဆိုတော့ ဒီ ဆိုတဲ့ နာမည် အတိုကောက် ဟာလည်း စပိန် အမျိုးသမီးတွေ အမျိုးသားတွေထဲမှာ အမှည့်များတဲ့ ဒလိုရီး [illegible] ဘာတို့ မဖြစ်နိုင်ပေဘူးလား'

'မှန်လိုက်လေ ဝပ်ဆင်ရာ၊ သို့သော်လည်း ကျုပ်တော့ ဒီလို မထင်ဘူး၊ စပိန် အမျိုးသမီး တစ်ယောက်က စပိန် အမျိုးသား တစ်ယောက်ဆီကို လှမ်း စာရေးလိုက်တယ် ဆိုရင် ဘာဖြစ်လို့ အင်္ဂလိပ်လို ရေးနေတော့မလဲ၊ စပိန်လိုပဲ ရေးတော့မှာပေါ့၊ ဒီစာ ရေးတဲ့ လူဟာ အင်္ဂလိပ် တစ်ယောက် ဖြစ်ရမယ်ဗျ၊ အေးလေ အင်စပက်တော် ဗိန်း ပြန်လာသည် အထိတော့ ကျုပ်တို့ စိတ် ရှည် ရှည် စောင့်ကြည့်ဦးမှပေါ့၊ ဘာပဲဖြစ်ဖြစ်ဗျာ ကျုပ်တို့မှာ အားနေတုန်း အခုလို ထိုင်စားစရာ အမှု တွေ့လာတော့ အပျင်း ပြေသွားတာပေါ့'

www.burmeseclassic.com



အင်စပက်တော် ဗိန်း ပြန်မလာမီ ရှားလော့ဟုမ်း ရိုက်လိုက်သည့် ကြေးနန်း ပြန်လာလေ၏။ ရှားလော့ဟုမ်းသည် ကြေးနန်းကို ဖတ်ပြီးလျှင် မှတ်စု စာအုပ် ကြားထဲသို့ ညှပ်လိုက်ပြီး သီချင်းဖြင့် မျှော်လင့် စောင့်စားနေသည့် ကျွန်ုပ် မျက်နှာကို တစ်ချက် လှမ်းကြည့်လိုက်လေ၏။ ထို့နောက် ရယ်၍ ကြေးနန်း စာရွက်ကို ကျွန်ုပ်ထံ ပစ်ပေးလိုက်လေ၏။

'ကျုပ်တို့တော့ တကယ့် အထက်တန်းစား လောကကို ဝင်ရတော့မှာ ဗျို့' ဟု ပြောလေ၏။

ကြေးနန်းမှာ လူ အမည်များနှင့် လိပ်စာများ ဖြစ်လေ၏။ လော့ဒ် ဟာရင်းဗီ၊ သည်ဒင်ဂဲလ်။ ဆာ ဂျော့ ဖလော်လီယော့၊ အောက်ရှော့ တားဝါးစ်။ မစ္စတာ ဟိုင်းဟိုင်း၊ သမာဓိ မြို့ဝန်၊ ပါဒီပလေ့။ မစ္စတာ ဂျိမ်း ဘေကာ ဝီလျံ၊ ဖော်တန်အိုး ဟောလ်။ မစ္စတာ ဟင်ဒါဆင်၊ ဟိုင်းဂေဗဲ။ ဓမ္မဆရာ ဂျိုရှုဝါး စတုန်း၊ နဲသား စလင်း။

'ကျုပ်တို့ လိုက်ရမယ့် နာမည်ကို ကျဉ်းပစ်လိုက်တာဗျ၊ အင်စပက် တော် ဗိန်း ဆိုတဲ့ လူကလည်း လုပ်ပုံကိုင်ပုံ သေသပ်တော့ သူလည်း ကျုပ်တို့ လိုပဲ နယ်ကို ကျဉ်းပြီး လိုက်လိမ့်မယ် ထင်တယ်'

'ကျွန်တော်ဖြင့် ဘာကိုမှ မရှင်းသေးဘူးဗျ'

'ထမင်း စားနေတုန်းမှာ ဂါစီယာဆီကို ရောက်လာတဲ့ စာတိုကလေး ဟာ အချိန်း အချက် ပြုတဲ့ စာ သို့မဟုတ် တစ်ခုခုကို ညွှန်းတဲ့ စာ ဖြစ်တယ် ဆိုတာလောက်ကိုတော့ ကျုပ်တို့ သိခဲ့ပြီနော်၊ အကယ်၍ ဒီစာအတိုင်း ကျုပ်တို့ အဓိပ္ပာယ် ကောက်တာ မှန်ခဲ့ရင် ချိန်းထားတဲ့ နေရာကို ရောက်အောင် အလယ် လှေကားက တက်ခဲ့ရမယ်တဲ့၊ စင်္ကြံ အတိုင်း လျှောက်လာပြီး ခုနစ်ပေါက်မြောက် တံခါးကို ရှာရမယ်တဲ့၊ ဒီအတိုင်း ဆိုရင် အိမ်ကြီးဟာ တော်တော်ကြီးတဲ့ အိမ် ကြီး ဖြစ်ရမှာပေါ့ဗျာ၊ ပြီးတော့ သေသူ ဂါစီယာဟာ အဲဒီ အိမ်ဘက်ကို ခြေကျင် သွားတာကို ကြည့်ခြင်းအားဖြင့် ဒီအိမ်ဟာ အောက်ရှော့နှင့် သိပ် မဝေးဘူး ဆို တာ သိနိုင်တယ်ဗျ၊ သေသူ ဂါစီယာဟာ အဲဒီ အိမ်ဘက်ကို ခြေကျင် လျှောက် သွားတာရယ်၊ ပြီးတော့ သူ အိမ်မှာ ရှိတယ် ဆိုတာကို အယ်လီဘိုင် ပြနိုင်ဖို့ နှယ်သာကီ ရိပ်သာကို နာရီပြန် တစ်ချက် အရောက် ပြန်နိုင်ဖို့ စီစဉ်ထားတာ ရယ်ကို ထောက်ရင် ဒီအိမ်ကြီးဟာ အောက်ရှော့နှင့် သိပ်ပြီး မဝေးနိုင်ဘူး မိုင် အနည်းငယ်သာ ဝေးနိုင်တယ်၊ အောက်ရှော့နား တစ်ဝိုက်မှာ ဒီလောက်





ကြီးတဲ့ အိမ်ကြီးမျိုး များများစားစား မရှိနိုင်လေတော့ ဒီလို အိမ်ကြီးတွေရဲ့ စာရင်းကို အဲကလက် လုပ်သလို အိမ်ပွဲစားတွေဆီကို ကြေးနန်း ရိုက်မေးလိုက် တယ်ဗျ၊ ဟောဒီ ကြေးနန်းထဲမှာ ပါတဲ့ အိမ်ကြီးတွေဟာ အောက်ရှော့နား တစ်ဝိုက်က အိမ်ကြီးတွေရဲ့ စာရင်းပဲ၊ ကျုပ်တို့ ကိုင်ထားတဲ့ ချည်ခင်ရဲ့ တစ်ဖက် [illegible]တာ အဲဒီ အိမ်ကြီးတွေထဲမှာ ရှိရမယ်'

[illegible]သည့် ဆာရေး နယ်မှ ရွာကလေး တစ်ရွာ ဖြစ်သည့် အက်ရှားရွာသို့ အင် စပက်တော် ဗိန်းနှင့် အတူ ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်တွင် ညနေ ခြောက်နာရီ ထိုးခါနီးနေလေပြီ။

ရှားလော့ဟုမ်းနှင့် ကျွန်ုပ်တို့သည် ညဝတ် အဝတ်အစားများကို အပြည့် အစုံ ယူလာခဲ့ကြလေရာ ဘူးရိုင်း တည်းခိုရိပ်သာတွင် အခန်း ရသည်၌ အစစ အရာရာ အဆင်ပြေလျက် ရှိပေ၏။ ထို့နောက် ကျွန်ုပ်တို့သည် အင်စပက်တော် နှင့် လိုက်ပါလျက် နှယ်သာကီ ရိပ်သာသို့ ထွက်လာခဲ့ကြလေ၏။ ထိုနေ့ညမှာ မှုန်အုံး၍ လမိုက်သော မတ်လ ညတစ်ည ဖြစ်လျက် စူးရှ အေးမြသော လေသည် တိုက်ခတ်လျက် ရှိကာ မိုးဖွဲကလေးများသည် ကျွန်ုပ်တို့ မျက်နှာကို လာရောက် ပက်ဖျန်းလျက် ရှိလေရာ ကျွန်ုပ်တို့ သွားနေသော ခရီးပန်းတိုင်၊ ကျွန်ုပ်တို့ သွားရောက် စုံစမ်းနေသော အမှု၊ ကျွန်ုပ်တို့ သွားရောက်နေသော [illegible] ပြတ်သည့် ကွင်းကြီးနှင့် အံကိုက်လျက် ရှိပေ၏။

## ၂ ဓန့်ဝီဒရို ကျားကြီး

ကျွန်ုပ်တို့သည် ချမ်းချမ်းနှင့် စကား တစ်ခွန်းမျှ မပြောမိကြဘဲ လျှောက်လာ ကြရာ မိုင် အနည်းငယ် လျှောက်မိလျှင် သစ်သား ဝင်းတံခါး မြင့်မြင့်ကြီး [illegible] တပ်ထားသည့် ခြံပေါက်ဝသို့ ရောက်သွားကြလေ၏။ လမ်းဆော တစ်ဖက် [illegible]ချက်တွင် မည်းမှောင်သော သစ်ချပင်ကြီးများ တန်းစီပေါက်နေသည့် လမ်း [illegible] အတိုင်း ဝင်လာခဲ့ကြသည်တွင် သင်ပုန်းကျောက်ရောင် မည်းမှောင်[illegible] [illegible] ကောင်းကင် နောက်ခံတွင် မည်းမှောင် တိတ်ဆိတ်လျက် ရှိသော အိမ် ကြီး တစ်လုံး ရှေ့သို့ ရောက်သွားကြလေ၏။ အိမ်ရှေ့ တံခါးမကြီး၏ လက်ဝဲ



www.burmeseclassic.com

www.burmeseclassic.com



ဘက်ရှိ ပြတင်းပေါက် တစ်ပေါက်မှ မီးရောင် မှိန်မှိန်ကလေး တစ်ခုသည် တံခါးကြားမှ အပြင်သို့ ဖြာထွက်လျက် ရှိလေ၏။

အင်စပက်တော် ဗိန်းက

'ပုလိပ် တစ်ယောက်ကို အစောင့် ချထားတယ် ခင်ဗျ၊ ကျွန်တော် ပြတင်းပေါက်ကို ခေါက်လိုက်မယ်'

အင်စပက်တော် ဗိန်းသည် မြက်ခင်းကို ဖြတ်လျှောက်ကာ ပြတင်းပေါက်ဆီသို့ သွားပြီးလျှင် ပြတင်းပေါက် တံခါးကို ခေါက်လိုက်လေ၏။ အခန်းထဲရှိ မီးဖို တစ်ခု အနီးတွင် ထိုင်နေသည့် လူသည် ထိုင်ရာမှ ဖြန်းခနဲ ထလိုက်သည်ကို မှုန်ဝါးနေသည့် မှန်ပြတင်းပေါက်မှ လှမ်းမြင်လိုက်ရပြီးနောက် အော်လိုက်သည့် အသံ တစ်သံကို ကြားလိုက်ရလေ၏။ ခဏ ကြာသည့် အခါတွင် မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်ကာ အသက်ကို မမှန်တမှန် ရှူနေသည့် ပုလိပ်သားသည် တံခါးကို လာဖွင့်ပေးလေ၏။ သူ့လက်သည် တုန်လျက် ရှိသဖြင့် လက်ထဲမှ ဖယောင်းတိုင်မှာလည်း ယိမ်းလျက် ရှိလေ၏။

'ဘာဖြစ်တာလဲကွ ဝေါ်လတာရ' ဟု အင်စပက်တော် ဗိန်းက ခပ်ဝေါက်ဝေါက် မေးလိုက်၏။

ပုလိပ်သားသည် မျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်ကာ သက်ပြင်းကြီးကို ချလိုက်ရင်း

'ဆရာတို့ လာလို့ တော်သေးတာပေါ့ ဆရာရယ်၊ တစ်ညနေလုံး စောင့်လိုက်ရတာ၊ လူ့ကို ဘယ်လို နေရမှန်းတောင် မသိဘူး'

'ဘာ၊ ဘယ့်နှယ် နေရမှန်း မသိရမှာလဲ'

'ဆရာရယ်၊ အိမ်ကြီးက အဆက်လည်း ဝေး တိတ်လည်း တိတ်ဆိတ် မကြာခင်ကမှလည်း လူသေထားတဲ့ အိမ် ဆိုတော့ တစ်မျိုး ဖြစ်တာပေါ့၊ ဆရာတို့ ပြတင်းပေါက်ကို လာခေါက်တော့ တစ်ခါ ပြန်လာပြီလို့ အောက်မေ့လိုက်တာပေါ့'

'ဟ ကောင်ရ၊ ဘာ တစ်ခါ လာရမှာလဲကွ'

'တစ္ဆေ ဆရာရဲ့၊ တစ္ဆေ၊ ပြတင်းပေါက်က လာခြောက်တာ'

'ပြတင်းပေါက်က ဘာမြင်ရလို့လဲ၊ ဘယ်အချိန်လောက်လဲ'

'လွန်ခဲ့တဲ့ နှစ်နာရီလောက်က ခင်ဗျ၊ ညနေ မှောင်ရီဖျိုးဖျကလေးမှာ၊ ကျွန်တော်က ကုလားထိုင်မှာ ထိုင်ပြီး စာဖတ်နေတယ် ခင်ဗျ၊ ဒီတုန်းမှာ စိတ်ထဲက ကြည့်ချင်လာတာနှင့် ပြတင်းပေါက်ကို လှမ်းကြည့်လိုက်တော့ ပြတင်း





ပေါက် မှန်တံခါးမှာ ကပ်ပြီး ကျွန်တော့်ကို ကြည့်နေတဲ့ မျက်နှာကြီး တစ်ခု ခင်ဗျ၊ အမယ်လေး ကြောက်စရာ ကောင်းလိုက်တဲ့ မျက်နှာကြီး ခင်ဗျာ၊ ဒီမျက်နှာကြီးကို အိပ်မက်ထဲမှာတောင် မက်နေလိမ့်ဦးမယ် ထင်တယ်'

'ဖြစ်မှ ဖြစ်ရလေ ဝေါ်လတာရာ၊ ပုလိပ် လုပ်နေပြီး ဒီလောက် သွေးကြောင်ရသလား'

'ကျွန်တော်လည်း ဒီလောက် ကြောက်တတ်တဲ့လူ မဟုတ်ပါဘူး ဆရာ၊ ဒါပေမဲ့ ခုဟာကြီးကို မြင်လိုက်ရတာကတော့ တကယ့်ကို ကြောက်စရာကြီး ဆရာ၊ မျက်နှာကြီးက အဖြူလည်း မဟုတ် အမည်းလည်း မဟုတ် ပြာမွဲမွဲကြီး ဆရာ၊ နွားနို့ကို ရွှံ့နှင့် ဖျော်ထားသလိုပဲ၊ ဘယ်လို အရောင်ကြီးမှန်း မသိဘူး၊ ပြီးတော့ မျက်နှာကြီးကလည်း အကြီးကြီး ဆရာ၊ စကောကြီးလောက် ရှိတယ်၊ မျက်လုံးကြီးတွေကလည်း နည်းတာကြီးတွေ မဟုတ်ဘူး၊ ပြူးပြူးကြီးတွေ၊ ဒီအထဲမှာ သွားကြီးတွေကို ဖြဲလို့ ဆရာ၊ ကျွန်တော်ဖြင့် အဲဒါကြီးကို မြင်လိုက်ရတော့ လှုပ်လည်း မလှုပ်ရဲဘူး၊ အသက်လည်း မရှူရဲဘူး၊ ခဏ နေတော့ ဖြတ်ဆို ပျောက်သွားတယ် ဆရာ၊ ဒါနှင့် ကျွန်တော် အပြင် ထွက်ကြည့်တော့ ဘာမှ မတွေ့ရတော့ဘူး ဆရာ'

'ဟေ့ကောင် ဝေါ်လတာ၊ မင်း လူကောင်းမို့လို့သာ အလုပ် မပြုတ်တာနော်၊ နို့မဟုတ်ရင် မင်း ပြောတဲ့ စကားက အလုပ် ဖြုတ်ပစ်ဖို့ ကောင်းနေပြီ၊ ဂျူတီ ကျနေတဲ့ ပုလိပ် တစ်ယောက်ဟာ တစ္ဆေ မကလို့ သရဲကြီး လာ လာ ဒီလောက် မကြောက်ရဘူးကွ၊ အမှန်ကတော့ မင်း ဘာမှ မြင်ရမှာ မဟုတ်ဘူး၊ ခင့်စိတ်က မင့်ဘာသာ ခြောက်နေတာ ဖြစ်မှာ'

ရှားလော့ဟုမ်းက အိတ်ဆောင် မှန်အိမ်ကလေးကို ခလုတ် ဖွင့်လိုက်ပြီးနောက် 'ထားပါတော့ဗျာ၊ ဒါက ကြည့်လိုက်ရင် သိပါတယ်' ဟု ဆိုကာ ရှားလော့ဟုမ်းသည် မြက်ခင်းကို သေချာစွာ ကြည့်ရှုလျက် ရှိလေ၏။

'ဟုတ်တယ်ဗျို့၊ ခြေရာက အကြီးကြီးဗျ၊ နည်းတဲ့ ခြေရာကြီး မဟုတ်ဘူး၊ ဖိနပ် စီးရင် နံပါတ် ဆယ့်နှစ်လောက် စီးရမယ့် ခြေရာကြီး၊ ခြေရာကို ကြည့်ပြီး ပြောရရင်တော့ အလုံးအထည်ကလည်း နည်းမှာ မဟုတ်ဘူး'

'နောက်တော့ ခြေရာက ဘယ်ရောက်သွားသလဲ'

'ချုံကြားထဲ ဝင်သွားပြီး ပေတစ်ရာဘက်ကို ထွက်သွားတယ်'

အင်စပက်တော် ဗိန်းသည် လေးနက် တည်ငြိမ်သော မျက်နှာဖြင့်

'ကဲ စုံထောက်ကြီးရေ၊ တစ္ဆေပဲ ဖြစ်ဖြစ် လူပဲ ဖြစ်ဖြစ် မရှိတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကျွန်တော်တို့ ကြည့်စရာ ရှိတာကလေးကို ကြည့်လိုက်ကြဦးစို့ရဲ့၊ ကဲ မစ္စတာ ဟုမ်း၊ အိမ်ထဲကို အလျင် လှည့်ကြည့်ကြရအောင်'

ကျွန်ုပ်တို့သည် အိပ်ခန်းများနှင့် ဧည့်ခန်းထဲတွင် အနှံ့အပြား ရှာဖွေကြည့်ရှုကြသော်လည်း ဘာကိုမျှ ထူးထူးခြားခြား မတွေ့ရချေ။ အိမ်ငှားသူများသည် သူတို့နှင့် အတူ ပစ္စည်း များများစားစား ယူလာခဲ့ကြဟန် မတူချေ။ ကျွန်ုပ်တို့သည် စားပွဲ ကုလားထိုင်များမှ အစ အခြားသော အသေးအဖွဲကလေးများ အထိ ရှိသမျှကို သေချာစွာ ကြည့်ရှုကြလေ၏။ မတ်နှင့် ကုမ္ပဏီမှ ချုပ်လိုက်သည့် ကုတ်အင်္ကျီများကို တွေ့ရ၏။ မတ်နှင့် ကုမ္ပဏီ အပ်ချုပ်ဆိုင်သို့ ကြေးနန်း ရိုက်၍ စုံစမ်းသည့် အခါတွင် ထိုသူမှာ သူတို့ဆိုင်သို့ ချုပ်နေကျ ဖောက်သည် တစ်ဦး ဖြစ်သည် ဆိုခြင်းမှ အပ အခြား ဘာမှ မသိရချေ။ ထို့ပြင် ပစ္စည်း အတိုအစများ၊ စပိန် ဘာသာဖြင့် ရေးထားသည့် ဝတ္ထုစာအုပ် နှစ်အုပ် အပါအဝင် ဝတ္ထု စာအုပ် အချို့၊ ဆေးတံ အချို့၊ ရှေးခေတ်သုံး ခြောက်လုံးပြူး တစ်လက်နှင့် ဂီတာ တစ်လက်ကို တွေ့ရလေ၏။

အင်စပက်တော် ဗိန်းက ဖယောင်းတိုင်ကို လက်မှ ကိုင်ရင်း တစ်ခန်းမှ တစ်ခန်းသို့ လျှောက်ပြလျက် ရှိရာ

'ဒါတွေကတော့ သိပ် အကြောင်း မထူးလှပါဘူး ခင်ဗျ။ မီးဖိုကိုသာ သေသေချာချာလေး ကြည့် ကြည့်စမ်းပါဦး မစ္စတာ ဟုမ်း'

မီးဖိုမှာ အိမ်နောက်ဖေးတွင် ရှိပြီး မည်းမှောင်၍ မျက်နှာကြက် အမြင့်ကြီး တပ်ထားသည့် အခန်း တစ်ခု ဖြစ်လျက် ထောင့်တစ်နေရာတွင် ပုံထားသော ကောက်ရိုး အချို့ကို တွေ့ရလေရာ ထိုနေရာမှာ ထမင်းချက် အိပ်သော နေရာ ဖြစ်သည်ဟု ယူဆရပေ၏။ စားပွဲပေါ်တွင် တို့လို့တန်းလန်း စားပြီး ပစ်ထားခဲ့သည့် ပန်းကန်များနှင့် စားကြွင်း စားကျန်များကို တွေ့ရလေ၏။

'ဟောဒါကို ကြည့်စမ်း ခင်ဗျ။ စုံထောက်ကြီး ဘယ်လို သဘောရသလဲ'

ဟု အင်စပက်တော် ဗိန်းက ပြောလေ၏။

အင်စပက်တော် ဗိန်းသည် မှန်တင်ခုံ အောက်တွင် ရှိသည့် အရာ တစ်ခုကို ဖယောင်းတိုင်မီးဖြင့် ပြလေ၏။ ထိုအရာမှာ ရှုံ့တွ ညှိုးခြောက်လျက် ရှိသဖြင့် မည်သည့် အရာ ဖြစ်မှန်းကို ပြောရန် မလွယ်လှချေ။ သေသေချာချာ ကြည့်လိုက်သည့် အခါတွင်မူ မည်းနက်ကာ အရေတို့ ဖုံးအုပ်လျက် ရှိသဖြင့် လူခြောက် ရုပ်ကလေး တစ်ခုနှင့် တူလှပေ၏။ ကျွန်ုပ်သည် ထိုအရာကို ကပ္ပလီ လူခြောက် ကလေးဟု ထင်လိုက်မိသေးသော်လည်း သေသေချာချာ ကြည့်သည့် အခါတွင်





ထိုအရာမှာ လူခြောက်ရုပ်ကလေး မဟုတ်ဘဲ တွန့်လိမ်နေသည့် မျောက်သေ ကောင်ကလေး တစ်ကောင် ဖြစ်နေသည်ကို တွေ့ရလေ၏။ နောက်ဆုံးတွင်မူ ကျွန်ုပ်မှာ လူခြောက်လော မျောက်သေခြောက်လောဟု ခွဲခြား မရနိုင်တော့ချေ။ ထိုလူခြောက်ကလေး၏ လည်ပင်းတွင် ကမာခွံ နှစ်ခု ချိတ်ဆွဲထားသည်ကို တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် ကျက်သရေ ကင်းမဲ့သည့် လူခြောက်ကလေးကို ကြည့်ရင်း

'အင်း၊ တော်တော်တော့ စိတ်ဝင်စားစရာ ကောင်းတယ်ဗျို့၊ တော်တော့်ကို စိတ်ဝင်စားစရာ ကောင်းတယ်၊ နောက်ထပ်ကော ဘာများ တွေ့ရသေးသလဲ'

အင်စပက်တော် ဗိန်းသည် မည်သို့မျှ မပြောဘဲ ကျွန်ုပ်တို့ကို မျက်နှာ သစ်သည့် ကြွေခွက်ဆီသို့ ခေါ်သွားပြီးလျှင် ဖယောင်းတိုင် မြှောက်ပြလေ၏။ အဖြူရောင် ငှက်ကြီး တစ်ကောင်၏ ကိုယ်၊ ခြေနှင့် တောင်ပံများမှာ အမွေးတွေ မချွတ်သေးဘဲ အစိတ်စိတ် အမြွာမြွာ ဆုတ်ဖြဲထားသည်ကို တွေ့ရ၏။ ငှက်၏ ကိုယ် အပိုင်းအစများ ခွက်ထဲတွင် ပွလျက် ရှိလေ၏။ ရှားလော့ဟုမ်းက ပြတ်နေသည့် ခေါင်းပေါ်တွင် ရှိသည့် အမောက်ကို ပြလိုက်ပြီးလျှင်

'ကြက်ဖဗျ၊ အဖြူရောင် ကြက်ဖ၊ စိတ်ဝင်စားစရာပဲဗျို့၊ အမှုကတော့ တော်တော် ထူးခြားတဲ့ အမှုပဲ'

သို့ရာတွင် အင်စပက်တော် ဗိန်းသည် ထိုမျှနှင့် ကျေနပ်ဟန် မတူသေးဘဲ ကျက်သရေ အမဲ့ဆုံး ဖြစ်သည့် သက်သေခံ ပစ္စည်းကို ထုတ်ပြပြန်လေ၏။ အင်စပက်တော် ဗိန်းသည် ကြွေခွက် အောက်မှ သွေးတွေ ထည့်ထားသည့် သွပ်ပုံးကြီး တစ်ပုံးကို ဆွဲယူလိုက်ပြီး တစ်ဖန် မီးကျွမ်းနေသည့် အရိုးများ ထည့်ထားသည့် ပန်းကန်ပြား တစ်ခုကို စားပွဲပေါ်မှ ယူပြပြန်လေ၏။

'တစ်ခုခုကို သတ်ပြီး မီးရှို့ထားတာ ခင်ဗျ၊ ဒါတွေ အားလုံးကို ကျွန်တော် မီးဖိုထဲက ကောက်ထားတာ၊ မနက်တုန်းက ဆရာဝန်ကို ခေါ်ပြတော့ လူ့အရိုးတွေတော့ မဟုတ်ဘူးလို့ ပြောတာပဲ'

ရှားလော့ဟုမ်းက ချက်ချင်း ပြုံးလိုက်လျက်

'ဒီလို အရေးကြီးတဲ့ အမှုကို ကိုင်တွယ်နိုင်တဲ့ အတွက် အင်စပက်တော်ကြီးကို ချီးကျူးလိုက်ပါတယ်ဗျာ၊ အင်း တော်ပါပေတယ်၊ ရတဲ့ အခွင့်အရေးကို သုံးပြီး ရနိုင်သလောက် သက်သေခံတွေကို ရှာထားပုံကဖြင့် တကယ် ချီးကျူးလောက်ပါပေတယ်'



www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော် ဖိန်း၏ မျက်လုံးများမှာ ကျေနပ်သဖြင့် အရောင် တလက်လက် ထွက်လျက် ရှိလေ၏။

'ဟုတ်ပါတယ် စုံထောက်ကြီး၊ ကျွန်တော်တို့ တောမှာတော့ ကိုယ်စွမ်းကိုယ်စ ရှိသလောက်လည်း သုံးစရာ အကြောင်း သိပ် မရှိပါဘူး ခင်ဗျာ၊ ဒီလို ကိုယ်စွမ်း ကိုယ်စ ထုတ်သုံးရတဲ့ အမှုမျိုး ပေါ်လာတယ် ဆိုရင် ကျွန်တော်တို့ ရှိတဲ့ အခွင့်အရေး အကုန် အသုံးချပြီး ကြိုးစားကြည့်တာပဲ၊ ဒီအရိုးတွေကို စုံထောက်ကြီး ဘယ်လို ထင်ပါသလဲ'

'သိုးတစ်ကောင်ရဲ့ အရိုးတွေဗျ၊ သိုးမှ သိုးကလေး'

'ဒါဖြင့် ကြက်ဖ အဖြူကကော'

'ဆန်းတယ်ဗျာ၊ ဆန်းသမှ တော်တော့်ကို ဆန်းတယ်၊ အံ့ဘနန်းလို့တောင် ပြောရလိမ့်မယ် ထင်တယ်'

'ဟုတ်တယ် ခင်ဗျ၊ ဒီအိမ်မှာ နေသွားတဲ့ လူတွေက ဆန်းသလို ပစ္စည်းတွေကလည်း ခပ်ဆန်းဆန်းတွေ၊ လုပ်သွားပုံတွေကလည်း ခပ်ဆန်းဆန်းတွေ၊ ခု အဲဒီထဲက တစ်ယောက်ကတော့ဖြင့် သေသွားပြီ၊ ဒီတော့ သူတို့ အချင်းချင်းကပဲ သူ့နောက်ကို လိုက်ပြီး သတ်သလား၊ သူတို့ သတ်ရိုး မှန်ရင်တော့ ဒီကောင်တွေကို ဖမ်းမိရမယ် ဆရာ၊ ခု ကျွန်တော်တို့ သင်္ဘောဆိပ်တွေ အားလုံးကို အကြောင်း ကြားထားပြီးပြီ၊ သို့သော်လည်း ကျွန်တော့် ကိုယ်ပိုင် ထင်မြင်ချက်ကတော့ တစ်မျိုး စုံထောက်ကြီးရေ၊ တစ်မျိုး ခင်ဗျ'

'ဒါဖြင့် လူသတ်မှုနှင့် ပတ်သက်လို့ ခင်ဗျားမှာ တွေးလုံး ရှိပြီးပြီပေါ့'

'ကျွန်တော့် တွေးလုံး မှန် မမှန် စမ်းကြည့်မယ်လေ စုံထောက်ကြီး၊ ကျွန်တော့် အရည်အချင်းနှင့် ကျွန်တော် လုပ်နိုင်လိမ့်မယ် ထင်ပါရဲ့၊ စုံထောက်ကြီးကတော့ နာမည် ကျော်ပြီးသား ဆိုတော့ မထောင်းတာလှဘူးပေါ့၊ ကျွန်တော်ကတော့ ခုမှ နာမည်လေး တက်အောင် လုပ်ရတုန်းကိုး ခင်ဗျ၊ စုံထောက်ကြီးရဲ့ အကူအညီ မပါဘဲနှင့် ကျွန်တော် ဒီအမှုကို ရှင်းနိုင်တယ် ဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူရမှာပေါ့'

ရှားလော့ဟုမ်းက သူ့ စကားကို သဘောကျ၍ ရယ်လိုက်လေ၏။

'ကဲ ကဲ အင်စပက်တော်ကြီး၊ ဒီလိုဆိုရင်တော့ ကြိုက်သလို လုပ်ပါ၊ ခင်ဗျားလည်း ခင်ဗျား နည်းနှင့် လုပ်၊ ကျုပ်လည်း ကျုပ် နည်းနှင့် လုပ်မှာပေါ့ ဟုတ်လား၊ ကျုပ်နည်းကို လိုက်ကြည့်ရင်တော့ ခင်ဗျား အဖို့ အကျိုး မယုတ်



ဘူး ထင်တာပဲဗျ၊ ကျုပ် အဖို့ကတော့ ဒီအိမ်ထဲမှာ ကြည့်စရာ ကုန်သလောက် ရှိသွားပါပြီ၊ တခြား နေရာမှာ သွားပြီး အသုံးချရဦးမယ်၊ ကဲ ဂွတ်ဘိုင် ဗျို့'

ကျွန်ုပ်မှ အပ အခြားလူများ မသိနိုင်သည့် သိမ်မွေ့ နူးညံ့သော လက္ခဏာချက်များကို ကြည့်ခြင်းအားဖြင့် ရှားလော့ဟုမ်းမှာ အနံ့ နောက်သို့ လိုက်လျက် ရှိလေပြီဟု ကျွန်ုပ် သိလိုက်ပေ၏။ သာမန် အကြောင်း မသိသူများ အဖို့ ရှားလော့ဟုမ်း၏ အမူအရာမှာ ဘာမျှ ထူးခြားခြင်း မရှိသည့်တိုင် သူ၏ တောက်ပလျက် ရှိသော မျက်လုံးများထဲတွင် တွေ့ရသည့် မျိုသိပ်ထားရသော စိတ်အားထက်သန်မှုနှင့် သွက်လက် ဖျတ်လတ်လျက် ရှိသော ရှားလော့ဟုမ်း၏ အမူအရာတို့ကြောင့် ကျွန်ုပ်တို့မှာ သားကောင်နှင့် တဖြည်းဖြည်း နီးလာနေပြီ ဖြစ်ကြောင်းကို ကျွန်ုပ် သိလိုက်လေပြီ။ သူကလည်း သူ့ ထုံးစံ အတိုင်း စကား တစ်ခွန်းမျှ မပြောဘဲ ကျွန်ုပ်ကလည်း ကျွန်ုပ် ထုံးစံ အတိုင်း မေးခွန်း တစ်ခွန်းမျှ မေးမြန်းခြင်း မပြုချေ။ ကျွန်ုပ် အဖို့ကား သူနှင့် အတူ လိုက်၍ သားကောင်ကို ဖမ်းနိုင်လျှင်၊ ထိုသို့ ဖမ်းရာတွင် ရှားလော့ဟုမ်းအား အနှောင့်အယှက် မဖြစ်စေဘဲ တတ်အားသမျှ အကူအညီ ပေးနိုင်လျှင် ကျေနပ်နေလေပြီ။ အချိန်တန်သည့် အခါတွင် ရှားလော့ဟုမ်းသည် ကျွန်ုပ်အား ရှင်းလင်းပြမည်ဟု ယုံကြည်ပြီး ဖြစ်ပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ရှားလော့ဟုမ်း ရှင်းပြမည့် အချိန်ကိုသာ စောင့်ဆိုင်းလျက် ရှိသော်လည်း ယခုအချိန် အထိ တစ်စုံတစ်ရာ ပြောဆိုခြင်း မရှိသေးသည့် အတွက် ကျွန်ုပ်မှာ စိတ်အကြီးအကျယ် ပျက်လျက် ရှိလေ၏။ ရက်တွေသာ တစ်ရက်ပြီး တစ်ရက် ကုန်လာခဲ့သော်လည်း ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်းမှာ ထူးထူးခြားခြား ဘာမျှ မလုပ်သေးချေ။ တစ်နေ့ မနက်တွင် ရှားလော့ဟုမ်းသည် မြို့ထဲတွင် အချိန် ကုန်၍ ပြန်လာခဲ့ပြီးနောက် ထိုနေ့ တစ်နေကုန်လုံး ဗြိတိသျှ ပြတိုက်တွင် အချိန် ကုန်ခဲ့ကြောင်းဖြင့် ကျွန်ုပ်အား အမှတ်တမဲ့ ပြောဆိုခြင်း ပြုလေ၏။ ထိုရက် တစ်ရက်မှ အပ ကျန်ရက်များတွင်မူ ရှားလော့ဟုမ်းသည် တစ်ယောက်တည်း အကြာကြီး လမ်းလျှောက် ထွက်တတ်ခြင်း၊ အနီးအနားရှိ ရွာများမှ ရွာသူ ရွာသားများနှင့် စကား ပြောဆိုခြင်းဖြင့် အချိန်ကုန်လျက် ရှိလေ၏။

'အိုင်ဆေး ဝပ်ဆင်၊ တောမှာ တစ်ပတ်လောက် လာနေကြတဲ့ အတွက် ခင်ဗျားတော့ အကျိုးရှိတန်သလောက် ရှိလိမ့်မယ်လို့ ထင်ပါရဲ့နော်၊ ခြံစည်းရိုးတွေမှာ ရွက်နုကလေးတွေ တက်လာတာ၊ ပန်းတွေ စပွင့်တာ မြင်ရတော့ တယ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြည့်နူးစရာ ကောင်းပေတာပဲဗျာ၊ ရက္ခဇေဒ သင်ရိုး စာအုပ် တစ်အုပ်ရယ် တူရွင်းကလေး တစ်ချောင်းရယ် သံသေတ္တာကလေး တစ်လုံးရယ် ဆောင်လာပြီး တောထဲ လျှောက် သစ်ပင်တွေကို ကြည့်ရင် ဘယ်လောက် အရသာ ရှိလိုက်မလဲ မသိဘူး’ ဟု ပြောလေ၏။

ရှားလော့ဟုမ်းသည် သူ ပြောသည့် အတိုင်းပင် တူရွင်း တစ်လက်ဖြင့် တောထဲသို့ တစ်နေကုန် လျှောက်သွားကာ ညနေကျမှ ပြန်လာလေ၏။ သို့ရာတွင် သူ တူးလာသည့် အပင်များမှာ ထူးထူးဆန်းဆန်း အပင် ဆို၍ တစ်ပင်မျှ မပါချေ။

တစ်ခါတစ်ရံတွင်လည်း ကျွန်ုပ်တို့သည် ရွာနီးချုပ်စပ်သို့ လျှောက်လည်ကြရင်း အင်စပက်တော် ဗိန်းနှင့် ဆုံမိတတ်ကြလေ၏။ ရှားလော့ဟုမ်း နှုတ်ဆက်သည့် အခါတွင် ဗိန်း၏ နီရဲ ပြည့်ဖောင်းသည့် မျက်နှာသည် ပြုံးပြုံး ပြုံးပြုံးဖြင့် ရှိ၍ မျက်လုံးများမှာလည်း တောက်ပ ပြောင်လက်လျက် ရှိလေ၏။ ဗိန်းသည် အမှုနှင့် ပတ်သက်၍ ကျွန်ုပ်တို့ကို တစ်စုံတစ်ရာ ပြောဆိုခြင်း မပြုသည့်တိုင် ကျွန်ုပ်တို့ အကဲခတ်၍ ရသလောက် ဆိုလျှင် အမှုနှင့် ပတ်သက်၍ အခြေအနေ ကောင်းနေသည်ဟု ယူဆရလေ၏။

သို့ရာတွင် နောက် ငါးရက်လောက် ကြာသည့် အခါတွင်မှ ကျွန်ုပ်မှာ အောက်ပါ ခေါင်းစဉ် သတင်းကို သတင်းစာများတွင် တွေ့လိုက်ရသည့် အတွက် အံ့အားသင့်လျက် ရှိလေ၏။

**အောက်ရှော လူသတ်မှု ပေါ်ပြီ**
**လက်သည်ဟု ယူဆရသူကို ဖမ်းဆီးလိုက်ခြင်း**

ကျွန်ုပ်က ခေါင်းစဉ်ကို ဖတ်ပြလိုက်သည့် အခါတွင် ရှားလော့ဟုမ်းသည် ပျားတုပ် ခံလိုက်ရသည့်နှယ် ကုလားထိုင်ပေါ်မှ ဆတ်ခနဲ ထခုန်လိုက်လေ၏။

‘ဗျာ၊ အင်စပက်တော် ဗိန်းက ဖမ်းလိုက်တာတဲ့လား’

‘ဟုတ်မှာပေါ့ဗျ’ ဟု ဆိုကာ ကျွန်ုပ်က အောက်ပါ သတင်းကို ဖတ်ပြလိုက်လေ၏။

အောက်ရှော လူသတ်မှုနှင့် ပတ်သက်၍ တရားခံကို ဖမ်းဆီးရမိလိုက်သည့် အတွက် အက်ရှားနှင့် အနီးတစ်ဝိုက် ရွာများတွင် ယမန်နေ့ ညနေက အတော် လှုပ်လှုပ်ရွရွ ဖြစ်သွားကြ၏။ နွယ်သာကီ ရိပ်သာနေ စပိန်လူမျိုး မစ္စတာ ဂါစီယာမှာ အောက်ရှော ကွင်းစပ်တွင် အသတ်





ခံခဲ့ရပြီး ၎င်း၏ ရုပ်ဆင်း ပျက်နေသော အလောင်းကို အောက်ရှော ကွင်းစပ်တွင် တွေ့ရှိခဲ့သည့် အကြောင်းကို ကျွန်ုပ်တို့ အကျယ်တဝင့် ဖော်ပြခဲ့ပြီး ဖြစ်၏။ လူသတ်မှုတွင် ပါဝင်နေသည်ဟု ယူဆရသည့် မစ္စတာ ဂါစီယာ၏ တပည့်နှင့် ထမင်းချက်တို့မှာလည်း ထိုနေ့ ညတွင်းချင်းပင် ပျောက်သွားကြောင်းကို ကျွန်ုပ်တို့ သတင်းစာဖတ် ပရိသတ်များ မှတ်မိကြဦးမည် ဖြစ်၏။ မစ္စတာ ဂါစီယာ အသတ် ခံရခြင်းမှာ အိမ်ထဲရှိ အဖိုးတန် ပစ္စည်းများကို လုယက် ယူငင်ရန် သတ်ဖြတ်ခြင်း ဖြစ်သည်ဟု ယူဆရသော်လည်း ထိုသို့သော အထောက်အထားများကို ယခုတိုင် ရှာဖွေ မတွေ့ရသေးဘဲ ဖြစ်နေ၏။ ထို့ကြောင့် အမှုကို လိုက်လံ စုံစမ်းနေသော အင်စပက်တော် ဗိန်းသည် အမှု ပေါ်ရေး အတွက် တရားခံများ ထွက်ပြေး တိမ်းရှောင်နိုင်သည့် နေရာများကို ကြိုးပမ်း စုံစမ်းခဲ့၏။ တရားခံများမှာ ဝေးဝေးသို့ မပြေးဘဲ ကြိုတင် စီစဉ်ထားသည့် နေရာ တစ်ခုတွင် ပုန်းအောင်းလျက် ရှိသည်ဟု ယူဆထားသည့် အလျောက် အင်စပက်တော် ဗိန်းသည် လူဆိုးတို့ ပုန်းအောင်းသည့် နေရာကို ရှာဖွေ ဖော်ထုတ်ရန် အထူး ကြိုးပမ်းခဲ့သည်ဟု သိရ၏။ ယခုကဲ့သို့ စုံစမ်းနိုင်ခဲ့ခြင်းမှာ သေသူ ဂါစီယာ၏ ထမင်းချက်ကို ဈေးသည်များက အနီး တစ်ဝိုက်တွင် ဖြတ်သန်း သွားလာရင်း တစ်ကြိမ် နှစ်ကြိမ် မြင်ခဲ့ဖူးသည့် အတွက် ထိုထမင်းချက်ကို ခြေရာ ခံခဲ့ရာမှ တရားခံများကို ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်ဟု သိရ၏။ သေသူ ဂါစီယာ၏ ထမင်းချက်မှာ အရုပ် ဆိုးပြီး ကိုယ်လုံး ကိုယ်ပေါက် အလွန် ထွားကျိုင်းသူ တစ်ယောက် ဖြစ်၍ အသား ဝါဝါ၊ နှုတ်ခမ်း ထူထူ၊ နှာခေါင်း ကြီးကြီးဖြင့် ကပ္ပလီ နွယ်ဖွား တစ်ယောက်နှင့် တူသည်ဟု သိရ၏။ ဖြစ်ပုံမှာ ဂါစီယာ၏ ထမင်းချက်သည် လူသတ်မှု ဖြစ်ပွားသည့် နွယ်သာကီ ရိပ်သာသို့ တစ်ခေါက် ပြန်လာသည်တွင် အစောင့်ကျ ပုလိပ်သား ဝေါလတာက မြင်လိုက်သဖြင့် ထွက်၍ လိုက်သေးသော်လည်း မျက်ခြည် ပြတ်သွားခဲ့သည် ဆို၏။ ထမင်းချက်သည် အကြောင်းကိစ္စ ရှိ၍ ပြန်လာခြင်း ဖြစ်သည်ဟု ယူဆသည့် အတွက် နောက်တစ်ခေါက် ပြန်လာဦးမည်ဟု တွက်သည့် အလျောက် အင်စပက်တော် ဗိန်းသည် အိမ်ကို အစောင့် မထားတော့ဘဲ အနီး တစ်ဝိုက်မှ လူစု ခွဲ၍ စောင့်ဆိုင်းကြသည်တွင် ထင်သည့်အတိုင်း ထမင်းချက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မန္တေ့ညက နွယ်သာကီ ရိပ်သာသို့ ပြန် အဝင်တွင် ဖမ်းဆီး ရမိခြင်း ဖြစ်သည်ဟု သိရ၏။ ထိုသို့ ဖမ်းဆီးရာတွင် ထမင်းချက်က ပါးစပ်ဖြင့် ကိုက်သဖြင့် ပုလိပ်သား ဒေါင်းနှင်းမှာ အကြီးအကျယ် ဒဏ်ရာ ရသွားသည်ဟု သိရ၏။ တရားခံကို ရမန် ယူ၍ ချုပ်ထားရာ ရုံးတော်သို့ တင်သည့် အခါတွင် စိတ်ဝင်စားဖွယ် အမှု လုံးဝ ပေါ်လာတော့မည် ဖြစ်ကြောင်းဖြင့် စုံစမ်း သိရှိရ၏။

ရှားလော့ဟုမ်းက ဦးထုပ်ကို ကောက်၍ ဆောင်းလိုက်ပြီးလျှင်

'မဖြစ်သေးဘူးဗျို့၊ အင်စပက်တော် ဗိန်းကိုတော့ သွားတွေ့ဦးမှ ဖြစ်မယ်၊ မလွန်ခင် မီအောင် အုပ်ထားမှ ဖြစ်မယ်' ဟု ဆိုကာ ကျွန်ုပ်တို့သည် ရွာထဲသို့ ထွက်ခဲ့ကြသည်တွင် မျှော်လင့်သည့် အတိုင်း အပြင်သို့ ထွက်ရန် ပြင်ဆင်နေသော ဗိန်းကို တွေ့ရလေ၏။

ဗိန်းသည် ကျွန်ုပ်တို့ကို မြင်လျှင် သတင်းစာကို ထောင်ပြလိုက်ကာ

'စုံထောက်ကြီး သတင်းစာကို ဖတ်ပြီးပလား'

'ဟုတ်တယ်ဗျ၊ ဖတ်ပြီးပြီ၊ ခင်ဗျားကို မိတ်ဆွေ တစ်ယောက် အနေနှင့် တစ်ခုတော့ သတိပေးချင်တယ်ဗျာ၊ ဘယ်လိုမှတော့ မအောက်မေ့စေချင်ဘူး'

'ဘာ သတိပေးမှာလဲ မစ္စတာ ဟုမ်း'

'ဒီအမှုကို ကျုပ် ဉာဏ်မီသလောက် စဉ်းစားပြီးပြီ၊ ခု ခင်ဗျား ရေလိုက်လွဲနေတယ်လို့ ထင်တယ်၊ မနိုင်လုံသေးရင်တော့ သိပ် အလွန်အကျွံတွေ မဖြစ်စေချင်သေးဘူး'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ဆိုပါဦး'

'ကျုပ်က ခင်ဗျား အကျိုးကို မျှော်ပြီး ပြောတာပါ'

အင်စပက်တော် ဗိန်း၏ မျက်ပေါက် ကျဉ်းကျဉ်းကလေးတွင် မျက်စိ တစ်ဖက် မှိတ်ပြလိုက်သည့် အမူအရာ ပေါ်လာသည်ဟု ကျွန်ုပ် ထင်လိုက်မိ၏။

'ကိုယ့်နည်းနှင့်ကိုယ် လုပ်ကြဖို့ ကျွန်တော်တို့ သဘော တူခဲ့ပြီးပြီလေ မစ္စတာ ဟုမ်း၊ ခု ကျွန်တော်က ကျွန်တော့်နည်းနှင့် ကျွန်တော် လုပ်နေတာပဲ'

'ဒီလိုဆိုရင်လည်း ကောင်းပါလေ့ ခင်ဗျာ၊ နောက်တော့သာ ကျုပ်ကို အဆိုး မဆိုပါနှင့်လေ'

'ဘာဆိုစရာ ရှိလဲ ခင်ဗျာ၊ စုံထောက်ကြီးက စေတနာနှင့် ပြောတယ် ဆိုတာ ကျွန်တော် လက်ခံပါတယ်၊ သို့သော်လည်း စုံထောက်ကြီးနှင့် ကျွန်တော် တို့က စနစ်ချင်း မတူဘူး ခင်ဗျ၊ စုံထောက်ကြီးမှာ ကိုယ့်နည်းနှင့် ကိုယ် ရှိပြီး





သား ဖြစ်လေတော့ ကျွန်တော့်မှာလည်း ကျွန်တော့် နည်းကလေးနှင့် ကျွန်တော် နိုင်ပါရစေဗျာ'

'ကဲ တော်ပါပြီဗျာ၊ ဒီအကြောင်းကို ရပ်တန်းက ရပ်လိုက်ကြပါစို့'

'စုံထောက်ကြီးက ကျွန်တော့် သတင်းကောင်း ဆိုရင် အမြဲ ကြိုဆိုတတ် သူပါ၊ ဒီကောင်က တော်တော် ရိုင်းစိုင်း ကြမ်းတမ်းတဲ့ ကောင် ခင်ဗျ၊ အား အလည်း သန်၊ ဒီအထဲမှာ ကြမ်းကြုတ် ရက်စက်ပုံကလည်း မပြောနှင့်တော့၊ ကျွန်တော်တို့ ဒီကောင်ကို ဖမ်းတော့ ပုလိပ်သား ဒေါင်းနှင်းရဲ့ လက်မကို ကိုက် သွားလိုက်တာ ခင်ဗျာ၊ ပြတ်တော့မလို့ တဲတဲကလေးပဲ ကျန်တော့တယ်၊ မနည်း ကြီး ခွဲယူရတယ်၊ အင်္ဂလိပ် စကားကလည်း တစ်လုံးမှ မတတ်တော့ ဘာမှ မေးလို့ မရဘူး ခင်ဗျာ၊ မေးလိုက်ရင် သွားကြီး ဖြဲပြီး မာန်ဖီနေတာပဲ'

'ဒါဖြင့် ဂါစီယာကို သတ်တယ်လို့ ခင်ဗျားမှာ သက်သေ အထောက် အထား အခိုင်အလုံ ရှိနေပြီပေါ့'

'ကျွန်တော် ဒီလို မပြောသေးပါဘူး ခင်ဗျာ၊ ဒီလို မပြောရသေးပါဘူး၊ ကျွန်တော်တို့ဟာ ကိုယ့်နည်းနှင့် ကိုယ် လုပ်နေကြတာပါ၊ စုံထောက်ကြီးက လည်း စုံထောက်ကြီး နည်းနှင့် လုပ်၊ ကျွန်တော်ကလည်း ကျွန်တော့် နည်းနှင့် လုပ်မှာပါ၊ ကျွန်တော်တို့ချင်း သဘောတူညီချက် ရထားကြပြီပဲ'

ကျွန်ုပ်တို့ နှစ်ယောက် ဆက်၍ လျှောက်လာခဲ့ကြသည့် အခါတွင် ရှား လော့ဟုမ်းသည် ပခုံးကို တွန့်ပြလိုက်လေ၏။

'ဒီလူကို ကျုပ် နားမလည်ဘူးဗျာ၊ လူကတော့ ချောက်ပေါက်ကို တည့် တည့်ကြီး တိုးတော့မှာဗျ၊ အေးလေ သူက သူ့နည်းနှင့် သူ လုပ်မယ် ဆိုတော့ လည်း သူ့နည်းက ဘာတွေ ထွက်လာမလဲ ဆိုတာ စောင့်ကြည့်ရတော့မှာပေါ့၊ သို့သော်လည်း အင်စပက်တော် ဗိန်းကို ကျုပ် လုံးလုံး နားမလည်နိုင်တာ တစ် ချက် ရှိနေတယ်'

နွားရိုင်း တည်းခိုရိပ်သာသို့ ကျွန်ုပ်တို့ ပြန်ရောက်လာသည့် အခါ ရှား လော့ဟုမ်းက

'ကဲ အိုင်ဆေး၊ ဒီမှာ ထိုင်စမ်းဗျာ၊ ဒီနေ့ညမှာ ခင်ဗျား အကူအညီကို လိုမှာ ဆိုတော့ ခင်ဗျားကို အခြေအနေကလေး နည်းနည်း ရှင်းပြချင်တယ်၊ ကျုပ် နားလည်သလောက် အမှု ဖြစ်ပွားလာပုံကလေးကို ပြောမယ်၊ အမှုက ရုတ်တရက် ကြည့်လိုက်ရင်တော့ တော်တော် ရှင်းတယ်လို့ ထင်ရပေမဲ့ တရားခံ ကို ဖမ်းဖို့ ကိစ္စမှာ အခက်အခဲကလေးတွေ တွေ့နေရတယ်ဗျ၊ တရားခံကို ဖမ်း

www.burmeseclassic.com



နိုင်ဖို့ ကိစ္စမှာ ကျုပ်တို့ အဖို့ အလှမ်း ကွာနေတာ ကလေးတွေ ရှိတယ်၊ ခု ကျုပ်တို့ အလုပ်က အဲဒီ အလှမ်း ကွာနေတာကို စေ့သွားအောင် လုပ်ဖို့ပဲ။

'ဂါစီယာ အသတ်ခံရမယ့်နေ့ ည ထမင်းစားတုန်းက ရောက်လာတဲ့ စာ ကိစ္စကလေးက နေပြီး စ ပြောမယ်၊ ဂါစီယာ အသတ်ခံရတဲ့ ကိစ္စမှာ သူ့ တပည့်တွေ ပါနေတယ် ဆိုတဲ့ မိန်းရဲ့ ထင်မြင်ချက်ကို အသာ ထားလိုက်ပေါ့ ဗျာ၊ အမှုမှာ အရေးကြီးတဲ့ အချက်က ဘယ် အချက်လဲ ဆိုတော့ သူ့ကိုယ်သူ အယ်လီဘိုင် ပြဖို့ အတွက် အိမ်ကို အဲကလက် မလာ လာအောင် ခေါ်တဲ့ လူဟာ သေသူ ဂါစီယာ ကိုယ်တိုင် ဖြစ်တယ် ဆိုတဲ့ အချက်ဗျ၊ ဒီအချက်ဟာ တော်တော် အရေးကြီးတယ်၊ ဒီအချက်ကို ကျုပ်တို့ သက်သေပြနိုင်ရင် ကျန် တာတွေ အားလုံး ရှင်းသွားမှာပဲ၊ ပြီးတော့ အဲဒီညက အကြံအစည် ရှိတဲ့ လူ ဟာ တခြားလူ မဟုတ်ဘူးဗျ၊ သေသူ ဂါစီယာ ဖြစ်တယ်၊ အကြံအစည်မှ သာ မန် အကြံအစည် မဟုတ်ဘူး၊ ရာဇဝတ်မှု ကျူးလွန်ဖို့ အကြံအစည် ဖြစ်တယ်၊ ဒီလို ကြံစည်နေရင်းက ဂါစီယာဟာ အသတ်ခံသွားရခြင်း ဖြစ်တယ်၊ ဘာဖြစ် လို့ ရာဇဝတ်မှု ကျူးလွန်တဲ့ အကြံအစည်လို့ ပြောရသလဲ ဆိုရင် ဂါစီယာဟာ အဲဒီညက အဲကလက်ကို ခေါ်ထားပြီး သူဟာ အဲကလက်နှင့် အတူ ရှိတယ် ဆိုတာကို ထင်ရှားအောင် လုပ်ချင်လို့ဗျ၊ ဒါကြောင့် ရာဇဝတ်မှု ကျူးလွန်တဲ့ အကြံအစည် ရှိတဲ့ လူများသာလျှင် အယ်လီဘိုင် ပြလေ့ ရှိတယ်၊ ကောင်းပြီ၊ ဒါဖြင့်ရင် ဂါစီယာကို ဘယ်သူ သတ်သလဲ၊ သူ သွားပြီး ရာဇဝတ်မှု ကျူးလွန် ခြင်း ခံရမယ့် သူက သတ်လိုက်ခြင်း ဖြစ်တယ်ဗျ၊ ဒီအထိတော့ ကျုပ်တို့ တွေး လုံးဟာ ဘာမှ မမှားသေးဘူး၊ အားလုံး အဆင်ချောနေတယ်။

'နောက်တစ်ချက် စဉ်းစားဖို့ကတော့ ဂါစီယာရဲ့ တပည့်တွေ ပျောက် သွားတဲ့ ကိစ္စပဲ၊ ဘာရယ်လို့ မပြောနိုင်သေးတဲ့ ရာဇဝတ်မှုထဲမှာ ဒီကောင်တွေ အားလုံးဟာ ကြံဖော်ကြံဖက်တွေ ဖြစ်တယ်ဗျ၊ သူတို့ အကြံအစည်က အဲဒီ ရာဇဝတ်မှုကို ကျူးလွန်ပြီးလို့ ရှိရင် ဂါစီယာ ပြန်လာမယ်၊ သူတို့ ကျူးလွန် တယ်လို့ သက်သေမကင်း ဖြစ်ရင် အဲဒီ အချိန်တုန်းက သူတို့ဟာ အဲကလက်နှင့် အတူ ရှိနေတယ် ဆိုတာကို သက်သေပြမယ်၊ ဒီလို ပြနိုင်ရင် သူတို့ အဖို့ အား လုံး အဆင်ပြေနေတယ်၊ သို့သော်လည်း သူတို့ ကျူးလွန်မယ့် ရာဇဝတ်မှုဟာ တော်တော် အန္တရာယ် ကြီးတဲ့ အမှု ဖြစ်တယ်၊ သတ်မှတ်ထားတဲ့ အချိန်မှာ ဂါစီယာ ပြန်မရောက်လာခဲ့လို့ ရှိရင် ဂါစီယာရဲ့ အသက်ဟာ စိုးရိမ်ရတယ် ဆိုတာကို သူတို့ အားလုံး သိထားကြတယ်၊ ဒါကြောင့် ဒီလို ကိစ္စမျိုး ပေါ်လာရင်





သူ့တပည့် နှစ်ယောက်ဟာ တစ်နေရာမှာ သွားပုန်းဖို့ ကြိုတင် စီစဉ်ထားခဲ့ ကြတယ်၊ အဲဒီမှာ ပုန်းနေကြပြီး ဥပဒေကို ရှောင်နေကြမယ်၊ ပြီးတော့မှ သူတို့ ကိစ္စကို ဆက်လုပ်ဖို့ စီစဉ်ထားခဲ့ကြတယ်၊ အချက်အလက်တွေကို ကြည့်ရင် ဒီအတိုင်း အဓိပ္ပာယ် ပေါ်နေတယ်၊ ဘယ့်နှယ်လဲ ဆရာကြီး၊ မဟုတ်ဘူးလား'

ထိုအခါတွင်ကား ရှုပ်ထွေးလျက် ရှိသော အရှုပ်အထွေးကြီးသည် ကျွန်ုပ် ၏ မျက်စိရှေ့တွင် ရှင်းလင်းသွားခဲ့လေပြီ။ ယခင် အခါများကကဲ့သို့ပင် ထိုအခါ၌ လည်း ကျွန်ုပ်သည် အဘယ့်ကြောင့် စောစောစီးစီး သဘော မပေါက်ရလေ သနည်းဟု ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် အပြစ်တင်မိရလေ၏။

'နို့ နေစမ်းပါဦး၊ အစေခံ တစ်ယောက်က ဘာဖြစ်လို့ ပြန်လာတာလဲ'

'ကြည့်ရတာကတော့ ကသောကမျော ထွက်ပြေးတုန်းမှာ တော်တော် အရေးကြီးတဲ့ ပစ္စည်း တစ်ခု၊ သူတို့နှင့် ခွဲလို့ မရတဲ့ ပစ္စည်း တစ်ခု ကျန်နေရစ် ခဲ့တာနှင့် တူတာပဲဗျ၊ ဒီကောင် ဒီလောက် လာ လာပြီး ချောင်းနေတာဟာ ဒါ ကြောင့်ပဲ ဖြစ်ရမှာပေါ့၊ မဟုတ်ဘူးလား'

'ဒါဖြင့် ခင်ဗျား နောက် ဘယ်လို ခြေလှမ်း လှမ်းမယ်လို့များ စိတ်ကူး ထားသလဲ'

'နောက်တစ်ဆင့်ကတော့ ထမင်း စားနေတုန်းမှာ ဂါစီယာ ရတယ် ဆိုတဲ့ စာကို စုံစမ်းရမယ်ဗျ၊ စာ အလိုကို ထောက်ရင်တော့ တစ်ဖက်မှာ သူ တို့ ကြံရာပါ တစ်ယောက် ရှိလိမ့်ဦးမယ်၊ ဒီတော့ အဲဒီ ကြံရာပါဟာ ဘယ်မှာ လဲ၊ ဘယ်သူလဲ၊ ဒီကြံရာပါဟာ ဒီနားတစ်ဝိုက်က အိမ် ခပ်ကြီးကြီး တစ်ဆောင် ထဲမှာ ရှိရမယ်လို့ ခင်ဗျားကို ကျုပ် ပြောခဲ့ဖူးပြီ၊ ဒီနေရာ တစ်ဝိုက်မှာ အိမ် ကြီးကြီးရယ်လို့ သိပ် မရှိပါဘူးဗျာ၊ ရွာကို ရောက်စတုန်းက ကျုပ် လမ်း လျှောက် ထွက်နေတာ သစ်ပင်တွေကို လိုက်လိုက် ကြည့်နေတာဟာ ဒီနား တစ်ဝိုက်က အိမ်ကြီးတွေနှင့် အဲဒီ အိမ်ကြီးတွေမှာ နေတဲ့ လူတွေ အကြောင်း ကို သိချင်လို့ ကင်းထောက် ထွက်နေတာ၊ အဲ ကျုပ် မျက်စိကျတဲ့ အိမ် တစ်လုံး ကိုတော့ တွေ့ခဲ့ပြီဗျ၊ အဲဒီ အိမ်ကြီးက အောက်ရှော့ကွင်းရဲ့ တစ်ဖက်မှာ၊ ဂါ စီယာ သေတဲ့ နေရာနှင့် ဆိုရင် မိုင်ဝက်လောက် ဝေးတယ်၊ ဂျက်ကိုဗင် ခေတ်က ဆောက်ထားခဲ့တဲ့ နှစ်ဆောင်ပြိုင် ရှေးအိမ်ကြီးရယ်၊ တခြား အိမ်ကြီးတွေကတော့ သူတို့ဘာသာ သူတို့ အေးအေးဆေးဆေး နေကြတဲ့ လူကောင်းတွေရဲ့ အိမ်တွေချည်းပဲ၊ ဒါပေမဲ့ အဲဒီ နှစ်ဆောင်ပြိုင် အိမ်ကြီးမှာ နေတဲ့ မစ္စတာ ဟင် ဒါဆင် ဆိုတဲ့ လူကတော့ ခပ်ဆန်းဆန်းရယ်ဗျ၊ လူက ခပ်ဆန်းဆန်း ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာ ကိုင်တာတွေကလည်း ခပ်ဆန်းဆန်းပဲ ဖြစ်လိမ့်မယ်လို့ ကျုပ် ထင်တယ်၊ ဒါကြောင့် သူ့အိမ်နှင့် သူ့အိမ်သားတွေ အားလုံးကို ကျုပ် သတိထားပြီး စောင့်ကြည့်ခဲ့တယ်။

'အဲဒီ အိမ်မှာ နေတဲ့ လူတွေကတော့ အကုန် ခပ်ဆန်းဆန်းချည်းပဲဗျို့၊ အဲ မစ္စတာ ဟင်ဒါဆင်ကတော့ အဆန်းဆုံးပဗျာ၊ ကိစ္စ တစ်ခုကို ယိုးမယ်ဖွဲ့ပြီး သူ့ အိမ်ကြီးထဲကို ရောက်ခဲ့ပြီးပြီဗျ၊ သူနှင့်လည်း တွေ့ခဲ့ပြီးပြီ၊ လူက လူပါးကြီးဗျို့၊ ကျုပ်ကို ကြည့်လိုက်ရုံနှင့် ကျုပ်လာတဲ့ ကိစ္စကို ရိပ်မိပုံပဲ၊ လူက အသက် ငါးဆယ်လောက် ရှိပြီ၊ သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ်ပဲ၊ ဆံပင်တွေကလည်း သံရောင်လို ဖြူလို့ဗျ၊ မျက်ခုံးမွေးကြီးတွေလည်း ကောင်းပါဘိသနှင့်၊ မည်းနက်နေတာပဲ၊ မျက်နှာထား တင်းသလောက် စိတ်ကလည်း တော်တော် ကြီးပုံပဲ၊ လူက ကြောက်စရာ ကောင်းတဲ့ အပြင် ဩဇာလည်း တော်တော် ပေးတတ်ပုံ ကျတယ်ဗျ၊ ကျုပ် အထင်တော့ ဒီလူဟာ နိုင်ငံခြားသားရင်လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင်လည်း အပူပိုင်း ဇုန်မှာ အတော်ကြာကြာ နေခဲ့ဖူးသူ ဖြစ်ရမယ်၊ သူ့ အသားက ဝါပြီး အဆီခန်းနေတဲ့ ပုံဗျ၊ မာတောင့်နေလိုက်တာကလည်း ကျာပွတ်ကြိုး တစ်ချောင်း ကျနေတာပဲ၊ သူ ငှားထားတဲ့ စာရေး လူးကတ် ဆိုတဲ့ လူကတော့ နိုင်ငံခြားသား ဖြစ်မှန်း သိပ် သိသာတယ်၊ အသားက ချောကလက်ရောင်နှင့်၊ ကြည့်လိုက်ရင်တော့ မခုပ်တတ်တဲ့ ကြောင်ကလေး တစ်ကောင်လိုပဲ၊ ကုပ်ကုပ်ကလေးရယ်၊ စကားပြောကလည်း ချိုပါဘိသနှင့်၊ ဒီတော့ ကျုပ် လိုက်စုံစမ်းလိုက်တာ ဒီနားတစ်ဝိုက်မှာ နိုင်ငံခြားသား နှစ်စုံကို သွားတွေ့ရပြီဗျ၊ တစ်သိုက်က နွယ်သာကီ ရိပ်သာက ဂါစီယာတို့ လူသိုက်၊ နောက်တစ်သိုက်က နှစ်ဆောင်ပြိုင် အိမ်ကြီးက ဟင်ဒါဆင်တို့ လူသိုက်၊ ဒီတော့ စောစောက အလှမ်း ကွာနေတာဟာ တဖြည်းဖြည်းတော့ စေ့လာပြီလို့ အောက်မေ့ရတာပဲ။

'နှစ်ဆောင်ပြိုင် အိမ်ကြီးမှာ ဟင်ဒါဆင်နှင့် လူးကတ်ဟာ အခရာပဲဗျ၊ သို့သော်လည်း ကျုပ်တို့ ကိစ္စ အတွက် တခြား တစ်ယောက် ရှိသေးတယ်၊ သူကတော့ ခု ကျုပ်တို့ဆီမှာ ဟိုနှစ်ယောက်ထက်တောင် ပိုပြီး အရေးကြီးလိမ့်ဦးမယ် ထင်တယ်၊ ဟင်ဒါဆင်မှာ ကလေး နှစ်ယောက် ရှိတယ်ဗျ၊ ဆယ့်တစ်နှစ်အရွယ် သမီး တစ်ယောက်နှင့် ဆယ့်သုံးနှစ်ရွယ် သမီး တစ်ယောက်၊ သူတို့ကို စာသင်ပေးတဲ့ ကလေးထိန်း ဆရာမက မစ္စ ဘားနက် ဆိုတဲ့ အင်္ဂလိပ် အမျိုးသမီး တစ်ယောက်ဗျ၊ အသက်ကတော့ လေးဆယ် တစ်ဝိုက်လောက် ရှိပြီ၊ ပြီးတော့ လူယုံတော် ယောက်ျား အိမ်စေ တစ်ယောက်လည်း ရှိသေးတယ်၊ အဲဒါတွေကတော့ ဟင်ဒါဆင် အိမ်သားတွေရဲ့ အကြောင်းပဲ၊ သူတို့ အားလုံးကို မိသားစုတွေလို ထားပြီး ခရီးသွားလည်း အတူတူဗျ၊ ဟင်ဒါဆင် ဆိုတဲ့ လူကြီးကလည်း တော်တော် ခရီးသွားတဲ့ လူကြီးဗျို့၊ အမြဲ ခရီး သွားနေတာပဲ၊ မနှစ်က တစ်နှစ်လုံး ခရီး သွားနေတာ နှစ်ဆောင်ပြိုင် အိမ်ကြီးကို ပြန်ရောက်တာတောင် မကြာသေးဘူးတဲ့၊ ပိုက်ဆံကလည်း အလွန် ရှိတယ် ဆိုကိုးဗျ၊ သူ့အိမ်မှာ သူ လိုချင်ပြီ ဆိုရင် ဘာမဆို အကုန် ရအောင် စီစဉ်ထားသတဲ့၊ ပြီးတော့လည်း အိမ်မှာ ဘဏ္ဍာစိုးတွေ အစေခံတွေကလည်း တစ်လှေကြီးပဲတဲ့၊ ကောင်းကောင်းစားပြီး အလုပ်ကျတော့လည်း သိပ် မလုပ်ရဘူးတဲ့။

'ဒါတွေကတော့ ကျုပ်ကိုယ်တိုင် စုံစမ်းလို့ သိခဲ့ရတာရော ရွာသားတွေဆီက သတင်းပလင်း နားထောင်လို့ ရခဲ့တာရော အကုန် ဆိုပါတော့ဗျာ၊ အိမ်ရှင်အကြောင်းကို စုံစမ်းရတာဟာ အလုပ် ဖြုတ်ခံထားရတဲ့ အစေခံဆီကလောက် ဘယ်ကမှ သတင်း မစုံဘူးဗျ၊ ကျုပ်ကတော့ ကံကောင်းလို့လား မသိဘူး၊ အဲဒီလို အထုတ်ခံရတဲ့ အစေခံ တစ်ယောက်နှင့် တွေ့လာခဲ့တယ်၊ ကံကောင်းတယ်လို့ ပြောရတာ တခြားကြောင့် မဟုတ်ဘူးဗျ၊ ကျုပ်က အဲဒီလို လူမျိုးကို ရှာနေတုန်း အခန့်သင့် တွေ့သွားလို့ ကံကောင်းတယ်လို့ ပြောရတာ၊ ဗိန်း ပြောသလို ကျုပ်လည်း ကျုပ်နည်းနှင့် ကျုပ် လုပ်တာပေါ့ဗျာ၊ ကျုပ်နည်းနှင့် ဒီလို လိုက်ရှာတော့ နှစ်ဆောင်ပြိုင် အိမ်ကြီးမှာ မာလီ လုပ်ခဲ့ဖူးတဲ့ ဂျွန် ဝါနာ ဆိုတဲ့ လူနှင့် သွားတွေ့တယ်၊ သူ့ကို စိတ်ဆိုးပြီး မာလီက ထုတ်ပစ်လိုက်တာ၊ အိမ်ထဲမှာ သူ့ အပေါင်းအဖော်တွေ ကျန်ရစ်ခဲ့တာပေါ့ဗျာ၊ သခင်ကို မကြိုက်တဲ့ အစေခံတွေ ကြောက်ရတဲ့ အစေခံတွေ စုပြီး မဟာမိတ် ဖွဲ့ထားကြတာပေါ့။

'ဆန်းတော့ တော်တော် ဆန်းတဲ့ လူတွေဗျ၊ ဘယ်လောက် အထိ ဆန်းတယ်လို့သာ မပြောနိုင်တယ်၊ ဆန်းတာတော့ အမှန်ပဲ၊ အိမ်ကြီးက နှစ်ဆောင်ပြိုင် အိမ်ကြီး ဆိုတော့ တစ်ဆောင်မှာ ဟင်ဒါဆင် မိသားစု နေပြီး ကျန်တဲ့ တစ်ဆောင်မှာတော့ အစေခံတွေ နေကြတယ်ဗျ၊ ဟင်ဒါဆင် မိသားစုကို ချက်ပြုတ် ကျွေးမွေးရတဲ့ အစေခံတွေက လွဲလို့ ဟင်ဒါဆင် မိသားစုနှင့် အစေခံတွေကြားမှာ သိပ် အဆက်အသွယ် မရှိကြဘူးတဲ့၊ ခပ်ကင်းကင်းပဲ နေကြသတဲ့၊ ကလေး ထိန်းတဲ့ စာပြ ဆရာမနှင့် ကလေးတွေကလည်း ခြံထဲမှ အပ တခြား ဘယ်ကိုမှ ထွက်လေ့ မရှိဘူးတဲ့၊ ဟင်ဒါဆင် ဆိုတဲ့ လူကြီးကလည်း တစ်ယောက်တည်း ဘယ်တော့မှ လမ်းလျှောက်တို့ ဘယ်တို့ ထွက်လေ့ မရှိဘူးတဲ့၊ လူးကတ်







www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ သူ့ စာရေးက နောက်က အမြဲ ပါလာတတ်သတဲ့၊ အစေခံတွေ အပြောကတော့ဖြင့် သူတို့ သခင်ဟာ တစ်ခုခုကို တော်တော် ကြောက်ရွံ့ စိုးရိမ် နေတယ်လို့ ပြောကြတာပဲ၊ သူ့မာလီ ပြောတဲ့ စကား အတိုင်း ဆိုရင်တော့ အဘိုးကြီးဟာ ပိုက်ဆံသာ ရမယ် ဆိုရင် ဘနဖူး သိုက်တူးမယ့် လူစားကြီး တဲ့၊ သူများ ပိုက်ဆံ မတရား ယူလာတော့ သူ မတရား အလုပ်ခံရတဲ့ လူတွေက ဘယ်နေ့ ပြန်ရန်ပြုမလဲ ဆိုတာ တွေးပြီး ကြောက်နေတာတဲ့၊ သူတို့ဟာ ဘယ်က လူတွေလဲ ဘယ်က လာကြတာလဲ ဆိုတာကိုတော့ ဘယ်သူမှ ဇာစ်ဇာစ်မြစ်မြစ် မသိကြဘူးဗျ၊ တော်တော်တော့ ဒေါသကြီးတယ် ပြောတယ်၊ သူ့ တပည့်တွေကို ခွေး ရိုက်တဲ့ ကျာပွတ်နှင့် ရိုက်တာ နှစ်ခါတောင် ရှိပြီတဲ့၊ ပိုက်ဆံ ပေါပေါနှင့် လျော်ကြေး ပေးနိုင်လို့သာ ရုံးပြင်ကနားကို မရောက်တာတဲ့။

'ကဲ ဒီတော့ နောက်သိလာတဲ့ သတင်းတွေကို ပေါင်းပြီး အခြေအနေကို စဉ်းစား ကြည့်ရအောင်၊ သေသူ ဂါစီယာဆီကို ရောက်လာတဲ့ စာဟာ အဲဒီ အိမ်ကြီးက လာတဲ့ စာလို့ ယူဆရတယ်၊ အစီအစဉ် တစ်ခုခု လုပ်ဖို့ ဂါစီယာကို လှမ်းခေါ်တဲ့ စာနှင့် တူတာပဲ၊ ကောင်းပြီ၊ ဒီစာကို ဘယ်သူက ရေးလိုက်တာလဲ၊ စာဟာ အဲဒီ အိမ်ကြီးထဲမှာ ရှိတဲ့ မိန်းမ တစ်ယောက် ရေးလိုက်တဲ့ စာလို့ ကျုပ် ယူလို့ ရတယ်၊ ဒါဖြင့်ရင် ကလေးထိန်း ဆရာမ မစ္စ ဘားနက် အပြင် ဘယ်သူ ဖြစ်နိုင်ဦးမလဲ၊ ကျုပ်တို့ စဉ်းစားကြည့်လိုက်တော့ ကောက်ချက်က အဲဒီကို ညွှန်ပြနေတယ်၊ ဒီတော့ ဟုတ်တာ မဟုတ်တာ အပထားပြီး ဒီတွေးလုံးကို အခြေခံ စဉ်းစားရလိမ့်မယ်၊ ဘာတွေ ဖြစ်လာမလဲ စောင့်ကြည့်ရမှာပဲ၊ တစ်ခုတော့ ပြောလိုက်ရဦးမယ်၊ ခပ်စောစောက ကျုပ် ထင်မြင်ချက်ထဲမှာ မိန်းမ ကိစ္စတို့ အချစ် ကိစ္စတို့ ပါလိမ့်မယ်လို့ ပြောခဲ့တယ်၊ ခု မစ္စ ဘားနက်ရဲ့ အသက်နှင့် စာရိတ္တကို ကြည့်လိုက်တဲ့ အခါကျတော့ ဒါဟာ မဖြစ်နိုင်တော့ဘူး ဆိုတာ တွေ့လာပြီဗျ။

'အကယ်၍ ဒီစာကို မစ္စ ဘားနက် ရေးခဲ့ရိုး မှန်ရင် မစ္စ ဘားနက်ဟာ ဂါစီယာတို့လူ ဖြစ်ပြီး သူတို့နှင့် ကြံရာပါ ဖြစ်ရမယ်ဗျ၊ ဒီလိုဆိုရင် မစ္စ ဘားနက်ဟာ ဂါစီယာ အသတ်ခံရတဲ့ အကြောင်းကို ကြားတဲ့ အခါမှာ ဘာလုပ်နိုင်သလဲ၊ ဘာလုပ်မလဲ၊ အကယ်၍ ဂါစီယာဟာ ရာဇဝတ်မှု ကျူးလွန်ဖို့ ကြံတုန်းမှာ အသတ် ခံသွားရတာ ဖြစ်နိုင်တယ် ဆိုရင် မစ္စ ဘားနက်ဟာ ဒီအကြောင်းကို ပြောမှာ မဟုတ်ဘူး၊ နှုတ်ပိတ် ရေငုံ လုပ်နေမှာပဲ၊ သို့တိုင်အောင် မစ္စ ဘားနက်ဟာ ဂါစီယာကို သတ်သူတွေ အပေါ်မှာတော့ အခဲကြေမယ် မဟုတ်ပေဘူး၊





သူတို့ အပေါ်မှာ လက်စားချေနိုင်ဖို့ နည်းလမ်းတော့ ရှာနေမှာပဲ၊ ဒီတော့ ကျုပ်တို့ အနေနှင့် သူ့ကို တွေ့ပြီး အသုံးချလို့ ရနိုင် မရနိုင် စဉ်းစားစရာ ဖြစ်လာတယ်၊ ဒါက ကျုပ် ပထမ စဉ်းစားထားတာ၊ ခုတော့ ကျုပ်တို့ အခြေအနေက တစ်မျိုး ဖြစ်သွားပြီ၊ ခု ကြားရတဲ့ သတင်း အတိုင်း ဆိုရင် ဂါစီယာ အသတ်ခံရပြီး တတည်းက မစ္စ ဘားနက်ကို အဲဒီ အိမ်မှာ မတွေ့ရတော့ဘူးတဲ့၊ အဲဒီနေ့ ညက စပြီး မစ္စ ဘားနက်ဟာ လုံးလုံး ပျောက်နေတယ်၊ ဒီတော့ မစ္စ ဘားနက်ဟာ ခုထိ အသက် ရှင်နေသေးသလား၊ သူ စာနှင့် ရေးခေါ်လိုက်တဲ့ ဂါစီယာလိုပဲ သူလည်း အသတ်ခံလိုက်ရပြီလား၊ သို့တည်းမဟုတ် သူ့ကို ဒီအိမ်ကြီးထဲမှာ ပိတ်လှောင်ထားသလား၊ ဒီအချက်ကို ကျုပ်တို့ သိအောင် စုံစမ်းရလိမ့်မယ်။

'ဒီတော့ အခြေအနေ ဘယ်လောက် ကျပ်တည်းတယ် ဆိုတာ ခင်ဗျား လည်း ရိပ်မိလောက်ရောပေါ့၊ ဒီ စဉ်းစားချက်ကို အခြေခံပြီး အိမ်ကြီးပေါ်ကို တက်ရှာရအောင် ကျုပ်တို့မှာ ဝရမ်း မရှိဘူး၊ ဝရမ်း ထုတ်ပေးဖို့ ရုံးတော်ကို လျှောက်ထားနိုင်လောက်အောင် ကျုပ်တို့မှာ ဘာ သက်သေ အထောက်အထားမှလည်း မရှိဘူး၊ ကျုပ်တို့ စိတ်ကူးကို ရုံးတော်ကို တင်ပြရင်လည်း ရုံးတော်က သိပ် လက်ခံမယ် မဟုတ်ဘူး၊ သူတို့ အိမ်ကြီးက အကြီးကြီး၊ လူတွေကလည်း အများကြီး ဆိုတော့ လူ တစ်ယောက်ကို တစ်ပတ်လောက် မမြင်ရတာဟာ ဘာမှ အဆန်း မဟုတ်ဘူး၊ သို့သော်လည်း ကျုပ် အထင်မှာတော့ ခုအချိန်မှာ မစ္စ ဘားနက်ဟာ ဘေးအန္တရာယ် ကြုံတွေ့နိုင်တဲ့ အခြေအနေမျိုးမှာ ရှိနေတယ် ဗျ၊ ဒီတော့ ကျုပ်တို့ လုပ်နိုင်တာက နှစ်ဆောင်ပြိုင် အိမ်ကြီးကို စောင့်ကြည့်ဖို့နှင့် ကျုပ်လူ ဝါနာကို ဝင်းပေါက်မှာ စောင့်ကြည့် ခိုင်းထားဖို့ပဲ တတ်နိုင်တော့တယ်၊ အခြေအနေကို ဒီအတိုင်း ဆက်လက် ခွင့်ပြုထားလို့တော့ မဖြစ်ဘူး၊ ဒီတော့ တရား ဥပဒေက သူတို့ကို ဘာမှ မလုပ်နိုင်သေးရင် ကျုပ်တို့က စွန့်ပြီး သူတို့ အကြံအစည်ကို တားကြည့်ရမှာပဲ'

'ဒါဖြင့် ခင်ဗျားက ဘယ်လို လုပ်မယ်လို့ စိတ်ကူးလို့လဲ'

'မစ္စ ဘားနက် ဘယ်အခန်းမှာ နေတယ် ဆိုတာကို ကျုပ် သိခဲ့ပြီဗျ၊ အပြင်ဘက်ကို ထုတ်ထားတဲ့ အမိုးကလေး အမိုးပေါ်က တက်သွားရင် သူ့ အခန်းကို ရောက်တယ်၊ ဒီတော့ ဒီညမှာ ခင်ဗျားနှင့် ကျုပ် အဲဒီ အိမ်ကြီးကို သွားပြီး ဒီပြဿနာကို အဖြေ ရှာရလိမ့်မယ် ထင်တယ်'

ရှင်းရှင်း ဝန်ခံရလျှင် ထိုအိမ်ကြီးကို သွားရောက်ဖို့ ဆိုသည့် ကိစ္စမှာ အားကျ မက်မောဖွယ် ကောင်းသည့် ကိစ္စ တစ်ရပ် မဟုတ်ချေ။ လူသတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ကျူးလွန်ထားရာ ဖြစ်ဟန် ရှိသည့် ထိုအိမ်ကြီး၏ ကြောက်မက်ဖွယ် ကောင်းသည့် အခြေအနေ၊ ကြောက်စရာ ကောင်းသည့် ထိုအိမ်ကြီးမှ လူများ၏ စရိုက်၊ အိမ်ထဲသို့ စွန့်ဝင်ရမည့် အန္တရာယ်နှင့် တကွ သူတစ်ပါး၏ ပိုင်နက်ထဲသို့ တရားဥပဒေကို ချိုးဖောက်၍ ဝင်ရောက်ရမည် ဆိုသည့် ကိစ္စတို့သည် ကျွန်ုပ်တို့၏ စိတ်အား ထက်သန်မှုကို လျော့ပါးစေသည်မှာ အမှန်ပင် ဖြစ်၏။

သို့ရာတွင် တစ်ဖက်ကို ကြည့်လိုက်လျှင်လည်း ခေါင်းအေးအေးဖြင့် တွေးခေါ် စဉ်းစားထားသည့် ရှားလော့ဟုမ်း၏ တွေးလုံးသည် ကျွန်ုပ်အား ထိုစွန့်စားခန်းတွင် လိုက်ပါခြင်း မပြုဘဲ မနေနိုင်အောင် သွေးဆောင် တွန်းနေသကဲ့သို့ ရှိလေ၏။ ထို ပြဿနာကို ဖြေရှင်းရန် အခြားနည်း မရှိတော့ကြောင်းကိုလည်း ကျွန်ုပ် စဉ်းစားမိပြီး ဖြစ်ပေ၏။ သို့ဖြင့် ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ လက်ကို ဖမ်းဆုပ် လိုက်မိသည်တွင် ကျွန်ုပ် သူနှင့် အတူ လိုက်ပါရန် ကတိပေးမိပြီးသား ဖြစ်သွားလေပြီ။

သို့ရာတွင် ကျွန်ုပ်တို့မှာ ကံ မဆုံ၍လော မပြောတတ်။ ထိုစွန့်စားခန်းကို မလုပ်ဖြစ်အောင် ဖန်လာသည့် အကြောင်း တစ်ရပ် ပေါ်ပေါက်လာခဲ့ပေ၏။ အချိန်မှာ ညနေ ငါးနာရီခန့် ရှိလေပြီ။ မတ်လ ညချမ်း၏ အရိပ်များသည် ထိုးကျလာခဲ့လေပြီ။ ထိုအချိန်တွင် စိတ် တုန်လှုပ် ချောက်ချားလျက် ရှိသည့် ရွာသားတစ်ယောက်သည် ကျွန်ုပ်တို့ အခန်းထဲသို့ ပြေးဝင်လာလေ၏။

'ဆရာကြီး သူတို့ အားလုံး လစ်ပြေးကုန်ကြပြီ ခင်ဗျ၊ နောက်ဆုံးထွက်တဲ့ ရထားနှင့် ပါသွားကြပြီ၊ ဆရာမကတော့ ထွက်ပြေးလာလို့ ကျွန်တော် အောက်မှာ မြင်းရထားနှင့် ခေါ်လာခဲ့တယ် ခင်ဗျ'

ရှားလော့ဟုမ်းသည် ထိုင်ရာမှ ဖြုန်းခနဲ ထရပ်လိုက်ပြီးလျှင်

'ဟ ဟန်ကျလိုက်လေ ဝါနာရယ်၊ ကဲ အိုင်ဆေး၊ အလှမ်း ကွာနေတာတွေတော့ တော်တော် စေ့သွားပြီဗျ'

မြင်းရထားထဲတွင်မူ ထိတ်လန့် ချောက်ချားသဖြင့် မေ့လုမေ့ခင် ဖြစ်နေသော အမျိုးသမီး တစ်ယောက်ကို တွေ့ရလေ၏။ ရှည်လျား ချောင်ကျနေသော သူ့ မျက်နှာပေါ်တွင် မကြာခင်ကမှ ဖြစ်ပွားခဲ့သော ဘေးဒုက္ခ အပေါင်းတို့၏ အရိပ်သည် အထင်းသား ပေါ်နေကြလေ၏။ အမျိုးသမီး၏ ခေါင်းမှာ ရင်အုံပေါ်သို့ စိုက်ကျလျက် ရှိ၏။

သို့ရာတွင် ကျွန်ုပ်တို့ကို မော့်ကြည့်လိုက်သည့် အခါတွင်မူ သူ့မျက်လုံးများသည် ငေးတိငေးကြောင် ဖြစ်လျက် ရှိကာ မျက်လုံးများမှာ ပြာမွဲမွဲ ဖြစ်



ချက် ရှိပြီး သူငယ်အိမ်မှာ ကျဉ်း၍ မည်းနက်နေသည်ကို တွေ့ရလေ၏။ ဘိန်းမိထားသည့် လက္ခဏာချက်များပင် ဖြစ်ပေ၏။

'ဆရာကြီး ပြောတဲ့ အတိုင်း ကျွန်တော် ဝင်းပေါက်က စောင့်ကြည့်နေတယ် ခင်ဗျ၊ အိမ်ထဲက ရထား ထွက်တော့ ကျွန်တော်လည်း ရထားနောက်ကနေပြီး ဘူတာရုံကို လိုက်သွားတယ်၊ ဆရာမတော့ အိပ်ပျော်တုန်း လမ်းလျှောက်တဲ့လူ ကျနေတာပဲ ခင်ဗျ၊ ကြည့်ရတာ ယောင်တိ ယောင်ကန်းနှင့်၊ ဒါပေမဲ့ သူတို့က ဆရာမကို မီးရထားပေါ် ဆွဲတင်ခါနီးတော့ ဆရာမ သတိရလာပုံဘဲတယ်၊ မလိုက်ဘူး ဆိုပြီး အတင်း ရုန်းတယ်၊ သူတို့ကလည်း ဆရာမကို မီးရထားတွဲပေါ်ကို အတင်း ထိုးတင်တယ် ခင်ဗျ၊ ဆရာမကလည်း ရုန်းတယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း ဝင်ဆွဲ၊ ဆရာမကို ရထားပေါ် တင်ပြီး ဒီကို ခေါင်းလာတာပဲ၊ ကျွန်တော် ဆရာမကို မြင်းရထားပေါ် တင်လာတဲ့ အခါကျတော့ အဲဟိုကောင်ရယ်၊ ရထား ပြတင်းပေါက်ကနေပြီး ကျွန်တော့်ကို ပြူးပြူးကြီး စိုက်ကြည့်နေတယ် ခင်ဗျ၊ မျက်နှာ ဝါဝါ၊ မျက်ခုံး နက်နက် ကောင်ရယ်၊ ဒီကောင်တွေ ကျွန်တော့်ကိုတော့ ရန်လုပ်ကြလိမ့်မယ် ထင်တယ် ဆရာကြီး'

ကျွန်ုပ်တို့သည် မစ္စ ဘားနက်ကို အပေါ်ထပ်သို့ သယ်လာခဲ့ကြပြီးလျှင် ဆိုဖာ တစ်လုံးပေါ်သို့ ချထားလိုက်ကြလေ၏။ ကော်ဖီ ပြင်းပြင်း သုံးလေးခွက်ဆို ဆင့်တိုက်လိုက်သည့် အခါတွင် အမျိုးသမီးမှာ ဘိန်းငွေ့ အနည်းငယ် ပြယ်စပြုသွားလေ၏။ ရှားလော့ဟုမ်းသည် ဗိန်းကို လှမ်းခေါ်ကာ အဖြစ်အပျက်ကို ပြောပြလေ၏။

အင်စပက်တော် ဗိန်းသည် ရှားလော့ဟုမ်းအား အားရ ဝမ်းသာ လက်ဆွဲနှုတ်ဆက်ရင်း

'ဝမ်းသာလိုက်တာ ခင်ဗျာ၊ စုံထောက်ကြီးက ကျွန်တော် လိုချင်တဲ့ သက်သေကို ရအောင် ရှာပေးတာကိုး၊ ကျွန်တော်လည်း အစကတည်းက အဲဒီကို မသက်ာလို့ ချောင်းနေတာ ဆရာရဲ့'

'ဘာ၊ ခင်ဗျားကလည်း နှစ်ဆောင်ပြိုင် အိမ်က ဟင်ဒါဆင် နောက်ကို လိုက်နေတာလား'

'ဟုတ်ပါ့ဗျာ၊ စုံထောက်ကြီးက ချုံကြားထဲ ဝပ်ပြီး နှစ်ဆောင်ပြိုင် အိမ်ကြီးကို ချောင်းနေတုန်း ကျွန်တော်ကလည်း တစ်ဖက်ခြံက သစ်ပင်ပေါ် တက်ပြီး ကြည့်နေတာ၊ စုံထောက်ကြီးကို ကျွန်တော် မြင်သားပဲ၊ ဒီသက်သေကို စုံထောက်ကြီးနှင့် ကျွန်တော် ဘယ်သူ အလျင် ရမလဲလို့ စောင့်ကြည့်နေတာ'



www.burmeseclassic.com

www.burmeseclassic.com

'ဒါဖြင့် ခင်ဗျား ဒီလူကို ဘာဖြစ်လို့ မဖမ်းတာလဲ'

ဗိန်းက တခစ်ခစ် ရယ်လိုက်လျက်

'ဟင်ဒါဆင်လို့ သူ့ကိုယ်သူ နာမည် ပေးထားတဲ့ လူဟာ ကျွန်တော်တို့ မသင်္ကာ ဖြစ်နေတယ် ဆိုတာကို ရိပ်မိတယ် ဆရာ၊ သူ့ကို ကျွန်တော်တို့ လိုက်နေမှန်း သိတော့ သူက နောက်ကွယ်ကနေပြီး ငြိမ်နေတယ်၊ ဒီတော့ ကျွန်တော်ကလည်း ကျွန်တော်တို့ လိုချင်တာ သူ မဟုတ်ဘူး ဆိုတာ ပြတဲ့ အနေနှင့် မဟုတ်တဲ့ လူကို ကောက်ဖမ်းထားလိုက်တယ်၊ ဒီတော့ ဒီငနဲကြီး ရှောင်ထွက်လိမ့်မယ်၊ ရှောင်ထွက်ရင် ဟောဒီက မစ္စ ဘားနက်ကို ကျွန်တော်တို့ ရမှာပဲလို့ ကျွန်တော် တွက်လိုက်တယ် ခင်ဗျ'

ရှားလော့ဟုမ်းသည် အင်စပက်တော် ဗိန်း၏ ပခုံးပေါ်သို့ လက်တင်လိုက်ရင်း 'အင်း တော်ပါပေတယ်ဗျာ၊ တော်ပါပေတယ်၊ ရှေ့မှာ ကြီးပွားဦးမယ့် လူပါ၊ ခင်ဗျားမှာ ထိုးထွင်းဉာဏ် ရှိတယ်' ဟု ပြောလေ၏။

ဗိန်း၏ မျက်နှာမှာ ဝမ်းသာသဖြင့် နီရဲလျက် ရှိပေ၏။

'ဘူတာရုံမှာ ကျွန်တော် တစ်ပတ်လုံးလုံး အရပ်ဝတ် အရပ်စားနှင့် ပုလိပ်တွေကို အစောင့် ချထားတယ် ခင်ဗျ၊ နှစ်ဆောင်ပြိုင် အိမ်က လူတွေ ပြောင်းတာနှင့် တစ်ပြိုင်နက် ဘူတာမှာ ရှိတဲ့ ကျွန်တော်တို့ လူတွေ သိမှာပဲ၊ ခုလို မစ္စ ဘားနက် ထွက်ပြေးပြီ ဆိုတော့ ငနဲကြီးလည်း ဆွေ့ဆွေ့ ခုန်နေမှာပဲ၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေ ခုတော့ ဆရာ့ လူက မစ္စ ဘားနက်ကို ခေါ်လာပြီ မဟုတ်လား၊ မစ္စ ဘားနက်ရဲ့ ထွက်ချက်ကို မရရင် ကျွန်တော်တို့ ဒီငနဲကြီးကို ဖမ်းနိုင်မှာ မဟုတ်ဘူး၊ ဒီတော့ သူ့ ထွက်ချက်ကို ခပ်မြန်မြန်လေး ယူမှ ဆရာရေ၊ မြန်လေ ကောင်းလေပဲ'

ရှားလော့ဟုမ်းက မစ္စ ဘားနက်ကို လှမ်းကြည့်လိုက်လျက်

'ခုတော့ တော်တော် အခြေအနေ ကောင်းလာပါပြီလေ၊ နေစမ်းပါဦးဗျ၊ ဟင်ဒါဆင် ဆိုတဲ့ လူအကြောင်းကို ပြောစမ်းပါဦး၊ ဒီလူက ဘယ်သူလဲ'

'ဟင်ဒါဆင် ဆိုတဲ့ လူက ဒွန်မျူရီလို ဆိုတဲ့ လူ ဆရာရဲ့၊ တစ်ခါတုန်းက စန်ပီဒရို ကျားကြီးလို့ နာမည်ကြီးခဲ့တဲ့ လူပေါ့'

စန်ပီဒရို ကျားကြီး ဆိုပါတကား။ ကျွန်ုပ်သည် ထိုအမည်ကို ကြားလိုက်သည်နှင့် ထိုလူ၏ အကြောင်းကို ဖြတ်ခနဲ သတိရလိုက်လေ၏။ ထိုပုဂ္ဂိုလ်မှာ အခြား မဟုတ်။ ယဉ်ကျေးသည့် နိုင်ငံမျိုးတွင် ရှိခဲ့လှသည့် အကြမ်းကြုတ် အရက်စက်ဆုံး အာဏာရှင်ကြီး တစ်ဦး ဖြစ်ပေ၏။ စန်ပီဒရို ကျားကြီးသည်





ထိုတိုင်းပြည်တွင် ရက်ရက်စက်စက် အုပ်စိုးခဲ့ပြီး လူထုများကို ဆယ်နှစ်၊ ဆယ့်နှစ်နှစ်မျှ ဖိနှိပ် ညှဉ်းပန်းခဲ့၏။ အလယ်ပိုင်း အမေရိကတိုက်တွင် သူ့ အခြည်ကို ကြားရုံဖြင့် ဖိန့်ဖိန့်တုန်မျှ ကြောက်ခဲ့ကြရ၏။ ဆယ်နှစ်ကျော် ကြာသည့် အခါတွင် ထိုတိုင်းပြည်မှ လူထုများသည် စန်ပီဒရို ကျားကြီးကို ပုန်ကန် ထကြွသော ဖြုတ်ချခဲ့ကြလေ၏။

သို့ရာတွင် ကျားကြီးမှာ ရက်စက်သလောက် ပါးနပ်သူ ဖြစ်ရကား တိုင်းပြည်တွင် မငြိမ်မသက် ဖြစ်လာသည်နှင့် တစ်ပြိုင်နက် သူပိုင် ပစ္စည်းဥစ္စာများကို လူယုံတော်များ ဦးစီးသည့် သင်္ဘော တစ်စင်းဖြင့် နိုင်ငံခြားသို့ ပို့ခဲ့၏။ သူပုန်များက သူ၏ အိမ်တော်ကို စီးနင်း တိုက်ခိုက်ကြသည့် အခါတွင် ကျားကြီးကို လည်းကောင်း၊ ပစ္စည်းများကို လည်းကောင်း ဘာမျှ မတွေ့ရတော့ချေ။ အာဏာရှင်နှင့် တကွ သူ့သမီး နှစ်ယောက်၊ သူ့အတွင်းရေးမှူးနှင့် သူပိုင် ပစ္စည်းများသည် ဘေးကင်းရာသို့ ရောက်သွားခဲ့ကြလေပြီ။ ထိုအချိန်မှ စ၍ အာဏာရှင် ကျားကြီးသည် ကမ္ဘာ့ နိုင်ငံရေး ဇာတ်ခုံမှ ပျောက်ကွယ်သွားခဲ့ခြင်း ဖြစ်လေ၏။ ဥရောပ သတင်းစာများက အာဏာရှင်ကြီး မည်သည့် ဒေသတွင် ရောက်နေသည်ကို မှန်းဆ၍ ရေးခဲ့ကြလေ၏။

'ဟုတ်တယ် ခင်ဗျ၊ စန်ပီဒရို ကျားကြီးလို့ ခေါ်တဲ့ ဒွန်မျူရီလို၊ သေသေချာချာ ကြည့်လို့ ရှိရင် စန်ပီဒရိုရဲ့ အလံဟာ အစိမ်းနှင့် အဖြူ ခင်ဗျ၊ ဂါစီယာဆီကို ပေးတဲ့ စာထဲမှာ ပါတဲ့ အတိုင်းပဲ၊ ငနဲကြီးက သူ့ကိုယ်သူ ဟင်ဒါဆင်လို့ အမည် ပြောင်းထားတယ်၊ ဒါပေမဲ့ သူ့ကို ပါရီမှာရော ရောမမှာရော မက်ဒရစ်တို့ ဘာစီလိုနာတို့မှာလည်း ခြေရာခံ လိုက်ခဲ့ပြီးပြီ၊ အဲဒီမှာ သူ့ သင်္ဘောဟာ ၁၈၈၆ ခုနှစ်တည်းက ဆိုက်သွားခဲ့တယ်၊ သူပုန်တွေက သူ့ကို လက်စားချေဖို့ လိုက်ရှာနေတာ ကြာလှပြီ၊ ခုမှ တွေ့တာ'

ယခုအချိန်၌ မစ္စ ဘားနက်မှာ သတိ ကောင်းစွာ ရလာပြီ ဖြစ်သည့်အတိုင်း ထိုင်လိုက်ပြီးလျှင်

'ဟုတ်ပါတယ်ရှင်၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက တွေ့သွားတာပါ၊ တစ်ခါ လုပ်ကြံခံရပေမဲ့ မသေခဲ့ပါဘူး၊ ခုတော့ တကယ် သတ္တိ ရှိပြီး တကယ် မြင့်မြတ်တဲ့ ဂါစီယာဟာ သေခဲ့ရပြီ၊ ဒီလူယုတ်မာကြီးကတော့ လွတ်သွားပြန်ပြီ၊ ဒါပေမဲ့ မနေသေးပါဘူးရှင်၊ ဂါစီယာ သေရင် နောက်တစ်ယောက်၊ အဲဒီလူ သေရင် နောက်တစ်ယောက် လာဦးမှာပေါ့၊ မနက်ဖြန် နေထွက်မယ် ဆိုတာ သေချာသလို ဒီလူယုတ်မာကြီးလည်း ဒဏ်ခတ်တာကို ခံရမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



မစ္စ ဘားနက်က သေးကွေးသော လက်များကို ကျစ်ကျစ် ပါအောင် ဆုပ်ရင်း ပြောလိုက်လေ၏။ သူ့ မျက်နှာသည် စန်ပီဒရို ကျားကြီးကို မုန်းသည့် အမုန်းဖြင့် ဖြူရော်လျက် ရှိလေ၏။

'နို့ မစ္စ ဘားနက်ကကော ဘယ်လို ဒီ အရှုပ်အထွေးထဲကို ရောက်လာတာလဲဗျာ၊ အင်္ဂလိပ် အမျိုးသမီး တစ်ယောက်က ဘယ့်နှယ် ဒီကိစ္စထဲ ပါနေရတာလဲ' ဟု ရှားလော့ဟုမ်းက မေးလေ၏။

'ကျွန်မလား၊ တရား မျှတမှုဟာ ဒီနည်းနှင့် လုပ်မှ ရမယ် ထင်လို့ ကျွန်မလည်း ဒီအထဲ ရောက်သွားတာပါ၊ လွန်ခဲ့တဲ့ နှစ်တွေတုန်းက စန်ပီဒရိုမှာ လူထုတွေရဲ့ သွေးတွေ မြေကျခဲ့ရတာ၊ တိုင်းပြည်က ပစ္စည်းတွေကို သင်္ဘောကြီးနှင့် တင်ပြီး ယူသွားခဲ့တာတွေကို ကျွန်မတို့ အင်္ဂလိပ် ဥပဒေက ဘာလုပ်နိုင်သလဲရှင်၊ ရှင်တို့ အမြင်မှာတော့ ဒီရာဇဝတ်မှုတွေဟာ တို့နှင့် မဆိုင်ဘူး၊ တခြားဂြိုဟ်က အဖြစ်အပျက်တွေလို့ ထင်ကောင်း ထင်ကြမှာပေါ့၊ ဒါပေမဲ့ ဒီ လူယုတ်မာကြီး အောက်မှာ ကျွန်မတို့ ဘယ်လောက် ခံခဲ့ရတယ် ဆိုတာကို ကျွန်မတို့ ကောင်းကောင်း သိခဲ့ကြရတယ်၊ ကျွန်မတို့ အမြင်မှာတော့ ဒွန်မျူရီလိုလောက် ရက်စက် ယုတ်မာတဲ့ လူဟာ ငရဲပြည်မှာတောင် ရှိမယ် မထင်ဘူး၊ ဒီတော့ သူ့ကို လက်စားချေမယ့် သူတွေ ရှိနေသေးသမျှ ဒီလူယုတ်မာကြီး အေးအေးချမ်းချမ်း နေရမှာ မဟုတ်ဘူးလို့ မှတ်လိုက်ပါ'

'အင်း၊ မစ္စ ဘားနက် ပြောတဲ့ အတိုင်း ဟုတ်ပါတယ်လေ၊ သူ ဘယ်လောက် ရက်စက်တယ် ဆိုတာကို ကျုပ်တို့လည်း ကြားဖူးပါတယ်၊ နို့ နေစမ်းပါဦး၊ မစ္စ ဘားနက်က ဘယ်လို ဘယ်နည်း ပတ်သက်နေတာလဲ'

'ကျွန်မ အကုန် ပြောပြပါ့မယ်ရှင်၊ ဒီ လူယုတ်မာကြီးရဲ့ ဝါဒက တိုင်းပြည်မှာ သူနှင့် ပြိုင်ဘက်တွေ၊ သူ့ကို ယှဉ်ပြိုင်နေတဲ့ လူတွေ အားလုံးကို သတ်ပစ်ဖို့ပါ၊ ကျွန်မ ယောက်ျား ··· ဟုတ်ကဲ့၊ ကျွန်မ နာမည်ရင်းက ဆီညော်ရာ ဗစ်တာ ဒူရန့်ဒိုပါ၊ ကျွန်မ ယောက်ျားက သူ့ အစိုးရ လက်ထက်တုန်းက လန်ဒန်မှာ သံအမတ်ပါ၊ ကျွန်မနှင့် လန်ဒန်မှာပဲ တွေ့ပြီး လန်ဒန်မှာ လက်ထပ်ခဲ့ကြပါတယ်၊ ကိုယ့် ယောက်ျားမို့လို့ ကိုယ် ပြောတာ မဟုတ်ပါဘူး၊ အင်မတန် စိတ်သဘောထား မြင့်မြတ်တဲ့ လူပါ၊ ကျွန်မ ယောက်ျားက လူတော် ဆိုတာ သိတော့ အကြောင်းပြချက် တစ်ခုနှင့် တိုင်းပြည်ကို ပြန်ခေါ်ပါတယ်၊ ဟိုရောက်တော့ ပစ်သတ်လိုက်တာပါပဲ၊ ကျွန်မ ယောက်ျားကလည်း သူ့ အကြံ သိလို့လား မသိဘူး၊ ကျွန်မကို မခေါ်ဘဲ လန်ဒန်မှာ ထားပစ်ခဲ့ပါတယ်၊ ကျွန်မ





ယောက်ျားကို သတ်ပြီး ပစ္စည်းတွေကိုလည်း အစိုးရက သိမ်းလိုက်လို့ ကျွန်မမှာ ပင်လည်း ဆုံး ပစ္စည်းလည်း ပျက်ပြီး ဆင်းဆင်းရဲရဲနှင့် လုပ်ကိုင် စားသောက်ခဲ့ရပါတယ်။

'ဒီနောက်တော့ တိုင်းပြည်မှာ သူပုန် ထပြီး သူလည်း ပြုတ်ကျသွားပါတယ်ရှင်၊ ရှင်တို့ သိတဲ့ အတိုင်း သူလည်း ထွက်ပြေးလာပါတယ်၊ ဒါပေမဲ့ သူ သတ်လို့ သေခဲ့ရသူတွေရဲ့ ဆွေမျိုးသားချင်းတွေ၊ သူ့ လက်မှာ ညှဉ်းပန်းလို့ သေရတဲ့ လူတွေရဲ့ ဆွေမျိုးသားချင်းတွေက သူ့ကို ဒီအတိုင်း မထားပါဘူး၊ အဲ မကျေကြပါဘူး၊ သူ မသေမချင်း ဒီ လုပ်ငန်းကို လုပ်ကြမယ် ဆိုပြီး အသင်း တစ်သင်း ဖွဲ့ပြီး သူ့နောက်ကို လိုက်ခဲ့ကြပါတယ်၊ နောက်ဆုံးတော့ ဒီ လူယုတ်မာကြီးဟာ ဟင်ဒါဆင် ဆိုတဲ့ နာမည်နှင့် ဒီမှာ လာနေပြီ ဆိုတာ သိတဲ့ အခါကျတော့ ကျွန်မက အိမ်ထဲ ရောက်အောင် ဝင်ပြီး သူ့ လှုပ်ရှားမှုကို သတင်း ပို့ဖို့ တာဝန်ယူရပါတယ်။

'ဒါနှင့် ကျွန်မလည်း ကလေးထိန်း စာပြ ဆရာမ ဟန်ဆောင်ပြီး သူ့ အိမ်ထဲကို ရောက်ခဲ့ပါတယ်၊ သူနှင့် နေ့တိုင်း မျက်နှာချင်းဆိုင် ထမင်း စားတဲ့ စာပြ ဆရာမဟာ သူ ခေါ်သတ်ခဲ့တဲ့ သံအမတ်ရဲ့ မိန်းမ ဆိုတာ သူ ဘယ်သိမလဲရှင်၊ ကျွန်မကလည်း သူနှင့် ပုံမှန် ဆက်ဆံ၊ ကလေးတွေကို စာပြပြီး အချိန်ကို စောင့်နေတာပါပဲ၊ ပါရီမှာ သူ့ကို သတ်ဖို့ ကြိုးစားခဲ့ကြပေမဲ့ မအောင်မြင်ခဲ့ပါဘူး၊ နောက်က လိုက်လာတဲ့ လူတွေ မျက်ခြည်ပြတ်အောင် ဥရောပတိုက်မှာ ဟိုဝင် ဒီထွက်နှင့် ကျွန်မတို့ ရှောင်တိမ်းလာခဲ့ကြတာ နောက်ဆုံးကျတော့ ဒီကို ရောက်လာတာပါပဲ၊ ခု ဒီအိမ်ကြီးကတော့ သူ အင်္ဂလန်ကို စရောက်ကတည်းက နေခဲ့တဲ့ အိမ်ပါ။

'ဒါပေမဲ့ ဒီရောက်တော့လည်း တရားက မနေပါဘူး၊ ဥရောပမှာ နောက်က လိုက်လာတဲ့ လူတွေကို မျက်ခြည် ဖြတ်နိုင်ခဲ့ပေမဲ့ ဒီအိမ်ကို ပြန်လာမယ် ဆိုတာ သိလို့ သူတို့ကလည်း စောင့်နေကြပါတယ်၊ သူ့ အစိုးရ လက်ထက်မှာ အရာရှိကြီး တစ်ယောက်ရဲ့သား ဖြစ်ခဲ့တဲ့ ဂါစီယာက သူ့ တပည့် နှစ်ယောက်နှင့် အတူ စောင့်နေကြပါတယ်၊ သူတို့ သုံးယောက်လုံးကလည်း ကိုယ့်အကြောင်းနှင့် ကိုယ် ဆိုတော့ ဒီလူကြီးကို လက်စား ချေချင်လိုက်ကြတာ လက်ကို ယားနေကြတာပဲ၊ မျူရီလိုက နေ့လယ် ဆိုရင် ဘယ်ကိုမှ မထွက်ဘူးရှင့်၊ ထွက်ရင်လည်း သူ့ အတွင်းရေးမှူးက အမြဲ ပါနေတော့ ဘာမှ မလုပ်သာဘူး ဖြစ်နေတယ်၊ သူကလည်း အမြဲ သတိထားတယ်၊ သူနှင့် အတူ လူးကတ်လို့ ခေါ်တဲ့ အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးမှူးကို အမြဲ ခေါ်သွားလေ့ ရှိတယ်၊ လူးကတ် ဆိုတဲ့ လူကလည်း ဟိုတုန်းက သူ့ အုပ်စိုးစဉ်က လိုးပက်ဆိုတဲ့ လူပေါ့ရှင်၊ ဒါပေမဲ့ ဒီလူကြီးက ညကျရင် တစ်ယောက်တည်း အိပ်လေ့ ရှိတယ်ရှင့်၊ ဒါကြောင့်လည်း သူ့ကို လုပ်ကြံချင်ရင် ညပိုင်းမှာ လုပ်ကြံဖို့ အခွင့်သာပါတယ်၊ ဒါနှင့် ကျွန်မတို့ စီစဉ်ထားတဲ့ ညကျတော့ ကျွန်မက ဂါစီယာဆီကို နောက်ဆုံး ညွှန်ကြားချက် ပို့လိုက်ပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလူကြီးက အမြဲ သတိထားပြီး ညတိုင်း အခန်း ပြောင်းပြောင်း အိပ်တာကိုးရှင့်၊ ဒီတော့ ကျွန်မ တာဝန်က တံခါးတွေ ဖွင့်ထားသလား အကယ်၍ အားလုံး အဆင်ပြေလို့ ရှိရင် ဝင်းပေါက်ကနေ မြင်ရအောင် အဖြူရောင် သို့မဟုတ် အစိမ်းရောင်မီးနှင့် အချက်ပြရမယ်၊ ဒီလို အခြေအနေ မကောင်းရင်လည်း ကျွန်မတို့ အစီအစဉ်ကို ရွှေ့တန် ရွှေ့ဖို့ပေါ့လေ။

'ဒါပေမဲ့ ကျွန်မတို့ လုပ်တာ နည်းနည်း မှားသွားတယ်ရှင်၊ ကျွန်မ နေတာ ထိုင်တာကို ကြည့်ပြီး သူ့ အတွင်းရေးမှူး လိုးပက်က သံသယ ဖြစ်သွားတယ်၊ စာကို ကျွန်မ ရေးလို့ ပြီးခါနီးမှာ ကျွန်မကို ချောင်းဖမ်းပြီး စာကို ယူသွားတယ်၊ ကျွန်မကို အခန်း တစ်ခုထဲ ဆွဲသွင်းပြီး ပိတ်လှောင်ထားတယ်၊ ပြီးတော့ ကျွန်မကို သတ်ပြီး ထွက်ပြေးကြဖို့ စီစဉ်ကြတာ၊ ဒီလိုနှင့် သူတို့ နှစ်ယောက် ဆွေးနွေးကြတော့ ကျွန်မကို သတ်ရင် ပြဿနာ ရှုပ်သွားလိမ့်မယ် ဆိုပြီး ဂါစီယာကို သတ်ဖို့ စီစဉ်ကြတယ်၊ ကျွန်မကို လည်ပင်းညှစ် လက်လိမ်ချိုးပြီး ဂါစီယာ လိပ်စာကို အတင်း မေးတယ်၊ နောက်ဆုံးတော့ လိုးပက်က ကျွန်မ ရေးတဲ့ စာကို ယူ၊ သူကိုယ်တိုင် လိပ်စာ ရေး၊ သူ့ ရှပ်အင်္ကျီ ကြယ်သီးနှင့် ချိပ်နှိပ်လိုက်ပြီး အစေခံ တစ်ယောက်ကို စာ အပို့ခိုင်းလိုက်တယ်။

'သူတို့ ဂါစီယာကို ဘယ်လို သတ်သလဲ ဆိုတာတော့ ကျွန်မ ကောင်းကောင်း မသိတော့ဘူး ရှင့်၊ တစ်ခုတော့ ရှိတယ်၊ ကျွန်မကို လိုးပက်က စောင့်နေလေတော့ မျူရီလို ကိုယ်တိုင် သတ်တယ်လို့ ထင်တာပဲ၊ ကျွန်မ အထင်ပြောရရင်တော့ ဂါစီယာ အလာ လမ်းမှာ ချုံကွယ်က စောင့်ပြီး ရိုက်သတ်လိုက်တယ် ထင်တာပဲ၊ အစတုန်းကတော့ အိမ်ထဲ ရောက်အောင် အသာ ကြည့်ပြီး အထဲ ရောက်မှ သူခိုး ဆိုပြီး သတ်မယ်လို့ စီစဉ်ထားတာရှင့်၊ ဒါပေမဲ့ ဒီလိုဆိုရင် သူတို့လည်း သတင်းစာထဲပါ ရုံးရောက် ဘယ်ရောက်နှင့် သူတို့ ဘယ်သူတွေလဲ ဆိုတာ သိနိုင်တယ်၊ သိသွားရင် နောက်ရန်က မအေးဘူး ဆိုပြီး ခုအတိုင်း လမ်းမှာတွင် ဆီးသတ်လိုက်တာပဲ၊ ဂါစီယာ သေသွားတယ် ဆိုရင်တော့ တစ်ဖက်ကလည်း နည်းနည်း ကြောက်ပြီး တန့်သွားမှာပေါ့ရှင်။





'ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် သူတို့ လုပ်ခဲ့တဲ့ အလုပ်တွေကြောင့် သူတို့လည်း အေးအေး နေရမှာ မဟုတ်ပါဘူး၊ ကာလဝိပါက် နောက်ပိုးတက် ဆိုသလို အထိတ်ထိတ် အလန့်လန့်နှင့် နေရမှာပါ၊ ဒီတုန်းမှာ ကျွန်မလည်း အခန်းထဲမှာ ပိတ် အလှောင် ခံနေရတာပေါ့လေ၊ ဘယ်နေ့ အသတ် ခံရမလဲ ဆိုတာကိုလည်း လက်ချိုး ရေနေရတာပဲ၊ အခန်းထဲ ပိတ်လှောင်ထားရင်းလည်း ကျွန်မကို ခြိမ်းလိုက် ခြောက်လိုက် စိတ်ဓာတ်ကျအောင် လုပ်လိုက်နှင့် အမျိုးမျိုး ညှဉ်းပန်းတာပေါ့ရှင်၊ ဟောဒီ ကျွန်မ ပခုံးက ဓား ဒဏ်ရာနှင့် ဂေါက်မောင်းမှာ စိုက်ထားတဲ့ အညို အမည်းကွက်ငွေကိုသာ ကြည့်ပါတော့။

'တစ်ခါကတော့ ကျွန်မက ပြတင်းပေါက်ကနေ လှမ်းအော်မယ် လုပ်တော့ ကျွန်မ ပါးစပ်ကို အဝတ်နှင့် ဆို့ထားလိုက်တယ်ရှင့်၊ အခန်းထဲမှာ ငါးရက်လုံးလုံး ပိတ်လှောင်ထားတဲ့ အတွင်းမှာ ကျွန်မကို အစာလည်း မကျွေးဘူးရှင့်၊ ဒီနေ့ညတော့ ကျွန်မကို စားကောင်းသောက်ဖွယ်တွေ လာကျွေးတယ်၊ ဒါပေမဲ့ စားလိုက်တာနှင့် တစ်ပြိုင်နက် အစာထဲမှာ ဆေးခတ်ထားတယ် ဆိုတာ ကျွန်မ သိလိုက်ပါတယ်၊ ဒါနှင့် ကျွန်မလည်း နဝေတိမ်တောင်နှင့် အိပ်မက်လိုလို ဘာလိုလို ထင်ပြီး သူတို့ ခေါ်ရာကို ပါသွားပါတယ်၊ ပြီးတော့ ရထားပေါ်ကို တင်ပါတယ်၊ ဒီလိုနှင့် ကျွန်မလည်း သတိမရသလို ရသလိုနှင့် ရထား ဘူတာရုံကို ပါသွားတယ်ရှင့်၊ နောက် ရထား ထွက်တော့မှ ကျွန်မလည်း သတိရပြီး ဒီတစ်ခါ ငါ ပြေးနိုင်မှ လွတ်တော့မယ်၊ ဒီအတိုင်း ပါသွားရင်တော့ ငါ့ကို သတ်ကြတော့မှာပဲလို့ ဆိုတာ သတိရပြီး ရထားပေါ်က ခုန်ချလိုက်တာပါပဲရှင်၊ အဲဒီအတွင်း သူတို့က ကျွန်မကို ဆွဲကြပါသေးရဲ့၊ ဒါပေမဲ့ ဟောဒီလူ လာတယ်ပေလို့ ကျွန်မ သူတို့ လက်က လွတ်လာခဲ့တာပါပဲရှင်၊ ခုတော့ ဘုရားသိကြားမလို့ ကျွန်မ သူတို့ လက်က လွတ်ပြီပေါ့'

ကျွန်ုပ်တို့သည် မစ္စ ဘားနက်၏ ထူးခြားသော ထွက်ချက်ကို စိတ်ဝင်စားစွာ နားထောင်လျက် ရှိကြလေ၏။

အတန်ကြာသည့် အခါတွင်မူ ရှားလော့ဟုမ်းက ခေါင်းကို ယမ်းလိုက်ရင်း

'ကျုပ်တို့ အခက်အခဲတွေက မပြီးသေးဘူးဗျ၊ ပုလိပ် လုပ်ငန်းကတော့ ပြီးပြီ၊ သို့သော် တရားဥပဒေ လုပ်ငန်းက ကျန်သေးတယ်'

'အင်း၊ ရှေ့နေ ကောင်းကောင်းနှင့် ကာကွယ်ရင် ဒုက္ခဗျ၊ ကိုယ့်ကိုယ်ကိုယ် ခုခံ ကာကွယ်တဲ့ အနေနှင့် ဂါစီယာကို သတ်ရပါတယ်လို့ ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ့်နှယ် လုပ်မလဲ၊ သူ့နောက်မှာ ရာဇဝတ်မှုတွေ ဘယ်လောက်ပဲ ရှိရှိ သူ့ကို စွဲနိုင်မှာက ဒီတစ်ခုပဲ ရှိတာကိုး' ဟု ကျွန်ုပ်က ပြောလေ၏။

မိန်းက ရွှင်လန်းစွာဖြင့်

'တစ်ခုတော့ ရှိပါတယ် ခင်ဗျား၊ ဒီလောက်လည်း စိုးရိမ် မနေပါနှင့်၊ ကိုယ့်ကိုယ်ကိုယ် ခုခံ ကာကွယ်တယ် ဆိုတာက တစ်မျိုး၊ ခုလို လူတစ်ယောက်ကို သေွးအေးအေးနှင့် မှူးခေါ်ပြီး သတ်တာက တစ်မျိုးပါ၊ မစိုးရိမ်ပါနှင့်၊ ရုံးတော်ကျရင် နှစ်ဆောင်ပြိုင် အိမ်ကြီးက လူတွေနှင့် ကျွန်တော်တို့ တွေ့ရတော့မှာပါ'

စန်ပီဒရီ ကျားကြီး မည်သို့မည်ပုံ အဆုံး သတ်သွားသည် ဆိုသည့် ကိစ္စမှာ နောင် ရာဇဝင် အတွက်သာ ဖြစ်သည့် အတွက် ကျွန်ုပ် ဤတွင် အထူး ဖော်ပြခြင်း မပြုလိုတော့ချေ။ သို့ရာတွင် ယခု လောလောဆယ်၌မူ စန်ပီဒရီ ကျားကြီးနှင့် သူ့ အတွင်းရေးမှူးတို့သည် နောက်မှ လိုက်လာသူများကို မျက်ခြည်ဖြတ်ကာ အက်ဒမန်လမ်းမှ တည်းခိုရိပ်သာ တစ်ခုတွင် ဝင်နားယောင်ပြုပြီး နောက်ဖေးပေါက်မှ ထွက်သွားကြလေ၏။ ထိုအချိန်မှ စ၍ ၎င်းတို့ကို အင်္ဂလန် မြေပေါ်တွင် မမြင်ရတော့ချေ။ နောက် ခြောက်လ အကြာတွင်မူ မွန်တာလဗာ မြို့စားနှင့် သူ၏ အတွင်းရေးမှူး ဆီညော် ရူလာ ဆိုသူတို့ မက်ဒရစ်မြို့ရှိ ဟိုတယ် တစ်ခုတွင် အသတ် ခံရကြောင်းကို သတင်းစာများတွင် ဖတ်လိုက်ရလေ၏။ သတ်သွားသူများမှာ နဟီလစ် ခေါ် အကြမ်းဖက်ဂိုဏ်း တစ်ဂိုဏ်းမှ ဖြစ်သည်ဟု သိရပြီး သတ်သူများ အဖမ်းခံရသည့် သတင်းကိုလည်း မကြားရချေ။ အင်စပက်တော် မိန်းသည် အသား ညိုညို၊ မျက်လုံးနက်နက်နှင့် အတွင်းရေးမှူး၏ ရုပ်ပုံ ပါသည့် သတင်းစာ တစ်စောင်ကို ကျွန်ုပ်ထံ လာပြလေ၏။ တရားမျှတမှု ဆိုသည်မှာ နောက်ကျကောင်း ကျမည် ဖြစ်သော်လည်း အဆုံးတွင် အောင်ပွဲခံရမြဲသာ ဖြစ်ပေ၏။

ညနေခင်းတွင် ဆေးတစ်ဆုံကို ညှိလိုက်ရင်း ရှားလော့ဟုမ်းက

'တော်တော်တော့ ရှုပ်တဲ့ အမှုပဲဗျို့၊ ခင်ဗျားက ဝတ္ထု အနေနှင့် ဖတ်ကောင်းအောင် မလိုတာတွေ ထုတ်ဖယ်ပြီး တိုတို ရေးနေကျပေမဲ့ ဒီအမှုကိုတော့ တိုတို ရေးလို့ ရမယ် မထင်ဘူး၊ အမှု ဖြစ်ပွားတဲ့ နေရာက ပထဝီတိုက်ကြီး နှစ်တိုက်မှာ ဖြစ်တာဗျ၊ အမှုထဲမှာ ပါနေတဲ့ လူတွေကလည်း လျှို့ဝှက်တဲ့





အစု နှစ်စုဗျ၊ ဒီအထဲမှာ ဘုမသိဘမသိနှင့် ကျုပ်တို့လူ အဲကလက်လည်း ပါနေလိုက်သေးတယ်၊ အေးလေ၊ သူ ပါနေလို့သာ သေသူ ဂါစီယာဟာ အကြံအစည် တစ်ခုကို ကြံနေတယ် ဆိုတာ ကျုပ်တို့ သိနိုင်တာပေါ့၊ အမှုက ရှုပ်တော့ ရှုပ်ထွေးပေမဲ့ ဟောဒီက ကျုပ် အင်စပက်တော်ကြီးရဲ့ ပူးပေါင်း ဆောင်ရွက်မှုကြောင့် အခြေခံကျတဲ့ အချက်တွေကိုတော့ ကျုပ်တို့ ဆုပ်ကိုင်နိုင်ခဲ့ပါတယ်၊ ဒါကြောင့်သာလျှင် ကျုပ်တို့ ဒီလောက် ကွေ့ကွေ့ကောက်ကောက် ရှုပ်ထွေးတဲ့ လမ်းကို ခြေရာခံ လိုက်နိုင်ခဲ့ကြတာပေါ့၊ ကဲ အမှုထဲမှာ ဘာများ မရှင်းတာ ရှိသေးသလဲ၊ ဆိုစမ်းပါဦး'

'ဂါစီယာရဲ့ ထမင်းချက်က နွယ်သာကီ ရိပ်သာကို ပြန်လာတာ ဘာဖြစ်လို့ ပြန်လာတာလဲဗျ'

'အင်း၊ ဒါကတော့ အဲဒီ မီးဖိုမှာ ကျန်ရစ်ခဲ့တဲ့ လူခြောက်ရုပ်ကလေးကြောင့် ထင်တာပဲ၊ ကျုပ် အထင်ကို ပြောရရင်တော့ ဒီထမင်းချက်ဟာ စန်ပီဒရိုမှာ အလွန် ခေတ်နောက်ကျတဲ့ တောင်ပေါ် ဒေသက တောင်ပေါ်သားဗျ၊ တောင်ပေါ်သား ဆိုတော့ အစွဲအလမ်း ကြီးတတ်တယ်၊ ဂါစီယာ သေတော့ သူနှင့် သူ့ အဖော်က ကြိုတင် စီစဉ်ထားတဲ့ နေရာကို ထွက်ပြေးကြတယ်၊ သူ့ အဖော်က အိမ်ထဲမှာ ပစ္စည်းတွေ ဘာတွေ ဖရိုဖရဲ ဖြစ်နေအောင် လုပ်ထားခဲ့ဖို့ နိုင်းထားဟန် တူတယ်၊ ဒါပေမဲ့ တောင်ပေါ်သား ထမင်းချက်ကတော့ ဒါတွေကို ဂရုမစိုက်နိုင်ဘူး၊ သူ့ လူခြောက်လေးကိုပဲ စိတ်ထဲမှာ စွဲလမ်းနေတယ်၊ လာယူမလို့ ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တဲ့ အခါကျတော့ အထဲမှာ ထိုင်စောင့်နေတဲ့ ပုလိပ်သားကို မြင်တယ်၊ ဒါနှင့် ယူလို့ အခွင့်မသာတော့ တောင်ပေါ်သား ထမင်းချက်ဟာ သုံးရက်လောက် ချောင်းသေးတယ်၊ အစွဲအလမ်း ကြီးတော့ မနေနိုင်ဘူးပေါ့ဗျာ၊ သူတို့က လူခြောက်ကလေး ရှိရင် အကြံအောင်တယ်၊ သိဒ္ဓိမြောက်တယ်လို့ ယူဆကြတာကိုး၊ ဒါနှင့် နောက်တစ်ခါ ပြန်ကြိုးစားတဲ့ အခါကျတော့ မိန်းကလည်း ဒီကောင်ဟာ အရေးကြီးတဲ့ကောင် တစ်ကောင် ဖြစ်မှန်း သိလေတော့ ထောင်ချောက် ဆင်ဖမ်းတာ ဒီကောင် ကွိခနဲ မိတော့တာပဲ မဟုတ်လား၊ ကဲ နောက်ထပ် ဘာ မရှင်းတာ ရှိသေးလဲ'

'အတစ် အတစ် ပိုင်းထားတဲ့ ကြက်ဖ အဖြူရယ်၊ သွေးတွေရယ်၊ မီးလောင်ထားတဲ့ အရိုးတွေရယ်၊ အဲ မီးဖိုထဲမှာ တွေ့ရတဲ့ ပစ္စည်းတွေ ဆိုပါဦးဗျာ'

ရှားလော့ဟုမ်းသည် ပြုံးလိုက်ပြီးနောက် သူ့ မှတ်စု စာအုပ်ကို လှန်လိုက်ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



'ငြိတိသျှ ပြတိုက်မှာ ကျုပ် တစ်မနက် သွားခဲ့တယ်လို့ ပြောတယ် **မဟုတ်လား၊** အဲဒီ အကြောင်းတွေကို သွားရှာတာဗျ၊ ယောဒီမှာ အက်ကာမင်း **ရေးတဲ့** *ကပ္ပလီ မျိုးနွယ်တို့၏ ဘာသာတရားနှင့် နတ်ကိုးကွယ်မှု* ဆိုတဲ့ စာအုပ် ထဲက ကူးလာတာ။

'ထိုမျိုးနွယ်ဝင်များသည် အရေးကြီးသည့် အလုပ်ကိစ္စ တစ်ခုကို လုပ်မည် ပြုသည့် အခါများတွင် ယဇ်ပူဇော် ပသပြီးမှ ပြုလုပ်လေ့ ရှိကြသည်၊ **အချို့** ကိစ္စများတွင် လူကို ယဇ်နတ်တင်၍ လူသားကိုပင် စားတတ်ကြသည်၊ အများအားဖြင့်မူ ကြက်ဖ အဖြူကို အရှင်လတ်လတ် ခုတ်ထစ် ပူဇော်ခြင်း သို့မဟုတ် ဆိတ်နက်ကို ခေါင်းဖြတ်ကာ ကိုယ်ခန္ဓာကို မီးကင်ခြင်း စသည်တို့ ပြုလုပ်လေ့ ရှိကြသည်။

'ကဲ ဒီတော့ ခုကိစ္စမှာ ဂါစီယာရဲ ထမင်းချက်ဟာ သူတို့လူမျိုး ထုံးစံအတိုင်း ယဇ်ပူဇော်တာပဲဗျ၊ မဆန်းကြယ်ဘူးလားဗျာ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် မှတ်စု စာအုပ်ကို ပိတ်လိုက်ပြီးနောက်

'ဒါပေမဲ့ ကျုပ် မကြာခဏ ပြောဖူးသလိုပဲ၊ ရှုပ်ထွေး ဆန်းကြယ်ခြင်းကနေ ကြောက်မက် ထိတ်လန့်ဖွယ် ကောင်းခြင်းကို ရောက်ဖို့ဟာ သိပ် မဝေးလှဘူးဗျ၊ ခြေလှမ်း တစ်လှမ်းပဲ ရှိတယ်'

[မူရင်းဝတ္ထု *The Adventure of Wisteria Lodge.* ရှေ့ခေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'ဘုံနန်းရိပ်သာ အိမ်ကြီးနှင့် ပတ်သက်သော အမှု' ဟူသော အမည်ဖြင့် မြန်မာမှုပြုပြီး။]



## ချစ်သူ့ ကလဲ့စား



ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ ထူးခြား ဆန်းကြယ်သော စိတ်တန်ခိုး သတ္တိကို ထင်ရှားစေသည့် အမှုများကို ရွေးချယ် ဖော်ပြခဲ့ရာ၌ ကျွန်ုပ်သည် လူအများကြိုက်မည့် အကြောင်းအရာများကို ဦးစားပေး ဖော်ပြသည်ထက် ရှားလော့ဟုမ်း၏ အရည်အချင်းများကို ထင်ရှားစေမည့် အမှုများကို အတတ်နိုင်ဆုံး ကြိုးစား ရွေးချယ်ခဲ့ပေ၏။ သို့ရာတွင် ပရိသတ် စိတ်ဝင်စားသော အမှုနှင့် ရာဇဝတ် မကင်းသော ပြစ်မှုတို့ကို တသီးတခြားစီ ခွဲထုတ်ပစ်ရန်မှာ လွယ်ကူသည့် ကိစ္စ တစ်ရပ်မဟုတ်ချေ။ ဤတွင် မှတ်တမ်းတင်သူ တစ်ဦး အဖို့ မိမိ၏ မှတ်တမ်း အတွက် အရေးကြီးသော အသေးစိတ် အချက်အလက်များကို ဖြတ်ပစ် ချန်လှပ် ထားခဲ့မည်လော (ဤသို့ ဖြတ်ပစ် ချန်လှပ်ထားခဲ့သည့် အတွက် အမှုကို ဖော်ပြရာတွင် လိပ်ပတ်မလည် ဖြစ်နိုင်ပါသည်။)၊ သို့တည်းမဟုတ် ကိုယ့် အလိုကျအတိုင်း မရေးဘဲ အဖြစ်အပျက် အလိုကျ အတိုင်း အသေးစိတ်တို့ကို လိုက်ရေးမည်လော ဆိုသည့် ပြဿနာ တစ်ရပ် ပေါ်ပေါက် လာတတ်ပါသည်။

သို့ဖြစ်ရကား ကျွန်ုပ်သည် ဤအချက်ကို စကား ပလ္လင် ခံကာ ထူးဆန်း၍ ကြောက်မက်ဖွယ် ကောင်းသည့် အဖြစ်အပျက် တစ်ခုကို ကျွန်ုပ်၏ မှတ်တမ်းမှ ကောက်နုတ် ဖော်ပြခြင်း ပြုပေအံ့။

ထိုနေ့မှာ အလွန် ပူပြင်းသည့် ဩဂုတ်လ နေ့တစ်နေ့ ဖြစ်လေ၏။ ကျွန်ုပ်တို့ နေထိုင်ရာ ဘေကာလမ်း တိုက်ခန်းမှာ မီးဖိုကြီး တစ်ဖိုကဲ့သို့ ဖြစ်လျက်ရှိပြီး မျက်နှာချင်းဆိုင် အုတ်တိုက် ဝါဝါများပေါ်သို့ ထိုးကျနေသည့် နေရောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်ုပ်တို့၏ မျက်လုံးများမှာ ကျိန်းစပ်လျက် ရှိလေ၏။ ဤမျှ စူးရှဲ တောက်ပနေသည့် နံရံများသည် ဆောင်းရာသီ နှင်းမှောင် ကျချိန်တွင် မည်းမှောင် ထိုင်းမှိုင်းသွားကြခြင်းမှာ ယုံနိုင်စရာ အကြောင်းပင် မရှိချေ။

ကျွန်ုပ်တို့ တိုက်ခန်း ပြတင်းပေါက်ရှိ ခန်းဆီးများကို အောက်သို့ ချထားပြီး ရှားလော့ဟုမ်းမှာ ဆိုဖာ တစ်လုံးပေါ်တွင် ခွေကာ မနက်ခင်း စာဝေချိန်က ရောက်ရှိလာသည့် စာတစ်စောင်ကို အပြန်ပြန်အလှန်လှန် ဖတ်ရှုလျက် ရှိလေ၏။ အိန္ဒိယပြည်တွင် စစ်မှုထမ်းခဲ့သည့် ကျွန်ုပ်အဖို့မှာမူ အအေးထက် အပူကို ခံနိုင်စွမ်း ရှိရန် အလေ့အကျင့် ရပြီး ဖြစ်သည့် အလျောက် ဒီဂရီ ၉၀ သို့ ရောက်နေသည့် အပူချိန်သည် မှုလောက်စရာ မဟုတ်တော့ချေ။

နံနက်ထုတ် သတင်းစာများကို ဖတ်ရသည်မှာ ပျင်းစရာ ကောင်းလှပေ၏။ ပါလီမန် လွှတ်တော် အစည်းအဝေးမှာလည်း ကျင်းပ ပြီးစီးသွားခဲ့လေပြီ။ လူများမှာ မြို့ပြင်သို့ ခရီး ထွက်လျက် ရှိကြသဖြင့် ကျွန်ုပ်မှာလည်း နယူးဖောရက်စ်ရှိ တောအုပ် ကောင်းသည့် ဒေသသို့ ဖြစ်စေ၊ တောင်ပိုင်း ပင်လယ်ကမ်းခြေ သဲသောင်များသို့ ဖြစ်စေ သွားလိုစိတ် ပေါ်လျက် ရှိပေ၏။ သို့ရာတွင် ဘဏ်စာရင်း၌ ငွေလက်ကျန် နည်းနေသည့် အတွက် ကျွန်ုပ်မှာ အားလပ်ရက် ခရီး သွားရန် ကိစ္စကို ရွှေ့ဆိုင်းလိုက်ရ၏။ ရှားလော့ဟုမ်းမှာမူ တော ကျေးလက်ကို လည်းကောင်း၊ ပင်လယ်ကမ်းစပ်ကို လည်းကောင်း စိတ်မဝင်စားနိုင်ဘဲ ရှိလေ၏။ ရှားလော့ဟုမ်း၏ ဝါသနာ တစ်ခုမှာ လူငါးသန်းလောက် ရှိသည့် မြို့ထဲတွင် တိုးတိုးဝှေ့ဝှေ့ နေထိုင်ကာ သူ၏ 'အနံ့ခံ အမွေးအမှင်များ' ကို ဆန့်တန်းလျက် ကောလာဟလ သတင်းများ၊ ဖြေရှင်း၍ မရသော ရာဇဝတ်မှုများကို အနံ့ခံတတ်ခြင်း ဖြစ်ပေ၏။ ရှားလော့ဟုမ်း၏ ဝါသနာ များစွာတို့ အထဲတွင် သဘာဝ အလှအပကို ခံစားခြင်း အတွက် နေရာ မရှိချေ။ မြို့မှ ရာဇဝတ်ကောင် အကြောင်းကို စဉ်းစားပြီးသည်နှင့် ကျေးလက်မှ သူ့ အစ်ကို အကြောင်းကို တွေးတောခြင်းသာလျှင် သူ့အဖို့ စိတ် အပြောင်းအလဲ ဖြစ်လျက် ရှိလေ၏။

ရှားလော့ဟုမ်းမှာ စကား မပြောနိုင်လောက်အောင် သူ့ ကိစ္စတွင် စိတ်ဝင်စားနေသည့် အလျောက် ကျွန်ုပ်သည် ပျင်းစရာ ကောင်းလှသော သတင်းစာကို လွှတ်ချလိုက်ကာ ကုလားထိုင် နောက်မှီကို မှီလိုက်ရင်း ထွေထွေရာရာ စဉ်းစားလျက် ရှိစဉ် ရှားလော့ဟုမ်း၏ အသံကို ကျွန်ုပ် ကြားလိုက်ရလေ၏။

'အိုင်ဆေး၊ ခင်ဗျား စဉ်းစားနေတာ မှန်သဗျို့၊ အငြင်းပွားမှု တစ်ခုကို ဒီနည်းနှင့် ဖြေရှင်းတာဟာ တကယ်တော့ ဘာမှ အဓိပ္ပာယ် မရှိလှဘူး'



ကျွန်ုပ်သည် 'ဟုတ်တာပေါ့ဗျာ၊ ဘယ်အဓိပ္ပာယ် ရှိမလဲ' ဟု ဆိုလိုက်ပြီးမှ ရှားလော့ဟုမ်းသည် ကျွန်ုပ် စိတ်ထဲတွင် တွေးထင်နေသည့် အကြောင်းကို ပြောလိုက်မှန်း သတိ ရလိုက်သဖြင့် 'ဗျာ' ဟု ဆိုကာ ကုလားထိုင်တွင် မတ်မတ် ထိုင်လိုက်ရင်း တအံ့တသြဖြင့် သူ့ကို ကြည့်နေမိလေ၏။

'ဗျို့ ဟုမ်း၊ ခင်ဗျား ဘာပြောလိုက်တာလဲဟင်၊ ကျွန်တော့် စိတ်ထဲမှာ တွေးနေတာတွေကို ခင်ဗျား ဘယ့်နှယ်လုပ်ပြီး သိနေတာလဲ'

ရှားလော့ဟုမ်းသည် ဇဝေဇဝါ ဖြစ်နေသည့် ကျွန်ုပ်ကို ကြည့်၍ အားရပါးရ ရယ်လိုက်ရင်း

'ခင်ဗျား မှတ်မိဦးမလား မသိဘူး၊ တစ်လောတုန်းက အမေရိကန် လွှဲ ဝှက်သည်းဖို စာရေးဆရာကြီး အဂ္ဂါ အယ်လန် ပိုးရဲ့ အကြောင်း ရေးထားတဲ့ အထဲက စာပိုဒ် တစ်ပိုဒ်ကို ကျုပ် ဖတ်ပြခဲ့တယ်လေ၊ စဉ်းစားဉာဏ် ရင့်သန်တဲ့ လူများဟာ သူ့ အဖော် တစ်ယောက်ရဲ့ စိတ်ကူးထဲမှာ ရှိနေတဲ့ အတွေးကို သိနိုင်သတဲ့ဗျ၊ အဲဒီတုန်းက ခင်ဗျားကတော့ ဟုတ်မယ် မထင်ပါဘူးဗျာ၊ စာရေးဆရာတွေ စိတ်ကူးဉာဏ် ကွန့်ပြီး ရေးခဲ့တာ ထင်ပါရဲ့လို့ ပြောခဲ့သေးတယ်၊ ကျုပ်လည်း အဲဒီ အလေ့အထကို ရအောင် ကျင့်နေတယ်ဗျလို့ ပြောတော့ ခင်ဗျားက တယ်ပြီးတော့ မယုံချင်ဘူး'

'မဟုတ်ပါဘူးဗျာ၊ မယုံ မရှိပါဘူး'

'မယုံပါဘူးလို့ ပါးစပ်ကတော့ ထုတ် မပြောဘူးပေါ့၊ သို့သော်လည်း အဲဒီတုန်းက ခင်ဗျားက သတင်းစာကို ဘေးကို ပစ်ချပြီး တွေးနေတဲ့ အခါကျတော့ ခင်ဗျား အတွေးကို အကဲခတ်ခွင့် ရလိုက်ပြီး ကျုပ် စကားကို သက်သေပြနိုင်လိုက်တဲ့ အတွက် တော်တော်တောင် ဝမ်းသာသွားတယ်ဗျ'

သို့တိုင်အောင် ကျွန်ုပ်မှာ မကျေနပ်နိုင်သေးသဖြင့်

'အဲဒီတုန်းက ခင်ဗျား ဖတ်ပြတဲ့ စာပိုဒ်ထဲမှာ စဉ်းစား တွေးခေါ်တဲ့ လူများဟာ သူတို့ အကဲခတ် လေ့လာနေသူရဲ့ လှုပ်ရှားမှုတွေကနေပြီး ကောက်ချက် ဆွဲယူနိုင်တယ်လို့ ပါတယ်လေ၊ ကျွန်တော် မှတ်မိသလောက် ပြောရရင် လူတစ်ယောက် လမ်းလျှောက်လာတော့ ကျောက်ခဲကို ခလုတ် တိုက်မိတယ်၊ ဒီတော့ ကောင်းကင်ကို မော့ကြည့်တယ် ဆို မဟုတ်လား၊ သူ့ ကိစ္စကတော့ ထားပါတော့ဗျာ၊ သွားရင်းလာရင်း ဖြစ်တာကို မြင်လို့ သူက ကောင်းကင်မှာ ဘာရှိမလဲလို့ တွေးယူပြီး မော့ကြည့်တာ၊ ကျွန်တော့် ကိစ္စကျတော့ ကျွန်တော်က ကုလားထိုင်ပေါ်မှာ ငြိမ်ငြိမ်ကလေး ထိုင်နေတာပဲ၊ ကျွန်တော့် စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေ တွေးနေလဲလို့ သိရအောင် ကျွန်တော်က ခင်ဗျားကို ဘာသဲလွန်စများ ပေးထားလို့လဲ'

'ဒါကတော့ ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် မေ့ထားတာကိုးဗျ၊ လူတစ်ယောက်ရဲ့ အမူအရာတွေဟာ တခြားကြောင့် ရှိနေတာ မဟုတ်ဘူးဗျ၊ သူ့ စိတ်ထဲမှာ ရှိတဲ့ ခံစားချက်တွေကို ဖော်ပြနိုင်အောင် ရှိနေရတာ၊ ခင်ဗျား အမူအရာ မျိုးကျတော့ သာပြီးတောင် အကဲခတ်ရ လွယ်သေးတယ်'

'ဒါဖြင့် ကျွန်တော့် အမူအရာကို ကြည့်ပြီး ကျွန်တော့် စိတ်ထဲမှာ ဘာတွေ တွေးနေသလဲ ဆိုတာ ခင်ဗျား အကဲခတ်ယူတယ်ပေါ့'

'ဟုတ်ပါ့ဗျာ၊ ခင်ဗျား အမူအရာတွေ၊ အထူးသဖြင့် ခင်ဗျား မျက်လုံးတွေကနေပြီး အကဲခတ်ယူတာပေါ့၊ ခု ထိုင်နေတုန်းမှာ ခင်ဗျား ဘယ်က စပြီး တွေးတယ် ဆိုတာ ခင်ဗျား မှတ်မိရဲ့လား'

'ကြံကြီးစည်ရာဗျာ၊ ဘယ်မှတ်မိပါ့မလဲ၊ သူ့ဘာသာသူ ရောက်တတ်ရာရာက စမှာပေါ့'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ် ပြောပြမယ်၊ ခင်ဗျား သတင်းစာကို ဖုတ်ခနဲ ပစ်ချလိုက်တော့ ကျုပ် ခင်ဗျားကို လှမ်းကြည့်လိုက်မိတယ်ဗျ၊ ခင်ဗျား ငေးမိငေးရာ ငေးပြီး တစ်မိနစ်လောက် ထိုင်နေတယ်၊ ပြီးတော့ ခင်ဗျား မျက်စိဟာ မကြာခင်ကမှ မှန်ပေါင်သွင်းပြီး ချိတ်ထားတဲ့ (အင်္ဂလိပ်) ဗိုလ်ချုပ်ကြီး ဂေါ်ဒွင်ရဲ့ ပုံဆီကို ရောက်သွားတယ်၊ ခင်ဗျား မျက်နှာပေါ်မှာ အမူအရာ ပြောင်းသွားတာကို မြင်တော့ ဧကန္တ တစ်ခုခုကို တွေးနေပြီ ဆိုတာ သိလိုက်တယ်၊ သို့သော်လည်း ဘာရယ်လို့ မကွဲပြားသေးဘူး၊ ပြီးတော့ ခင်ဗျား မျက်စိဟာ ဘယ်ရောက်သွားသလဲ ဆိုတော့ စာအုပ် ဗီရိုပေါ်မှာ တင်ထားတဲ့ မှန်ပေါင် မသွင်းရသေးတဲ့ (အမေရိကန် စာရေးဆရာကြီး) ဟင်နရီ ဗီးချားရဲ့ ပုံဆီကို ရောက်သွားတယ်၊ ပြီးတော့ ခင်ဗျား မျက်လုံးဟာ နံရံဆီကို ရောက်သွားတယ်၊ ဒီတော့ အဓိပ္ပာယ် ရှင်းပါတယ်၊ ဗီးချားရဲ့ ပုံကို မှန်ပေါင်သွင်းပြီး ဂေါ်ဒွင်ရဲ့ ပုံနှင့် ယှဉ်လျက် နံရံ ကွက်လပ်မှာ ချိတ်မယ်ပေါ့'

'ဟုတ်လှချည်လားဗျာ၊ အကြားအမြင်များ ပေါက်နေရော့သလား' ဟု ကျွန်ုပ်က ပြောလိုက်၏။

'အဲဒီလောက် အထိတော့ ကျုပ် တွေးတဲ့ အတိုင်း မှန်နေပြီ မဟုတ်လား၊ သို့သော်လည်း ခင်ဗျား အတွေးဟာ ဗီးချားဆီကို ပြန် ရောက်သွားတယ်ဗျ၊ ဗီးချားရဲ့ ရုပ်ရည်ကို ကြည့်ပြီး သူ့ စရိုက်ကို လေ့လာတဲ့ ဟန်နှင့် ခင်ဗျား





သူ့ပုံကို စိုက်ကြည့်နေတယ်၊ မျက်မှောင်ကို ကုတ်ပြီး ကြည့်နေရာက နေပြီး ဗျက်မှောင် ကုတ်တာ ပျောက်သွားတယ်၊ သို့သော်လည်း ခင်ဗျား စိတ်ထဲမှာ သိပ် မကျေနပ်သေးဟန်နှင့် စဉ်းစားနေတယ်၊ ဗီးချားရဲ့ ဘဝကို ပြန် စဉ်းစား နေတာ မဟုတ်လား၊ ဗီးချားရဲ့ အကြောင်းကို စဉ်းစားမယ်ဆိုရင် ထိပ်ဆုံးက ထားပြီး စဉ်းစားရမယ့် ကိစ္စက အမေရိကန် ပြည်တွင်းစစ်တုန်းက မြောက်ပိုင်းရဲ့ ကိုယ်စားလှယ် အဖြစ် အင်္ဂလိပ် ဗိုလ်ချုပ်တွေနှင့် စေ့စပ်ရတဲ့ ကိစ္စက အလျင် ဆုံး ပေါ်လာမှာပဲ၊ ဒီကိစ္စ မပါဘဲနှင့် သူ့အကြောင်းကို စဉ်းစားလို့ မရဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ခင်ဗျား မျက်နှာကို ကြည့်လိုက်တဲ့အခါမှာ မြောက်ပိုင်း ကိုယ်စားလှယ် အနေနှင့် လာတဲ့ ဗီးချားကို ကျုပ်တို့ အင်္ဂလိပ် ဗိုလ်ချုပ်တွေက မချေမင် လုပ်လွှတ်လိုက်တဲ့ အတွက် ခံပြင်း ဒေါပွစရာ ကောင်းတဲ့ အကြောင်း ကျုပ်ကို ပြောဖူးတာကို သွားပြီး သတိ ရလိုက်တယ်ဗျ၊ ဒီတော့ ဗီးချား အကြောင်းကို တွေးလိုက်ရင် ဒီအကြောင်းကိုလည်း ခင်ဗျား မတွေးဘဲ နေမှာ မဟုတ်ဘူး၊ ခဏ နေတဲ့ အခါကျတော့ ခင်ဗျား မျက်လုံးတွေဟာ ဗီးချားရဲ့ ပုံကနေပြီး တခြားကို ရောက်သွားကြတယ်။

'ဒီအချိန်မှာ ခင်ဗျားဟာ အမေရိကန် ပြည်တွင်းစစ်ကြီး အကြောင်းကို တွေးနေမှာပဲလို့ ကျုပ် ထင်လိုက်တယ်၊ ပြီးတော့ ခင်ဗျား နှုတ်ခမ်းကို တင်းတင်း စေ့ လက်သီးကို ဆုပ်ပြီး မျက်လုံးက အရောင် တောက်နေတာကို မြင်လိုက်တဲ့ အခါကျတော့ ခင်ဗျားဟာ အမေရိကန် ပြည်တွင်း စစ်ကြီးတုန်းက နှစ်ဖက် စလုံးက ရဲရဲဝံ့ဝံ့ တိုက်ခိုက်ခဲ့ကြတာတွေကို ပြန်ပြီး တွေးနေတယ် ဆိုတာ ကျုပ် သေသေချာချာ ပြောရဲသွားပြီ၊ ဒါပေမဲ့ ခဏ နေတော့ ခင်ဗျား မျက်နှာဟာ ဝမ်းနည်းတဲ့ အရိပ်အယောင် ပေါ်လာတယ်၊ ပြီးတော့ ခေါင်းယမ်းတယ်၊ ပြည်တွင်းစစ်ရဲ့ အနိဋ္ဌာရုံတွေ ရက်စက် ကြမ်းကြုတ်မှုတွေကို တွေးမိသွားပုံ ကျတယ်၊ ပြီးတော့ ခင်ဗျား လက်ဟာ တိုက်ပွဲတုန်းက ခင်ဗျား ရလာတဲ့ ဒဏ်ရာဟောင်း ဆီကို ရောက်သွားပြီး စမ်းကြည့်နေတယ်၊ ဒီနောက် ခင်ဗျား နှုတ်ခမ်းမှာ ပြုံး ရောင် သန်းလာတာကို မြင်လိုက်ရတယ်၊ ဒါက ဘာကို ပြသလဲ ဆိုရင် နိုင်ငံတကာ ပြဿနာများကို စစ်နှင့် ဖြေရှင်းတာဟာ တယ်ပြီး ရယ်စရာ ကောင်းပါ ကလား ဆိုတဲ့ အတွေး ခင်ဗျား ရင်ထဲမှာ ပေါ်လာတယ် ဆိုတာကို ပြနေတယ်၊ အဲဒီတုန်းမှာ ကျုပ်က ကောက်ပြီး ဒီနည်းနှင့် ဖြေရှင်းတာဟာ အဓိပ္ပာယ် မရှိ ပါဘူးဗျာလို့ ဝင်ပြောလိုက်တာပဲ၊ အင်း ကျုပ် ကောက်ချက် မှန်သွားတော့ ဝမ်းသာ ရတာပေါ့ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါပေတယ်ဗျာ၊ ခင်ဗျား ပြောတဲ့ အတိုင်းပါပဲ၊ ခု ခင်ဗျားက ထုတ်ပြောလိုက်တဲ့ အခါကျပြန်တော့လည်း ကျွန်တော်ဖြင့် အလျှင်တုန်းကလိုပဲ အံ့သြရတုန်းပဲဗျို့'

'ဒါပေမဲ့ အိုင်ဆေး၊ ဒါတွေက အပေါ်ယံတွေပါဗျာ၊ တစ်နေ့က ကျုပ်ပြောတဲ့ စာပိုဒ်ကလေးကို မယုံဘူး ဆိုလို့ ကျုပ်က သက်သေ ထူကြည့်တာပါ၊ သို့သော်လည်း ဟောဒီမှာဗျ၊ ကျုပ် ပြောတဲ့ အတွေးအခေါ် ဖတ်နည်းထက် အရှင်းရ ခက်တဲ့ ပြဿနာကလေး တစ်ခု လက်ထဲမှာ ရောက်နေတယ်၊ ကရွိုင်ဒန်မြို့၊ ကရော့စထရိလမ်း၊ မစ္စ ကူးရှင်းဆီကို စာတိုက်ကနေပြီး ပို့လိုက်တဲ့ ပါဆယ်ထုပ်ကလေးထဲမှာ ပါတဲ့ ပါဆယ် ပစ္စည်းတွေ အကြောင်း ရေးထားတဲ့ သတင်းတိုကလေး တစ်ပုဒ်ကို ဖတ်ပြီးပလား'

'ဟင့်အင်း၊ မဖတ်လိုက်မိဘူးဗျ'

'အင်း၊ ဒီလိုဆိုရင် ခင်ဗျား မျက်စိ လျှမ်းသွားလို့ ဖြစ်မှာပေါ့၊ မှန်းသတင်းစာကို ကျုပ်ဘက် ကမ်းလိုက်ဗျာ၊ ဟောဒီ သတင်း ကော်လန်မှာဗျ၊ ဖတ်ပြစမ်းပါဦး'

ကျွန်ုပ်သည် ရှားလော့ဟုမ်း ထောက်ပြသည့် သတင်းစာ မျက်နှာကို ကောက်ကိုင်ပြီး သူ ပြသည့် နေရာကို ဖတ်ကြည့်လိုက်၏။

'ကြက်သီးထဖွယ် ပါဆယ်ထုပ်' ဟူသော ခေါင်းစဉ် အောက်တွင် အောက်ပါ အတိုင်း တွေ့ရလေ၏။

> ကရွိုင်ဒန်မြို့၊ ကရော့စထရိလမ်းနေ မစ္စ စူစန် ကူးရှင်းထံသို့ ထူးဆန်း၍ စက်ဆုပ်စရာ ကောင်းသည့် ပါဆယ်ထုပ် တစ်ထုပ် စာတိုက်မှ ရောက်ရှိလာရာ ယင်းမှာ အခြားသော မကောင်း ကြံစွယ်ချက်များ မရှိခဲ့ပါက လူပြောင် လူနောက်များ၏ နောက်ပြောင် ကျီစယ်မှု တစ်ရပ်ဟု ယူဆရတော့မည် ဖြစ်၏။ ဖြစ်ပွားပုံမှာ မနေ့ နေ့လယ် နာရီပြန် နှစ်ချက်ခန့်တွင် စာပို့သမား ရောက်ရှိလာပြီး အညိုရောင် စက္ကူဖြင့် ထုပ်ထားသည့် အထုပ်ကလေး တစ်ထုပ်ကို ပေးပို့သွားသည် ဆို၏။ အထုပ်ကို ဖြေ၍ ကြည့်လိုက်သည့် အခါတွင် အထဲ၌ ဂျပ်သေတ္တာကလေး တစ်လုံးကို တွေ့ရပြီး ဂျပ်သေတ္တာထဲတွင် ဆားများကို တွေ့ရသည် ဆို၏။ ဆားများကို သွန်ချလိုက်သည့် အခါတွင် လောလောလတ်လတ် ဖြတ်ထားဟန် ရှိသော နားရွက် နှစ်ဖက်ကို တွေ့မြင်ရလိုက်သဖြင့် မစ္စ ကူးရှင်းမှာ အကြီးအကျယ် ထိတ်လန့်သွားသည် ဆို၏။
>
> ပါဆယ်ထုပ်မှာ ယမန်နေ့ မနက်က ဘဲလဖတ်မြို့မှ ပါဆယ် လုပ်၍ ပို့လိုက်သည့် ပစ္စည်း ဖြစ်ပြီး ပေးပို့သူ၏ လိပ်စာ မပါရှိဟု သိရ၏။ မစ္စ ကူးရှင်းမှာ အသက် ငါးဆယ်ခန့် ရှိပြီး အေးချမ်းစွာ နေထိုင်သည့် အမျိုးသမီးကြီး ဖြစ်၍ မိတ်ဆွေ အပေါင်းအသင်း ဟူ၍လည်း နည်းလှသည့် အလျှောက် ယခုကဲ့သို့ စာတိုက်မှ ပါဆယ်ထုပ် ရောက်ရှိသည့် အတွက် ပို၍ ထူးဆန်းလျက် ရှိ၏။ လွန်ခဲ့သည့် နှစ် အနည်းငယ်ခန့်က မစ္စ ကူးရှင်းသည် ပင်ဂျီ ရပ်ကွက်တွင် နေထိုင်ခဲ့ဖူးရာ ထိုစဉ်က သူ့ အိမ်ဘေးတွင် ဆေးကျောင်းသား သုံးယောက်ကို ထမင်းလခ ယူ၍ ကျွေးခဲ့ဖူးသည်ဟု သိရ၏။ ထိုကျောင်းသားများမှာ စည်းမဲ့ကမ်းမဲ့ နေထိုင်သည့် အပြင် ဆူဆူညံညံ လုပ်လေ့ ရှိသဖြင့် သူတို့ သုံးယောက်ကို အိမ်မှ နှင်ထုတ်ခဲ့ဖူးသည် ဆို၏။ သက်ဆိုင်ရာ ပုလိပ်ဘက်ကမူ ကျောင်းသားများသည် ထိုအချက်ကြောင့် မစ္စ ကူးရှင်းအား ရန်ငြိုးထားကာ ခြောက်လှန့်လိုသဖြင့် ခွဲစိတ်ခန်းထဲရှိ နားရွက်ပြတ် နှစ်ခုကို စာတိုက်မှ ပေးပို့လိုက်ခြင်း ဖြစ်သည်ဟု ယူဆလျက် ရှိ၏။
>
> ကျောင်းသား သုံးယောက် အနက် တစ်ယောက်မှာ အိုင်ယာလန် မြောက်ပိုင်း ဘဲလဖတ်မြို့မှ ဖြစ်သည့် အတွက် ထိုအချက်သည် ဖြစ်နိုင်စရာ အကြောင်း ရှိသည်ဟုလည်း ယူဆလျက် ရှိကြ၏။ လောလောဆယ်တွင်မူ ထိုကိစ္စကို ဆိုင်ရာမှ စုံစမ်းလျက် ရှိရာ စကော့တလန်ယာဒ် စုံထောက် အဖွဲ့တွင် နာမည်ကြီး စုံထောက် တစ်ဦး ဖြစ်သည့် အင်စပက်တော် လက်စထရိတ် ကိုယ်တိုင် ကြီးကြပ် စုံစမ်းလျက် ရှိသည်ဟု သိရ၏။

ကျွန်ုပ်က သတင်းကို ဖတ်ပြပြီးသည့် အခါ၌ ရှားလော့ဟုမ်းက

'ကဲ သတင်းစာထဲမှာ ပါတာကို အသာ ထားလိုက်ပါဦးဗျ၊ ခု ကျုပ်တို့ မိတ်ဆွေ လက်စထရိတ်ဆီက သတင်းကလေးကို နားထောင်ဦး၊ ခုမနက်တွင် လက်စထရိတ်ဆီက စာတစ်စောင် ရောက်လာတယ်၊ ယခု အမှုမှာ စုံထောက်ကြီး ဝါသနာ ပါသည့် အမှုမျိုး ဖြစ်ပါသည်၊ အမှုကို ဖြေရှင်းနိုင်လိမ့်မည်ဟု ကျွန်တော်တို့ ယုံကြည်လျက် ရှိပါသည်၊ သို့ရာတွင် ဘယ်က စ၍ ကိုင်ရမည် မသိအောင် ဖြစ်နေပါသည်၊ ဘဲလဖတ် စာတိုက်သို့ ကြေးနန်း ရိုက်၍ စုံစမ်းထားသော်လည်း ထိုနေ့က ပို့လိုက်သော ပါဆယ်များမှာ အများအပြား ရှိသည့် အတွက် ကျွန်တော်တို့ သိချင်သော ပါဆယ်ထုပ်နှင့် ပို့သူတို့ အကြောင်းကို

www.burmeseclassic.com



နုံစမ်း၍ မရဘဲ ဖြစ်နေပါသည်၊ ဂျပ်သေတ္တာမှာ ပေါင်ဝက် ဆေးတံသောက်ဆေး ဘူးမျိုး ဖြစ်သည့်တိုင် လိုက်၍ မရဘဲ ဖြစ်နေပါသည်၊ ယခုအတိုင်း ဆိုလျှင် ဆေးကျောင်းသား သုံးယောက်က ပို့သည် ဆိုသည့် ကောက်ချက်မှာ ဖြစ်နိုင်စရာ အကြောင်း ရှိသော်လည်း စုံထောက်ကြီးတွင် အားလပ်ချိန် ရပါက တွေ့လိုပါသည်၊ ကျွန်တော်လည်း ယနေ့ မစ္စ ကူးရှင်း အိမ်တွင် ဖြစ်စေ၊ ပုလိပ် ဌာနတွင် ဖြစ်စေ တစ်နေရာရာတွင် တစ်နေ့လုံး ရှိနေမည် ဖြစ်ပါသည် တဲ့ဗျ၊ ကဲ ဘာပြောချင်သလဲ ဆရာကြီး၊ အပ္ပရှိန်ကို ရှောင်တဲ့ အနေနှင့် ကျုပ်နှင့် ကရှိုင်ဒန်ကို လိုက်ခဲ့ဗျာ၊ ခင်ဗျား မှတ်တမ်း အတွက်လည်း အမှု တစ်ခု တိုးလို့ တိုးပြွားပေါ့'

'ကျွန်တော်လည်း ပျင်းလွန်းလို့ တစ်ခုခု လုပ်ချင်နေတာနှင့် အတော်ပဲဗျ'

'ဒီလိုဆို လိုက်ခဲ့ပေါ့ဗျ၊ ကျုပ်တို့ ဖိနပ်ရှည်ကြီးတွေကို ကောင်လေးကို ယူခိုင်းလိုက်ဗျာ၊ ပြီးတော့ ရထား တစ်စင်းလည်း တစ်ခါတည်း အခေါ်ခိုင်းလိုက်၊ ကျုပ် အင်္ကျီ သွားလဲပြီး ဆေးပြင်းလိပ် တစ်ဘူးလောက် ထည့်လိုက်ဦးမယ်'

ရထားပေါ်သို့ ကျွန်ုပ်တို့ ရောက်သည့်အခါတွင် မိုးတဖွဲဖွဲ ကျလျက် ရှိ၍ ကရှိုင်ဒန်သို့ ရောက်သည့် အခါတွင်မူ လန်ဒန်မြို့ထဲမှာထက် အပူ သက်သာသည်ကို တွေ့ရလေ၏။ ရှားလော့ဟုမ်းက ကြိုတင် သံကြိုး ရိုက်ထားသည့်အတွက် ခါတိုင်းကဲ့သို့ အဝတ်အစားကို သပ်ရပ်စွာ ဝတ်ကာ၊ ခါတိုင်းကဲ့သို့ သွက်လက် ဖျတ်လတ်လျက်၊ ခါတိုင်းကဲ့သို့ပင် အမဲနံ့ ရသည့် ကြောင်၏ ဟန်ဖြင့် ဘူတာရုံတွင် ကျွန်ုပ်တို့ကို စောင့်ကြိုလျက် ရှိသော အင်စပက်တော် လက်စထရိတ်ကို တွေ့ရလေ၏။ ငါးမိနစ်ခန့် လမ်းလျှောက်လိုက်လျှင် မစ္စ ကူးရှင်း နေထိုင်ရာ ကရော့စထရီလမ်းသို့ ရောက်သွားကြလေ၏။

ကရော့စထရီလမ်းမှာ နှစ်ထပ်တိုက်များဖြင့် ပြည့်နေသော လမ်းကျဉ်းကလေး တစ်ခု ဖြစ်လျက် သပ်ရပ် သန့်ရှင်းသော လမ်းကလေး တစ်ခု ဖြစ်ပေ၏။ ကျောက်တုံး လှေကားထစ်ကလေးများပေါ်တွင် ခါးစည်း အဝတ်ကို ပတ်၍ ထိုင်ရင်း အတင်းအဖျင်း ပြောနေကြသော မိန်းမများကို တွေ့ရလေ၏။ လမ်းတစ်ဝက်လောက် ရောက်သည့် အခါ၌ လက်စထရိတ်သည် အိမ်တစ်အိမ် ရှေ့တွင် ရပ်လိုက်ပြီးနောက် တံခါးကို ခေါက်လိုက်လေရာ အိမ်ဖော်မကလေး တစ်ယောက်က လာ၍ ဖွင့်ပေးလေ၏။ ဧည့်ခန်းသို့ ကျွန်ုပ်တို့ ဝင်သွားသည့်အခါတွင် မစ္စ ကူးရှင်းကို အဆင်သင့်ပင် တွေ့ရလေ၏။





မစ္စ ကူးရှင်းမှာ တည်ကြည်သော မျက်နှာထား၊ ပြူးကျယ်သော မျက်လုံးများ ရှိ၍ ဖြူဖွေးစ ပြုနေသည့် ဆံပင်များ နားသယ်စ တစ်ဖက် တစ်ချက်တွင် ဝဲကျလျက် ရှိလေ၏။ ပေါင်ပေါ်တွင် ထိုးလက်စ ကုလားထိုင်ခွပ် တစ်လုံးဆို တင်ထားပြီး အနီးရှိ ခွေးခြေ တစ်လုံးပေါ်မှ တောင်းထဲတွင် အရောင်မျိုးစုံ အန်းထိုး ချည်လုံးများကို တွေ့ရလေ၏။

လက်စထရိတ်က ရှေ့မှ ဝင်သွားသည့် အခါတွင် မစ္စ ကူးရှင်းက

'အဲဒါကြီးတွေက အပြင်ဘက်က တဲကလေးထဲမှာပါရှင်၊ ဒါကြီးတွေကို ဖြန်ယူသွားကြစမ်းပါ၊ ကျွန်မဖြင့် ကြက်သီး ထလွန်းလို့'

'စိတ်ချပါ အစ်မကြီး၊ ယူသွားမှာပါ၊ ဟောဒီက စုံထောက်ကြီး ရှားလော့ဟုမ်းကို အစ်မကြီး ရှေ့မှာတွင် ပြချင်သေးလို့ ခဏ ထားတာပါ'

'ဘာဖြစ်လို့ ကျွန်မ ရှေ့တွင် ပြချင်ရတာလဲ'

'သြော် စုံထောက်ကြီး အနေနှင့် မေးခွန်းကလေး ဘာလေးများ မေးစရာ ရှိရင် တစ်ခါတည်း မေးနိုင် မြန်းနိုင်အောင်လို့ပါ'

'အမယ်လေး၊ ကျွန်မ သိသမျှ ရှင့်ကို အကုန် ပြောပြီးပြီပဲ၊ ဘာမေးစရာ လိုသေးလို့လဲ၊ ဒီအကြောင်း ဘာမှ မသိဘူးလို့ ပြောပြီးပြီပဲ'

ရှားလော့ဟုမ်းက လေသံ ချိုချိုဖြင့်

'ဟုတ်တော့ ဟုတ်ပါတယ် အစ်မကြီး ခင်ဗျာ၊ အစ်မကြီးလည်း ဒီကိစ္စကို တွေးမိတိုင်း စိတ် အနှောင့်အယှက် ဖြစ်ဟန် တူပါရဲ့'

'ဖြစ်ပါသော်ကောရှင်၊ ကျွန်မ တစ်သက်မှာ ခုလို ပုလိပ်က လာပြီး မေးတာ မြန်းတာလည်း မခံခဲ့ရဖူးဘူး၊ တစ်သက်လုံး အေးအေးချမ်းချမ်း နေလာခဲ့တာ၊ ခုတော့ သတင်းစာထဲ ပါ ပုလိပ်က လာမေးနှင့် ဆိုတော့ စိတ်ကို ညစ်နေတာပဲ၊ ကဲ အင်စပက်တော်ကြီး၊ ဒါကြီးတွေတော့ ကျွန်မ အိမ်ထဲကို အယူ မခံနိုင်ဘူးနော်၊ ကြည့်ရင်လည်း အပြင်ဘက်မှာ သွားကြည့်ကြပါ'

အိမ်နောက်ဖေး ခြံကျဉ်းကျဉ်းကလေးထဲတွင် ဆောက်ထားသည့် တဲကလေး တစ်လုံးဆီသို့ လာခဲ့ကြလေ၏။ လက်စထရိတ်သည် တဲထဲသို့ ဝင်သွားကာ အညိုရောင် စက္ကူဖြင့် ထုပ်ထားပြီး ကြိုးချည်ထားသည့် ဝါကြန့်ကြန့် ဂျပ်သေတ္တာကလေး တစ်လုံးကို ယူလာလေ၏။ ခြံထောင့်တွင် ခုံရှည် တစ်လုံး ရှိသဖြင့် ကျွန်ုပ်တို့သည် ခုံရှည်ပေါ်တွင် ထိုင်ကြပြီးသော် ရှားလော့ဟုမ်းသည် လက်စထရိတ် ထုတ်ပြသည့် ပစ္စည်းများကို တစ်ခုပြီး တစ်ခု သေချာစွာ စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းသည် သေတ္တာ ချည်သည့် ကြိုးကို နေရောင်တွင် ထောင်ကြည့်လိုက်ပြီး အနံ့ ခံလိုက်ကာ

'ချည်ထားတဲ့ ကြိုးကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်ဗျ၊ ဗျို့ လက်စထရိတ်၊ ခင်ဗျား ဘယ်လို ထင်သလဲ'

'ကတ္တရာစေး သုတ်ထားတယ် ခင်ဗျ'

'မှန်လိုက်လေဗျာ၊ ကတ္တရာစေး သုတ်ထားတဲ့ ကြိုးဗျ၊ ပြီးတော့ မစ္စ ကူးရှင်း၏ ကြိုးကို ကတ်ကြေးနှင့် ဖြတ်ထားတာ၊ ကြိုးစ နှစ်ဖက်လုံးမှာ အနားတွေ ဖွာထွက်နေတာ တွေ့ရဲ့လား၊ အဲဒီ အချက်က တော်တော်လေး အရေးကြီးတယ်ဗျ'

'ဘာဖြစ်လို့ အရေးကြီးတာလဲ စုံထောက်ကြီး၊ ကျွန်တော်ဖြင့် အရေးကြီးတယ်လို့ မထင်မိပေါင် ခင်ဗျာ'

'အရေးကြီးတယ် ဆိုတာက ဒီမှာဗျ၊ ကြိုးကို ဖြေတော့ အထုံးက မပြေဘူး၊ ဒါကြောင့် အထုံးဟာ ဒီအတိုင်း ကျန်ရစ်ခဲ့တယ်၊ ကြိုးထုံးထားပုံက နည်းနည်း ဆန်းမနေဘူးလား'

'ကျကျနန ချည်ပြီး ထုံးထားတာပဲဗျ၊ မှတ်တမ်းထဲမှာတော့ သွင်းပြီးပြီ' ဟု လက်စထရိတ်က ကျေနပ်စွာ ပြောလေ၏။

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'ကဲ၊ ကြိုးကိုတော့ ထားလိုက်ပါတော့လေ၊ ထုပ်တဲ့ စက္ကူကို ကြည့်ရအောင်၊ စက္ကူက အညိုရောင် ကုန်ထုပ်စက္ကူဗျ၊ ကော်ဖီမှုန့်နံ့ ရတယ်၊ ဘာ ဒါကို သတိ မထားမိဘူး၊ ဟုတ်စ၊ ဖြစ်မှဖြစ်ရလေဗျာ၊ ကော်ဖီမှုန့်နံ့မှ ထောင်းထနေတာပဲ၊ လိပ်စာ ရေးထားတဲ့ လက်ရေးက ခပ်သော့သော့ ရေးထားတာဗျ၊ မစ္စ အက်စ်၊ ကူးရှင်း၊ ကရော့စထရိလမ်း၊ ကရွိုင်ဒန်မြို့တဲ့၊ ရေးတဲ့ ကလောင်တံက နစ်သွားကြီးကြီး၊ ဂျေ ဖောင်တိန် အမျိုးအစား ဖြစ်နိုင်တယ်၊ မင်ကတော့ ခပ်ညံ့ညံ့ရယ်၊ မူလတုန်းက ကရွိုင်ဒန် ဆိုတဲ့ စာလုံးပေါင်းမှာ အိုင်နှင့် ပေါင်းထားတာ၊ ပြီးတော့မှ ဝိုင်လို့ ပြန် ပြင်ထားတယ်၊ ပါဆယ်ကို ပို့တဲ့ လူက ယောကျ်ား တစ်ယောက်က ပို့လိုက်တာ၊ လက်ရေးက ယောကျ်ား လက်ရေး၊ စာ သိပ် မတတ်ဘူး၊ ကရွိုင်ဒန်မြို့နှင့် သိပ် အဆက်အသွယ် မရှိဘူး၊ လက်ရေးကတော့ ဒီလောက်ပဲ ထားပါတော့၊ ဂျပ်သေတ္တာက အညိုရောင်ဗျ၊ ဆေးတံသောက်ဆေး ပေါင်ဝက်ထုပ်၊ အောက်ဘက် လက်ဝဲထောင့်မှာ လက်ရာ နှစ်ခုက လွဲလို့ တခြားတော့ ဘာမှ ထူးထူးခြားခြား မတွေ့ရဘူး၊ သေတ္တာကို သားရေ





စိမ်းတွေကို မပုပ်အောင် သုံးတဲ့ နေရာမှာ သုံးတဲ့ ဆားတွေကို ထည့်ထားတယ်၊ အဲဒီ ဆားပွင့်ကြီးတွေထဲကိုမှ ဒီပစ္စည်း နှစ်ခုကို ထည့်ထားတာ'

ရှားလော့ဟုမ်းသည် စကား ပြောနေရာမှ နားရွက်ပြတ် နှစ်ဖက်ကို ထုတ်ယူလိုက်ပြီးလျှင် ပေါင်ပေါ်တွင် သစ်သားပြား တစ်ခု ခင်း၍ တင်လိုက်ပြီးနောက် အသေးစိတ် ကြည့်ရှုလျက် ရှိလေ၏။ ကျွန်ုပ်နှင့် လက်စထရိတ်မှာ သူ့ဘေး တစ်ဖက်တစ်ချက်တွင် ရပ်နေရာမှ ကုန်း၍ ကြောက်စရာ ကောင်းသည့် ပစ္စည်း နှစ်ခုကို လည်းကောင်း၊ ကျွန်ုပ်တို့ မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ စိတ်အား ထက်သန်လျက် ရှိသော မျက်နှာကို လည်းကောင်း တစ်လှည့်စီ ကြည့်လျက် ရှိလေ၏။ နောက်ဆုံး၌ ရှားလော့ဟုမ်းသည် သေတ္တာကို သေချာစွာ ကြည့်ရှုကာ လေးနက်စွာ စဉ်းစားလျက် ရှိလေ၏။

'နားရွက်က တစ်စုံ မဟုတ်ဘူးဗျ၊ တစ်ဖက်စီ ဆိုတာ သေသေချာချာ ကြည့်မိရဲ့လား'

'ဟုတ်ကဲ့၊ ကျွန်တော် သတိ ထားမိပါတယ်၊ ဒါပေမဲ့ ဒီပစ္စည်း နှစ်ခုဟာ ဆေးကျောင်းသားတွေက နောက်ပြောင် ကျီစယ်တဲ့ သဘောနှင့် ပို့လိုက်တာ မှန်ရင်တော့ သူတို့ ဆေးကျောင်းက ခွဲစိတ်ခန်းမှာ တစ်ဖက်စီ ရဖို့လည်း သိပ် ခက်မယ် မထင်ပါဘူး'

'အင်း ဟုတ်ပေတာပေါ့၊ သို့သော်လည်း ဒါဟာ နောက်ပြောင် ကျီစယ်ပြီး ပို့တာ မဟုတ်ဘူးဗျ'

'သေချာရဲ့လား စုံထောက်ကြီး'

'ဘယ်လိုပဲ စဉ်းစားကြည့်ကြည့် ကျီစယ်တာ မဖြစ်နိုင်ဘူး၊ ခွဲစိတ်ခန်းက အလောင်း ဆိုတာ အမြဲတမ်း မပုပ်သိုးအောင် ဆေးထိုး ထားရတယ်၊ ခု နားရွက်ပြတ် နှစ်ခုမှာ ဆေးထိုး ထားပုံ မရဘူး ခင်ဗျ၊ လတ်လတ်ဆတ်ဆတ်ကြီးတွေ၊ ပြီးတော့ ခပ်တုံးတုံး လက်နက်နှင့် ဖြတ်ထားတာ၊ ဆေးကျောင်းသားက ဖြတ်ပို့ရင် ဘယ် ဒီလို နေပါ့မလဲ၊ ပြီးတော့ ဆေးကျောင်းသားက ပို့တယ် ဆိုရင် ဒီ နားရွက်ပြတ်ကြီးတွေကို ဘာဖြစ်လို့ ဆားထည့်ပြီး သိပ်ပေးလိုက်ပါ့မလဲ၊ ကာဗောလစ် ဖြစ်ဖြစ် တခြား အရက်ပြန် ဖြစ်ဖြစ် ထိုးထည့်ပေးလိုက်မှာပေါ့၊ ဒီတော့ ကျုပ် ထပ်ပြီး ပြောလိုက်မယ်၊ ဒါဟာ နောက်ပြောင် ကျီစယ်တဲ့ အနေနှင့် ပို့လိုက်တာ မဟုတ်ဘူး၊ ခု ကျုပ်တို့ စုံစမ်းနေတာဟာ အင်မတန် ကြီးကျယ်တဲ့ ရာဇဝတ်မှုကြီး တစ်ခုကို စုံစမ်းနေတာ'

ရှားလော့ဟုမ်း၏ စကားကို ကြားလိုက်ရပြီး တင်းမာ လေးနက်သည့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ မျက်နှာကို မြင်လိုက်ရသည့် အခါ ကျွန်ုပ်မှာ ကြက်သီးဖြန်းဖြန်း ထ၍ သွားလေ၏။ ပဏာမ အဖြစ် ကျွန်ုပ်တို့ မြင်လိုက်ရသည့် ကြက်သီး ထစရာ အဖြစ်ကို ကြည့်လျှင် ထိုနောက်ကွယ်တွင် ထူးဆန်းသည့် ကြောက်ဖွယ် အဖြစ်အပျက်တို့ ရှိနေကြောင်းကို သိသာနိုင်ပေ၏။ သို့ရာတွင် လက်စထရိတ်ကမူ လက်မခံနိုင်သေးဟန်ဖြင့် ခေါင်းကို ယမ်းလိုက်ရင်း

'နောက်ပြောင် ကျီစယ်တဲ့ သဘောနှင့် လုပ်တာ ဖြစ်တယ် ဆိုတာကတော့ ကျွန်တော်လည်း သိပ် လက်မခံချင်ပါဘူး၊ ဒါပေမဲ့ စုံထောက်ကြီး တွေးသလို မဖြစ်နိုင်တဲ့ အကြောင်းတွေလည်း အများကြီး ရှိနေတယ် ခင်ဗျ၊ မစ္စ ကူးရှင်းဟာ ပန်ဂျီမှာ နေခဲ့တုန်းက တော်တော် အေးအေးဆေးဆေး တင့်တောင့်တင့်တယ် နေခဲ့တဲ့ အမျိုးသမီး တစ်ယောက်၊ ဒီရောက်တော့လည်း အနှစ် နှစ်ဆယ်လုံးလုံး အေးအေးဆေးဆေး နေခဲ့တာ ကျွန်တော်တို့ သိတယ်၊ နေလာခဲ့တဲ့ အနှစ် နှစ်ဆယ်လောက် အတွင်းမှာ အိမ်ထဲက အိမ်ပြင်တောင် ထွက်တဲ့ မိန်းမမျိုး မဟုတ်ဘူး၊ ဒီလိုဆိုရင် ရာဇဝတ်ကောင် တစ်ယောက်ဟာ သူ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုရဲ့ သက်သေခံ အဖြစ် ဒီပစ္စည်း နှစ်ခုကို ဘာဖြစ်လို့ သူ့ဆီကို ပို့ရမှာလဲ၊ အဲ တစ်ခုတော့ ရှိတယ်ပေါ့ ခင်ဗျာ၊ မစ္စ ကူးရှင်း ကိုယ်တိုင်ကိုက ဟန်ဆောင် ကောင်းတဲ့ မိန်းမ တစ်ယောက် ဆိုရင်တော့ မပြောတတ်ဘူးပေါ့၊ ခုတော့ သူ့ ကြည့်ရတာကလည်း ကျွန်တော်တို့ထက် ဘာမှ ပိုပြီး သိဟန်မတူဘူး'

'ခု ကျုပ်တို့ ဖြေရှင်းရမယ့် ပြဿနာက ဒီပြဿနာပဲဗျ၊ ကျုပ် အနေနှင့်ကတော့ ကျုပ်ရဲ့ တွေးလုံးကို အမှန်လို့ ယူပြီး ဒီအမှုကို ကိုင်ရတော့မှာပဲ၊ လူသတ်မှုမှ တစ်မှုတည်းတောင် မဟုတ်ဘူးဗျ၊ နှစ်မှု၊ အဲဒီ အပေါ်မှာ အခြေခံပြီး လိုက်ရလိမ့်မယ်၊ ဒီပစ္စည်း နှစ်ခုမှာ တစ်ခုက မိန်းမ နားရွက်ဗျ၊ နားရွက်က ခပ်သေးသေး ပုံလှလှရယ်၊ ပြီးတော့ နားမှာ နားပေါက်ပါတယ်၊ ကျန်တဲ့ တစ်ဖက်ကတော့ ယောကျ်ား နားရွက်ဗျ၊ အသားက နေလောင်ထားတယ်၊ အရောင်ပျက်နေတယ်၊ သူ့ နားမှာလည်း နားပေါက် ဖောက်ထားတယ်၊ ကြည့်ရတာကတော့ နားရွက်ပိုင်ရှင် နှစ်ယောက်စလုံးဟာ ခုလောက်ဆိုရင် သေလောက်ပြီ၊ မသေရင် ကျုပ်တို့ သူတို့ သတင်းကို ကြားရမှာပေါ့၊ ဒီနေ့က သောကြာနေ့၊ ပါဆယ်က ကြာသပတေးနေ့ မနက်က ပို့လိုက်တာဗျ၊ ဒီတော့ ရာဇဝတ်မှုဟာ ဗုဒ္ဓဟူးနေ့ သို့မဟုတ် အင်္ဂါနေ့ သို့မဟုတ် ဒီထက် စောစောက ကျူးလွန်တာ ဖြစ်ရမယ်။



'အကယ်၍ လူနှစ်ယောက် အသတ်ခံရတယ် ဆိုလို့ ရှိရင် မစ္စ ကူးရှင်းဆီကို ဒီနားရွက်ပြတ် နှစ်ခု ပို့တာဟာ လူသတ်သမား ကိုယ်တိုင် အဖြင့် ဘယ်သူ ဖြစ်နိုင်ဦးမှာလဲ၊ ဒီတော့ ဒီနားရွက်ပြတ် နှစ်ခုကို ပို့လိုက်တဲ့ လူဟာ ကျုပ်တို့ လိုချင်တဲ့ လူပဲဗျ၊ သို့သော်လည်း မစ္စ ကူးရှင်းဆီကို ဒီနားရွက်ပြတ် နှစ်ခု ပို့တာဟာ ပို့တဲ့ လူမှာ အကြောင်း ရှိရလိမ့်မယ်၊ ကောင်းပြီ၊ ဒါဖြင့် အကြောင်းက ဘာလဲ၊ နှစ်ခုပဲ ဖြစ်နိုင်တယ်၊ တစ်ခုက ကိစ္စ ပြီးပြီလို့ အကြောင်းကြားတာ ဖြစ်နိုင်တယ်၊ သို့မဟုတ်ရင်လည်း မစ္စ ကူးရှင်းကို စိတ် ထိခိုက်စေချင် လို့ရင်လည်း ဖြစ်ရမယ်၊ သို့သော်လည်း ဒီအတိုင်းဆိုရင် ပို့တဲ့ လူကို မစ္စ ကူးရှင်း သိရမယ်၊ ဒါဖြင့်ရင် ခု သူ သိသလား၊ သိမယ်လို့တော့ ကျုပ် မထင်ဘူး၊ သိရင် ဘာဖြစ်လို့ ပုလိပ်ကို အကြောင်းကြားမလဲဗျ၊ နားရွက်ပြတ် နှစ်ခုကို အသာ ဖျောက်ဖျက်ပစ်လိုက်ရုံပေါ့၊ ဒီထက် ကောင်းတာ ဘာရှိသေးသလဲ၊ ဒီတော့ ရာဇဝတ်ကောင်ကို ကာကွယ်ချင်လို့ ရှိရင် မစ္စ ကူးရှင်းဟာ ဒီအတိုင်းပဲ လုပ်မှာပဲ၊ ဒီလိုမှ မဟုတ်လို့ ရာဇဝတ်ကောင်ကို မကာကွယ်ချင်ဘူး ဆိုရင်လည်း ဒီရာဇဝတ်ကောင်ကို ထုတ်ပြောရမှာပေါ့၊ ဒီတော့ ကျုပ်တို့ ရှင်းရမယ့် ဆက်ထုံးဟာ ဒီနေရာပဲဗျ'

ရှားလော့ဟုမ်းသည် ခြံစည်းရိုးကို ငေးစိုက် ကြည့်နေရင်း ထိုစကားများကို ခပ်စူးစူး အသံဖြင့် ပြောဆိုလျက် ရှိရာမှ ချက်ချင်း ဖြန့်ခနဲ ထကာ အိမ်ဘက်ဆီသို့ လျှောက်သွားလေ၏။

'ကျုပ် မစ္စ ကူးရှင်းကို မေးခွန်း နည်းနည်းပါးပါး မေးချင်တယ်ဗျာ'

'ဒီလိုဆို စုံထောက်ကြီးတို့ နေရစ်ခဲ့ဦးလေ၊ ကျွန်တော့်မှာ တခြား ကိစ္စလေးတွေ ရှိသေးလို့ သွားလိုက်ဦးမယ်၊ ကျွန်တော့် အထင်ကို ပြောရမယ် ဆိုရင်တော့ မစ္စ ကူးရှင်းဆီက ဘာမှ မေးလို့ ရမှာ မဟုတ်ဘူး ထင်တာပဲ၊ ကျွန်တော် ဌာနမှာ ရှိနေမယ် စုံထောက်ကြီး'

ရှားလော့ဟုမ်းက

'ကောင်းပြီလေ၊ ဘူတာကို သွားတော့ ကျွန်တော်တို့ ဝင်လာခဲ့မယ်'

ခဏ ကြာသည့် အခါတွင် ရှားလော့ဟုမ်းနှင့် ကျွန်ုပ်တို့သည် ဧည့်ခန်းထဲသို့ ပြန်ရောက်နေကြလေပြီ။ မစ္စ ကူးရှင်းကား မတုန်လှုပ်သော မျက်နှာထားဖြင့် ကုလားထိုင်စွပ်ကို ထိုးလျက် ရှိလေ၏။ ကျွန်ုပ်တို့ ဝင်လာသည့် အခါတွင် မစ္စ ကူးရှင်းသည် ထိုးလက်စ ကုလားထိုင်စွပ်ကို ချထားလိုက်ပြီးလျှင် ပြာလဲ့ကြီးမားသော မျက်လုံးများဖြင့် ကျွန်ုပ်တို့ကို ကြည့်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ အထင် ပြောရရင်တော့ ပါဆယ်က မှားပို့လိုက်တယ်လို့ ထင်တာပဲရှင်၊ စကော့တလန်ယာဒ်က အင်စပက်တော်ကြီးကိုလည်း ကျွန်မ ဒီအတိုင်းပဲ ပြောလိုက်တာပဲ၊ သူကတော့ ရယ်တာပေါ့လေ၊ ကျွန်မ သိသလောက် ပြောရရင် ကျွန်မမှာ ငြိုးသူ ရန်ဘက် ဆိုလို့လည်း တစ်ယောက်မှ မရှိပါဘူး၊ ဒီတော့ ကျွန်မဆီကို ဘာဖြစ်လို့ ပို့မလဲ'

ရှားလော့ဟုမ်းက မစ္စ ကူးရှင်း၏ ဘေးတွင် ဝင်ထိုင်လိုက်ရင်း

'ကျွန်တော်လည်း ဒီလိုပဲ ထင်တာပဲ အစ်မကြီးရေ၊ ဖြစ်နိုင်တာကတော့'

ရှားလော့ဟုမ်းသည် စကားကို ဖြတ်လိုက်သဖြင့် ကျွန်ုပ် လှမ်းကြည့်လိုက်သည့် အခါတွင် အမျိုးသမီးကို ဘေးတိုက်မှ နေ၍ သေချာစွာ ကြည့်ရှုနေသည်ကို တွေ့ရသည့် အတွက် ကျွန်ုပ်မှာ အံ့အားသင့်လျက် ရှိလေ၏။ မျက်နှာပေါ်တွင် ကျေနပ်ခြင်းနှင့် အံ့အားသင့်ခြင်း အရိပ်အယောင်တို့ မြင်လိုက်ရလေ၏။ သို့ရာတွင် စကား ပြတ်သွားသဖြင့် အမျိုးသမီးက လှည့်ကြည့်လိုက်သည့် အခါ၌ ရှားလော့ဟုမ်းမှာ ခါတိုင်းလို ချိုသာမြဲ ချိုသာဟန်သို့ ပြောင်းသွားလေ၏။ ကျွန်ုပ် ကိုယ်တိုင်လည်း မစ္စ ကူးရှင်း၏ ဖြူဖွေးနေသော ဆံပင်များကို လည်းကောင်း၊ ဦးထုပ်ပြားပြားကလေးကို လည်းကောင်း၊ ရွှေနားတောင်းများကို လည်းကောင်း၊ တည်ငြိမ်သည့် အမူအရာကို လည်းကောင်း ဂရုစိုက်ကြည့်နေမိလေ၏။ သို့ရာတွင် ရှားလော့ဟုမ်း စိတ်အား ထက်သန်နေရသည့် အကြောင်းကိုမူ ရှာ၍ မတွေ့ချေ။

'မေးခွန်းကလေး တစ်ခု နှစ်ခုလောက် မေးချင်လို့ ခင်ဗျာ'

'လာပြန်ပြီလား ရှင်၊ စိတ်တောင် ညစ်လာပြီ' ဟု မစ္စ ကူးရှင်းက စိတ်တိုတိုဖြင့် ပြောလိုက်၏။

'အစ်မကြီးမှာ ညီအစ်မ သုံးယောက် ရှိတယ် မှတ်တယ်'

'ရှင် ဘယ့်နှယ်လုပ်ပြီး သိသလဲ'

'အခန်းထဲ ဝင်လာတော့ နာရီ တင်တဲ့ စင်ပေါ်မှာ အမျိုးသမီး သုံးယောက် တွဲရိုက်ထားတဲ့ ဓာတ်ပုံကို မြင်လိုက်လို့ပါ၊ တစ်ယောက်ကတော့ အစ်မကြီး ဖြစ်ပြီး ကျန်တဲ့ နှစ်ယောက်ကတော့ အစ်မကြီးနှင့် တော်တော်လေးကို တူတယ် ခင်ဗျ၊ ဒီတော့ ဒီသုံးယောက်ဟာ ညီအစ်မတွေ ဖြစ်တယ် ဆိုတာ သိသာပါတယ်'

'ဟုတ်ပါတယ်၊ ရှိပါတယ်၊ သူတို့ နှစ်ယောက်ဟာ ညီမတွေပါ၊ တစ်ယောက်က ဆာရာတဲ့၊ နောက်တစ်ယောက်က မေရီတဲ့'



'ပြီးတော့ ကျွန်တော့် နောက်နားမှာလည်း အစ်မကြီးရဲ့ ညီမ ဓာတ်ပုံ တစ်ပုံ ရှိသေးတယ် ခင်ဗျ၊ လီဗာပူးမှာ ရိုက်ထားတာ၊ ယောကျ်ား တစ်ယောက်နှင့် တွဲလို့၊ သူ့ ယူနီဖောင်းကို ကြည့်လိုက်တော့ သင်္ဘော စာရေးနှင့် တူရဲ့၊ အဲဒီလို ရိုက်ထားတုန်းက လက်ထပ်ရသေးဟန် မတူဘူး'

'အလို၊ စုံထောက်ကြီးက တယ်မြင်တတ်ပါလား'

'ဒါကတော့ ကျွန်တော့် အလုပ်ကိုး ခင်ဗျ'

'ဟုတ်ပါတယ်ရှင်၊ ဒီဓာတ်ပုံ ရိုက်ပြီး မကြာခင်မှာပဲ ကျွန်မ ညီမဟာ မစ္စတာ ဗရောင်းနားနှင့် လက်ထပ်လိုက်ပါတယ်၊ ဒီဓာတ်ပုံ ရိုက်တုန်းက ဗရောင်းနားက တောင်အမေရိက တိုက်ကို သွားတဲ့ သင်္ဘောပေါ်မှာ အလုပ် လုပ်ပါတယ်၊ ဒါပေမဲ့ သူက သူ့ မိန်းမကို သိပ်ချစ်လေတော့ ကြာကြာ မခွဲနိုင်တာနှင့် အဲဒီ သင်္ဘောလိုင်းက ထွက်ပြီး လီဗာပူးနှင့် လန်ဒန် သင်္ဘောလိုင်းမှာ ဝင်လုပ်ပါတယ်'

'ကြော် အောင်ဖေယျ သင်္ဘောမှာလား'

'ကျွန်မ နောက်ဆုံး သိရသလောက်တော့ မေဒေး သင်္ဘောမှာပါ၊ သူတောင် ကျွန်မဆီကို တစ်ခေါက် အလည်လာပါသေးတယ်၊ ဒါကတော့ သူ့ မိန်းမနှင့် သူ ချစ်ချစ်ခင်ခင် ရှိကြတုန်းကပေါ့လေ၊ ဒါပေမဲ့ နောက်ပိုင်းကျတော့ ဗရောင်းနားဟာ သင်္ဘောဆိုက်လို့ ကမ်းကို တက်တာနှင့် တစ်ပြိုင်နက် အရက်ကို သောက်တော့တာပါပဲ၊ သောက်ရင်လည်း နည်းနည်းကလေး သောက်တာနှင့် မူးပြီး အရူးကြီး တစ်ပိုင်းလို ကြမ်းလာတော့တာပဲရှင့်၊ သူ့ လက်ထဲ အရက် ဖန်ခွက် ကိုင်တဲ့ နေ့ဆိုရင် ကျွန်မဖြင့် စိတ်ညစ်လိုက်ရတာရှင်၊ ပထမ ကျွန်မကို စော်ကားတယ်ရှင့်၊ ပြီးတော့ ဆာရာနှင့်လည်း ရန်ဖြစ်တာပဲ၊ နောက်တော့ သူ့ မိန်းမ မေရီဆီကလည်း စာမလာတော့ ဘယ်လို နေပြီး ဘယ်လို ထိုင်ကြသလဲ ဆိုတာတောင် မပြောတတ်တော့ဘူးရှင်'

မစ္စ ကူးရှင်းမှာ သူ့ စိတ်ထဲတွင် ခံစားနေရသည့် အကြောင်းများကို ပြောပြရသဖြင့် လျှာသွက်လျက် ရှိလေ၏။ တစ်ယောက်တည်း နေလေ့ ရှိသည့် အပျိုကြီးများ ထုံးစံ အတိုင်း မစ္စ ကူးရှင်းမှာ ပထမတွင် ရှက်ရွံ့ရွံ့ ဖြစ်နေသေးသော်လည်း နောက်ပိုင်းတွင်မူ သွက်သည်ထက် သွက်လာခဲ့လေပြီ။

မစ္စ ကူးရှင်းသည် သူ့ မတ်တော်မောင် ဗရောင်းနား အကြောင်းကို ကျွန်ုပ်တို့အား အသေးစိတ် ပြောပြပြီးနောက် ယခင် သူ လခဖြင့် ထမင်းကျွေးခဲ့သည့် ဆေးကျောင်းသား သုံးယောက် အကြောင်းသို့ ရောက်သွားသည့်

www.burmeseclassic.com

www.burmeseclassic.com



အခါတွင် ထိုကျောင်းသားများ၏ အမည်များ၊ သူတို့ လက်တွေ့ ဆင်းခဲ့သည့် ဆေးရုံများနှင့် သူတို့ သောင်းကျန်းကြပုံကို ခရေစေ့တွင်းကျ ပြောဆိုလျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် သူ ပြောဆိုနေသည့် စကားများကို စိတ်ပါလက်ပါ နားထောင်ကာ တစ်ချို တစ်ချိတွင် မေးခွန်းများ ထောက်မေးလေ့ ရှိလေ၏။

'အစ်မကြီးနှင့် ညီမ ဆာရာကကော၊ အစ်မကြီးတို့ နှစ်ယောက်စလုံး အပျိုကြီးတွေ ဖြစ်လျက်သားနှင့် ဘာဖြစ်လို့ အတူတူ မနေကြဘဲ တခြားစီ နေကြတာလဲ'

'အမယ်လေး၊ စုံထောက်ကြီးတို့က သူ့ အကြောင်း မသိသေးလို့၊ သိရင် ဘာမှ အံ့ဩမှာ မဟုတ်ဘူး၊ ကျွန်မ ကရွိုင်ဒန်ကို ရောက်တော့ ကျွန်မလည်း သူနှင့် အတူ နေဖို့ ကြိုးစားပါသေးတယ်၊ လွန်ခဲ့တဲ့ နှစ်လလောက် အထိ အတူတူ နေခဲ့ပါသေးတယ်၊ ဒါပေမဲ့ နောက်ဆုံးတော့ ခွဲနေတာ ကောင်းပါတယ်လေ ဆိုပြီး ခွဲလိုက်ကြတာပါပဲရှင်၊ ကိုယ့် ညီမ အရင်း ခေါက်ခေါက် အကြောင်း ပြောရတာ သိပ်တော့ မကောင်းပါဘူး၊ ဒါပေမဲ့ ဆာရာက စပ်စပ်စုစုနိုင်တဲ့ အပြင် ပစိပစပ်ကလည်း အလွန် များတယ်ရှင့်'

'ဆာရာက လီဗာပူက ညီမနှင့်လည်း မတည့်ဘူးလို့ အစ်မကြီး ပြောသွားတယ် မဟုတ်လား'

'ဟုတ်တယ် ရှင့်၊ အစတုန်းကတော့ တည့်လိုက်ကြတာ၊ သူတို့ လင်မယားနှင့်တောင် လိုက်နေလိုက်သေးတယ်၊ သူတို့နှင့် နီးနီးနားနား နေချင်လို့ တဲ့လေ၊ ခုတော့လည်း ဗရောင်းနား အကြောင်းကို ပြောလိုက်တာ ရစရာတောင် မရှိတော့ဘူး၊ လွန်ခဲ့တဲ့ ခြောက်လလောက် ကျွန်မဆီ လာတုန်းကတွင် သူ အရက် သောက်တဲ့ အကြောင်း ရိုင်းစိုင်းတဲ့ အကြောင်း ပြောသွားလိုက်တာ စုံနေတာပဲ၊ သူက နေရာတကာ လိုက်ပြီး စပ်စုတော့ ဟိုကလည်း ရိုင်းရိုင်း စိုင်းစိုင်း ပြောပါလိမ့်မယ်၊ အဲဒီကတည်းက သူတို့နှစ်ယောက် စကား မပြောကြတော့တာပဲ'

ရှားလော့ဟုမ်းက ထိုင်ရာမှ ထ၍ ဦးညွှတ် နှုတ်ဆက်လိုက်ရင်း

'ကျေးဇူးတင်ပါတယ် အစ်မကြီးရယ်၊ အစ်မကြီးရဲ့ ညီမ ဆာရာက ဝါလင်တန်က လမ်းသစ်မှာ နေတယ်နော်၊ အင်း အစ်မကြီး ပြောသလို နေရင်းထိုင်ရင်း အိမ်ပေါ် ရောက်လာတဲ့ အမှု တစ်ခု အတွက်ကို ခုလို အနှောင့်အယှက် ပေးရတာ ဝမ်းနည်းပါတယ်'





အိမ်ပြင်သို့ ကျွန်ုပ်တို့ ထွက်လာစဉ် ရထား တစ်စင်း ဖြတ်သွားသဖြင့် ရှားလော့ဟုမ်းက ရထားကို လှမ်းခေါ်လိုက်၏။

'ဒီကနေပြီး ဝါလင်တန်ကို ဘယ်လောက် ဝေးသလဲကွ'

'တစ်မိုင်လောက် ဝေးပါတယ်'

'ဟုတ်ပြီ၊ ကဲ အိုင်ဆေး တက်ဗျို့၊ လသာတုန်း ဗိုင်းငင်လိုက်ကြဦးစို့၊ အမှုက ရှင်းတော့ ရှင်းပါရဲ့၊ ဒါပေမဲ့ စိတ်ဝင်စားစရာ အချက်ကလေး တစ်ချက် နှစ်ချက် တွေ့နေရတယ်ဗျ၊ ဟော့ သူငယ်ရေ၊ ကြေးနန်းရုံး ရှေ့ကျရင် ခဏ ရပ်ကွာ'

ရှားလော့ဟုမ်းသည် ကြေးနန်းရုံးသို့ ဝင်ကာ ကြေးနန်းတိုကလေး တစ်စောင်ကို ရိုက်ပြီးလျှင် ကျွန်ုပ်ခရီးသွားကား မျက်နှာကို နေရောင် ထိုးသည့် အတွက် ဦးထုပ်ကို ဖုံးကာ နောက်သို့ မှီရင်း လိုက်ပါလာခဲ့လေ၏။ ရထားသမားသည် ကျွန်ုပ်တို့ ထွက်လာခဲ့သည့် အိမ်နှင့် မတူသည့် အိမ်တစ်လုံး ရှေ့တွင် ရထားကို ရပ်လိုက်လေ၏။

ရှားလော့ဟုမ်းသည် ရထားကို အစောင့် ခိုင်းပြီးနောက် တံခါးကို ခေါက်မည် ပြုစဉ် တံခါးသည် ပွင့်လာကာ အဝတ်အစား အနက်ကို ဝတ်ဆင်၍ ဦးထုပ် ပြောင်ပြောင် တစ်လုံးကို ဆောင်းထားသည့် မျက်နှာ တင်းတင်း လူငယ် တစ်ယောက် ထွက်လာလေ၏။

'မစ္စ ဆာရာ ရှိပါသလား'

'မစ္စ ဆာရာ တော်တော် နေမကောင်း ဖြစ်နေတယ်ဗျ၊ မနေ့ကတည်းက ဦးနှောက်မြွေးရောင် ရောဂါကြောင့် အိပ်ရာက မထနိုင်ဘူး၊ မစ္စ ဆာရာရဲ့ ဆရာဝန် အနေနှင့် ပြောရရင် သူ့ကို ဘယ်သူမှ မတွေ့တာ ကောင်းလိမ့်မယ်၊ တွေ့ချင်ရင် နောက် ဆယ်ရက်လောက် ရှိမှ လာခဲ့ပါ'

လူရွယ်သည် လက်အိတ်ကို စွပ်ကာ တံခါးကို ဂျိန်းခနဲ နေအောင် ပိတ်လိုက်ပြီးလျှင် လမ်းမသို့ ဆင်းသွားလေ၏။

'အင်း၊ တွေ့လို့ မဖြစ်ရင်လည်း မတွေ့ရုံပေါ့ဗျာ' ဟု ရှားလော့ဟုမ်းသည် ခပ်ရွှင်ရွှင်ကလေး ညည်းလျက် ရှိလေ၏။

'အပျိုကြီးက ခင်ဗျားကို အကုန် မပြောလိုက်တာလား၊ မပြောနိုင်တာလားတော့ မသိဘူးဗျ'

'ကျုပ်ကလည်း အကုန် မပြောစေချင်ပါဘူးဗျာ၊ ကျုပ်က သူ့ကို မြင်ရရင် တော်ပါပြီ၊ သို့သော်လည်း ကျုပ် လိုချင်တာတွေ အားလုံးတော့ ရခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com

ထင်တာပဲ၊ ကဲ သူငယ်ရေ တို့များကို ဟိုတယ် ခပ်ကောင်းကောင်း တစ်ခုကို ပို့ပေးစမ်းကွာ၊ နေ့လယ်စာလေး ဘာလေး ကောင်းကောင်း စားရအောင်၊ ပြီး တော့ ကျုပ်တို့ ဌာနကို သွားပြီး လက်စထရိတ်နှင့် တွေ့မယ်'

ကျွန်ုပ်တို့ နှစ်ယောက်သည် နေ့လယ်စာကို စားသောက်လျက် ရှိကြ စဉ် ရှားလော့ဟုမ်းမှာ အမှု အကြောင်းကို တစ်လုံး တစ်ပါဒမျှ ပြောဆိုခြင်း မရှိဘဲ တယောများ အကြောင်းကို ပြောဆိုလျက် ရှိကာ သူ နောက်ဆုံး ဝယ်ခဲ့ သည့် စထရာဒီဗားရီးယတ်စ် တယော မည်မျှ ကောင်းကြောင်း၊ ထိုတယော မှာ အနည်းဆုံး ဂီနီ ငါးရာခန့် တန်ကြောင်း၊ သို့ရာတွင် တော့တင်ဟမ်ကုတ် ရုံးလမ်းရှိ ရေဝတီ အပေါင်ဆိုင်မှ ငါးဆယ့်ငါး သျှီလင်ခန့်မျှဖြင့် ဝယ်ခဲ့ရ ကြောင်းတို့ကို ရွှင်လန်း အားရစွာ ပြောဆိုလျက် ရှိလေ၏။

ထို့နောက်တွင် ရှားလော့ဟုမ်းသည် နာမည်ကျော် တယောဆရာ ပဂင် နီနီ၏ အကြောင်းကို စကား စပ်မိသွားပြန်ကာ ကလားရက်ဝိုင် တစ်ပုလင်းကို သောက်ရင်း ပဂင်နီနီနှင့် ပတ်သက်သည့် ရယ်စရာ အဖြစ်အပျက်ကလေးများ ကို တစ်ခုပြီး တစ်ခု ပြောဆိုလျက် ရှိပြန်လေ၏။ အချိန်မှာ အတော် နှောင်းသွား ခဲ့လေပြီ။

ပုလိပ် ဌာနသို့ ကျွန်ုပ်တို့ ရောက်သွားသည့် အခါ၌ကား စူးရဲသော နေရောင်သည် ချိစ ပြိုကာ ခပ်မှိန်မှိန်မျှသာ လင်းလျက် ရှိလေ၏။ လက်စထ ရိတ်မှာ တံခါးပေါက်မှ နေ၍ ကျွန်ုပ်တို့အား စောင့်ကြိုလျက် ရှိလေ၏။

'စုံထောက်ကြီးဖို့ ကြေးနန်း တစ်စောင် ရောက်နေတယ် ခင်ဗျ'

'ဟုတ်လား၊ ဒီလိုဆို အဖြေ ရပြီဗျ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် စာအိတ်ကို ဖောက် ဖတ်လိုက်ပြီးနောက် ကြေးနန်း စာရွက်ကို လုံးချေကာ အိတ်ထဲသို့ ထည့်လိုက်လေ၏။

'ဟန်ကျပြီဗျို့'

'ဘာများ တွေ့ခဲ့သလဲ စုံထောက်ကြီး'

'လိုချင်တာ မှန်သမျှတော့ တွေ့ခဲ့ပြီဗျ'

လက်စထရိတ်သည် ရှားလော့ဟုမ်းကို တအံ့တသြဖြင့် ငေးကြည့်လိုက် ရင်း

'ခင်ဗျာ၊ တကယ် ပြောနေတာလား စုံထောက်ကြီး'

'တကယ်ပေါ့ဗျ၊ ကြောက်စရာ ကောင်းတဲ့ ရာဇဝတ်မှု တစ်ခု ဖြစ်ခဲ့တယ် ဗျ၊ ခုတော့ ဒီ ရာဇဝတ်မှု အသေးစိတ်ကို သိခဲ့ပြီ ဆိုပါတော့'





'တရားခံကော ခင်ဗျာ'

ရှားလော့ဟုမ်းသည် သူ့ လိပ်စာကတ်ပြားကလေး နောက်ကျောတွင် တစ်စုံတစ်ရာ ရေးခြစ်လိုက်ပြီးနောက် လက်စထရိတ်ဆီသို့ ပစ်ပေးလိုက်လေ ၏။

'သူပဲဗျ၊ ဖမ်းဖို့ကတော့ အစောဆုံး မနက်ဖြန် ညလောက်မှ ဖြစ်မှာ၊ ကျုပ်က အခက်အခဲ ရှိမှ ဝင်ကူ လုပ်ပေးတဲ့ လူဆိုတော့ ဒီအမှုနှင့် ပတ်သက် ပြီး ကျုပ် နာမည်ကိုတော့ မထည့်စေချင်ဘူး၊ ကဲ လာဗျို့ ဝပ်ဆင်'

ကျွန်ုပ်တို့သည် ရှားလော့ဟုမ်း ပစ်ပေးလိုက်သည့် ကတ်ပြားပေါ်မှ အမည်ကို ကြည့်ရင်း အံ့သြ ကျေနပ်သော မျက်နှာထားဖြင့် ကျန်ရစ်ခဲ့သည့် လက်စထရိတ်ကို နှုတ်ဆက်ကာ ဘူတာရုံသို့ ထွက်လာခဲ့ကြလေ၏။

ထိုနေ့ည၌ ဘေကာလမ်းရှိ ကျွန်ုပ်တို့ အခန်းတွင် ဆေးပြင်းလိပ် ကိုယ်စီဖြင့် ထိုင်နေကြစဉ် ရှားလော့ဟုမ်းက

'ခု အမှုက ခင်ဗျား မှတ်တမ်း တင်ခဲ့တဲ့ ခရမ်းရောင် ဇာတ်လမ်း နှင့် လေးပွင့်ဆိုင် ဆိုတဲ့ အမှုမျိုးနှင့် ခပ်ဆင်ဆင်ရယ်ဗျ၊ အဆုံးကနေ အစကို နောက် ပြန် စဉ်းစားယူရတဲ့ အမှုမျိုးဗျ၊ တရားခံကို ဖမ်းပြီး ကျုပ်တို့ သိချင်တဲ့ အကျိုး အကြောင်းကလေးတွေကို ကျုပ်ဆီကို စာရေးလိုက်ဦးလို့တော့ လက်စထရိတ် ကို မှာပစ်ခဲ့တာပဲ၊ တရားခံကို မိမှ အချက်အလက် အသေးစိတ်ကို သိမှာ၊ သူ့ မှာ ဖမ်းစရာ အကြောင်း လုံလုံလောက်လောက် မရှိသေးပေမဲ့ ဖမ်းချင်တယ် ဆိုရင် ရဲရဲကြီး လုပ်နိုင်ပါပြီလေ၊ လက်စထရိတ် ဆိုတဲ့ လူက လုပ်သင့်ပြီလို့ သဘော ပေါက်သွားရင်တော့ ခွေးဘီလူးများလို အင်မတန် ဖွဲ့နပဲ ကြီးတဲ့ လူ၊ ပြီ ဆိုတာနှင့် မလွတ်တမ်း ခဲထားတတ်တဲ့ လူမျိုး၊ ဒီလို လုပ်နိုင်တဲ့ အရည် အချင်း ရှိလို့လည်း စကော့တလန်ယာဒ်မှာ ထိပ်တန်း စုံထောက် တစ်ယောက် ဖြစ်လာပေတာပဲ'

'ဒါဖြင့် ခင်ဗျား အမှုက ဆုံးခန်းကို ရောက်ပလား'

'အရေးကြီးတဲ့ အချက်တွေမှာတော့ တော်တော်လေး ပြည့်စုံနေပါပြီ၊ ဒီလောက် စက်ဆုပ်စရာ ကောင်းတဲ့ အလုပ်မျိုးကို လုပ်တဲ့ လူကိုလည်း သိ ပါပြီ၊ ဒါပေမဲ့ အသတ်ခံရသူ တစ်ယောက်ကိုတော့ မသိသေးဘူးဗျ၊ ခင်ဗျား အနေနှင့်ကော ဘာများ ကောက်ချက်ဆွဲမိသတုံး'



www.burmeseclassic.com

www.burmeseclassic.com



'လီဗာပူ သင်္ဘော တစ်စင်းပေါ်က သင်္ဘော စာရေးကို ခင်ဗျား သင်္ကာ မကင်း ဖြစ်တယ် မဟုတ်လား'

'သင်္ကာမကင်း ဖြစ်ရုံတွင် မကဘူးဗျ၊ သူပဲ'

'ကျွန်တော့် အနေနှင့်တော့ ဝိုးတိုးဝါးတားလောက်ပဲ ရှိသေးတယ်ဗျ'

'ကျုပ် စိတ်ထဲမှာတော့ ရှင်းနေတာပဲဗျ၊ အရေးကြီးတဲ့ အဆင့်တွေကို ကျုပ် ပြောပြမယ်လေ၊ ဒီအမှုကို ကျုပ်တို့ စကိုင်ခဲ့တုန်းက ဘာ အချက်အလက်မှ မရှိဘူး၊ ဆင်ကန်းတောတိုး လိုက်ခဲ့ကြရတာ၊ တစ်နည်းအားဖြင့်တော့ ဒီလို လိုက်ရတာကလည်း ခပ်ကောင်းကောင်းရယ်ဗျ၊ ကျုပ်တို့မှာ ကောက်ချက် ဆွဲပြီးသား မရှိဘူး၊ အချက်အလက်တွေ လေ့လာပြီး ကိုယ့်ဘာသာကိုယ် စဉ်းစား ယူရတာ၊ အမှုကို လေ့လာလိုက်တဲ့ အခါမှာ ပထမဆုံး ဘာကို သွားတွေ့ရသလဲ၊ တော်တော် ဣန္ဒြေ ရပြီး တော်တော် အေးအေးဆေးဆေး နေတဲ့ အမျိုးသမီးကြီး တစ်ယောက်ကို တွေ့လိုက်ရတယ်၊ သူ့ကို ကြည့်ရတာက ဘာမှ ဆန်းဆန်း ပြားပြား ကလီကမာ လုပ်တတ်ပုံ မရဘူး၊ ပြီးတော့ နောက်ထပ် ဘာကို သွားတွေ့သလဲ ဆိုတော့ ညီအစ်မတွေ စုရိုက်ထားတဲ့ ဓာတ်ပုံ တစ်ပုံရယ်၊ ဒါလောက်ပဲ တွေ့ခဲ့ရတယ်၊ ဒီတော့ ကျုပ်စိတ်ထဲမှာ လက်ခနဲ ဘယ်လို စိတ်ကူး ပေါ်လာသလဲ ဆိုတော့ ပို့လိုက်တဲ့ နားရွက်ပြတ် နှစ်ဖက်ဟာ သူတို့ ညီအစ်မထဲက တစ်ယောက်ယောက်နှင့် သက်ဆိုင် နေရမယ်လို့ ကျုပ် တွေးလိုက်မိတယ်၊ ဒီအချက်ကို ကျုပ် ယာယီပဲ ထားလိုက်သေးတယ်၊ အတည် မပြုသေးဘူး၊ ကိုက်ညီတဲ့ အထောက်အထား တွေ့ရင် အတည်ပြုမယ်၊ မကိုက်ညီတဲ့ အချက်အလက် တွေ့ရင် ပယ်မယ်လို့ ယူဆထားလိုက်တယ်၊ ဒီနောက် ခင်ဗျား သိတဲ့ အတိုင်း ကျုပ်တို့ တစ်တွေ ခြံထဲကို ဆင်းကြည့်ကြတယ်၊ အဲဒီမှာ အဝါရောင် သေတ္တာကလေးထဲမှာ ပါတဲ့ ထူးထူးဆန်းဆန်း ပစ္စည်း နှစ်ခုကို ကြည့်ခဲ့ကြတယ်။

'ကြိုးကို ကြည့်လိုက်တော့ ကြိုးက သင်္ဘောတွေပေါ်မှာ သင်္ဘောသား တွေ သုံးလေ့ သုံးထ ရှိတဲ့ ကြိုးမျိုးဗျ၊ ဒီတွင် လေ့လာ စုံစမ်းရာမှာ ပင်လယ်နှင့် ဆက်စပ်နေတယ် ဆိုတဲ့ အချက်ကို ကျုပ်တို့ ရလိုက်ပြီ၊ ပြီးတော့ ကြိုးထုံး ထားတဲ့ ပုံက သင်္ဘောသားတွေ ထုံးတတ်တဲ့ ပုံမျိုး ဖြစ်တာရယ်၊ ပါဆယ်ထုပ် ကို သင်္ဘော ဆိပ်ကမ်းမြို့ တစ်မြို့က ပို့လိုက်တယ် ဆိုတာရယ်၊ ယောကျ်ား တစ်ယောက်ရဲ့ နားရွက်မှာ နားပေါက်ကြီး ဟောင်းလောင်း ဖြစ်နေတာရယ်၊ ယောကျ်ားမှာ နားပေါက် ဖောက်တယ် ဆိုတာကလည်း သင်္ဘောသားတွေ ဖောက် တတ်ကြတယ် ဆိုတဲ့ အချက်ရယ်၊ ဒါတွေကို စဉ်းစား မိလိုက်တော့ ကျုပ်တို့





ဇာတ်လမ်းမှာ ပါနေတဲ့ ဇာတ်ဆောင်တွေဟာ ပင်လယ်ခရီး သွားလာသူတွေနှင့် ပတ်သက်ရမယ်လို့ ကျုပ် ယူဆလိုက်တယ်။

'ပြီးတော့ ပါဆယ်ထုပ်ပေါ်မှာ ပါတဲ့ လိပ်စာကို သေသေချာချာ ကြည့်တဲ့ အခါကျတော့ လိပ်စာက မစ္စ အက်စ် ကူးရှင်းဆီကို တပ်ထားတဲ့ လိပ်စာ ဖြစ်နေတယ်ဗျ၊ အကြီးဆုံး အစ်မကြီးရဲ့ နာမည်က မစ္စ ကူးရှင်း ဆိုတော့ သူ့ရဲ့ ရှေ့နာမည်မှာ အက်စ် ပါချင်လည်း ပါနိုင်တယ်၊ သို့မဟုတ်ရင်လည်း တခြား ညီအစ်မ နှစ်ယောက်မှာလည်း အက်စ် ပါချင် ပါနိုင်တယ်၊ ဒီတော့ တခြား ညီအစ်မ နှစ်ယောက်မှာ ပါနိုင်တယ် ဆိုလို့ရှိရင် ကျုပ်တို့ စုံစမ်းမှုကို အသစ်က ပြန်စရမယ့် သဘော ဖြစ်နေတယ်၊ ဒါကြောင့်မို့ နားရွက်ပြတ်တွေကို ကြည့်ပြီး တော့ ဒီအချက်ကလေးကို ရှင်းချင်တာနှင့် အိမ်ထဲကို နောက်တစ်ခေါက် ပြန် ဝင်တာဗျ၊ ကျုပ်က ဒီပါဆယ်ထုပ်ဟာ မှားပို့တာ ဖြစ်မှာပါလို့ ပြောမယ် လုပ် ပြီးမှ မပြောဘဲ ရပ်ထားလိုက်တာကို ခင်ဗျား သတိပြုလိုက်မိမလား မသိဘူး၊ ရပ်လိုက်တာကတော့ တခြားကြောင့် မဟုတ်ဘူးဗျို့၊ ကျုပ် အံ့သြစရာ ကောင်း တဲ့ အချက် တစ်ချက်ကို မြင်လိုက်လို့၊ ဒီတော့ ကျုပ်တို့ စုံစမ်းရမယ့် နယ်ဟာ လည်း ချက်ချင်းလိုပဲ ကျဉ်းသွားပြီ ဆိုတာကို တွေ့လိုက်ရတယ်ဗျ။

'ခင်ဗျားလည်း ဆရာဝန် လုပ်လာတဲ့ လူပဲ၊ သိမှာပေါ့၊ လူတွေမှာ ဘယ်လောက်ပဲ တူတူ နားရွက်ကတော့ တစ်ယောက်နှင့် တစ်ယောက် မတူ ကြဘူးဗျ၊ နားရွက် တစ်ခုနှင့် တစ်ခုဟာ တော်တော်လေး ကွဲပြား ခြားနားကြ တယ်၊ ဒီအကြောင်းနှင့် ပတ်သက်လို့ မနှစ်က ထုတ်တဲ့ မနုဿဗေဒ ဂျာနယ် မှာ ကျုပ်တောင် ဆောင်းပါးတိုကလေး နှစ်စောင် ရေးခဲ့သေးတယ်၊ ဒါ့ကြောင့် ဂျပ်သေတ္တာထဲမှာ ရှိတဲ့ နားရွက်ပြတ် နှစ်ဖက်ကို လေ့လာတဲ့ အခါမှာ ကျုပ် ဟာ ကျွမ်းကျင်သူ တစ်ယောက် အနေနှင့် လေ့လာနိုင်ခဲ့တယ်ဗျ၊ အဲဒီ နားရွက် နှစ်ခု ခန္ဓာဗေဒအားဖြင့် ထူးခြားပုံကိုလည်း ကျုပ် သေသေချာချာ သတိပြုခဲ့မိ တယ်၊ ဒါနှင့် သူ့ဘေးမှာ ထိုင်ပြီး မစ္စ ကူးရှင်းရဲ့ နားရွက်ကို ကြည့်လိုက်တဲ့ အခါကျတော့ သူ့ နားရွက်ဟာ ဂျပ်သေတ္တာထဲမှာ ကျုပ်တို့ ကြည့်ခဲ့တဲ့ မိန်းမ နားရွက် တစ်ဖက်နှင့် ချွတ်စွပ် တူနေတာကို တွေ့လိုက်ရတော့ ကျုပ် ဘယ် လောက် အံ့သြသွားမလဲ ဆိုတာ ခင်ဗျားပဲ စဉ်းစားကြည့်ပေတော့၊ ဒီလို လာ တူနေတာဟာ တိုက်ဆိုင်မှု သက်သက်တော့ မဟုတ်ဘူးဗျ၊ နားရွက် နှစ်ခုဟာ တူလိုက်တာမှဗျာ၊ အောက်က နားရွက်ဖျားကလေးကလည်း အတူတူပဲဗျ၊ အ ပေါ်က နားသားထုပုံ၊ နားရွက်ကြော အသီးက ဘေးတွေ ရစ်နေပုံ၊ အို အား



www.burmeseclassic.com

www.burmeseclassic.com



လုံး အတူတူ ဖြစ်နေတယ်ဗျ၊ နားရွက်ရဲ့ အဓိကကျတဲ့ အစိတ်အပိုင်း အားလုံး လောက်မှာ အတူတူပဲ။

'ဈေးစမ်း လေ့လာမှုဟာ ဘယ်လောက် အရေးပါတယ် ဆိုတာ ကျုပ် အဲဒီတော့မှ ပိုပြီး သဘော ပေါက်သွားတယ်ဗျာ၊ ဒီတော့ နားရွက် နှစ်ခုကို ကြည့်ပြီး ကျုပ် တွေးလိုက်တာက မစ္စ ကူးရှင်းနှင့် ဒီနားရွက် ပိုင်ရှင်ဟာ သွေးသား တော်စပ်တဲ့ အထဲက ဖြစ်ရမယ်၊ သွေးသား တော်စပ်တာမှ တော်တော် ရင်းရင်းနှီးနှီးထဲက ဖြစ်ရမယ်လို့ ကျုပ် တွက်လိုက်တယ်၊ ဒါနှင့် ကျုပ်က မစ္စ ကူးရှင်းကို သူ့ ဆွေမျိုး အကြောင်း ဟို လျှောက်မေး ဒီ လျှောက်မေး လုပ်ရာကနေပြီး အလွန် အဖိုးတန်တဲ့ အချက်တွေကို သိလာခဲ့ရတာပဲဗျ။

'ပထမ အချက်အားဖြင့် သူ့ ညီမ တစ်ယောက်ရဲ့ နာမည်ဟာ ဆာရာ ဖြစ်တယ် ဆိုတာရယ်၊ မကြာသေးခင်က အထိ သူတို့ ညီအစ်မ နှစ်ယောက် အတူတူ နေခဲ့တယ် ဆိုတာရယ် သိလာခဲ့ရတယ်၊ ဒီတော့ ပါဆယ်ထုပ်ဟာ မစ္စ ဆာရာ ကူးရှင်းဆီကို ပေးလိုက်တဲ့ ပါဆယ်ထုပ် ဖြစ်ရမယ်လို့ ကျုပ် တွက်လိုက်တယ်၊ နောက်တော့ သူတို့ ညီမ အငယ်ဆုံးနှင့် ရသွားတဲ့ သင်္ဘော စာရေး အကြောင်းကို ကျုပ်တို့ သိလာခဲ့ရတယ်၊ တစ်ခါတုန်းကတော့ အဲဒီ သင်္ဘောစာရေးဟာ ဆာရာနှင့် တော်တော် ရင်းနှီးခဲ့လို့ သူတို့နှင့် အတူ လီဗာပူ ကိုတောင် အတူတူ လိုက်နေတယ်ဆို မဟုတ်လား၊ နောက်တော့ သူတို့ နှစ်ယောက် မတည့်ကြလို့ မစ္စ ဆာရာ ကူးရှင်းလည်း သူတို့နှင့် မနေတော့ဘဲ တခြားစီ နေတယ် ဆိုတာတွေကိုပါ သိလာခဲ့ရတယ်၊ ဒီလို မတည့်တော့ သူတို့ချင်းလည်း အဆက်အသွယ် မရှိကြတော့ဘူး၊ အဆက်အသွယ် မရှိတော့ ဗရောင်းနားကလည်း မစ္စ ဆာရာဟာ အလျင်တုန်းက နေခဲ့တဲ့ သူ့ အစ်မ အိမ်မှာ ရှိလိမ့်မယ်လို့ပဲ ထင်နေမှာပဲ။

'ဒီလိုနှင့် ဇာတ်လမ်းက တဖြည်းဖြည်း ရှင်းလာတယ်ဗျ၊ ဗရောင်းနား ဆိုတဲ့ လူတစ်ယောက် ရှိတယ် ဆိုတာရယ်၊ အဲဒီလူဟာ ခပ်ရမ်းရမ်း ခပ်ပေပေ ဆိုတာရယ်ကို ကျုပ်တို့ သိလာခဲ့ကြရပြန်တယ်၊ လူက ဘယ်လောက် စိုက်လိုက်မတ်တတ် လုပ်သလဲ ဆိုရင် ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ ကိုယ့် မယား နှင့်ကိုယ် နီးနီး နေချင်လို့ ဆိုပြီး အင်မတန် အလားအလာ ကောင်းတဲ့ သင်္ဘော လိုင်းကြီးကို စွန့်ပြီး ဘာမဟုတ်တဲ့ ကမ်းရိုးတန်း သင်္ဘောလိုင်းကို ဝင်သတဲ့၊ ပြီးတော့ ဒီအထဲမှာ လူကလည်း အရက် သောက်လိုက်သေးတယ်၊ ကြည့်ရတာကတော့ ခု သူ့ မိန်းမလည်း အသတ်ခံရ သင်္ဘောသား တစ်ယောက်လည်း



အသတ်ခံရတယ်လို့ ယူဆစရာ အကြောင်းတွေ ရှိနေတယ်ဗျ၊ ရာဇဝတ်မှု ကျူးလွန်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ မနာလို ဝန်တိုတဲ့ ကိစ္စပဲလို့ ယူဆရတယ်။

'ကောင်းပြီ၊ ဒါဖြင့်ရင် ဒီရာဇဝတ်မှု ကျူးလွန်ရတဲ့ သက်သေခံ ပစ္စည်းတွေကို ဘာဖြစ်လို့ ဆာရာ ကူးရှင်းဆီကို ပို့ရသလဲ၊ ကြည့်ရတာကတော့ ဆာရာ ကူးရှင်းဟာ လီဗာပူမှာ နေခဲ့တုန်းက ခုကိစ္စကို ဖြစ်အောင် လုပ်ခဲ့တဲ့ အထဲမှာ သူလည်း မကောင်းရာ မကောင်းကြောင်း ဖြစ်ခဲ့ပုံ ကျတယ်၊ ကမ်းရိုးတန်းသွား သင်္ဘောတွေဟာ ဘယ်မှာ ဆိုက်လေ့ ရှိသလဲ ဆိုရင် ဘဲလဖတ်တို့၊ ဒဗ္ဗလင်တို့၊ ဝါးတားဖို့တို့မှာ ဆိုက်လေ့ ရှိတယ်ဗျ၊ ဒီတော့ အကယ်၍ ဗရောင်းနား ဆိုတဲ့ လူသာ ရာဇဝတ်မှုကို ကျူးလွန်တယ်လို့ ဆိုရင်၊ ပြီးတော့ သူ့ သင်္ဘော ဖြစ်တဲ့ မေဒေးပေါ်မှာ လိုက်သွားတုန်း ဆိုရင် သူ့ အထုပ်ကို ပထမဆုံး ပို့မယ့် ဆိပ်ကမ်းဟာ ဘဲလဖတ် ဆိပ်ကမ်းပဲ ဖြစ်နိုင်တယ်။

'နောက် တစ်နည်း စဉ်းစားစရာ ရှိသေးတယ်၊ ကျုပ် စိတ်ထဲမှာ ဖြစ်နိုင်မယ်လို့ မထင်ပေမဲ့ ဒီအချက်ကိုလည်း စဉ်းစား ထားရမယ်၊ ဒီလိုလေဗျာ၊ အငယ်ဆုံးမကို ဗရောင်းနားနှင့် လူတစ်ယောက် ပြိုင်ပိုးကြတယ်၊ ပိုးတဲ့ အခါမှာ ဗရောင်းနားက ရသွားတယ်၊ ရသွားတော့ ကျန်ရစ် ဖြစ်ခဲ့တဲ့ ကောင်က လင်မယား နှစ်ယောက်လုံးကို သတ်လိုက်တယ်၊ ယောကျ်ား နားရွက်ဟာ လင်ရဲ့ နားရွက် ဖြစ်နိုင်တယ်ဗျ၊ ဒီတွေးလုံးကို တချို့က လက်ခံကြမှာတော့ မဟုတ်ဘူး၊ သို့သော်လည်း မဖြစ်နိုင်ဘူးလို့တော့ ကံသေကံမ မပြောနိုင်သေးဘူး၊ ဒါကြောင့် လီဗာပူ ပုလိပ်ဘက်မှာ ရှိတဲ့ ကျုပ် မိတ်ဆွေ အယ်လဂါဆီကို သံကြိုး တစ်စောင် ရိုက်လိုက်တယ်၊ မစ္စက် ဗရောင်းနား အိမ်မှာ ရှိရဲ့လား၊ သူ့ယောကျ်ား ဗရောင်းနားရော မေဒေး သင်္ဘောနှင့် ပင်လယ်ကို ထွက်သွားသလားလို့ လှမ်းမေးထားတယ်၊ ပြီးတော့ ဝေါလ်လင်တန် ရပ်ကွက်မှာ ရှိတဲ့ ဆာရာ ကူးရှင်း အိမ်ကို ကျုပ်တို့ သွားခဲ့ကြတယ်။

'သွားရတဲ့ အကြောင်းကတော့ သူတို့ ညီအစ်မရဲ့ နားရွက်တွေ ဘယ်လောက် တူ မတူ ကြည့်ချင်လို့ဗျ၊ ပြီးတော့ သိပ် မမျှော်လင့်ပေမဲ့ သူ့ဆီက လည်း သတင်းပလင်းကလေး ဘာလေး နည်းနည်းပါးပါးများ ကြားရမလားလို့ သွားတာ၊ နားရွက်ပြတ် ရောက်တဲ့ သတင်းက ကရှိုင်းဒန် တစ်မြို့လုံး သိနေလေတော့ ဆာရာဟာလည်း ဒီသတင်းကို မနေ့ကတည်းက ကြားပြီးသား ဖြစ်မှာပဲ ရတယ်၊ ပြီးတော့ ဒီနားရွက် ပါဆယ်ထုပ်ဟာ သူ့ဆီကို ပို့လိုက်တာ ဖြစ်တယ် ဆိုတာလည်း သူ သိပြီးသား ဖြစ်မှာပေါ့၊ အကယ်၍ ဆာရာဟာ ဒီကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



တရား ဥပဒေအရ ဖြစ်စေချင်တယ် ဆိုရင် ပုလိပ်ကို တိုင်မှာပဲ၊ သို့သော်လည်း ဘယ်လိုပဲ ဖြစ်ဖြစ် ကျုပ်တို့ အနေနှင့် တွေ့ဖို့ ဝတ္တရား ရှိလေတော့ သူ့ အိမ် ကို သွားရ တော့တာပေါ့၊ ဟိုရောက်တော့ ဒီပါဆယ်ထုပ် ရောက်တဲ့ သတင်းကို ကြားတာနှင့် ဆာရာဟာ ဦးနှောက်မြွေး ရောင်တဲ့ အဖျား ရောဂါနှင့် အိပ်ရာ ထဲမှာ လဲနေတာကို တွေ့ရတော့တာပဲ၊ သူ နေမကောင်း ဖြစ်တာဟာ အဲဒီ ပါ ဆယ်ထုပ် ရောက်ပြီးမှ ဖြစ်တယ် ဆိုတာကို ခင်ဗျား သတိ ထားမိတယ် မဟုတ်လား၊ ဒီတော့ ဒီအမှုနှင့် ပတ်သက်လို့ သူ တော်တော် သိထားတယ် ဆို တာ ကျုပ်တို့ အဖို့ ထင်ရှားသွားပြီဗျ၊ ပြီးတော့ ကျုပ်တို့ အဖို့လည်း သူ့ဆီက အကူအညီ ရတန်သလောက် ရအောင် စောင့်ရမယ် ဆိုတာလည်း ထင်ရှား သွားပြီ။

'သို့သော်လည်း သူ့ အကူအညီ မပါဘဲလည်း ကျုပ်တို့ လိုက်မယ် ဆိုရင်တော့ ရနိုင်ပါတယ်၊ ခုလောက်ဆို အယ်လဂါဆီကို လှမ်းမေးထားတဲ့ ကျုပ် မေးခွန်းတွေ အတွက် အဖြေတွေ ဂါတ်တဲကို ရောက်နေတယ်၊ ဂါတ်တဲ ကို ကြေးနန်း ပြန်ပါလို့ အယ်လဂါဆီကို ကျုပ် ကြေးနန်း ရိုက်ထားတယ်၊ ဒီ ထက်တော့ ပြည့်စုံနိုင်မှာ မဟုတ်တော့ဘူး၊ သူ့ကြေးနန်းထဲမှာ မစ္စက် ဗရောင်း နားရဲ့ အိမ်ကို ပိတ်ထားတာ သုံးရက်လောက် ရှိသွားပြီတဲ့၊ အိမ်နီးနားချင်း တွေကတော့ သူ့ ဆွေမျိုးတွေဆီကို သွားနေတယ်လို့ ထင်တယ်တဲ့၊ သင်္ဘော ကိုယ်စားလှယ် ရုံးတွေကို စုံစမ်းကြည့်တော့ ဗရောင်းနားလည်း မေဒေး သင်္ဘော နှင့် ထွက်သွားပြီတဲ့၊ ဒီအတိုင်း ဆိုရင်တော့ ဗရောင်းနားဟာ မနက်ဖြန် ည လောက်မှာ လန်ဒန်ကို သင်္ဘောနှင့် ရောက်လာလိမ့်မယ် ထင်တယ်၊ ရောက် ရင်တော့ ခင်ဗျားလူ ဗရောင်းနား သင်္ဘောက ဆင်းဆင်းချင်း လက်စထရိတ် နှင့် တွေ့တော့မှာပဲ၊ လက်စထရိတ် ဆိုတဲ့ လူက ဒါမျိုးကျရင် နည်းနည်းမှ အလွတ်ပေးမှာ မဟုတ်ဘူး၊ အဲဒီအခါ ကျရင်တော့ ကျုပ်တို့ တွေးလုံးကလေး တွေထဲမှာ လိုနေတဲ့ ကွက်လပ်ကလေးတွေလည်း ဖြည့်ပြီးသား ဖြစ်သွားတော့ မှာပဲ'

နောက်တစ်နေ့တွင် ရှားလော့ဟုမ်း မျှော်လင့်သည့်အတိုင်း ဖြစ်လာခဲ့ လေ၏။ နှစ်ရက် ကြာသည့် အခါတွင် လက်စထရိတ်ထံမှ စာအိတ်ထူထူကြီး တစ်ခု ရောက်လာသည့် အတွက် ဖောက်ဖတ်လိုက်သည့် အခါတွင် ရှားလော့ ဟုမ်းထံ ရေးပေးလိုက်သည့် စာတိုကလေးနှင့် တကွ လက်နှိပ်စက် ရိုက်ထား သည့် ဖူးစကက် စာရွက်များကို တွေ့ရလေ၏။



ရှားလော့ဟုမ်းက ကျွန်ုပ်ကို လှမ်းကြည့်လိုက်ပြီးနောက်

'ဟိုလူတော့ လက်စထရိတ် လက်ထဲကို ရောက်သွားပြီဗျို့၊ သူ့ဆီက စာကို နားထောင်ကြည့်စမ်း၊ စုံထောက်ကြီး မစ္စတာ ဟုမ်း ခင်ဗျား၊ ကျွန်တော် တို့ တွေးလုံးများ မှန် မမှန် စမ်းသပ် စစ်ဆေးကြည့်ရန် ကျွန်တော်တို့ ချမှတ် ခဲ့သည့် စီမံကိန်းများ အတိုင်း … အမယ်၊ အိုင်ဒီဆေးရေ ကျွန်တော်တို့ ဆိုပါက လားဗျ၊ တော်တော် ဆိုတဲ့ စာပဲ၊ မနေ့ည ညနေ ခြောက်နာရီတွင် အဲလဘတ် ဆိပ်ကမ်းသို့ ကျွန်တော် ဆင်းသွားခဲ့ပါသည်၊ ဆိပ်ကမ်းသို့ ရောက်လျှင် လီဗာပူ လန်ဒန် မီးသင်္ဘော ကုမ္ပဏီပိုင် မေဒေး သင်္ဘောပေါ်သို့ တက်သွားပြီး စုံစမ်းရာ သင်္ဘော စာရေး ဂျိမ်း ဗရောင်းနားကို အဆင်သင့် တွေ့ရပါသည်၊ လမ်း တစ် လျှောက်တွင် ကယောင်ချောက်ချား ဖြစ်ကာ အလုပ်ကို ကောင်းစွာ မလုပ်နိုင် သဖြင့် သင်္ဘော မာလိန်က သူ့ကို အနား ပေးထားရသည်ဟု ဆိုပါသည်၊ သူ့ အခန်းသို့ ကျွန်တော် ဆင်းကြည့်သည့် အခါတွင် ဗရောင်းနားမှာ ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်လျက် သေတ္တာ တစ်လုံးပေါ်တွင် ထိုင်နေသည်ကို တွေ့ ရပါသည်၊ တစ်ကိုယ်လုံးမှာလည်း ယိမ်းထိုးလျက် ရှိပါသည်၊ ဗရောင်းနားမှာ ကိုယ်လုံး ကိုယ်ပေါက် တောင့်၍ အတော် ဗလကောင်းသူ တစ်ယောက် ဖြစ် ပြီးလျှင် မုတ်ဆိတ်ကို သပ်ရပ်စွာ ရိတ်ထားပါသည်၊ ဒိုဘီသမား အမှုတွင် ကျွန်တော်တို့အား ကူညီခဲ့သည့် အဲလဒရစ်ကဲ့သို့ပင် အသား အတော်ကလေး ညိုပါသည်၊ ကျွန်တော် လာသည့် ကိစ္စကို သိသည့် အခါတွင် ဗရောင်းနားသည် ထခုန်လိုက်သဖြင့် ကျွန်တော်လည်း ထောင့်တွင် အသင့် စောင့်နေသည့် ဆိပ် ကမ်း ပုလိပ်များကို ဝီစီ မှုတ်၍ ခေါ်ရပါသည်၊ သို့ရာတွင် ဗရောင်းနားမှာ သူ ဘာလုပ်နေသည်ကို ကောင်းကောင်း သတိရဟန် မတူပါ၊ ကျွန်တော်တို့က လက်ထိတ်ခတ်သည့် အခါတွင် လက်ကို အသာ ထုတ်ပေးပါသည်၊ ကျွန်တော် တို့ သူ့ကို ဂါတ်တဲသို့ ခေါ်လာခဲ့ပါသည်၊ သေတ္တာထဲတွင် တစ်စုံတစ်ရာ ပါမည် ထင်သဖြင့် သူ့ သေတ္တာကိုလည်း ယူလာခဲ့ပါသည်၊ သို့ရာတွင် သေတ္တာထဲတွင် သင်္ဘောသားများ သုံးသည့် ဓားမြှောင်ချွန်ချွန် တစ်ချောင်းမှ အပ အခြား ဘာ မှု မတွေ့ရပါ၊ ဌာနသို့ ရောက်သည့် အခါ၌ သူကိုယ်တိုင်ကပင် ဖြောင့်ချက် ပေးမည် ဆိုသဖြင့် ကျွန်တော်တို့ အတွက် ထူးထူးထွေထွေ သက်သေခံပစ္စည်း ရှာစရာ မလိုတော့ဟု ထင်ပါသည်၊ ယခု သူ့ ဖြောင့်ချက်ကို ကျွန်တော်တို့ ဌာနမှ လက်ရေးတို စာရေး လိုက်ရေးထားသည့် အတိုင်း ကူးယူ ပို့လိုက်ပါ သည်၊ သူ့ ဖြောင့်ချက်ကို လက်နှိပ်စက်ဖြင့် ကော်ပီ သုံးခု ရိုက်ထားရာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုကို စုံထောက်ကြီးထံ ပို့လိုက်ပါသည်၊ ကျွန်တော် ထင်ခဲ့သကဲ့သို့ပင် အမှုမှာ ခပ်စင်းစင်း ဖြစ်ပါသည်၊ သို့တိုင်အောင် ယခု အမှုတွင် စုံထောက်ကြီး ပါဝင်ကူညီခဲ့သည့် အတွက် များစွာ ကျေးဇူးတင်ရှိပါသည်၊ လေးစားလျက်၊ သင်၏ စစ်မှန်သော လက်စထရိတ်။

'အင်း၊ အမှုကတော့ တကယ် ခပ်စင်းစင်းပါပဲ၊ ဒါပေမဲ့ ခင်ဗျားလူ ပြောလို့သာ ပြောတာပါဗျာ၊ ကျုပ်တို့ဆီကို လာတုန်းက အမှုက ဒီလောက် လွယ်မယ်လို့ မထင်ပါဘူး၊ ဒါကြောင့် ကျုပ်တို့ဆီကို ပြေးလာတာပေါ့၊ အင်း ဘယ်လိုပဲဖြစ်ဖြစ် တရားခံ ဗရောင်းနားက ဘယ်လိုများ ဖြောင့်ချက်ပေးသလဲ ဆိုတာ ဖတ်ကြည့်ရသေးတာပေါ့၊ ဟောဒါက ရက်ဝဲ ပုလိပ်ဌာနမှာက အင်စပက်တော် မောင်ဂိုမာရီ ရှေ့မှာ ပေးတဲ့ ဖြောင့်ချက်ဗျ၊ ပါးစပ်က လက်တန်း ပြောသွားတာ ဆိုတော့ ပိုပြီး ကောင်းတာပေါ့'

''ခင်ဗျာ၊ ကျွန်တော် ဘာပြောစရာ ရှိသလဲ၊ ဟုတ်လား၊ ရှိတာပေါ့ ခင်ဗျာ၊ သိပ်ရှိတာပေါ့၊ ကျွန်တော်ကလည်း ပြောချင်နေတာမှ အူကို ယားနေတာပဲ၊ ကျွန်တော့်ကို ကြိုးစင် တင်ချင်လည်း တင်ကြပါ၊ မတင်ဘူး ဆိုရင်တော့ ကျွန်တော့်ကို ဘာမှ အနှောင့်အယှက် မပေးကြပါနှင့်၊ ခင်ဗျားတို့ လုပ်တာတွေ၊ ထောင်တွေ၊ ကြိုးစင်တွေကို ကျွန်တော် ဘာမှ ဂရုမစိုက်ဘူး၊ ဒီကိစ္စ ပြီးကတည်းက ကျွန်တော် တစ်မှေးမှ အိပ်လို့ မရသေးဘူး၊ ဒီကိစ္စကို ကျွန်တော် မပြောရ မချင်းလည်း အိပ်လို့ ပျော်မှာ မဟုတ်ဘူး၊ တစ်ခါတလေကျတော့ မျက်စိထဲမှာ ဒီကောင့် မျက်နှာကို မြင်မြင်နေတယ်၊ တစ်ခါတလေကျတော့လည်း ကျွန်တော့် မိန်းမ မျက်နှာကို မြင်နေတယ်၊ ဒီကောင်က မျက်မှောင်ကြီး ကုတ်လို့၊ ကျွန်တော့် မိန်းမကတော့ အံ့သြ အသနားခံတဲ့ မျက်နှာနှင့် ကျွန်တော့်ကို ကြည့်နေတယ်၊ အေးလေ၊ သူ့ကို အရိပ်တကြည့်ကြည့်နှင့် အမြဲ ချူပြီးနေတဲ့ ကျွန်တော့် မျက်နှာပေါ်မှာ ကြောက်စရာကို မြင်တော့ သူ့ အနေနှင့် အံ့သြမယ် ဆိုလည်း အံ့သြမှာပေါ့။

''ဒါပေမဲ့ ခုလို ဖြစ်ရတာကတော့ သူ့ကြောင့် ဖြစ်ရတာ မဟုတ်ဘူးဗျ၊ ဆာရာကြောင့် ဖြစ်ရတာ၊ ဒီမိန်းမတော့ ဘေးဆိုး တွေ့ပါစေ၊ သွေးကြောထဲမှာတွင် သွေးတွေ ပုပ်ပါစေဗျာ၊ ဒီလို ပြောလို့ ကျွန်တော့်မှာလည်း အပြစ် မရှိဘူးလို့ ကျွန်တော် မဆိုလိုပါဘူး၊ ကျွန်တော်ဟာ အရက် သောက်တယ်၊





သောက်တာမှ လူမှန်း သူမှန်း မသိအောင် သောက်တဲ့ ကောင် ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော် ဘယ်လောက်ပဲ သောက် သောက် ကျွန်တော့် မိန်းမဟာ ကျွန်တော့်ကို ဘယ်တော့မှ ဗွေမယူဘူး၊ အမြဲ ခွင့်လွှတ်တယ်၊ ခုတော့ ဆာရာ ဆိုတဲ့ မိန်းမ ကြောင့် ဒီလို ဖြစ်ရတာ၊ သူ ကျွန်တော်တို့ အိမ်ကို ရောက်လာလို့ ဒီလို ဖြစ်ရတာ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဆာရာ ဆိုတဲ့ မိန်းမက ကျွန်တော့်ကို တစ်ဖက်သတ် ကြိုက်နေတာကိုးဗျ၊ ခုကိစ္စ ဖြစ်တာ အဲဒါကြောင့် ဖြစ်ရတာ၊ ဒါပေမဲ့ ကျွန်တော် သူ့ကို မကြိုက်ပါဘူး၊ ရွှံ့ဗွက်ရာထဲက ကျွန်တော့် မိန်းမ ခြေရာ ကလေးလောက်တောင် သူ့ခန္ဓာကိုယ် တစ်ခုလုံးကို ကျွန်တော် တန်ဖိုး မထားဘူး၊ ဒါကို သူ သိသွားတာနှင့် ကျွန်တော့်ကို တစ်ဖက်သတ် ကြိုက်ခဲ့တဲ့ ဆာရာ ဟာ ကျွန်တော့်ကို အမုန်းကြီး မုန်းသွားတာပါပဲ။

''အဲဒီတုန်းက သူတို့ ညီအစ်မ သုံးယောက် အတူတူ နေတယ် ခင်ဗျ၊ အကြီးကတော့ သဘောကောင်းကြီးပါ၊ အလတ်မကတော့ တကယ့် မိန်းမယုတ် ခင်ဗျ၊ အငယ်ဆုံး ကျွန်တော့် မိန်းမက မိန်းမမြတ်၊ ကျွန်တော် လက်ထပ်တုန်းက ဆာရာက သုံးဆယ့်သုံးနှစ်၊ ကျွန်တော့် မိန်းမ မေရီက နှစ်ဆယ့်ကိုးနှစ်၊ ကျွန်တော်တို့ဘာသာ အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် နေနိုင်တော့ ကျွန်တော်တို့ လင်မယား ပျော်လိုက်တာလေ၊ မိုးမမြင် လေမမြင်ပဲ၊ လီဗာပူ တစ်မြို့လုံးမှာ မေရီလောက် တော်တဲ့ မိန်းမ တစ်ယောက်မှတောင် မရှိဘူးလို့ ထင်မိတယ်၊ ဒီတုန်းမှာ ကျွန်တော်တို့က ဆာရာကို တစ်ပတ်လောက် အလည် လာနေဖို့ ခေါ်ခဲ့မိတယ်၊ တကယ်ကျတော့ တစ်လလောက် ကြာသွားတယ်၊ ကျွန်တော်တို့ဆီ လာနေတဲ့ အတောအတွင်းမှာ ကျွန်တော်နှင့် တော်တော် ရင်းနှီးပြီး အိမ်သား တစ်ယောက်လို ဖြစ်သွားခဲ့တယ်။

''အဲဒီတုန်းကတော့ ကျွန်တော်ကလည်း ငွေကလေးက ရွှင်တာပေါ့ ခင်ဗျာ၊ အားလုံး အဆင်ကို ပြေနေတာပဲ၊ ဒီလို ကြမ္မာမျိုးနှင့် ကြုံရလိမ့်မယ်လို့ ဘယ်ထင်မလဲ၊ ဘယ်သူ စိတ်ကူးမိမလဲ။

''သီတင်းကုန်ရက်တွေမှာ ကျွန်တော် အိမ်ကို မကြာခဏ ပြန်လာ တတ်ပါတယ်၊ တစ်ခါတလေ သင်္ဘောက ဆိပ်ကမ်းမှာ ကုန်တင် ကုန်ချ လုပ်နေလို့ ရှိရင် သီတင်း တစ်ပတ်လုံးလိုလို အိမ်မှာ ရှိနေတတ်တယ်၊ ဒီလိုနှင့် ကျွန်တော်ဟာ ကျွန်တော့် မရီး ဆာရာနှင့် တွေ့ တွေ့နေရတယ် ခင်ဗျ၊ ဆာရာ က အရပ် မြင့်မြင့်၊ ရုပ်ချောချော၊ အသား ညိုညိုနှင့်၊ စိတ်က မြန်လည်း မြန် ထက်လည်း ထက်တဲ့ မိန်းမ တစ်ယောက် ခင်ဗျ၊ လမ်းလျှောက်ပုံကိုက ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ ခေါ့်ပြီး လျှောက်တာ၊ သူ့ကို ကြည့်လိုက်ရုံနှင့် မာန တော်တော် ကြီးတဲ့ မိန်းမ ဆိုတာ သိနိုင်တယ်၊ မျက်လုံးကလည်း တော်တော် ကောင်းတယ်၊ မီးပွားများ လက်သလို လက်နေတာပဲ၊ ဒါပေမဲ့ ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ၊ ကျွန်တော့် မိန်းမ မေရီက လွဲရင် သူ့ကို စိတ်မဝင်စားရိုး အမှန်ပါ။

"ဒါပေမဲ့ တစ်ခါတလေတော့ သူ့ကို ကြည့်ရတာ ကျွန်တော်နှင့် နှစ်ယောက်တည်း နေချင်တဲ့ အရိပ်အယောင်တွေ ပြတယ် ခင်ဗျ၊ တစ်ခါတလေ သူနှင့် လမ်းလျှောက်လိုက်ခဲ့ဖို့ ခေါ်တာတွေ ရှိတယ်၊ ဒါပေမဲ့ ကျွန်တော် စိတ်မဝင်စားပါဘူး။

"တစ်နေ့ ညနေကျတော့ ကျွန်တော်လည်း တော်တော် အံ့ဩ သွားတယ် ခင်ဗျ၊ ကျွန်တော် သင်္ဘောက ပြန်လာတော့ အိမ်မှာ ကျွန်တော့် မိန်းမ မေရီကို မတွေ့ရဘူး၊ သူ တစ်ယောက်တည်းပဲ ရှိတယ်၊ ဒီတော့ ကျွန်တော်က မေရီ ဘယ်သွားသလဲလို့ မေးတယ်၊ အကြွေး ဆပ်စရာ ရှိလို့ အပြင် ထွက်သွားတယ်တဲ့၊ ကျွန်တော်လည်း စိတ်တိုတိုနှင့် အခန်းထဲမှာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေမိတယ်၊ ဒီတော့ သူက မေရီ မရှိဘဲနှင့် ငါးမိနစ်လောက်တောင် မနေနိုင်ဘူးလားတဲ့၊ ကိုယ့် မိန်းမကို ဒီလောက်တောင်ပဲ ချစ်သလားတဲ့၊ သူနှင့် ဒီလောက်ကလေး နေရတာတောင် မနေနိုင်တော့ဘူးလားတဲ့၊ နေပါတယ်လို့ ကျွန်တော်က ပြောပြီး သူ ကျေနပ်ပါစေတော့ ဆိုပြီး သူ့လက်ကို အသာအယာ ကိုင်ပြီး တောင်းပန်ပါတယ်၊ ဒါပေမဲ့ သူက သူ့ လက်နှစ်ဖက်ကို ကျွန်တော့် လက်ထဲ အတင်း ထည့်တယ် ခင်ဗျ၊ သူ့ လက်တွေကို စမ်းကြည့်လိုက်တော့ အဖျားတက်သလို ပူလို့ ခင်ဗျ၊ ဒါနှင့် ကျွန်တော် သူ့ မျက်လုံးတွေကို ကြည့်လိုက်မိတယ်၊ ချက်ချင်း ကျွန်တော် ရိပ်မိလိုက်ပါပြီ၊ စကား ပြောဖို့တောင် မလိုတော့ပါဘူး၊ ဒါနှင့် ကျွန်တော်လည်း မျက်မှောင်ကို ကုတ်ပြီး လက်ကို ပြန်ရုပ်လိုက်တယ်၊ ဒီတော့ သူက ကျွန်တော့် ဘေးမှာ အကြာကြီး စကား မပြောဘဲ ရပ်နေတယ်၊ ပြီးတော့မှ ပခုံးကို ပုတ်ပြီး ဒီလိုလား ဆိုပြီး လှောင်ရယ် ရယ်ပြီး အခန်းထဲက ပြေးထွက်သွားတယ် ခင်ဗျ။

"အဲဒီ အချိန်က စပြီး ဆာရာဟာ ကျွန်တော့်ကို အမုန်းကြီး မုန်းသွားတော့တာပါပဲ၊ ဆာရာဟာ မုန်းမိပြီ ဆိုရင်လည်း တော်တော် မုန်းနိုင်တဲ့ မိန်းမ ခင်ဗျ၊ ဒီတော့မှ ဆာရာကို ကျွန်တော်တို့နှင့် လာနေခွင့် ပြုလိုက်တာ မှားပြီလို့ ကျွန်တော် သဘော ပေါက်လိုက်ပါတယ်၊ ဒါပေမဲ့ ဒီအကြောင်းကို မေရီကို ယောင်လို့တောင်မှ လေသံ မဟခဲ့ပါဘူး၊ သူ ကြားရင် စိတ် ထိခိုက်





လိမ့်မယ် ဆိုပြီး အသာပဲ နေခဲ့ပါတယ်၊ ဒီလိုနှင့် ကျွန်တော်တို့လည်း ပုံမှန် အတိုင်း နေလာခဲ့ကြပါတယ်။

"ဒါပေမဲ့ တော်တော်လေး ကြာတဲ့ အခါကျတော့ ကျွန်တော့် မိန်းမ မေရီ အမူအရာ ပြောင်းလာတယ် ခင်ဗျ၊ ကျွန်တော့် မိန်းမဟာ အင်မတန် ရိုးပြီး အင်မတန် ယုံတတ်တဲ့ မိန်းမ၊ ဒါပေမဲ့ ခုတော့ ဒီလို မဟုတ်ဘူး ခင်ဗျ၊ ကျွန်တော့်ကို သင်္ကာမကင်း ဖြစ်လာတယ်၊ ဘယ်သွားနေသလဲ ဘာလဲ စသဖြင့် အမေး အမြန်း ထူလာတယ်၊ စာ လာရင်လည်း ဘယ်က စာလဲ ဘာလဲနှင့် မေးပြီး အင်္ကျီ အိတ်ကပ်ထဲ ဟိုရှာ သည်ရှာ လုပ်လာတယ်၊ ဒီလိုနှင့် မေရီဟာ တစ်နေ့ထက် တစ်နေ့ မနာလို ဝန်တို ဖြစ်လာပြီး လင်မယား တကျက်ကျက် ဖြစ်လာကြတာပဲ၊ ကျွန်တော်လည်း နည်းနည်း စိတ်ညစ်လာတာပေါ့ ခင်ဗျာ၊ ဆာရာကတော့ ကျွန်တော်နှင့် မျက်နှာချင်း မဆိုင်မိအောင် ရှောင်တယ် ခင်ဗျ၊ သူတို့ ညီအစ်မချင်းကတော့ တတွဲတွဲပေါ့လေ၊ ဒီတော့မှ ဆာရာဟာ ကျွန်တော့် မိန်းမ မေရီကို မဟုတ်တရုတ်တွေ ပြော၊ တို့မီး ရှို့မီး လုပ်နေတာပဲ ဆိုတာ ကျွန်တော် သဘောပေါက်လာတယ်၊ ဒါပေမဲ့ ကျွန်တော်ကလည်း ခပ်အအ ဆိုတော့ အဲဒီတုန်းကတော့ ဒီအကြောင်းတွေကို မသိသေးဘူးပေါ့လေ၊ ဒီတွင် ကျွန်တော်လည်း စိတ်ပျက်ပျက်နှင့် အရက်ကို ပြန်သောက်တယ် ခင်ဗျ၊ ဒါပေမဲ့ မေရီသာ အလျင်တုန်းကလို ကျွန်တော့် အပေါ်မှာ ကြင်ကြင်နာနာ ယုံယုံကြည်ကြည် ဆိုရင် ပြန်သောက်မိမှာ မဟုတ်ပါဘူး၊ မေရီကို ကြည့်ရတာက ကျွန်တော့်ကို တော်တော် စက်ဆုပ် စိတ်ကုန်နေတဲ့ ပုံပဲ ခင်ဗျ၊ ဒီတုန်းမှာ အဲလက် ဖဲယားဗိန်း ဆိုတဲ့လူ ရောက်လာတော့ ဇာတ်က ပိုရှုပ်လာတော့တာပဲ ခင်ဗျ။

"အစတုန်းကတော့ သူ ကျွန်တော်တို့ အိမ်ကို လာတာ ဆာရာကြောင့် လာတာပါပဲ၊ ဒါပေမဲ့ နောက်တော့ ကျွန်တော်တို့နှင့် ခင်သွားပါတယ်၊ လူက သွားလေရာရာမှာ အပေါင်းအသင်းလည်း ဆုံ၊ ဂိုက်ကလည်း ဖြောင့်တဲ့ အပြင် စကားပြောကလည်း ကောင်းတယ် ခင်ဗျ၊ သူက ကမ္ဘာ တစ်ဝက်လောက် အနှံ့ ခရီး သွားဖူးတော့ ပြောစရာတွေကလည်း အများကြီးပေါ့ ခင်ဗျာ၊ ပေါင်းလို့ သင်းလို့လည်း ကောင်းပါတယ်၊ ဒါကို ကျွန်တော် မငြင်းလိုပါဘူး၊ ပြီးတော့ သင်္ဘောသားလို့သာ ပြောရတယ်၊ အင်မတန် ရည်ရည်မွန်မွန်လည်း ရှိပါတယ်၊ ဒီတော့ ဖဲယားဗိန်းဟာ သင်္ဘော မလိုက်ခင်တုန်းက အထက်တန်းစား အသိုင်းအဝိုင်းမှာ ကျင်လည်ခဲ့ဖူးဟန် တူတယ်လို့ ကျွန်တော် တွေးလိုက်မိပါတယ်၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လိုနှင့် ကျွန်တော်တို့ အိမ်ကို ဝင်ထွက်နေလိုက်တာ တစ်လလောက် ကြာသွားပါတယ်၊ သူ့ကို ကြည့်ရတာကလည်း ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ဆိုတော့ ဆိုးဆိုးရွားရွား မဖြစ်တန်ကောင်းဘူးလို့ ကျွန်တော် ထင်ခဲ့မိတာပေါ့ ခင်ဗျာ၊ နောက်ဆုံးတော့ ကျွန်တော် သူ့ကို နည်းနည်း မသင်္ကာ ဖြစ်လာတယ်၊ အဲဒီ နောက်ပိုင်းက စပြီး ကျွန်တော့် စိတ်တွေ ဂနာမငြိမ် ဖြစ်ပြီး သောက ရောက်ခဲ့ရတာပါပဲ ခင်ဗျာ။

''ကိစ္စကတော့ အသေးအဖွဲကလေးပါ၊ တစ်နေ့တော့ ကျွန်တော် အိမ်ကို ပြန်လာပါတယ်၊ ခြေသံကို ကြားတော့ ကျွန်တော့် မိန်းမ မေရီရဲ့ မျက်နှာဟာ ဝင်းထိန်သွားတယ် ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော်မှန်းလည်း သိရော သူ့ မျက်နှာဟာ ချက်ချင်း ပြန်ပုပ်သွားတယ် ခင်ဗျ၊ ပြီးတော့ စိတ်ပျက်လက်ပျက်နှင့် မျက်နှာကို တစ်ဖက် လှည့်သွားတယ်၊ ဒီလောက်ဆိုရင် ကျွန်တော် ရိပ်မိပါပြီ၊ ကျွန်တော့် ခြေသံကို ဖဲယားဗိန်း ခြေသံ ထင်ပြီး သူ ဝမ်းသာသွားတာကိုး၊ အဲဒီတုန်းကသာ ကျွန်တော့် အနားမှာ ဖဲယားဗိန်း ရှိရင် သူ့ကို အသေ သတ်မိမှာ အမှန်ပဲ ခင်ဗျ၊ ကျွန်တော့် စိတ်ကို ကျွန်တော် သိတယ်၊ ကျွန်တော်က စိတ်ဆိုးမိရင် ဘာကိုမှ မဆင်ခြင်နိုင်တော့ဘူး၊ အရူးကြီးလို ဖြစ်တတ်လွန်းလို့၊ မေရီက ကျွန်တော့် အကြောင်း သိတော့ ကျွန်တော့် အနား ပြေးလာပြီး ဟိုလုပ် ဒီလုပ်တွေ မလုပ်နှင့်နော်လို့ ပြောတယ်၊ ကျွန်တော်က ဆာရာ ဘယ်မှာလဲလို့ မေးတော့ မီးဖိုထဲမှာတဲ့၊ ဒီတော့ ကျွန်တော်လည်း မီးဖိုထဲကို လိုက်သွားပြီး ဒီမှာ ဆာရာ၊ ခင်ဗျား ကျွန်တော်တို့ အိမ်မှာ လာနေတုန်း ဒီဖဲယားဗိန်း ဆိုတဲ့ ကောင်ကို အိမ်ရိပ် မနင်းပါစေနှင့်လို့ ပြောတော့ ဘာဖြစ်လို့လဲတဲ့၊ ကိုယ့် မိတ်ဆွေတွေ ဒီအိမ်ကို လာတာ မကြိုက်ရင် ကိုယ်လည်း မနေရဲ့ပေါ့လို့ ပြောတယ်၊ ဒါကတော့ ခင်ဗျား သဘောပဲ၊ ဒါပေမဲ့ နောက်တစ်ခါ ဒီကောင် ကျွန်တော့် အိမ်ကို လာရင်တော့ နားရွက်ကို ဖြတ်ပြီး ခင်ဗျားဆီကို သိမ်းထားဖို့ ပို့လိုက်မယ်လို့ ကျွန်တော်က ပြန်ပြောလိုက်တယ်၊ သူလည်း ကျွန်တော့် မျက်နှာကို ကြည့်ပြီး တော်တော် လန့်သွားပုံ ရတယ် ခင်ဗျ၊ ဘာမှ မပြောတော့ဘူး၊ အဲဒီနေ့ ညနေပဲ အိမ်ပေါ်က ဆင်းသွားတယ်။

''ဒီမိန်းမရဲ့ ပင်ကိုကပဲ စိတ်ထား ယုတ်လို့လား သို့မဟုတ် ကျွန်တော့် မိန်းမကို မြှောက်ပင့်ပေးပြီး ကျွန်တော့်ကိုပဲ စိတ်ဒုက္ခ ရောက်အောင် လုပ်ချင်လို့လားတော့ မသိဘူးပေါ့လေ၊ ကျွန်တော်တို့နှင့် နှစ်လမ်းခြားမှာ အိမ်တစ်လုံး ငှားထားတယ် ခင်ဗျ၊ ဖဲယားဗိန်းက သူ့ အိမ်မှာ လာတည်းတတ်တယ်၊ မေရီ





ကလည်း အဲဒီကို သွား သွားပြီး သူ့ အစ်မနှင့် ဖဲယားဗိန်းတို့နှင့် သွားသွားပြီး ဆက်ဆံရည် သောက်တတ်တယ်၊ ဘယ်နှကြိမ် ဘယ်နခေါက် သွားနေတယ်ဆိုတော့ ကျွန်တော် မသိဘူးပေါ့လေ။

''ဒါပေမဲ့ တစ်နေ့ ကျွန်တော် လိုက်သွားတဲ့ အခါကျတော့ ဖဲယားဗိန်း ဆိုတဲ့ ကောင်ဟာ ကျွန်တော့်ကိုလည်း မြင်လိုက်ရော နောက်ဖေးပေါက်ကနေ သုတ်သုတ် သုတ်သုတ်နှင့် ဆင်းပြေးတယ် ခင်ဗျ၊ သတ္တိ ကြောင်လိုက်ပုံတော့ မပြောပါနှင့်တော့ဗျာ၊ အမြီးကို ကုပ်နေတာပဲ၊ ကျွန်တော်လည်း ကျွန်တော့် မိန်းမကို ဒီကောင်နှင့် အဆက်အဆံ မလုပ်ရဘူး၊ နောက်တစ်ခါ တွေ့ရင် သတ်အပစ်ပဲလို့ ကြိမ်းမောင်းပြီး ပြန်ခေါ်လာတယ်၊ သူလည်း ငိုယိုပြီး လိုက်လာတယ် ခင်ဗျ၊ မျက်နှာကလည်း ဖြူဖပ်ဖြူရော်နှင့်၊ ကျွန်တော်တို့ နှစ်ယောက်လည်း အဲဒီကတည်းက ကြင်ကြင်နာနာရယ်လို့ သိပ်မရှိလှတော့ပါဘူး၊ သူ့ ကြည့်ရတာကလည်း ကျွန်တော့်ကို ကြောက်လည်း ကြောက် မုန်းလည်း မုန်းနှင့် တူပါရဲ့၊ ဒီအထဲမှာ ကျွန်တော်ကလည်း အရက် ပြန်သောက်တော့ ကျွန်တော့်ကို တော်တော်ကြီး စက်ဆုပ်သွားဟန် တူပါတယ်။

''ဒီတုန်းမှာ ဆာရာကလည်း လီဗာပူးမှာ နေလို့ ထိုင်လို့ ဟန်မကျတာနှင့် ကရွိုင်ဒန်မှာ ရှိတဲ့ သူ့ အစ်မကြီးနှင့် သွားနေဟန် တူတယ်၊ ကျွန်တော်တို့ အိမ်မှာလည်း လင်မယား နှစ်ယောက် မသင့်မမြတ် ဖြစ်ပြီး ကျွန်ရစ်ခဲ့ကြတာပေါ့၊ ပြီးခဲ့တဲ့ အပတ်ကတော့ ကျွန်တော်တို့ အားလုံး ဒုက္ခရောက်ကြတဲ့ အခြေကို ရောက်လာတော့တာပါပဲ ခင်ဗျာ။

''ဖြစ်ပုံက ဒီလို ခင်ဗျ၊ ကျွန်တော်တို့ တစ်သိုက် မေဒေးနှင့် တစ်ပတ်လောက် ခရီး ထွက်စရာ ရှိတယ်၊ ဒါပေမဲ့ သင်္ဘောက စက်ချွတ်ယွင်းသွားလို့ ဆယ့်နှစ်နာရီလောက် ရွှေ့ဆိုင်းလိုက်ရတယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း အိမ်ကို ပြန်လာခဲ့တာပေါ့ ခင်ဗျာ၊ ကျွန်တော့် မိန်းမတော့ ကျွန်တော့်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရရင် ဝမ်းသာမှာပဲလို့ ထင်တာပေါ့လေ၊ ဒါနှင့် ကျွန်တော်လည်း ဒီလို တွေးရင်း လမ်းထဲ ဝင်လိုက်တော့ ကျွန်တော့် အနားက ရထားတစ်စင်း ဖြတ်မောင်းသွားတယ် ခင်ဗျ၊ ကြည့်လိုက်တော့ ကျွန်တော့် မိန်းမ မေရီရယ်၊ ဖဲယားဗိန်းနှင့် အတူ ထိုင်လို့၊ ရယ်လို့ မောလို့ ကြည်သွားလိုက်ကြတာ ခင်ဗျာ၊ ပလက်ဖောင်းပေါ်ကနေ ရပ်ကြည့်နေတဲ့ ကျွန်တော့်ကိုတောင် မမြင်ကြတော့ဘူး။

''အဲဒီ အချိန်ကတည်းက ကျွန်တော့် စိတ်ကို ကျွန်တော် အစိုး မရ



www.burmeseclassic.com

www.burmeseclassic.com



တော့အဲ စိတ်ရိုင်းတွေ ဝင်လာခဲ့တာပဲ ခင်ဗျာ၊ တကယ်ပါ ခင်ဗျာ၊ ကျွန်တော့် စိတ်ထဲမှာ ဘယ်လို ဖြစ်နေမှန်း မသိဘူး၊ ခု ပြန်တွေးရင်တောင် ရင်ထဲမှာ ဗလောင် ဆူနေသေးတယ်၊ ကျွန်တော်လည်း အရက်ကို မူးအောင် သောက်ပစ် လိုက်တယ်၊ ခု ကျွန်တော့် ခေါင်းထဲမှာ သဘော်ကျင်း အလုပ်သမား တူကြီး ထုနေသလို တဒိန်းဒိန်း မြည်နေတယ်၊ အဲဒီနေ့ မနက်ကတော့ ကျွန်တော့် ရင် ထဲမှာ နိုင်ယာဂါရာ ရေတံခွန်ကြီးများ ကျနေသလို တဝုန်းဝုန်း နေတာပဲ ခင်ဗျ။

"ဒါနှင့် ကျွန်တော်လည်း ကြောင်ကြည့်နေရာကနေပြီး ရထား နောက် ကို ပြေးလိုက်သွားတယ် ခင်ဗျ၊ ကျွန်တော့် လက်ထဲမှာလည်း ဝက်သစ်ချသား အနှစ်နှင့် လုပ်ထားတဲ့ လက်ကိုင် တုတ်ကြီး ပါလာတယ်၊ အစတုန်းကတော့ နောက်က ခြောင်လိုက်သွားမလို့ပါပဲ၊ ဒါပေမဲ့ ပြေးလိုက်ရင်း စိတ်ကူး တစ်ခု ပေါ်လာတယ်၊ နောက်က သူတို့ မသိအောင် နောက်ယောင်ခံ လိုက်မယ် ဆိုပြီး သူတို့ ခပ်လှမ်းလှမ်းက ကျွန်တော် လိုက်လာခဲ့တယ်၊ မြင်းရထားက ဘူတာရုံ ရှေ့မှာ ရပ်တယ် ခင်ဗျ၊ ဘူတာမှာ ဆိုတော့ လူတွေကလည်း ရှုတ်ရှုတ်သဲသဲ ဆိုတော့ ကျွန်တော်လည်း လူအုပ်ထဲ ရောပြီး သူတို့ မမြင်အောင် အသာ အကဲ ခတ် ကြည့်နေတယ်၊ သူတို့ နှစ်ယောက် ဘရိုက်တန်ကို လက်မှတ် နှစ်စောင် ဝယ်တယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း သူတို့နောက် ရထားတွဲ သုံးတွဲမှာ လက်မှတ် ဝယ်ပြီး တက်လိုက်သွားတယ်၊ ဘရိုက်တန်ကို ရောက်တဲ့ အခါကျ တော့ ဈေးထဲကို လျှောက်လည်ကြတယ်၊ ကျွန်တော်ကလည်း နောက် ကိုက် တစ်ရာလောက် အကွာက နေပြီး လိုက်သွားတယ်၊ နောက်တော့ မြစ်ဆိပ်ကို သွားပြီး လှေတစ်စင်း ငှားလှော်ကြတယ်၊ အဲဒီနေ့က ပူကလည်း ပူ ဆိုတော့ သူတို့ လေညင်းခံ ထွက်ကြတာပေါ့ ခင်ဗျာ။

"ဒီလို လုပ်လိုက်တာ သူတို့အဖို့တော့ ကံဆိုးမိုးမှောင် ကျတာပေါ့ ခင်ဗျာ၊ အဲဒီနေ့က မြူတွေကလည်း ဆိုင်းနေတယ် ခင်ဗျ၊ ရှေ့ ကိုက် တစ်ရာ နှစ်ရာလောက်ပဲ မြင်ရတယ်၊ ကျွန်တော်လည်း လှေတစ်စင်း ငှားပြီး သူတို့ နောက်က လှော်လိုက်ခဲ့လာတယ်၊ သူတို့ လှေကလည်း ရှေ့က မြန်မြန် လှော် နေတော့ ခပ်ရေးရေးပဲ မြင်ရတယ် ခင်ဗျ၊ ဒီလို လှော်လာတာ တစ်မိုင်လောက် ရောက်တော့ ကျွန်တော် သူတို့ လှေကို မီလာတယ်၊ မြစ်ပြင် တစ်ခုလုံးလည်း မြူတွေ ဆိုင်းလို့ ကန့်လန့်ကာကြီး ချထားသလို ဖြစ်နေတယ်၊ မြစ်ထဲမှာ ကျွန် တော်တို့ သုံးယောက်ပဲ ရှိတယ် ခင်ဗျ၊ သူတို့ အနား ကပ်လာတဲ့ လှေပေါ်က ကျွန်တော့်ကို မြင်လိုက်တဲ့ အခါကျတော့ သူတို့ မျက်နှာတွေ ဖြစ်နေပုံကို





ကျွန်တော်ဖြင့် ခုထိ မျက်စိထဲ မြင်နေတုန်း ခင်ဗျာ၊ ကျွန်တော့် မိန်းမကတော့ အလန့်တကြား အော်လိုက်တယ် ခင်ဗျ၊ ဖဲယားဗိန်းကတော့ ပါးစပ်က ဆဲလိုက် တယ် ထင်တာပဲ၊ ပြီးတော့ ကျွန်တော့်ကို လှေတက်နှင့် လှမ်းထိုးလိုက်တယ်၊ ကျွန်တော်က သူ့ကို အသေ သတ်တော့မယ် ဆိုတာကို သူ သိလိုက်ပြီကိုး၊ ဒါ နှင့် ကျွန်တော်လည်း ရှောင်ပြီး လက်ထဲမှာ ပါလာတဲ့ တုတ်နှင့် သူ့ ခေါင်းကို တအား ရိုက်ချလိုက်တာ၊ ဥတစ်လုံးကို ရိုက်လိုက်သလို စိစိညက်ညက်ကို ကြေ သွားတာပဲ၊ ကျွန်တော်လည်း ဘယ်လောက်ပဲ စိတ်ရိုင်း ပေါ် ပေါ် ကျွန်တော့် မိန်းမကိုတော့ ဘာမှ လုပ်ဖို့ မရည်ရွယ်ပါဘူး၊ ဒါပေမဲ့ သူက ဟိုကောင် လဲ ကျသွားတော့ ဟိုကောင်ကို ဖက်ပြီး ငိုနေတာလည်း မြင်လိုက်ရော သူ့ကိုလည်း ကျွန်တော် တအား ရိုက်ချလိုက်တာ သူ့ဘေးမှာ ပုံပြီး လဲကျသွားတာပဲ ခင်ဗျ။

"ကျွန်တော်ဟာ သွေးကို မြည်းကြည့်ဖူးတဲ့ တောရိုင်း တိရစ္ဆာန်နှင့် တူသွားပြီလေ၊ အကယ်၍ အဲဒီတုန်းက အနားမှာသာ ဆာရာ ရှိခဲ့ရင် သူလည်း သူတို့နောက်ကို လိုက်သွားရမှာပဲ၊ ဒါနှင့် ကျွန်တော်လည်း ဓားမြှောင်ကို ထုတ်၊ ထဲ ဒီလောက်ဆိုရင် ကျွန်တော် ပြောတာ ရေလည်လောက်ပြီ ထင်ပါတယ်ဗျာ၊ သူ ရှုပ်ခဲ့လို့ သူ မွှေခဲ့လို့ ဒီလို အခြေအနေကို ရောက်သွားတယ် ဆိုတာ ဆာရာများ မြင်ရင် ဘယ်လိုနေမလဲ၊ သိပ် စိတ်ထိခိုက်မှာပဲ၊ ဒီလို စိတ်ထိခိုက် သွားရင် ဘယ်လောက် အရသာ ရှိမလဲလို့ တွေးမိတယ်၊ ကျွန်တော် သူတို့ နှစ်ယောက်ရဲ့ အလောင်းကို ကြိုးနှင့် ပူးချည်၊ ပြီးတော့ ပျဉ်ပြား တစ်ချပ်နှင့် ချည်ပြီး ရေထဲ မြှုပ်သွားတော့မှ ကျွန်တော် ပြန်လာခဲ့ပါတယ်၊ လှေရှင်ကတော့ သူတို့ နှစ်ယောက် နှင်းတွေထဲမှာ လမ်းမှား လှော်သွားပြီး ပင်လယ်ဘက်ကို မျောသွားပြီလို့ အောက်မေ့မှာပဲ၊ ကျွန်တော်လည်း ကိုယ်တွေ လက်တွေကို ဆေး ကြော သုတ်သင်ပြီး ကမ်းပေါ် ပြန်တက်ခဲ့ပါတယ်၊ ပြီးတော့ ခပ်တည်တည်နှင့် သဘော်ကို ပြန်လာခဲ့တာပါပဲ၊ အဲဒီညကျတော့ ဆာရာ အတွက် နားရွက်ပြတ် နှစ်ခုကို ထုပ်၊ နောက်နေ့ကျတော့ ဘဲလဖတ် စာတိုက်ကနေပြီး ပို့လိုက်ပါ တယ်။

"ဒါဟာ တကယ့် အဖြစ်အပျက် အမှန်ပါပဲဗျာ၊ ကျွန်တော့်ကို စက် တိုင် ပို့ချင် ပို့၊ ကြိုက်သလို လုပ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် သူတို့ကို အပြစ် ပေးခဲ့သလို ခင်ဗျားတို့ ကျွန်တော့်ကို အပြစ်ပေးနိုင်မှာ မဟုတ်ပါဘူး၊ ကျွန်တော့် မျက်လုံးတွေကို မှိတ်လို့ မရဘူးဗျာ၊ မျက်လုံးတွေကို မှိတ်လိုက်ရင် သူတို့ နှစ်ယောက်က ကျွန်တော့်ကို ပြူးပြူးကြီးတွေ ကြည့်နေတာကို မြင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ ကျွန်တော်က သူတို့ကို ပွဲချင်းပြီး သေအောင် သတ်ခဲ့ပေမဲ့ သူတို့က တော့ ကျွန်တော့်ကို တဖြည်းဖြည်း ညှဉ်းသတ်နေကြတာဗျ၊ ဒီလို ညမျိုးကို နောက်တစ်ခါများ ကြုံရရင် ကျွန်တော် ရူးရင်လည်း ရူး သေရင်လည်း သေ မှာပဲ၊ ကျွန်တော့်ကို တစ်ယောက်တည်း အကျဉ်းတိုက်ထဲကိုတော့ ထည့်မထား ပါနှင့်ဗျာ၊ ကျွန်တော် တောင်းပန်ပါရစေ၊ ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် ထားတဲ့ အတွက် ခင်ဗျားတို့မှာလည်း ကောင်းကောင်းမွန်မွန် ဘဝမျိုးနှင့် ကြုံ ကြပါစေ'' '

ရှားလော့ဟုမ်းက စာရွက်များကို ချလိုက်ပြီးလျှင်

'ဘယ်လို အဓိပ္ပာယ်လဲဗျ အိုင်ဆေး၊ ရန်ငြိုးများဟာ တယ်ဆိုးပါကလား ဟင်၊ တစ်စုံတစ်ယောက်မှာ အကျိုး ရှိလို့ ရန်ငြိုး ဖွဲ့ရတယ် ဆိုလည်း အကောင်း သား၊ ခုတော့ ရန်ငြိုးဖွဲ့တဲ့ လူမှာလည်း အကျိုး မရှိ၊ အဖွဲ့ ခံရသူမှာလည်း အကျိုး မရှိ၊ ဘယ်သူမှ အကျိုး မရှိတဲ့ အတွက် ဒါတွေကို ရှောင်နိုင်ကြသလား ဆိုတော့လည်း မရှောင်နိုင်၊ လောကကြီးဟာ ကံစေစားရာကိုပဲ ခံနေရတော့မယ် ထင်ပါရဲ့၊ ကျုပ်လို လူကတော့ လောကကြီးဟာ အကျိုးအကြောင်းနှင့် ဆက်စပ် ဖွဲ့စည်းနေတယ်လို့ ယူဆထားလေတော့ ရန်ငြိုးထားခြင်းရဲ့ အကျိုးတရားကို ရှာ ရမယ်ဗျ၊ သို့သော်လည်း ရှာလို့သာ ရှာရတာပါလေ၊ ဘာအကျိုး သက်ရောက် သလဲ ဆိုတာကိုတော့ ကျုပ်လည်း မစဉ်းစားတတ်သေးဘူး၊ အင်း ဒီပြဿနာ ကို ကမ္ဘာတည်စ ကတည်းက စဉ်းစားခဲ့ကြတာ ခုထက်ထိလည်း အဖြေ မပေါ် နိုင်သေးပါကလားဗျို့'

**[မူရင်းဝတ္ထု *The Adventure of the Cardboard Box.* ရှေ့ဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'ထူးဆန်းသော နားရွက်ပြတ် နှစ်ခု' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]**



# စက်ဝိုင်းနီ



'ကဲ မစ္စက် ဝါးရင်းရေ၊ ခင်ဗျား အနေနှင့် သိပ်ပြီး စိတ် စနိုးစနောင့် ဖြစ်စရာ မလိုပါဘူး၊ ကျုပ်လည်း ဒီကိစ္စကို ဝင်စွက်စရာ အကြောင်း မရှိဘူး၊ ကျုပ်မှာ အချိန်က အဖိုး တန်ပါဘိသနှင့်၊ တခြား လုပ်စရာ ရှိ တာကလေးတွေကို လုပ်ရဦးမယ်'

ရှားလော့ဟုမ်းသည် မကြာသေးမီက သူ ရေးခဲ့သည့် စာတမ်း တစ်စောင်နှင့် ပတ်သက်၍ အညွှန်းထိုး ရေးမှတ်လျက် ရှိသည့် မှတ်စု စာအုပ် ထူထူကြီးကို ပြန် ပိတ်လိုက်ပြီးနောက် ထိုသို့ ပြောလိုက်လေ၏။

သို့ရာတွင် အမျိုးသမီးကြီးမှာ လက်မခံသေးဘဲ မိန်းမတို့ ထုံးစံ အတိုင်း လျှာရှည်လျက် ရှိလေ၏။

'မနှစ်တုန်းက ကျွန်မ အိမ်မှာ နေတဲ့ အိမ်ငှား တစ်ယောက်ရဲ့ ကိစ္စကို လည်း စုံထောက်ကြီးပဲ လိုက်ပေးခဲ့တာပါပဲရှင်၊ မစ္စတာ ဖဲယားဒေးလ် ဟော့ဗ်ရဲ့ ကိစ္စလေ'

'သြော် ဟုတ်ပြီ၊ အဲဒီကိစ္စကတော့ လွယ်လွယ်ကလေးပါဗျာ'

'ဒါပေမဲ့ သူကတော့ စုံထောက်ကြီး အကြောင်းကို ပြောလို့ မဆုံးပါ ဘူးရှင်၊ စုံထောက်ကြီးဟာ တစ်ဖက်သားကို ကူညီတတ်တဲ့ အကြောင်း၊ သူ့ ကိစ္စမှာ စုံထောက်ကြီး ဝင် ဖြေရှင်းပေးလို့ ဘယ်လောက် ရှင်းလင်းသွားတဲ့ အကြောင်း စကား စပ်မိတိုင်း ပြောပြပါတယ်၊ ကျွန်မမှာ ဝိုးတိုးဝါးဝါး ဖြစ် ပြီး ကိုယ်တိုင် မရှင်းနိုင်တော့ဘူး ဆိုရင် ကျွန်မတော့ သူ့ စကားကိုပဲ ကြားနေ



www.burmeseclassic.com

www.burmeseclassic.com



မိတာပဲ၊ ဒီကိစ္စကို စုံထောက်ကြီးသာ လိုက် ဖြေရှင်းပေးရင် ပြေလည်သွားမှာ သေချာပါတယ်ရှင်၊ တစ်ဆိတ်သာ လိုက် ကူညီပေးပါ'

မြှောက်ပင့် ပြောဆိုခြင်းကို ကြိုက်ကြသည်မှာ သဘာဝ ဖြစ်သည့်အလျောက် ရှားလော့ဟုမ်းမှာလည်း သူ့ကို မြှောက်ပင့် ပြောလျှင် သဘောကျတတ်သည့်တိုင် အမြှောက်ကြိုက်ဟု တစ်ဖက်သတ် ပြောလျှင်မူ တရားရာ ကျမည် မဟုတ်ချေ။

ရှားလော့ဟုမ်းသည် တစ်ဖက်သားကိုလည်း အလွန် သနား တတ်သူတစ်ယောက် ဖြစ်သည်ဟု ကျွန်ုပ် ဆိုချင်ပါသည်။ သို့ဖြစ်ရကား အမြှောက်ကြိုက်ခြင်းနှင့် သနား ကြင်နာတတ်ခြင်း ဟူသည့် အင်အားစု နှစ်ခု ပေါင်းလိုက်သည့် အခါတွင်မူ ရှားလော့ဟုမ်းသည် လက်ထဲတွင် ကိုင်ထားသည့် ကော်သုတ်တံကို ဘေးသို့ ချလိုက်လျက် ကုလားထိုင်ကို နောက်သို့ ရွှေ့ရပ်လိုက်ပြီးလျှင်

'ကဲ ကဲ ဒီလောက်တောင် ရှိလှတာ မစ္စက် ဝါးရင်း ဘာ ပြောချင်သတုံး၊ ပြောစမ်းဗျာ၊ ကျုပ် ဆေးတံ သောက်လို့ ကိစ္စ မရှိဘူးနော်၊ ဟုတ်ပြီဗျ ကျေးဇူးပဲ၊ အိုင်ဆေး ဝပ်ဆင်ရေ၊ မီးခြစ်ကလေး လှမ်းလိုက်စမ်းပါဦးဗျာ၊ ခင်ဗျားရဲ့ အိမ်ငှားဟာ သူ့ အခန်းထဲကနေပြီး အပြင်ကို မထွက်ဘူး၊ ဒီတော့ ခင်ဗျား သူ့ကို ကောင်းကောင်း မတွေ့ရဘူး၊ ဒါကြောင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေတယ် ဟုတ်စ၊ ခင်ဗျား ပြောချင်တာ ဒါပဲ မဟုတ်လား၊ ခင်ဗျား ကံကောင်းတယ် အောက်မေ့ပါ မစ္စက် ဝါးရင်း၊ ကျုပ်လို အိမ်ငှားမျိုး ဆိုရင် တစ်ခါတလေ တစ်လ ကိုးသီတင်းတောင် မြင်ချင်လို့ မြင်ရမှာ မဟုတ်ဘူး'

'ဒါတော့ ဟုတ်တာပေါ့ရှင်၊ ဒါပေမဲ့ ခုကိစ္စက စုံထောက်ကြီးလို မမြင်ရတာမျိုး မဟုတ်ဘူးရှင့်၊ မတူဘူး၊ ကျွန်မဖြင့် တွေး တွေးပြီး ကြောက်လွန်းလို့ရှင်၊ ညဆိုရင် အိပ်လို့တောင် ကောင်းကောင်း မပျော်ဘူး၊ အခန်းထဲမှာ မနက် အစောကြီးကတည်းက ည သန်းခေါင် သန်းလွဲ အထိ တဖျပ်ဖျပ်နှင့် လျှောက်နေတာပဲ၊ ပြီးတော့ အခန်း အပြင်ကိုလည်း မထွက်၊ လူကိုလည်း မမြင်ရဆိုတော့ ကျွန်မ စိတ်ထဲမှာ တစ်မျိုးကြီးပဲရှင်၊ ကျွန်မ ယောကျ်ား ဆိုတာလည်း အဲဒါ အတွက် စိတ်ထဲမှာ မသက်မသာ ဖြစ်နေတယ်၊ ဒါပေမဲ့ သူက အလုပ်သွားနေရတော့ တော်သေးတာပေါ့ရှင်၊ အိမ်မှာ ကျန်ခဲ့တဲ့ ကျွန်မမှာသာ သူ့ခြေသံကို တစ်နေ့လုံး ကြားနေရတာ၊ ကျွန်မ သိချင်တာက ဘာဖြစ်လို့ ဒီလောက်တောင် အိမ်ထဲမှာ အောင်းနေရတာလဲ၊ ဘာလုပ်လာခဲ့မိလို့လဲ၊ အိမ်စေ ကောင်



မလေး တစ်ယောက်က လွဲရင် တစ်နေ့လုံး သူနှင့် ကျွန်မ နှစ်ယောက်တည်း အိမ်ထဲမှာ ကျန်ရစ်ခဲ့တယ် ရှင့်၊ ကျွန်မဖြင့် တွေးတိုင်း ကြောက်လွန်းလို့၊ ဘယ်လို နေရမှန်း မသိဘူး'

ရှားလော့ဟုမ်းသည် ကိုယ်ကို ရှေ့သို့ ကိုင်းကာ ရှည်လျား သေးသွယ်သော လက်ချောင်းများဖြင့် အမျိုးသမီး၏ ပခုံးကို ထိလိုက်၏။ ရှားလော့ဟုမ်း၏ ထူးခြားသော အရည်အချင်း တစ်ခုမှာ အလိုရှိသည် ဆိုလျှင် သူ့တွင် ရှိသည့် စိတ်ညို့နိုင်သော သတ္တိကို ထုတ်လွှင့်နိုင်ခြင်းပင် ဖြစ်လေ၏။ ရှားလော့ဟုမ်းက ထိုသို့ ထိလိုက်သည်နှင့် အမျိုးသမီး၏ မျက်နှာပေါ်တွင် ရှိသည့် ကြောက်လန့် စိုးရိမ်နေသော အမူအရာသည် ချက်ချင်း ပြေပျောက်သွားကာ တုန်လှုပ် ချောက်ချားလျက် ရှိသော အမူအရာတို့သည်လည်း ကျေနပ် နှစ်သိမ့်သွားသည့် အသွင်သို့ ပြောင်းသွားလေ၏။

မစ္စက် ဝါးရင်းသည် ရှားလော့ဟုမ်း ညွှန်ပြသည့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်လေ၏။

'ခင်ဗျား ကိစ္စကို ကျုပ် ကိုင်ရမယ် ဆိုရင်တော့ အသေးစိတ် အချက်အလက်တွေကို သိထားမှ ဖြစ်မယ်ဗျ၊ ဒီတော့ အချိန်ယူပြီး စဉ်းစားပါဦး၊ ဘာမဟုတ်တဲ့ အသေးအဖွဲကလေးကပေမဲ့ အင်မတန် အရေးကြီးတဲ့ အချက်အလက် ဖြစ်နေတတ်တယ်၊ ခင်ဗျား ပြောတဲ့ အတိုင်း ဆိုရင် ဒီလူဟာ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ခင်ဗျား အိမ်ကို လာ ငှားနေတယ်၊ နှစ်ပတ်စာ ကြိုတင် ငွေသွင်းထားတယ်၊ ဒီအတိုင်း ဟုတ်တယ် မဟုတ်လား'

'သူက ကျွန်မ အိမ်မှာ နေရမယ့် စည်းကမ်းချက်တွေ မေးပါတယ်ရှင်၊ ကျွန်မက တစ်ပတ်ကို ဆယ့်ငါးသျှီလင် ပေးရမယ်၊ သူ့ အတွက် ဧည့်ခန်းကလေး တစ်ခန်းနှင့် အိပ်ခန်း တစ်ခန်း ရမယ်၊ အပေါ်ဆုံး အထပ်မှာ အားလုံး အဆင်သင့် ရှိတယ်လို့ ပြောပါတယ်'

'ဟုတ်ပြီ'

'ဒီတော့ သူက သူ့ စည်းကမ်းချက်တွေ အတိုင်း ထားရင် တစ်ပတ်ကို ငါးပေါင် ပေးမယ်တဲ့၊ စုံထောက်ကြီး စဉ်းစားကြည့်ပါရှင်၊ ကျွန်မက လက်လှုပ်မှ ပါးစပ် လှုပ်ရတဲ့ အစားထဲကပါ၊ အိမ်ကလူ ဆိုတာကလည်း လခက သိပ်ရတာ မဟုတ်ဘူး၊ တစ်ပတ်ကို ငါးပေါင် ဆိုတော့ နည်းတဲ့ ပိုက်ဆံလားရှင်၊ ပြောပြောဆိုဆို သူက ဆယ်ပေါင်တန် စက္ကူ တစ်ရွက်ကို ထုတ်ပေးပြီး ဘယ့်နှယ်လဲ၊ ကျွန်တော် ပြောတဲ့ စည်းကမ်းချက်တွေ အတိုင်း နေမယ် ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင် ခင်ဗျား အဖို့ နှစ်ပတ် ပြည့်တိုင်း ဆယ်ပေါင် ဆယ်ပေါင် ရမယ်၊ ဒီလိုမှ မဟုတ်ဘဲ ကျွန်တော့် စည်းကမ်း အတိုင်း မထားနိုင်ဘူး ဆိုရင်တော့လည်း သဘောပေါ့၊ တခြားမှာ သွား ရှာရတော့မှာပေါ့လို့ ပြောပါတယ်'

'သူ့ စည်းကမ်းချက်တွေကကော ဘာတွေလဲ'

'သူ့ကို အိမ်သော့ တစ်ချောင်း ပေးထားရမယ်တဲ့၊ ဒါလည်း အရေး မကြီးပါဘူးရှင်၊ တချို့ အိမ်ငှားတွေကို ဒီလိုပဲ ပေးထားတာပဲဟာ၊ ပြီးတော့ အခန်းထဲမှာ သူတစ်ယောက်တည်း နေတုန်းမှာ ဘာကိစ္စနှင့်ဖြစ်ဖြစ် အခန်းကို မလာရဘူးတဲ့'

'ဒါလည်း သိပ်တော့ မဆန်းပါဘူးလေ၊ မဟုတ်ဘူးလား'

'ဒါလည်း သိပ်တော့ အကြောင်း မဟုတ်လှသေးပါဘူးရှင်၊ ဒါပေမဲ့ အကြောင်း ဟုတ်တာက ဒီလိုရှင့်၊ ခု သူ နေလာတာ ဆယ်ရက် ရှိပြီ၊ ကျွန်မ ယောက်ျားရော ကျွန်မရော အိမ်ဖော် ကောင်မလေးရော အခန်းထဲကို ဝင်သွားကတည်းက သူ့ကို တစ်ခါမှ မမြင်ရတဲ့ ကိစ္စ၊ အခန်းထဲမှာ ရှပ်ရှပ် ရှပ်ရှပ်နှင့် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေတဲ့ အသံကိုတော့ တစ်နေ့လုံး ကြားနေရတာ ပဲ၊ မနက် အစောကြီးရော နေ့လယ်ရော ညဉ့်နက်သန်းခေါင်ရော တစ်ချိန်လုံး ဆိုပါတော့ရှင်၊ အဲ ပြောင်းလာတဲ့ ည တစ်ညက လွဲပြီး တစ်ခါမှ အပြင်ကို မထွက်ဖူးသေးဘူးရှင့်'

'သြော် ဒါဖြင့် ရောက်တဲ့ ညကတော့ အပြင်ကို တစ်ခေါက် ထွက်သွားတယ်ပေါ့'

'ဟုတ်ကဲ့၊ ထွက်သွားပါတယ်၊ ပြန်လာတော့ တော်တော် ညဉ့်နက်နေ ပါပြီ၊ ကျွန်မတို့တောင် အိပ်ရာဝင်ကုန်ကြပါပြီ၊ အခန်း ငှားပြီးတော့ သူက သူ အပြင်ကို ထွက်မယ်တဲ့၊ တံခါးမကြီးကို ပိတ်မထားပါနှင့်လို့ ပြောတယ်ရှင့်၊ သန်းခေါင်လောက်ကျတော့ သူ ပြန်တက်လာသံကို ကျွန်မ ကြားလိုက်ရတယ်'

'ထမင်းတို့ ဘာတို့ စားတော့ကော'

'အဲဒါကိုတော့ သူက အထူး မှာထားတယ်ရှင့်၊ သူ ခေါင်းလောင်း တီးလိုက်လို့ ရှိရင် အခန်းပြင်ဘက်က ကုလားထိုင်ပေါ်မှာ ထမင်းပွဲကို ထားခဲ့ ရမယ်တဲ့၊ သူက စားပြီးရင် ခေါင်းလောင်း တီးတယ်၊ စားပြီးသား ပန်းကန် တွေကို အခန်းပြင်ဘက်က ကုလားထိုင်ပေါ်မှာပဲ ပြန်တင်ထားတယ်၊ တစ်ခုခု လိုချင်တယ် ဆိုရင် စာရွက်ကလေးပေါ်မှာ ပုံနှိပ်စာလုံးကို ရေးပြီး အခန်း ပြင်ဘက်မှာ ချိတ်ထားတယ်'





'ဘာ၊ ပုံနှိပ်စာလုံး ရေးပြီး ချိတ်ထားတယ် ဟုတ်လား'

'ဟုတ်တယ်ရှင့်၊ ခဲနှင့် နှိပ်ထားတယ်၊ လိုချင်တဲ့ ပစ္စည်းကိုပဲ ရေးတယ်၊ တခြား ဘာမှ ရေးမထားဘူး၊ ဟောဒီမှာ စုံထောက်ကြီးကို ပြဖို့ ကျွန်မ ယူလာ ခဲ့ပါတယ်၊ *soap* (ဆပ်ပြာ) တဲ့၊ ပြီးတော့ *match* (မီးခြစ်) တဲ့၊ ဟောဒါက သူ ရောက်တဲ့ ပထမဆုံး မနက်က နှိပ်ထားတဲ့ စာရှင့်၊ ဒေလီဂေဇက် သတင်းစာ တဲ့၊ ကျွန်မက သတင်းစာကို သူ့အခန်း ရှေ့က ခြင်းကလေးထဲမှာ မနက်တိုင်း သွား သွားထားရတယ်'

ရှားလော့ဟုမ်းသည် မစ္စက် ဝါးရင်း ထုတ်ပြသော စက္ကူစကို သေသေ ချာချာ စူးစိုက်ကြည့်ကာ

'အိုင်ဆေးရေ၊ တော်တော်လေးတော့ ဆန်းတာ အမှန်ပဲဗျို့၊ တစ် ယောက်တည်း ဧကစာ ကျင့်နေတဲ့ သဘောပဲဗျ၊ ဒါပေမဲ့ ဘာဖြစ်လို့ စာနှင့် မရေးဘဲ နှိပ်ပြီး ထားရတာလဲ၊ ပုံနှိပ်စာလုံး ရေးတယ် ဆိုတာ အလွန် လက်ဝင် တဲ့ အလုပ်ဗျ၊ ဘာဖြစ်လို့ လက်ရေးနှင့် မရေးသလဲ၊ ဘယ်လို အဓိပ္ပာယ်လို့ ခင်ဗျား ထင်သလဲ'

'သူ့ လက်ရေးကို လူသူ မသိစေချင်လို့ ဖြစ်မှာပေါ့'

'ဘာဖြစ်လို့ မသိစေချင်ရတာလဲ၊ သူ့ လက်ရေးကို အိမ်ရှင် မစ္စက် ဝါးရင်း တွေ့သွားတော့ကော ဘာဖြစ်မှာလဲ၊ အေးလေ၊ ခင်ဗျား ပြောတဲ့ အတိုင်း သူ့ လက်ရေးကို လူ မမြင်စေချင်လို့ ဖြစ်မှာပေါ့၊ ပြီးတော့ ဘာဖြစ်လို့ စာကို လည်း တစ်လုံးတည်း ရေးသလဲ'

'ဒါတော့ မပြောတတ်ဘူးလေဗျာ'

'အင်း၊ အကွက်ကလေးကတော့ တော်တော် စဉ်းစားဉာဏ် ကစားဖို့ ကောင်းတဲ့ အကွက်ကလေးပဲဗျို့၊ စာလုံးတွေကို အပြားကြီးကြီး ခရမ်းရောင် ခဲတံနှင့် ပုံနှိပ်စာလုံးပုံ အတိုင်း ရေးထားတာဗျ၊ ပြီးတော့ စာရေးပြီးမှ စာရွက် ကို ဘေးကနေ ဆုတ်ဖြဲထားတာ၊ ဒါကြောင့်မို့ ဆပ်ပြာ *soap* ဆိုတဲ့ စာလုံးမှာ *s* က ဆုတ်တဲ့ အထဲမှာ ပါသွားတာ၊ အိုင်ဆေးရေ၊ တွေးတော့ တွေးစရာ ဖြစ် နေပြီဗျို့၊ ဘယ့်နှယ်လဲ'

'ဒီလူဟာ သတိ သိပ်ကြီးတဲ့ လူလို့ ဆိုချင်သလား'

'မှန်ပေတာပေါ့ဗျာ၊ သို့သော်လည်း သူ ဘယ်လောက်ပဲ လျှို့ဝှက် လျှို့ ဝှက် အမှတ်အသားတို့ လက်ဗွေ ပုံစံတို့ ဘာတို့ကိုတော့ တွေ့ရမှာပေါ့၊ နေစမ်း ပါဦး မစ္စက် ဝါးရင်း၊ အဲဒီ လူက အရပ်အမောင်း သင့်သင့်၊ အသား ညိုညို၊



www.burmeseclassic.com

www.burmeseclassic.com



မှတ်ဆိတ်နှင့်လို့ ပြောသွားတယ် မှတ်တယ်၊ အသက်ကကော ဘယ်လောက် ရှိပြီလဲ'

'တော်တော်လေးကို ငယ်တယ်ရှင့်၊ ကျွန်မ အထင်တော့ သုံးဆယ် မကျော် သေးဘူး ထင်တာပဲ'

'ပြီးတော့ကော သူနှင့် ပတ်သက်လို့ ဘာပြောနိုင်သေးသလဲ'

'အင်္ဂလိပ် စကား ကောင်းကောင်း ပြောတတ်တယ်ရှင့်၊ အသံ ဝဲပုံ ထောက်တော့ နိုင်ငံခြားသားလို့ ထင်မိတာပဲ'

'အဝတ်အစားကော၊ သပ်သပ်ရပ်ရပ် ဝတ်တယ်ပေါ့'

'ဝတ်စားထားတာကတော့ အကျပဲရှင့်၊ တကယ့် လူကြီး လူကောင်း ပုံပဲ၊ အရောင်ရင့်ရင့်နှင့်'

'နာမည်ကို မပြောဘူးလား'

'နာမည် မပေးဘူးရှင့်'

'စာတို့ ဧည့်သည်တို့ကော မလာဘူးလား'

'မလာဘူးရှင့်'

'ခင်ဗျား ဖြစ်စေ အိမ်ဖော် သူငယ်မလေး ဖြစ်စေ မနက်တို့ ဘာတို့ ကျရင် အခန်းကို ရှင်းရအောင် အခန်းထဲကို မဝင်မိဘူးလား'

'မဝင်ရဘူးရှင့်၊ အခန်းကို သူကိုယ်တိုင် ရှင်းတယ်'

'အင်း၊ တော်တော်တော့ ဆန်းနေပြီဗျို့၊ သူ့ အထုပ်အပိုးတွေ သေတ္တာ တွေကကော'

'သူ ဆွဲလာတဲ့ အိတ် အညိုကြီး တစ်လုံးပဲ ပါလာတယ်ရှင့်၊ တခြား တော့ ဘာပစ္စည်းမှ မပါလာဘူး'

'အင်း၊ နောက်ထပ်တော့ ဘာမှ ထူးပြီး သိရတော့မယ် မထင်တော့ ပါဘူး၊ သူ့ အခန်းထဲက ဘာဆို ဘာမှ ထွက်မလာဘူးလို့ ပြောတယ်နော်၊ လူ ရော ပစ္စည်းရော ဘာမှ ထွက်မလာဘူး၊ ဟုတ်စ'

အိမ်ရှင် အမျိုးသမီးကြီးသည် သူ့ အိတ်ထဲမှ စာအိတ် တစ်အိတ်ကို ထုတ်ယူလိုက်၏။ ထို့နောက် စာအိတ်ထဲမှ စီးကရက်တို တစ်တိုနှင့် မီးခြစ် ပြီးသား မီးခြစ်ဆံ နှစ်ချောင်းကို မှောက်သွန်ချလိုက်လေ၏။

'ဒီနေ့မနက် သူ့ ထမင်းဗန်းထဲက တွေ့တာ၊ စုံထောက်ကြီးက အသေး အဖွဲ့ကလေးတွေက နေပြီး အကြီးကြီးတွေကို ရအောင် သဲလွန်စ ရှာတတ်တယ် လို့ ကြားဖူးတာနှင့် ကျွန်မ ယူလာခဲ့ပါတယ်'





'ဒီမှာတော့ ဘာမှ ထူးမယ် မထင်ပါဘူးဗျာ၊ မီးခြစ်ဆံတွေကတော့ စီးကရက်ကို မီးညှိတာ ဖြစ်မှာပေါ့၊ စီးကရက် တိုနေတာကို ကြည့်ရင် သိနိုင် ပါတယ်၊ မီးခြစ်ဘူး တစ်ဝက်လောက်ကတော့ ဆေးတံကို ဆေးပြင်းလိပ်တို့ကို ညှိတာနှင့် ကုန်သွားပုံ ရတယ်၊ အလို ကြည့်စမ်းဗျို့၊ ဒီစီးကရက်တိုက တော် တော်လေးတော့ ထူးခြားတယ်၊ အဲဒီ သူငယ်က မှတ်ဆိတ်မွေးတို့ နှုတ်ခမ်းမွေး တို့ ရှိတယ်နော်'

'ရှိပါတယ်ရှင့်'

'အင်း ဒီတစ်ချက်တော့ နည်းနည်း ရှုပ်သွားပြီဗျို့၊ ဒီလောက် တိုတဲ့ စီးကရက်တိုကို မှတ်ဆိတ်မွေး နှုတ်ခမ်းမွေး မရှိတဲ့ လူမှ သောက်လို့ ဖြစ်နိုင် လိမ့်မယ်ဗျ၊ အိုင်ဆေး၊ ခင်ဗျား မှတ်ဆိတ် တိုနိုနိုကလေးတောင် ဒီစီးကရက် သောက်ရင် မီးလောင်သွားနိုင်တယ်'

'ကွပ်တံနှင့် သောက်မှာပေါ့' ဟု ကျွန်ုပ်က ပြောလိုက်၏။

'ကွပ်တံနှင့် မသောက်ဘူးဗျ၊ စီးကရက် ဖင်က ပြားနေတယ်၊ မစ္စက် ဝါးရင်းရဲ့ အိမ်မှာ ငှားနေတဲ့ လူက နှစ်ယောက် မဟုတ်ဘူး၊ တစ်ယောက် တည်းနော်'

'တစ်ယောက်တည်းပါရှင့်၊ စားတော့လည်း နည်းနည်းကလေးရယ်၊ ကြောင်စာလောက်ပဲ ရှိတယ်၊ ဒီလောက်ကလေး စားပြီး အသက်ရှင် နေနိုင်တာ တောင် ကျွန်မဖြင့် အံ့သြလို့ မဆုံးဘူး'

'အင်း၊ နောက်ထပ် အချက်အလက် အသစ်ကလေးတွေ ရအောင်တော့ စောင့်ရလိမ့်ဦးမယ် ထင်တယ်ဗျ၊ ခင်ဗျား အနေနှင့် ကြည့်ရင်တော့ ဘာမှ မနစ်နာပါဘူးလေ၊ အိမ်လခ မှန်မှန် ရတယ်၊ နည်းနည်း ဆန်းတာ တစ်ခုပဲ ရှိတယ်၊ ခင်ဗျားကို အိမ်လခ ကောင်းကောင်း ပေးထားလေတော့ သူ့ဘာသာ သူ လူမသိ သူမသိ နေချင်တယ် ဆိုတာကလည်း ခင်ဗျားနှင့် ဘာဆိုင်တာ မှတ်လို့၊ ကျုပ်တို့ အနေနှင့်လည်း သူ့မှာ ရာဇဝတ်ပြစ်မှု တစ်စုံတစ်ရာ ကျူးလွန် ထားတယ် ဆိုတာ အကြောင်း မပြနိုင်ရင် သူ့ အခန်းထဲကို ဝင်ရောက်ကြည့်စရာ အကြောင်း မရှိပေဘူးပေါ့၊ မစ္စက် ဝါးရင်းရဲ့ အိမ်ငှား ကိစ္စကို ကျွန်တော် မှတ် ထားလိုက်ပြီး အခြေအနေကို စောင့်ကြည့်ဦးမယ်လေ၊ နောက်ထပ် အကြောင်း ထူးရင်သာ ကျုပ်ကို အကြောင်းကြားပါ၊ လိုအပ်လို့ ရှိရင်လည်း အကူအညီ ပေးပါ့မယ်'

မစ္စက် ဝါးရင်း ပြန်သွားသည့် အခါ၌ ရှားလော့ဟုမ်းက



www.burmeseclassic.com

www.burmeseclassic.com



'အမှုမှာ စိတ်ဝင်စားစရာ အချက်ကလေးတွေတော့ ရှိနေတယ်ဗျ၊ ဒီလူ လုပ်နေပုံဟာ လူကိုယ်နှိုက်က ခပ်ကြောင်ကြောင် ခပ်ဆန်းဆန်းမို့ ဒီလို လုပ်နေတာရင်လည်း ဖြစ်ရမယ်၊ သို့မဟုတ်ရင်လည်း ကျုပ်တို့ အပေါ်ယံ မြင်ရတာထက် လေးနက်တဲ့ အကြောင်းတွေရင်လည်း ရှိကောင်း ရှိနိုင်တယ်၊ ကျုပ်ခေါင်းထဲမှာ ပထမဆုံး ပေါ်လာတဲ့ အချက်ကတော့ အခန်းထဲမှာ ရောက်နေတဲ့ လူဟာ မူလ အိမ်ငှားတဲ့လူ မဖြစ်နိုင်ဘူး ဆိုတဲ့ အချက်ပဲဗျ'

'နို့ ဘာကြောင့် ခင်ဗျားက ဒီလို ထင်ရတာတုံး'

'စီးကရက်တို့ တွေ့တာကိုတော့ ထားတော့ပေါ့ဗျာ၊ သို့ သော် လည်း အခန်း ငှားပြီးတဲ့နောက် မကြာခင်မှာ အိမ်ငှားဟာ အပြင်ကို တစ်ခါတည်း ထွက်သေးတယ် ဆိုတဲ့ အချက်က စဉ်းစားစရာ ဖြစ်လာပြီဗျ၊ အဲဒီနေ့ ညက အိမ်ကို ပြန်လာတဲ့ လူဟာ အိမ်ငှား ကိုယ်တိုင်ရင်လည်း ဖြစ်နိုင်တယ် သို့မဟုတ် တခြား တစ်ယောက်ရင်လည်း ဖြစ်နိုင်တယ်၊ သူ အခန်း ပြန်လာတာကို ဘယ်သူမှ မြင်လိုက်တာမှ မဟုတ်ဘဲကိုး၊ ဒီတော့ အဲဒီ ညက အိမ်ကို ပြန်လာခဲ့တဲ့ လူဟာ ခပ်စောစောက ထွက်သွားတဲ့ အိမ်ငှား ဖြစ်တယ်လို့ ဘယ်သူ သက်သေပြနိုင်သလဲ၊ နောက်တစ်ချက်က အိမ် လာငှားတဲ့ လူဟာ အင်္ဂလိပ် စကားကို ရေရေလည်လည် ပြောတတ်တယ် ဆိုတဲ့ အချက်၊ သို့သော်လည်း အခန်းထဲမှာ ရောက်နေတဲ့ လူကတော့ *matches* (မီးခြစ်ဆံများ) လို့ အင်္ဂလိပ်လို မသုံးဘဲ *match* မီးခြစ်ဆံလို့ပဲ သုံးတယ်ဗျ၊ ကြည့်ရတာကတော့ ဒီစကားလုံးကို ဗဟုဝုစ်ကိန်း အဖြစ် သုံးရကောင်းမှန်း မသိဘဲ အဘိဓာန်မှာ တွေ့တဲ့ နာမ်ပုဒ်ကို ကောက်ယူပြီး သုံးလိုက်ဟန် တူတယ်၊ အင်္ဂလိပ် စကားလုံးကို များများ မသုံးဘဲ လုံးချင်း သုံးသုံးနေတာကို ထောက်ရင် သူ အင်္ဂလိပ်စာ မတတ်ကြောင်းကို ဖုံးကွယ်ချင်လို့ သုံးတာနှင့် တူတာပဲ၊ မဟုတ်မှ လွဲရောဗျာ၊ ကျုပ် အထင်တော့ မူလ အိမ်ငှားသူ မဟုတ်ဘဲ တစ်ယောက်ယောက်ကို အစား သွင်းထားတယ် ထင်တာပဲ'

'ဘာ အကြောင်းကြောင့် လူစား သွင်းထားနိုင်သလဲဗျာ'

'အဲဒီ ပြဿနာက ခု ကျုပ်တို့ ရှင်းရမယ့် ပြဿနာပဲဗျ၊ စုံစမ်းရမယ့် နည်းတစ်နည်းတော့ ရှိပါတယ်လေ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် ထိုင်ရာမှ ထကာ လန်ဒန် သတင်းစာများမှ လူပျောက် ပစ္စည်းပျောက် ကြော်ငြာများကို ဖြတ်၍ တွဲထားသည့် ဖိုင်တွဲကြီး တစ်တွဲကို ယူလာလေ၏။ ထို့နောက် သတင်းစာ ဖြတ်ပိုင်းများကို လှန်လှောနေရင်းမှ





'အင်း၊ ဒီကြော်ငြာတွေကို လှန်ကြည့်လိုက်မှ ကျုပ်တို့ လောကကြီးမှာ ညည်းသံတွေ ငိုသံတွေ အော်သံတွေ ထူးထူးခြားခြား အဖြစ်အပျက်တွေ ဘယ်လောက် များသလဲ ဆိုတာ သိရပေတော့တာပဲဗျို့၊ သို့သော်လည်း ထူးထူးဆန်းဆန်းကိုမှ လိုက်ကြည့်ချင်တဲ့ လူအဖို့တော့ ဒီကြော်ငြာတွေဟာ အင်မတန် အမဲလိုက်လို့ ကောင်းတဲ့ အမဲလိုက်ကွင်းကြီး တစ်ခုနှင့် အလားသဏ္ဌာန် တူတယ် ဒီ ခု မစ္စက် ဝါးရင်းရဲ့ အိမ်ခန်းထဲမှာ ရောက်နေတဲ့ လူဟာ လောကကြီးနှင့် အဆက် ဖြတ်ထားတဲ့ တစ်ယောက်တည်းသမားဗျ၊ ဒီလောက် လျှို့လျှို့ဝှက်ဝှက်နေတဲ့ လူဆီကို စာတစ်စောင် ပေတစ်ဖွဲ့နှင့် ရေးရင် ဘယ်လိုလုပ်မှ ရောက်နိုင်စရာ အကြောင်း မရှိဘူး၊ အပြင်က သတင်းတို့ ဘာတို့ကို သူ ဘယ်နည်းနှင့် ရနိုင်သလဲ ဆိုရင် သတင်းစာထဲက ကြော်ငြာတဲ့ နည်းနှင့်ပဲ ရနိုင်တော့တယ်၊ ဒီ တစ်နည်းမှ အပ အခြားနည်း မရှိဘူး၊ သို့သော်လည်း ကျုပ်တို့ ကံကောင်းသွားတာက ကျုပ်တို့ အဖို့ ကြော်ငြာကို ရှာချင်ရင် များများ ရှာစရာ မလိုဘူးဗျ၊ အဲဒီလူ ဖတ်တဲ့ ဒေလီဂေဇက် သတင်းစာ တစ်စောင်လောက်ကိုပဲ ရှာရမှာ။

'ဟောဒီမှာ လွန်ခဲ့တဲ့ နှစ်ပတ် အတွင်းက ဒေလီဂေဇက် သတင်းစာ ကြော်ငြာ ဖြတ်ပိုင်းတွေ၊ ပရင့်စ် ရေခဲပြင် လျှောစီး ကလပ်ဝင် သားမွေးလည်စည်း ပတ်ထားသည့် အမျိုးသမီး တစ်ဦးသည် တဲ့၊ ဒါမဟုတ်သေးဘူး၊ မေမေ အသည်း အသန် ဖြစ်နေသည်၊ သား အမြန်၊ ဒါလည်း ကျုပ်တို့နှင့် မဆိုင်သေးဘူး၊ ဗရစ္စတန် ဘတ်စ်ကားပေါ်တွင် မူးမေ့သွားသည့် အမျိုးသမီးအား တဲ့၊ ဒါ ကျုပ်တို့ စိတ်မဝင်စားဘူး၊ နေ့စဉ် အောက်မေ့လျက် အလို အလို၊ ဒါကတော့ နည်းနည်း ဆိုင်မလား မဆိုနိုင်ဘူးဗျို့၊ တော်တော် ထူးထူးဆန်းဆန်း ကြော်ငြာထားတာ၊ နားထောင်ကြည့်စမ်း၊ စိတ်ရှည်ပါ၊ တစ်နေ့တွင် အဆက်အသွယ် ရလိမ့်မည် ထင်သည်၊ ယခု လောလောဆယ်တွင် ဤသတင်းစာ ကော်လန်ကို စောင့်ဖတ်ပါ၊ ဂျီ တဲ့ဗျ၊ ရက်စွဲက မစ္စက် ဝါးရင်း အိမ်ကို အိမ်ငှား ရောက်လာပြီး နောက် နှစ်ရက် အကြာမှာ၊ နည်းနည်း နီးစပ်တယ်လို့များ မထင်မိဘူးလား၊ ကျုပ်တို့ လူဟာ အင်္ဂလိပ်စာကို မရေးတတ်ပေမဲ့ နည်းနည်းပါးပါးတော့ ဖတ်ပြီး နားလည်ပုံ ရတယ်ဗျ၊ ကဲ နောက်ထပ် ဘာများ တွေ့ဦးမလဲ၊ ကြည့်ကြဦးစို့၊ ဟော တွေ့ပြီဗျို့၊ နောက် သုံးရက် ကြာတော့ တစ်ခါ ကြော်ငြာပြန်ပြီ၊ အစီအစဉ်များ အောင်မြင်နေသည်၊ စိတ်ရှည်ဖို့နှင့် စဉ်းစဉ်းစားစား လုပ်ဖို့ အရေးကြီးသည်၊ မကြာခင် တိမ်တို့ ပျောက်ကွယ်သွားလိမ့်မည်၊ ဂျီ တဲ့ဗျ၊ နောက်တော့ တစ်ပတ်လုံးလုံး ဘာကြော်ငြာမှ မပါပြန်ဘူးဗျ၊ တစ်ပတ် ကျော်လာတော့ ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတယ်၊ ဒီတစ်ခါကတော့ တော်တော် တိတိကျကျ ရှိတယ်၊ လမ်းရှင်းသွားပြီ၊ အခြေအနေ ကောင်းလျှင် သတင်း ပို့မည်၊ သဘော တူထားသော စကားဝှက်များကို မှတ်မိဖို့ အရေးကြီးသည်၊ တစ် အေ၊ နှစ် ဘီ စသည်တို့ ဖြစ်သည်။ မကြာခင် သိရတော့မည်၊ ဂျီ တဲ့၊ အဲဒါ မနေ့က သတင်းစာထဲမှာ ပါတာပျ ဒီနေ့ သတင်းစာထဲမှာတော့ ဘာမှ မတွေ့ရဘူး၊ ကြည့်ရတာကတော့ မစ္စတ် ဝါးရင်း အိမ်က အိမ်ငှားနှင့် တိုက်ဆိုင် နေတာပဲ၊ နည်းနည်း စောင့်လိုက်ရင် ရုပ်လုံး ပေါ်လာတော့မှာပါ'

ထိုအတိုင်းပင် ဖြစ်လာခဲ့လေ၏။ မနက်လင်း၍ ကျွန်ုပ်တို့ အောက်ထပ်သို့ ဆင်းလာသည့် အခါတွင် ရှားလော့ဟုမ်းသည် မီးဖိုကို ကျောပေး၍ ကော်ဇောတွင် ရပ်လျက် ရှိလေရာ သူ့မျက်နှာမှာ ကျေနပ် အားရသည့်ဟန်ဖြင့် ဝင်းထိန်လျက် ရှိလေ၏။

ရှားလော့ဟုမ်းက စားပွဲပေါ်မှ သတင်းစာကို ကျွန်ုပ်အား လှမ်းပေးလိုက်ရင်း

'ဟောဒီမှာ လာပြန်ပြီဗျို့၊ အိမ်နီ မြင့်မြင့်၊ မျက်နှာစာတွင် ကျောက်တုံးစီထားသည်၊ တတိယ အထပ်၊ ဝဲဘက် ဒုတိယ ပြတင်းပေါက်၊ နေဝင်ပြီးစ ဂျီ တဲ့ ဗျ၊ တော်တော်လေးတော့ တိကျသွားပြီ၊ မနက် လက်ဖက်ရည် သောက်ပြီးရင် … မစ္စတ် ဝါးရင်းပါလား၊ ဆိုစမ်း စောစောစီးစီး ဘာကိစ္စ'

ကျွန်ုပ်တို့ အမှုသည် မစ္စတ် ဝါးရင်းသည် အိမ်ထဲသို့ မောကြီး ပန်းကြီး ဝင်ရောက်လာလေရာ သူ့ကို ကြည့်ခြင်းအားဖြင့် အကြောင်း တစ်စုံတစ်ရာ ထူးပြီဟု ကျွန်ုပ်တို့ သိလိုက်ကြပေ၏။

'စုံထောက်ကြီးရေ၊ ကိစ္စကတော့ ပုလိပ်နှင့် ပတ်သက်နေပြီရှင့်၊ ကျွန်မ အိမ်မှာ ဒီလူကို ထားလို့ မဖြစ်တော့ဘူး၊ သူ့ ပစ္စည်းတွေရော သူ့ရော နှင်ထုတ်မှ ဖြစ်တော့မယ်၊ ခုတွင် ကျွန်မ သူ့ အခန်း တက်သွားပြီး သူ့ကို ဖြောင်ဖြင့် ပြောတော့မလို့ လုပ်နေတာ၊ ဒါပေမဲ့ စုံထောက်ကြီးရဲ့ ထင်မြင်ချက်ကို ပထမဆုံး သိရရင် ကောင်းမှာပဲ ဆိုပြီး ကျွန်မ ပြေးလာခဲ့တာပဲ၊ ကျွန်မ သည်းမခံနိုင်တော့ဘူးရှင်၊ ခုလည်း အိမ်က လူကို ကိုးရိုးကားရား လုပ်သွားတယ်ရှင့်'

'ဗျာ၊ မစ္စတာ ဝါးရင်းကို ကိုးရိုးကားရား လုပ်သွားတယ် ဟုတ်စ'

'ရိုင်းရိုင်းပျပျ လုပ်သွားတာပေါ့ရှင်'

'နေစမ်းပါဦး၊ ဘယ်သူက လုပ်တာလဲ'

'အဲဒါကို ကျွန်မတို့ သိချင်တာပေါ့ရှင်၊ ဒီနေ့ မနက်မှာတွင် လုပ်သွား





တာရှင့်၊ ကျွန်မ ယောက်ျားက တော်တင်ဟမ်ကုတ် ရုံးလမ်းက မော်တင်နှင့် ဆေးလိုက် ကုမ္ပဏီမှာ တာလီ စာရေးရှင့်၊ သူက ခုနစ်နာရီ မထိုးခင် အိမ်က ထွက်နေကျ၊ ဒီနေ့ မနက်ကျတော့ အိမ်ပြင် ရောက်လို့ လေး ငါး ဆယ်လှမ်း လောက်ပဲ ရှိသေး လူနှစ်ယောက် နောက်က လိုက်လာပြီး သူ့ခေါင်းကို ကုတ်အင်္ကျီနှင့် အုပ်၊ လမ်းထောင့်မှာ အသင့် စောင့်နေတဲ့ မြင်းရထား တစ်စင်းပေါ်ကို ဆွဲတင်သွားကြတယ်ရှင့်၊ ရထားကို တစ်နာရီလောက် လျှောက်မောင်းပြီးတော့ တံခါးကို ဖွင့်ပြီး သူ့ကို ကန်ချပစ်ခဲ့ကြတယ်၊ သူလည်း လန့်ဖျပ်ပြီး လမ်းမပေါ်မှာ လဲကျန်ရစ်ခဲ့တယ်၊ သတိရလို့ ရထားကို ကြည့်လိုက်တော့ ရထားကိုသည်း မတွေ့ရတော့ဘူးရှင့်၊ သေသေချာချာ ကြည့်လိုက်တော့ ဟမ်းစတက် အားကျက်ကြီးထဲမှာ ရောက်နေတာကို တွေ့ရတယ်ရှင့်၊ ဒါနှင့် ဘတ်စ်ကား တစ်စီး လာတော့မှ ဘတ်စ်ကားနှင့် တက်လိုက် လာခဲ့ရတယ်၊ ခုတော့ အိမ်က ဆိုဖာပေါ်မှာ လှဲကျန်ရစ်ခဲ့တယ်၊ ကျွန်မ စုံထောက်ကြီးတို့ဆီကို သွားပြီး ပြောချည်ဦးမယ် ဆိုပြီး ထွက်လာတာ'

'သိပ်ကို စိတ်ဝင်စားစရာ ကောင်းသွားပြီဗျို့၊ သူတို့ နှစ်ယောက်ရဲ့ ပုံပန်း သဏ္ဌာန်ကို သတိ မပြုမိလိုက်ဘူးလား၊ သူတို့ချင်း စကား ပြောသံကိုကော ကြားလိုက်ဘူးလား'

'မသိလိုက်ဘူးတဲ့ရှင့်၊ သူလည်း ကြောင်နေတာနှင့် ဘာကိုမှ သတိမထားလိုက်မိဘူးတဲ့၊ ဖြုန်းခနဲ ရထားပေါ် ပါသွားပြီး ဖြုန်းခနဲ မြေကြီးပေါ် ပြန်ရောက် လာတာကိုပဲ သိလိုက်တယ်တဲ့၊ ရထားထဲမှာ လူနှစ်ယောက်တော့ အနည်းဆုံး ပါတယ်တဲ့၊ သုံးယောက်လည်း ဖြစ်နိုင်သတဲ့'

'ဒီလို အလုပ် ခံရတာဟာ ခင်ဗျား အိမ်ငှားနှင့် ပတ်သက်တယ်လို့ ထင်သပေါ့'

'ကျွန်မတို့ အဲဒီ အိမ်မှာ နေလာတာ ဆယ့်ငါးနှစ် ရှိပါပြီရှင်၊ ဒါမျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး၊ ကျွန်မ သူ့ အကြောင်းကို ရိပ်မိပါပြီ၊ ပိုက်ဆံက ဘာလုပ်ဖို့လဲရှင်၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီလူကို ဒီနေ့ပဲ ကျွန်မ အိမ်က နှင်ထုတ်မှ ဖြစ်မယ်'

'နေပါဦးလေ၊ ဒီလောက်လည်း လော မကြီးပါနှင့်၊ ခုကိစ္စက ကြည့်တော့သာ ဘာမှ မဟုတ်ပေမဲ့ ကျုပ်တို့ ထင်တာထက် အရေးကြီးလာနိုင်တယ်၊ ကြည့်ရတာကတော့ ခင်ဗျား အိမ်ငှားမှာ အန္တရာယ် ရှိနေပြီ ဆိုတာ ထင်ရှားနေတယ်၊ ခင်ဗျားတို့ အိမ်နားမှာ စောင့်နေမယ့် ရန်သူတွေဟာ မနက် စောစောစီးစီး



www.burmeseclassic.com

www.burmeseclassic.com



နင်းတွေ့ ကျနေတုန်း ဆိုတော့ ခင်ဗျား ယောက်ျားကို လူမှားပြီး ခေါ်သွားတာ ဖြစ်နိုင်တယ်၊ နောက်မှ မှားမှန်း သိလို့ ပြန်လွှတ်လိုက်ဟန် တူတယ်၊ အကယ်၍သာ လူ မမှားရင် ဘာဖြစ်မယ် ဆိုတာတော့ ကျုပ်တို့လည်း သေချာပေါက် မပြောနိုင်ဘူး'

'ဒီလိုဆိုရင် ကျွန်မ ဘာလုပ်ရမလဲ မစ္စတာ ဟုမ်းရယ်'

'ကျုပ်ကဖြင့် ခင်ဗျား အိမ်ငှားကိုပဲ တွေ့ချင် မြင်ချင်နေတာပဲဗျာ'

'ဒါတော့ ကျွန်မလည်း မတတ်နိုင်ဘူးရှင့်၊ သူ့တံခါးကို အတင်း ရိုက်ချိုး ဝင်ကြည့်ဖို့ပဲ ရှိတော့တယ်၊ တစ်ခုတော့ ရှိရဲ့၊ ကျွန်မ ထမင်း သွားပို့ပြီး အောက်ထပ်ကို ဆင်းသွားပြီ ဆိုရင်တော့ သော့ဖွင့်သံကို ကြားရတယ်'

'ထမင်းဗန်းကို ယူတာ ဖြစ်မှာပေါ့၊ ဒီလိုဆို ကျုပ်တို့က တစ်နေရာရာက ပုန်းပြီး သူ့ကို ကြည့်လို့ မဖြစ်ဘူးလား'

အိမ်ရှင် မစ္စက် ဝါးရင်းသည် အတန်ကြာမျှ စဉ်းစားလျက် ရှိလေ၏။

'ခက်တာက မျက်နှာချင်းဆိုင်မှာ ချောင်းစရာ ပုန်းအောင်းကွယ်တို့ ဘာတို့ မရှိဘူးရှင့်၊ တစ်ခုတော့ ရှိရဲ့၊ စုံထောက်ကြီးတို့က တံခါးမကြီး အပြင်ဘက်က ချောင်း၊ မှန်ထောင်ပြီး ကြည့်မယ် ဆိုရင်တော့ ဖြစ်နိုင်မလား မသိဘူး'

'ဟုတ်တာပေါ့ဗျာ၊ ဟန်ကျလိုက်တာ၊ နို့ နေစမ်းပါဦး၊ သူက ဘယ်အချိန်မှာ နေ့လယ်စာ စားသလဲ'

'နာရီပြန် တစ်ချက်လောက်မှာ ရှင့်'

'ကဲ ဒီလိုဆိုရင် ဟောဒီက ဒေါက်တာ ဝပ်ဆင်နှင့် ကျုပ်တို့ လာခဲ့မယ်၊ ကဲ ခုလောလောဆယ်တော့ ဂွဒ်ဘိုင် မစ္စက် ဝါးရင်းရေ'

နေ့လယ် ဆယ့်နှစ်နာရီခွဲ၌ ရှားလော့ဟုမ်းနှင့် ကျွန်ုပ်တို့သည် မစ္စက် ဝါးရင်း အိမ်ရှေ့သို့ ရောက်နေကြလေပြီ။ မစ္စက် ဝါးရင်း၏ အိမ်မှာ ဗြိတိသျှပြတိုက်၏ အရှေ့မြောက်ဘက်ရှိ လမ်းကျဉ်းကလေး တစ်ခု ဖြစ်သော ဂရင်းအုပ်လမ်းထဲရှိ ခပ်ပြားပြား အဝါရောင် အုတ်တိုက် တစ်လုံး ဖြစ်လေ၏။ တိုက်မှာ လမ်းထောင့်နားတွင် ရှိသည့် အတွက် အိမ်ကြီး အိမ်ကောင်းတွေ ပေါသည့် ဟိုးလမ်းကိုလည်း ကောင်းစွာ မြင်နေရပေ၏။ ရှားလော့ဟုမ်းက တစ်ချက် ရယ်လိုက်ပြီးလျှင် ဟိုးလမ်းရှိ အိမ်များထဲမှ ထိုးထိုးထောင်ထောင် ပေါ်ထွက်နေသည့် တိုက်တန်းလျား တစ်လုံးကို လက်ညှိုးထိုး၍ ပြလေ၏။

'ကြည့်စမ်းဗျို့ အိုင်ဆေး၊ အိမ်နီ မြင့်မြင့်၊ အိမ်ရှေ့ ဥပစာတွင် ကျောက်တုံး စီထားသည် ဆိုတဲ့ စာပိုဒ်ကို မှတ်မိသေးလား၊ အဲဒီအိမ်ဟာ သူတို့ အချက်



ပြတဲ့ အိမ်ပဲဗျ၊ အိမ်ကိုလည်း သိပြီဗျာ၊ စကားဝှက်ကိုလည်း သိပြီဗျာ၊ အလိုက် သိလို့မှ ကျုပ်တို့ မလိုက်နိုင်ရင် ညံ့လို့ပဲ ဖြစ်ရမှာပေါ့၊ ပြတင်းပေါက်မှာ တွေ့လား၊ ငှားရန် ဆိုတဲ့ ဆိုင်းဘုတ် ချိတ်ထားတယ်၊ ကြည့်ရတာကတော့ ကြံရာပါ တစ်ယောက် ဝင်နိုင် ထွက်နိုင်တဲ့ အိမ်လွတ် တစ်လုံးနှင့် တူတာပဲ၊ အလို မစ္စက် ဝါးရင်း ဘယ်လိုလဲဗျို့'

'အဆင်သင့်ပဲ စုံထောက်ကြီးရေ၊ စုံထောက်ကြီးတို့ နှစ်ယောက်စလုံး တက်သာ လာခဲ့ကြပေတော့၊ ဖိနပ်တွေကိုတော့ အောက်မှာ ချွတ်ပစ်ခဲ့ကြ၊ လာလာ'

မစ္စက် ဝါးရင်း စီစဉ်ပေးသည့် နေရာမှာ ကျွန်ုပ်တို့ အတွက် ပုန်းအောင်းရန် အလွန် သင့်လျော်သည့် နေရာ ဖြစ်ပေ၏။ အမှောင်ထဲတွင် ထိုင်ကာ မှန်ကို ထောင်ထားလိုက်သည့် အခါတွင် ထိုလူ ထွက်လာမည့် တံခါးပေါက်နှင့် တန်းနေလေ၏။

ကျွန်ုပ်တို့သည် ခပ်မှောင်မှောင် ချောင်ကလေးထဲတွင် နေရာ ယူလျက် ရှိကြစဉ် မစ္စက် ဝါးရင်းလည်း ထွက်သွားလေရာ သူ ထွက်သွားသည့် အချိန်နှင့် မရှေးမနှောင်း၌ တဒင်ဒင် မြည်သော ခပ်ဝေးဝေးမှ ခေါင်းလောင်းသံကလေးကို ကြားလိုက်ရသည့် အတွက် ကျွန်ုပ်တို့၏ လျှို့ဝှက် ဆန်းကြယ်သော အိမ်ငှားသမားက ခေါ်သည့် ခေါင်းလောင်းသံ ဖြစ်ကြောင်းကို သိရလေ၏။ ချက်ချင်းဆိုသလိုပင် မစ္စက် ဝါးရင်းသည်လည်း ထမင်းဗန်းကို ကိုင်ကာ ပိတ်ထားသော အခန်း တံခါးရှေ့ ကုလားထိုင်ပေါ်တွင် ချလိုက်သည်ကို မြင်ရပြီးနောက် ခြေသံ ပြင်းပြင်းဖြင့် ထွက်ခွာသွားသံကို ကြားလိုက်ရလေ၏။ ကျွန်ုပ်တို့ကား တံခါးကြားထဲတွင် ဝပ်ရင်း ထောင်ထားသော မှန်ကို မျက်တောင် မခတ်ဘဲ ကြည့်နေမိကြလေ၏။

အိမ်ရှင် မစ္စက် ဝါးရင်း၏ ခြေသံ ပျောက်သွားသည်နှင့် တစ်ပြိုင်နက် သော့ လှည့်ဖွင့်သံကို ကြားလိုက်ရပြီးနောက် လက်ကိုင်သည် လည်သွားကာ သေးကွေးသည့် လက်နှစ်ဖက်သည် ဖြတ်ခနဲ ထိုးထွက်လာပြီးလျှင် ဗန်းကို မ၍ ပျောက်ကွယ်သွားလေ၏။ ခဏ အကြာတွင် ယခင် နည်းတူပင် ဗန်းကို ကုလားထိုင်ပေါ်သို့ ပြန်ထားလိုက်သည်၌ အသား ညိုညို လှပ၍ ထိတ်လန့်ကြောက်ရွံ့နေသော မျက်နှာ တစ်ခုကို လှမ်းမြင်လိုက်ရပြီးနောက် တံခါးသည် ပြန်ပိတ်သွားကာ သော့ လှည့်သံ အပြီးတွင် ငြိမ်သက် တိတ်ဆိတ်သွားပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ရှားလော့ဟုမ်းက ကျွန်ုပ် အင်္ကျီလက်ကို ဆွဲလိုက်သည့် အတွက် ကျွန်ုပ်တို့ နှစ်ယောက်လည်း အိမ်အောက်ထပ်သို့ အသာအယာ ပြန်ဆင်း လာခဲ့ကြလေ၏။ အောက်ထပ်သို့ ရောက်လျှင် မျှော်လင့်တကြီး စောင့်နေသည့် မစ္စက် ဝါးရင်းအား ရှားလော့ဟုမ်းက

'ညနေပိုင်းလောက်ကျရင် ကျုပ်တို့ တစ်ခေါက်လောက် လျှောက်ခဲ့ဦးမယ်လေ၊ အိုင်ဆေးရေ၊ ဒီကိစ္စကို ကျုပ်တို့ အခန်းရောက်မှ ဆွေးနွေးကြရင် ကောင်းမယ် ထင်တယ်ဗျ'

အခန်းသို့ ပြန်ရောက်လျှင် ရှားလော့ဟုမ်းသည် ပက်လက် ကုလားထိုင်တွင် ထိုင်ရင်း

'ကျုပ် တွက်တဲ့ အတိုင်းတော့ မှန်နေပြီဗျို့၊ အိမ်ငှားကို လူစား သွင်းထားပြီဗျ၊ အဲဒီ လူစားဟာ မိန်းမ တစ်ယောက် ဖြစ်မယ်လို့တော့ ကျုပ်တို့ မတွက်လိုက်မိဘူးဗျို့၊ မိန်းမမှ တော်ရုံတန်ရုံ မိန်းမ တစ်ယောက် မဟုတ်ဘူးဗျို့'

'ကျွန်တော်တို့ကို မြင်သွားသလား'

'တစ်ခုခု မြင်လို့ လန့်သွားပုံတော့ ရတာပဲဗျ၊ ဒါကတော့ သေချာတယ်၊ အင်း အဖြစ်အပျက် အစဉ်ကိုတော့ ရှင်းရှင်းလင်းလင်း သိရပါပြီဗျာ၊ ယောကျ်ား တစ်ယောက်နှင့် မိန်းမ တစ်ယောက်ဟာ တော် တော် ကြီး တဲ့ အန္တရာယ်ကို ကြောက်လို့ လန်ဒန်မှာ လာပုန်းနေကြတယ်ဗျ၊ အန္တရာယ် ဘယ်လောက် ကြီးတယ် မကြီးဘူး ဆိုတာကတော့ သူ့ကို ဘယ်လောက် စိုးရိမ်တကြီးနှင့် ကာကွယ်နေကြတယ် ဆိုတာက ဖော်ပြနေတယ်၊ ယောကျ်ားက အပြင်ကို ထွက်ပြီး အလုပ် လုပ်စရာ ရှိတဲ့ အခါကျတော့ သူ မရှိတုန်းမှာ အမျိုးသမီးကို လုံလုံခြုံခြုံ ထားခဲ့ချင်ဟန် တူတယ်၊ ဒီကိစ္စက သိပ်တော့ မလွယ်ဘူးပေါ့၊ သို့သော်လည်း ယောကျ်ားက တော်တော် ထိုးထွင်းဉာဏ် ရှိပုံပဲဗျ၊ အထဲမှာ မိန်းမ ရှိတာကို ထမင်း သွားပို့နေတဲ့ အိမ်ရှင်တောင် မသိအောင် လုပ်ထားပစ်ခဲ့တယ်၊ ပစ္စည်း လိုတဲ့ အခါ လက်ရေးနှင့် မရေးဘဲ ပုံနှိပ် စာလုံးနှင့် နှိပ်ထားတာကတော့ လက်ရေးကို မြင်ရင် မိန်းမ လက်ရေး ဆိုတာ သိမှာ စိုးလို့ လုပ်ပစ်ခဲ့တာဗျ၊ ယောကျ်ားဟာ အမျိုးသမီးဆီကို လာပုံ မကျဘူး၊ လာရင် ရန်သူတွေကို လမ်းပြပေးသလို ဖြစ်မှာပေါ့၊ ဒီအမျိုးသားက အမျိုးသမီးနှင့် အဆက်အသွယ် လုပ်လို့ မရဘူး၊ ဒီတော့ သတင်းစာတွေထဲက ပစ္စည်းပျောက် လူပျောက် ကြော်ငြာကော်လံတွေက နေပြီး တစ်ဆင့် ဆက်သွယ်နေတယ်၊ ဒီအထိတော့ ရှင်းပြီမဟုတ်လား'





'အကြောင်းက ဘာလဲဗျာ'

'ဟုတ်ပြီ၊ မေးထိုက်တဲ့ မေးခွန်းပဲ၊ အကြောင်းက ဘာလဲ၊ ကြားရစတုန်းကတော့ အိမ်ရှင် မစ္စက် ဝါးရင်း စိတ်ကူးတည့်ရာ လျှောက်ထင်နေတယ်လို့ ယူဆရပေမဲ့ နောင် သေသေချာချာ ကြည့်လိုက်တဲ့ အခါကျတော့ ဒီကိစ္စဟာ တော်တော်လေး ကြီးကျယ်တဲ့ ပြဿနာ တစ်ရပ် ဖြစ်နေတယ် ဆိုတာကို တွေ့ရတယ်ဗျ၊ ခုတော့ ဒီလောက်ပဲ ပြောနိုင်သေးတယ်၊ အချစ် ကိစ္စ ဖြစ်ရင်တောင် ခုကိစ္စဟာ သာမန် အချစ်ကိစ္စ တစ်ရပ် မဟုတ်ဘူးဗျ၊ အမျိုးသမီးရဲ့ မျက်နှာကို မြင်လိုက်ရတော့ တော်တော်လေးကို ကြောက်လန့်နေတဲ့ပုံ ပေါ်နေတယ်၊ ပြီးတော့ အိမ်ရှင် မစ္စတာ ဝါးရင်းကို ရိုက်မောင်းပုတ်မောင်း လုပ်တဲ့ သတင်းကိုလည်း ကျုပ်တို့ ကြားခဲ့ရပြီ၊ ဒီတော့ ဒီလို အလန့်တကြား ဖြစ်နေတာတွေ တော်တော်ကို လျှို့လျှို့ဝှက်ဝှက် နေတာတွေကို ထောက်ရင် ဒီကိစ္စဟာ သေရေး ရှင်ရေးတမျှ အရေးကြီးတဲ့ ကိစ္စလို့ ယူဆရတာပဲ၊ မစ္စတာ ဝါးရင်းကို ရိုက်မောင်း ပုတ်မောင်း လုပ်တာကို ထောက်ရင် နောက်က လိုက်နေသူများဟာ အမျိုးသားက အမျိုးသမီးကို လူစား သွင်းထားတယ် ဆိုတာကို သိသေးပုံမရဘူးလို့ ယူဆရတယ်၊ အိုင်ဆေးရေ၊ အမှုက ဆန်းရုံတွင် မကဘူးဗျ၊ တော်တော်လေးလည်း ရှုပ်မယ့်ပုံ ပဲ'

'ခင်ဗျားက ဒီအမှုကို ဘာဖြစ်လို့ ဆက်လိုက်နေရတာလဲ၊ လိုက်နေလို့ကော ဘာများ အကျိုးကျေးဇူး ရစရာ ရှိလို့လဲ'

'ဗျာ၊ ပြောမှ ပြောရပလေဗျာ၊ အနုပညာဟာ အနုပညာ အတွက်လို့ ဆိုတယ် မဟုတ်လားဗျ၊ ခင်ဗျားလည်း ဆေးကုဖို့ လူနာတွေကို ကြည့်တော့ ငွေကြေးကို မျှော်ကိုးလို့ ဆေးကုနေတာလား'

'ဒါတော့ ကျွန်တော့် အတွက် ပညာ ရတာကိုးဗျ'

'ပညာ ဆိုတာ လိုက်လို့တော့ ဘယ်တော့မှ မဆုံးဘူးဗျ၊ ပညာ ဆိုတာ သင်ခန်းစာတွေကို တစ်ခုပြီး တစ်ခု သင်ယူ လေ့လာခြင်းပဲ၊ တော်တော် လိုက်နိုင်တော့မှ ဆုပ်မိကိုင်မိ ရှိတာ၊ ခု အမှုကလည်း သင်ခန်းစာ ယူစရာကလေးတွေ တော်တော်ပါတဲ့ အမှုဗျ၊ ဒီအမှု လိုက်လို့ နာမည်လည်း ကြီးမှာ မဟုတ်ဘူး၊ ပိုက်ဆံလည်း ရမှာ မဟုတ်ဘူး၊ သို့သော်လည်း ကျုပ် ကိုယ်နှိုက်က ရှုပ်နေတဲ့ ကိစ္စကို ရှင်းအောင် လုပ်ချင်နေတာကိုး၊ ဘယ့်နှယ် လုပ်မလဲ၊ ညနေ မိုးချုပ် ရောက်ရင်တော့ ကျုပ်တို့လည်း ဖာတ်ကွက် ကောင်းကောင်း တစ်ခုခု ထပ်တွေ့ရလိမ့်ဦးမယ် ထင်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



မစ္စက် ဝါးရင်း၏ အိမ်သို့ ကျွန်ုပ်တို့ နောက်တစ်ခေါက် ပြန်လာသည့် အခါတွင်မူ မည်းမှောင်သော လန်ဒန် ဆောင်းညသည် ကန့်လန့်ကာနက်ကြီးကို ဖုံးအုပ်ထားသကဲ့သို့ ပိန်းပိတ်အောင် မှောင်စပြုလာခဲ့လေပြီ။ ပြတင်းပေါက်များမှ မီးရောင်များနှင့် ဓာတ်ငွေ့ မီးတိုင်များမှ မီးရောင်ကလေးများမှ လွဲလျှင် ကြည့်လေရာတွင် မည်းမှောင်လျက် ရှိလေ၏။ မည်းမှောင်နေသည့် မစ္စက် ဝါးရင်း၏ ညှော်ခန်းထဲမှ စောင့်ကြည့်နေကြစဉ် တစ်ဖက် တိုက်ခန်း တစ်နေရာမှ မီးရောင် မှိန်မှိန် လင်းနေသည်ကို မြင်လိုက်ကြရလေ၏။

ရှားလော့ဟုမ်းက မှန်ပြတင်းကို ကပ်၍ ချောင်းကြည့်လိုက်ရင်း လေသံကလေးဖြင့်

'အခန်းထဲမှာတော့ တလှုပ်လှုပ်နှင့်ပဲဗျ၊ ဟုတ်ပြီဗျို့၊ ယောက်ျား ရောက်နေသဗျို့၊ အရိပ်ကိုတောင် မြင်ရတယ်၊ လက်ထဲမှာ ဖယောင်းတိုင် တစ်ချောင်းကို ကိုင်လို့ဗျ၊ ဟော ဟော ကျုပ်တို့ ရှိရာ မစ္စက် ဝါးရင်းရဲ့ တိုက်ဆီကို လှမ်းကြည့်နေတယ်ဗျ၊ အမျိုးသမီးက စောင့်ကြည့်နေသလား ဆိုတာ သေချာအောင် ကြည့်နေတာနှင့် တူတာပဲ၊ ဟောဗျို့၊ မီးနှင့် အချက်ပြပြီဗျို့၊ အိုင်ဆေး၊ သူတို့ ပေးတဲ့ သတင်းကို ယူထားစမ်းဗျာ၊ ကျုပ်လည်း ယူထားမယ်၊ ပြီးတော့ တိုက်ကြည့်ရအောင်၊ ဟော မီးတစ်ချက် ပြတယ်ဗျ၊ အဓိပ္ပာယ်က အေပေါ့ဗျာ၊ ဟော ပြပြန်ပြီဗျို့၊ ဘယ်နှချက်လဲ၊ အချက် နှစ်ဆယ်လား၊ ဟုတ်ပြီ၊ ကျုပ်လည်း နှစ်ဆယ် ရလိုက်တယ်၊ နှစ်ဆယ် ဆိုတော့ အင်္ဂလိပ် အက္ခရာ အလုံး နှစ်ဆယ်မြောက်ပေါ့ဗျ၊ တီကို ပြောတာ၊ ဟုတ်ပြီဗျ၊ ရပြီ၊ အေတီ AT၊ ဒီလောက်ဆိုရင် သိပါပြီဗျာ၊ နောက်ထပ် T လာရမှာပေါ့၊ ဟုတ်တယ်ဗျ၊ နောက် စာလုံးတွေက TENTA ၊ ဟော ရပ်သွားပြီဗျို့၊ မပြီးသေးဘူးဗျ၊ နောက် ဆက်ပြဦးမယ်၊ ATTENTA ဆိုတာ ဘာမှ အဓိပ္ပာယ် မရှိဘူး၊ ဒီစကားလုံးကို သုံးလုံးခွဲရင်လည်း မရဘူး၊ AT ရယ်၊ TEN ရယ်၊ TA ရယ်၊ T နှင့် A က လူ တစ်ယောက်ရဲ့ အတိုကောက် စာလုံး ဆိုရင်တော့ ဆယ်နာရီလို့ အဓိပ္ပာယ် ရနိုင်သေးတယ်၊ ဟော ဟော ပြပြန်ပြီဗျို့၊ အလို၊ ဘာအဓိပ္ပာယ်လဲဗျ၊ ATTENTA ဆိုတော့ ဒီစကားလုံးကိုပဲ ထပ်ပြနေပါလား၊ ဆန်းတော့ တော်တော်လေး ဆန်းနေပြီဗျို့၊ အိုင်ဆေး၊ ဟော ရပ်သွားပြန်ပြီဗျ၊ ဟော ပြပြန်ပြီ ATTE တဲ့၊ ဘာလဲဗျ၊ ဒီစကားလုံး တစ်လုံးကို ဘာဖြစ်လို့ သုံးခါ ထပ်ပြနေရတာလဲ၊ သုံးကြိမ်စလုံး ATTENTA ဆိုတဲ့ စကားလုံးချည်းပဲ၊ မပြတော့ဘူးဗျို့၊ ပြီးသွားပြီ ထင်တယ်၊ ပြတင်းပေါက်က ခွာသွားပြီ၊ ဘယ်လို ထင်သလဲ အိုင်ဆေး'





'စကားဝှက်နှင့် ပို့တဲ့ သတင်း တစ်ခု ဖြစ်မှာပေါ့'

ရှားလော့ဟုမ်းက ကျေနပ်သွားဟန်ဖြင့် ရယ်လိုက်၏။

'သူ့ စကားဝှက်ကလည်း ရှင်းလွန်းနေတယ်ဗျ၊ ဟုတ်ပြီဗျို့၊ အီတလီစကားလုံးဗျ၊ A ဆိုတာက အမျိုးသမီး တစ်ယောက်ကို အတိုကောက် ခေါ်လိုက်တာ၊ အဓိပ္ပာယ်က သတိ၊ သတိ၊ သတိတဲ့ဗျ၊ ဘယ်လို ထင်သလဲ အိုင်ဆေး'

'ခင်ဗျား ပိုသိမှာပေါ့'

'အရေးတကြီး ပို့တဲ့ သတင်းဗျ၊ အရေးကြီးမှန်း သိသာအောင်လို့ သုံးခါပြန်ပို့တာ၊ ဒါပေမဲ့ ဘာကို သတိ ထားရမှာလဲ၊ နေဦးဗျို့၊ ဟိုလူ ပြတင်းပေါက်နားကို ကပ်လာပြန်ပြီ'

ထိုစဉ် ကျွန်ုပ်တို့သည် ပြတင်းပေါက်နားသို့ လူတစ်ယောက် ကုန်းကုန်း ကုန်းကုန်းနှင့် လျှောက်လာသည်ကို မြင်ရပြီး ပြတင်းပေါက်မှ အချက်ပြသဖြင့် မီးရောင် လက်ခနဲ လက်ခနဲ ဖြစ်သွားသည်ကို မြင်ရပြန်လေ၏။ ယခုတစ်ခေါက်တွင်မူ အချက်ပြပုံမှာ လျင်မြန်လွန်းရကား ကျွန်ုပ်တို့မှာ မနည်းလိုက်ယူကြရပေ၏။

'PERICOLO တဲ့ဗျ၊ ဒီစကားလုံး အဓိပ္ပာယ်က ဘာလဲဗျ၊ အန္တရာယ်လို့ ပြောတာ မဟုတ်လား၊ ဟုတ်တယ်ဗျို့၊ အန္တရာယ် ရှိတယ်လို့ အချက်ပြနေတာ၊ ဟော လာပြန်ပြီ၊ PERI ··· အလို၊ အလို'

မီးရောင်သည် ရုတ်တရက် ပျောက်ကွယ်သွားလေ၏။ တတိယ အထပ်သည် မည်းမှောင်လျက် ရှိလေရာ ပြတင်းပေါက် ဖြူဖြူများကိုသာ ရေးရေး မြင်ရပေ၏။

နောက်ဆုံး စကားလုံးသည် အချက်ပြနေရင်း ပြတ်တောက် သွားလေပြီ။ မည်သို့ မည်ပုံ ရပ်သွားလေသနည်း။ မည်သူ့ကြောင့် ရပ်သွားရသနည်း။ ထိုအတွေးသည် ကျွန်ုပ်တို့ ခေါင်းထဲသို့ ဖြိုင်တူ ရောက်လာကြလေ၏။

ရှားလော့ဟုမ်းသည် ပြတင်းပေါက်တွင် ကုန်းနေရာမှ မတ်တတ် ရပ်လိုက်လေ၏။

'အရေးတော့ ကြီးနေပြီဗျို့၊ တစ်ယောက်ယောက် ဝင်နှောက်ပြီ ထင်တယ်၊ ဒီလို အရေးတကြီး ပေးနေတဲ့ သတင်း တစ်ခုဟာ ဘာဖြစ်လို့ ရုတ်တရက် ရပ်သွားရသလဲ၊ စကော့တလန်ယာဒ် ဆရာတွေကို သတင်းပို့မှ ဖြစ်မယ် ထင်တယ်၊ ဒါပေမဲ့ ခက်တာက ဒီကလည်း ခွာလို့ မရ'

'ပုလိပ်ကို ကျွန်တော် သွားခေါ်ရမလား'

www.burmeseclassic.com

www.burmeseclassic.com



'အခြေအနေကို တိတိကျကျကလေး သိချင်သေးတယ်ဗျာ၊ ကျုပ်တို့ ထင်သလိုကော ဟုတ်မှ ဟုတ်ရဲ့လား၊ ရှုပ်တယ်ဗျာ၊ ကျုပ်တို့ဘာသာ ကျုပ်တို့ ဝင်ကြည့်ကြမယ်'

ဟိုးလမ်း တစ်လျှောက် အတိုင်း ကျွန်ုပ်တို့ ပြန်ထွက်လာခဲ့သည့် အခါတွင် ကျွန်ုပ်သည် ကျွန်ုပ်တို့ ထွက်ခွာလာခဲ့သည့် အိမ်ကြီးကို ပြန်ကြည့် လိုက်မိလေ၏။ ခပ်ရေးရေး ပေါ်နေသည့် ပြတင်းပေါက်တွင် လူတစ်ယောက်၏ ခေါင်း တစ်လုံး ပေါ်လာသည်ကို မြင်ရလေ၏။ ထိုခေါင်းမှာ မိန်းမ တစ်ယောက်၏ ခေါင်း ဖြစ်ပြီးလျှင် ည အမှောင်ထုထဲသို့ စိတ်အားထက်သန်စွာ စူးစိုက် ကြည့်လျက် ရှိသည်ကို တွေ့ရလေ၏။ ကျွန်ုပ် အထင်တွင်မူ နောက်ထပ် ပေါ်လာမည့် အချက်ပြ မီးရောင်ကို စောင့်လျက်နေခြင်း ဖြစ်သည်ဟု ထင်မိပေ၏။ ဟိုးလမ်း ထိပ်တွင်မူ လည်စည်းကို စည်းကာ ကုတ်အင်္ကျီကြီး တစ်ထည်ကို ဝတ်ထားသည့် လူတစ်ယောက်သည် သံဝင်းထရံ တစ်ခုကို မှီ၍ ရပ်နေသည်ကို တွေ့ရလေ၏။ လမ်းမီးရောင်ထဲတွင် ကျွန်ုပ်တို့ မျက်နှာ ပေါ်လာသည်နှင့် ထိုလူသည် လှုပ်ရှား လာကာ 'မစ္စတာ ဟုမ်းတို့ပါလား' ဟု ပြောလေ၏။

'အလို ဂရက်ဆန်၊ ချစ်သူတွေ တွေ့ရင် ခရီး ဆုံးသတဲ့ဗျ၊ နို့ နေစမ်း ပါဦး၊ ခင်ဗျားက ဒီမှာ ဘာလာ လုပ်နေတာလဲ' ဟု လက်ဆွဲ နှုတ်ဆက်ရင်း မေးလေ၏။

'ခင်ဗျားလိုပဲပေါ့ဗျ၊ ဘယ်လို လုပ်ပြီး ဒီသတင်းကို ရလာတာတုံး၊ ကျွန်တော်ဖြင့် အံ့ရောဗျာ'

'ကိုယ့်နည်းနှင့် ကိုယ်ပေါ့ဗျာ၊ ဒါပေမဲ့ နောက်ဆုံးတော့ ဒီဆက်ထုံး မှာ လာဆုံရတာပဲ မဟုတ်လား၊ ကျုပ် အချက်ပြ သတင်းတွေကို လိုက်မှတ်နေ တာဗျ'

'အချက်ပြ သတင်း ဟုတ်လား'

'ဟုတ်တယ်၊ ဟောဟို ပြတင်းပေါက်က မီးနှင့် အချက်ပြနေတာကို လိုက်မှတ်နေတာ၊ အချက်ပြရင်း တန်းလန်းကနေပြီး ရပ်သွားတယ်ဗျ၊ ဒါနှင့် ဘာဖြစ်လို့ ရပ်သွားသလဲ ဆိုတာ စုံစမ်းဖို့ ထွက်လာကြတာ၊ သို့သော်လည်း ခု ဒီကိစ္စကို ခင်ဗျားလည်း လိုက်နေတယ် ဆိုရင်တော့ ကျုပ် လိုက်ဖို့ မလိုတော့ ပါဘူးလေ၊ စိတ်ချပါပြီ'





ဂရက်ဆန်က စိတ်အား ထက်သန်စွာဖြင့်

'နေပါဦး ခင်ဗျ၊ စုံထောက်ကြီး ကျွန်တော့်ကို လာကူတဲ့ အမှုတွေထဲ မှာ ဒီအမှုမှာ လာကူတာလောက် အားရှိတာ တစ်မှုမှတောင် ရှိမယ် မထင်ဘူး၊ အဲဒီ တိုက်တန်းလျားတွေက ပြန်ထွက်တဲ့ အပေါက် ဆိုလို့ တစ်ပေါက်ပဲ ရှိတယ် ခင်ဗျ၊ ဒီတော့ ဒီလူကို ကျွန်တော်တို့ အေးအေးဆေးဆေး ဆွဲလို့ ရပါပြီ'

'ဒီလူ ဆိုတာက ဘယ်သူလဲဗျ'

'ဒီတစ်ခါတော့ ကျွန်တော်တို့က စုံထောက်ကြီးထက် သာသွားပြီ ထင် တယ်ဗျ၊ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ ကျွန်တော်တို့ကို ကူဦး ခင်ဗျာ'

ထိုသို့ ပြောဆိုပြီးနောက် ဂရက်ဆန်သည် လက်ကိုင်တုတ်ကို ခပ်ဖြင်း ဖြင်း ဆောင့်လိုက်သည်တွင် လမ်းဘေး တစ်ဖက်တွင် ရပ်ထားသည့် လေးဘီး ရထားပေါ်မှ ကျာပွတ် ကိုင်ထားသည့် ရထားသမား တစ်ယောက် ဆင်းလာ လေ၏။

'ခင်ဗျားကို စုံထောက်ကြီး ရှားလော့ဟုမ်းနှင့် မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက ပင်ကာတန် အမေရိကန် အေဂျင်စီက စုံထောက် မစ္စတာ လီဗာ တန်ရယ် ခင်ဗျ'

'လောင်းအိုင်လင် ဥမင် အမှုကို လိုက်ခဲ့တဲ့လူ မဟုတ်လား၊ တွေ့ရတာ ဝမ်းသာတယ်ဗျာ'

မျက်နှာ ချွန်းချွန်း၊ မုတ်ဆိတ်ကို သပ်ရပ်စွာ ရိတ်ထားသည့် စကား နည်းနည်း အမေရိကန် လူငယ်သည် ရှားလော့ဟုမ်း၏ ချီးမွမ်းစကားကြောင့် မျက်နှာ နီရဲသွားလေ၏။

'ကျွန်တော် ခု ကိုယ့် အသက်လောက် အရေးကြီးတဲ့ လူတစ်ယောက်ကို လိုက်နေတာပါ မစ္စတာ ဟုမ်း၊ ဂေါ်ဂျီယန်နီ ဆိုတဲ့ လူကို ရပြီ ဆိုရင်'

'ဘာ၊ စက်ဝိုင်းနီဂိုဏ်းက ဂေါ်ဂျီယန်နီလား'

'သြော် လက်စသတ်တော့ ဒီကောင်က ဥရောပမှာတောင် တော်တော် နာမည် ကြီးနေပြီကိုး၊ ဟုတ်ကဲ့၊ သူ့ အကြောင်းကို ကျွန်တော်တို့ အမေရိကန် ပြည်ထောင်စုမှာတော့ သိခဲ့ရပါပြီ၊ ကျွန်တော်တို့ သိသလောက် ပြောရရင် ဒီ ကောင်ဟာ လူသတ်မှုပေါင်း ငါးဆယ်လောက်ကို ကျူးလွန်ခဲ့ပြီလို့ သိရတယ် ခင်ဗျ၊ ဒါပေမဲ့ ခက်တာက ဒီကောင့်ကို ဖမ်းဖို့ ကျွန်တော်တို့မှာ ဘာမှ သက် သေ ထင်ထင်ရှားရှား မရဘဲ ဖြစ်နေတယ်၊ ခု ကျွန်တော် သူ့ကို နယူးယောက် ကတည်းက လိုက်လာတာ၊ လန်ဒန်မှာ ခြေရာခံမိတာကတော့ တစ်ပတ်လောက်

www.burmeseclassic.com



ရှိပြီ၊ ဒီကောင် ကုပ်ကို ဖမ်းဆွဲနိုင်ဖို့ အတွက် အချက်ကို စောင့်နေတာ၊ ကျွန်တော်နှင့် မစ္စတာ ဂရက်ဆန်က သူ့ကို ဒီအိမ်ထဲ ရောက်အောင် ခြောက်သွင်းလာကြတယ်၊ ခုတော့ အိမ်ထဲ ရောက်နေပြီ၊ ဒီတော့ ပြေးပေါက်တော့ မရှိတော့ပါဘူး၊ ကျွန်တော်တို့ ပိတ်ထားလိုက်ပါပြီ၊ သူ ဝင်သွားပြီး ကတည်းက လူသုံးယောက်တော့ အပြင် ထွက်လာကြပြီ၊ ဒါပေမဲ့ သူတို့ သုံးယောက်ထဲမှာ ဒီကောင် မပါသေးဘူး ခင်ဗျာ’

ရှားလော့ဟုမ်းက ကျွန်ုပ်တို့ သိခဲ့ရသည့် အခြေအနေ အရပ်ရပ်ကို ရှင်းလင်းပြလေ၏။ မစ္စတာ လီဗာတန်သည် စိတ်ရှုပ်သွားဟန်ဖြင့် လက်ကို တစ်ချက် ပုတ်လိုက်လျက်

‘ဟာ၊ ဒီလိုဆို ဒီကောင် ကျွန်တော်တို့ လိုက်နေတာကို သိနေပြီပေါ့’

‘ဘာဖြစ်လို့လဲ’

‘ခု ဒီအတိုင်းပဲ ဖြစ်နေတာပဲ စုံထောက်ကြီးရဲ့၊ ဒီကောင်ဟာ သူ့ လူတွေကို အချက်ပြ သင်္ကေတနှင့် သတင်း ပေးနေတယ်၊ လန်ဒန်မှာ ကျွန်တော်တို့ သိသလောက် သူ့ ဂိုဏ်းသား ခုနစ်ယောက်လောက် ရှိတယ်၊ စုံထောက်ကြီး ပြောတဲ့ အတိုင်း ဆိုရင် အန္တရာယ် ရှိကြောင်း သူ့ လူတွေကို သတိ ပေးနေတုန်းမှာ ချက်ချင်း ရပ်ပစ်လိုက်တယ်၊ ဘာဖြစ်လို့ ရပ်ပစ်လိုက်သလဲ ဆိုရင် ပြတင်းပေါက်မှာ ရပ်နေရင်း လမ်းထဲမှာ ကျွန်တော်တို့ ရောက်နေတာကို မြင်လိုက်တာရင်လည်း ဖြစ်ရမယ်၊ ဒါမှမဟုတ် အန္တရာယ် အတော် နီးမှန်း သိလို့ ရုတ်တရက် ရပ်ပစ်လိုက်တာရင်လည်း ဖြစ်ရမယ်၊ မဟုတ်ဘူးလား မစ္စတာ ဟုမ်း’

‘ဒါတော့ ကျုပ်တို့ ကိုယ်တိုင် သွားကြည့်မှ သိရတော့မှာပဲဗျ’

‘ဒါပေမဲ့ ခက်တာက ဒီကောင်ကို ဖမ်းဖို့ ကျွန်တော်တို့မှာ ဝရမ်း ပါမလာဘူး ခင်ဗျ’

ဂရက်ဆန်က

‘ဒါကတော့ လွယ်ပါတယ်ဗျ၊ လူမနေတဲ့ အဆောက်အအုံထဲမှာ အချိန်အခါ မဟုတ် ဝင်တဲ့ အတွက် မသင်္ကာဘူးပေါ့၊ ခု လောလောဆယ်တော့ ဒီအတိုင်းပဲ လုပ်ရမှာပဲ၊ ဖမ်းမိတော့မှ သူ့ကို ဆက်ပြီး ချုပ်ဖို့ မချုပ်ဖို့ စွဲချက်တင်နိုင် မတင်နိုင်ကတော့ နယူးယောက်ကို လှမ်းမေးပြီး လုပ်ရမှာပဲ၊ ခုလောလောဆယ်ကတော့ ကျွန်တော် တာဝန် ယူပြီး ဖမ်းမယ်ဗျာ’

အင်္ဂလိပ် စုံထောက်များသည် စဉ်းစား တွေးခေါ်ခြင်း အရာတွင် ညံ့



ကောင်း ညံ့မည် ဖြစ်သော်လည်း သတ္တိ ဗျတ္တိ အရာတွင်ကား မညံ့ကြချေ။ ဂရက်ဆန်သည် စကော့တလန်ယာဒ် ရုံးချုပ် လှေကားကို တက်သွားသကဲ့သို့ ရက်စက်သည့် လူသတ်သမားကို ဖမ်းရန် လှေကားကို ဣန္ဒြေရရ တက်သွားလေ၏။ လီဗာတန်က သူ့ရှေ့မှ တက်ရန် ကြိုးစားသေးသော်လည်း တံတောင်ဆစ်ကို ကားကာ ရှေ့မှပင် တက်သွားလေ၏။ လန်ဒန်မှ ရာဇဝတ်မှု အန္တရာယ်များကား လန်ဒန် ပုလိပ်တို့ကို သတ္တိကောင်းအောင် တမင် မွေးပေးနေသကဲ့သို့ ရှိလေ၏။

တတိယ အထပ်မှ တံခါးမကြီးမှာ အနည်းငယ် ဟလျက် ရှိလေ၏။ ဂရက်ဆန်သည် တံခါးကို တွန်းဖွင့်လိုက်လေ၏။ အခန်းထဲတွင် မှောင်မည်း တိတ်ဆိတ်လျက် ရှိလေ၏။ ကျွန်ုပ်က မီးခြစ်ကို ခြစ်ကာ ပုလိပ် ကိုင်သည့် လက်ဆွဲ မှန်အိမ်ငယ်ကို မီးထွန်းလိုက်၏။ မီးလင်းလာသည်တွင် ကျွန်ုပ်တို့မှာ အသက်ကိုမျှ မရှူနိုင်ဘဲ ပါးစပ် အဟောင်းသားဖြင့် ဖြစ်နေကြလေ၏။ ကော်ဇော မရှိသော ကြမ်းခင်းပေါ်တွင်ကား လောလောလတ်လတ် ကျထားသော သွေးစက်များကို တွေ့ရလေ၏။ သွေးစက်များသည် အတွင်းခန်းဆီသို့ ညွှန်ပြလျက် ရှိလေ၏။ အတွင်းခန်း တံခါးမှာ ပိတ်ထားသည်ကို တွေ့ရလေ၏။ ဂရက်ဆန်သည် တံခါးကို တွန်း၍ မှန်အိမ် မီးစာကို မြှင့်လိုက်သည်တွင် ကျွန်ုပ်တို့သည်လည်း သူ့ ပခုံးပေါ်မှ ကျော်၍ အခန်းတွင်းသို့ လှမ်းကြည့်လိုက်မိကြလေ၏။

ဟာလာဟင်းလင်း ဖြစ်လျက် ရှိသော အခန်းထဲရှိ ကြမ်းပြင်ပေါ်၌ကား အသား ညိုညို၊ မုတ်ဆိတ်ကို စင်ကြယ်စွာ ရိတ်ထားသည့် ကြီးမား တုတ်ခိုင်သော ခန္ဓာကိုယ်ကြီး ရှိသည့် လူတစ်ယောက်သည် မျက်နှာကြီးကို ကြောက်စဖွယ် ရှုံ့မဲ့ကာ ကြမ်းပြင်ပေါ်တွင် လဲကျလျက် ရှိပြီး ခေါင်းပတ်လည် တစ်ဝိုက်တွင် သွေးတို့ အိုင်ထွန်းလျက် ရှိလေ၏။ ထိုလူသည် ဒူးများကို ထောင်ထားပြီး ဝေဒနာကို နာကျင် ပြင်းပြစွာ ခံစားနေရဟန်ဖြင့် လက်နှစ်ဖက်ကိုလည်း ဘေးသို့ ဆန့်တန်းထားလျက် ရှိ၍ ဝေါဝေါကြီး ပေါ်နေသည့် လည်ပင်းတွင်မူ အသွားဆုံးသည် အထိ ဓားမြှောင်ကြီး တစ်ချောင်း တန်းလန်း စိုက်လျက် ရှိလေ၏။ ထိုလူမှာ ကြီးမား တုတ်ခိုင်သော ခန္ဓာကိုယ် ရှိသည့် အလျောက် ယခုကဲ့သို့ ရက်စက်စွာ ဓားဖြင့် ထိုးနှက်ခြင်း မခံရမီတွင် နွားသတ်ရုံမှ နွားကြီး တစ်ကောင်သဖွယ် ပစ်လှဲ ခံထားရဟန် တူပေ၏။ ထိုလူ၏ ညာဘက်လက် အနီးတွင်မူ ကျွဲချို လက်ကိုင်တပ် နှစ်ဖက်သွား ဓားမြှောင်ကြီး တစ်ချောင်းသည် ကြမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တွင် ကျလျက် ရှိပြီး အနီးတွင်လည်း ဆိတ်ကလေးရေဖြင့် လုပ်ထားသော အနက်ရောင် လက်အိတ် တစ်လုံးကို တွေ့ရလေ၏။

'ဟာ ဂေါ်ဂျီယန်နီပါလား၊ တစ်ယောက်ယောက်က ကျွန်တော်တို့ထက် လက်ဦးသွားပြီ ခင်ဗျ' ဟု အမေရိကန် စုံထောက်က အော်လိုက်လေ၏။

'မစ္စတာ ဟုမ်း၊ ပြတင်းပေါက် ဘောင်ပေါ်မှာ ဖယောင်းတိုင် ရှိတယ် ခင်ဗျ၊ စုံထောက်ကြီး ဘာလုပ်ဦးမလို့လဲ' ဟု ဂရက်ဆန်က မေးလိုက်၏။

ရှားလော့ဟုမ်းသည် ပြတင်းပေါက်ဆီသို့ သွားကာ ဖယောင်းတိုင်ကို ထွန်းလိုက်ပြီးနောက် ပြတင်းပေါက် တံခါးနားတွင် ကပ်၍ ဖယောင်းတိုင်ကို ဘယ်ညာ ယိမ်းပြလျက် ရှိလေ၏။

ထို့နောက် ပြတင်းမှန်နားသို့ ကပ်ကာ အမှောင်ထဲသို့ လှမ်းကြည့်လိုက်ပြီးလျှင် ဖယောင်းတိုင်ကို မှုတ်ကာ ကြမ်းပေါ်သို့ ပစ်ချလိုက်လေ၏။

'မီး ပြလိုက်ရင် ကျုပ်တို့ အတွက် အထောက်အကူတော့ ရလိမ့်မယ် ထင်ပါရဲ့ဗျာ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် အလောင်း အနီးတွင် လာရပ်ရင်း လေးနက်စွာ စဉ်းစားလျက် ရှိလေ၏။ ပုလိပ် နှစ်ယောက်မှာမူ အလောင်းကို သေချာစွာ စစ်ဆေး ကြည့်ရှုလျက် ရှိကြလေ၏။

'ခင်ဗျားတို့ အောက်မှာ စောင့်နေကြတုန်း တိုက်ထဲက လူသုံးယောက် ထွက်လာတာကို မြင်လိုက်တယ်လို့ ခင်ဗျားတို့ ပြောတယ် မဟုတ်လား၊ သူတို့ သုံးယောက်ကိုကော သေသေချာချာ ကြည့်လိုက်မိရဲ့လား'

'ဟုတ်ကဲ့၊ ကျွန်တော် ကြည့်လိုက်ပါတယ်'

'အဲဒီ အထဲမှာ အသား ညိုညို၊ မုတ်ဆိတ်မွေး နက်နက်နှင့် အသက် သုံးဆယ် အရွယ် လူတစ်ယောက်များ မပါလာဘူးလား၊ အရပ်အမောင်းကတော့ ခပ်သင့်သင့်ပဲ'

'ဟုတ်တယ် ခင်ဗျ၊ သူ နောက်ဆုံး ဆင်းလာတာပဲ'

'အဲဒါ ခင်ဗျားတို့ ဖမ်းရမယ့် လူပဲဗျ၊ သူ့ ပုံပန်း သဏ္ဌာန်ကို ကျုပ် ပြောခဲ့ပြီးပြီ၊ ပြီးတော့ သူ့ခြေရာကိုလည်း ယူလို့ ရပြီ၊ ကျန်တာကတော့ ခင်ဗျားတို့ တာဝန်ပဲ'

'လူ သန်းပေါင်းများစွာ ရှိတဲ့ လန်ဒန်မြို့ထဲမှာ ကျွန်တော်တို့ ဘယ့်နှယ် လုပ် ရှာမလဲ မစ္စတာ ဟုမ်းရယ်'

'ရှာတာကတော့ တော်တော်လေး ခက်မှာပဲ၊ ဟောဒီ အမျိုးသမီးကို ခင်ဗျား အကူအညီ တောင်းရင်တော့ အကောင်းဆုံး ထင်တာပဲ'





သူ့ စကားကြောင့် ကျွန်ုပ်တို့ လှည့်ကြည့်လိုက်မိကြသည်တွင် တံခါး ပေါက်၌ အရပ် မြင့်မြင့်၊ ရုပ်ရည် ချောမော လှပသော အမျိုးသမီး တစ်ယောက် ရပ်နေသည်ကို မြင်ရလေ၏။ ထိုအမျိုးသမီးမှာ မစ္စက် ဝါးရင်း အိမ်တွင် လူစား ဝင်နေသည့် အမျိုးသမီး ဖြစ်လေ၏။ အမျိုးသမီးသည် ရှေ့သို့ တစ်လှမ်းချင်း တိုးလာခဲ့သည်တွင် သူ့မျက်နှာမှာ ဖျော့တော့ကာ ချူးကျလျက် ရှိပြီး ထိတ်လန့်သည့် အသွင် ပေါ်လျက် ရှိလေ၏။ သူ့ မျက်လုံးများမှာ ပြူးကျယ်လျက် ရှိပြီး ကြမ်းပြင်ပေါ်တွင် လဲကျနေသူကို စိုက်ကြည့်လျက် ရှိလေ၏။

'ရှင် သတ်တာ၊ သူ့ကို ရှင် သတ်တာ' ဟု ပါးစပ်မှ တတွတ်တွတ် ပြောလျက် ရှိလေ၏။ ထို့နောက် သက်ပြင်း တစ်ချက် ရှိုက်လိုက်သံကို ကြားရပြီးလျှင် ဝမ်းသာအားရဖြင့် ခုန်လိုက်သည်ကို တွေ့ရလေ၏။ ထိုအမျိုးသမီးသည် လက်ခုပ်လက်ဝါး တီးကာ အခန်းထဲတွင် ပတ်ချာလှည့် ကလျက် ရှိပြီး ညိုနက် တောက်ပသော မျက်လုံးများမှာလည်း ဝမ်းသာ အံ့သြသော အရောင်ဖြင့် တဖျပ်ဖျပ် လက်လျက် ရှိ၍ အီတလီ ဘာသာဖြင့် ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုလျက် ရှိလေ၏။ ဤသို့သော အနိဋ္ဌာရုံ မြင်ကွင်း အနီးတွင် ချောမော လှပသော မိန်းမပျို တစ်ယောက် ဝမ်းမြောက်ဝမ်းသာ ကခုန် မြူးထူးနေသည်ကို မြင်ရခြင်းမှာ ကြောက်ဖွယ်လည်း ကောင်း အံ့သြဖွယ်လည်း ကောင်းလှပေ၏။

ထို့နောက် အမျိုးသမီးသည် ကခုန်နေရာမှ ရပ်လိုက်ပြီးလျှင် ကျွန်ုပ်တို့ကို စူးစမ်းဟန်ဖြင့် စိန်းစိန်းကြီး စိုက်ကြည့်လျက် ရှိလေ၏။

'နေစမ်းပါဦး ရှင်၊ ရှင်တို့က ဘယ်သူတွေလဲ၊ ပုလိပ်တွေလား၊ ဂေါ်ဂျီယန်နီကို ရှင်တို့ သတ်လိုက်တာပေါ့ ဟုတ်လား'

အမျိုးသမီးသည် အခန်းထောင့် အမှောင်ထဲသို့ လှမ်းကြည့် လိုက်ပြန်လေ၏။

'ဒါဖြင့် ဂျင်နာရို ဘယ်ရောက်သွားသလဲ ရှင်၊ ဂျင်နာရိုကော၊ ဂျင်နာရိုက ကျွန်မ ယောက်ျားပါ၊ ကျွန်မ နာမည်က အင်မီလာ လတ်ကာပါ၊ ကျွန်မတို့ နှစ်ယောက်စလုံး နယူးယောက်မှာ နေခဲ့ကြပါတယ်၊ ဂျင်နာရိုကောရှင်၊ သူက ခုနကတွင် ပြတင်းပေါက်ကနေ လှမ်းခေါ်လို့ ကျွန်မ ပြေးလာတာ'

'ခင်ဗျားကို ခေါ်တာကတော့ ကျုပ်ပဲဗျ'

'ရှင်၊ ရှင်ခေါ်တာ ဟုတ်လား၊ ရှင်က ဘယ့်နှယ်လုပ် ခေါ်တတ်မလဲ ရှင်၊ မဖြစ်နိုင်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားတို့ လျှို့ဝှက် သင်္ကေတက သိပ်ခက်တာ မဟုတ်ပါဘူးဗျာ ဒီမှာ ခင်ဗျား ရှိရင် ကောင်းမယ် ထင်လို့ ခေါ်လိုက်တာပဲ၊ လာလို့ မီးနှင့် အချက် ပြလိုက်ရင် ခင်ဗျား ဆင်းလာမယ် ဆိုတာ ကျုပ် သိတာပေါ့'

ချော့မော့ လှပသည့် အီတလီ အမျိုးသမီးသည် ရှားလော့ဟုမ်းကို ကြောက်လန့်တကြား လှမ်းကြည့်လိုက်လေ၏။

'ကျွန်မတို့ အကြောင်းတွေကို ရှင် ဘယ့်နှယ်လုပ် သိသလဲ ဆိုတာ ကျွန်မဖြင့် နားမလည်နိုင်အောင်တောင် ဖြစ်နေပြီ၊ ပြီးတော့ ဂေါ်ဂျီယန်နို ဟာလည်း'

အမျိုးသမီးသည် စကားကို ဆုံးအောင် မပြောဘဲ ဖြတ်ထားလိုက်လေ၏။ သူ့ မျက်နှာမှာ ဂုဏ်ယူခြင်း၊ ဝမ်းမြောက်ခြင်းဖြင့် ဝင်းထိန်လျက် ရှိပေ၏။

'သြော် ကျွန်မ သိပြီရှင့်၊ ကျွန်မ ယောက်ျား၊ ကျွန်မ ချစ်တဲ့ ဂျင်နာရို က သတ်လိုက်တာကိုး၊ ကျွန်မကို ဘေးမသီ ရန်မခအောင် သူပဲ ဒီကို ခေါ်လာခဲ့လို့ ကျွန်မ ရောက်လာခဲ့ရတာပါရှင်၊ ကျွန်မ ယောက်ျားက တော်တော် သတ္တိ ကောင်းတာပဲနော်၊ ဒီလို ယောက်ျားမျိုးကို ရတဲ့ မိန်းမ တစ်ယောက်ဟာ ကံ ကောင်းပါတယ်ရှင်'

အင်စပက်တော် ဂရက်ဆန်သည် နော်တင်းဟီး ရပ်ကွက်မှ လူရမ်းကား တစ်ယောက်ကို ဆက်ဆံသကဲ့သို့ မျက်နှာထား တင်းတင်းဖြင့် အမျိုးသမီး၏ အင်္ကျီလက်ကို ဆွဲကိုင်လိုက်ကာ

'ကဲ မစ္စက် လတ်ကာ၊ ခင်ဗျား ဘယ်သူလဲ၊ ဘယ်ကလဲ ဆိုတာ ကျွန် တော့် အနေနှင့် မရှင်းသေးဘူးဗျ၊ ဒါပေမဲ့ ဒီမှာ ခင်ဗျား ပြောလို့ ရှင်းသင့် သလောက် ရှင်းသွားပါပြီ၊ ဒါပေမဲ့ မရှင်းတဲ့ အချက်ကလေးတွေကို ထပ်မေးဖို့ စကော့တလန်ယာဒ် ရုံးချုပ်ကို ခဏ လိုက်ခဲ့ပါ'

ရှားလော့ဟုမ်းက

'ဗိုလ် ဂရက်ဆန်၊ ခဏလေးဗျာ၊ ဒီအမျိုးသမီးမှာ ပြောစရာတွေ တော် တော်များများ ရှိနေတော့ ပြောချင်နေတယ်ဗျ၊ ဒီတော့ ကျုပ်တို့လည်း ကြားရ အောင် ဖြစ်နိုင်ရင် ဒီမှာပဲ ပြောပါစေဗျာ၊ ဒီမှာ ကျုပ် ညီမကြီး၊ ဟောဒီ လူကို သတ်မှုနှင့် ခု ခင်ဗျား ယောက်ျားကို ဖမ်းရတော့မယ်ဗျ၊ ခင်ဗျား ပြောတဲ့ စကားတွေကို ရုံးတော်မှာ သက်သေ ထွက်ချက် အနေနှင့် တင်ရတော့မယ်၊ သို့သော်လည်း ခင်ဗျား ယောက်ျားဟာ ရာဇဝတ်ပြစ်မှု မကင်းတဲ့ ကြံရွယ်ချက် နှင့် ဒီအမှုကို ကျူးလွန်တာ မဟုတ်ဘူးလို့ ခင်ဗျား ထင်လို့ ရှိရင် အဖြစ်အပျက်





အပြည့်အစုံကို ကျုပ်တို့ကို ပြောပြဖို့ ကောင်းတယ်၊ ခင်ဗျား ယောက်ျားကို တယ်ရင် ဒီနည်းနှင့် ကယ်တာဟာ အကောင်းဆုံး ဖြစ်မှာပဲ'

'ဟုတ်ပါပြီရှင်၊ ခု ဂေါ်ဂျီယန်နို သေသွားပြီ ဆိုတော့ ကျွန်မတို့မှာ ဘာကိုမှ ကြောက်စရာ မလိုတော့ပါဘူး၊ ဒီလူက လူဆိုး၊ လူယုတ်မာရှင့်၊ ဒီ လို လူမျိုးကို သတ်လို့တော့ ကျွန်မ ယောက်ျားကို ဘယ်သူကမှ အပြစ်ပေးမှာ မဟုတ်ပါဘူးရှင်'

'ဒီလိုဆိုရင် ကျုပ်တို့ ပစ္စည်းတွေနှင့် အလောင်းကို ဒီအတိုင်း ထား၊ တံခါးကို ပိတ်ပစ်ခဲ့၊ သူ့ အခန်းကို လိုက်သွားပြီး သူ့ စကားကို နားထောင်ရင် ကောင်းမယ် ထင်တယ်ဗျ၊ နားထောင်ပြီးတော့မှ ကျုပ်တို့ဘာသာ ကောက်ချက် ဆွဲယူကြတာပေါ့'

နာရီဝက်ခန့် အကြာတွင် ကျွန်ုပ်တို့ လေးယောက်သည် မစ္စက် လတ်ကာ ၏ အခန်းကျဉ်းကလေးထဲတွင် ထိုင်ကာ စိတ် မချမ်းသာဖွယ် ကောင်းသည့် အဖြစ်အပျက်ကို နားထောင်လျက် ရှိကြလေ၏။ အမျိုးသမီးမှာ စကားကို ခပ် မြန်မြန် ခပ်သွက်သွက် ပြောလျက် ရှိသည့် အထဲတွင် သူ ပြောသည့် အင်္ဂလိပ် စကားမှာလည်း မပီမသ ဖြစ်လျက် ရှိသဖြင့် ကျွန်ုပ်က သဒ္ဒါ မှန်အောင် ပြင် ကာ အောက်တွင် ပြန်လည် ဖော်ပြလိုက်ပေ၏။

'ကျွန်မက အီတလီပြည် နေပဲလ်မြို့နားက ပိုဆီလီပိုမှာ မွေးပါတယ်ရှင်၊ ကျွန်မ အဖေ အော်ဂတ်စတို ဘာရယ်လီက အဲဒီမှာ နာမည်ကျော် ရှေ့နေကြီး တစ်ဦးပါ၊ ပြီးတော့ အဲဒီနယ်က တက်ခဲ့တဲ့ လွှတ်တော် အမတ် တစ်ဦးလည်း ဖြစ်ပါတယ်၊ ဂျင်နာရိုက ကျွန်မ အဖေဆီမှာ ရှေ့နေ စာရေး လုပ်ပါတယ်၊ ကျွန်မတို့ နှစ်ယောက် လူငယ် ဘာဝ တစ်ယောက်ကို တစ်ယောက် ချစ်ခင် နှစ်သက်ခဲ့ကြပါတယ်၊ ဂျင်နာရိုမှာက ဂုဏ်လည်း မရှိ၊ ပိုက်ဆံလည်း မရှိ၊ ရုပ်ချောပြီး သတ္တိ ကောင်းတာက လွဲလို့ သူ့မှာ တခြား ဘာမှ မရှိဘူး ဆိုပါ တော့၊ ဒါကြောင့် ကျွန်မတို့ နှစ်ယောက်ကို ဖေဖေက သဘော မတူပါဘူး၊ ဒါ နှင့် ကျွန်မတို့ နှစ်ယောက် ဘာရီကို ထွက်ပြေးလာပြီး အဲဒီမှာ လက်ထပ်ခဲ့ကြ ပါတယ်၊ ပြီးတော့ ကျွန်မမှာ ပါလာတဲ့ လက်ဝတ်လက်စားတွေကို ရောင်းပြီး အမေရိကကို လာခဲ့ပါတယ်၊ အဲဒါက လွန်ခဲ့တဲ့ လေးနှစ်လောက်ကပါ၊ အဲဒီ တုန်းက ကျွန်မတို့ နယူးယောက်မှာ နေခဲ့ကြပါတယ်။

'အစ ပထမတော့ ကျွန်မတို့မှာ အားလုံး ချောမော အဆင်ပြေလို့ပါပဲ၊ ဂျင်နာရိုက အီတလီ လူမျိုး တစ်ယောက်ကို ကူညီခဲ့ဖူးပါတယ်၊ အဲဒီတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဝါးလို့ ခေါ်တဲ့ နေရာမှာ အီတလီ သူဌေးကြီးကို လူရမ်းကားတွေက ဝိုင်းရိုက်မယ် လုပ်တုန်းမှာ ဂျင်နာရိုက ဝင်ကယ်ခဲ့ပါတယ်၊ ဒါနဲ့ သူဌေးကြီးကလည်း သူ့ကို ခင်မင်သွားပြီး အားကိုးတကြီး ထားပါတယ်၊ အဲဒီ သူဌေးနာမည်က တီးတိုး ကာစတာလိုတီတဲ့ရှင့်၊ သူက ကာစတာလိုတီနဲ့ ဇမ်ဘာ ဆိုတဲ့ ကုမ္ပဏီ သူဌေးကြီးရှင့်၊ နယူးယောက်မှာဖြင့် အတော် ကြီးကျယ်တဲ့ သစ်သီး တင်ပို့တဲ့ ကုမ္ပဏီကြီးပါ၊ ဆီညော် ဇမ်ဘာက လူမမာကြီး ဆိုတော့ သစ်သီး ကုမ္ပဏီကြီးကို ကျွန်မတို့ မိတ်ဆွေ ကာစတာလိုတီကပဲ ဦးစီး ဦးဆောင် လုပ်ရပါတယ်ရှင်၊ ကုမ္ပဏီမှာ အမှုထမ်းချည်းပဲ သုံးရာကျော်လောက် ရှိတယ်ရှင့်၊ ဒါနဲ့ သူကလည်း ကျွန်မ ယောက်ျားကို ကျေးဇူးဆပ်တဲ့ အနေနဲ့ သူ့ ကုမ္ပဏီမှာ အလုပ် ပေးပြီး ဌာနကြီး တစ်ခုကို ကြီးမှူးရပါတယ်၊ ဒါတွင် မကဘူး၊ အစစအရာရာ လိုလေသေး မရှိအောင် ကျွန်မတို့ကို ကူညီပါတယ်ရှင်၊ ကာစတာလိုတီက လူပျိုကြီးရှင့်၊ ကျွန်မ ယောက်ျားကို သားအရင်းလို ချစ်ပြီး ကျွန်မတို့ နှစ်ယောက်ကလည်း သူ့ကို အဖေ အရင်းလို အောက်မေ့ကြပါတယ်၊ ကျွန်မတို့ လင်မယား နေသားကျတော့ ဗရွတ်ကလင်မှာ အိမ်ကလေး တစ်လုံး ငှားပြီး အေးအေးချမ်းချမ်းနဲ့ နေကြပါတယ်၊ အဲဒီ အထိ အဆင် ပြေနေတာပေါ့ရှင်၊ ဒါပေမဲ့ မကြာခင်မှာ ကောင်းကင် တစ်ခုလုံးကို ဖုံးအုပ်နေတဲ့ တိမ်တိုက်လို ကျွန်မတို့ ဘဝမှာ မည်းမှောင်တဲ့ တိမ်တိုက်ကြီး တစ်ခု ထိုးလာမယ် ဆိုတာ ဘယ်သိပါ့မလဲရှင်။

'တစ်ညကျတော့ ဂျင်နာရို အလုပ်က အပြန်မှာ အီတလီ တစ်ယောက်ကို အိမ်ခေါ်လာတယ်ရှင့်၊ သူ့ နာမည်က ဂေါ်ဂျီယာနီတဲ့၊ သူကလည်း ကျွန်မတို့လို ပိုဆီလီပိုနယ်သားပဲ၊ လူက စုံထောက်ကြီးတို့ မြင်ခဲ့တဲ့ အတိုင်း နည်းတဲ့ လူကြီး မဟုတ်ဘူးရှင်၊ အရုပ်အမောင်းရော ကိုယ်လုံးကိုယ်ပေါက်ရော ထွားပါဘိသနဲ့၊ လူတွင် ကြမ်းတမ်းတာ မဟုတ်ဘူးရှင့်၊ စိတ်ရော အပြုအမူရော အနေအထိုင်ရော ကြမ်းတမ်း ရိုင်းစိုင်းတယ်၊ အသံကြီးကလည်း ဟိန်းနေတာပဲ၊ ကျွန်မတို့ အိမ်ကလေးထဲမှာ သူ့ အသံကြီးဟာ မိုးချုန်းသလားတောင် အောက်မေ့ရတယ်၊ စကား ပြောရင်လည်း လက်ကြီးကို ဝှေ့ယမ်းပြီး အားရပါးရ ပြောတတ်လို့ ကျွန်မတို့မှာ သူ စကား ပြောရင် ခပ်ဝေးဝေးက နေရတယ်၊ သူ့ အတွေးတွေ သူ့ ခံစားချက်တွေကလည်း ကြောက်စရာတွေရှင့်၊ စကား ပြောရင်လည်း အားရပါးရ အော်ကြီးဟစ်ကျယ် ပြောတတ်လို့ ကျုံ့တဲ့ လူမှာ ကုပ်ပြီး နားထောင် နေရတယ်၊ မျက်လုံးကြီးတွေနဲ့ ကြည့်လိုက်ရင်လည်း ကြောက်





စရာကြီးရှင့်၊ တကယ် စားတော့ ဝါးတော့မယ့် အတိုင်းပဲ၊ လူက တကယ့် လူ့ဘီလူးကြီးပါရှင်၊ ခု သေသွားပြီ ဆိုတော့ တော်ပသေးတာပေါ့။

'ဒီလိုနဲ့ သူဟာ ကျွန်မတို့ အိမ်ကို မကြာခဏ ပေါက်လာ တတ်ပါတယ်၊ သူ လာရင် ကျွန်မ စိတ်ညစ်သလို ကျွန်မ ယောက်ျားလည်း တော်တော် စိတ်ညစ် ရှာပါတယ်၊ သူ လာလို့ နိုင်ငံရေး အကြောင်းတွေ ဘာတွေကို အော်ကြီးဟစ်ကျယ်နဲ့ ပြောရင် ကျွန်မ ယောက်ျားဟာ အသာကလေး ကုပ်ပြီး နားထောင် နေရှာပါတယ်၊ ဘာမှ ဝင်မပြောပါဘူး၊ ဒါပေမဲ့ သူ့ မျက်နှာကို ကြည့်ရတာ ကျွန်မ သိပ် အကဲ မရဘူးရှင့်၊ အစတုန်းကတော့ ဂေါ်ဂျီယာနီကို မနှစ်သက်ရုံလောက်ပဲလို့ အောက်မေ့လိုက်မိတယ်၊ ဒါပေမဲ့ နောင်ကျတော့ မကြိုက်ရုံ မနှစ်သက်ရုံတွင် မဟုတ်ဘူး ဆိုတာ တဖြည်းဖြည်းနဲ့ သိလာရတယ်ရှင့်၊ ကြောက်နေတာ၊ သူ့ကို ကြည့်ပြီး အကြီးအကျယ် ကြောက်နေတာ၊ ဒါနဲ့ တစ်ညကျတော့ ကျွန်မကလည်း ရိပ်မိတာနဲ့ အဲဒီညမှာပဲ သူ့ကို မေးမိတယ်၊ ဘာဖြစ်လို့ ဒီလူကြီးကို ဒီလောက် ကြောက်နေရတာလဲ၊ ဘာဖြစ်လို့ ကိုယ့် ဘဝမှာ အရိပ်ထိုးခံနေရတာလဲလို့ ကျွန်မက မေးတယ်။

'ဒီတော့မှ ကျွန်မ ယောက်ျားက ကျွန်မကို အကုန် ဖွင့်ပြောပါတယ်၊ သူ့စကားကို နားထောင်လိုက်ရတော့ ကျွန်မလည်း တစ်ကိုယ်လုံး ရေခဲတုံးလို အေးစက်သွားတယ်ရှင့်၊ ကျွန်မ ယောက်ျားဟာ သူ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့ နေခဲ့ရတုန်းက စိတ်ကလည်း ညစ် ဒေါသကလည်း ထွက်တော့ စက်ဝိုင်းနီ ဆိုတဲ့ လျှို့ဝှက်ဂိုဏ်း တစ်ဂိုဏ်းကို သွားဝင်သတဲ့ရှင်၊ အဲဒီ ဂိုဏ်းကို ဝင်ရင် သစ္စာ ဆိုရတာကလည်း ကြောက်စရာကြီးတဲ့၊ အသင်းထဲကို ဝင်မိရင် ပြန်ထွက်လို့လည်း မရတော့ဘူးတဲ့ရှင့်၊ အမေရိကကို ရောက်တော့ ကျွန်မ ယောက်ျားလည်း ဒီဂိုဏ်းရဲ့ စက်ကွင်းက လွတ်ပြီလို့ ထင်မိတာပေါ့လေ၊ ဒါပေမဲ့ တစ်နေ့ကျတော့ နယူးယောက် လမ်းတစ်ခုပေါ်မှာ သူ့ကို အဲဒီ ဂိုဏ်းထဲကို သွင်းပေးခဲ့တဲ့ ဂေါ်ဂျီယာနီနဲ့ သွားတွေ့ပါလေရောရှင်၊ သူက ပုလိပ်က လိုက်တာနဲ့ နယူးယောက်ကို ထွက်ပြေးလာတာ၊ သူက အဲဒီလို ထွက်ပြေးတဲ့ ဂိုဏ်းဝင်တွေကို လိုက် လိုက်သတ်လွန်းလို့ သူ့ကို ငရဲမင်းလို့ သူတို့ ဂိုဏ်းထဲမှာ ခေါ်ကြသတဲ့ရှင်၊ သူ နယူးယောက်ကို ရောက်တော့လည်း အဲဒီမှာ သူ့ ဂိုဏ်းကို ပြန်ဖွဲ့သတဲ့ရှင်၊ အဲဒါတွေကို ကျွန်မ ယောက်ျားက ပြန်ပြောပြပြီး အဲဒီနေ့က ရောက်လာတဲ့ သူတို့ ဂိုဏ်းရဲ့ ဆင့်ခေါ်ချက်ကို ကျွန်မကို ပြပါတယ်ရှင်၊ အဲဒီ စာရွက် ထိပ်မှာ စက်ဝိုင်း အနီ တစ်ခု ရေးထားတယ်ရှင့်၊ နယူးယောက် တစ်နေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အစည်းအဝေး တစ်ခု ကျင်းပမယ်တဲ့၊ အဲဒီ အစည်းအဝေးကို တက်ရမယ်တဲ့၊ မတက် မနေရ အမိန့်တဲ့။

'အခြေအနေကတော့ တော်တော် ဆိုးလာပြီပေါ့ရှင်၊ ဒါပေမဲ့ ဒါက အစပဲ ရှိသေးတယ်ရှင့်၊ ဂေါ်ဂျီယန်နီဟာ ကျွန်မတို့ အိမ်ကို မကြာခဏ ပေါက်လာတတ်ပြီး ကျွန်မနှင့်ချည်း စကားတွေ ပြောတတ်တယ်ရှင့်၊ တစ်ခါတလေကျတော့လည်း ကျွန်မ ယောက်ျားနှင့်သာ စကား ပြောနေပေမဲ့ မျက်လုံးကြီးတွေကတော့ ကျွန်မဘက်ကို ရောက်နေပြီး ကျွန်မကိုချည်း စိုက် စိုက်ကြည့်နေတတ်တယ်၊ အဲ တစ်ညကျတော့ ကျွန်မကို ကြိုက်ကြောင်း ချစ်ကြောင်း ဖွင့်ပြောပါလေရောရှင်၊ စဉ်းစားကြည့်ပါရှင်၊ သူကတော့ ချစ်တယ်လို့ ပြောတာပါပဲ၊ ဒါပေမဲ့ ကျွန်မ အဖို့တော့ ဘီလူးကြီး တစ်ကောင်ရဲ့ ပါးစပ်က ကြားလိုက်ရသလိုတောင် အောက်မေ့မိတယ်၊ အဲဒီတုန်းက ကျွန်မ ယောက်ျားလည်း အိမ်ကို ပြန် မရောက်သေးဘူးရှင့်၊ တစ်ခါတည်းရှင်၊ ကျွန်မဆီကို အတင်း တိုးလာပြီး သူ့လက်ကြီး နှစ်ဖက်နှင့် ကျွန်မကို တအားဖက်၊ သူ့ ရင်ခွင်ထဲ ပွေ့၊ ကျွန်မကို နမ်းပြီး သူ့ကို ပြန်ချစ်ဖို့ ပြောတော့တာပဲ၊ ဒီလို နသားပါယား လုပ်လို့ ကျွန်မက အော်ဟစ် ရုန်းကန်နေတုန်းမှာ ကျွန်မ ယောက်ျား ရောက်လာပြီး သူ့ကို ထိုးပါတယ်၊ ဒီတွင် သူက ကျွန်မ ယောက်ျားကို ထိုးပြီး ထွက်ပြေးပါတယ်၊ ဒီနောက်က စပြီး သူလည်း ကျွန်မတို့ အိမ်ကို မလာတော့ပါဘူး၊ ကျွန်မတို့ဟာ တကယ့် ကြောက်စရာ ကောင်းတဲ့ လူနှင့်မှ သွားတိုးနေတာကိုးရှင့်။

'နောက် ရက် သိပ်မကြာခင်မှာပဲ သူတို့ ဂိုဏ်း အစည်းအဝေး လုပ်တယ်ရှင့်၊ အစည်းအဝေးက ပြန်လာတော့ ကျွန်မ ယောက်ျားရဲ့ မျက်နှာကို ကြည့်လိုက်တာနှင့် တော်တော် ဆိုးဆိုးရွားရွား ဖြစ်လာခဲ့ပြီ ဆိုတာ ကျွန်မ သိလိုက်ပါတယ်၊ ဆိုးပုံကတော့ ကျွန်မတို့ ထင်တာထက် တော်တော့်ကို ဆိုးတဲ့ အဖြစ်ရှင့်၊ သူတို့ ဂိုဏ်းရဲ့ ရန်ပုံငွေကို ရှာဖို့ စဉ်းစားကြတော့ ချမ်းသာတဲ့ အီတလီ လူမျိုးတွေဆီက ငွေညှစ်ဖို့ ဆုံးဖြတ်ကြသတဲ့၊ တကယ်လို့ ငွေမပေးရင် သူတို့ကို သတ်ပစ်မယ် သို့မဟုတ် ဒဏ်ရာ အနာတရ ဖြစ်အောင် လုပ်မယ်လို့ ခြိမ်းခြောက်ကြမလို့တဲ့၊ သူတို့ ငွေညှစ်မယ့် အထဲမှာ ကျွန်မတို့ ကျေးဇူးရှင် ကာစတာလိုတီလည်း ပါတယ်ရှင့်၊ ဒါနှင့် သူ့ကို ငွေတောင်းတော့ သူက မပေးဘူးလို့ ငြင်းပါတယ်၊ သူတို့ ခြိမ်းခြောက်တဲ့ စာတွေကိုလည်း ပုလိပ်လက်ကို အပ်လိုက်ပါတယ်၊ အဲဒီအခါမှာ သူ့နောက်က လူတွေကလည်း သူ့လိုပဲ ငြင်းဆန်ပြီး ပုလိပ် တိုင်နေလိမ့်မယ်၊ ဒါကြောင့် နောက်လူတွေ မလုပ်





ရဲအောင် သူ့ကို စံပြ အဖြစ် အပြစ်ပေးဖို့ ဆုံးဖြတ်ကြသတဲ့ရှင့်၊ သူတို့ အစည်းအဝေးက ကာစတာလိုတီနှင့် သူ့အိမ်ကို ဒိုင်းနမိုင်းနှင့် ဖောက်ခွဲဖို့ ဆုံးဖြတ်ကြပါတယ်၊ ဒီကိစ္စကို ဘယ်သူ လုပ်မလဲ ဆိုပြီး မဲနှိုက်ကြပါတယ်၊ ကျွန်မ ယောက်ျားက မဲနှိုက်တော့ ဂေါ်ဂျီယန်နီရဲ့ မျက်နှာမှာ ရက်စက်တဲ့ အပြုံးကို မြင်လိုက်ရတယ်ရှင့်၊ သူတို့ ဘယ်လို စီစဉ်ထားသလဲ ဆိုတာတော့ မသိဘူးပေါ့ရှင်၊ မဲနှိုက်လို့ ဖွင့်ကြည့်လိုက်တဲ့ အခါကျတော့ ကျွန်မ ယောက်ျားရဲ့ လက်ထဲမှာ စက်ဝိုင်း နီနီနှင့် စာရွက်ကလေး ပါလာတော့တာပါပဲ၊ ဒီတော့ ကျွန်မ ယောက်ျား အဖို့ သူ့မိတ်ဆွေ သူ့ကျေးဇူးရှင်ကို သတ်မလား သို့မဟုတ် ကျွန်မတို့ နှစ်ယောက်စလုံး ဘေးဒုက္ခ တွေ့မလား ဆိုတာ ရွေးစရာ ပေါ်လာပါတယ်၊ သူတို့ ဂိုဏ်းရဲ့ ထုံးစံက သူတို့ ဂိုဏ်းဝင် တစ်ယောက်ကို အပြစ် ပေးရင် လက်စားချေရင် အဲဒီ ဂိုဏ်းဝင်ကိုတွင် မကဘူး၊ သူ့ ချစ်ခင် နှစ်သက်သူတွေကိုလည်း အန္တရာယ်ပြုလေ့ ရှိပါတယ်၊ ဒါကြောင့် အဲဒီညက အိမ်ပြန်လာတဲ့ အခါကျတော့ ကျွန်မ ယောက်ျားဟာ ထိတ်လန့် ကြောက်ရွံ့ပြီး ပြန်လာတာကိုးရှင့်။

'အဲဒီည တစ်ညလုံး ကျွန်မတို့ နှစ်ယောက် ပျော်အောင် မအိပ်ရဲပါဘူးရှင်၊ တစ်ယောက် လက်ကို တစ်ယောက် ကိုင်ပြီး အားပေး နေကြရတာပေါ့၊ လုပ်ရမယ့် အလုပ်က မနက်ဖြန်ညမှာ လုပ်ရမှာကိုးရှင့်၊ နေ့လယ်ပိုင်းကျတော့ ကျွန်မတို့ လင်မယား နှစ်ယောက် လန်ဒန်ကို ထွက်ပြေးလာခဲ့ကြပါတယ်ရှင်၊ ဒါပေမဲ့ ကျွန်မတို့ ကျေးဇူးရှင်ကိုရော သက်ဆိုင်ရာ ပုလိပ်ကိုရော အကြောင်းကြားပစ်ခဲ့ပါတယ်။

'ကျန်တာတွေကတော့ လူကြီးမင်းတို့ သိတဲ့ အတိုင်းပါပဲရှင်၊ ကျွန်မတို့ ရန်သူတွေဟာ ကျွန်မတို့ နောက်မှာ အရိပ်လို ကပ်လိုက်လာမယ် ဆိုတာ ကျွန်မတို့ သိပါတယ်၊ ဂေါ်ဂျီယန်နီဟာ နဂိုကလည်း ကျွန်မ ကိစ္စနှင့် ပတ်သက်ပြီး ရန်ငြိုး ရှိနေလေတော့ ကျွန်မတို့ နောက်ကို လိုက်လာမှာပဲ ဆိုတာ သေချာပါတယ်၊ ရန်ငြိုး မရှိဘူး ထားဦး၊ ဒီလူဟာ အင်မတန် ယုတ်မာ ရက်စက်တတ်တဲ့ လူမျိုး ဆိုတော့ ကျွန်မတို့ကို လိုက်ပြီး အန္တရာယ် ပေးမယ် ဆိုတာ မေးခွန်းမေးစရာ မလိုပါဘူး၊ အမေရိကနှင့် အီတလီမှာ ဆိုရင် သူ့အကြောင်းကို လူတိုင်း သိပါတယ်၊ နောက်က လိုက်ရင်လည်း ကြာကြာ ဆိုင်းနေမှာ မဟုတ်ပါဘူး၊ ချက်ချင်း လိုက်လာကြမှာပါ၊ ဒီတော့ ကျွန်မ ယောက်ျားက ရတဲ့ အချိန်ကလေး အတွင်းမှာ ကျွန်မကို ဘေးမသီ ရန်မခ ဖြစ်အောင် လုံခြုံတဲ့ နေရာကလေး တစ်ခုကို ငှားပြီး ဝှက်ထားပါတယ်၊ သူကတော့ အပြင်မှာ နေပြီး အီ



www.burmeseclassic.com

www.burmeseclassic.com



တလီနှင့် အမေရိကန် ပုလိပ်ဘက်ကို အကြောင်း ကြားနိုင်အောင် လုပ်ပါတယ်။ ကျွန်မ ယောကျ်ား ဘယ်လို နေပြီး ဘယ်နေရာမှာ နေတယ် ဆိုတာ ကျွန်မ ခု ထက်ထိ မသိပါဘူး၊ သတင်းစာ ကော်လန် ကြော်ငြာကို ကြည့်ပြီးသာ သူ့ အကြောင်းကို ကျွန်မ အကဲခတ် ယူရပါတယ်။

'ဒါပေမဲ့ တစ်ခါကျတော့ ကျွန်မ အိမ်ပြတင်းပေါက် ရပ် အကြည့်မှာ ကျွန်မတို့ အိမ်ကို အီတလီ လူမျိုး နှစ်ယောက် စောင့်ကြည့်နေတာကို မြင်လိုက်ရပါတယ်၊ သူတို့ လူသိုက်ဟာ ကျွန်မတို့ ပုန်းနေတဲ့ နေရာကို သိသွားပြီ ဆိုတာ ကျွန်မ သိလိုက်ပါပြီရှင်၊ နောက်ဆုံးကျတော့ သတင်းစာ ကြော်ငြာကနေ တစ်ဆင့် ကျွန်မ ယောကျ်ားက သူနှင့် အဆက်အသွယ် လုပ်ရင် အိမ်တစ်အိမ် ပြတင်းပေါက်ကနေပြီး အချက်ပြ ဆက်သွယ်မယ့် အကြောင်း အကြောင်း ကြားပါတယ်၊ ဒါနှင့် ခုညမှာ ဒီလို မီးနှင့် အချက်ပြ ဆက်သွယ်နေတုန်းမှာ အဆက်အသွယ် ပြတ်သွားပါတယ်၊ သူ့နောက်က ရန်သူ ပါလာတာ သိလို့ အချက်ပေးတာကို ရပ်လိုက်တယ် ဆိုတာ ထင်ရှားပါတယ်၊ ခုတော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်မ ယောကျ်ားက အလျင် လက်ဦး သွားပေတာပေါ့ရှင်၊ ကဲ ဒီတော့ ကျွန်မတို့မှာ တရားဥပဒေကို ဘာကြောက်စရာ ရှိတော့သလဲရှင်၊ ဘယ် တရားသူကြီးကကော ကျွန်မ ယောကျ်ားကို အပြစ် ပေးဦးမှာတဲ့လဲ၊ ကျွန်မ မေးပါရစေ'

အမေရိကန် စုံထောက်သည် အင်စပက်တော် ဂရက်ဆန်ကို လှမ်းကြည့်လိုက်လျက်

'ကဲ အင်စပက်တော်ကြီးရေ၊ ခင်ဗျားတို့ အင်္ဂလိပ် ထုံးစံနှင့် ဥပဒေကိုတော့ ကျွန်တော်လည်း နားမလည်ဘူး၊ နယူးယောက်မှာသာ ဆိုရင်တော့ ဟောဒီ အမျိုးသမီးရဲ့ ယောကျ်ားကို သောင်းသောင်းဖြဖြ ဩဘာပေးကြမှာ အမှန်ပဲဗျ'

အင်စပက်တော် ဂရက်ဆန်က

'ကျွန်တော် ခေါ်သွားပြီး မင်းကြီးနှင့် တွေ့ပေးမယ်လေ၊ သူ ပြောတဲ့ အတိုင်း အထောက်အထား မှန်ရင်တော့ သူရော သူ့ ယောကျ်ား အနေနှင့်ရော ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး၊ ဒါပေမဲ့ မစ္စတာ ဟုမ်းရေ၊ ကျွန်တော် နားမလည်နိုင်တာ တစ်ချက်တော့ ရှိသဗျ၊ ဒီကိစ္စထဲကို ခင်ဗျား ဘယ်လို ရောက်လာတယ် ဆိုတာကဖြင့် စဉ်းစားလို့ မရဘဲ ဖြစ်နေတယ်'

'လေ့လာ သင်ယူခြင်း တစ်မျိုး ပညာသင်ခြင်း တစ်မျိုးပေါ့ဗျာ၊ ဘဝ ဆိုတဲ့ တက္ကသိုလ် အဟောင်းကြီးမှာ ခုထက်ထိ လေ့လာ သင်ယူရတာမျိုး





ပေါ့၊ ကဲ အိုင်ဆေး ဝပ်ဆင်ရေ၊ ခင်ဗျား မှတ်တမ်းမှာတော့ ဆန်းကြယ်တဲ့ အမှု တစ်ခု တိုးသွားပြန်ပြီဗျ၊ အလို ရှစ်နာရီတောင် မထိုးသေးဘူးဗျို့၊ ဒီနေ့ည ကိုဗင့် ပန်းခြံ ဇာတ်ရုံမှာ ဝက်ဂနာရဲ့ သီချင်းကြီးတွေကို တီးလိမ့်မယ်၊ ခပ်သုတ်သုတ် သွားရင်တော့ ဒုတိယ အစီအစဉ်ကို မီကောင်းပါရဲ့'

[မူရင်းဝတ္ထု *The Adventure of the Red Circle*. ရှေ့ဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာဖတ်ပါ။]



www.burmeseclassic.com

www.burmeseclassic.com

# ရေငုပ် သင်္ဘော ပုံစံများ ပျောက်ဆုံးမှု



၁၈၉၅ ခု နိုဝင်ဘာလ တတိယ အပတ်၌ ပိန်းပိတ် လျက် ရှိသော ဝါကြန့်ကြန့် နှင်းမှောင်ကြီးသည် လန်ဒန် မြို့ကို ဖုံးအုပ်လျက် ရှိလေရာ တနင်္လာနေ့မှသည် ကြာ သပတေးနေ့ အထိ ကျွန်ုပ်တို့ နေထိုင်ရာ ဘေကာလမ်း တစ်ဖက်ရှိ တိုက်ခန်းများကိုပင် မမြင်ရတော့ဘဲ မှောင် အတိ ကျလျက် ရှိလေ၏။

နှင်းမှောင် ကျသည့် ပထမနေ့၌ ရှားလော့ဟုမ်းမှာ သူ၏ ထူထဲသော အညွှန်း စာအုပ်ကြီးကို လှန်လှောကာ ပြောင်းပြန် အညွှန်း ထိုးလျက် ရှိလေ၏။ နှင်းမှောင်ကျသည့် ဒုတိယနေ့နှင့် တတိယနေ့များတွင်မူ မကြာသေးမီကမှ သူ ဝါသနာ ပါလာခဲ့သော အလယ်ခေတ် ဂီတသမိုင်းနှင့် ပတ်သက်သည့် အကြောင်း များကို လေ့လာ ဖတ်ရှုလျက် ရှိ၏။ သို့ရာတွင် စတုတ္ထနေ့သို့ ရောက်၍ မနက်စာ စားပွဲမှ ထကာ ဝါ ကြန့်ကြန့် နှင်းမှောင်ထုကြီးများ ကျွန်ုပ်တို့ ပြတင်းပေါက် အနီးမှ ဖြတ်သန်း ရွေ့လျားကာ ပြတင်းပေါက် မှန်များပေါ်တွင် နှင်းခဲတွေ သီးနေသည်ကို မြင်ရသည့် အခါ၌ကား လှုပ်လှုပ်ရှားရှား ဖျိုးဖျိုးဖျပ်ဖျပ် နေရ သည့် ကျွန်ုပ် ရဲဘော်ကြီး၏ ပင်ကို စရိုက်သည် အခန်းတွင်းတွင် ယခုကဲ့သို့ တကုပ်ကုပ် အခန်း အောင်းနေရခြင်းကို သည်းမခံနိုင်အောင် ဖြစ်လာခဲ့လေပြီ။

ရှားလော့ဟုမ်းသည် ကိုယ်တွင်းရှိ စွမ်းအားများကို ချုပ်တည်း ထားရ ဟန်ဖြင့် အခန်းတွင်းတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လျက် ရှိကာ စားပွဲများ ကုလားထိုင်များကို လက်ဖြင့် ခေါက်လိုက်၊ အိမ်တွင်း အောင်းနေရခြင်းကို သည်းတွားလိုက်ဖြင့် ဂနာ မငြိမ်နိုင်အောင် ဖြစ်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'[illegible]စာတွေထဲမှာလည်း စိတ်ဝင်စားစရာ သတင်း ဆိုလို့ ဘာမှ မပါတော့ဘူးလားဗျာ'

ရှားလော့ဟုမ်း ပြောသည့် စိတ်ဝင်စားစရာ ဆိုသည်မှာ ရာဇဝတ်မှုခင်း နှင့် ပတ်သက်၍ စိတ်ဝင်စားစရာ ကောင်းသည့် သတင်းကို ပြောဆိုခြင်း ဖြစ်ကြောင်း ကျွန်ုပ် သတိပြုလိုက်မိ၏။ သတင်းစာထဲတွင် တော်လှန်ရေး တစ်ခု နှင့် ပတ်သက်သည့် သတင်း၊ ကမ္ဘာစစ်ကြီး ဖြစ်ပွားနိုင်သည့် အလားအလာ အကြောင်း၊ အစိုးရ အဖွဲ့ အပြောင်းအလဲ ရှိနိုင်သည့် သတင်း စသည်တို့ ပါရှိ ပေ၏။ သို့ရာတွင် ထိုအရာများသည် ရှားလော့ဟုမ်း၏ စိတ်ဝင်စားမှု နယ်ပယ် ထဲသို့ ရောက်မလာကြချေ။ ထူးခြား မှတ်သားဖွယ် ကောင်းသည့် ရာဇဝတ်မှုခင်း သတင်းမျိုး ဆို၍လည်း ဘာမှ မပါရှိချေ။ ရှားလော့ဟုမ်းသည် ညည်းတွားကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေပြန်လေ၏။

ရှားလော့ဟုမ်းသည် မီးမီ ပစ်လိုက်သော အမဲ တစ်ကောင် လွတ်ထွက် သွားသဖြင့် စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သော အမဲလိုက်သမား၏ အသံမျိုးဖြင့်

'လန်ဒန်က ရာဇဝတ်ကောင်တွေဟာ တော်တော် ဖျင်းပြီး တော်တော် ညံ့တဲ့ အကောင်တွေဗျာ၊ အပြင်ဘက်ကို ကြည့်လိုက်စမ်း၊ နှင်းမှောင်ကြီး ကျပြီး ဘာကိုမှ ကောင်းကောင်း မမြင်ရဘူး၊ သားရဲ တိရစ္ဆာန် ဆိုတာ တောကောင်း လေ ကိုက်လေပဲ၊ တကယ်ဆို ဒီလို နေ့မျိုးမှာ ရာဇဝတ်မှု ကျူးလွန်ကြပါတော့ လား၊ ဘယ်လောက် ကောင်းတဲ့ အချိန်လဲ'

'ခိုးမှုကလေးတွေတော့ ဖြစ်သားဗျ'

ရှားလော့ဟုမ်းက စက်ဆုပ် အထင်သေးသည့် ဟန်ဖြင့် နှာခေါင်းမှ လေကို ဟင်းခနဲ မှုတ်ထုတ်လိုက်ရင်း

'ဓာတ်ခုံကြီးက တခမ်းတနား ပြင်ထားတာဗျ၊ တခမ်းတနား ပြင်ထား တာ၊ မဟုတ်တဲ့ ငှက်ပျောတော မင်းသား ဓာတ်တွေ ထွက်နေလို့ ဘာလုပ် မှာလဲ၊ တောက်၊ ကျုပ်လိုကောင် ရာဇဝတ်ကောင် မဖြစ်တာ ဒီခေတ်ကြီး တော် တော် ကံကောင်းတယ်ဗျာ၊ တကယ်ပဲ ဟင်း'

'အင်း၊ ဒါတော့ ဟုတ်သဗျို့' ဟု ကျွန်ုပ်က စိတ်ပါလက်ပါ ပြောလိုက် ၏။

'ကျုပ်သာ ဗရွတ်တို့လို၊ ဝုဒယောက်တို့လို၊ ဒါမှမဟုတ် ကျုပ် အသက် နှင့် ခန္ဓာကိုယ်ကို အိုးစားကွဲအောင် လုပ်ချင်တဲ့ လူဆိုး ငါးဆယ်လောက်ထဲက တစ်ယောက်ယောက် ဖြစ်ခဲ့ရင် ကျုပ် ဒီလောက် ဘယ် ကြာကြာ ခံမလဲဗျာ၊ အကြောင်း တစ်ခုခု ပြ၊ လိမ်ချိန်းပြီး ကိစ္စ တုံးအောင် လုပ်ပစ်မှာပေါ့၊ လက်တင် အမေရိက တိုင်းပြည်တွေဟာ တော်တော် လူသတ်မှု ဖြစ်တဲ့ တိုင်းပြည်တွေဗျ၊ အဲဒီ တိုင်းပြည်တွေမှာ နှင်းမှောင် မကျတာ တော်တော် ကံကောင်းတယ်လို့ ပြောရမှာပဲ၊ အလို တော်ပေသေးတာပေါ့ဗျာ၊ ပျင်းနေတုန်းမှာ အပျင်းပြေစရာ ပေါ်လာ ပေသေးလို့'

အိမ်ဖော် သူငယ်မကလေးသည် ကြေးနန်း တစ်စောင်ကို ကိုင်၍ ဝင် လာလေ၏။ ရှားလော့ဟုမ်းသည် ကြေးနန်း စာအိတ်ကို ဖောက်ဖတ်လိုက်ပြီး အားရပါးရ ရယ်မောလျက် ရှိလေ၏။

'ပြီးတော့ ဘာများ ဖြစ်ဦးမလဲ၊ ကျုပ် နောင်တော်ကြီး မိုင်းကရော့ တော့ လာပြီ'

'လာတော့ ဘာဖြစ်ရမှာလဲဗျ'

'ဘာမှတော့ မဖြစ်ပါဘူးဗျာ၊ ဒါပေမဲ့ သူ ကျုပ်ဆီ မလာစဖူး လာပုံက တောက လှည်းလမ်းကြမ်းကြီးပေါ်မှာ ဓာတ်ရထား တစ်စင်း မောင်းလာသလို ထူးဆန်းနေတာပေါ့၊ ခုတော့ မိုင်းကရော့က သူ့ဘာသာသူ ဓာတ်ရထား လမ်း ခင်းပြီး မောင်းလာပြီဗျ၊ ဒီလူက ဘယ်ကိုမှ သိပ် သွားလေ့ သွားထ ရှိတာ မဟုတ်ဘူး၊ ပေါလ်မော ရပ်ကွက် သူ့ အခန်းရယ်၊ ဒိုင်အိုဂျင်း ကလပ်ရယ်၊ ဝှိုက်ဟောက ရုံးရယ်၊ ဒီသုံးသရာကလေးထဲမှာတွင် လှည့်နေတဲ့ လူ၊ ကျုပ်ဆီ တစ်ခါပဲ လာဖူးသေးတယ်၊ ခုတော့ ဘာ အရေးတကြီး ကိစ္စများ ပေါ်လာလို့ ကျုပ်ဆီကို ချော်တော ငေါ့လာသလဲ မသိဘူး'

'ကြေးနန်းထဲမှာ မပါဘူးလား'

ရှားလော့ဟုမ်းက သူ့ အစ်ကို မိုင်းကရော့ ဟုမ်း၏ ကြေးနန်းစာကို ကျွန်ုပ်အား လှမ်းပေးလိုက်၏။

ကာဒိုဂန် ဝက်စ်၏ ကိစ္စနှင့် ပတ်သက်၍ တွေ့လိုသည်။ ချက် ချင်း လိုက်လာခဲ့မည်။ မိုင်းကရော့။

'ကာဒိုဂန် ဝက်စ် ဆိုတဲ့ နာမည်ကို ကျွန်တော် ကြားဖူးသလိုလိုပဲ'

'ကျုပ်တော့ အမှတ် မထားမိဘူးဗျ၊ ကျုပ် နောင်တော်တော့ လုပ်ရိုး လုပ်စဉ် မဟုတ်တာကို လုပ်လာပြီ ဆိုတာလောက်ပဲ သိတယ်၊ ဂြိုဟ်ကြီး တစ် လုံး လမ်းလွဲပြီး ထွက်လာသလိုပဗျာ၊ ကျုပ် နောင်တော် မိုင်းကရော့ အကြောင်း တိုကော ခင်ဗျား သိရဲ့လား'

www.burmeseclassic.com





ဂရီ စကားပြန် အမှုတုန်းက မိုင်းကရော့ ဟုမ်းနှင့် တွေ့ခဲ့ရသည်တို့ကို ကျွန်ုပ် ဗိုးတိုးဝါးတား သတိထားမိပေ၏။

'အစိုးရ အမှုထမ်း တစ်ယောက်လို့ ခင်ဗျား ပြောတာလောက်ပဲ မှတ်မိတော့တယ်'

ရှားလော့ဟုမ်းက တခစ်ခစ် ရယ်လိုက်လျက်

'အဲဒီတုန်းကတော့ ခင်ဗျားနှင့် ကျုပ် သိပ်မှ မရင်းနှီးကြသေးပဲကိုးဗျ၊ အစိုးရ ကိစ္စတွေ ဆိုတာ သိပ်ပြီး ခပ်ဟဟ ပြောရတာ မဟုတ်ဘူးဗျ၊ မိုင်းကရော့ဟာ အစိုးရ အမှုထမ်းလို့ ခင်ဗျား ပြောတာ မှန်ပါတယ်၊ တစ်ခါတလေကျတော့ သူကိုယ်တိုင်သည်ပင်လျှင် အစိုးရလို့ ပြောရင်လည်း တစ်နည်းအားဖြင့် မှန်ပါတယ်'

'ဘာဗျ၊ သူကိုယ်တိုင် အစိုးရ၊ ဟုတ်လား'

'ခင်ဗျားကတော့ ကျုပ် စကားကို ကြားလိုက်ရင် အံ့အားသင့်သွားမှာပဲ၊ မိုင်းကရော့ဟာ တစ်နှစ် ပေါင် လေးရာ ငါးဆယ် ရတယ်ဗျ၊ ခုထက်ထိ အစိုးရ အမှုထမ်းပဲ၊ သူ့မှာ ဘာကြီး ဖြစ်ရမှ ညာကြီး ဖြစ်ရမှ ဆိုတဲ့ ရည်မှန်းချက်လည်း မရှိပါဘူး၊ ဘွဲ့ထူးကြီးတွေ ဂုဏ်ထူးကြီးတွေလည်း ရမှာ မဟုတ်ပါဘူး၊ သို့သော်လည်း မိုင်းကရော့ဟာ ကျုပ်တို့ တိုင်းပြည်မှာ မရှိ မဖြစ်တဲ့ လူဗျ'

'လင်းစမ်းပါဦး'

'သူ့ အနေအထားက တော်တော် ထူးခြားတဲ့ အနေအထားဗျ၊ ဒီနေရာ ရောက်အောင် သူ့ ဘာသာသူ ကြိုးစားလာတာ၊ ဒီလို ရာထူးမျိုး အလျင်တုန်းကလည်း မရှိဘူး၊ နောင်မှာလည်း ရှိမယ် မထင်တော့ဘူး၊ ကျုပ် တွေ့ဖူးသလောက် ပြောရရင်တော့ မိုင်းကရော့ရဲ့ ဦးနှောက်ဟာ အချက်အလက်တွေကို မှတ်မိတဲ့ နေရာမှာ ကမ္ဘာမှာ အကောင်းဆုံး ဦးနှောက်လို့ ထင်တာပဲ၊ ကျုပ်က အင်မတန် ကောင်းတဲ့ ဦးနှောက် စွမ်းအားကို ရာဇဝတ်မှုခင်း စုံစမ်းတဲ့ နေရာမှာ အသုံးချတယ်၊ သူကတော့ အဲဒီကိစ္စမှာ အသုံးချတယ်၊ အစိုးရ ဝန်ကြီးဌာန အားလုံးက ဆုံးဖြတ်ချက်တွေဟာ သူ့ဆီကို ရောက်ရတယ်၊ တစ်နည်းအားဖြင့် လဲလှယ်ရေး ဗဟိုဌာနကြီးပေါ့ဗျာ၊ နောက်တစ်နည်း ပြောရဦးမယ် ဆိုရင်လည်း လက်ကျန် ပစ္စည်းတွေကို သိမ်းဆည်းပေးတဲ့ ရှင်းလင်းရေး ဂိုဒေါင်ကြီးပဲ၊ တချို့လူတွေဟာ ကိစ္စ တစ်ခုမှာ အကြောင်းအရာ တစ်ခုမှာ ထူးချွန်တဲ့ ကျွမ်းကျင်သူတွေ ဖြစ်နိုင်တယ်၊ မိုင်းကရော့ကတော့ ကိစ္စ အားလုံးမှာ ကျွမ်းကျင်တဲ့ လူဗျ၊ ရေတပ်နှင့် ပတ်သက်လို့၊ ဒါမှမဟုတ် အိန္ဒိယတို့ ကနေဒါတို့လို ကိုလိုနီ တိုင်းပြည်တွေနှင့် ပတ်သက်လို့ ဝန်ကြီး တစ်ယောက်က သိချင်ပြီ ဆိုပါတော့၊ ဒီအကြောင်းတွေကို သက်ဆိုင်ရာ ဌာနတွေက နေပြီး သိနိုင်တယ်၊ သို့သော်လည်း ဒီ အချက်အလက်တွေ အားလုံးကို စုပေါင်း စဉ်းစားနိုင်ပြီး ဘယ်အချက်ကဖြင့် တခြား ကိစ္စ တစ်ခုမှာ ဘယ်လို သွားပြီး ပတ်သက်နိုင်တယ်၊ ဘယ်လို ဆိုးကျိုး ကောင်းကျိုးတွေကို ဖြစ်ပေါ်စေနိုင်တယ်လို့ ညှိနှိုင်း ချိန်ဆ ပေးနိုင်သူကတော့ မိုင်းကရော့ တစ်ယောက်ပဲ ရှိတယ်။

'အစတုန်းကတော့ မိုင်းကရော့ကို အလွယ်တကူ ခေါ်သုံးတာလောက်ပဲ ရှိတာပေါ့ဗျာ၊ နောက်တော့ သူ မရှိရင် မဖြစ်တဲ့ အခြေအနေကို ရောက်လာတယ်ဗျ၊ သူ့ ဦးနှောက်ထဲမှာ အချက်အလက်တွေကို သူ့အကန့်နှင့် သူ သိမ်းထားနိုင်ပြီး လိုရင် ချက်ချင်း ဆွဲထုတ်လို့ ရတယ်ဗျ၊ ကျုပ်တို့ အစိုးရ ပေါ်လစီ တော်တော် များများကို သူ ဆုံးဖြတ်ခဲ့တာ များလှပြီ၊ ဒီလို နေရတာကို သူ ကိုယ်နှိုက်က နှစ်ခြိုက် နေပေသကိုးဗျ၊ သူ့မှာ အချိန် ရှိသရွေ့ ဒါတွေကိုပဲ စဉ်းစားနေတာကိုး၊ အဲ တစ်ခုတော့ ရှိရဲ့၊ ကျုပ် ပြဿနာကလေးတွေကို တွေ့လို့ အကူအညီ တောင်းရင်တော့ သူ့ ကိစ္စတွေကို အသာ ခေါက်ထားပြီး ဦးနှောက် လေ့ကျင့်ခန်း လုပ်တဲ့ အနေနှင့် လာပြီး အကြံဉာဏ်တို့ ဘာတို့ ပေးတတ်တယ်၊ ဒီနေ့တော့ မိုင်းကရော့ ဆိုတဲ့ ကြာသပတေး ဂြိုဟ်ကြီး လမ်းကြောင်း ပြောင်းပြီး ဘေကာ လမ်းကို ဆင်းလာပြီဗျ၊ ဘာများ အရေး ကြီးလာသလဲ မသိဘူး၊ ကာဒိုဂန် ဝက်စ် ဆိုတာ ဘယ်သူလဲ၊ သူနှင့် မိုင်းကရော့နှင့် ဘယ်လိုများ ပတ်သက်နေသလဲ ဆိုတာ ကြည့်ရဦးမှာပေါ့'

ကျွန်ုပ်က ဆိုဖာပေါ်တွင် ပြန့်ကြဲနေသည့် သတင်းစာများကို ကောက်ယူလိုက်ပြီးလျှင်

'ကျွန်တော် သိပြီဗျို့၊ ကျွန်တော် သိပြီ၊ ကာဒိုဂန် ဝက်စ် ဆိုတာ ကြာသပတေးနေ့ မနက်တုန်းက မြေအောက် ဘူတာရုံထဲမှာ အလောင်း တွေ့ရတဲ့ သူငယ်ရဲ့ နာမည် မဟုတ်လား'

ရှားလော့ဟုမ်းသည် ဆေးတံကို ခဲမည် လုပ်ရာက လမ်းတစ်ဝက်တွင် ရပ်လိုက်ကာ ခါးကို မတ်၍ ထိုင်လိုက်လေ၏။

'လက္ခဏာကို ကြည့်ရတာကတော့ တော်တော် အရေးကြီးပုံ ရတယ်ပဲ၊ ကျုပ် နောင်တော်လို လူတစ်ယောက်ကို အချိန်ဇယား ပြောင်းသွားအောင် လုပ်နိုင်တဲ့ ကိစ္စဟာ ပေါ့သေးသေး ကိစ္စတော့ ဟုတ်မယ် မထင်ဘူး၊ သူနှင့် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုများ ပတ်သက်နေသလဲ မဆိုနိုင်ဘူး၊ ကျုပ် မှတ်မိသလောက် ဆိုရင် အမှုက ဘာမှ မထူးခြားလှပါဘူး၊ သူငယ်က ရထားပေါ်က လိမ့်ကျပြီး ရထား ကြိတ်မိ တာနှင့် တူတာပဲ၊ လုယက်ခံရတဲ့ လက္ခဏာ မတွေ့ရဘူး၊ အသတ်ခံရတာလည်း ဟုတ်ဟန် မတူဘူး၊ မဟုတ်ဘူးလား'

'ပုလိပ်ဘက်ကတော့ စစ်ချက် ယူပြီးပြီ၊ လိုက် စစ်ကြည့်လိုက်တော့ အချက်အလက်သစ်တွေ ထွက်လာတယ်၊ ခင်ဗျား သေသေချာချာ ဖတ်ကြည့် ဦးလေ၊ ကျွန်တော်ကတော့ နည်းနည်း ဆန်းတယ်လို့ အောက်မေ့တာပဲ'

'ကျုပ် နောင်တော်ကြီး အရေးတကြီး ထားနေပုံ ထောက်တော့ တော် တော် ထူးခြားတယ်လို့ ယူဆတာပဲ၊ ကဲ အချက်အလက်တွေကို ကြည့်ကြရ အောင်ဗျာ'

ရှားလော့ဟုမ်းသည် လက်တင် ကုလားထိုင်တွင် ခြေတင်၍ ခွေလိုက်၏။

'အဲဒီ သူငယ်ရဲ့ နာမည်က အာသာ ကာဒိုဂန် ဝက်စ်တဲ့ဗျ၊ အသက်က နှစ်ဆယ့်ခုနစ်နှစ်၊ လူပျို၊ လက်နက် သိုလှောင်ရေး ဌာနမှာ စာရေး လုပ်တယ်'

'အစိုးရ အမှုထမ်းနော်၊ ကျုပ် နောင်တော်ကြီးလိုပဲ ဝူးလ်ဝစ် အစိုးရ အမှုထမ်း ဆိုတာ သိထားဗျ'

'တနင်္လာနေ့ ညမှာ ဝူးလ်ဝစ်က နေပြီး ရုတ်တရက် ထွက်သွားတယ်၊ သူ့ကို နောက်ဆုံး တွေ့လိုက်ရတဲ့ သူက သူ့ ရည်းစား မစ္စ ဗိုင်အိုလက် ဝက်စ် ဘာရီရယ်၊ အဲဒီ ည ခုနစ်နာရီခွဲကျတော့ နှင်းမှောင်ကြီးထဲမှာ သူ့ဆီက ဖြုန်းခနဲ ဆို ကောက်ကာ ငင်ကာ ပြန်သွားသတဲ့၊ သူတို့ အချင်းချင်း စိတ်ကောက်တာတို့ ဘာတို့လည်း မရှိဘူးတဲ့၊ ဘာ့ကြောင့် မပြောမဆို ကောက်ကာငင်ကာ ပြန်သွား သလဲ ဆိုတာ သူလည်း မသိဘူးတဲ့၊ မနက် သတင်းစာကို ကြည့်လိုက်တော့မှ အဲလဂိတ် မြေအောက် ဘူတာ အပြင်ဘက်မှာ မေဆန် ဆိုတဲ့ အလုပ်သမားက သူ့ အလောင်းကို တွေ့တယ် ဆိုတဲ့ သတင်းကို ဖတ်လိုက်ရသတဲ့'

'ဘယ်တုန်းကလဲ'

'အလောင်းကို အင်္ဂါနေ့ မနက် ခြောက်နာရီမှာ တွေ့တာ၊ အရှေ့ဘက်ကို သွားရင် ရထားသံလမ်းရဲ့ ဘယ်ဘက်မှာ တွေ့ရတာတဲ့၊ အဲဒီ နေရာက ဘူတာနှင့် လည်း သိပ် မဝေးဘူးတဲ့၊ အဲဒီနားမှာ ရထားလမ်းက ဥမင်ထဲက ထွက်လာပြီ တဲ့၊ ခေါင်းတစ်ခုလုံး ကြေနေသတဲ့၊ ကြည့်ရတာကတော့ ရထားက လိမ့်ကျလို့ ရတဲ့ ဒဏ်ရာမျိုးပဲတဲ့၊ ဒါကြောင့်သာလျှင် ရထားလမ်းပေါ်မှာ ရောက်နေတာ တဲ့၊ အကယ်၍သာ ဥမင် အပေါ်က လမ်းတွေဆီက အလောင်းကို သယ်လာခဲ့



တယ် ဆိုရင် အလောင်းဟာ ရထားလမ်း ဂိတ်တွေကို ဖြတ်လာရမယ်တဲ့၊ ရထား ဂိတ်တွေမှာ လက်မှတ်စစ် တစ်ယောက် အမြဲ စောင့်နေတယ်တဲ့၊ အဲဒီ အချက် တွေကတော့ တော်တော် ထင်ထင်ရှားရှားတွေပဲ'

'ဟုတ်ပြီဗျ၊ အမှုက တိကျသွားပဲ၊ သေပြီးမှသော် လည်းကောင်း မသေ ခင်မှာသော် လည်းကောင်း ရထားပေါ်က ကျခဲ့တာ ဖြစ်တယ် သို့မဟုတ် ရထား ပေါ်က ချပစ်ခဲ့တာ ဖြစ်တယ်၊ ဒီအထိတော့ ရှင်းပြီ၊ ဆက်စမ်းပါဦး'

'အလောင်း တွေ့တဲ့ ရထားလမ်းဟာ အရှေ့နှင့် အနောက် သွားနေတဲ့ လမ်းတွေ ဖြစ်ပြီး အများအားဖြင့် မြို့ပတ် ရထားတွေ ဖြတ်လေ့ ရှိသတဲ့ဗျ၊ တချို့လည်း ဝယ်လက်စဒင်နှင့် မြို့စွန်ဘက်က ဝင်တဲ့ ရထားတွေတဲ့၊ ဒီတော့ သေချာတာက သေသူဟာ အဲဒီည ညဉ့်နက်ပိုင်းက အဲဒီဘက်ကို သွားရင်း သေတယ်လို့ ယူဆရတယ်၊ သို့သော် ခက်နေတာက ဘယ်ဘူတာက တက်စီး လာတယ် ဆိုတာကို ရှာလို့ မရဘဲ ဖြစ်နေတယ်'

'သူ စီးလာတဲ့ ရထား လက်မှတ်ကို ကြည့်လိုက်ရင် သိမှာပေါ့ဗျ'

'အိတ်ထဲမှာ ရထား လက်မှတ် ရှာလို့ မတွေ့ဘူးတဲ့ဗျ'

'ဘာ၊ လက်မှတ် မပါဘူး၊ ဟုတ်စ၊ အိုင်ဆေးရေ၊ ဒီတစ်ချက်တော့ တော်တော် ထူးသွားပြီဗျို့၊ ကျုပ် သိသလောက် ပြောရရင်တော့ မြို့ပတ် ရထား တစ်စင်းပေါ် ဒါမှမဟုတ် ပလက်ဖောင်း တစ်ခုပေါ်ကို ရောက်ဖို့ ဆိုတာ လက် မှတ် မပါဘဲနှင့် သိပ်လွယ်တဲ့ ကိစ္စ မဟုတ်ဘူး၊ ဂိတ်ဝမှာ လက်မှတ် ပြမှ အထဲကို ဝင်ရတာ၊ ဒီသူငယ်မှာ လက်မှတ် တစ်စောင်တော့ ပါရမှာပေါ့၊ သူ ဘယ်ဘူတာက စီးလာတယ် ဆိုတာကို ဖျောက်ချင်လို့ ရထား လက်မှတ်ကို အိတ်ထဲက ယူသွားသလားမှ မသိတာ၊ ကျုပ်တော့ ဒီအတိုင်းပဲ ဖြစ်လိမ့်မယ် ထင်တာပဲ၊ သို့မဟုတ်ရင်လည်း ရထားပေါ်မှာပဲ ကျကျန်ရစ်ခဲ့သလား၊ ဒါလည်း ဖြစ်တော့ ဖြစ်နိုင်တာပဲ၊ သို့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် ရထား လက်မှတ် ရှာလို့ မတွေ့ဘူး ဆိုတာက တော်တော် ထူးဆန်းတဲ့ အချက်ပဲဗျ၊ ပစ္စည်းတို့ ဘာတို့ ယူသွားတဲ့ လက္ခဏာ မရှိဘူးနော်'

'ပစ္စည်းကို ယူသွားပုံ မကျဘူး ခင်ဗျ၊ ဟောဒီမှာ သူ့ အိတ်ထဲမှာ ပါ သွားတဲ့ ပစ္စည်း စာရင်း ပါတယ်၊ သားရေအိတ်ထဲမှာ နှစ်ပေါင်နှင့် ဆယ့်ငါး ရှီလင် တွေ့တယ်၊ ကက်ပီတိုနှင့် ကောင်တီ ဘဏ်တိုက်၊ ဝူးလ်ဝစ် ဘဏ်ခွဲက ထုတ်ပေးထားတဲ့ ချက်စာအုပ် တစ်အုပ် တွေ့တယ်၊ အဲဒီ ချက်စာအုပ်က နာမည် ကြောင့် သူ ဘယ်သူ ဘယ်ဝါ ဆိုတာ သိရတာ၊ အဲဒီနေ့ည နေ့စွဲ ရိုက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com

ဝူးလ်ဝစ် ဓာတ်ရုံ အထူးတန်း ပွဲကြည့် လက်မှတ် နှစ်စောင်ကိုလည်း တွေ့ရသတဲ့ဗျ၊ ပြီးတော့ စက်မှု လက်မှုနှင့် ပတ်သက်တဲ့ စာရွက် စာတမ်းတွေကိုလည်း တွေ့ရသတဲ့'

ရှားလော့ဟုမ်းက ကျေနပ် အားရစွာဖြင့် တစ်ချက် အော်လိုက်၏။

'ဟန်ကျလိုက်လေဗျာ၊ သိချင်တာကို တစ်ခါတည်း တန်းပါလာတာပဲ၊ အစိုးရရယ်၊ ဝူးလ်ဝစ် လက်နက် သိုလှောင်ရေး ဌာနရယ်၊ စက်မှုလက်မှု စာတမ်းတွေရယ်၊ ပြီးတော့ ကျုပ် နောင်တော်ကြီး မိုင်းကရော့ရယ်၊ ကွင်းဆက်ကြီးကတော့ ဆက်မိသွားပြီဗျ၊ ဟော ကျုပ် မမှားဘူး ဆိုရင် နောင်တော်ကြီး ကိုယ်တိုင် ပေါက်လာပြီ ထင်တယ်ဗျ'

ခဏ အကြာတွင် အရပ် မြင့်မြင့်၊ ဝဝဖိုင့်ဖိုင့်နှင့် မိုင်းကရော့ ဟုမ်းသည် အခန်းထဲသို့ ဝင်လာလေ၏။ မိုင်းကရော့ ဟုမ်းမှာ ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်နှင့် ခပ်ကြမ်းကြမ်း ပုံသဏ္ဌာန် ပေါ်လျက် ရှိသည့်တိုင် တုတ်ခိုင်သော ကိုယ်ခန္ဓာ အထက်မှ ကျယ်ပြန့်သော နဖူးကြီး ရှိသည့် ခေါင်းကြောင့် လည်းကောင်း၊ ချိုင့်ဝင်လျက် ရှိသော မျက်တွင်းများထဲမှ သံမဏိကဲ့သို့ ပြာလဲ့သော အလွန် စူးရှ ထက်မြက်သည့် မျက်လုံးများကြောင့် လည်းကောင်း၊ အလွန် ဖြောင့်တန်းသော နှုတ်ခမ်းကြောင့် လည်းကောင်း၊ အလွန် တည်ကြည်သော မျက်နှာထားကြောင့် လည်းကောင်း ခံ့ညားသည့် ဥပမိရုပ်ကို ဆောင်လျက် ရှိပေရကား ချက်ချင်းပင် ဝဖိုင့် တုတ်ခိုင်သော သူ့ ခန္ဓာကိုယ်ကြီးကို မေ့သွားကာ ထက်မြက် အားကောင်းသော စိတ်တန်ခိုး သတ္တိကိုသာလျှင် သတိပြုမိတတ်ကြလေ၏။

သူ့နောက်တွင်မူ ကျွန်ုပ်တို့၏ မိတ်ဆွေဟောင်းကြီး ဖြစ်သည့် စကော့တလန်ယာဒ် စုံထောက် အဖွဲ့ချုပ်မှ အင်စပက်တော် လက်စထရိတ် လိုက်ပါလာလေ၏။ လေးနက် တင်းမာလျက် ရှိသော သူတို့နှစ်ယောက်၏ မျက်နှာကို ကြည့်လိုက်ခြင်းဖြင့် ပြဿနာ မည်မျှ အရေးကြီးကြောင်းကို ကောင်းစွာ သိနိုင်ပေ၏။

လက်စထရိတ်သည် စကား တစ်လုံးမျှ ပြောဆိုခြင်း မပြုဘဲ ကျွန်ုပ်တို့ကို လက်ဆွဲ နှုတ်ဆက်ပြီး မိုင်းကရော့ ဟုမ်းမှာ သူ၏ မိုးကာ အင်္ကျီကြီးကို ချွတ်၍ ကုလားထိုင် တစ်လုံးပေါ်သို့ ပစ်တင်လိုက်လေ၏။

မိုင်းကရော့က

'ငါ့ညီရေ၊ တော်တော်တော့ ခေါင်းရှုပ်စရာ ကောင်းတဲ့ ကိစ္စပဲကွ၊ ငါ





တ ဘိလိယက် ထိုးချိန် ထိုး ကလပ် သွားချိန် သွားပြီး အချိန်ဖြုန်းတာကို သိပ် အပျက်ခံချင်တာ မဟုတ်ဘူး၊ ယိုးဒယားပြည်ရဲ့ လက်ရှိ အခြေအနေအရ ဆိုရင် ငါက ရုံးပြင်တောင် ထွက်ဖို့ အချိန် မရအောင် သိပ် အလုပ် များနေတယ်၊ ခုတော့ ပြဿနာက အကြီးအကျယ် ဖြစ်လာလို့၊ ဝန်ကြီးချုပ် ဆိုတာ ဒီလောက် ယောက်ယက်ခတ်တာ ငါ တစ်ခါမှ မမြင်ဖူးသေးဘူး၊ ရေကြောင်း ဝန်ကြီးရုံး ဆိုရင်လည်း ပျားအုံကြီး တုတ်နှင့် သွားဆွသလို လှုပ်လှုပ်ရွရွ ဖြစ်နေတာပဲ၊ အမှုကိုကော ဖတ်ပြီးပလား'

'ခုလေးတင် ဖတ်ပြီးတယ် အစ်ကိုကြီး၊ စက်မှုလက်မှု ဆိုင်ရာ စာတမ်း ဆိုတာ ဘာတွေလဲ'

'ပြဿနာက အဲဒါပေါ့ကွ၊ ဒီစာရွက်စာတမ်းတွေ အကြောင်းကို သတင်းစာထဲမှာ ပေါက်ကြားမသွားလို့ တော်ပေသေးတာပေါ့ကွာ၊ ပေါက်ကြားသွားရင်တော့ ရေးလိုက်မယ့် ဖြစ်ခြင်း၊ အဲဒီ သေတဲ့ လူငယ်ကလေးရဲ့ အိတ်ထဲမှာ ပါသွားတဲ့ စာရွက်စာတမ်းတွေ ဆိုတာ တခြား မဟုတ်ဘူးဟေ့၊ ဗရုစ် ပါတင်တန် ရေငုပ်သင်္ဘော ဆောက်လုပ်ရေးနှင့် ပတ်သက်တဲ့ ပုံစံ စာရွက်တွေ'

မိုင်းကရော့မှာ လေးနက် တည်ငြိမ်စွာ ပြောဆိုလျက် ရှိသဖြင့် ထိုကိစ္စမှာ မည်မျှ အရေးကြီးကြောင်းကို ပြသလျက် ရှိပေ၏။ ရှားလော့ဟုမ်းနှင့် ကျွန်ုပ်မှာ စိတ်အား ထက်သန်စွာဖြင့် သူ့ စကားကို စောင့်မျှော်လျက် ရှိကြလေ၏။

'အဲဒီ စီမံကိန်း အကြောင်းကို မင်း ကြားဖူးတယ် မဟုတ်လား၊ လူတိုင်း ကြားဖူးနေတာပဲ'

'နာမည်လောက်တော့ ကြားဖူးပါတယ်'

'ဘယ်လောက် အရေးကြီးတယ် ဆိုတာတော့ ငါ အကျယ်ချဲ့ မပြောတော့ပါဘူးကွာ၊ အစိုးရရဲ့ လျှို့ဝှက်ချက်တွေထဲမှာတော့ ထိပ်တန်း အကျဆုံး လျှို့ဝှက်ချက်ပဲ၊ ကုန်ကုန် ပြောလိုက်မယ်ကွာ၊ ဗရုစ် ပါတင်တန် စီမံကိန်းသာ အောင်မြင်ရင် တို့နိုင်ငံကို ရန်သူက ရေကြောင်း တိုက်ပွဲ နွှဲတိုက်လို့ ရမှာ မဟုတ်တော့ဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ဒီ ရေငုပ် သင်္ဘောကို တည်ဆောက်ဖို့ ငွေ တော်တော်များများကို ရသုံးခန့်မှန်းခြေ ငွေထဲကနေပြီး အစိုးရက လျှို့ဝှက် ဖဲ့ယူထားခဲ့တယ်၊ ဒီကိစ္စကို အထူး လျှို့ဝှက်ထားပြီး ဘယ်သို့မှ မပေါက်ကြားအောင် ထိန်းသိမ်းထားခဲ့တယ်၊ စီမံကိန်းကလည်း တော်တော်လေး ရှုပ်ထွေးတယ်၊ မှတ်ပုံတင် လုပ်ထားတဲ့ ပစ္စည်း အစိတ်အပိုင်း သုံးဆယ်လောက်

www.burmeseclassic.com



ပါတယ်၊ ရေငုပ် သင်္ဘောကို ဆောက်ရင် ဒီအစိတ်အပိုင်း သုံးဆယ်စလုံးဟာ အရေးကြီးတဲ့ အစိတ်အပိုင်းတွေချည်းပဲ၊ အဲဒီ စီမံကိန်း မူကြမ်းတွေကို လက်နက် သိုလှောင်ရေး ရုံးချုပ်နှင့် ဆက်နေတဲ့ အထူးခန်းထဲက မီးခံသေတ္တာမှာ သိမ်းထား တယ်၊ အထူးခန်းကလည်း သူခိုးတို့ ဘာတို့ မဖောက်နိုင်တဲ့ အာမခံ တံခါးတွေ အာမခံ ပြတင်းတွေကိုချည်းပဲ တပ်ထားတာ၊ ဒီစာရွက် စာတမ်းတွေ ရုံးပြင်ထို ရောက်ဖို့ဟာ လူမပြောနှင့် နတ်သိကြားတောင် တတ်နိုင်ဖို့ မလွယ်ဘူး၊ တို့ ရေတပ်မတော်က အင်ဂျင်နီယာချုပ်တောင် ဒီစာရွက် စာတမ်းတွေကို ကြည့် ချင်တယ် ဆိုရင် ဝူးလ်ဝစ် ရုံးချုပ်ရဲ့ ခွင့်ပြုချက်ရမှ ကြည့်ခွင့် ရတယ်၊ ခုတော့ အဲဒီလောက် အရေးကြီးတဲ့ စာရွက် စာတမ်းတွေဟာ လန်ဒန် မြို့လယ်ကောင် ကြီးမှာ သေသွားတဲ့ အောက်တန်း စာရေးကလေးရဲ့ အိတ်ထဲမှာ သွားတွေ့ရ တယ်၊ အစိုးရဘက်ကနေပြီး ကြည့်ရင် ကြောက်စရာကြီးကွာ'

'ခုတော့ ဒီစာရွက်စာတမ်းတွေကို အစ်ကိုကြီးတို့ ပြန်တွေ့ပြီ မဟုတ် လား'

'မတွေ့သေးဘူးကွ၊ အဲဒါက တို့က လွှင့်ထားရတာ၊ မတွေ့သေးဘူး။ ဝူးလ်ဝစ် ရုံးချုပ်က ပုံစံ စာရွက် ဆယ်ခုတောင် ပျောက်နေတယ်၊ သေသူ ကာ ဒိုဂန် ဝက်စ်ရဲ့ အိတ်ထဲမှာ ပုံစံ ခုနစ်ခုနှင့် ပတ်သက်တဲ့ စာရွက်စာတမ်းတွေပဲ တွေ့ရတယ်၊ အရေးကြီးဆုံး ပုံစံ သုံးခုနှင့် ပတ်သက်တဲ့ စာရွက်စာတမ်းတွေက ပျောက်နေတယ်၊ ခုထိ ရှာလို့ မတွေ့သေးဘူး၊ ကဲ ငါ့ညီ ဒီပြင်ကိစ္စတွေ အသာ ချထားစမ်းကွာ၊ မင်း ခုကိုင်ရမယ့် ပြဿနာက ကမ္ဘာနှင့် ချီပြီး အရေးကြီးတဲ့ ပြဿနာကြီး၊ ကာဒိုဂန် ဝက်စ်ဟာ ဒီစာရွက်စာတမ်းတွေကို ဘာဖြစ်လို့ ယူသွား သလဲ၊ ပျောက်နေတဲ့ စာရွက်စာတမ်းတွေကော ဘယ်ရောက်နေသလဲ၊ သူ ဘယ်ပုံ ဘယ်နည်း သေသလဲ၊ သူ့ အလောင်းဟာ ဘာဖြစ်လို့ ရထား သံလမ်းပေါ် ရောက်နေရသလဲ၊ ဒီ အမှု တစ်ခုလုံးကို ဘယ်လို ရှင်းမလဲ၊ ဒီကိစ္စ တစ်ခုလုံး ကို အဖြေ ရှာစမ်းကွာ၊ မင်း ရှာနိုင်တယ် ဆိုရင် တိုင်းပြည်မှာလည်း အကျိုး ရှိပါတယ်'

'ဒီပြဿနာကို အစ်ကိုကြီး ကိုယ်တိုင် ဘာဖြစ်လို့ မရှင်းသလဲ၊ ကျွန် တော် မြင်သလို အစ်ကိုကြီးလည်း မြင်သားပဲဟာ'

'မင်း မြင်သလို ငါ မြင်တယ် ဆိုတာ ဟုတ်တော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ ဒါက အသေးစိတ် သိပ်လိုက်ရမယ်ကွာ၊ မင်းက အသေးစိတ်တွေ ရှာပေးရင် တော့ ငါ ကုလားထိုင်ပေါ် ထိုင်ပြီး ကျွမ်းကျင်သူရဲ့ ထင်မြင်ချက်ကို တစ်ခါ





ဘည်း တန်းပြောနိုင်ပါတယ်၊ ဒါပေမဲ့ ခုဟာက ဟိုပြေး ဒီပြေး ဟိုလိုက် ဒီ လိုက် လိုက်ရမယ်၊ မီးရထား ဂါတ်ဗိုလ်တွေကို တွေ့ပြီး စစ်ရ မေးရမယ်၊ ဝမ်းလျား မှောက်ပြီး မှန်ဘီလူးနှင့် ဟိုကြည့် ဒီကြည့် ကြည့်ရမယ်၊ ဒါတွေက ငါ့ အလုပ် မဟုတ်ဘူးကွာ၊ ငါ မကျွမ်းကျင်ဘူး၊ ခုတော့ ဒီကိစ္စကို ရှင်းနိုင်မယ့် လူဆိုလို့ မင်းတစ်ယောက်ပဲ ရှိတယ်၊ မင်းသာ လိုက်နိုင်ရင် နောင်နှစ်မှာ မင်း ဘွဲ့ထူး ဂုဏ်ထူးတွေ ...'

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်

'ကျွန်တော်က ဝါသနာ ပါလို့ ကစားဝိုင်းကို တစ်အိမ်ဝင်တဲ့ လူ အစ်ကို ကြီးရဲ့၊ ဒါမျိုးတွေကို မမျှော်လင့်ပါဘူး၊ သို့သော်လည်း အစ်ကိုကြီးရဲ့ အမှုက စိတ်ဝင်စားစရာ ကလေးတွေတော့ ပါပါတယ်၊ ကျွန်တော် တတ်နိုင်သလောက် ကြိုးစားကြည့်မယ်လေ၊ အသေးစိတ် အချက်ကလေးတွေကိုတော့ သိချင်သေး တယ်'

'အရေးကြီးတဲ့ အချက်တွေ မှန်သမျှကို ငါ ဟောဒီ စာရွက်ပေါ်မှာ မှတ်လာခဲ့တယ်ကွာ၊ ပြီးတော့ မင်းအတွက် အကူအညီ ရနိုင်မယ့် လူတွေ စာရင်းကိုလည်း ရေးလာခဲ့တယ်၊ အဲဒီ စာရွက်စာတမ်းတွေကို တရားဝင် ထိန်း သိမ်းထားရတဲ့ လူကတော့ နိုင်ငံတော် အစိုးရရဲ့ ကျွမ်းကျင်သူ ဆာ ဂျိမ်း ဝေါ လတာရယ်ကွ၊ သူ့ ဂုဏ်ထူး ဘွဲ့ထူးတွေကတော့ ရေးပြရရင် တသီကြီးပဲကွ၊ အစိုးရဘက်မှာ အမှုထမ်းလာတာ ခေါင်းမွေးတောင် ဖြူပြီ၊ လူကြီးလူကောင်း တစ်ယောက်ကွာ၊ အိမ်တော်တွေကို ဝင်နိုင် ထွက်နိုင်တယ်ကွာ၊ တိုင်းပြည် ချစ်စိတ်တို့ ဘာတို့ ဆိုတာလည်း ဘာမှ ပြောစရာ မရှိဘူးကွာ၊ အဲဒီ အာမခံ သေတ္တာကို သော့ နှစ်စုံ ထားတာ တစ်စုံက သူ့ဆီမှာ ရှိတယ်ကွာ၊ တနင်္လာနေ့ ညနေ ရုံးဆင်းချိန် အထိ စာရွက်စာတမ်းတွေဟာ ရုံးထဲမှာ ရှိသေးတယ်ကွာ၊ ညနေ သုံးနာရီလောက်ကျတော့ သော့ကို ယူပြီး လန်ဒန်ကို ပြန်လာတယ်ကွာ၊ ဒီကိစ္စ ဖြစ်ပျက်တဲ့ နေ့ တစ်ညနေလုံး ရေကြောင်း ဝန်ကြီး ဆင်ကလဲယား အိမ်မှာ ရှိနေတယ်ကွာ'

'ဒီအချက်ကို အစ်ကိုကြီး သေချာအောင် စုံစမ်းပြီးပလား'

'စုံစမ်းပြီးပြီ၊ သူ့ညီ ဗိုလ်မှူးကြီး ဝေါလတာက ညနေ သုံးနာရီလောက် ဝူးလ်ဝစ်က ထွက်သွားတယ် ဆိုတာ အစစ် ခံပြီးပြီ၊ ရေကြောင်း ဝန်ကြီးက လည်း သူ့အိမ် ရောက်လာတယ် ဆိုတာကို အစစ် ခံပြီးပြီ၊ ဒီတော့ ဒီကိစ္စမှာ ဆာ ဂျိမ်းဟာ တိုက်ရိုက် အကျိုး ဝင်မနေဘူး ဆိုတာ သေချာတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သော့ကိုင်တဲ့ တခြား လူတစ်ယောက်ကကော'

'အကြီးတန်း စာရေးနှင့် ပုံဆွဲဆရာ မစ္စတာ ဆစ်ဒနီ ဂျွန်ဆင်တဲ့ကွ၊ အသက် လေးဆယ်လောက် ရှိပြီ၊ ကလေး ငါးယောက် ရှိတယ်၊ လူက မှုန်ကုပ်ကုပ်၊ စကား နည်းနည်းရယ်၊ ဒါပေမဲ့ အစိုးရ မှတ်တမ်းတွေ ပြန်ကြည့်လိုက်ရင် အပြစ် အနာအဆာ ဘာမှ မရှိဘူး၊ ရုံးမှာတော့ လုပ်ဖော်ကိုင်ဖက်တွေက သူ့ကို သိပ်မကြိုက်ကြဘူး၊ ဒါပေမဲ့ လူက အလုပ် ကြိုးစားတယ်၊ သူ့ အလို အရ ဆိုရင်တော့ တနင်္လာနေ့ ရုံးဆင်းကတည်းက သူ အိမ်မှာ ရှိတယ်တဲ့၊ သော့ကလည်း သူ့ အိတ်ဆောင် နာရီ ကြိုးမှာ တစ်ချိန်လုံး ဆွဲထားတယ်တဲ့၊ ဒီအချက်ကိုတော့ သူ့ မိန်းမက ထောက်ခံ ထွက်ဆိုထားတယ်'

'ကာဒိုဂန် ဝက်စ် ဆိုတဲ့ သူငယ် အကြောင်းကိုရော ပြောပါဦး'

'သူငယ်က အစိုးရ အမှုထမ်းတာ ဆယ်နှစ် ရှိပြီ၊ အလုပ်အကိုင် တော်တယ်၊ စိတ်တိုတယ်၊ သွေးဆူတယ်လို့ နာမည်ကြီးတယ်၊ ဒါပေမဲ့ လူက လူရိုး လူဖြောင့်၊ ပွင့်ပွင့်လင်းလင်းသမား၊ သူနှင့် ပတ်သက်လို့တော့ ဘာမှ ပြောစရာ သိပ် မရှိလှဘူး၊ သူက ဆစ်ဒနီ ဂျွန်ဆင် အောက်မှာ လုပ်တယ်၊ သူ့ တာဝန် အရ စာရွက်စာတမ်းတွေနှင့် နေ့တိုင်း ထိတွေ့နေရတယ်၊ ဒီပြင်တော့ ဒီစာရွက် စာတမ်းတွေကို ဘယ်သူမှ မကိုင်ရဘူး'

'အဲဒီနေ့ ညက စာရွက်စာတမ်းတွေကို ဘယ်သူ သော့ခတ်ပြီး သိမ်းသလဲ'

'အကြီးတန်း စာရေး ဆစ်ဒနီ ဂျွန်ဆင်ရယ်'

'ဒီလိုဆိုရင် ဒီစာရွက်တွေ ဘယ်သူ ယူသွားသလဲ ဆိုတာ ရှင်းနေတာပဲ အစ်ကိုကြီးရ၊ အဲဒီ အောက်တန်း စာရေးရဲ့ အိတ်ထဲမှာ စာရွက်တွေကို တွေ့နေပြီပဲ၊ ကိစ္စ မပြတ်သေးဘူးလား'

'ပြတ်တော့ ပြတ်ပါပြီလေ၊ သို့သော်လည်း မရှင်းလင်းတာတွေ ကျန်နေသေးတယ်ကွ၊ ပထမ အချက်အားဖြင့် ဒီသူငယ်က ဘာဖြစ်လို့ ဒီ စာရွက် စာတမ်းတွေကို ယူသွားရသလဲ'

'အဖိုးတန်လို့ နေမှာပေါ့'

'ရောင်းစားရင် လွယ်လွယ်ကလေးနှင့် ထောင်သောင်း ချီပြီး ရတယ်'

'ရောင်းစားဖို့ မဟုတ်ဘဲ တခြား ဘာရည်ရွယ်ချက်နှင့် ယူသွားနိုင်သေးသလဲ'

'ဒါတော့ ငါလည်း မပြောတတ်ဘူး'





'ဒီလိုဆိုရင် အလုပ် စရမယ့် အခြေခံ အဖြစ် အဲဒီက စမယ် ခင်ဗျား။ ကာဒိုဂန် ဝက်စ်ဟာ စာရွက်စာတမ်းတွေကို ယူသွားတယ်၊ ဒီလို ယူတာဟာ သည်း သော့တူနှင့် ဖွင့်ယူမှ ရမယ် ဆိုတော့'

'သော့တူက တစ်ချောင်းနှင့် မရဘူးကွ၊ အများကြီး လုပ်မှ ရမှာ၊ အဆောက်အအုံကိုလည်း သော့တူနှင့် ဖွင့်ရမယ်၊ အခန်းကိုလည်း သော့တူနှင့် ဖွင့်ရမယ်'

'ဒီလိုဆိုရင်လည်း သူ့မှာ သော့တူတွေ အများကြီး ရှိရမှာပေါ့၊ ဒီ စာရွက်တွေကို ရောင်းစားဖို့ ရည်ရွယ်ချက်နှင့် လန်ဒန်ကို ယူသွားမယ်၊ ပြီးတော့ နောက်တစ်နေ့ မနက် ရုံးတက်ချိန်မှာ မသိအောင် ပြန်ထားမယ်၊ လန်ဒန် ရောက်တော့ ဒီလို စာရွက်စာတမ်းတွေကို ရောင်းဖို့ အသွားမှာ ဒီလို သေခဲ့ရတာ ဖြစ်တယ်'

'ဘယ်လို သေသလဲ'

'ဆိုကြပါစို့၊ ဝူးလ်ဝစ်ကို အပြန် ရထားတွဲပေါ်မှာ အသတ်ခံရပြီး ရထား ပေါ်ကနေ ပစ်ချခဲ့တာ မဖြစ်နိုင်ပေဘူးလား'

'သူ့အလောင်းကို အဲလဂိတ် ဘူတာနားမှာ တွေ့တာ ဆိုတော့ အဲလဂိတ် ဘူတာဟာ လန်ဒန် တံတားကြီး ဘူတာ အလွန် တစ်ဘူတာကွ၊ လန်ဒန် တံတား ကြီးနှင့် တော်တော် ဝေးနေတယ်ကွ၊ ဝူးလ်ဝစ်ကို ပြန်ရင် လန်ဒန် တံတားကြီး ဘူတာကို ဖြတ်ရမှာ မဟုတ်လား'

'လန်ဒန် တံတားကြီးကို လွန်ပြီး ဘာဖြစ်လို့ လိုက်လာမိသလဲ ဆိုတာ တွေကိုတော့ အမျိုးမျိုး စဉ်းစားကြည့်ရမှာပေါ့လေ၊ ဆိုပါစို့၊ ရထားတွဲပေါ်မှာ တစ်ယောက်နှင့် တစ်ယောက် အရေးကြီးတဲ့ ကိစ္စ ပြောဆိုလာကြတဲ့ အတွက် လန်ဒန် တံတားကြီး ဘူတာကို လွန်လာခဲ့တာလည်း ဖြစ်နိုင်တယ်၊ ဒီတွင် သူတို့ နှစ်ယောက် စကား များကြပြီး သတ်ပုတ်ကြတာ ဖြစ်နိုင်တယ်၊ နောက် တစ်ချက် ဖြစ်နိုင်တာက ရထားပေါ်က ခုန်ချမလို့ လုပ်တုန်း သံလမ်းပေါ်ကို ကျသွားတာလည်း ဖြစ်နိုင်တယ်၊ ဒီတုန်းမှာ တစ်ယောက်ယောက်က တံခါးကို ပိတ်လိုက်မယ်၊ အဲဒီတုန်းမှာ နှင်းမှောင်ကြီး ကျနေတော့ ဘာမှလည်း မမြင်ရ ဘူး မဟုတ်လား'

'အေးလေ၊ တို့ ခု သိရသလောက် ဆိုရင်တော့ ဒီအတိုင်းပဲ တွေးရဦးမှာ ပေါ့၊ ဒါပေမဲ့ မင်း မတွေ့လိုက်မိတာတွေ ကျန်နေသေးတယ်ကွ၊ စဉ်းစားစရာ အချက် အနေနှင့် စဉ်းစား ကြည့်တာပေါ့ကွာ၊ ကာဒိုဂန် ဝက်စ်ဟာ ဒီ စာရွက်

www.burmeseclassic.com



တွေကို လန်ဒန် ရောက်တော့ လူတစ်ယောက်ယောက်ဆီကို ပို့ဖို့ ဆုံးဖြတ်ထားတယ်၊ ဒီတော့ လန်ဒန်မှာ နိုင်ငံခြား သူလျှို တစ်ယောက်နှင့် ချိန်းထားမယ်၊ ချိန်းထားတော့ ဒီပြင် အလုပ်တွေကို အေးချိတ်ထားမယ်၊ ဒါပေမဲ့ ခုတော့ ဇာတ်ပွဲ လက်မှတ် နှစ်စောင် ယူထားပြီး သူ့ ရည်းစားကို လိုက်ပို့ဖို့ သွားတယ်'

ညီအစ်ကို နှစ်ယောက် ပြောနေသည်ကို စိတ်တိုစွာဖြင့် နားထောင်လျက် ရှိသည့် အင်စပက်တော် လက်စထရိတ်က

'ဒါက အရောင် ပြထားတာလည်း ဖြစ်နိုင်တာပေါ့'

'အရောင် ပြတယ် ဆိုရင် သူ အရောင် ပြပုံက သိသာလွန်းတယ်ဗျာ၊ ဒါက တစ် အချက်၊ နံပါတ် နှစ် အချက်က ရှိသေးတယ်၊ ကာဒိုဂန် ဝက်စ် လန်ဒန်ကို ရောက်ပြီး နိုင်ငံခြား သူလျှိုနှင့် တွေ့တယ်၊ စာရွက်စာတမ်းတွေကို မနက် ရုံးချိန်မီ ပြန်ထားရမယ်၊ မထားနိုင်ရင် မနက်ကျတော့ သိတော့မှာပေါ့၊ ယူသွားတုန်းက စာရွက်စာတမ်း ဆယ်စုံ ယူသွားတယ်၊ သူ့ အိတ်ထဲမှာ တွေ့ရတော့ ခုနစ်စုံပဲ တွေ့ရတယ်၊ ဒီတော့ ကျန်တဲ့ သုံးစုံက ဘယ်ရောက်သွားသလဲ၊ သူ့ဘာသာသူ ထားပစ်ခဲ့တာတော့ မဖြစ်နိုင်ဘူး၊ နောက်ပြီးတော့ စာရွက် စာတမ်းတွေကို ရောင်းပစ်ခဲ့တယ် ဆိုရင် သူ့ အိတ်ထဲမှာ ငွေကြေး တော်တော် များများ တွေ့ရမယ်၊ ခုတော့ သူ့ အိတ်ထဲမှာ ဘာမှ မတွေ့ရဘူး'

အင်စပက်တော် လက်စထရိတ်က

'ကျွန်တော့် အဖို့တော့ ရှင်းနေတာပဲ ခင်ဗျာ၊ ဘာမှ ဝိုးတိုးဝါးတား ဖြစ်နေစရာ မလိုပါဘူး၊ ကာဒိုဂန် ဝက်စ်ဟာ စာရွက်စာတမ်းတွေကို ရောင်းစားဖို့ လန်ဒန်ကို ယူသွားတယ်၊ နိုင်ငံခြား သူလျှိုနှင့် တွေ့တယ်၊ ဈေးဆစ်ကြတော့ ဈေးမတည့်ဘူး၊ ဒီတော့ ပြန်လာတယ်၊ နိုင်ငံခြား သူလျှိုက နောက်က လိုက်လာတယ်၊ ရထားပေါ် ရောက်တော့ နိုင်ငံခြား သူလျှိုက သူ့ကို သတ်တယ်၊ အဲဒီ အထဲမှာ အရေးကြီးဆုံး ဆိုတဲ့ စာရွက်စာတမ်းတွေကို ရွေးယူသွားတယ်၊ ပြီးတော့ သူ့ အလောင်းကို ရထားပေါ်က ပစ်ချခဲ့တယ်၊ ဒီအတိုင်းဆိုရင် ရှင်းသွားမှာပဲ၊ မဟုတ်ဘူးလား'

'ဘာဖြစ်လို့ သူ့မှာ မီးရထား လက်မှတ် မပါတာလဲ'

'မီးရထား လက်မှတ်ကို ကြည့်လိုက်ရင် နိုင်ငံခြား သူလျှိုရဲ့ အိမ်ဟာ ဘယ်နားမှာ ဆိုတာ မှန်းလို့ ရနိုင်တယ်ဗျ၊ ဒါကြောင့် တရားခံဟာ သေသူရဲ့ အိတ်ထဲက မီးရထား လက်မှတ်ကို ယူသွားတာ ဖြစ်ရမယ်'

'အင်း၊ ကျုပ် လူ လက်စထရိတ် တော်ပါပေတယ်ဗျာ၊ တော်ပါပေ





တယ်၊ ခင်ဗျား တွေးလုံးက ရှေ့နောက် ညီညွတ်ပါတယ်၊ သို့သော်လည်း ဒီ အတိုင်း မှန်တယ် ဆိုရင်တော့ အမှုက ပြီးနေပြီပဲဗျ၊ တစ်ဖက်မှာ တိုင်းပြည်ကို ရောင်းစားတဲ့ သစ္စာဖောက်လည်း သေပြီ၊ တစ်ဖက်က ကြည့်လိုက်တော့လည်း ကျုပ်တို့ အဖို့ အလွန် အရေးကြီးတဲ့ ဗရုစ် ပါတင်တန် ရေငုပ် သင်္ဘော ပုံစံဟာ တခြား တိုင်းပြည်ကို ရောက်နေပြီပဲ၊ ကျုပ်တို့ အဖို့ ဘာလုပ်စရာ ရှိတော့လို့လဲ' ဟု ရှားလော့ဟုမ်းက ပြောလေ၏။

မိုင်းကရော့သည် ထိုင်ရာမှ ထကာ

'မြန်မြန် လုပ်မှ ဖြစ်မယ် ငါ့ညီရ၊ မြန်မြန် လုပ်မှ ဖြစ်မယ်၊ ဒီလို မဖြစ်နိုင်ဘူးလို့ ငါ့ ပကတိ ဉာဏ်က ပြောနေတယ်၊ ဒီတော့ မင်း ကိုယ်တိုင် အစွမ်းကုန် ကြိုးစားစမ်းပါဦး၊ အချင်း ဖြစ်တဲ့ နေရာကိုလည်း သွားကြည့်စမ်းပါဦး၊ တွေ့သင့် တွေ့ထိုက်တဲ့ လူတွေနှင့်လည်း တွေ့ကြည့်စမ်းပါဦး၊ လုပ်နိုင်သမျှတော့ တစ်ခုမှ ချန်မထားနှင့်ကွာ၊ အကုန်သာ လုပ်၊ မင်း စုံထောက် သက်တမ်း တစ်လျှောက်မှာ တိုင်းပြည်ကို ကယ်တင်ဖို့ ဒီလို အခွင့်ကောင်းမျိုး တစ်ခါမှ မရခဲ့ဖူးသေးဘူး မဟုတ်လား'

ရှားလော့ဟုမ်းက ပခုံးကို တွန့်လိုက်ရင်း

'ကဲ အိုင်ဆေး ဝပ်ဆင်၊ လာဗျို့၊ အင်စပက်တော်မင်းကော ကျုပ်တို့နှင့် တစ်နာရီ နှစ်နာရီလောက် မလိုက်နိုင်ဘူးလား၊ အဲလဂိတ် ဘူတာရုံကို ပထမ သွားကြည့်မယ်ဗျာ၊ ဝွတ်ဒ်ဘိုင် အစ်ကိုကြီး၊ ညနေလောက်ဆိုရင် တစ်ခုခုတော့ သတင်း ပို့နိုင်လိမ့်မယ် ထင်ပါရဲ့၊ သို့သော်လည်း ကြိုကြိုတင်တင်တော့ ပြောထားလိုက်မယ်၊ သိပ်တော့ မျှော်လင့်ချက် မထားနှင့် အစ်ကိုကြီးရေ'

တစ်နာရီ ကြာသည့် အခါ၌ကား ရှားလော့ဟုမ်း၊ လက်စထရိတ်နှင့် ကျွန်ုပ်တို့သည် အဲလဂိတ် ဘူတာရုံ မရောက်မီ ဥမင်ထဲမှ ထွက်လာသော သံလမ်း အနီးတွင် ရပ်လျက် ရှိကြလေ၏။ မျက်နှာ နီနီနှင့် ယဉ်ကျေး သိမ်မွေ့သည့် မီးရထား ဘက်မှ အရာရှိ တစ်ဦးလည်း ကျွန်ုပ်တို့နှင့် လိုက်ပါလာလေ၏။

မီးရထား အရာရှိက သံလမ်းနှင့် သုံးပေ အကွာလောက်တွင် ရှိသည့် နေရာကို ညွှန်ပြကာ

'သူငယ်ရဲ့ အလောင်းကို တွေ့ရတာကတော့ ဒီနေရာပဲ ခင်ဗျ၊ အပေါ် လမ်းမပေါ်က ကျတာတော့ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ စုံထောက်

www.burmeseclassic.com



ကြီးတို့ မြင်တဲ့အတိုင်း နံရံကြီးတွေက ချောနေတဲ့ နံရံကြီးတွေ၊ မီးရထားပေါ်က ကျတာပဲ ဖြစ်နိုင်တယ်၊ ပြီးတော့ ကျွန်တော် သိရသလောက် ပြောရမယ်ဆိုရင် အဲဒီ ရထားဟာ တနင်္လာနေ့ ညသန်းခေါင်လောက်က အဲဒီ အနားကို ဖြတ်သွားရမယ် ခင်ဗျ'

'ရထားပေါ်မှာ သွေးထွက်သံယို ဖြစ်တဲ့ လက္ခဏာတွေ ဘာတွေ ရှာရွေ မကြည့်မိဘူးလား'

'ဘာမှ မတွေ့ရဘူး ခင်ဗျ၊ ရထား လက်မှတ်တို့ ဘာတို့ကိုလည်း မတွေ့ရဘူး'

'ရထား တံခါး ဖွင့်တဲ့ လက္ခဏာကိုကော မတွေ့ရဘူးလား'

'မတွေ့ဘူး ခင်ဗျ'

လက်စထရိတ်က

'ဒီနေ့ မနက်မှာတော့ သက်သေခံ အထောက်အထားသစ်တွေကို ထပ်တွေ့ရတယ် ခင်ဗျ၊ တနင်္လာနေ့က ၁၁ နာရီ ၄၀ လောက်မှာ ရိုးရိုး မြို့ပတ်ရထားနှင့် လိုက်သွားတဲ့ ခရီးသည် တစ်ယောက်က ဘူတာကို မရောက်ခင် သံလမ်းပေါ်ကို တစ်ခုခု ကျသွားသံလိုလို ဒုတ်ခနဲ အသံကြီး တစ်ခု ကြားလိုက်ရတယ်တဲ့၊ ဒါပေမဲ့ အဲဒီ အချိန်တုန်းက နှင်းမှောင်ကြီး ကျနေတော့ ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရဘူးတဲ့၊ အဲဒီတုန်းကတော့ သူကလည်း ဘာမှ သတင်း မပို့ဖြစ်ခဲ့ဘူးပေါ့လေ၊ အလို စုံထောက်ကြီး ဘယ်လို ဖြစ်သွားတာလဲ'

ရှားလော့ဟုမ်းသည် လေးနက် တင်းမာသော မျက်နှာထားဖြင့် ဥမင်ထဲမှ ကွေ့ထွက်လာသော သံလမ်းများကို စူးစိုက် ကြည့်လျက် ရှိလေ၏။ အဲလဂိတ် ဘူတာမှာ လမ်းဆုံ ဘူတာ တစ်ခု ဖြစ်သည့် အတွက် သံလမ်း အဆက်များ ရှုပ်ယှက်ခတ်လျက် ရှိလေ၏။

ရှားလော့ဟုမ်း၏ ထက်သန် စူးရှလျက် ရှိသော မျက်လုံးများသည် သံလမ်းပေါ်သို့ စိုက်ကြည့်လျက် ရှိပြီးလျှင် ထက်သန် ဖျတ်လတ်သော မျက်နှာပေါ်တွင် နှုတ်ခမ်းကို တင်းတင်း စေ့ထားလျက် ရှိခြင်း၊ နှာခေါင်းပေါက်ကလေးများ တုန်ယင်နေခြင်း၊ ထူထဲသော မျက်မှောင်တို့ကို ကုတ်ထားခြင်းတို့ကို ကြည့်၍ ကျွန်ုပ်သည် ရှားလော့ဟုမ်း အကြောင်းကို သိသည့် အတိုင်း တစ်စုံတစ်ရာ ထူးခြားလျက် ရှိကြောင်းကို သိလိုက်လေပြီ။

'သံလမ်း အဆက်တွေဗျ၊ သံလမ်း အဆက်တွေ'

'သံလမ်း အဆက်တွေက ဘာဖြစ်သလဲ၊ ခင်ဗျား ဘာပြောချင်တာလဲ'



'ဒီလောက် ရှည်တဲ့ မီးရထားလမ်းမှာ သံလမ်း အဆက်ရဲယ်လို့ သိပ်မရှိလှဘူးဗျ'

'ဟုတ်တယ်လေ၊ သိပ်မရှိဘူး'

'ပြီးတော့ ဒီနေရာမှာ မီးရထားလမ်းက နည်းနည်း ကွေ့သွားတယ်ဗျ၊ သံလမ်း အဆက်တွေရယ်၊ မီးရထားလမ်းက ကွေ့နေတာရယ်၊ အင်း ဒီအတိုင်းပဲ ဖြစ်ပြီ ထင်ပါရဲ့'

'စုံထောက်ကြီး၊ ဒီတော့ ဘာဖြစ်သလဲ စုံထောက်ကြီး၊ သဲလွန်စတို့ ဘာတို့ကိုများ တွေ့နေလို့လား'

'တွေးလုံး တစ်ခုပါဗျာ၊ ဒီထက်တော့ ဘာမှ ပိုမှာ မဟုတ်ပါဘူး၊ အမှုကတော့ တော်တော် စိတ်ဝင်စားစရာ ကောင်းသည်ထက် ကောင်းလာပြီဗျို့၊ ထူးခြားတာမှ သိပ်ကို ထူးခြားတဲ့ အမှုဗျ၊ ဒါပေမဲ့ နေစမ်းပါဦးဗျာ၊ ကျုပ် မကျေနပ်တာက ဘာဖြစ်လို့ သံလမ်း တစ်လျှောက်မှာ သွေးစက်တို့ ဘာတို့ကို မတွေ့ရသလဲ မသိဘူး'

'ဟုတ်တယ် ခင်ဗျ၊ သွေးစက်တို့ ဘာတို့ကိုတော့ တစ်စက်မှကို မတွေ့ရဘူး'

'ဒါပေမဲ့ ဒဏ်ရာ တော်တော်လေး ကြီးတယ်လို့ ကျုပ် ထင်တယ်ဗျ'

'ခေါင်းရိုးကတော့ ကြေသွားတာပဲ၊ ကိုယ်ခန္ဓာမှာတော့ ပြင်းထန်တဲ့ ဒဏ်ရာရယ်လို့ သိပ်မတွေ့ရဘူး ခင်ဗျ'

'ဒါပေမဲ့ သွေးတို့ ဘာတို့တော့ ထွက်ရမှာပေါ့ဗျ၊ နှင်းမှောင်ထဲမှာ လိမ့်ကျသွားသံ ကြားလိုက်တယ်လို့ ပြောတဲ့ ခရီးသည် စီးတဲ့ တွဲကို ကျုပ် ကြည့်ချင်တယ်ဗျာ'

'မစ္စတာ ဟုမ်းရေ၊ ဒါကတော့ မဖြစ်နိုင်တော့ဘူး ထင်တယ်၊ တွဲတွေကို ဖြုတ်ပစ်လိုက်ပြီ၊ တခြား ခေါင်းတွဲတွေနှင့် ဆက်ပြီးကုန်ပြီ ခင်ဗျ'

လက်စထရိတ်က

'ကျွန်တော် အာမခံပါတယ် မစ္စတာ ဟုမ်း၊ တွဲတိုင်းကို ကျွန်တော်တို့ သေသေချာချာ ကြည့်ပြီးပါပြီ၊ ကြည့်တာမှ ကျွန်တော် ကိုယ်တိုင် ကြည့်တာပဲ'

ရှားလော့ဟုမ်းမှာ မိမိလောက် စဉ်းစားဉာဏ် ရင့်သန်ခြင်း မရှိသူများနှင့် ဆက်ဆံရာတွင် များစွာ စိတ်တိုလေ့ ရှိသူ တစ်ယောက် ဖြစ်သည့်အတိုင်း

'အေးလေ၊ ဒါတော့ ခင်ဗျားဘာသာ စစ်လို့ ပြီးချင်ပြီးမှာပေါ့၊ ကျုပ် ကြည့်ချင်တယ် ဆိုတာက တွဲကို ပြောတာ မဟုတ်ပါဘူးဗျ၊ ခင်ဗျား နားမလည်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကဲ အိုင်ဆေး၊ ဒီမှာ ကျုပ်တို့ တတ်နိုင်သမျှတော့ လုပ်ပေးပြီးပြီ၊ ကဲ အင်စပက်တော်ကြီး၊ ခင်ဗျားကို ကျုပ်တို့ အနှောင့်အယှက် မပေးချင်တော့ဘူးဗျာ၊ ဒီအတိုင်းကတော့ ကျုပ်တို့ ဝူးလ်ဝစ်ကို လိုက်သွားလို့လည်း အပိုပါပဲ'

လန်ဒန် တံတားကြီး ဘူတာရုံသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် သူ့ အစ်ကိုထံ သံကြိုး တစ်စောင် ရိုက်လိုက်လေ၏။

မရိုက်မီ ကျွန်ုပ်အား ပြသဖြင့် ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

> အမှောင်ထဲတွင် အလင်းရောင် မြင်ရပြီ။ သို့ရာတွင် ငြိမ်းသွားနိုင်သည်။ လန်ဒန်တွင် ရှိနေသော နာမည်ကြီး နိုင်ငံခြား သူလျှိုများ၏ အမည်နှင့် လိပ်စာ အားလုံးကို ဘေကာလမ်းသို့ လူတစ်ယောက် လွှတ်၍ အပို့ နိုင်းပေးပါ။ မရောက်သေးလျှင် စောင့်နေပါ။

ဝူးလ်ဝစ် ရထားပေါ်သို့ တက်မိ၍ ကိုယ့်နေရာ ကိုယ် ထိုင်မိကြသည့် အခါတွင် ရှားလော့ဟုမ်းက

'ဒါတွေ ရမယ် ဆိုရင်တော့ ဟန်ကျလိမ့်မယ် ထင်တာပဲဗျာ၊ တော်တော် စိတ်ဝင်စားစရာ ကောင်းတဲ့ အမှုကို ယူလာတဲ့ အတွက် နောင်တော်ကြီးကိုတော့ ကျေးဇူး တင်ရလိမ့်မယ်'

ရှားလော့ဟုမ်း၏ စိတ်အား ထက်သန်သော မျက်နှာမှာ ခပ်စောစောက ကဲ့သို့ပင် တစ်စုံတစ်ရာကို လေးနက်စွာ တွေးတော စဉ်းစားနေဟန်ဖြင့် တင်းမာလျက် ရှိလေ၏။ ဤသည်ကို ကြည့်၍ ရှားလော့ဟုမ်းမှာ အခြေအနေသစ် တစ်ရပ်ကြောင့် စဉ်းစားစရာ အသစ် တစ်ရပ် ပေါ်နေကြောင်းကို ကျွန်ုပ် သိလိုက်ပေ၏။ အမဲလိုက် ခွေးသည် နားရွက် ဖားဖား၊ အမြီး ဖားဖားဖြင့် ခွေးအိမ်အနီးတွင် လှည့်ပတ်ကာ အမဲ လိုက်ရန် အသင့် ဖြစ်သကဲ့သို့ ရှားလော့ဟုမ်းမှာလည်း ထိုနေ့ တစ်မနက်လုံး ရှုးရှ တောက်ပသည့် မျက်လုံးများ၊ အာရုံ စူးစိုက်လျက် ရှိသဖြင့် မျက်နှာပေါ်တွင် တင်းမာနေသော ကြွက်သားများကို ကြည့်ခြင်းအားဖြင့် အမဲ လိုက်ရန် အဆင်သင့် ဖြစ်လျက် ရှိကြောင်း သိနိုင်ပေ၏။

ရှားလော့ဟုမ်းမှာ နှင်းမှောင်တို့ ဖုံးအုပ် ပိတ်ဆို့လျက် ရှိသည့် ဘေကာလမ်း အခန်းထဲတွင် ပြာမွဲမွဲ ညဝတ်အင်္ကျီကို ဝတ်ကာ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည့် ရှားလော့ဟုမ်း မဟုတ်တော့ဘဲ ဖျတ်လတ် တက်ကြွကာ ရန်သူကို ခုန်အုပ်ရန် အသင့် ဖြစ်နေသည့် ရှားလော့ဟုမ်း ဖြစ်လာခဲ့လေပြီ။

'ခု အရိပ်အယောင်ကို တွေ့နေရပြီဗျ၊ အရိပ်အယောင်ကို တွေ့လျက်





သားနှင့်မှ အကောင်အထည်ကို ရအောင် မလုပ်နိုင်ဘူး ဆိုရင် ကျုပ်လောက် ညံ့တဲ့လူ ဘယ်ရှိတော့မလဲ'

'ကျွန်တော်ဖြင့် ဘာမှကို မရှင်းသေးဘူးဗျာ'

'ကျုပ်တို့ ကိုင်ထားတဲ့ ကြိုးအခံဆုံး ဘယ်ကို ရောက်မယ် ဆိုတာတော့ ကျုပ်လည်း မပြောနိုင်သေးပါဘူး၊ သို့သော်လည်း တစ်ဖက် ကြိုးစကိုတော့ ကိုင်မိထားပြီဗျ၊ ကျုပ်တို့ အလုပ်က အဲဒီ အစ အတိုင်း လိုက်သွားဖို့ပဲ ရှိတော့ တယ်၊ ကာဒိုဂန် ဝက်စ်ဟာ ရထားပေါ်မှာ အသတ်ခံရတာ မဟုတ်ဘူးဗျ၊ တစ်နေရာရာမှာ အသတ်ခံခဲ့ရတာ၊ အလောင်းက ရထားတွဲ အမိုးပေါ်မှာ ပါလာတာ'

'အမိုးပေါ်မှာ ဟုတ်လား'

'မထူးခြားဘူးလားဗျာ၊ သို့သော်လည်း အချက်အလက်တွေကို ခင်ဗျား စဉ်းစားကြည့်လေ၊ အလောင်း တွေ့တဲ့ နေရာဟာ ရထားသံလမ်း အကွေ့နားမှာ ဖြစ်တယ်၊ ပြီးတော့ အဲဒီနေရာမှာ သံလမ်း အဆက်တွေ စိပ်နေတယ်၊ ဒါကြောင့် ရထားဟာ အဲဒီ အနားတစ်ဝိုက်မှာ တော်တော်လေး ယိမ်းလှုပ်နေရမယ်၊ ဒီလို နေရာမှာ သေသူ အလောင်းကို တွေ့ရတယ် ဆိုတာ တိုက်ဆိုင်မှု မဟုတ်ဘူးဗျ၊ အမိုးပေါ်မှာ ပစ္စည်း တစ်ခု တင်လိုက်ရင် ဒီလို နေရာမျိုးမှာ ရထား လှုပ်တော့ အောက်ကို ကျသွားတတ်တာပဲ၊ ရထား သံလမ်း အဆက်တွေပေါ်မှာ ရထား ဖြတ်တဲ့ အခါကျတော့ တွဲထဲမှာ လိုက်လာတဲ့ လူတွေ အဖို့တော့ သိပ် မသိသာလှဘူး၊ အမိုးပေါ်က ပစ္စည်းကျတော့ သိပ်ထူးတာပေါ့၊ ဒီတော့ အလောင်းဟာ ရထား အမိုးပေါ်က ကျကျန်ရစ်ခဲ့တာ ဖြစ်ရမယ်၊ ဒီလိုမှ မဟုတ်ရင် ဒီနားကျမှ ကျတာဟာ တော်တော်ကို တိုက်ဆိုင်လို့ပဲ ဖြစ်ရမယ်၊ ပြီးတော့ သွေးစက် မှာ မတွေ့တဲ့ ကိစ္စကို စဉ်းစားကြည့်၊ ရထားလမ်း တစ်လျှောက်မှာ သွေးစက်ကို မတွေ့ရရင် အလောင်းဟာ တစ်နေရာရာမှာ သွေးထွက်ခဲ့ပြီး ဖြစ်ရမယ်၊ ဒါတွေကို ကြည့်ရင် သေသူဟာ ဒီနားမှာ သေတာ မဟုတ်ဘူး ဆိုတာ ထင်ရှားပါတယ်၊ ဒီနှစ်ချက် ပေါင်းလိုက်တဲ့ အခါကျတော့ တွေးစရာ ဖြစ်လာတော့တာပေါ့'

'ဟုတ်တယ်ဗျ၊ လက်မှတ်ကလည်း ရှာလို့ မတွေ့ဘူး'

'မှန်လိုက်လေဗျာ၊ လက်မှတ် ဘာဖြစ်လို့ မပါသလဲ ဆိုတာ စဉ်းစားလို့ မရဘူး၊ ခုတော့ ရှင်းသွားပြီပေါ့၊ ကျုပ် တွေးလုံးနှင့်တော့ အံကိုက်နေတာပဲ'

'သို့သော်လည်း တစ်ခုတော့ ရှိတယ်ဗျ၊ ခု ကျွန်တော်တို့ တွေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း မှန်ပြီပဲ ထားပါစို့၊ ကာဒိုဂန် ဝက်စ် သေတဲ့ ကိစ္စကို ဖော်ထုတ်ဖို့ဟာ ခါတိုင်းလိုပဲ ဝေးမြဲ ဝေးနေသေးတယ်၊ အမှုက ရှင်းမသွားတဲ့ပြင် ပိုပြီးတောင် ရှုပ်လာသေးတယ်'

ရှားလော့ဟုမ်းသည် အတန်ကြာမျှ လေးနက်စွာ စဉ်းစားလျက် ရှိကာ 'အင်း၊ ရှုပ်နိုင်တယ်၊ ရှုပ်နိုင်တယ်' ဟု ပြောလေ၏။

ရှားလော့ဟုမ်းသည် စကား မပြောတော့ဘဲ တစ်လမ်းလုံး တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ပြီးနောက် ဘူတာသို့ ရောက်လျှင် မြင်းရထား တစ်စင်းကို လှမ်းခေါ်လိုက်ကာ မိုင်းကရော့ ပေးလိုက်သည့် စာရွက်ကို အိတ်ထဲမှ ထုတ်ယူလိုက်လေ၏။

'ဒီနေ့ ညနေပိုင်းတော့ လူ တော်တော်များများနှင့် တွေ့ရလိမ့်မယ်ဗျို့၊ ဆာ ဂျိမ်း ဝေါလတာကို ည အလျင် ဝင်ကြည့်မယ်ဗျာ'

နာမည်ကျော် အရာရှိကြီး တစ်ဦး ဖြစ်သည့် ဆာ ဂျိမ်း၏ အိမ်မှာ သိမ်းမြစ်ကမ်း ဘေးတွင် ရှိပြီး စိမ်းလဲ့သော မြက်ခင်းများဖြင့် လှပသည့် တိုက်အိမ် တစ်လုံး ဖြစ်ပေ၏။ ကျွန်ုပ်တို့ ရောက်သွားသည့် အချိန်၌ နှင်းမှောင်မှာ တဖြည်းဖြည်း ပါးစ ပြုပြီးလျှင် နေခြည် ဖျော့ဖျော့သည် နှင်းထဲမှ ဖောက်ထွင်း ဖြာကျလျက် ရှိပေ၏။

ကျွန်ုပ်တို့က ခေါင်းလောင်းကို ဆွဲလိုက်သည့် အခါတွင် ဘဏ္ဍာစိုး တစ်ယောက် ထွက်လာလေ၏။

ဘဏ္ဍာစိုးသည် မသာယာသော မျက်နှာဖြင့်

'ဆာ ဂျိမ်းလား ခင်ဗျာ၊ ဆာ ဂျိမ်း ခုမနက်ကပဲ ဆုံးသွားပါတယ်'

ရှားလော့ဟုမ်းမှာ အကြီးအကျယ် အံ့အားသင့်သွားကာ

'အလို၊ ဘယ်လိုဖြစ်တာလဲဗျာ၊ ဘယ်ပုံ ဘယ်နည်း ဆုံးသွားတာလဲ'

'အထဲကို ကြွပါ ခင်ဗျာ၊ သူ့ညီ ဗိုလ်မှူးကြီး ဗယ်လင်တိုင်နှင့် တွေ့ပါဦး'

'အေးဗျာ၊ အဲဒါ ကောင်းပါတယ်'

ကျွန်ုပ်တို့အား မီးမှိန်မှိန် ထွန်းထားသည့် ဧည့်ခန်းထဲသို့ ခေါ်သွားလေ၏။ ခဏကြာလျှင် သေသူ ဆာ ဂျိမ်း၏ ညီအငယ်ဆုံး ဖြစ်သည့် အရပ်မြင့်မြင့်၊ ဥပဓိရုပ် ကောင်းကောင်း၊ မုတ်ဆိတ်မွေး ရေးရေးနှင့် အသက် ငါးဆယ်ခန့်ရှိ ဗိုလ်မှူးကြီး ဗယ်လင်တိုင် ထွက်လာလေ၏။ ပြူးကျယ်လျက် ရှိသော မျက်လုံးများ၊ မျက်ရည်တို့ စွန်းနေသော ပါးပြင် နှစ်ဖက်နှင့် ဖရိုဖရဲ ဖြစ်လျက် ရှိသော





အဝတ်အစားတို့သည် အိမ်သူ အိမ်သားများ မည်မျှ စိတ်ထိခိုက်လျက် ရှိကြောင်းကို ဖော်ပြလျက် ရှိပေ၏။

ဗိုလ်မှူးကြီးသည် စကားကိုပင် ကောင်းစွာ ပြောဆိုနိုင်ခြင်း မရှိချေ။

'အဲဒီ စာရွက် စာတမ်းတွေ ပျောက်တဲ့ ကိစ္စပေါ့ ခင်ဗျာ၊ ကျွန်တော့် အစ်ကိုက သူ့ဂုဏ်သိက္ခာနှင့် ပတ်သက်လို့ ရှိရင် တစ်စက်မှ အစွန်းအထင်း ခံတာ မဟုတ်ဘူး၊ ခု ဒီကိစ္စ ဖြစ်တော့ သူ မခံနိုင်တော့ဘူးလေ၊ ရင်ကွဲပက်လက် ဖြစ်တော့တာပေါ့၊ ပြီးတော့ သူ့ဌာန စေ့စပ် သေချာတာကိုလည်း အလွန် ဂုဏ်ယူတာ၊ ခုကိစ္စ ဖြစ်လိုက်တော့ အကြီးအကျယ် စိတ် ထိခိုက် သွားတော့တာပေါ့'

'ဖြစ်မှ ဖြစ်ရလေဗျာ၊ ဒီကိစ္စကို ရှင်းတဲ့ နေရာမှာ သူ့ဆီက အကူအညီ တော်တော်များများ ရလိမ့်မယ်လို့ မျှော်လင့်ပြီး လာခဲ့ကြတာ'

'ဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်တော်တို့ ခင်ဗျားတို့လိုပဲ သူလည်း ဘာမှ သိပုံ မရပါဘူးဗျာ၊ သူ သိသမျှကိုတော့ ပုလိပ်ဘက်ကို အကုန် ပြောပြီးပါပြီ၊ သူ့ အမြင်ကတော့ ဒါနှင့် ပတ်သက်လို့ ကာဒိုဂန် ဝက်စ်မှာ တာဝန် ရှိတယ်လို့ပဲ ယူဆတာပဲ၊ ကျန်တာတွေကတော့ သူလည်း ဘာမှ မစဉ်းစားတတ်အောင် ဖြစ်နေတယ်'

'ဒီကိစ္စနှင့် ပတ်သက်လို့ ခင်ဗျားကော ဘာများ သိပါသေးသလဲ'

'ကျွန်တော် ဘာသိမလဲ၊ သတင်းစာထဲမှာ ဖတ်ရသလောက် သူများ ပြောသံ ကြားရသလောက်ပဲ သိတာပေါ့၊ ရိုင်းတယ်လို့တော့ မအောက်မေ့ပါနှင့် မစ္စတာ ဟုမ်း ခင်ဗျာ၊ ဒီအချိန်ဟာ သောက ရောက်နေတဲ့ အချိန် ဆိုတော့ မေးစရာ ရှိတယ် ဆိုရင်လည်း ခပ်သွက်သွက်ကလေး မေးစေချင်ပါတယ်'

ရထားပေါ်သို့ ပြန်ရောက်သည့် အခါတွင် ရှားလော့ဟုမ်းက

'ခုကိစ္စကတော့ မမျှော်လင့်တဲ့ ကိစ္စပဲဗျို့၊ အလိုအလျောက် သေသွားတာလား၊ ဒါမှမဟုတ် ကိုယ့်ဘာသာ ကိုယ် သတ်သေတာလား ဆိုတာ ကျုပ် စဉ်းစားနေတယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ် ဆိုရင်တော့ ဒီကိစ္စကြောင့် တာဝန် ပေါ့လျော့တယ် ဆိုပြီး ကိုယ့်ကိုယ်ကိုယ် မကျေနပ်တာနှင့် လုပ်လိုက်ဟန် တူတယ်၊ အေးလေ ဒါတော့ နောင်ကျရင် သိလာမှာပေါ့၊ ကာဒိုဂန် ဝက်စ်ရဲ့ အိမ်ကို သွားကြဦးစို့ရဲ့'

ကာဒိုဂန် ဝက်စ်၏ မိခင် နေထိုင်သော အိမ်မှာ မြို့စွန်ရှိ အိမ်တစ်လုံး ဖြစ်ပြီး သေးငယ်သည့်တိုင် သပ်သပ်ရပ်ရပ် ရှိပေ၏။ မိခင်အိုကြီးမှာလည်း သား အတွက် ရတက် ပွေနေချိန် ဖြစ်သဖြင့် ကျွန်ုပ်တို့ အဖို့ များစွာ ခရီး



www.burmeseclassic.com

www.burmeseclassic.com

မရောက်လှချေ။ သို့ရာတွင် အသွားကြီး အနီးတွင်မူ သူ့ကိုယ်သူ မစ္စ ဖွိုင်အိုလက် ဝက်စတာရီဟု မိတ်ဆက်ပေးသည့် မျက်နှာ ဖြူဖပ်ဖြူရော်နှင့် အမျိုးသမီး တစ်ဦး ထိုင်လျက် ရှိလေ၏။ မစ္စ ဖွိုင်အိုလက်မှာ သေသူ ကာဒိုဂန် ဝက်စ်၏ ရည်းစား ဖြစ်ပြီး သေသူနှင့် ထိုနေ့ ညနေက နောက်ဆုံး တွေ့လိုက်ရသူ ဖြစ်လေ၏။

'ကျွန်မလည်း မပြောတတ်တော့ပါဘူး စုံထောက်ကြီးရယ်၊ ကျွန်မတော့ အဲဒီနေ့က စပြီး ခုထိ တစ်ရေးမှလည်း အိပ်လို့ မရဘူး၊ ဘယ်နည်း ဘယ်ပုံ ဖြစ်သလဲ ဆိုတာ ကျွန်မလည်း စဉ်းစားနေတာပဲ၊ သူက စိတ်လည်း ဖြောင့် သတ္တိလည်း ကောင်း မျိုးချစ်စိတ်ကလည်း ထက်သန်ပါတယ်၊ သူ့ကို ယုံကြည်အပ်နှံထားတဲ့ နိုင်ငံတော် လျှို့ဝှက်ချက် တစ်ခုကို ရောင်းစားမယ် ဆိုတာတော့ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ပါဘူး၊ သူ့လက်ကိုသာ သူ ဖြတ်ချင် ဖြတ်ပစ်မယ်၊ ဒါမျိုးကိုတော့ သူ ဘယ်နည်းနှင့်မှ မလုပ်ပါဘူး၊ သူ့အကြောင်း သိတဲ့ လူတွေအဖို့တော့ ဒါမျိုးဟာ ဖြစ်လည်း မဖြစ်နိုင်ဘူး၊ ယုံလည်း မယုံနိုင်ဘူး'

'ဒါပေမဲ့ မစ္စ ဖွိုင်အိုလက်ရေ၊ အချက်အလက်တွေက အဲဒီ အတိုင်း ဖြစ်နေတယ်ဗျာ'

'ဟုတ်ပါတယ်ရှင်၊ ဒါကြောင့်မို့ ကျွန်မလည်း နားမလည်နိုင်အောင် ဖြစ်နေတာပေါ့'

'သူ့မှာ ပိုက်ဆံတို့ ဘာတို့ တော်တော်များများ လိုနေသလား'

'မလိုပါဘူးရှင်၊ သူက အသုံးအစွဲလည်း သိပ်ရှိတာ မဟုတ်ပါဘူး၊ လခကလည်း လုံလောက်ပါတယ်၊ စုတောင် စုမိပါသေးတယ်၊ နှစ်သစ်ကူးရင် ကျွန်မနှင့် လက်ထပ်ဖို့လည်း စီစဉ်ပြီးသားပါ'

'နည်းနည်းပါးပါး စိတ် လှုပ်ရှားနေတဲ့ လက္ခဏာမျိုးကော မတွေ့ရဘူးလား၊ သူငယ်မ ကျုပ်တို့ကို ပွင့်ပွင့်လင်းလင်း ပြောနော်'

အလွန် လျင်သော ရှားလော့ဟုမ်း၏ မျက်စိတို့သည် မစ္စ ဖွိုင်အိုလက်၏ အမူအရာ ပြောင်းသွားသည်ကို သတိပြုလိုက်မိလေ၏။ အမျိုးသမီး၏ မျက်နှာမှာ သွေးရောင် လှမ်းသွားကာ အနည်းငယ် တွေသွားလေ၏။

နောက်ဆုံးတွင် သူက

'ဟုတ်ကဲ့၊ သူ့ စိတ်ထဲမှာ တစ်ခုခုကို တွေးနေတယ်လို့တော့ ကျွန်မ ထင်မိပါတယ်'

'တော်တော် ကြာပြီလား'



'တစ်ပတ်လောက်တော့ ရှိပါပြီ၊ သူ့ကို ကြည့်ရတာ တစ်ခုခုကို အလေးအနက် စဉ်းစားပြီး စိုးရိမ်နေသလိုပဲ၊ တစ်ခါတော့ ကျွန်မက မနေနိုင်လို့ ထုတ်မေးမိပါတယ်၊ သူကလည်း ဟုတ်တယ်တဲ့၊ ဒါပေမဲ့ ကျွန်မတို့နှင့် မဆိုင်ပါဘူးတဲ့၊ ရုံးအလုပ် ကိစ္စပါတဲ့၊ သိပ် အရေးကြီးတယ်၊ ခင့်ကိုတောင် ပြောလို့ မဖြစ်ဘူးလို့ ကျွန်မကို ပြောပါတယ်၊ ဒီနောက်တော့ ကျွန်မလည်း ဘာမှ မသိပါဘူး'

ရှားလော့ဟုမ်းသည် လေးနက်စွာ စဉ်းစားလျက် ရှိလေ၏။

'ပြောပါလေ၊ ကိစ္စ မရှိပါဘူး၊ သူ့ကို ထိခိုက်ချင် ထိခိုက်ပါစေ၊ ပြောသာ ပြောပါ၊ သဲလွန်စတို့ ဘာတို့ ရနိုင်တာပေါ့'

'တကယ်ကတော့ ကျွန်မမှာ ဒီထက် ဘာမှ ပိုပြီး ပြောစရာ မရှိပါဘူးရှင်၊ တစ်ခါ နှစ်ခါတော့ ကျွန်မကို တစ်ခုခု ပြောမလို့ လုပ်ပါသေးတယ်၊ တစ်ညကျတော့ တော်တော် အရေးကြီးတဲ့ လျှို့ဝှက်ချက် တစ်ခု ရှိတဲ့ အကြောင်း၊ အဲဒီ လျှို့ဝှက်ချက်ကို ရရင် နိုင်ငံခြားသား သူလျှိုတွေက ငွေ အမြောက်အမြား ပေးမယ့် အကြောင်းတော့ ပြောဖူးပါတယ်'

ရှားလော့ဟုမ်း၏ မျက်နှာသည် ပို၍ လေးနက် တင်းမာသွားလေ၏။

'ပြီးတော့ကော'

'ကျွန်မတို့ အစိုးရက ဒီကိစ္စမျိုးတွေနှင့် ပတ်သက်လို့ လျော့ရဲ လျော့ရဲ နိုင်တယ်တဲ့၊ သစ္စာဖောက် တစ်ယောက်ယောက်က ဒီစီမံကိန်းတွေကို ရသွားရင် ဘယ့်နှယ် လုပ်မလဲတဲ့'

'သူ မင်းကို ဒီလို ပြောတာဟာ တော်တော် ကြာသွားပြီလား'

'မကြာသေးပါဘူးရှင်၊ တစ်လောလေးကတွင်ပါ'

'ကဲ မင်းနှင့် သူနှင့် နောက်ဆုံး တွေ့ခဲ့တဲ့ ညက ဘာတွေ ပြောသွားသေးသလဲ၊ ပြောစမ်းပါဦး'

'အမှန်က အဲဒီညက ကျွန်မတို့ ဇာတ်ပွဲကို သွားဖို့ပါ၊ နှင်းမှောင်ကြီး သိပ်ကျတော့ မြင်းရထားနှင့် သွားလို့လည်း မရပါဘူး၊ ဒါနှင့် ကျွန်မတို့ နှစ်ယောက် ခြေကျင်ပဲ လျှောက်သွားကြပါတယ်၊ ခြေကျင် သွားတော့ သူတို့ ရုံးကြီးနားက ဖြတ်ရပါတယ်၊ အဲဒီနားလည်း ရောက်ရော သူလည်း ကျွန်မ အနားက နေပြီး ဝုန်းခနဲ ထွက်ပြေးပြီး နှင်းမှောင်ကြီးထဲမှာ ပျောက်သွားပါတယ်'

'ဘာမှ ပြောမသွားဘူးလား'

'ဟင် ဆိုပြီး တစ်ခွန်းတော့ အော်လိုက်ပါတယ်၊ ဒိပြင်တော့ ဘာမှ မပြောပါဘူး၊ ကျွန်မလည်း သူ့ကို စောင့်နေပါသေးတယ်၊ ပြန်မလာတာနှင့်


www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ပြန်လာခဲ့ပါတယ်၊ နောက်တစ်နေ့ မနက် ရုံးတက်ချိန် ရောက်တော့ ကျွန်မဆီ လာပြီး စုံစမ်းတော့တာပါပဲ၊ နေ့လယ် ဆယ့်နှစ်နာရီလောက်ကျတော့ အဲဒီ သတင်းကို ကြားရပါတယ်၊ သေတဲ့လူက သေပြီးပါပြီ၊ ဒီတော့ ဂုဏ်သိက္ခာနှင့် နာမည် မပျက်အောင်တော့ စုံထောက်ကြီး ကယ်နိုင်ရင် ကယ်ပေးပါနော်၊ သေလည်း သေရသေးတယ် နာမည်လည်း ပျက်ရသေးတယ် ဆိုရင်တော့ နစ်နာလွန်းပါတယ်'

ရှားလော့ဟုမ်းက ဝမ်းပန်းတနည်းဖြင့် ခေါင်းကို ယမ်းလိုက်လေ၏။

'ကဲ အိုင်ဆေး၊ သွားလိုက်ကြဦးစို့၊ ကျုပ်တို့ ဒီနားတစ်ဝိုက်ကို သွားရဦးမှာ၊ စာရွက် စာတမ်းတွေ ပျောက်တဲ့ သူတို့ ရုံးချုပ်ကို သွားကြည့် လိုက်ကြဦးစို့ရဲ့'

ရထားဖြင့် ထွက်လာသည့်အခါတွင် ရှားလော့ဟုမ်းက

'အမှုကတော့ သူငယ်ကလေး အပေါ်မှာ တော်တော် ပိနေတယ်ဗျ၊ ကျုပ်တို့ မေးလိုက်တော့ ပိုတောင် အခြေအနေ ဆိုးသွားသေးတယ်၊ ရာဇဝတ်မှု ကျူးလွန်ခြင်းရဲ့ ရည်ရွယ်ချက်ဟာ လက်ထပ်ဖို့ ကိစ္စ အတွက် ငွေကြေး လိုလို့ ဖြစ်ပုံ ရတယ်၊ မိန်းမ ယူခါနီး ဆိုတော့ ငွေလိုတယ် ဆိုတာလည်း ဟုတ်မှာ ပေါ့လေ၊ သူငယ်မကလေးကို ဖွင့်ပြောဖူးပုံ ထောက်တော့ ဒီစိတ်ကူးဟာ သူ့ ခေါင်းထဲမှာ ရှိနေပြီနှင့် တူတယ်၊ သူ့ စီမံကိန်းကို ဖွင့်ပြောပြီး သစ္စာဖောက်မှု မှာတောင် ကောင်မလေးကိုပါ ကြံရာပါ အဖြစ် ဆွဲသွင်းချင်ဟန် တူတယ်၊ သိပ်တော့ မကောင်းဘူးဗျာ'

'ဒီလို စရိုက်မျိုး ရှိတဲ့ လူဟာ အဲဒါမျိုးတော့ လုပ်မယ် မထင်ဘူးဗျာ၊ ပြီးတော့ ကောင်မလေးကို ရုတ်တရက် ထားပြီး ရာဇဝတ်မှု ကျူးလွန်တယ် ဆိုတာကလည်း နည်းနည်းတော့ ဆန်းနေတယ်'

'ဟုတ်တယ်ဗျ၊ တစ်ဖက်က စဉ်းစားမယ် ဆိုရင် စဉ်းစားနိုင်တဲ့ အချက်တွေပဲ၊ ဒါပေမဲ့ ခက်ခဲတဲ့ အမှုကြီးတွေတိုင်းမှာ ဒီလို ကြံဖန် စဉ်းစား အကြောင်း ပြစရာတွေကတော့ ရှိစမြဲပေါ့လေ'

ရှားလော့ဟုမ်း၏ လိပ်စာ ကတ်ပြားကို မြင်လျှင် ဖြစ်မြဲ ထုံးစံ အတိုင်း ရုံးချုပ်သို့ ရောက်သည်တွင် အကြီးတန်း စာရေး မစ္စတာ ဆစ်ဒနီသည် ကျွန်ုပ်တို့ကို ပျာပျာသလဲ ဆီးကြိုခြင်း ပြုလေ၏။

မစ္စတာ ဆစ်ဒနီ ဂျွန်ဆင်မှာ ပိန်ပိန် ပါးပါး လူလတ်ပိုင်း အရွယ် ဖြစ်ပြီး မျက်မှန် တပ်ထားလေ၏။ ပါးတို့မှာ ချောင်ကျလျက် ရှိပြီးလျှင် အမှု အတွက် စိုးရိမ်သောက ရောက်လျက် ရှိသည့် အတွက် လက်တို့ တုန်ယင်လျက် ရှိသည်ကို တွေ့ရလေ၏။

'အခြေအနေကတော့ တော်တော် ဆိုးတယ် စုံထောက်ကြီးရေ၊ ကျွန်တော်တို့ အင်ဂျင်နီယာချုပ် သတင်းကိုကော ကြားပြီးပြီ မဟုတ်လား'

'စုတွင် သူ့အိမ်က လာခဲ့ကြတာပဲဗျ'

'ကျွန်တော်တို့ ဌာနတော့ ဘယ်ထိ ပြိုဟ်ဆိုး ဝင်သလဲ မသိပါဘူး ခင်ဗျာ၊ အင်ဂျင်နီယာချုပ်လည်း သေ၊ ကာဒိုဂန် ဝက်စ်လည်း သေ၊ စာရွက် စာတမ်းတွေလည်း ပျောက်၊ တနင်္လာနေ့ ရုံးဆင်းချိန် အထိတော့ အားလုံး ကောင်းနေတာပဲ ခင်ဗျ၊ အင်း တွေးကြည့်လိုက်ရင် ကြောက်စရာကြီးပါ ခင်ဗျာ၊ ပြီးတော့ ကာဒိုဂန် ဝက်စ်လို သူငယ်လေးက ဒါမျိုး လုပ်တယ် ဆိုတော့ ကျွန်တော်ဖြင့် အံ့သြလို့ မဆုံးတော့ဘူး'

'ဒါဖြင့် ကာဒိုဂန် ဝက်စ်မှာ အပြစ် ရှိပြီ ဆိုတာ ခင်ဗျား သေချာတယ် ပေါ့'

'ဒီလိုပဲ စဉ်းစားစရာ ရှိတော့တာကိုး ခင်ဗျ၊ တခြား စဉ်းစားစရာမှ အကြောင်း မရှိတော့ဘဲ၊ ကျွန်တော့် အနေနှင့်ကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သလို ဒီသူငယ်ကလေးကို ယုံကြည်ပါတယ်'

'တနင်္လာနေ့ ညနေက ဘယ်အချိန်မှာ ဆင်းသလဲ'

'ငါးနာရီမှာပါ'

'ရုံးခန်း တံခါးတွေကို ခင်ဗျား ကိုယ်တိုင် ပိတ်တယ်ပေါ့'

'အမြဲတမ်း ကျွန်တော် ပိတ်ပြီး နောက်ဆုံးမှ ထွက်ပါတယ်'

'စာရွက် စာတမ်းတွေက ဘယ်မှာ ထားတာလဲ'

'ဟောဒီ မီးခံသေတ္တာထဲမှာပါ ခင်ဗျာ၊ ကျွန်တော် ကိုယ်တိုင် သိမ်းထားတာပါ'

'ရုံး အဆောက်အအုံထဲမှာ အစောင့်တို့ ဘာတို့ကော မထားဘူးလား'

'ရှိပါတယ်၊ သူက ကျွန်တော်တို့ ရုံးခန်းကိုတွင် မကပါဘူး၊ ဒီပြင် ရုံးခန်းတွေကိုလည်း လိုက်ကြည့်ရပါတယ်၊ အစောင့်က စစ်သားဟောင်းကြီးပါ၊ အလွန် စိတ်ချရပါတယ်၊ အဲဒီ ညနေကလည်း ဘာမှ ထူးထူးခြားခြား မတွေ့ရဘူးလို့ ပြောပါတယ်၊ အဲ တစ်ခုတော့ ရှိတယ်ပေါ့ ခင်ဗျာ၊ အဲဒီနေ့ ညနေက နှင်းမှောင်က တော်တော်လေး ကျတယ် ခင်ဗျ'

'ဆိုပါစို့ဗျာ၊ ရုံးပိတ်ပြီးတော့မှ ကာဒိုဂန် ဝက်စ်က ရုံးခန်းထဲကို ဝင်ချင်

www.burmeseclassic.com



တယ် ဆိုပါစို့၊ ဒီလိုဆိုရင် သူ့မှာ အနည်းဆုံး သော့ သုံးချောင်း ရှိရမယ်၊ အပြင် တံခါးမကြီးက သော့ရယ်၊ ရုံးခန်း သော့ရယ်၊ ပြီးတော့ အာမခံ သေတ္တာ သော့ရယ်၊ ဒါမှ စာရွက် စာတမ်းတွေကို ယူလို့ ရမယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ အပြင်ဘက် တံခါးမကြီးကို ဖွင့်တဲ့ သော့ရယ်၊ ရုံးခန်း သော့ရယ်၊ ပြီးတော့ အာမခံ သေတ္တာ သော့ရယ်၊ သုံးချောင်း လိုပါတယ်'

'ဒီ သော့ သုံးချောင်းစလုံးဟာ ဆာ ဂျိမ်းနှင့် ခင်ဗျားတို့ နှစ်ယောက် ဆီမှာပဲ ရှိတယ် မဟုတ်လား'

'ကျွန်တော့်မှာ အခန်းတံခါး သော့တွေ မရှိပါဘူး၊ အာမခံ သေတ္တာ သော့ပဲ ရှိပါတယ်'

'ခင်ဗျားတို့ အင်ဂျင်နီယာချုပ် ဆာ ဂျိမ်းဟာ အနေအထိုင်တို့ ဘာတို့ မှာကော စည်းကမ်း ရှိရဲ့လား'

'ရှိတယ်လို့ ထင်ပါတယ်၊ ကျွန်တော် သိသလောက် ပြောရရင် ဒီသော့ သုံးချောင်းကို ကြိုး တစ်ချောင်းတည်းနှင့် တွဲထားပါတယ်၊ ကျွန်တော် ကိုယ်တိုင် မြင်ရပါတယ်'

'အဲဒီ သော့တွဲကို သူ အိမ်ကို ယူသွားသလား'

'ယူတယ်လို့ ပြောပါတယ်'

'ခင်ဗျား သော့ကကော၊ ဘယ်သူ့မှ မပေးမိဘူးနော်'

'မပေးမိပါဘူး ခင်ဗျာ'

'ဒါဖြင့် ကာဒိုဂန် ဝက်စ်ဟာ သူ ယူတယ် ဆိုရင် သူ့မှာ သော့တူတွေ ရှိနေရမှာပေါ့၊ သို့သော်လည်း သူ့ကိုယ်မှာ သော့ ဆိုလို့ တစ်ချောင်းမှ မတွေ့ ဘူးဗျ၊ နောက်တစ်ချက် ရှိသေးတယ်၊ ဒီရုံးမှာ ရှိတဲ့ အမှုထမ်း တစ်ယောက် ဟာ ဒီပုံစံတွေကို တခြားကို ရောင်းချင်တယ် ဆိုလို့ ရှိရင် ခု မူရင်းတွေကို အပြင် ယူသွားတာထက် ကူးယူသွားလို့ကော မဖြစ်နိုင်ပေဘူးလား'

'ပုံစံတွေကို တိတိကျကျ ကူးချင်တယ် ဆိုရင်တော့ တော်တော် ကျွမ်း ကျင်မှ လိုပါတယ် ခင်ဗျာ'

'သို့သော်လည်း ခင်ဗျားတို့ အင်ဂျင်နီယာချုပ် ဆာ ဂျိမ်းရယ်၊ ခင်ဗျား ရယ်၊ ကာဒိုဂန် ဝက်စ်ရယ်၊ ဒီသုံးယောက်ဟာ ကျွမ်းကျင်သူများ ဖြစ်တယ်လို့ ကျုပ် ထင်တယ်ဗျ'

'ကျွမ်းကျင်သလောက်တော့ ကျွမ်းကျင်ပါတယ် စုံထောက်ကြီးရယ်၊ ကျွန်တော့်ကို ဒီအမှုထဲတော့ အခြောက်တိုက် ဆွဲမသွင်းပါနှင့်၊ တောင်းပန်ပါ





ရစေ၊ မူရင်း စာရွက် စာတမ်းတွေကို ကာဒိုဂန် ဝက်စ်ရဲ့ ကိုယ်ပေါ်မှာ တွေ့နေခင် ဗျာ၊ ကျွန်တော့်ကို ဘာဖြစ်လို့ ဆွဲထည့်ပြီး တွေးနေရတာလဲ'

'ကာဒိုဂန် ဝက်စ်ဟာ အတော်အသင့် ကျွမ်းကျင်သူ ဖြစ်လေတော့ ဒီပုံစံ တွေကို လိုချင်တယ် ဆိုရင် အေးအေးဆေးဆေး ကူးယူရင် ရနိုင်ပါလျက်သားနှင့် အရဲ စွန့်ပြီး မူရင်းတွေကို ယူသွားတာကတော့ တော်တော်လေး ဆန်းနေတယ် ဗျာ'

'ဆန်း မဆန်းတော့ မသိဘူး ခင်ဗျာ၊ သူ ယူသွားတာတော့ အမှန်ပဲ'

'ဒီအမှုက စုံစမ်းလေ ခက်လေ ဖြစ်နေတယ်ဗျ၊ ခုလည်း စာတမ်း သုံး စောင် ပျောက်နေတယ်၊ ကျုပ် သိသလောက် ပြောရရင် ဒီ စာတမ်း သုံးစောင် ထလည်း အဓိကကျတဲ့ စာတမ်းတွေ ဖြစ်နေတယ်'

'ဟုတ်ပါတယ်'

'ဒါဖြင့်ရင် ဒီစာတမ်း သုံးစောင်ကို ရထားတဲ့ သူဟာ တခြား စာတမ်း ခုနစ်စောင် မပါဘဲနှင့် ဗရစ် ပါတင်တန် ပုံစံ အတိုင်း ဆောက်လို့ ရနိုင်တယ် ဆိုတဲ့ သဘောပေါ့'

'ဒီသဘောကို ရေကြောင်းဌာန ဝန်ကြီးရုံးကို စာတင်ပြီးပါပြီ၊ ဒါပေမဲ့ ဒီနေ့ ပုံစံတွေကို ပြန်ကြည့်တဲ့ အခါကျတော့ ကျွန်တော် ကိုယ်တိုင် သိပ် သေသေချာချာ မပြောနိုင်သလို ဖြစ်နေပါတယ်၊ အော်တိုမက်တစ် စက်တွေ တပ်ထားတဲ့ လေပေါက် နှစ်ပေါက်ရဲ့ ပုံစံက ကျွန်တော်တို့ ပြန်ရတဲ့ စာပုံစံ စာရွက်တွေထဲမှာ ပါလာပါတယ်၊ ဒီပုံစံကို ရတဲ့ နိုင်ငံခြားသားများဟာ သူတို့ ကိုယ်တိုင် အော်တိုမက်တစ် လေပိုက်တွေကို မတီထွင်နိုင်ဘူး ဆိုရင် ရေငုပ် သင်္ဘောကို ဆောက်ဖို့ သိပ်တော့ မလွယ်လှပါဘူး၊ ဖြည်းဖြည်းကျရင်တော့ ရချင် ရမှာပေါ့လေ'

'ဘယ်လိုပဲ ဖြစ်ဖြစ် ပျောက်နေတဲ့ စာတမ်း သုံးစောင်ဟာ အရေး အကြီးဆုံး အစိတ်အပိုင်းရဲ့ ပုံစံတွေ မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ကဲ ခင်ဗျား ခွင့်ပြုမယ် ဆိုရင် ကျွန်တော် ရုံးခန်း ပတ်ပတ်လည်ကို တော့ လှည့်ကြည့်ချင်သေးသဗျာ၊ ဒီပြင်တော့ ကျုပ် နောက်ထပ် မေးစရာ မရှိ တော့ဘူး ထင်ပါတယ်'

ရှားလော့ဟုမ်းသည် အာမခံ သေတ္တာ သော့အိမ်ကို လည်းကောင်း၊ အခန်း တံခါးကို လည်းကောင်း၊ ပြတင်းပေါက်ရှိ သံတရုတ်ကာတ်များကို လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း သေချာစွာ ကြည့်ရှု စစ်ဆေးလေ၏။ ရုံးခန်း အပြင်ဘက် မြက်ခင်းသို့ ရောက်သည့် အခါတွင်မူကား ရှားလော့ဟုမ်းမှာ စောစောကထက် စိတ်အား ထက်သန် လာခဲ့လေပြီ။ ပြတင်းပေါက် အနီးတွင် ပန်းရုံ တစ်ရုံ ရှိလေရာ သစ်ကိုင်း တော်တော်များများမှာ တစ်စုံတစ်ယောက်က ချိုးထားသည့်နှယ် ကျိုးကျလျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် ကျိုးကျနေသော သစ်ကိုင်းများကို မှန်ဘီလူးဖြင့် သေချာစွာ စစ်ဆေး ကြည့်ရှုပြီးလျှင် ပန်းရုံ အနီး မြေကြီးပေါ်မှ မသဲမကွဲ အရာများကိုလည်း ကြည့်ရှုလျက် ရှိလေ၏။

နောက်ဆုံး၌ ရှားလော့ဟုမ်းသည် စာရေးကြီးအား သံတရုတ်ကတ်များကို အပိတ်နိုင်းလိုက်ပြီးနောက် အလယ်တွင် ခပ်ဟဟ ဖြစ်နေသည်ကို ကျွန်ုပ်အား ပြသကာ ထိုအပေါက်မှ ချောင်းကြည့်လျှင် အတွင်းကို ကောင်းစွာ မြင်နိုင်ကြောင်း ရှင်းလင်းပြလေ၏။

'ကျုပ်တို့ ဒီရောက်လာတာ အချင်း ဖြစ်ပြီး သုံးရက်လောက် ကြာမှ ရောက်လာတဲ့ အခါကျတော့ တော်တော်တန်တန်ကို ခြေရာ ကောက်လို့ မရတော့ဘူးဗျ၊ ခုတွင်က ကျုပ် ပြောတဲ့ သံတရုတ်ကတ် တံခါး ဟနေတာဟာ အရေးကြီးမယ် ဆိုရင်လည်း ကြီးနိုင်တယ်၊ မကြီးဘူး ဆိုရင်လည်း ဖြစ်နိုင်တာပဲ၊ ကဲ အိုင်ဆေးရေ၊ ဝူးလ်ဝစ်မှာ နေလို့တော့ ကျုပ်တို့ အဖို့ တယ်ပြီး အကြောင်း ထူးလှမယ် မထင်ပါဘူး၊ ဒီမှာ တွေ့ရတာကလေးတွေကလည်း သိပ် မကြီးကျယ်လှပါဘူး၊ လန်ဒန် ပြန်ရောက်ရင်တော့ အကြောင်း ထူးကောင်း ပါရဲ့လို့ အောက်မေ့ရတာပဲ'

သို့ရာတွင် ဝူးလ်ဝစ် ဘူတာရုံမှ မထွက်ခွာမီတွင် ကျွန်ုပ်တို့ အဖို့ သဲလွန်စ အသစ် တစ်ခု ရရှိလေ၏။ မီးရထား လက်မှတ်ရောင်း စာရေးက မိမိသည် ကာဒိုဂန် ဝက်စ်ကို မှတ်မိကြောင်း၊ တနင်္လာနေ့ ညက ကာဒိုဂန် ဝက်စ်ကို မြင်လိုက်ရကြောင်း၊ ၈ နာရီ ၁၆ မိနစ် ရထားဖြင့် လန်ဒန် တံတားကြီး ဘူတာသို့ လိုက်သွားကြောင်း၊ တစ်ယောက်တည်း ဖြစ်ပြီး တတိယတန်း လက်မှတ် တစ်စောင်ကို ဝယ်သွားကြောင်းဖြင့် အခိုင်အမာ ပြောဆိုလေ၏။

ထိုအချိန်က ကာဒိုဂန် ဝက်စ်မှာ အလွန်အမင်း တုန်လှုပ် ချောက်ချား နေသည်ကို မြင်ရသဖြင့် သူပင်လျှင် အံ့ဩနေကြောင်း၊ တုန်လှုပ်လျက် ရှိသဖြင့် ပြန်အမ်းသော အကြွေကိုပင် မကောက်နိုင်သည့် အတွက် သူကပင် ကောက်ပေး လိုက်ရကြောင်းဖြင့်လည်း ပြောဆိုလေ၏။ မီးရထား အချိန် စာရင်းကို ပြန် ကြည့်သည့် အခါတွင် ကာဒိုဂန် ဝက်စ်မှာ အမျိုးသမီးထံမှ ခုနစ်နာရီခွဲတွင်





ထွက်သွားသည့် အတွက် လန်ဒန်သို့ လိုက်မည် ဆိုလျှင် ၈ နာရီ ၁၆ မိနစ် ရထားမှာ အစောဆုံး လိုက်နိုင်သည့် ရထား ဖြစ်ကြောင်း တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် နာရီဝက်ကြာမျှ တိတ်ဆိတ်စွာ ထိုင်လိုက်လာခဲ့ ရာမှ

'အိုင်ဆေးရေ၊ အမှု ဖြစ်ပွားပုံကိုတော့ ပြန်ပြီး ဆက်စပ် တည်ဆောက် သူရလိမ့်မယ် ထင်တယ်ဗျ၊ ကျုပ်တို့ လိုက်ခဲ့သမျှ အမှုတွေထဲမှာဖြင့် ဒီအမှုကို လိုက်ရတာက ကတ်သီးကတ်သတ် အနိုင်ဆုံးပဲ၊ သဲလွန်စ အသစ် တစ်ချက် ရလို့ စဉ်းစားမယ် ကြံခါ ရှိသေး နောက် သဲလွန်စ အသစ် တစ်ခုက ပေါ်လာ ပြန်ရောဗျ၊ ဘယ်လိုပဲ ဖြစ်ဖြစ် ကျေနပ်လောက်တဲ့ တိုးတက်မှု ရှိတယ်လို့တော့ ပြောနိုင်ပါတယ်။

'ဝူးလ်ဝစ်မှာ ကျုပ်တို့ စုံစမ်းလို့ ရခဲ့သမျှကို သတ္တု ချကြည့်လိုက်ရင် ကာဒိုဂန် ဝက်စ် အပေါ်မှာ ပုံကျနေတယ်ဗျ၊ ဒါပေမဲ့ ပြတင်းပေါက် ဟနေတာကို မြင်လိုက်တဲ့ အခါကျတော့ သူ့ အတွက် နည်းနည်း သက်သာသွားတယ်၊ ဒီတော့ ဥဒါဟရဏ် ထားပြီး စဉ်းစားကြည့်ရအောင်၊ သူ့ကို နိုင်ငံခြား သူလျှို တစ်ယောက်က ချဉ်းကပ်တယ် ဆိုပါစို့၊ ဒီလို ချဉ်းကပ်တဲ့ နေရာမှာ ဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောရဘူးလို့ သစ္စာဆိုခိုင်းမယ်၊ သို့သော်လည်း သူ့ စိတ်ထဲမှာ မနေနိုင်တာနှင့် သူ့ ရည်းစားကို အရိပ်အမြွက်လောက် ဖွင့်ပြောမိတယ်၊ ဒီအထိ ဟုတ်ပြီ၊ ဒီလိုနှင့် သူ့ ရည်းစားနှင့် ဇာတ်ရုံကို အသွားမှာ နှင်းမှောင်ထဲမှာ ရုံး ဘက်ကို သွားနေတဲ့ နိုင်ငံခြား သူလျှိုကို လှမ်းမြင်လိုက်တယ်၊ ကာဒိုဂန် ဝက်စ် ဟာ စိတ်မြန်လက်မြန် ရှိသူ ဖြစ်လေတော့ တာဝန်ကို သတိရပြီး ကျန်တာတွေ အားလုံးကို မေ့သွားတယ်၊ ဒါနှင့် အဲဒီလူ နောက်ကို လိုက်သွားတယ်၊ ပြတင်း ပေါက်နားကို ရောက်တယ်၊ စာချုပ်စာတမ်းတွေ သူ့လက်ထဲ ရောက်နေတာကို တွေ့တယ်၊ ဒီတွင် သူခိုး နောက်ကို လိုက်တယ်၊ ဒီနည်းအားဖြင့် သူ ကိုယ်တိုင် ရုံးထဲမှာ ထိုင်ပြီး ကော်ပီ ကူးနိုင်ပါလျက်သားနှင့် ဘာဖြစ်လို့ မူရင်း ပုံစံတွေ သူ့ လက်ထဲ ရောက်နေရသလဲ ဆိုတာကို ဖြေရှင်းပြီးသား ဖြစ်နေတယ်၊ အပြင် လူကတော့ မူရင်း ပုံစံကိုပဲ ယူမှာပေါ့၊ ဒီအတိုင်းဆိုရင် ရှေ့နောက် မညီညွတ် ပေဘူးလား'

'နောက်တစ်ဆင့်ကျတော့ကောဗျာ'

'အဲဒီ အဆင့်ကျတော့ နည်းနည်း ခက်လာပြီဗျ၊ ရှတ်တရက် ကြည့် လိုက်ရင် ကာဒိုဂန် ဝက်စ်ဟာ သူ့ကို ဖမ်းပြီး အော်ရမယ်၊ ဒါပေမဲ့ သူ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဒီလို မလုပ်ခဲ့သလဲ၊ မူရင်း စာရွက်စာတမ်းတွေကို ယူတဲ့ လူဟာ သူ့ထက် ရာထူးကြီးတဲ့လူ ဖြစ်နေလို့လား၊ ဒါကြောင့်ပဲ ဖြစ်ရမယ်လို့ပဲ တွေးစရာ ရှိတော့တယ်၊ သို့မဟုတ်ရင်လည်း သူ့ထက် .ရာထူး ကြီးတဲ့ လူဟာ စာရွက်စာတမ်းတွေကို ယူပြီး နှင်းမှောင်ကြီးထဲမှာ ပျောက်သွားလို့လား၊ သူ့ အထက် အရာရှိဟာ လန်ဒန်မှာ ရှိတဲ့ သူ့ အိမ်ကို ယူသွားမှာပဲ ဆိုပြီး ကာဒိုဂန် ဝက်စ်ဟာ အဲဒီ အိမ်ကို သူ့ထက် အလျင် ရောက်အောင် လန်ဒန်ကို လိုက်လာသလား။ ကြည့်ရတာကတော့ သူ့ ရည်းစား ကောင်မလေးကို နှင်းမှောင်ကြီးထဲမှာ ထားခဲ့ပြီး ထွက်သွားတာ ထောက်ရင် တော်တော် အရေးကြီးတဲ့ ပုံပဲ၊ ဒီနေရာမှာ စဉ်းစားရတာ နည်းနည်း ခက်သွားပြီဗျ၊ ခု ကျုပ်တို့ စဉ်းစားထားတဲ့ တွေးလုံးနှင့် ကာဒိုဂန် ဝက်စ်ရဲ့ အလောင်း မီးရထား ခေါင်မိုးပေါ် ရောက်သွားတဲ့ ကြားမှာ ကွာဟချက် ရှိနေတယ်၊ ဒီ ကွာဟချက်ကို လိုက်ဖေ့ပြီး ဆက်စပ်ပြနိုင်မှ ဒီအမှု ရှင်းမယ်၊ ဒီတော့ ကျုပ် စိတ်ကူးက ဒီကို ဆက်မလိုက်ဘဲ တခြား အစွန်းကို ကောက်ကိုင်ပြီး လိုက်မလို့ စိတ်ကူးတယ်၊ မိုင်းကရော့ဆီက ကျုပ်တို့ လိုချင်တဲ့ နိုင်ငံခြား သူလျှိုတွေရဲ့ စာရင်းကို ရရင် ကျုပ်တို့ လိုချင်တဲ့ လူကို ရှာနိုင်ကောင်းပါရဲ့၊ ခုတော့ လမ်းတစ်လမ်းတည်း လိုက်ရမယ့် အစား နှစ်လမ်း လိုက်ရမယ့်ပုံ ဖြစ်နေတာပေါ့ဗျာ'

ကျွန်ုပ်တို့ မျှော်လင့်ထားသည့် အတိုင်း ဘေကာလမ်း တိုက်ခန်းသို့ ရောက်သည့် အခါ၌ အစိုးရ စာပို့ လုလင် တစ်ယောက်သည် ကျွန်ုပ်တို့အား ပေးရန် စာတစ်စောင်ကို ကိုင်၍ စောင့်နေသည်ကို တွေ့ရလေ၏။

ရှားလော့ဟုမ်းသည် စာအိတ်ကို ဖောက်ဖတ်လိုက်ပြီးလျှင် ကျွန်ုပ်ထံသို့ လှမ်းပေးလိုက် လေ၏။

လန်ဒန်တွင် နိုင်ငံခြား သူလျှို အသေးစားကလေး များစွာ ရှိသည်။ သို့ရာတွင် ဤမျှ ကြီးသည့် ကိစ္စကို လုပ်မည့်သူ အနည်းငယ်မျှသာ ရှိသည်။ တို့ စဉ်းစားလောက်သူများမှာ အဒေါ့ မေယာ၊ ၁၃ ဂရိတ်ဂေးလမ်း၊ ဝက်စမင်စတာ ရပ်ကွက်၊ လူဝီ လာရိုးသီးယား၊ ကင့်ပဒင်အိမ်၊ နော့တင်းဟီးလ် ရပ်ကွက်၊ ဟူးဂိုး အိုဗာစတိန်း၊ ၁၃ ကောလ်ဖီးခြံ၊ ကင်ဆင်တန် ရပ်ကွက်တို့ ဖြစ်သည်။ အိုဗာစတိန်းမှာ တနင်္လာနေ့က မြို့ထဲသို့ ထွက်သည်ဟု သိရသည်။ ယခု တခြားသို့ ခရီး သွားနေသည်ဟု ဆိုသည်။ မျှော်လင့်ချက် ရှိကြောင်း ကြားရသဖြင့် ဝမ်းသာသည်။ မင့်ဆီက သတင်းကို ကက်ဘိနက်က အထူး မျှော်လင့်လျက်





ရှိသည်။ အစိုးရပိုင်းမှ ထိပ်တန်း အရာရှိကြီးများလည်း နောက်ကျနေပြီ။ အကူအညီ လိုလျှင် မင်း နောက်တွင် နိုင်ငံတော်က အထူးအညီ ပေးရန် အသင့် ရှိသည်။ မိုင်းကရော့။

ရှားလော့ဟုမ်းက ပြုံးလျက်

'ကေရီ ဘုရင်မကြီးရဲ့ လူတွေနှင့် ကေရီ ဘုရင်မကြီးရဲ့ မြင်းတွေလည်း ဒီကိစ္စကိုတော့ ဘာမှ မတတ်နိုင်တော့ဘူး ထင်တယ်ဗျ'

ရှားလော့ဟုမ်းသည် လန်ဒန် မြေပုံကြီးကို ဖြန့်၍ ငုံ့ကြည့်လိုက်ပြီးလျှင် ကျေနပ် အားရသည့် ဟန်ဖြင့်

'ဟန်တော့ ကျပြီဗျို့၊ ကျုပ်တို့ အဖို့ အခြေအနေ ကောင်းလာပြီ၊ နောက်ဆုံးတော့ ကျုပ်တို့ ရှင်းနိုင်ရမယ်လို့ ရိုးရိုးသားသား ယုံကြည်နေတယ်ဗျာ'

ထို့နောက် ရှားလော့ဟုမ်းသည် ကျွန်ုပ် ပခုံးကို ပုတ်လိုက်ကာ ခပ်ရွှင်ရွှင်ဖြင့်

'ကဲ အိုင်ဆေးရေ၊ ကျုပ် အပြင် ထွက်လိုက်ဦးမယ်၊ ကင်းထောက်တဲ့ သဘောပဗျာ၊ အရေးကြီးတဲ့ ကိစ္စ မှန်ရင် ကျုပ်ရဲ့ စိတ်ချရတဲ့ ရဲဘော်ကြီးနှင့် အတူပူးတွဲ ဆရာ မပါဘဲ ဘာမှ မလုပ်ပါဘူး၊ စိတ်ချပါ၊ ခင်ဗျား အိမ်မှာ နေရစ်ခဲ့၊ နောက် တစ်နာရီ နှစ်နာရီလောက် ဆိုရင် ကျုပ် ပြန်လာခဲ့မယ်၊ အကယ်၍ ပျင်းနေရင်လည်း စာရွက်နှင့် ကလောင်တံကို ကောက် ကိုင် ပြီး နိုင်ငံတော်ကို ကျုပ်တို့ ဘယ်လို ကယ်တင်ခဲ့တယ် ဆိုတဲ့ အကြောင်းကလေးကို ရေးပေါ့ဗျာ'

ရှားလော့ဟုမ်းသည် အဘယ့်ကြောင့် ဤမျှ အရွှင် နေလေရသနည်းဟု ကျွန်ုပ် ဘာသာ စဉ်းစားကြည့်သည့် အခါ၌ နက်နဲစွာ တွေးခေါ်နေသည့် ယခုလို အခါမျိုးတွင် ဤသို့ မြူးနှစ်စားကြီး ရွှင်လန်း ထက်သန်ခြင်းမျိုး မရှိခဲ့ဖူးသည်ကို ကျွန်ုပ် အမှတ်ရမိလေ၏။

ချမ်းအေးသည့် နိုဝင်ဘာလ တစ်ညနေလုံး ကျွန်ုပ်သည် ရှားလော့ဟုမ်းကို လည် တဆန့်ဆန့်ဖြင့် စောင့်မျှော်နေမိရာ ည ကိုးနာရီ ထိုးသည့် အခါတွင် သူငယ်ကလေး တစ်ယောက် ရောက်လာပြီး စာ တစ်စောင်ကို လာ၍ ပေးလေ၏။

ကင်ဆင်တန် ရပ်ကွက်၊ ဂလောက်ဆက်စတာလမ်း၊ ဂိုဒီနီ ထမင်းစားရုံသို့ လာပါ။ ကုလားအော် တစ်ချောင်း၊ ကျားမီးခွက် တစ်လုံး၊ ဆောက် တစ်လက်နှင့် ခြောက်လုံးပြူး တစ်လက်လည်း ဆောင်ခဲ့ပါ။ ဟုမ်း။

www.burmeseclassic.com



နှင်းမှောင်တို့ ကျ၍ လူလုံးကောင်းကောင်း မကွဲသည့် အချိန်မျိုးတွင် အပြင်သို့ ထွက်သည့် လူကောင်း တစ်ယောက် အနေဖြင့် သူ ပြော သည့် ပစ္စည်းများကို ယူသွားရခြင်းမှာ များစွာ ဟန်မကျလှချေ။ ကျွန်ုပ်သည် သူ ပြောသည့် ပစ္စည်းများကို လောင်းကွတ် အင်္ကျီကြီးထဲတွင် သိုသိုသိပ်သိပ် ထည့်လာခဲ့ပြီးနောက် ပျော်ပွဲစားရုံသို့ တန်း၍ မြင်းရထားဖြင့် လာခဲ့လေ၏။ တောက်တောက်ပပ ခင်းကျင်းထားသည့် အီတလီ ပျော်ပွဲစားရုံ တံခါး၀ စားပွဲ တစ်လုံးတွင် ထိုင်နေသော ရှားလော့ဟုမ်းကို အဆင်သင့်ပင် တွေ့ရပေ၏။

'ခင်ဗျား ဘာမှ မစားခဲ့ရသေးဘူး မဟုတ်လား၊ လာဗျာ၊ ကော်ဖီနှင့် အသားညှပ် မုန့်ကလေး စားလိုက်ကြဦးစို့ရဲ့၊ ပြီးတော့ သူတို့ အီတလီ ဆေးပြင်းလိပ်ကလေးလည်း မြည်းကြည့်သေးတာပေါ့၊ ဒီပြင် ဆေးပြင်းလိပ်တွေလောက်တော့ အန္တရာယ် မများဘူးလို့ ဆိုတာပဲ၊ ကျုပ် မှာလိုက်တဲ့ ပစ္စည်းတွေကော ပါတယ်နော်'

'ပါပါတယ်၊ လောင်းကွတ်အိတ်ထဲမှာ'

'ဟန်ကျပြီဗျ၊ ကျုပ် လုပ်ခဲ့တာကလေးတွေကို ခင်ဗျားကို အကြမ်းဖျင်း ပြောပြမယ်၊ ကျုပ်တို့ ရတဲ့ သဲလွန်စကလေးတွေ အတိုင်း လုပ်ကြည့်ခဲ့တာပဲလေ၊ သေသူ ကာဒိုဂန် ၀က်စ်ရဲ့ အလောင်းကို ရထား ခေါင်မိုးပေါ်ကို တင်လွှတ်လိုက်တယ် ဆိုတာကိုတော့ ခင်ဗျား ရှင်းပြီနော်၊ အလောင်းဟာ ရထားတွဲပေါ်မှာကို ပါလာတာ မဟုတ်ဘဲ ရထား ခေါင်မိုးပေါ်မှာ ပါလာတာလို့ ကျုပ် ဆုံးဖြတ်လိုက်ပြီ ဆိုကတည်းက ဒီအချက်ကတော့ ရှင်းပြီးသား ဖြစ်လောက်ရောပေါ့ဗျာ'

'တံတားပေါ်က အောက်ကို ပစ်ချထားတာကော မဖြစ်နိုင်ဘူးလားဗျာ'

'မဖြစ်နိုင်ဘူးလို့ ကျုပ် ပြောလိုက်မယ်ဗျာ၊ ရထား အမိုးတွေကို ကြည့်ရင် အမိုးက ခပ်နုံးနုံး ဖြစ်နေပြီး ဘေးမှာ ၀က်ခြံတို့လို ဘာတို့လို ခတ်ထားတာ မဟုတ်ဘူးဗျ၊ ဒါကြောင့် ကာဒိုဂန် ၀က်စ်ရဲ့ အလောင်းဟာ တွဲခေါင်မိုးပေါ်မှာ ပါလာတယ် ဆိုတာ သိပ် ထင်ရှားတယ်'

'တွဲခေါင်မိုးပေါ်ကိုကော ဘယ်လိုလုပ်ပြီး တင်သလဲ'

'ခု ကျုပ်တို့ ရှာရမယ့် အဖြေက အဲဒါပဲဗျ၊ တစ်ခုပဲ ဖြစ်နိုင်တယ်၊ လန်ဒန် အနောက်ဖျား ရပ်ကွက်ကို ရောက်သွားလို့ ရှိရင် မြေအောက် ရထားလမ်းတွေဟာ တချို့ နေရာတွေမှာ ဥမင်တွေ မရှိဘူး ဆိုတာ ခင်ဗျား သတိထားမိမလား မသိဘူး၊ ကျုပ် အဲဒီဘက် ဖြတ်သွား ဖြတ်လာ လုပ်ရင်း ကြည့်တော့





တချို့ အိမ်ပြတင်းတွေဟာ ရထားရဲ့ အမိုးနှင့် ကပ်လို့ဗျ၊ ဒီတော့ ရထားဟာ ဒီလို ပြတင်းပေါက် ရှိတဲ့ တစ်နေရာမှာ ရပ်ထားတယ် ဆိုပါစို့၊ အလောင်းကို အမိုးပေါ် တင်ဖို့ အခက်အခဲ ရှိနိုင်သေးရဲ့လား'

'သိပ်တော့ မဖြစ်နိုင်ဘူး ထင်တာပဲဗျာ'

'စဉ်းစားစရာ ရှိသမျှ စဉ်းစားလို့ ကုန်ပြီ ဆိုရင် ကျန်တာတွေ အားလုံးဟာ ဘယ်လောက်ပဲ မဖြစ်နိုင်သည် ဖြစ်စေ အမှန်လို့ ယူရမယ် ဆိုတဲ့ စကားကို ခင်ဗျား မေ့သွားပြီ ထင်တယ် ဆရာကြီး၊ ခု ကျုပ်တို့ စဉ်းစားနိုင်သမျှ စဉ်းစားလို့တော့ ကုန်ပြီဗျ၊ ဒီတော့ ခုနည်းပဲ ရှိတော့တယ်၊ လန်ဒန်မှာ ရှိတဲ့ ထိပ်တန်း နိုင်ငံခြား သူလျှို တစ်ယောက်ဟာ မြေအောက်ရထား ဖြတ်သွားတဲ့ တိုက်တန်းလျား တစ်ခုခုမှာ နေတယ်ဗျ၊ ကျုပ် မြူးနေတာ မြင်လို့ ခင်ဗျား အံ့အားသင့်နေတာကို ကြည့်ပြီး ကျုပ် တော်တော် ကျေနပ်သွားတယ်ဗျ'

'ဟုတ်တယ်ဗျ၊ တော်တော် အံ့အားသင့်သွားတယ်၊ ဒါကြောင့် ခင်ဗျား မြူးနေတာလား'

'ဟုတ်ပါ့ဗျာ၊ အဲဒါကြောင့် ဤပေကိုယ် မြူးနေတာပေါ့၊ ကောလ်ဖီး ယန်းခြံလမ်း၊ အမှတ် ၁၃ မှာ နေတဲ့ မစ္စတာ ဟူးဂို အိုဗာစတိန်းကို ကျုပ် ပစ်မှတ် အဖြစ် ရွေးလိုက်ပြီဗျ၊ ကျုပ် ဒီနေ့ ဂလောက်ဆက်စတာလမ်း တစ်ဝိုက်မှာ စစ်ဆင်ရေး လုပ်တယ်၊ တော်တော် ဖော်ရွေတဲ့ မီးရထား အရာရှိ တစ်ယောက်နှင့် အတူ ကျုပ် မြေအောက် ရထားလမ်းကို လျှောက်ကြည့်တယ်၊ လျှောက်ကြည့်တော့ ဘာတွေ့တယ် မှတ်သလဲ၊ ကောလ်ဖီး ယန်းခြံလမ်း၊ အိမ်အမှတ် ၁၃ နောက်ဖေး လှေကားပေါက်ကြီးက မီးရထားလမ်းနှင့် တည့်တည့်ကြီး ဖြစ်နေတာ သွားတွေ့လိုက်တော့ ၀မ်းသာလိုက်တဲ့ ဖြစ်ခြင်းဗျာ၊ ဘာ ပြော ကောင်းမလဲ၊ သို့သော်လည်း ဒီထက် ၀မ်းသာစရာ ကောင်းတဲ့ အချက် တစ်ချက် တွေ့လိုက်ရသေးသဗျ၊ ဘာလဲ၊ သိရဲ့လား၊ ရထားကြီးတွေ လမ်းဆုံနှင့် နီးလို့ မြေအောက် ရထားတွေဟာ အဲဒီနားကျရင် အကြာကြီး ရပ်ရပ်ပြီး လမ်းရှင်းအောင် စောင့်ရသတဲ့ဗျား၊ သိရဲ့လား'

'နိပ်လိုက်လေဗျာ၊ ဒီလိုဆိုရင် အစကို ကိုင်မိပြီပေါ့'

'ဟိုး ဆရာ ဟိုး၊ ဒါပဲ ရှိသေးတယ်၊ ဒီထက် မပိုသေးဘူး၊ ရှေ့မှာ တော်တော် ဝေးသေးတယ်၊ အဲဒီ အိမ် နောက်ဖေးပေါက်ကို မြင်တော့ ကျုပ် လည်း အိမ်ရှေ့ဘက်ကို လှည့်ဝင်ကြည့်တယ်ဗျ၊ ကြည့်တော့ ငှက် မရှိတော့ ဘူးဗျ၊ လစ်ပြေးပြီ၊ အိမ်က တော်တော်လေး ကြီးတယ်၊ ကျုပ် သိသလောက်



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် အပေါ်ထပ်မှာ ပရိဘောဂတို့ ဘာတို့ မရှိတော့ဘူး၊ အိုဗာစတိန်းဟာ အဲဒီမှာ အစေခံ တစ်ယောက်နှင့် နေတယ်ဗျ၊ ကြည့်ရတာကတော့ သူ့လို သူလျှို ဂိုဏ်းဝင်ပဲ ဖြစ်မှာပေါ့၊ နေ့ဟာ တစ်ခါတည်း ရှောင်ပြေးတာတော့ ဟုတ်မယ် မထင်ဘူး၊ သူ ရတဲ့ ပစ္စည်းကို ပြန်ပို့တာနှင့် တူတာပဲ၊ သူ့ကို ဖမ်းဖို့ အကြောင်း တစ်စုံတစ်ရာမှ မရှိသေးဘဲ ဘာဖြစ်လို့ ရှောင်ရမှာလဲ၊ ပြီးတော့ ဒီအချိန်မှာ တခြားကို ပြောင်းနေထိုင်ဖို့ ဆိုတာကိုလည်း စိတ်ကူးမိမှာ မဟုတ်ဘူးဗျ၊ သို့သော်လည်း ဒီအချက်ကိုတော့ သေချာအောင် စုံစမ်းရဦးမှာပလေ'

'ဒါဖြင့် ကျွန်တော်တို့က ရုံးတော်ကို ဝရမ်းတောင်းပြီး တရားဝင် မဖမ်းနိုင်သေးဘူးပေါ့'

'သက်သေ အထောက်အထားက သိပ် မခိုင်လုံသေးဘူးဗျ'

'ဒါဖြင့် ခု ဘယ်လို ခြေလှမ်း လှမ်းမလဲ'

'အဲဒီ အိမ်ပေါ်မှာ ဘာ စာရွက် စာတမ်းတွေများ ကျန်ရစ်ခဲ့မလဲ မဆိုနိုင်ဘူး'

'ကျွန်တော်တော့ သိပ် မကြိုက်ဘူးဗျာ၊ အန္တရာယ် များလှတယ်'

'ဒါတွေ ထားစမ်းပါလေ၊ ခင်ဗျားက လမ်းပေါ်မှာ စောင့်ရုံပဲ စောင့်ပေးပါ၊ သူခိုး အလုပ်ကို ကျုပ် လုပ်ပါ့မယ်၊ ဒါတွေကို လိုက် စဉ်းစားနေဖို့ အချိန်မရဘူး၊ မိုင်းကရော့ဆီက စာရယ်၊ ရေကြောင်းဝန်ကြီးရယ်၊ ကက်ဘိနက်ရယ်၊ ကျုပ်တို့ဆီက သတင်းကို စောင့်နေတဲ့ အစိုးရ အဖွဲ့ ခေါင်းဆောင်တွေရယ်၊ သူတို့ကို စဉ်းစားရလိမ့်မယ်၊ ကျုပ်တို့ မလုပ်လို့ မဖြစ်ဘူး'

အဖြေ ပေးသည့်နှယ် ကျွန်ုပ်သည်လည်း စားပွဲမှ ထပြီးသား ဖြစ်နေ၏။

'ကောင်းပြီလေ၊ ဒီလိုဆိုရင် သွားရုံပေါ့'

ရှားလော့ဟုမ်းသည် ဖြုန်းခနဲ ထိုင်ရာမှ ထလိုက်ပြီးလျှင် ကျွန်ုပ်၏ လက်ကို လှုပ်ယမ်းလျက် ရှိလေ၏။

'ဘာပဲဖြစ်ဖြစ် နောက်မတွန့်တမ်းနော်'

ရှားလော့ဟုမ်း၏ မျက်လုံးတွင် ကျွန်ုပ်အား ခင်မင် တွယ်တာသည့် အရိပ်အယောင်ကို ခါတိုင်းထက် ထင်ရှားစွာ မြင်ရလေ၏။ သို့ရာတွင် ချက်ချင်းပင် ထိုအရိပ်အယောင်သည် ပျောက်ကွယ်သွားကာ ခါတိုင်းကဲ့သို့ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်၍ လက်တွေ့ကျသော လူတစ်ယောက်၏ ပုံသဏ္ဌာန်သို့ ပြောင်းသွားသည်ကို သတိပြုလိုက်မိပေ၏။

'တစ်မိုင်ပျော့ပျော့လောက်တော့ ဝေးသေးတယ်ဗျ၊ သို့သော်လည်း ဖြည်း





ဖြည်းပေါ့ဗျာ၊ ပစ္စည်းတွေတော့ ကျကျန်နေရစ်ခဲ့မနေနဲ့၊ မသင်္ကာစရာနှင့် ခင်ဗျား အဖမ်းခံရရင် ပြဿနာက ပိုရှုပ်ကုန်လိမ့်မယ်'

ကောလ်ဖီး ပန်းခြံ ရပ်ကွက်မှ အိမ်ကလေး များစွာမှာ မျက်နှာစာတွင် ခပ်ပြားပြား ပုံသဏ္ဌာန် ရှိပြီး ရှေ့တွင် ဆင်ဝင်ကလေးများ ရှိသည့် အိမ်ကလေးများ ဖြစ်ပြီး လန်ဒန် အနောက်ဖျား ရပ်ကွက်၌ ဗိတိုရိယခေတ်က ဆောက်ခဲ့သည့် အိမ်ပုံကလေးများ ဖြစ်လေ၏။ ထိုအိမ်နှင့် ကပ်လျက် အိမ်တစ်အိမ်မှ စန္ဒရားသံနှင့် ကလေးများ၏ အသံများ ညံညံစာစာ ပေါ်ထွက်လျက် ရှိခြင်းကြောင့် ကလေး မွေးနေ့ ပါတီ ကျင်းပနေသည်ဟု ယူဆရ၏။ ထူထပ်စွာ ကျလျက် ရှိသော နှင်းများသည် ကျွန်ုပ်တို့ကို ဖုံးကွယ်ပေးနေသကဲ့သို့ ဖြစ်လျက်ရှိ၏။

အိမ်ရှေ့ တံခါးကြီးသို့ အရောက်တွင် ရှားလော့ဟုမ်းသည် ကျားမီးခွက်ကို ထွန်းလိုက်ကာ ရှေ့တွင် အုပ်ထားသည့် အကာကို ဖယ်လိုက်လေ၏။

'သိပ်တော့ မလွယ်လှဘူးဗျို့၊ အထဲက ကလန့် ထိုးပြီး သော့ခတ်ထားလိုက်သေးတယ်၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ ဒီကပဲ ဝင်ရမှာပဲ၊ အပြင်ဘက် ပုလိပ်တို့ ဘာတို့ လှမ်းမြင်လို့ ဝင်လာရင်တော့ ဟိုဘက်မှာ ဆင်ဝင် နံရံ ခုံးခုံးကြီး ရှိတယ်၊ အဲဒီကိုသာ ဝင်ကပ်ပေတော့၊ ကဲ ကျုပ်ဆီကို လက်တစ်ဖက် ကမ်းလိုက်စမ်းဗျာ၊ ပြီးတော့ ကျုပ်က တစ်လှည့် ကမ်းမယ်'

ခဏကြာလျှင် ကျွန်ုပ်တို့ နှစ်ယောက်သည် ခြံဝင်းထဲသို့ ရောက်သွားကြလေ၏။ အမှောင်ရိပ်သို့ ကျွန်ုပ်တို့ ရောက်သွားသည်တွင် အထက်လမ်းဘက် နှင်းတောထဲမှ ပုလိပ် တစ်ယောက် လျှောက်လာသည့် ဖိနပ်သံကို ကြားရလေ၏။ ပုလိပ်၏ ခြေသံ အဝေးသို့ ပျောက်ကွယ်သွားသည့် အခါတွင် ရှားလော့ဟုမ်းသည် အောက်ထပ် တံခါးကို တကုန်းကုန်းဖြင့် ကလော်၍ ဖွင့်နေလေရာ နောက်ဆုံး၌ ဂျွမ်းခနဲ အသံနှင့် အတူ တံခါးလည်း ပွင့်သွားလေ၏။ ကျွန်ုပ်တို့သည် တံခါးကို နောက်ပြန် ပိတ်လိုက်ကြပြီးလျှင် ခန်းကူး လမ်းကြားထဲသို့ ဝင်လာခဲ့ကြလေ၏။ ရှားလော့ဟုမ်းသည် ကော်ဇော ခင်းထားခြင်း မရှိသော နှစ်ဆစ်ချိုး လှေကားကြီး အတိုင်း ရှေ့မှ တက်သွားလေ၏။ ခဏကြာလျှင် သူ့လက်မှ မှန်အိမ် မီးရောင်သည် အောက် ပြတင်းပေါက်ကလေးပေါ်သို့ ထိုး၍လျက် ရှိလေ၏။

'ရောက်ပြီဗျ၊ ယောဒီ ပြတင်းပေါက်ပဲ' ဟု ဆိုကာ ရှားလော့ဟုမ်းသည် တံခါးကို ဖွင့်လိုက်သည်တွင် ရထား တစ်စင်း ဖြတ်သန်းသွားသံတဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ခပ်သဲ့သဲ့ အသံ တစ်ခု ပေါ်လာပြီးနောက် တဝေါဝေါ မြည်ကာ ရထား တစ်စင်း ဖြတ်မောင်းသွားသည်ကို မြင်လိုက်ရလေ၏။ ရှားလော့ဟုမ်းသည် ပြတင်းပေါက် ဘောင်ပေါ်သို့ မီးထိုး၍ ဟိုဟို သည်သည် ကြည့်ရှုလျက် ရှိလေ၏။ ဖြတ်သန်းသွားသော မီးရထားများမှ မီးသွေးမှုန့်များ ပြတင်းဘောင်ပေါ်တွင် တင်လျက် ရှိသဖြင့် မည်းလျက် ရှိလေ၏။ သို့ရာတွင် အချို့ နေရာများတွင်မူ မီးသွေးမှုန့်များ တင်နေသော ပြတင်းဘောင်၌ ဖြူတူတူ အရောင် သန်းကာ ပွတ်တိုက်ထားသည့် အရာများကို တွေ့ရလေ၏။

'တွေ့လားဗျို့ အိုင်ဆေး၊ မီးသွေးမှုန့်တွေ ပျက်နေတဲ့ အရာတွေဟာ အလောင်းကို ဆွဲချတဲ့ နေရာပဲဗျ၊ အလို ဟောဒီမှာ ဘာလဲဗျို့၊ သွေးကွက်ဗျ။ ရေမရောဘူး၊ ကြည့်စမ်း'

ပြတင်းပေါက် ဘောင်ပေါ်တွင် ခပ်ညိုညို မည်းမည်း ကွက်များကို ရှားလော့ဟုမ်းက ညွှန်ပြလေ၏။

'ကျောက်တုံး လှေကားပေါ်မှာလည်း သွေးကွက်ရာတွေ တွေ့တယ်ဗျ။ ကဲ သေချာတော့ သွားပြီဗျာ၊ ဒီနားမှာ မီးရထား တစ်စင်း ရပ်သည် အထိ စောင့်ရဦးမယ်'

ကျွန်ုပ်တို့သည် ကြာကြာ မစောင့်လိုက်ရချေ။ နောက် တစ်ခဏ အကြာ၌ ရထား တစ်စင်းသည် ဥမင်ထဲမှ တဝေါဝေါဖြင့် ထွက်လာကာ မြေပြန့်သို့ အရောက်တွင် နှေးသွားပြီး ကျည်ခနဲ ဘရိတ်အုပ်သံနှင့် အတူ ကျွန်ုပ်တို့ အောက် တည့်တည့် သံလမ်းပေါ်တွင် ရပ်လိုက်လေ၏။ ရထားတွဲ ခေါင်မိုးနှင့် ပြတင်းပေါက် ဘောင်အောက်မှ ခါးပန်းတန်းမှာ လေးပေလောက်မျှပင် မကွာတော့ချေ။ ရှားလော့ဟုမ်းသည် ပြတင်းပေါက်ကို အသာ ပြန်ပိတ်လိုက်လေ၏။

'ဒီအထိတော့ ကျုပ်တို့ တွေးလုံးနှင့် ကိုက်နေပြီဗျို့၊ ကဲ ခင်ဗျား ဘယ်လို ထင်သလဲ အိုင်ဆေး'

'တော်ပါပေတယ်ဗျာ၊ ခင်ဗျား တွေးခဲ့ စဉ်းစားခဲ့သမျှတွေထဲမှာဖြင့် ဒီတစ်ခါကတော့ အသပ်ရပ်ဆုံးပါပဲ'

'ကျုပ်ကတော့ ဒီအချက်ကို သဘော မတူဘူးဗျ၊ ကျုပ် စဉ်းစားချက်ထဲမှာ အရေးအကြီးဆုံးက အလောင်းဟာ ရထားတွဲ ခေါင်မိုးပေါ်က လိမ့်ကျခဲ့ရမယ် ဆိုတဲ့ အချက်ဟာ အရေး အကြီးဆုံးပဲ၊ အဲဒီ အချက် ပြီးတဲ့နောက် ကျန်အချက်တွေကတော့ သိပ် မထူးလှပါဘူး၊ ဒီအမှုဟာ နိုင်ငံတော် ကိစ္စ ပါမလာခဲ့ရင် အခုအချိန် အထိ ဘာမှ မထူးခြားသေးဘူးဗျ၊ ခု ကျုပ်တို့ ရှေ့မှာ





အခက်အခဲတွေ တစ်ပုံကြီး ရှိသေးတယ်၊ ဒီနေရာမှာတော့ ကျုပ်တို့ အဖို့ အထူအညီ ဖြစ်မယ့် အချက်လေး ဘာလေး တွေ့တန် ကောင်းပါရဲ့'

ကျွန်ုပ်တို့သည် မီးဖိုချောင် လှေကား အတိုင်း တက်လာခဲ့ကြသည်တွင် အပေါ်ထပ် အခန်းစုံ ရှိရာသို့ ရောက်သွားလေ၏။ တစ်ခန်းမှာ ထမင်းစားအခန်း ဖြစ်၍ ပရိဘောဂ ကျိုးတိုးကျဲတဲသာ ရှိပြီး အခြား စိတ်ဝင်စားစရာ ဆို၍ ဘာကိုမျှ မတွေ့ရချေ။ ဒုတိယ အခန်းမှာလည်း ဟာလာဟင်းလင်း ဖြစ်နေသော အိပ်ခန်း တစ်ခန်းမျှသာ ဖြစ်လေ၏။ တတိယ အခန်းကိုမူ ရှားလော့ဟုမ်းသည် အတန်ငယ် စိတ်ဝင်စားဟန်ဖြင့် သေချာစွာ စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။ စာအုပ်များ၊ စာရွက် စာတမ်းများသည် ထိုအခန်းတွင် ပြန့်ကြဲလျက် ရှိလေရာ စာကြည့်ခန်း အဖြစ် အသုံးချခဲ့ကြောင်း သိသာနိုင်ပေ၏။

ရှားလော့ဟုမ်းသည် စားပွဲ အံဆွဲများကို တစ်ခုပြီး တစ်ခု လျှင်မြန်စွာ စေ့စေ့စပ်စပ် ဆွဲဖွင့် ရှာဖွေလျက် ရှိပြီးသည့်တိုင် တင်းမာ လေးနက်သော သူ့မျက်နှာပေါ်တွင် အားရ ကျေနပ်သော အရိပ်အယောင်ကို စိုးစဉ်းမျှ မမြင်ရသေးချေ။ တစ်နာရီခန့် ဖွေနောက် ရှာဖွေသည့်တိုင်အောင်လည်း ဘာမျှ ထူးထူးခြားခြား မတွေ့ရချေ။

'တော်တော် လည်တဲ့ ခွေးတိရစ္ဆာန်ဗျာ၊ သူ့ ခြေရာတွေ အားလုံးကို ဖုံးပစ်ခဲ့တယ်၊ သူ့ကို ရာဇဝတ်မှုနှင့် အရေးယူလို့ ရအောင် လက်စလက်န ဆိုလို့ တစ်ခုမှ ချန်မထားခဲ့ဘူး၊ သူတို့ စာ အဆက်အသွယ်တွေ အားလုံးကိုလည်း မီးရှို့ ဖျက်ဆီး ပစ်ခဲ့တယ်၊ အင်း ကျုပ်တို့ အဖို့တော့ ဒါ နောက်ဆုံး ကြိုးစားခြင်းပဲဗျို့'

စာရေး စားပွဲ ခုံစောင်းပေါ်တွင် တင်ထားသည့် သံသေတ္တာကလေး တစ်လုံးကို မြင်ရလေ၏။

ရှားလော့ဟုမ်းသည် လက်တွင် ကိုင်ထားသည့် ဆောက်သွားဖြင့် သံသေတ္တာကလေးကို ကလန့်၍ ဖွင့်လိုက်လေ၏။ ကိန်းဂဏန်းများ၊ အကြမ်း တွက်ထားသည့် တွက်ရာများဖြင့် ပြည့်နေသည့် စာရွက်များသည် ကြမ်းပြင်ပေါ်သို့ ကျလာကြလေ၏။ ထိုကိန်းဂဏန်းများကို ကောက်ကြည့်သည့်တိုင် မည်သည့် ကိစ္စနှင့် ပတ်သက်၍ တွက်ချက်ထားမှန်း မသိနိုင်ချေ။ အချို့ နေရာတွင်ကား ရေဖိအား၊ တစ်လက်မ စတုရန်းရှိ ရေဖိအားဟု မကြာခဏ ရေးသားထားသည်ကို တွေ့သဖြင့် ရေငုပ်သင်္ဘောနှင့် ဆိုင်လိမ့်မည်ဟု ယူဆရပေ၏။

ရှားလော့ဟုမ်းသည် ထိုစာရွက်များကို စိတ်တိုတိုဖြင့် ဘေးသို့ ပယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ သေတ္တာထဲတွင် သတင်းစာ ဖြတ်ပိုင်းများကို ဖြတ်၍ သိမ်းထားသည့် စာအိတ် တစ်အိတ်သာလျှင် ကျန်တော့သည်။

ရှားလော့ဟုမ်းသည် ထို ဖြတ်ပိုင်းများကို စားပွဲပေါ်သို့ သွန်ချလိုက်လေရာ သူ့ မျက်နှာကို ကြည့်လိုက်ခြင်းအားဖြင့် မျှော်လင့်ချက် ရောင်ခြည် သန်းလာပြီ ဖြစ်ကြောင်းကို ကျွန်ုပ် သိလိုက်လေပြီ။

'အိုင်ဆေး၊ ဒါ ဘာလဲဗျ ဟင်၊ ဟင် ဒါကကော၊ စာလုံးနှင့် စက္ကူကို ကြည့်ဗျ၊ ဒေလီ တယ်လီဂရပ် သတင်းစာက ပစ္စည်းပျောက် ကြော်ငြာ ကော်လံ ဖြတ်ပိုင်းတွေ၊ နေ့စွဲတော့ မတွေ့ရဘူး၊ သို့သော်လည်း ကြော်ငြာတွေက အစီအစဉ်လိုက်ဗျ၊ ဟောဒါက ပထမဆုံး ကြော်ငြာပဲ ထင်တယ်။

'မကြာခင် သတင်း ကြားရမည်ဟု မျှော်လင့်သည်၊ စျေးနှုန်းကို သဘောတူပြီး၊ ကတ်ပြားပေါ်တွင် ရေးထားသည့် လိပ်စာ အတိုင်း အပြည့်အစုံ အကြောင်းကြားပါ၊ ပီးယား ရော့ တဲ့။

'နောက်ကြော်ငြာ တစ်ခုကတော့ ဤနေရာမှ ရေးပြလျှင် ရှုပ်ထွေးလိမ့်မည်၊ နောက်မှ အကျိုး အကြောင်း စာ အပြည့်အစုံ ရေးမည်၊ ကုန်များ ရလျှင် ပို့လိမ့်မည်၊ ပီးယား ရော့။

'နောက် ကြော်ငြာကတော့ အရေး ကြီးလာပြီ၊ ကန်ထရိုက် စာချုပ် မချုပ်နိုင်လျှင် ကမ်းလှမ်းချက်ကို ပြန်ရုပ်သိမ်းသွားနိုင်သည်၊ စာဖြင့် ချိန်းပါ၊ ဤကြော်ငြာမှ အကြောင်း ပြန်မည်၊ ပီးယား ရော့။

'နောက်ဆုံး ကြော်ငြာကတော့ တနင်္လာနေ့ ကိုးနာရီ နောက်ပိုင်း နှစ်ချက် ခေါက်ပါ၊ ကျွန်တော်တို့ချည်းသာ ရှိသည်၊ မစိုးရိမ်ပါနှင့်၊ ကုန်များ ပေးလျှင် ငွေ လက်ငင်း ချေမည်၊ ပီးယား ရော့။

'ပြည့်စုံသလောက်တော့ ဖြစ်သွားပြီဗျ၊ တစ်ဖက် အစွန်မှာ ရှိတဲ့ လူကို မိဖို့ပဲ လိုတော့တယ်'

ရှားလော့ဟုမ်းသည် စားပွဲကို လက်ချောင်းကလေးများဖြင့် တခေါက်ခေါက် ခေါက်ရင်း စဉ်းစားလျက် ရှိလေ၏။ နောက်ဆုံးတွင် ရှားလော့ဟုမ်းသည် ထိုင်ရာမှ ဖြုန်းခနဲ ထလိုက်ပြီးနောက်

'ဒီနောက်တော့ သိပ် ခက်တော့မယ် မထင်ပါဘူးဗျာ၊ ဒီမှာတော့ ကျုပ်တို့ အဖို့ ဘာမှ လုပ်စရာ မရှိတော့ဘူး၊ ကဲ ဒေလီ တယ်လီဂရပ် သတင်းစာ တိုက်ကို သွားကြည့်လိုက်ကြဦးစို့ရဲ့၊ အဲဒီ ရောက်ရင်တော့ ဒီနေ့ အဖို့ ကိစ္စ ပြီးလောက်ပါပြီ'





ချိန်းထားသည့် အတိုင်း နောက်တစ်နေ့ မနက် လက်ဖက်ရည် သောက်ပြီး အချိန်တွင် မိုင်းကရော့နှင့် လက်စထရိတ်တို့သည် ကျွန်ုပ်တို့ တိုက်ခန်းသို့ ရောက်ရှိ လာကြလေရာ ရှားလော့ဟုမ်းက ကျွန်ုပ်တို့ မနေ့က တွေ့ကြုံခဲ့ရသည်များကို ရှင်းလင်း ပြောပြလေ၏။

ကျွန်ုပ်တို့က ထိုအိမ်ကို ဖောက်ထွင်း ဝင်ရောက်ခဲ့ကြောင်း ပြောဆိုနေသည့် အခါတွင် အင်စပက်တော် လက်စထရိတ်သည် ခေါင်းကို ယမ်းလျက် ရှိပေ၏။

'ကျွန်တော်တို့ အစိုးရ အမှုထမ်း အနေနှင့်တော့ ဒီလို လုပ်လို့ မဖြစ်ဘူး စုံထောက်ကြီးရေ၊ အေးလေ စုံထောက်ကြီးက ကျွန်တော်တို့ထက် လုပ်ခွင့် သာနေလေတော့ ဒီအချက်တွေကို ရခဲ့တာလည်း ဘာမှ သိပ်တော့ အံ့သြစရာ မရှိလှပါဘူး၊ ဒါပေမဲ့ ခုတစ်လော စုံထောက်ကြီး လုပ်ပုံတွေကတော့ နည်းနည်း တရားဥပဒေ အပြင်ဘက် ရောက် ရောက်နေတယ်ဗျာ၊ တစ်နေ့တော့ စုံထောက်ကြီးတို့ နှစ်ယောက် ဒုက္ခတွေ့လိမ့်မယ်'

'အမိ တိုင်းပြည်ကြီး အတွက် အမှန်တရား အတွက် လုပ်ရတာ မဟုတ်လားဗျ၊ အိုင်ဆေး ဒေါက်တာ ဝပ်ဆင်၊ အမိ တိုင်းပြည်ရဲ့ ယဇ်ပလ္လင်မှာ ယဇ်ပူဇော်ခံရတဲ့ သတ္တဝါတွေ ဖြစ်ရင်လည်း မတတ်နိုင်ဘူးပေါ့ဗျာ၊ ကဲ အစ်ကိုကြီး ဘယ်လို ထင်သလဲ၊ ဆိုစမ်းပါဦး'

'သိပ် ကောင်းတယ်ကွာ၊ သိပ်ကို ဟန်ကျသွားတယ်၊ တစ်ခုတော့ ရှိတယ်ကွ၊ ဒီကြော်ငြာတွေ တွေ့တော့ ဘယ်လို လုပ်မယ် စိတ်ကူးသလဲ'

'ဒီနေ့ သတင်းစာထဲမှာ ပါတဲ့ ပီးယား ရော့ရဲ့ ကြော်ငြာကိုကော အစ်ကိုကြီး တွေ့ပြီလား'

'ဘာ၊ နောက်ထပ် ကြော်ငြာ တစ်ခုလား'

'ဟုတ်တယ် ခင်ဗျ၊ ဟောဒီမှာ ယနေ့ည ယခင် အချိန်၊ ယခင် နေရာ၊ နှစ်ချက် ခေါက်၊ အလွန် အရေးကြီးသည်၊ သင့် လုံခြုံရေး အတွက် ဖြစ်သည် တဲ့ဗျ'

'ဗျာ၊ ဒီကြော်ငြာ အတိုင်း လာပြီ ဆိုရင် ကျွန်တော်တို့ တရားခံ မိပြီပေါ့' ဟု လက်စထရိတ်က ပြောလေ၏။

'ကျုပ်လည်း ဒီလိုပဲ ထင်လို့ ဒီကြော်ငြာကို ထည့်ကြည့်လိုက်တာပဲဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဒီည ရှစ်နာရီ ကျော်ကျော်လောက်မှာ ကျုပ်တို့နှင့် ကောလ်ဖီး ပန်းခြံ ရပ်ကွက်ကို လိုက်ခဲ့ရင်တော့ အဖြေ ပေါ်လောက်ပါပြီ'

ရှားလော့ဟုမ်း၏ အထူးခြားဆုံး အရည်အချင်း တစ်ခုမှာ အကြောင်းအရာ တစ်ခုကို တွေးတော စဉ်းစား၍ အကျိုးမရှိဟု ထင်လျှင် ထိုအကြောင်းအရာကို ခေါင်းထဲမှ ရုတ်ခြည်း ဖျောက်ဖျက်ပစ်ကာ ပေါ့ပါးသော အခြား အကြောင်းအရာ တစ်ခုကို အလွယ်တကူ ကောက်ကာငင်ကာ တွေးတောနိုင်ခြင်းပင် ဖြစ်ပေ၏။

ထိုနေ့ တစ်နေ့လုံး ရှားလော့ဟုမ်းသည် သူ မကြာမီက ရေးသား ပြီးစီးခဲ့သော *အလယ်ခေတ် ဘုရား ရှိခိုး ဂါထာများ၏ ဂီတ ရသ* အမည်ရှိ ကျမ်းငယ် တစ်စောင်ကို ပြင်ဆင် တည်းဖြတ်လျက် ရှိလေ၏။ ကျွန်ုပ်မှာကား ရှားလော့ဟုမ်းကဲ့သို့ စိတ်တန်ခိုး စွမ်းအား ကောင်းသူ တစ်ယောက် မဟုတ်သည့်အလျောက် အခြား အကြောင်းကို ဘာမျှ တွေးတောနိုင်ခြင်း မရှိဘဲ စာရွက်စာတမ်းများ ပျောက်သွားသဖြင့် နိုင်ငံတော်တွင် မည်သို့ ထိခိုက်နိုင်ပုံ၊ ထိုကိစ္စနှင့် ပတ်သက်၍ အစိုးရ ထိပ်တန်းပိုင်းမှ မည်သို့ မျှော်လင့် စောင့်စားနေကြပုံ၊ ကျွန်ုပ်တို့ တိုက်ရိုက် ပါဝင် ထောက်လှမ်းခဲ့ကြပုံတို့ကို တွေး၍ မဆုံးနိုင်အောင် ဖြစ်လျက် ရှိလေ၏။

ညစာကို သင့်ရုံမျှ စားသောက်ပြီး ထိုကိစ္စ အတွက် ထွက်လာခဲ့သည့်အခါမှပင် ကျွန်ုပ်မှာ အနည်းငယ် နေသာ ထိုင်သာ ရှိသွားပေ၏။ ဂလောက်ဆက်စတာ ဘူတာရုံသို့ ရောက်လျှင် ကျွန်ုပ်တို့နှင့် ချိန်းထားသည့် အတိုင်း မိုင်းကရော့နှင့် လက်စထရိတ်တို့ကို အဆင်သင့်ပင် တွေ့ရလေ၏။ အိုဘာစတိန်း၏ အိမ်ဝင်း တံခါးကို ယမန်နေ့ ညကကဲ့သို့ပင် ဖွင့်ဝင်ခဲ့ကြပြီးနောက် မိုင်းကရော့ ဟုမ်းမှာ ဝရန်တာကို ကျော်၍ မဝင်နိုင်ဟု အကျောက်အကန် ငြင်းလျက် ရှိသဖြင့် ကျွန်ုပ်မှာ သူ ဝင်လာနိုင်ရန် တံခါးမကြီးကို သွား၍ ဖွင့်ပေးရသေး၏။ ည ကိုးနာရီ ထိုးသည့် အချိန်တွင်မူ ကျွန်ုပ်တို့မှာ စာကြည့်ခန်းထဲတွင် ထိုင်ကာ ကျွန်ုပ်တို့၏ လူကို စောင့်လျက် ရှိကြလေပြီ။

သို့ဖြင့် တစ်နာရီ၊ နောက် တစ်နာရီခန့် အချိန် ကုန်သွားခဲ့လေ၏။ အနီးရှိ ဘုရားရှိခိုးကျောင်းမှ ဆယ့်တစ်နာရီ ထိုးသည့် အချိန်တွင်မူ မှန်မှန် လေးလေး မြည်နေသည့် ထို ခေါင်းလောင်းသည် ကျွန်ုပ်တို့၏ မျှော်လင့်ချက်များကို ဖုတ်ကြည်း သင်္ဂြိုဟ်လျက် ရှိသည့် အဘုဘ ဆိုင်းသံနှင့် တူသည်ထက် တူလာ





ခဲ့လေပြီ။ လက်စထရိတ်နှင့် မိုင်းကရော့မှာ ကုလားထိုင်တွင် တလှုပ်လှုပ် တရွရွ ဖြစ်ခါ တစ်မိနစ်လျှင် လက်မှ နာရီကို နှစ်ကြိမ်ထက် မနည်း တကြည့်ကြည့် ဖြစ်လျက် ရှိကြ၏။

ရှားလော့ဟုမ်းကား တည်ငြိမ်သော ဣန္ဒြေဖြင့် ငြိမ်သက်စွာ ထိုင်ရင်း မျက်လွှာကို ချလျက် ရှိလေ၏။ သို့ရာတွင် အနံ့ ရသည်နှင့် အုပ်ရန် အဆင်သင့် ဖြစ်နေသည့်နှယ် သတိ အနေအထားဖြင့် ရှိနေလေ၏။ ထိုနောက် ခေါင်းတိုဆတ်ခနဲ မော့လိုက်ပြီးလျှင် 'လာပြီဗျို့' ဟု ပြောလိုက်လေ၏။

အခန်း အပြင်ဘက်မှ အသာအယာ လျှောက်လာသည့် ခြေသံများကို ကြားရပြီး ခဏ ကြာလျှင် ငြိမ်သက်သွားလေ၏။ ထို့နောက် အပြင်ဘက်မှ ခပ်လေးလေး လျှောက်လာသံ ပေါ်ထွက်လာပြီး တံခါးကို နှစ်ချက် ဆင့်ခေါက်လိုက်သံ ပေါ်လာလေ၏။

ရှားလော့ဟုမ်းက ထိုင်ရာမှ ထလိုက်ပြီးလျှင် ကျွန်ုပ်တို့အား ငြိမ်သက်စွာ နေရန် အချက် ပြလိုက်၏။ အခန်းထဲရှိ မီးရောင်မှာ သေးသေး မှုန်မှုန် အစက်ကလေး တစ်ခုမျှသာ ဖြစ်လေ၏။ ရှားလော့ဟုမ်းက တံခါးကို ဖွင့်လိုက်သည့် အခါတွင် လူရိပ် တစ်ခု ဝင်လာသည်ကို မြင်ရပြီး နောက် တံခါးကို ပြန်ပိတ်လိုက်ခါ 'ဒီဘက်ကို လာဗျာ' ဟု ခေါ်သံ ကြားလိုက်ရပြီး တစ်ခဏအတွင်း ထိုလူသည် ကျွန်ုပ်တို့ ရှေ့တွင် ပေါ်လာလေ၏။

ရှားလော့ဟုမ်းက ထိုလူ့ နောက်မှ ကပ်လျက် လိုက်ပါလာသဖြင့် ထိုလူက တအံ့တသြဖြင့် အော်လိုက်ကာ နောက်သို့ လှည့်လိုက်မည် ပြုစဉ် ရှားလော့ဟုမ်းသည် ထိုလူကို လည်ကုပ်မှ ကိုင်ဆွဲကာ အခန်းတွင်းသို့ ပြန်သွင်းလိုက်လေ၏။ ထိုလူသည် ယိုင်တီယိုင်တိုင်ဖြင့် အခန်းထဲသို့ ရောက်လာစဉ် ရှားလော့ဟုမ်းသည် တံခါးကို ပြန်ပိတ်ကာ အပေါက်ဝတွင် ရပ်နေလေ၏။ ထိုလူသည် ပတ်ဝန်းကျင်ကို အလန့် တကြားဖြင့် ပြူးတူးပြဲတဲ ကြည့်၍ ဒူးတွေ ညွှတ်ခွေပြီး ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားလေ၏။ သူ့ လက်ထဲမှ အနားပတ် အပြားကြီးကြီး ဦးထုပ်သည် ကြမ်းပြင်သို့ လွတ်ကျသွားပြီး လည်စည်းသည် ပါးစပ်ပေါ်သို့ ရောက်သွားလေရာ ရှည်လျားသည့် မုတ်ဆိတ်နှင့် တကွ ချောမော ခံ့ညားသည့် ဗိုလ်မှူးကြီး ဗယ်လင်တိုင် ဝေါလတာ၏ မျက်နှာကို မြင်ရလေ၏။

ရှားလော့ဟုမ်းက အံ့အားသင့်သည့်နှယ် လေတစ်ချက် ချွန်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'အိုင်ဆေးရေ၊ ဒီတစ်ခါတော့ ခင်ဗျား ကျုပ်ကို ‌တော်းကြီးလို့ ရေးနိုင်ပြီဗျို့၊ ကျုပ် လိုချင်တဲ့ လူက သူ မဟုတ်ဘူးဗျ'

'သူက ဘယ်သူလဲ' ဟု မိုင်းကရော့က တအံ့တသြဖြင့် မေးလေ၏။

'ရေငုပ် သင်္ဘော ပုံဆွဲဌာန အင်ဂျင်နီယာချုပ် ကွယ်လွန်သူ ဆာ ဂျိမ်းရဲ့ ညီ ဗိုလ်မှူးကြီး ဗယ်လင်တိုင် ဝေါလတာ ခင်ဗျ၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ သူတို့ချကစားတဲ့ ဖဲချပ်ကို ကျွန်တော် နားလည်ပြီ၊ လာလိမ့်ဦးမယ်ဗျ၊ မပြီးသေးဘူး၊ ကဲ သူ့ကို ကျွန်တော်ပဲ စစ်ကြည့်လိုက်မယ်ဗျာ'

ကျွန်ုပ်တို့သည် သတိ မေ့နေသော ဗိုလ်မှူးကြီး ဗယ်လင်တိုင်ကို ဆိုဖာတစ်လုံးပေါ်သို့ ရွှေ့လိုက်ကြလေ၏။ ထိုအခါ ဗိုလ်မှူးကြီးမှာ ထထိုင်ကာ ထိတ်လန့် အံ့သြသော မျက်နှာဖြင့် ကျွန်ုပ်တို့ကို ကြောင်တိ ကြောင်တောင် ကြည့်လျက် ရှိလေ၏။ ထို့နောက် သူ့ အဖြစ်ကို သူ မယုံနိုင်ဟန်ဖြင့် နဖူးကို လက်ဖြင့် ရိုက်လိုက်လျက်

'ဘယ်လို ဖြစ်တာလဲဗျာ၊ ကျွန်တော်က မစ္စတာ အိုဗာစတိန်းဆီကို အလည် လာတာပါ'

ရှားလော့ဟုမ်းက

'အားလုံး သိပြီးပါပြီ ဗိုလ်မှူးကြီးရာ၊ ဒါပေမဲ့ အင်္ဂလိပ် လူကြီး လူကောင်း တစ်ယောက်ဟာ ဒီလောက် အထိ လုပ်ရဲပြီးမှ ဒီလို အုတ် အုကြောင် လုပ်တာမျိုးကိုတော့ နားမလည်နိုင်ဘူးဗျာ၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားနှင့် အိုဗာစတိန်းတို့ စာ အဆက်အသွယ် လုပ်တာတွေ၊ ခင်ဗျားတို့ချင်း ဘယ်လို ဆက်ဆံမှု ရှိတယ် ဆိုတာတွေကိုတော့ ကျုပ် သိပြီးပါပြီ၊ ကာဒိုဂန် ဝက်စ် သေရတဲ့ အကြောင်းတွေကိုလည်း ကျုပ်တို့ သိပြီးပါပြီ၊ သို့သော်လည်း တချို့ အချက်တွေကတော့ ခင်ဗျား ထုတ်ပြောမှ သိရမှာ ဆိုတော့ ကိုယ့်အမှားကိုယ် ဝန်ခံပြီး ဖြောင့်ချက် ပေးတဲ့ နည်းနှင့် ကိုယ့် ဂုဏ်သိက္ခာကို ပြန်ဆည်ပါလို့ အကြံ ပေးချင်တယ်'

ဗိုလ်မှူးကြီးသည် တစ်ချက်မျှ ညည်းတွားလိုက်ပြီးနောက် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်လိုက်လေ၏။ ကျွန်ုပ်တို့မှာ သူ ပြောမည့် စကားကို နားစွင့်လျက် ရှိကာ တိတ်ဆိတ်လျက် ရှိလေ၏။

'အဓိကကျတဲ့ အချက်တွေကိုတော့ ကျုပ် သိပြီးပြီလို့ ပြောချင်တယ်ဗျာ၊ ခင်ဗျားမှာ ငွေ လိုနေတယ် ဆိုတာလည်း ကျုပ်တို့ သိတယ်၊ ခင်ဗျား အစ်ကိုဆီက သော့တွေကို ယူပြီး သော့တူ လုပ်တယ် ဆိုတာလည်း ကျုပ်တို့





သိပြီးပြီ၊ ခင်ဗျားက အိုဗာစတိန်းကို စာနှင့် ဆက်သွယ်လို့ အိုဗာစတိန်းက ခင်ဗျား စာတွေကို ဒေလီ တယ်လီဂရပ် သတင်းစာက ကြော်ငြာပြီး ပြန်ပြေတာလည်း ကျုပ်တို့ သိပြီးပြီ၊ တနင်္လာနေ့ ည နှင်းမှောင်ကြီး ကျနေတုန်းက ခင်ဗျား ရုံးကို သွားတယ်၊ သို့သော်လည်း ခင်ဗျားကို ကာဒိုဂန် ဝက်စ် ဆိုတဲ့ လူငယ်ကလေးက မြင်လိုက်တော့ ခင်ဗျားကို အလျင်တုန်းကတည်းက သင်္ကာမကင်း ဖြစ်နေတဲ့ အတွက် ခင်ဗျား နောက်ကို လိုက်တယ်၊ ခင်ဗျား ခိုးသွားတာကို မြင်လိုက်တယ်၊ ဒါပေမဲ့ ဒီစာရွက်တွေကို လန်ဒန်မှာ ရှိတဲ့ ခင်ဗျား အစ်ကိုဆီကိုများ ယူသွားလေမလား ဆိုပြီး မအော်လိုက်မိဘူး၊ ကာဒိုဂန် ဝက်စ်ဟာ နိုင်ငံသားကောင်း တစ်ယောက် ပီပီ သူ့ ကိုယ်ရေးကိုယ်တာကို ဘေးချိတ်ပြီး နှင်းမှောင်ကြီးထဲမှာ ခင်ဗျားနောက် လိုက်လာခဲ့တယ်၊ နောက်ဆုံး ဒီအိမ် အထိ လိုက်လာခဲ့တယ်၊ ဒီထဲကို သူ ရောက်လာပြီး ဒီကိစ္စကို ဝင်ပြောတော့ နောက်ဆုံးမှာ ခင်ဗျားဟာ နိုင်ငံတော် သစ္စာဖောက်မှုကိုသာ မကဘူး၊ အင်မတန် ကြီးလေးတဲ့ အမှုကိုလည်း ကျူးလွန်ခဲ့တယ်'

'မဟုတ်ဘူးဗျ၊ ကျွန်တော် မဟုတ်ဘူး၊ ဘုရား ပေးပေး ကျမ်းပေးပေး ကျွန်တော် မဟုတ်ဘူး' ဟု ဗိုလ်မှူးကြီးက ကြောက်လန့်တကြားဖြင့် အော်လျက် ရှိလေ၏။

'ကောင်းပြီ၊ ဒါဖြင့်ရင် ကာဒိုဂန် ဝက်စ်ကို ရထား ခေါင်မိုးပေါ် ခင်ဗျား တင် မပေးလိုက်ဘူး ဆိုရင် သူ ဘယ်လို အသတ် ခံရသလဲ'

'ဟုတ်ကဲ့၊ ကျွန်တော် ပြောပါ့မယ် ခင်ဗျာ၊ ကျွန်တော် ပြောပါတော့မယ်၊ စုံထောက်ကြီး ပြောတဲ့ အတိုင်း ကျွန်တာတွေကိုတော့ ကျွန်တော် လုပ်ပါတယ်၊ ကျွန်တော့်မှာ စတော့ ငွေချေးဒိုင်က အကြွေးတွေ တင်နေလို့ ပိုက်ဆံ သိပ် လိုနေပါတယ်၊ အိုဗာစတိန်းက ကျွန်တော့်ကို ငွေ ငါးထောင် ချေးပါတယ်၊ ကြွေးမှုနှင့် တရားစွဲ မခံရအောင်လို့ပါ၊ ဒါပေမဲ့ လူသတ်မှု ဖြစ်တဲ့ ကိစ္စတော့ ကျွန်တော်နှင့် ဘာမှ မဆိုင်ပါဘူး ခင်ဗျာ'

'ဒါဖြင့် ဘယ်လိုဖြစ်သလဲ'

'ကာဒိုဂန် ဝက်စ်က ကျွန်တော့်ကို နဂိုကတည်းက မသင်္ကာ ဖြစ်နေလေတော့ စုံထောက်ကြီး ပြောတဲ့ အတိုင်း ကျွန်တော့် နောက်က လိုက်လာပါတယ်၊ ဒီအိမ် ရောက်တော့မှ နောက်က သူ လိုက်လာမှန်း ကျွန်တော် သိတာပါ၊ အဲဒီတုန်းက နှင်းတွေက သိပ်မှောင်နေတဲ့ အတွက် သုံးပေလောက်ပဲ မြင်ရပါတယ်၊ ကျွန်တော်က တံခါး နှစ်ချက် ခေါက်လိုက်တော့ အိုဗာစတိန်းက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို တံခါး ဖွင့်ပေးပါတယ်၊ ဒီတုန်းမှာ ကာဒိုဂန် ဝက်စ်က အတင်း ဝင်လိုက်လာပြီး ဒီ စာရွက်စာတမ်းတွေကို ဘာလုပ်မလို့လဲ ဘာလဲနှင့် မေးပါ တယ်၊ အိုဗာစတိန်းမှာ ပြောင်းတို သေနတ်ကလေး တစ်လက် ရှိတယ် ခင်ဗျ သွားလေရာမှာ အမြဲ ပါတယ်၊ သူက အိမ်ထဲကို အတင်း ဝင်လာတဲ့ အခါ ကျတော့ အိုဗာစတိန်းက ခေါင်းကို ရိုက်ချလိုက်ပါတယ်၊ ရိုက်လိုက်တာက တော်တော်လေး ပြင်းတော့ ကာဒိုဂန် ဝက်စ်လည်း သိပ် မခံလိုက်ပါဘူး၊ ငါး မိနစ်လောက် အတွင်းမှာပဲ အသက် ထွက်သွားပါတယ်၊ ဒါနှင့် သူ့ အလောင်း ကြီးကို ကျွန်တော်တို့ ဘယ်လို လုပ်ရမယ် မသိဘဲ ဖြစ်နေကြတယ်၊ ဒီတုန်းမှာ အိုဗာစတိန်းက သူ့ နောက်ဖေး ပြတင်းပေါက် အောက်မှာ မြေအောက် ရထား တွေ ရပ်လေ့ ရှိတာကို သွားပြီး သတိရတယ်၊ ဒါပေမဲ့ အလောင်းကို တော်တော် နှင့် မရွှေ့သေးဘူး၊ ကျွန်တော် ယူလာတဲ့ စာရွက် စာတမ်းတွေကို စစ်ကြည့် ပါသေးတယ်၊ ဒီ အထဲမှာ စာရွက်စာတမ်း သုံးစုံကတော့ အရေးကြီးလို့ သူ ယူထားလိုက်မယ်တဲ့၊ ကျွန်တော်က ယူထားလို့ မဖြစ်ဘူး၊ ပျောက်တာ တွေ့ရင် အကုန် ပွက်လောရိုက်ကုန်လိမ့်မယ်လို့ ပြောတော့ မဟုတ်ဘူးတဲ့၊ သူ ယူထားမှ ဖြစ်မယ်တဲ့၊ စာရွက် စာတမ်းတွေက စက်မှု ကိစ္စတွေ ဆိုတော့ ချက်ချင်း ကူး လို့ ဖြစ်မှာ မဟုတ်ဘူးတဲ့၊ ကူးရင်လည်း မြန်မြန် ကူးဗျာ၊ ဒီစာရွက်တွေကတော့ ဒီနေ့ည ပြန်ထားမှ ဖြစ်မှာလို့ ကျွန်တော်က ပြောတော့ သူ တွေနေပါတယ်၊ ပြီးတော့မှ သုံးခုကိုတော့ သူ ယူထားမယ်တဲ့၊ ကျန်တာတွေကတော့ သေသူရဲ့ အိတ်ထဲကို ထည့်လိုက်မယ်တဲ့၊ သူ့ အလောင်းကို တွေ့ရင် သူ့ကိုပဲ ထင်မှာပဲတဲ့၊ ကျွန်တော်လည်း ဒီပြင် နည်းလမ်း ရှာလို့ မရတော့ သူ ပြောတဲ့ အတိုင်းပဲ သဘော တူလိုက်ပါတယ်၊ ရထားက တော်တော်နှင့် မလာလို့ နာရီဝက်လောက် စောင့်ရသေးတယ် ခင်ဗျ၊ နှင်းတွေကလည်း ကျ မှောင်ကလည်း မှောင် ဆိုတော့ ကျွန်တော်တို့ သူ့ အလောင်းကို အလွယ်တကူပဲ ခေါင်မိုးပေါ်ကို တင်လိုက် ကြပါတယ်၊ ဒါကတော့ ကျွန်တော်နှင့် ဆိုင်တာ မှန်သမျှ အကုန် ပြောတာပါပဲ ခင်ဗျာ'

'ခင်ဗျား အစ်ကိုကကော'

'သူကတော့ ဘာမှ မပြောပါဘူး၊ တစ်ခါကတော့ သူ့ သော့တွေကို ကျွန်တော် ယူသွားမိတာနှင့် ကျွန်တော့်ကို သံသယ ရှိပါတယ်၊ ကျွန်တော့် အပေါ် သံသယ ရှိတယ် ဆိုတာ သူ့ မျက်လုံးကို ကြည့်တာနှင့် သိပါတယ်၊ ကျွန်တော့် အစ်ကိုကတော့ အဲဒီကတည်းက ခေါင်း မဖော်ရဲတော့တာပါပဲ'





အခန်းထဲတွင် တိတ်ဆိတ်လျက် ရှိလေ၏။ နောက်ဆုံးတွင် မိုင်းကရော့ ဟုမ်းက

'ခင်ဗျား လျော်ကြေး မပေးနိုင်ဘူးလား၊ လျော်ကြေး ပေးမယ် ဆိုရင် တော့ ခင်ဗျား အတွက် ပြစ်ဒဏ်ရော ဂုဏ်သိက္ခာရော သိပ် မထိနိုက်ဘူးပေါ့'

'ဘယ်လို လျော်ကြေးမျိုးလဲ ခင်ဗျာ'

'အိုဗာစတိန်းနှင့် စာရွက်တွေ ဘယ်ရောက်သွားသလဲ'

'ဒါတော့ ကျွန်တော် မသိပါဘူး'

'ခင်ဗျားကို လိပ်စာတွေ ဘာတွေ ပေးမထားဘူးလား'

'လို့ဗ် ဟိုတယ်၊ ပါရီ ဆိုရင် သူ့ဆီကို ရောက်တယ်လို့တော့ ပြောပါ တယ်'

'ကဲ ဒီလိုဆိုရင် လျော်ကြေး ပေးမလား မပေးဘူးလား ဆိုတာတော့ ခင်ဗျားဘာသာ ဆုံးဖြတ်လေ' ဟု ရှားလော့ဟုမ်းက ပြောလေ၏။

'ကျွန်တော် လုပ်နိုင်တာ မှန်သမျှတော့ လုပ်ပေးပါ့မယ် ခင်ဗျာ၊ ကျွန် တော် သူ့ကို ဘာမှ သံယောဇဉ် တွယ်စရာ အကြောင်းလည်း မရှိပါဘူး၊ သူ့ ကြောင့် ကျွန်တော် ဒုက္ခ ရောက်ခဲ့ရတာ'

'ယောဒီမှာ စာရွက်နှင့် ကလောင်တံဗျ၊ စားပွဲမှာ ထိုင်ပြီး ကျုပ် ပြောတဲ့ အတိုင်း ရေးပါ၊ စာအိတ်ပေါ်မှာ သူ ပေးတဲ့ လိပ်စာ အတိုင်း ရေးပါ၊ ဟုတ်ပြီ၊ မိတ်ဆွေကြီး ခင်ဗျား၊ ကျွန်တော်တို့ အလုပ် ကိစ္စနှင့် ပတ်သက်၍ အရေးကြီး သည့် အချက်အလက်များ မပါသေးကြောင်းကို ယခုလောက်ဆိုလျှင် မိတ်ဆွေ ကြီး သိပြီး ဖြစ်လိမ့်မည် ထင်ပါသည်၊ ကျွန်တော့်တွင် နောက်ထပ် ကူးထား သည့် အရေးကြီးသည့် အစိတ်အပိုင်းများ ကျန်ပါသေးသည်၊ ဤသို့ ကူးရ သည်မှာ ခက်ခက်ခဲခဲ ကူးရခြင်း ဖြစ်ပါ၍ နောက်ထပ် ပေါင် ငါးရာလောက် ကြိုတင် ပေးထားစေလိုပါသည်၊ ထိုကိစ္စနှင့် ပတ်သက်၍ ဆက်သွယ်ရာတွင် စာတိုက်မှ ဆက်သွယ်ခြင်း မပြုလိုပါ၊ ရွှေဒင်္ဂါးနှင့် ဖြစ်စေ ငွေဖြစ်စေ လိုချင် ပါသည်၊ ကျွန်တော် ကိုယ်တိုင် နိုင်ငံခြားသို့ လာလိုသော်လည်း အခြေအနေ မကောင်းသည့် အတွက် ယခုအချိန်တွင် လာရန် မသင့်ဟု သဘောရပါသည်၊ ထို့ကြောင့် လာမည့် စနေနေ့ နေ့လယ်တွင် မိတ်ဆွေကြီးနှင့် ချယ်ရင်ကရော့ ဟိုတယ် ညေ့ခန်းတွင် တွေ့ဆုံလိုပါသည်၊ အင်္ဂလိပ် ငွေစက္ကူနှင့် ရွှေဒင်္ဂါးများ ကိုသာ ယူလာစေလိုပါသည်၊ ကဲ ဒီလောက်ဆိုရင် တော်ရောပေါ့ဗျာ၊ ဒီနည်း နှင့်မှ ကျုပ်တို့လူ မလာရင်လည်း ဘယ်တတ်နိုင်ပါ့မလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ထင်သည့် အတိုင်းပင် ထိုလူ ရောက်လာခဲ့လေ၏။ အိုဗာစတိန်းသည် ချိန်းထားသည့် အတိုင်း ရောက်လာပြီးနောက် ဗြိတိသျှ အကျဉ်းထောင်တစ်ခုတွင် ဆယ့်ငါးနှစ်မျှ ကျခံသွားရသည့် အချက်မှာ အများ ပြည်သူများ မသိလိုက်သော အတွင်းရေး ရာဇဝင် တစ်ရပ် ဖြစ်ပေ၏။ အိုဗာစတိန်း၏ သေတ္တာထဲတွင် ဥရောပရှိ ရေကြောင်း နိုင်ငံများသို့ ရောင်းရန် ယူထားသည့် ဗရုစ် ပါတင်တန် စီမံကိန်း စာရွက်များကိုလည်း တွေ့လေ၏။

ဗိုလ်မှူးကြီး ဗယ်လင်တိုင်မှာမူ ထောင်ဒဏ် ကျခံရ၍ နှစ်နှစ် မပြည့်မီကလေး၌ ထောင်ထဲမှာပင် ကွယ်လွန်သွားခဲ့ပေ၏။ ရှားလော့ဟုမ်းမှာမူကား မိတ်ဆွေများ အတွင်း ဖတ်ရှုရန် အတွက် သီးသန့် ထုတ်ဝေခဲ့၍ ထိုဘာသာရပ်နှင့် ပတ်သက်လျှင် အနိုင်လုံဆုံးဟု ပြောစမှတ် ပြုရသည့် *အလယ်ခေတ် ဘုရားရှိခိုး ဂါထာများ၏ ဂီတ ရသကျမ်း* ကို ပြန်လည် တည်းဖြတ်လျက် ရှိပေ၏။

ထို့နောက် ရက် အနည်းငယ် ကြာသည့် အခါ၌ ရှားလော့ဟုမ်းသည် ဝင်ဆာ ရဲတိုက်ကြီးသို့ ဖိတ်ကြားခြင်း ခံရပြီး အလွန် အရည်အသွေး ကောင်းသည့် မြဖြင့် ပြုလုပ်ထားသော ရင်ထိုး တစ်ခု ချီးမြှင့်ခြင်း ခံရသည်ဟု အမှတ်မထင် သိလိုက်ရလေ၏။ ကျွန်ုပ်က မသိချင်ယောင် ပြုကာ ထိုရင်ထိုးကို ဝယ်ခဲ့သလောဟု မေးမြန်းသည့် အခါတွင် ရှားလော့ဟုမ်းက ထိုရင်ထိုးမှာ ကိစ္စလေး တစ်ခုတွင် ဆောင်ရွက်ပေးခဲ့ဖူးသည့် အတွက် အမျိုးသမီးကြီး တစ်ဦးက လက်ဆောင် ပေးလိုက်ခြင်း ဖြစ်သည်ဟုသာ ပြောဆိုခြင်း ပြုလေ၏။ ထို့ထက်ကား ပို၍ ပြောဆိုခြင်း မပြုချေ။ သို့ရာတွင် ထိုအမျိုးသမီးကြီး၏ ကြီးမြတ်သော အမည် နာမကို ကျွန်ုပ် ရိပ်မိပြီး ဖြစ်ပေ၏။ ရှားလော့ဟုမ်းသည် မြရင်ထိုးကလေးကို မြင်တိုင်း ဗရုစ် ပါတင်တန် စာရွက်စာတမ်းများနှင့် ပတ်သက်သည့် စွန့်စားခန်းအား အမှတ်ရ မရကိုမူ ကျွန်ုပ် သေချာစွာ မပြောနိုင်ချေ။

[မူရင်းဝတ္ထု *The Adventure of the Bruce-Partington Plans.* ဈေးဦးသြင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



# စုံထောက်ဉာဏ်



ရှားလော့ဟုမ်း၏ အိမ်ရှင် အဘွားကြီး ဖြစ်သူ မစ္စက် ဟတ်ဆန်မှာ တော်တော် ကရိကထ ခံရရှာသည့် အမျိုးသမီးကြီး တစ်ယောက် ဖြစ်၏။ ထူးဆန်း၍ ရှုံဖန့်ရုံခါတွင် မလိုလားအပ်သည့် လူများသည် သူ့အိမ် အောက်ထပ်သို့ နေ့ည မဟူ အချိန်မရွေး ရောက်လာတတ်ရုံမျှမက သူ့အိမ်တွင် ငှားနေသည့် အိမ်ငှားမှာလည်း စည်းမရှိ ကမ်းမရှိ ဖြစ်သလို နေတတ်သူ တစ်ဦး ဖြစ်သည့် အတွက် သူ့ခမျာတွင် အတော် သည်းခံရပေလိမ့်မည်ဟု ကျွန်ုပ် စိတ်တွင် ထင်မိ၏။

အလွန်အမင်း ညစ်ညစ်ပတ်ပတ် နေထိုင်တတ်ခြင်း၊ အချိန်အခါ မဟုတ် တေးဂီတတို့ကို တီးမှုတ် နားထောင်ခြင်း၊ တစ်ခါတစ်ရံတွင် အိမ်ထဲမှာပင် ခြောက်လုံးပြူး အပစ် ကျင့်တတ်ခြင်း၊ အနံ့အသက် ဆိုးရွားလှသော ဓာတုဗေဒ စမ်းသပ်မှုများကို ပြုလုပ်ခြင်း၊ ချောင်းမြောင်း လုပ်ကြံမည့် အန္တရာယ်များ ဝိုင်းဝိုင်း လည်နေခြင်း စသည်တို့ကြောင့် ရှားလော့ဟုမ်းသည် လန်ဒန်မြို့တွင် စိတ်ပျက်စရာ အကောင်းဆုံးသော အိမ်ငှား တစ်ယောက် ဖြစ်လျက် ရှိလေ၏။ သို့ရာတွင် အိမ်လခကမူ သွားရည်ကျလောက်သော အိမ်လခ ဖြစ်ပေ၏။ ကျွန်ုပ်သိသလောက် ပြောရလျှင် ကျွန်ုပ်နှင့် အတူ နေခဲ့သည့် နှစ်များ အတွင်း ရှားလော့ဟုမ်း ပေးခဲ့သော အိမ်လခသည်ပင်လျှင် ထိုအိမ်ကို ဝယ်နိုင်လောက်နေလေဖြီ။

အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန်သည် ရှားလော့ဟုမ်းအား အလွန် လေးစားသည့် အတွက် ရှားလော့ဟုမ်းက အိမ်တွင် မည်သို့ ပြုလုပ်နေသည် ဖြစ်စေ ဝင်ရောက် စွက်ဖက် ဟန့်တားခြင်း ပြုလေ့ မရှိချေ။ ရှားလော့ဟုမ်းမှာ

www.burmeseclassic.com



အမျိုးသမီးများနှင့် ဆက်ဆံရာတွင် အထူး နူးညံ့ သိမ်မွေ့ ချိုသာခြင်း ရှိသည့်အတွက်ကြောင့်လည်း အိမ်ရှင် အဘွားကြီး မစ္စက် ဟတ်ဆန်းသည် ရှားလော့ဟုမ်းကို ခင်မင်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် မိန်းမများကို အထင်သေးရှုံ့ချမှုမက ယုံကြည်စိတ်ချခြင်း မရှိသည့်တိုင် ရက်ရော သဘောထားကြီးစွာဖြင့် ခွင့်လွှတ်တတ်သူ တစ်ယောက် ဖြစ်ရကား ကျွန်ုပ် လက်ထပ်ပြီး ဒုတိယနှစ်တွင် ကျွန်ုပ်တို့ အိမ်သို့ မစ္စက် ဟတ်ဆန် ပေါက်လာပြီးလျှင် ကျွန်ုပ်၏ မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ စိတ်မကောင်းစရာ အခြေအနေကို ပြောပြသည့် အခါ၌ ကျွန်ုပ်မှာ ရှားလော့ဟုမ်း အပေါ်တွင် သူ မည်မျှ လေးစား ချစ်ခင်ကြောင်းကို သိသူ ဖြစ်သည့် အတိုင်း စိတ်ပါလက်ပါ နားထောင်နေမိလေ၏။

'ဒေါက်တာရယ် ကြည့်လည်း လုပ်ပါဦး၊ ခု စုံထောက်ကြီး သေတော့မယ်ရှင့်၊ သုံးရက်လုံးလုံး သတိ ကောင်းကောင်း မရချင်ဘူး၊ ဒီနေ့ ကုန်အောင်တောင် ခံမှ ခံပါ့မလား မသိတော့ဘူး၊ ဆရာဝန် ခေါ်မယ် ဆိုတော့လည်း မခေါ်ရဘူးတဲ့၊ ဒီနေ့ မနက် သူ့ကို မြင်လိုက်တော့ ပါးရိုးကြီးတွေကလည်း ငေါထွက်လို့ရှင့်၊ မျက်လုံးတွေကလည်း ကြည့်ရတာ သိပ် အကဲမရဘူး၊ ကျွန်မလည်း သူ့ကို မကြည့်ရဲတော့ဘူး၊ ဒါနှင့် စုံထောက်ကြီး ကျွန်မကို ခွင့်ပြုချင်ပြု မပြုချင်နေ ဆရာဝန် သွားခေါ်မယ် ဆိုပြီး ပြောတော့ ခေါ်ချင်း ခေါ်ရင်လည်း ဒေါက်တာ ဝပ်ဆင်ကို ခေါ်ပေးပါဗျာလို့ ပြောလို့ ကျွန်မလည်း ထွက်လာရတာပါ၊ ဒီတော့ မြန်မြန် လိုက်ခဲ့ပါ ဒေါက်တာရယ်၊ တော်တော်ကြာ အသက်မမီဘဲ နေမှဖြင့်'

ကျွန်ုပ်မှာ ရှားလော့ဟုမ်း မကျန်းမမာ ဖြစ်သည်ကို မကြားသဖြင့် စိုးရိမ် ထိတ်လန့်လျက် ရှိလေ၏။ သို့ဖြင့် ကျွန်ုပ်သည် ကုတ်အင်္ကျီနှင့် ဦးထုပ်ကို ကပျာကယာ ကောက်ယူပြီး လိုက်လာခဲ့လေ၏။ ရထားပေါ်သို့ ရောက်သည့် အခါတွင်မှ အသေးစိတ် အကြောင်းအရာတို့ကို မေးမြန်းရပေ၏။

'ဘယ်နည်း ဘယ်ပုံ ဖြစ်သလဲ ဆိုတာတော့ ကျွန်မလည်း ကောင်းကောင်း မသိဘူးရှင့်၊ ရိုသာဟိုက် ဆိုတဲ့ မြို့ကလေး တစ်မြို့ကို အမှု တစ်ခု ရှိလို့ လိုက်သွားတာ၊ အဲဒီက ပြန်လာကတည်းက နေထိုင်မကောင်း ဖြစ်တာပဲ၊ ဗုဒ္ဓဟူးနေ့ကတော့ သူလည်း အိပ်ရာထဲ လဲတော့တာပဲ၊ အဲဒီနေ့က စပြီး မလှုပ်တော့ဘူး၊ အစာ ဆိုလို့လည်း တစ်နေ့မှ မစားတော့ဘူး၊ အရည် ဆိုလို့လည်း တစ်စက်မှ မသောက်တော့ဘူးရှင့်'

'ဟုတ်လား၊ ဒါဖြင့် ခင်ဗျားက ဆရာဝန် ခေါ်မပေးဘူးလား'





'မခေါ်ရဘူးတဲ့ရှင့်၊ မခေါ်ရဘူးတဲ့၊ သူ့ အကြောင်း ဆရာလည်း သိသားပဲ၊ သူ ဘယ်လောက် အာဏာ ပြင်းတယ် ဆိုတာ ဆရာလည်း သိသားပဲ၊ ကျွန်မလည်း သူ မကြိုက်တာကို အတင်း မလုပ်ရဲဘူး၊ ဒီတစ်ခါတော့ ရေတိမ်နစ်ပြီ ထင်တာပဲ ဆရာရယ်၊ ဆရာ ဟိုရောက်ရင် တွေ့ပါလိမ့်မယ်'

မစ္စက် ဟတ်ဆန် ပြောသည့် အတိုင်းပင် ရှားလော့ဟုမ်းကို ကြည့်ရသည်မှာ အခြေအနေ အတော် ဆိုးလျက် ရှိသေ၏။ နှင်းမှောင်တို့ ဆိုင်းနေသည့် နိုဝင်ဘာလ၏ မှေးတော့သော အလင်းရောင်ထဲတွင် ရှားလော့ဟုမ်း၏ အခန်းကို ကြည့်ရသည်မှာ မည်းမှောင်၍ စိတ်ပျက်စရာ ကောင်းလျက် ရှိပေ၏။ သို့ရာတွင် ချုံးကျကာ မျက်တွင်းတို့ ဟောက်ပက် ဖြစ်နေသော မျက်နှာဖြင့် ကျွန်ုပ်အား အိပ်ရာပေါ်မှ လှမ်းကြည့်နေသည့် ရှားလော့ဟုမ်းကို မြင်လိုက်ရသော အခါ၌ကား ကျွန်ုပ်မှာ ကြက်သီးတွေ ဖြန်းဖြန်းထလာလေ၏။ မျက်လုံးများမှာ အဖျား တက်နေသူ၏ မျက်လုံးများကဲ့သို့ ထူးထူးခြားခြား တောက်ပလျက် ရှိပြီး ပါးနှစ်ဖက်မှာ နီမြန်းလျက် ရှိလေ၏။ နှုတ်ခမ်းများမှာ ပြာရောင်သန်းလျက် ရှိကာ အပိမ့်ကြီးတွေ ထလျက် ရှိလေ၏။ အိပ်ရာပေါ်တွင် ချထားသည့် သေးသွယ်သော လက်နှစ်ဖက်မှာ ဆတ်ခနဲ ဆတ်ခနဲ တုန်လျက် ရှိပြီး အသံမှာလည်း အက်ကွဲ ခြောက်သွေ့လျက် ရှိပေ၏။

အခန်းထဲသို့ ကျွန်ုပ် ဝင်သွားသည့် အခါ၌ ရှားလော့ဟုမ်းသည် အိပ်ရာပေါ်တွင် ပက်လက်ကလေး ဖြစ်နေရာမှ ကျွန်ုပ်ကို မြင်လိုက်သည်တွင် သူ့ မျက်လုံးများထဲ၌ အရောင် ပြိုးပြက်သွားသည်ကို မြင်လိုက်ရပေ၏။

'အိုင်ဆေးရေ၊ ကျုပ်တို့တော့ ကံဇာတာ နိမ့်နေပြီ ထင်တယ်ဗျ' ဟု မှေးတော့ အားနည်းသော လေသံ သဲ့သဲ့ကလေးဖြင့် ပြောလိုက်သည့်တိုင် အမူအရာမှာ ပမာမခန့် အမူအရာကို ဆောင်လျက် ရှိပေ၏။

'ဘယ်လို ဖြစ်တာလဲဗျာ' ဟု ကျွန်ုပ်က အပြစ်တင်သည့် လေသံဖြင့် မေးလိုက်၏။

ရှားလော့ဟုမ်းက အရေးကြုံလာသည့် အခါတိုင်း သူ ပြောနေကျ ခပ်တင်းတင်း လေသံမျိုးဖြင့်

'ဗျို့လူ၊ ကျုပ် အနား မလာနှင့်၊ နောက်ဆုတ်၊ နောက်ဆုတ်၊ ကျုပ်အနား ကပ်လာရင်တော့ ခင်ဗျားကို အိမ်ထဲက မောင်းထုတ်ရလိမ့်မယ်'

'ဘာဖြစ်လို့လဲဗျ'

'မလာစေချင်လို့ပေါ့ဗျာ၊ ရှင်းပြီလား'



www.burmeseclassic.com

www.burmeseclassic.com



မှန်ပေ၏။ ရှားလော့ဟုမ်းမှာ မစွက် ဟတ်ဆန် ပြောသည့် အတိုင်း ခါးတိုင်းထက်ပင် ပို၍ အာဃာသံ ပြင်းလျက် ရှိလေ၏။ သို့ရာတွင် သူ့ ခန္ဓာကိုယ်ကို ကြည့်ရသည်ကမူ များစွာ စိတ်မချမ်းသာစရာ ကောင်းလျက် ရှိပေ၏။

'ဘာများ ကူညီနိုင်မလဲလို့ပါ'

'ကူညီချင်ရင် ကျုပ် ပြောတာကို လုပ်ဗျာ'

'ပြောပါ၊ ဘာလုပ်ရမလဲ'

ထိုအခါကျမှ ရှားလော့ဟုမ်း၏ မျက်နှာနှင့် အပြုအမူတို့သည် အနည်းငယ် ပျော့ပျောင်းသွားလေ၏။ ရှားလော့ဟုမ်းက အသက်ကို မဝတာဝ ရှူလိုက်လျက်

'စိတ်ဆိုးသွားသလားဗျ'

သနားစရာ ကောင်းလိုက်ပါဘိ ရှားလော့ဟုမ်း။ ကျွန်ုပ် ရှေ့ အိပ်ရာပေါ်တွင် ပက်လက်ကလေး မြင်နေရသူကို ကျွန်ုပ် မည်သို့ စိတ်ဆိုးနိုင်ပါမည်နည်း။

'ကျုပ်က ခင်ဗျား အတွက် ပြောတာပါ'

'ကျွန်တော့် အတွက်'

'ကျုပ် ရောဂါ အကြောင်း ကျုပ် သိပါတယ်ဗျာ၊ ဆူမတြာကျွန်းက ငှက်ဖျားမျိုးဗျ၊ ဒီရောဂါ အကြောင်းကို ကျုပ်တို့ အင်္ဂလိပ်တွေထက် ဒတ်ချ်တွေက ပိုသိတယ်၊ ခုထိ ဒီရောဂါကို ကုနိုင်တဲ့ ဆေးကို မတွေ့ကြသေးဘူး၊ သေနိုင်တဲ့ ရောဂါ၊ အလွန်လည်း ကူးစက်မြန်တယ်'

ရှားလော့ဟုမ်းသည် ငန်းဖမ်းနေသူ တစ်ယောက်နှယ် လက်များ တဆတ်ဆတ် တွန့်နေရာမှ စိတ်အားထက်သန်စွာ ပြောဆိုလျက် ရှိလေ၏။

'ထိလိုက်ရုံနှင့် ကူးနိုင်တယ် အိုင်ဆေး၊ ထိလိုက်ရုံနှင့် ကူးနိုင်တယ် ဒီတော့ ကျုပ် အနားကို မကပ်နှင့်၊ ဝေးဝေးက နေပါ'

'မဟုတ်တာဗျာ၊ ကူးစက်တယ် ဆိုတာနှင့် ကျွန်တော်က ဒီအတိုင်း လက်ပိုက် ကြည့်နေရတော့မှာလား၊ သာမန် လူစိမ်း တစ်ယောက် ဆိုရင်တောင် ထားပါတော့၊ ခုတော့ ကိုယ့်မိတ်ဆွေ ရောင်းရင်းကြီး တစ်ယောက် ဒီလို ဖြစ်နေတာကို ကျွန်တော်က ဒီအတိုင်း ပစ်ထားရတော့မှာတဲ့လား'

ကျွန်ုပ်က သူ့ အိပ်ရာနားသို့ တိုးသွားသည့် အခါတွင် ရှားလော့ဟုမ်းသည် ဒေါသ အမျက် ခြောင်းခြောင်း ထွက်လျက် ရှိရာမှ

'ဟေ့လူ၊ ကျုပ် အနား မလာနှင့်လို့ ပြောတာ မရဘူးလား၊ အဲဒီ နားမှာ





ရပ်နေရင် ကျုပ် ခင်ဗျားနှင့် စကား ပြောမယ်၊ ဒီလိုမှ မဟုတ်ရင်တော့ ခင်ဗျား အခန်းထဲက ထွက်သွားတော့'

ကျွန်ုပ်သည် သူ၏ ထူးခြားသော အရည်အချင်းများကြောင့် ရှားလော့ဟုမ်းအား ခင်မင် လေးစားသူ တစ်ဦး ဖြစ်ပေရာ တစ်ခါတစ်ရံတွင် ကျွန်ုပ်သဘော မတူသည့်တိုင် သူ့ အလိုဆန္ဒကို လိုက်လျောခဲ့သည်ချည်း ဖြစ်ပေ၏။ သို့ရာတွင် ယခု တစ်ကြိမ်၌မူကား ကျွန်ုပ်၏ ဆရာဝန် စိတ်သည် နိုးကြားလာခဲ့လေပြီ။ ထို့ကြောင့် တခြား နေရာတွင်သာ သူ့ကို ဆရာ တင်ကောင်း တင်မည်၊ လူမမာခန်း၌ကား ကျွန်ုပ်က ဆရာ ဖြစ်ရမည်ဟု စိတ်နှလုံးကို တုံးတုံးချလိုက်လျက်

'အိုင်ဆေး၊ ခင်ဗျား စိတ်တစ်မျိုး ဖြစ်နေတယ်၊ လူမမာ တစ်ယောက်ဟာ ကလေး တစ်ယောက်နှင့် အတူတူပဲ၊ ဒီတော့ ခင်ဗျားကို ကျွန်တော် ပြုစုရလိမ့်မယ်၊ ခင်ဗျား ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ ခင်ဗျား ရောဂါ လက္ခဏာတွေကို ကျွန်တော် စစ်ဆေး ကြည့်ရလိမ့်မယ်၊ ကျွန်တော် ကုရလိမ့်မယ်'

ရှားလော့ဟုမ်းသည် ကျွန်ုပ်အား ဝင်းဝင်း တောက်သော မျက်လုံးများဖြင့် ကြည့်လိုက်လျက်

'အေးလေ၊ ကျုပ် ကြိုက်ကြိုက် မကြိုက်ကြိုက် ဆရာဝန် တစ်ယောက် ခေါ်ရမယ် ဆိုရင်လည်း ကျုပ် ယုံကြည် စိတ်ချရတဲ့ ဆရာဝန် တစ်ယောက်ကို ခေါ်မယ်ဗျာ'

'ဒါဖြင့် ကျွန်တော့်ကိုတော့ မယုံကြည်ဘူးပေါ့'

'မိတ်ဆွေ တစ်ယောက် အနေနှင့်တော့ ယုံကြည်ပါတယ်၊ ဒါပေမဲ့ အိုင်ဆေး၊ အမှန်တရားဟာ အမှန်တရားပဲဗျ၊ ခင်ဗျားက အထွေထွေ ကုတဲ့ ဆရာဝန် တစ်ယောက်၊ အတွေ့အကြုံကလည်း နည်းသေးတယ်၊ ပြီးတော့ ခင်ဗျား အရည်အချင်းကလည်း သာမန် ရှက်ကြမ်းရေကျိုလောက်ပဲ၊ ဒါတွေကို ပြောရတာ စိတ်တော့ မကောင်းပါဘူး၊ ဒါပေမဲ့ ခင်ဗျားက အတင်း လုပ်မယ်လို့ ပြောနေတော့ ကျုပ် အနေနှင့်လည်း ဒီလိုပဲ ပြောရတော့မှာပဲ၊ မတတ်နိုင်ဘူး'

ကျွန်ုပ်မှာ အကြီးအကျယ် စိတ်ထိခိုက်လျက် ရှိလေပြီ။

'ခင်ဗျား ပါးစပ်က ဒီလို စကားမျိုးတော့ မပြောသင့်ပါဘူးဗျာ၊ ဒီစကားတွေ ပြောနေပုံ ထောက်တော့ ခင်ဗျား အာရုံကြောတွေ သိပ် အားနည်းနေပြီဆိုတာကို ပြနေတယ်၊ ကောင်းပြီလေ၊ ခင်ဗျားကမှ ကျွန်တော့်ကို အယုံအကြည်မရှိဘူး ဆိုရင် ကျွန်တော်ကလည်း အတင်းတော့ မကုပါဘူး၊ ဒီတော့ ဆာ



www.burmeseclassic.com

www.burmeseclassic.com



ဂျက် စပါမက်ကို ဖြစ်ဖြစ်၊ ပင်းရိုစ် ဖစ်ရှာကို ဖြစ်ဖြစ်၊ ဒါမှမဟုတ် တခြား နာမည်ကျော် ဆရာဝန် တစ်ယောက်ယောက်ကို ဖြစ်ဖြစ် ခေါ်ပရစေ၊ ဒါပေမဲ့ ဒီဆရာဝန်တွေကို ခင်ဗျား မကြိုက်ဘူး ဆိုရင်လည်း တစ်ယောက်ယောက်ကို တော့ ခေါ်ရမယ်ဗျာ၊ ဒါ ကျုပ် နောက်ဆုံး အနေနှင့် ပြောတာပဲ၊ ခင်ဗျား သေ ကောင်ပေါင်းလဲ ဖြစ်နေပြီး အသက် ထွက်သွားတာကို ကျွန်တော် ကိုယ်တိုင် ကလည်း မကုပေးဘူး၊ တခြား တစ်ယောက်ကိုလည်း မခေါ်ဘဲနှင့် လက်ပိုက် ကြည့်နေလိမ့်မယ်လို့ ခင်ဗျား ထင်ရင်တော့ ခင်ဗျား ကျွန်တော့်ကို လူကဲခတ် မှားတာပဲ’

ရှားလော့ဟုမ်းက ညည်းတွားသံလိုလို ရှိုက်သံလိုလိုဖြင့်

‘ခင်ဗျား စေတနာကို ကျုပ် နားလည်ပါတယ် ဝပ်ဆင်၊ ဒါပေမဲ့ ခင်ဗျား မသိတာကို ကျုပ် ထောက်ပြရမလား၊ တာပါနူလီ အဖျား ရောဂါ အကြောင်းကို ခင်ဗျား ဘယ်လောက် သိသလဲ၊ ဆီး အနက်တွေ သွားတဲ့ ဖော်မိုဆာ ငှက်ဖျား အကြောင်းကိုကော ခင်ဗျား သိရဲ့လား’

‘ခင်ဗျား ပြောတဲ့ ရောဂါတွေကို ကျွန်တော် တစ်ခါမှ မကြားဖူးဘူး’

‘အရှေ့တိုင်းက ကျုပ်တို့ အနောက်တိုင်းနှင့် မတူဘူး အိုင်ဆေး၊ ရောဂါ တွေက ထွေပြားတယ်၊ ရောဂါဗေဒရဲ့ အဓိပ္ပာယ်တွေကလည်း ရှုပ်ထွေးတယ်’

ရှားလော့ဟုမ်းသည် မောသွားဟန်ဖြင့် စကားကို ဆက်မပြောသေးဘဲ ရပ်ထားလိုက်၏။

‘ရာဇဝတ်မှုခင်းနှင့် ဆေးပညာနှင့် ဆက်စပ်နေတဲ့ သုတေသနတွေကို ကျုပ် မကြာခင်က လုပ်ခဲ့ဖူးတော့ ဒီရောဂါတွေ အကြောင်းကို ကျုပ် ကောင်း ကောင်း သိတယ်၊ ခု ကျုပ် ရောဂါ ရလာတာဟာ အဲဒီ သုတေသနကို လုပ်ရင်း ရလာတာဗျ၊ ခင်ဗျား ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး’

‘တတ်တော့ မတတ်နိုင်ဘူးပေါ့လေ၊ ဒါပေမဲ့ ဒေါက်တာ အိန်းစထရီ ဆိုတဲ့ အပူပိုင်း ဒေသ ရောဂါ ပါရဂူကို ကျွန်တော် သိပါတယ်၊ ကဲဗျာ ဒါတွေ ပြောနေတာ ကြာတယ်၊ ကျွန်တော် ခုပဲ သူ့ကို သွားခေါ်မယ်’

ကျွန်ုပ်သည် စိတ်နှလုံးကို တုံးတုံးချကာ တံခါးဆီသို့ ထွက်လာခဲ့လေ၏။

ကျွန်ုပ် တစ်သက်တွင် တစ်ခါမှ ဤမျှလောက် ထိတ်လန့် တုန်လှုပ် ခြင်း မဖြစ်ခဲ့ဖူးချေ။ တစ်ခဏ အတွင်း၌ကား သေကောင်ပေါင်းလဲ ဖြစ်နေသည့် ရှားလော့ဟုမ်းသည် ကျား ခုန်အုပ်လိုက်သကဲ့သို့ ဝုန်းခနဲ ထခုန်ကာ ကျွန်ုပ်





ရှေ့တွင် ရောက်နေလေပြီ။ ထို့နောက် ချက်ခနဲ သော့ပိတ်လိုက်သံကို ကြားလိုက် ရလေ၏။

နောက်တစ်ခဏ၌မူ ရှားလော့ဟုမ်းသည် အိပ်ရာဆီသို့ ယိုင်တီး ယိုင် တိုင်ဖြင့် လျှောက်သွားပြီးလျှင် ခွန်အားကုန် စိုက်ထုတ်လိုက်ရသည့် အတွက် ဟောဟဲ လိုက်ကာ အိပ်ရာပေါ်တွင် ပက်လက်လဲလျက် ရှိလေ၏။

‘ကျုပ်ဆီက သော့ကိုတော့ ခင်ဗျား လုမယူနိုင်ပါဘူး၊ ကဲ ခင်ဗျား ဘာ တတ်နိုင်သေးသလဲ၊ ကျုပ် သော့ မပေးမချင်း အခန်းထဲက ထွက်လို့ မရတော့ ဘူး မဟုတ်လား၊ ဒါပေမဲ့ ခင်ဗျား ကျေနပ်စေရပါ့မယ်ဗျာ (ဤစကားများကို ဆက်တိုက် ပြောနေခြင်း မဟုတ်ဘဲ နားလိုက် အသက်ကို ကြိုးစား၍ ရှူလိုက် ဖြင့် ပြောနေခြင်း ဖြစ်သည်။)၊ ခင်ဗျား စေတနာဟာ ကျုပ် ကောင်းဖို့ ရည် ရွယ်တဲ့ စေတနာ ဆိုတာ ကျုပ် နားလည်ပါတယ်၊ ဒါကို ကျုပ် ဘာမှ သံသယ မဖြစ်ပါဘူး၊ ကောင်းကောင်း နားလည်ပါတယ်၊ ခင်ဗျား ပြန်ချင်ရင် ပြန်ပါ၊ ဒါပေမဲ့ ကျုပ် အားနည်းနည်း ပြည့်အောင်တော့ စောင့်ပါဦး၊ ခုတော့ ဒီအခန်း ထဲမှာ နေဦးဗျာ၊ ခုမှ လေးနာရီပဲ ရှိပါသေးတယ်၊ ခြောက်နာရီ ထိုးရင် ခင်ဗျား ပြန်နိုင်ပါပြီ’

‘ဗျို့ ဟုမ်း၊ ခင်ဗျား ရူးနေသလားဟင်’

‘နှစ်နာရီတည်းပါဗျာ၊ ခြောက်နာရီ ထိုးရင် ပြန်ရမယ် ဆိုတာ ကျုပ် ကတိ ပေးပါတယ်၊ ခင်ဗျား စောင့်နိုင်တယ် မဟုတ်လား’

‘စောင့်ရတော့မှာပေါ့ဗျာ၊ အခန်း တံခါး ပိတ်ထားတော့ မစောင့်လို့ ဘာတတ်နိုင်မှာလဲ’

‘ဟုတ်တယ်ဗျာ၊ ဒီပြင်နည်း မရှိလို့ လုပ်ရတာပါ၊ ကျေးဇူးပါပဲ၊ ကျုပ် ကို အဝတ်အစားတွေ ဘာတွေ ကူပြီး လဲမပေးပါနှင့်၊ ကျုပ် အနားကို မလာ ဘဲ ဝေးဝေး နေပါ၊ ပြီးတော့ ခင်ဗျားကို နောက်ထပ် စည်းကမ်း တစ်ခုလည်း တောင်းရဦးမယ်ဗျ၊ ခင်ဗျား ကျုပ်ကို အကူအညီ ပေးချင်တယ် ဆိုရင် ခင်ဗျား ပြောတဲ့ ဆရာဝန်ကို ခေါ်မပေးပါနှင့်၊ ကျုပ် ပြောတဲ့ ဆရာဝန်ကို ခေါ်ပေးပါ’

‘ရပါတယ်’

‘အင်း၊ ရောက်လာကတည်းက စိတ်ချမ်းသာစရာ စကား ဆိုလို့ ဒီ တစ်ခွန်းပဲ ကြားရသေးတယ်၊ ဟောဟိုမှာ စာအုပ်တွေ ရှိတယ်ဗျ၊ ဖတ်ပါဦး၊ ကျုပ်ကတော့ တော်တော်လေး ပင်ပန်းသွားပြီ၊ ဘက်ထရီအိုးများ ကွန်ဒတ် တာ မပါတဲ့ ပစ္စည်း တစ်ခုထဲကို လျှပ်စစ်ဓာတ် ပို့ပေးရရင် ဘယ်လိုများ နေ



www.burmeseclassic.com

www.burmeseclassic.com



ဓလဲ မသိဘူးဗျာ၊ တော်တော် စိတ်ညစ်စရာ ကောင်းမှာပဲ၊ ကဲ စာဖတ်နေလိုက်ဦးဗျာ၊ ခြောက်နာရီ ထိုးရင် ကျုပ်တို့ ဆက်ပြီး ဆွေးနွေးကြမယ်'

သို့ရာတွင် ခြောက်နာရီ မထိုးမီတွင် စကား ပြောစရာ ပေါ်လာလေ၏။ ကျွန်ုပ်မှာ ခပ်စောစောက တံခါးဆီသို့ ခုန်အုပ်လိုက်သည့် ရှားလော့ဟုမ်း၏ အပြုအမူကို အံ့သြ ထိတ်လန့်ခြင်း ဖြစ်ရသကဲ့သို့ ယခု တစ်ကြိမ်တွင်လည်း ကျွန်ုပ်မှာ အံ့သြ ထိတ်လန့်ခြင်း ဖြစ်ရလေ၏။ ကျွန်ုပ်သည် မတ်တတ်ရပ်ကာ အိပ်ရာပေါ်တွင် ငြိမ်ချက်သား ကောင်းလျက် ရှိသည့် ရှားလော့ဟုမ်းကို မိနစ် အတန်ကြာမျှ ကြည့်နေမိလေ၏။ ခေါင်းမြီး ခြုံထားသဖြင့် အိပ်ပျော်နေသည်ဟု ကျွန်ုပ် ယူဆလိုက်မိပေ၏။ ကျွန်ုပ်သည် စာကို မဖတ်နိုင်သေးဘဲ အခန်းထဲတွင် လျှောက်ကာ နံရံလေးဖက်တွင် ချိတ်ဆွဲထားသည့် နာမည်ကြီး လူဆိုးများ၏ ဓာတ်ပုံများကို ကြည့်နေပြီးနောက် ရည်ရွယ်ချက် မရှိဘဲ နာရီ တင်သည့် စင် ကလေးဆီသို့ လျှောက်လာခဲ့မိလေ၏။

စင်ပေါ်၌ကား အမျိုးမျိုးသော ဆေးတံများ၊ ဆေးအိတ်များ၊ ဆေးထိုး အပ်များ၊ မောင်းချဓားများ၊ ခြောက်လုံးပြူး ကျည်ဆန်များနှင့် တိုလီမိုလီ ပစ္စည်း များသည် ပြန့်ကြဲလျက် ရှိလေ၏။ ထိုပစ္စည်းများ အလယ်တွင်မှ လျှောထိုး အဖုံးကလေး တပ်ထားသည့် အဖြူနှင့် အနက်ရောင် ဆင်စွယ် သေတ္တာကလေး တစ်လုံးကို တွေ့ရလေ၏။ သေတ္တာကလေးမှာ လှပ သပ်ရပ်လှသည့် အတွက် ကျွန်ုပ်သည် လက်ကို ဆန့်တန်းကာ သေတ္တာကို ကောက်ယူလိုက်စဉ် ရှားလော့ ဟုမ်းထံမှ ကြောက်ဖွယ် အော်သံကြီးကို ကြားလိုက် ရလေ၏။ ထိုအော်သံ ကြီးမှာ များစွာ ကျယ်လောင်ရကား လမ်းမပေါ်လျှင် ကြားနိုင်လောက်ပေ၏။ ကြောက်စဖွယ် အော်သံကြီးကြောင့် ကျွန်ုပ် တစ်ကိုယ်လုံး အေးစက်သွားကာ ဆံပင်မွေးများပင် ထောင်သွားသည်ဟု မှတ်ထင်လိုက်မိ ပေသေး၏။ လှည့် ကြည့်လိုက်သည့် အခါ၌ ရှုံ့မဲ့နေသော မျက်နှာနှင့် ပြူးကျယ် ထိတ်လန့်လျက် ရှိသော မျက်လုံးများကို မြင်ရလေ၏။

ကျွန်ုပ်မှာ သေတ္တာကလေးကို လက်တွင် ကိုင်ထားရင်း ကြောင်၍ ရပ် နေစဉ် ရှားလော့ဟုမ်းက

'ဗျို့လူ၊ ချလိုက်၊ ချလိုက်၊ မကိုင်နှင့်ဗျ၊ ခု ချလိုက်စမ်းပါ'

ကျွန်ုပ်က သေတ္တာကို ပြန်ချလိုက်သည့် အခါတွင် ရှားလော့ဟုမ်းသည် မျက်နှာကို ခေါင်းအုံးထဲတွင် မြှုပ်ထားလိုက်ပြီး သက်ပြင်းကြီး တစ်ချက်ကို ချလိုက်လျက်





'ဗျို့ ဒေါက်တာ ဝပ်ဆင်၊ ကျုပ် ပစ္စည်းတွေကို သူများ ကိုင်တာ မကြိုက်ဘူးဗျာ၊ ခင်ဗျားလည်း သိသားပဲ၊ ကျုပ်ပစ္စည်းကို ဘယ်သူ ကိုင်တာမှ မကြိုက်ဘူး၊ ခင်ဗျား ကျုပ်ကို တော်တော် စိတ် အနှောင့်အယှက် ပေးတဲ့ လူ။ ခင်ဗျား ကိုယ် ခင်ဗျား ပြောတော့ ဆရာဝန်တဲ့၊ ခင်ဗျားလို ဆရာဝန်နှင့်သာ တုရရင်တော့ တော်တော်တန်တန် လူမမာ စိတ္တဇ ဆေးရုံကို ရောက်နိုင်တယ်၊ ထိုင်ဗျာ၊ ကျုပ် အေးအေးဆေးဆေး အနားယူပါရစေ'

ကျွန်ုပ် စိတ်ထဲတွင်မူ များစွာ မသက်မသာ ဖြစ်လျက် ရှိလေပြီ။ ခါတိုင်း ချိုသာ နူးညံ့သလောက် ယခုအခါတွင် အကြောင်းမဲ့ တုန်လှုပ် ချောက်ချား လျက် ရှိခြင်း၊ သူတစ်ပါးကို နှိပ်နှိပ်နယ်နယ် ပြောဆိုခြင်းတို့ကို ထောက်လျှင် ရှားလော့ဟုမ်း၏ စိတ်အခြေအနေမှာ အတော်ပင် ဖရိုဖရဲ ဖြစ်လျက် ရှိကြောင်း ကို သိသာနိုင်ပေ၏။ စိတ် ဖရိုဖရဲ ဖြစ်ခြင်း မျိုးစုံ၌ တည်ကြည် မြင့်မြတ်သော စိတ်ထား တစ်ခု ဖရိုဖရဲ ဖြစ်သွားခြင်းကား စိတ်မချမ်းသာစရာ အကောင်းဆုံး ဖြစ်ပေ၏။

ကျွန်ုပ်သည် သတ်မှတ်ထားသည့် အချိန် အထိ စိတ်ပျက်လက်ပျက် ဖြင့် ထိုင်နေရလေ၏။ ရှားလော့ဟုမ်းမှာမူ ကျွန်ုပ်ကို လည်းကောင်း၊ နာရီကို လည်းကောင်း စောင့်ကြည့်နေဟန် ရှိလေ၏။ ခြောက်နာရီ ထိုးသည်နှင့် တစ် ပြိုင်နက် ရှားလော့ဟုမ်းသည် ခပ်စောစောကကဲ့သို့ တုန်ယင် အက်ကွဲလျက် ရှိ သော အသံဖြင့် ကျွန်ုပ်ကို စတင် စကား ပြောဆိုခြင်း ပြုလေ၏။

'ကဲ အိုင်ဆေး၊ ခင်ဗျား အိတ်ထဲမှာ ပိုက်ဆံ အကြွေ ပါသလား'

'ပါတယ်ဗျ'

'ငွေဒင်္ဂါးကော'

'အများကြီးပဲ'

'ကရောင်းဝက် ဒင်္ဂါးပြား ဘယ်နှပြားလောက် ပါသလဲ'

'ငါးပြားဗျ'

'ခင်ဗျားဟာက နည်းလွန်းလှသဗျာ၊ ဒီလောက်ကလေးနှင့် ဘာလုပ် လို့ ရမှာလဲ၊ တော်တော် ခုက္ခတာပဲ၊ အေးလေ ဘယ်တတ်နိုင်ပါ့မလဲ၊ ကဲ အဲဒီ ဒင်္ဂါးပြားတွေကို ခင်ဗျား ကုတ်အင်္ကျီ နာရီ အိတ်ထဲ ထည့်လိုက်ဗျာ၊ ရှိသလောက် ဝဲပေါ့၊ ပြီးတော့ ကျန်တဲ့ ပိုက်ဆံ အကြွေတွေကို လက်ဝဲဘက် ဘောင်းဘီ အိတ်ထဲ ထည့်လိုက်ဗျာ၊ ဟုတ်ပြီ၊ ကျေးဇူးတင်တယ်၊ ဒီလောက်ဆိုရင် ခင်ဗျား ကိုယ်ကို ခင်ဗျား ဟန်ချက်ညီအောင် လုပ်နိုင်လောက်ရောပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းမှာ စိတ်မှ ကောင်းပါလေ၏လောဟုပင် ကျွန်ုပ် သံသယ ဝင်လာခဲ့လေပြီ။

ရှားလော့ဟုမ်း၏ ကိုယ်သည် တစ်ချက်မျှ တုန်သွားကာ ချောင်းဆိုး သံလိုလို ရှိုက်သံလိုလို အသံ တစ်မျိုးကို ပြုလေ၏။

'ကဲ အိုင်ဆေး၊ ဓာတ်ငွေ့မီးအိမ်ကို ထွန်းဗျာ၊ ဒါပေမဲ့ မီးစာကို တစ်ဝက် ထက် ပိုပြီး မမြှင့်မိအောင်တော့ အထူး သတိထားပါ၊ သတိ ဝီရိယနှင့် လုပ်ပါ ဗျာ၊ ကျုပ် တောင်းပန်ပါတယ်၊ ဟုတ်ပြီ ဟုတ်ပြီ၊ တော်ပြီ၊ နေပေစေဗျာ၊ ခန်း ဆီးတွေကို မချနှင့်၊ ကဲဗျာ စာတွေနှင့် သတင်းစာကို ကျုပ် လက်လှမ်းမီတဲ့ စားပွဲပေါ်မှာ ချပေးထားစမ်းပါ၊ ဟုတ်ပြီ၊ ကျေးဇူးတင်တယ်၊ ပြီးတော့ နာရီ စင်ပေါ်က ပစ္စည်းတွေကိုလည်း ဒီပေါ်မှာ ချပေးပါ၊ ဟုတ်ပြီဗျူ၊ ပြီးတော့ ဟို နားမှာ သကြားခဲ ညှပ်တဲ့ ညှပ်ကလေးတွေ ရှိတယ်၊ အဲဒီ ညှပ်ကလေးနှင့် ၇ တွင်က ဆင်စွယ် သေတ္တာကလေးကို ညှပ်ယူခဲ့ပြီး ဒီသတင်းစာတွေ နားမှာ ချထားစမ်းပါ၊ ဟုတ်ပြီ၊ ကဲ အမှတ် ၁၃၊ အောက်ဘတ်လမ်းက မစ္စတာ ကာ ဗာတန် စမစ်ကို သွားခေါ်ပေးစမ်းပါ'

အမှန်အတိုင်း ပြောရမည် ဆိုလျှင် ရှားလော့ဟုမ်း အတွက် ဆရာဝန် တစ်ယောက် ခေါ်ပေးလိုသော ဆန္ဒ ကျွန်ုပ်တွင် မရှိတော့ချေ။ ရှားလော့ဟုမ်း မှာ အကြီးအကျယ် ကယောင်ကတမ်း ဖြစ်လျက် ရှိရကား သူ့ကို ဤအတိုင်း ကျွန်ုပ် ထားမပစ်ခဲ့လိုချေ။ သို့ရာတွင် ရှားလော့ဟုမ်းမှာ ထိုဆရာဝန်ကိုမှ မခြ ရလျှင် သေတော့မလောက် ဖြစ်လျက် ရှိလေပြီ။

'အဲဒီ ဆရာဝန် နာမည်ကို ကျွန်တော် တစ်ခါမှ မကြားဖူးပါလား'

'ခင်ဗျား ဘယ်ကြားဖူးမလဲ၊ ဒီရောဂါ အကြောင်းကို နားအလည်ဆုံး ဗျူ၊ အဲဒီလူဟာ ဆရာဝန် တစ်ယောက် မဟုတ်ဘဲ ခြံပိုင်ရှင် တစ်ယောက် ဆို တာ သိရင် ခင်ဗျား သာတောင် အံ့ဩလိမ့်ဦးမယ်၊ မစ္စတာ စမစ်ဟာ ဆုမတြာ ကျွန်းမှာ သွားပြီး ခြံစိုက်နေတာဗျူ၊ ခု လန်ဒန်ကို အလည် ပြန်ရောက်နေတယ်၊ သူ့ခြံ အလုပ်သမားတွေ ဒီရောဂါ ဖြစ်တော့ အနီးအနား တစ်ပိုက်မှာ ဆေးရုံ တို့ ဆရာဝန်တို့လည်း မရှိဘူး၊ ဒီတော့ သူကိုယ်တိုင် ဒီရောဂါ အကြောင်းကို လေ့လာခဲ့တာ၊ သူ့ လေ့လာ တွေ့ရှိချက်တွေဟာ တော်တော်လေးကို အကျိုး ရှိတယ်၊ မစ္စတာ စမစ်က တော်တော် တိကျတဲ့လူ၊ ခင်ဗျားကို ခြောက်နာရီ ထိုးပြီးမှ သူ့ဆီကို သွားပါလို့ ပြောတာက တခြားကြောင့် မဟုတ်ဘူး၊ သူဟာ သူ့စာကြည့်ခန်းထဲကို ခြောက်နာရီ ထိုးမှ ဆင်းလာတတ်လို့၊ သူ့ကိုသာ ကျုပ်





ကို လာကြည့်အောင် ခေါ်နိုင်ရင် ကျုပ် ရောဂါ သက်သာသွားမှာပဲ၊ သူဟာ လည်း ဒီရောဂါမျိုး ဆိုရင် စူးစမ်းချင်တဲ့ ဝါသနာ ရှိပါတယ်'

ကျွန်ုပ်သည် စာဖတ်သူများ ရေလည်အောင် ရှားလော့ဟုမ်း စကား များကို ဆက်တိုက် ဖော်ပြသွားခြင်း ဖြစ်ပြီး တစ်ခါတစ်ရံတွင် ရပ်နား၍ အသက်ကို အနိုင်နိုင် ရှူရပုံ၊ ဝေဒနာ ပြင်းထန်လွန်းသဖြင့် လက်နှစ်ဖက်ကို ဖျစ်ညှစ် ဆုပ်နယ် နေရပုံတို့ကိုမူ ဖော်ပြခြင်း မပြုတော့ချေ။

ကျွန်ုပ် ရောက်ရှိ ပြီးသည့် နောက်၌ကား ရှားလော့ဟုမ်း အခြေအနေမှာ ဆိုးသည်ထက် ဆိုးလာခဲ့လေပြီ။ မျက်နှာပြင်တွင် အပိမ့်ကြီးများမှာ ထင်ရှား သည်ထက် ထင်ရှားလာခဲ့ လေပြီ။ နက်မှောင်သော မျက်တွင်းများထဲမှ မျက် လုံးများမှာလည်း တောက်ပြောင်သည်ထက် တောက်ပြောင်လာခဲ့လေပြီ။ စေး ထန်းသော ချွေးသီး ချွေးပေါက်ကြီးများသည် နဖူးပေါ်တွင် သီးလျက် ရှိသည့်တိုင် ရှားလော့ဟုမ်းကား ကြိုးစား၍ စကားကို အမျှင်မပြတ် ပြောဆိုလျက် ရှိလေ ၏။

နောက်ဆုံး စကားလုံး အထိ လေသံ တစ်ချက်မျှ မပျော့သေးဘဲ အာ ဏာသံ ပြင်းလျက် ရှိဆဲ ဖြစ်လေ၏။

'ဟိုရောက်လို့ ရှိရင် ကျုပ် အခြေအနေကို ပြောပြဗျာ၊ ခင်ဗျား မြင်တဲ့ အတိုင်း သေကောင်ပေါင်းလဲ ဖြစ်နေတဲ့ လူတစ်ယောက် သေခါနီး ငန်းဖမ်း နေတဲ့ လူတစ်ယောက် ဆိုတာ ပြောပြ၊ ပင်လယ် ကြမ်းပြင်ကြီး တစ်ခုလုံး ကမာ ကောင်တွေနှင့် ပြည့်နေရင် ကောင်းမှာဗျာ၊ ကမာကောင်များ တယ်ပြီး အပွား မြန် ဆိုကိုးဗျူ၊ သြော် စကားကလည်း ဘယ်ရောက် သွားပြန်ပါလိမ့်၊ ဦးနှောက်က ဦးနှောက်ကို ထိန်းချုပ်ပုံဟာ တော်တော် ထူးဆန်းတယ်နော်၊ နေ ပါဦး၊ ကျုပ် ဘာတွေ ပြောနေပါလိမ့်'

'မစ္စတာ စမစ်ကို ဘယ်လို ပြောရမယ် ဆိုတာ မှာနေတာလေ'

'သြော် ဟုတ်ပြီ၊ မှတ်မိပြီ၊ ကျုပ် အသက်ဟာ အဲဒီ အပေါ်မှာ တည်နေ ပြီ၊ သူ့ကို မလိုက် လိုက်အောင် တောင်းပန်ပြီး ခေါ်ခဲ့ပါ၊ ကျုပ်တို့ နှစ်ယောက် ကြားမှာ နည်းနည်း အဖုအထစ်ကလေးတွေ ရှိခဲ့ဖူးတယ်ဗျူ၊ သူ့တူ တစ်ယောက် နှင့် ပတ်သက်လို့ နည်းနည်း အဆင် မပြေတာလေးတွေ ရှိခဲ့တယ်၊ သူ့တူ မတော် မတရား လုပ်ထားတာကလေးတွေကို ကျုပ်က သူ့ကို ပြမိတယ်ဗျ၊ သူ့တူကတော့ သေသွားပါပြီ၊ အဲဒီကတည်းက ကျုပ်ကို အာဃာတ ရှိနေပုံ ကျတယ်၊ သူ့ကို ပြေရာပြေကြောင်း ပြောဗျာ၊ ကျုပ်ကို လာကြည့်ဖို့ တောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖန် ဆိုလည်း တောင်းပန်ခဲ့၊ ရှိခိုးဆိုလည်း ရှိခိုးခဲ့၊ ကျုပ်ကို ကယ်နိုင်တာ သူ တစ်ယောက်ပဲ ရှိတယ်၊ သူ တစ်ယောက်ပဲ ကျုပ်ကို ကယ်နိုင်တယ်'

'သူ လိုက်မယ် ဆိုရင်တော့ ကျွန်တော် ရထားနှင့် ခေါ်ခဲ့မယ်လေ'

'မလုပ်နှင့်၊ မလုပ်နှင့်၊ ဒီလို မခေါ်ခဲ့နှင့်၊ ကျုပ်ဆီကို လာအောင်သာ ခင်ဗျား ပြောခဲ့၊ ပြီးတော့ အကြောင်း တစ်ခုခု ပြပြီး ခင်ဗျားက အလျင်ပြန်ခဲ့၊ မမေ့နှင့်နော် အိုင်ဆေး၊ ကျုပ် ပြောတာ သေသေချာချာ မှတ်သွားနော်၊ လောကကြီးမှာ သတ္တဝါတွေ တိုးပွားလာတာကို ကန့်သတ်ပေးဖို့ အတွက် သဘာဝရန်သူတွေဟာ ရှိစမြဲပဲဗျ၊ အိုင်ဆေး ခင်ဗျားနှင့် ကျုပ်ကတော့ ကျုပ်တို့ လုပ်နိုင်တာတွေ လုပ်ခဲ့ပြီးပြီ မဟုတ်လား၊ ဒီအတိုင်း ဆိုရင် ကမ္ဘာကြီးကို ကမာကောင်တွေ လွှမ်းမိုးတာ ဘာဖြစ်လို့ ခံရမှာလဲ၊ မခံနိုင်ဘူးဗျ၊ မခံနိုင်ဘူး၊ အေးဗျာ၊ ကျုပ် အခြေအနေတော့ ခင်ဗျား မြင်တဲ့ အတိုင်းပဲ၊ သူ သဘော ပေါက်အောင်သာ ပြောခဲ့ပေတော့'

ကျွန်ုပ်သည် အလွန် ပဋိဘာန်ဉာဏ် ကောင်းသူ တစ်ယောက် ကလေးငယ် တစ်ယောက် ပမာ ပေါက်ကရ ပြောဆိုလျက် ရှိခြင်းကို စိတ်မကောင်းခြင်း ကြီးစွာဖြင့် ထားပစ်ခဲ့ပြီးနောက် ထွက်လာခဲ့လေ၏။ ရှားလော့ဟုမ်းသည် ကျွန်ုပ်အား တံခါးသော့ကို လှမ်းပေးပြီးလျှင် သူ တစ်ယောက်တည်း အခန်းတံခါး ပိတ်ကာ လုံလုံခြုံခြုံ နေရတော့မည် ဟူသော အတွေးမျိုးဖြင့် စိတ် သက်သာရာ ရသွားဟန် ရှိလေ၏။ အပြင်ဘက် ခန်းကူး လမ်းကြားကလေးထဲတွင် တုန်လှုပ် ငိုယိုလျက် ရှိသော မစ္စက် ဟတ်ဆန်ကို တွေ့ရလေ၏။ အောက်ထပ်သို့ အရောက်တွင် ကယောင်ကတမ်းဖြင့် အော်ဟစ်နေသော ရှားလော့ဟုမ်း၏ အသံ စူးစူးကို ကြားရလေ၏။

ကျွန်ုပ်က ပလက်ဖောင်းတွင် ရပ်ကာ မြင်းရထား တစ်စင်းကို လေချွန်၍ လှမ်းခေါ်လိုက်စဉ် နှင်းထဲမှ လူတစ်ယောက် ဘွားခနဲ ပေါ်လာကာ 'မစ္စတာ ဟုမ်း ဘယ့်နယ် နေသေးသလဲ' ဟု မေးလိုက်လေ၏။

ထိုလူမှာ ကျွန်ုပ်တို့၏ မိတ်ဆွေဟောင်း တစ်ဦး ဖြစ်သော စကော့တလန်ယာဒ်မှ အင်စပက်တော် မော်တန် ဖြစ်ပြီး အရပ်ဝတ် အရပ်စား တွိဒ်သက္ကလတ် ဝတ်စုံကို ဝတ်ထားလေ၏။

'အခြေအနေ သိပ်မကောင်းဘူးဗျ'

အင်စပက်တော် မော်တန်သည် ကျွန်ုပ်ကို ထူးထူးဆန်းဆန်း ကြည့်လိုက်၏။ သူ ကြည့်ပုံမှာ ထူးဆန်းလွန်းရကား ကြောက်စရာ မျက်နှာထား





ဟုတ်လျှင် ဟုတ် မဟုတ်လျှင် ဝမ်းသာအားရ ဖြစ်နေသော မျက်နှာထား ဖြစ်လိမ့်မည်ဟု ကျွန်ုပ် ထင်မိလေ၏။

'ဟုတ်တယ်၊ နေမကောင်းဘူး ကြားလို့'

မြင်းရထား ရောက်လာသဖြင့် ကျွန်ုပ်လည်း မြင်းရထားပေါ်သို့ တက်လိုက်လာခဲ့လေ၏။

အောက်ဘတ် လမ်းမှာ နော့တင်းဟီးလ် ရပ်ကွက်နှင့် ကင်ဆင်တန် ရပ်ကွက်ကြားတွင် ရှိပြီး အိမ်ကြီး အိမ်ကောင်းများ ပေါများသည့် ရပ်ကွက် တစ်ခု ဖြစ်လေ၏။

ကျွန်ုပ်တို့ ရထား ဆိုက်လိုက်သော မစ္စတာ စမစ်၏ အိမ်မှာ သံဝန်းဝင်းထရံ၊ ခေါက်တံခါး ထုထုကြီးနှင့် ပြောင်လက်သော ကြေးလက်ကိုင်ဘုများကြောင့် ပို၍ သပ်ရပ် သားနားလျက် ရှိလေ၏။ အနီရောင် လျှပ်စစ် မီးလုံးကလေး တစ်ခု ထွန်းထားသည့် တံခါးဝတွင် ပေါ်လာသော ဘဏ္ဍာစိုး၏ လေးနက် တင်းမာသည့် မျက်နှာထားမှာ ထိုအိမ်ကြီး၏ ခံ့ညား ထည်ဝါခြင်းနှင့် လိုက်လျောညီထွေ ဖြစ်လျက် ရှိလေ၏။

'ဟုတ်ကဲ့၊ မစ္စတာ ကာဗာတန် စမစ် ရှိပါတယ်၊ ဒေါက်တာ ဝပ်ဆင်တဲ့လား၊ ကောင်းပါပြီ ခင်ဗျာ၊ ဒေါက်တာရဲ့ ကတ်ပြားကို သွားပြပါ့မယ်'

ကျော်ကြားခြင်း မရှိသေးသော ကျွန်ုပ်၏ အမည်နှင့် ကျွန်ုပ်၏ ဘွဲ့သည် မစ္စတာ စမစ်ကို ဆွဲဆောင်ခြင်းငှာ တတ်နိုင်ဟန် မတူချေ။ ဟထားသော တံခါးကြားမှ အထက်စီးဖြင့် ပြောလိုက်သည့် ခပ်စူးစူး အသံကို ကျွန်ုပ် ကြားလိုက်ရလေ၏။

'ဘယ်က လူလဲကွ၊ ဘာကိစ္စတဲ့လဲ၊ ငါ စာကြည့်နေတုန်းမှာ ဘယ်သူ့ကိုမှ အတွေ့မခံနိုင်ဘူးလို့ မင်းကို ငါ ပြောထားတာ ဘယ်နှခါ ရှိပြီလဲ'

ဘဏ္ဍာစိုးက လေအေးကလေးဖြင့် ပြန်ပြောနေသံကို ကြားရ၏။

'မသိဘူးကွာ၊ မတွေ့နိုင်ဘူးလို့ ပြောလိုက်၊ အလုပ်ပျက် မခံနိုင်ဘူး၊ လူလာတိုင်း ဒီလို လက်သင့်ခံ စကား ပြောနေရရင် ဘယ်မှာ အလုပ် လုပ်ချိန် ရှိပါတော့မလဲ၊ အပြင် ထွက်သွားတယ်လို့ ပြောလိုက်၊ မတွေ့ မဖြစ်လို့ တွေ့ချင်တယ် ဆိုရင် မနက်ဖြန် မနက်မှ လာကြည့်လို့'

ဘဏ္ဍာစိုး၏ တတွတ်တွတ် အသံကို ကြားရပြန်၏။

'ကဲ ကဲ၊ ဒါဖြင့်လည်း မနက်ဖြန်မှ လာလို့၊ မလာနိုင်ရင်လည်း နေလို့၊ အလုပ် များနေတယ်လို့ ပြောလိုက်'



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ကား ကျွန်ုပ်သည် အိပ်ရာထက်တွင် ဘယ်ညာ လူးလိမ့်ရင်း ကျွန်ုပ် အလာကို လက်ချိုး စောင့်နေမည့် ရှားလော့ဟုမ်း၏ အဖြစ်ကို မြင်ယောင်လာလေ၏။ ဤအချိန်မှာ ယဉ်ကျေးဖွယ်ရာ ထုံးတမ်းစဉ်လာတို့ကို လိုက်နာနေရန် အချိန် မဟုတ်ချေ။ ရှားလော့ဟုမ်း၏ အသက်သည် ကျွန်ုပ်၏ မြန်ဆန်ခြင်း အပေါ်တွင် တည်နေသည့် အလျောက် အားတုံ့အားနာ ဖြစ်နေဟန် ရှိသော ဘဏ္ဍာစိုးက မည်သို့မျှ ပြောဆိုခြင်း မပြုရသေးမီ ကျွန်ုပ်သည် သူ့ကို တိုးဖေ့ကာ အခန်းထဲသို့ ဝင်လာခဲ့လေ၏။

ကျွန်ုပ်ကို မြင်သည့် အခါ၌ မီးဖိုဘေး ပက်လက် ကုလားထိုင်တွင် ထိုင်နေသည့် လူတစ်ယောက်သည် ဒေါသဖြင့် တစ်ချက် အော်လိုက်ပြီးလျှင် ထိုင်ရာမှ ထလိုက်လေ၏။ အထွတ်ထွတ် ဖြစ်ကာ အဆီတို့ဖြင့် ပြောင်ဝင်းနေသည့် ဝါထိန်နေသော မျက်နှာကြီးပေါ်တွင် မေးနှစ်ထပ်သည် အစ်အစ်ကြီး ပေါ်လျက် ရှိပြီး ထူထဲသော မျက်ခုံးမွေးများ အောက်မှ ပြာလဲ့သော မျက်လုံးများဖြင့် ကျွန်ုပ်အား စိုက်ကြည့်နေသည်ကို မြင်ရလေ၏။ ပြောင်တင်းနေသော ခေါင်းပြောင်ကြီးပေါ်တွင် ဆေးလိပ် သောက်ခန်းတွင် ဆောင်းလေ့ ရှိသည့် ကတ္တီပါ ဦးထုပ်နက်ကလေး တစ်လုံးကို ကလေးကလား တစောင်း ဆောင်းထားလေ၏။ ဦးခေါင်းကြီးမှာ အတော် ကြီးသည့် ဦးခေါင်း ဖြစ်သော်လည်း ငုံ၍ ကြည့်လိုက်သည့် အခါတွင် ထိုလူ၏ ခန္ဓာကိုယ်မှာ သေးကွေး ကြုံလှီလျက် ရှိသည်ကို အံ့သြစွာ တွေ့ရလေ၏။ ပခုံးမှာလည်း ငယ်ရွယ်စဉ်က အကြောသေ ရောဂါ ဖြစ်ဖူးသည့်နှယ် ကျဉ်းမြောင်း တွန့်လိမ်လျက် ရှိလေ၏။

ထိုလူသည် စူးရှသော အသံကလေးဖြင့်

'ဘာလဲ၊ ဘာကိစ္စ ခင်ဗျား ဝင်လာတာလဲ၊ မနက်ဖြန် မနက်မှ လာလို့ ခင်ဗျားကို ပြောလိုက်ပြီ မဟုတ်လား'

'ဝမ်းနည်းပါတယ်ဗျာ၊ ကိစ္စက အရေးကြီးလို့ပါ၊ မစ္စတာ ရှားလော့ဟုမ်းဟာ ...'

မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ နာမည်သည် ထိုလူကို တစ်မျိုးတစ်ဖုံ ဖြစ်သွားစေပေ၏။

ဒေါသ ထွက်နေသော အရိပ်အယောင်သည် မျက်နှာပေါ်မှ ရုတ်ခြည်း ပျောက်ကွယ်သွားခဲ့လေပြီ။ အမူအရာမှာ တုံ့ခနဲ ဖြစ်သွားကာ သတိ ရှိနေသော အမူအရာ ပေါ်လာလေ၏။

'ဟုမ်းဆီက လာတာလား'





'ခုလေးတင် သူ့ဆီက လာခဲ့တာပါ'

'သူ့ အခြေအနေ ဘယ့်နှယ် နေသေးသလဲ'

'တော်တော့်ကို နေထိုင်မကောင်း ဖြစ်နေတယ်ဗျ၊ ဒါကြောင့် ကျွန်တော် လာတာ'

ထိုလူသည် ကုလားထိုင် တစ်လုံးတွင် ထိုင်ရန် ကျွန်ုပ်ကို ညွှန်ပြပြီး နောက် သူ့ကုလားထိုင်တွင် ပြန်ထိုင်ရန် တစ်ဖက်သို့ လှည့်လိုက်စဉ်တွင် နာရီခင်ပေါ်ရှိ မှန်ထဲ၌ ပေါ်လာသော သူ့ မျက်နှာကို ကျွန်ုပ် မြင်လိုက်ရလေ၏။ သူ့ မျက်နှာပေါ်တွင် ပေါ်လာသည့် အပြုံးမှာ စက်ဆုပ်ဖွယ် ကောင်းလှသော ခလိုတမာ အပြုံးမျိုး ဖြစ်သည်ကို ကျွန်ုပ် သတိပြုလိုက်မိလေ၏။ သို့ရာတွင် ချက်ချင်း ကျွန်ုပ်ဘက်သို့ ပြန်လှည့်လိုက်သည့် အခါ၌ကား သူ့ မျက်နှာမှာ ရှားလော့ဟုမ်း အတွက် စိုးရိမ်တကြီး ဖြစ်နေဟန်ကို တွေ့လိုက်ရသည့် အတွက် ထိုအပြုံးသည် ရောဂါ တစ်ခုခုကြောင့် အကြောဆွဲခြင်းမျိုး ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ဘာသာ ကျွန်ုပ် တွေးကြည့်လိုက်မိပေ၏။

'ကြားရတာ စိတ်မကောင်းဘူးဗျာ၊ ကျွန်တော်နှင့် မစ္စတာ ဟုမ်းက လုပ်စရာကလေး တစ်ခု ရှိတာနှင့် တစ်ယောက်နှင့် တစ်ယောက် တွဲမိသွားကြတာ၊ အင်း အရည်အချင်းကလည်း တော်၊ စိတ်နေ စိတ်ထားကလည်း ကောင်း၊ ဒီလို ပုဂ္ဂိုလ်မျိုး ရှားပါတယ်၊ ကျွန်တော်က ရောဂါတွေနှင့် ပတ်သက်လို့ အပျော်တမ်း လေ့လာသလို သူကလည်း ရာဇဝတ် မှုခင်းတွေကို အပျော်တမ်း ဝါသနာကြောင့် လေ့လာနေတဲ့လူ မဟုတ်လား၊ သူ လူဆိုး လိုက်ရှာရသလို ကျွန်တော်ကလည်း ရောဂါပိုးတွေကို လိုက်ရှာရတာပလေ၊ ဟောဒီမှာ ကျွန်တော့်ပိုး အကျဉ်းထောင်'

ထိုလူသည် စားပွဲပေါ်တွင် တင်ထားသည့် ပုလင်းများနှင့် အိုးများကို ကျွန်ုပ်အား ပြသလေ၏။

'ကမ္ဘာကြီးမှာ အဆိုးဆုံး ဆိုတဲ့ ရောဂါပိုးတွေဟာ အဲဒီ ဓာတ်ဆေးရည်တွေထဲမှာ ထောင်နန်းစံနေကြရပြီလေ'

'ဟုတ်ကဲ့၊ မိတ်ဆွေက ရောဂါတွေနှင့် ပတ်သက်လို့ ကျွမ်းကျင်တဲ့ အတွက် မစ္စတာ ဟုမ်းက သိပ်တွေ့ချင်နေတာပါ၊ သူက မိတ်ဆွေကို သိပ်ချော်လင့်ချက် ထားနေပါတယ်ဗျာ၊ သူ့ကို ကယ်နိုင်မယ့်လူ ဆိုလို့ လန်ဒန် တစ်မြို့လုံးမှာ မိတ်ဆွေ တစ်ယောက်ပဲ ရှိတယ်တဲ့'

ထိုလူသည် အနည်းငယ် လှုပ်ရှားသွားလေရာ ခေါင်းပေါ်တွင် တစောင်း

www.burmeseclassic.com



ဆောင်းထားသည့် ကတ္တီပါ ဦးထုပ်ကလေးသည် ကြမ်းပြင်ပေါ်သို့ လျှောကျ သွားလေ၏။

'ဗျာ၊ ဘာဖြစ်လို့လဲ၊ သူ့ကို ကယ်နိုင်မယ့် လူလို့ ဘာကြောင့်များ ထင်နေရတာတဲ့တုံး'

'အပူပိုင်းဇုန် ရောဂါတွေနှင့် ပတ်သက်လို့ ခင်ဗျားက တော်တော် ကျွမ်းကျင်လို့တဲ့'

'နို့ နေစမ်းပါဦး၊ သူ့ ရောဂါက အရှေ့တိုင်း အပူပိုင်းဇုန်က ရောဂါမျိုးလို့ သူက ဘာကြောင့် ထင်နေရတာတုံး'

'အမှုကိစ္စ တစ်ခုနှင့် ပတ်သက်ပြီး စုံစမ်းစရာ ရှိတာနှင့် သင်္ဘောဆိပ်က တရုတ် သင်္ဘောသားတွေကြားထဲ သွားရင်း ရောဂါ ကူးလာတာပါ'

မစ္စတာ ကာဗာတန် စမစ်သည် ချိုသာစွာ ပြုံးလိုက်ကာ ကြမ်းပြင်တွင် ကျနေသည့် ဆေးလိပ်သောက် ဦးထုပ်ကလေးကို ကောက်ယူလိုက်လေ၏။

'အို ဟုတ်လား၊ ဖြစ်မှဖြစ်ရလေဗျာ၊ ခင်ဗျား ပြောသလောက် ဆိုးမယ်တော့ မထင်ပါဘူး၊ နေထိုင်မကောင်း ဖြစ်နေတာ ဘယ်လောက် ကြာပြီလဲ'

'သုံးရက်လောက် ရှိပါပြီ'

'ငန်းတို့ ဘာတို့ ဖမ်းသေးသလား'

'တစ်ခါတစ်ရံ ဖမ်းပါတယ်'

'ဖြစ်မှဖြစ်ရလေဗျာ၊ ဒီလိုဆိုရင်တော့ တော်တော်လေး ရောဂါ ပြင်းဟန် တူတယ်၊ သူက အားကိုးတကြီးနှင့် ခေါ်လို့မှ မလိုက်ရင် လူစိတ် မရှိရာ ရောက်မှာပေါ့လေ၊ စာစာတုန်းကတော့ ကျွန်တော့် အလုပ်ကို အနှောင့်အယှက် ဖြစ်တဲ့ အတွက် တော်တော်လေး စိတ်ဆိုးမိသဗျ၊ သို့သော်လည်း ခုကိစ္စကတော့ ခြွင်းချက်ပေါ့လေ၊ ကျွန်တော် ခုပဲ ခင်ဗျားနှင့် အတူ လိုက်ခဲ့မယ်လေ'

ရှားလော့ဟုမ်း တဖွဖွ မှာလိုက်သည့် စကားများကို ကျွန်ုပ် ပြန်၍ သတိ ရလိုက်ပေ၏။

'ကျွန်တော့်မှာ ချိန်းထားတာ တစ်ခု ရှိပါတယ်'

'ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း ကျွန်တော် တစ်ယောက်တည်းပဲ သွားရမှာပေါ့၊ မစ္စတာ ဟုမ်းရဲ့ အိမ်လိပ်စာကို ကျွန်တော် မှတ်ထားပါတယ်၊ စိတ်ချပါ၊ နာရီဝက် အတွင်း ကျွန်တော် အရောက် သွားလိုက်ပါ့မယ်'

ကျွန်ုပ်သည် စိတ်လေးလေးဖြင့် ရှားလော့ဟုမ်း၏ တိုက်ခန်းသို့ ပြန် ရောက်လာခဲ့လေ၏။ ကျွန်ုပ် မရှိစဉ်တွင် တစ်စုံတစ်ခုများ ဖြစ်သွားလေပြီလော





ဟု ကျွန်ုပ် စိတ်ထဲတွင် တထင့်ထင့် ဖြစ်လျက် ရှိလေ၏။ ကျွန်ုပ် မရှိသည့် အချိန်တွင်း အခြေအနေ အတော် ကောင်းမွန် တိုးတက်နေသည်ကို မြင်လိုက်သည့် အခါကျမှပင် ကျွန်ုပ်မှာ သက်ပြင်းကို ချနိုင်ပေ၏။ ရှားလော့ဟုမ်း၏ ပုံပန်းမှာ ခပ်စောစောကကဲ့သို့ပင် ဖြူရော်လျက် ရှိသည့်တိုင် ငန်းဝင်သည့် လက္ခဏာချက်များမှာ ပျောက်ကွယ်သွားကြလေပြီ။ လေသံမှာ ခပ်သဲ့သဲ့မျှသာ ရှိသော်လည်း ခါတိုင်းထက် တည်ငြိမ် ဖျတ်လတ်လျက် ရှိသည်ကို တွေ့ရပေ၏။

'ဘယ်လိုလဲဗျို့၊ တွေ့ခဲ့ရဲ့လား'

'တွေ့ခဲ့ပါတယ်၊ လာပါလိမ့်မယ်'

'ဟန်ကျလိုက်လေဗျာ၊ ခင်ဗျားကတော့ စေတမန် အဖြစ် လွှတ်ဖို့ အကောင်းဆုံး လူတစ်ယောက်ပဲ'

'သူက ကျွန်တော်နှင့် တစ်ပါတည်း လိုက်ချင်တာဗျ'

'ဘယ်ဖြစ်မလဲဗျာ၊ မဟုတ်တာ၊ ဒါကတော့ ဘယ်နည်းနှင့်မှ လိုက်လို့ မဖြစ်ဘူး၊ ကျုပ် နေမကောင်းတာ ဘာဖြစ်လို့လဲလို့ကော မေးသေးသလား'

'အရှေ့ဖျား ရပ်ကွက်က သင်္ဘောဆိပ်တွေကို ကိစ္စ တစ်ခုနှင့် သွားရင်း တရုတ် ကူလီတွေဆီက ကူးလာခဲ့တာလို့ ပြောခဲ့တယ်'

'ဟုတ်လိုက်လေဗျာ၊ ဒေါက်တာ ဝပ်ဆင် တော်ပါပေတယ်၊ မိတ်ဆွေကောင်း တစ်ယောက်ရဲ့ တာဝန် ကျေပွန်ပါပေတယ်၊ ကဲ ခင်ဗျား ကိစ္စတော့ ပြီးပြီဗျ၊ ပြန်ချင်တယ် ဆိုရင် ပြန်နိုင်ပါပြီ'

'ကျွန်တော် သူ့ ထင်မြင်ချက်ကို သိချင်သေးတယ်ဗျာ'

'အင်း ခင်ဗျား အနေနှင့် သိချင်တယ် ဆိုရင်လည်း ဟုတ်မှာပလေ၊ သို့သော်လည်း ကျုပ်တို့ နှစ်ယောက်တည်း ဆိုရင် သူ့ အနေနှင့် ပို ပွင့်လင်းပြီး ပိုပြီးများ အကြံကောင်း ဉာဏ်ကောင်းများ ပေးနိုင်မလား မသိဘူးဗျ၊ ကျုပ် ခုတင် ခေါင်းရင်းမှာ အခန်း တံခါး ရှိတယ်ဗျာ၊ အဲဒီ အခန်းထဲ ဝင်ပုန်းနေ'

'မဟုတ်တာဗျာ'

'ဒီပြင် နည်းလမ်း မရှိဘူး အိုင်ဆေး၊ လုံချင်မှတော့ လုံမယ်၊ သို့သော်လည်း သင်္ကာမကင်း ဖြစ်စရာတော့ အကြောင်း မရှိပါဘူး၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ ဒီအထဲမှာပဲ နေပေတော့'

ထိုစဉ် ရှားလော့ဟုမ်း၏ ချုံးကျနေသော မျက်နှာသည် တင်းသွားပြီးနောက်

'အလို အလို၊ ဘီးကြီးတွေ လိမ့်လာနေပြီဗျ၊ ဗျို့ ဒေါက်တာ ဝပ်ဆင်၊



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါဦး၊ ကျုပ်ကို ချစ်ရင် ကယ်ပါဦး၊ မသွားပါနှင့်ဗျာ၊ နေပါဦး၊ နေပါဦး ကျုပ် ပြောတာ ကြားတယ် မဟုတ်လား၊ စကား မပြောပါနှင့်၊ ကျုပ် ပြောတာကို နားထောင်ပါဦး၊ မလှုပ်နှင့် ဝပ်ဆင်၊ မလှုပ်နှင့်၊ ကျုပ် ပြောတာကို နားထောင်စမ်းပါ'

ထိုနောက် ရှားလော့ဟုမ်းသည် ရုတ်တရက် အားကုန်သွားဟန်ဖြင့် ရှေ့ခွေသွားကာ အမိန့်ပေးနေသည့် စကားသံမှာလည်း တဖြည်းဖြည်း ပျော့သွားပြီးလျှင် နောက်ဆုံး၌ လေသံကလေးဖြင့် ညည်းတွားသံမျှလောက်သာ ကျန်တော့သည်။

ပုန်းနေရမည့် အခန်းထဲသို့ ကျွန်ုပ် ရောက်သွားပြီး ချက်ချင်း ဆိုသလို ပင် လေ့ကားမှ ခြေသံများနှင့် အိပ်ခန်း တံခါးကို ဖွင့်သံ ပိတ်သံတို့ကို ကြားလိုက်ရပြီး နောက်တွင်ကား ရှားလော့ဟုမ်း၏ အသက် ပြင်းစွာ ရှူသံမှ လွဲလျှင် တိတ်ဆိတ်လျက် ရှိသည့် အတွက် ကျွန်ုပ်မှာ အံ့အားသင့်လျက် ရှိလေ၏။

ကျွန်ုပ် စိတ်အထင်တွင်မူ မစ္စတာ စမစ်သည် ခုတင်ဘေးတွင် ရပ်၍ လူမမာကို ကြည့်ရှုနေလိမ့်မည်ဟု ထင်မိပေ၏။

ထိုနောက် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည့် အသံ တစ်သံ ပေါ်လာလေ၏။

'ဟုမ်း၊ ဗျို့ မစ္စတာ ဟုမ်း' ဟု အိပ်နေသူကို နိုးသည့် အသံမျိုးကို ကြားရလေ၏။

'မစ္စတာ ဟုမ်း၊ ကျွန်တော် ခေါ်တာ ကြားရဲ့လားဟင်၊ ကြားရဲ့လား' ဟူသော အသံနှင့် အတူ လှုပ်လှုပ်ရှရှ အသံများကို ကြားရသည့် အတွက် ရှားလော့ဟုမ်းအား ပခုံးမှ ဆွဲလှုပ်နေသည်ဟု ကျွန်ုပ် ထင်လိုက်မိပေ၏။

'မစ္စတာ စမစ်နော်၊ ကျွန်တော် ခင်ဗျား လာမှ လာပါ့မလားလို့ဗျာ' ဟူသော ရှားလော့ဟုမ်း၏ အသံ သဲ့သဲ့ကို ကြားရလေ၏။

မစ္စတာ စမစ်က ရယ်လိုက်၏။

'မလာဘူးလို့ အောက်မေ့နေတာဗျ၊ ခုတော့ ရောက်နေပြီ မဟုတ်လား မစ္စတာ ဟုမ်း၊ မီးခဲတွေဗျ မစ္စတာ ဟုမ်း၊ မီးခဲတွေ'

'အေးဗျာ၊ ခင်ဗျား စိတ်ကောင်း ရှိပါပေတယ်၊ စိတ်သဘောထား မြင့်မြတ်ပါပေတယ်၊ ခင်ဗျားရဲ့ ပညာကို ကျွန်တော် လေးစားပါတယ်'

ညှော်သည်က တစ်ချက် ရယ်လိုက်၏။





'အင်း ခင်ဗျား ဖြစ်တယ် ဆိုတော့ တော်သေးတာပေါ့ဗျာ၊ လန်ဒန်မြို့ တစ်မြို့လုံးမှာ ဖြစ်တဲ့လူ ဆိုလို့ တ[illegible]ပဲ ရှိ[illegible]၊ ခင်ဗျား ဘာဖြစ်လဲ သိရဲ့လားဟင်'

'ဒီအတိုင်းပဲပေါ့ဗျာ'

'လက္ခဏာချက်တွေကိုကော မှတ်မိ[illegible]'

'မှတ်မိပါတယ်ဗျာ'

'ဒီလိုဆိုရင်တော့ ကျွန်တော် မအံ့သြတော့ပါဘူးဗျာ၊ ဒီအတိုင်းသာ ဖြစ်ရိုး မှန်ရင် သတိသာ ထားပေတော့ဗျို့၊ ကျုပ်တူ ဗစ်တာဟာ ခင်ဗျား မြင်တဲ့ အတိုင်းပဲ သန်သန်မာမာ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတယ်၊ လေးရက်လည်း မြောက်ရော မခံနိုင်တော့ဘူး၊ သေရှာတာပဲ၊ လန်ဒန် မြို့လယ်ကောင်ကြီးမှာ နေပြီး အရှေ့ဖျားက ရောဂါမျိုး စွဲကပ်တယ် ဆိုတာကတော့ တကယ် အံ့သြစရာပဲဗျာ၊ ပြီးတော့ သူ ဖြစ်တဲ့ ရောဂါကလည်း ကျွန်တော် အထူး လေ့လာထားတဲ့ ရောဂါ ဆိုတော့ တိုက်ပဲ တိုက်ဆိုင်လွန်းလှတယ်၊ ဒီအချက်ကို ခင်ဗျား သတိပြုလိုက်မိတာကတော့ တော်ပါပေတယ်၊ သို့သော်လည်း ဒီရောဂါကြောင့် ဒီလို ဖြစ်ရတယ်လို့ ထင်တာကတော့ မဟုတ်သေးဘူးဗျ'

'ခင်ဗျား လုပ်တယ် ဆိုတာ ကျုပ် သိပါတယ်ဗျာ'

'သြော် ခင်ဗျား သိတယ် ဟုတ်လား၊ ဒါပေမဲ့ ခင်ဗျား သက်သေ အထောက်အထား မပြနိုင်ပါဘူးဗျ၊ ကျုပ် လုပ်တယ် ဆိုပြီး သတင်းတွေကို လိုက်ဖြန့်၊ ပြီးတော့ ခင်ဗျား ကိုယ်တိုင် ဒုက္ခ တွေ့တော့ ကျုပ်ကို ခယဝယ လုပ်ပြီး ခေါ်တာကတော့ မကောင်းဘူးပေါ့ဗျာ၊ ခင်ဗျား ကစားနည်းက ဘယ်လို ကစားနည်းလဲဗျ၊ အလို'

ရှားလော့ဟုမ်း၏ တကူးကူးနှင့် ချွဲကျုပ်လျက် ရှိသော အသက်ရှူသံကို ကျွန်ုပ် ကြားလိုက်ရလေ၏။

'ရေပေးပါဗျာ၊ ရေ … ရေပေးပါ'

'ခင်ဗျား သိပ် ကြာကြာ မခံတော့ဘူး မိတ်ဆွေ၊ သို့သော်လည်း ခင်ဗျား မသေခင်မှာ ပြောစရာ ရှိတာကလေးကို ပြောလိုက်ချင်သေးတယ်၊ ဒါကြောင့် ကျုပ် ခင်ဗျားကို ရေပေးမယ်၊ ရော့ အို အို ဖိတ်ကုန်မယ်လေ၊ ဟုတ်ပြီ၊ ကျုပ် ပြောတာကို နားထောင်နိုင်ပါဦးမလား'

ရှားလော့ဟုမ်းက တစ်စုံတစ်ရာကို လေသံဖြင့် ပြန်ပြောလိုက်၏။

'ကျုပ်ကို ကယ်ပါဗျာ၊ ပြီးပြီးသားတွေ ပြီးပါစေတော့၊ မေ့မယူပါနှင့်



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ဒီစကားတွေ ကျုပ် မေ့ထားလိုက်ပါတော့မယ်၊ တကယ် ပြောတာပါ၊ ကျုပ်ကိုသာ ကူပေးပါ၊ ကျုပ် တကယ် မေ့လိုက်ပါတော့မယ်'

'ဘာကို မေ့မှာလဲ'

'ဗစ်တာ သေတဲ့ ကိစ္စကို ပြောတာပါ၊ ခုပဲ ခင်ဗျား လုပ်တယ်လို့ ဝန်ခံပြီးပြီ မဟုတ်လား၊ ကျုပ် မေ့ပစ်လိုက်ပါ့မယ်'

'ဒါတော့ ခင်ဗျား ဘာဘာ မေ့ချင်မေ့ မမေ့ချင် နေပေါ့ဗျာ၊ သဘော ပေါ့၊ ခင်ဗျားကိုတော့ ကျုပ် သက်သေခံ ဝက်ခြံကလေးထဲမှာ မြင်ရတော့မှာ မဟုတ်တာ သေချာတယ်၊ သက်သေခံ ဝက်ခြံ အစား မသာခေါင်းထဲမှာ တွေ့ရတော့မှာ၊ ကျုပ်တူ ဘယ်လို သေသွားတယ် ဆိုတာ ခင်ဗျား သိသိ မသိသိ အရေးမကြီးတော့ပါဘူး၊ ခုကိစ္စကလည်း သူ့ အကြောင်း ပြောနေတာ မဟုတ်ပါဘူး၊ ခင်ဗျား အကြောင်းကို ပြောနေတာပါ'

'ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်'

'ကျုပ်ဆီ လာတဲ့ လူ နာမည်ကိုတောင် မေ့သွားပါပြီ၊ အဲ သူက ပြောတော့ ဒီရောဂါကို အရှေ့ဖျား ရပ်ကွက် သင်္ဘောဆိပ်က သင်္ဘောသားတွေဆီက ကူးလာတာတဲ့'

'နို့ ဒီနေရာကပဲ ကူးစရာ ရှိတော့တာကိုးဗျ'

'ခင်ဗျားက ခင်ဗျားကိုယ်ကို တယ်လည်း အထင်ကြီးတာကိုး မစ္စတာ ဟုမ်းရဲ၊ ဦးနှောက် ကောင်းလှပြီပေါ့၊ တော်လှပြီပေါ့ ဟုတ်စ၊ ဒီရောဂါကို ဒီပြင် နေရာက ရတယ်လို့ မစဉ်းစားမိတော့ဘူးလား'

'ကျွန်တော်တော့ စဉ်းစားလို့ မရတော့ဘူးဗျာ၊ ခေါင်းထဲမှာ ဘာကိုမှ စဉ်းစားလို့ မရတော့ဘူး၊ ရှိကြီးခိုးပါရဲ့ဗျာ၊ ကျွန်တော့်ကို ကယ်ပါ'

'ကောင်းပြီလေ၊ ခင်ဗျားကို ကျုပ် ကယ်မယ်၊ ခင်ဗျား ဘယ်အခြေအနေ ရောက်နေသလဲ၊ ဘယ်လိုလုပ် ရောဂါ ရလာသလဲ ဆိုတာကို မှတ်မိအောင် ကျုပ် ပြောပြမယ်၊ ဒါလေးကိုတော့ မသေခင် သိသွားစေချင်တယ်'

'ကျွန်တော့် ဝေဒနာကို သက်သာအောင် လုပ်ပေးပါဗျာ'

'ဩော် တော်တော် ခံနေရပြီပေါ့၊ သင်္ဘော ကူလီတွေကတော့ သေခါနီးမှာ ဝက်အော်သလို အော်ပြီး သေသွားကြတာပဲဗျ၊ ခင်ဗျားလည်း ဒီအတိုင်း ဖြစ်လိမ့်မယ်လို့ ထင်တယ်'

'ဟုတ်ပါတယ်ဗျာ၊ ဒီအတိုင်း ဖြစ်ပြီး သေရတော့မှာပါ'

'သို့သော်လည်း ခင်ဗျား ကျုပ် ပြောတာတွေကိုတော့ နားထောင်နိုင်





သေးတယ် မဟုတ်လား၊ ကဲ နားထောင်၊ ခင်ဗျား ရောဂါ လက္ခဏာချက်တွေ ပေါ်ခါနီးမှာ ထူးထူးခြားခြား ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကို စဉ်းစားလို့ ရ သေးသလား'

'ဟင့်အင်း၊ မရဘူးဗျ'

'စဉ်းစားကြည့်စမ်းပါဦး'

'စဉ်းစားလို့ မရတော့ဘူးဗျ၊ နေလို့ တော်တော် ဆိုးနေပြီ'

'ကဲ ဒီလိုဆို ကျုပ် အစ ဖော်ပေးမယ်ဗျာ၊ ခင်ဗျားဆီကို စာတိုက်က နေ တစ်ဆင့် တစ်ခုခု ရောက်မလာဘူးလား'

'စာတိုက်က တစ်ဆင့်'

'ဥပမာ သေတ္တာတို့ ဘာတို့ပေါ့ဗျာ'

'ကျွန်တော် သွေးဆုတ်နေပြီဗျ၊ ကျွန်တော် သေတော့မယ် ထင်တယ်ဗျ'

'ဗျို့လူ နားထောင်စမ်း'

သေခါနီး လူမမာကို ကိုင်လှုပ်နေသည့်နှယ် အသံဗလံများကို ကြားရ လေ၏။

ကျွန်ုပ်ကား ပုန်းအောင်းနေသည့် ချောင်ကလေးထဲတွင် ကုပ်နေရန်မှ အပ ဘာမျှ မတတ်နိုင်တော့ချေ။

'ဗျို့လူ ကျုပ် ပြောတာကို နားထောင်စမ်း၊ ကျုပ် ပြောတာကို နားထောင် ရမယ်၊ သေတ္တာ တစ်လုံး ရောက်တာကို မစဉ်းစားမိဘူးလား၊ ဆင်စွယ် သေတ္တာ ကလေး၊ ဗုဒ္ဓဟူးနေ့က ရောက်တယ်၊ ခင်ဗျား ဖွင့်ကြည့်တယ်၊ မှတ်မိပလား'

'ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်၊ ကျွန်တော် ဖွင့်ကြည့်မိပါတယ်၊ အထဲ မှာ တော်တော် သန့်တဲ့ စပရိန် တစ်ခု တပ်ထားတယ်၊ ဘယ်သူကများ နောက် ပြောင်'

'ဒါ နောက်တာ မဟုတ်ဘူးဗျ၊ ဘာ အောက်မေ့နေသလဲ၊ အလကား လူ၊ ကျုပ် သွားမယ့် လမ်းကို ဘာဖြစ်လို့ လျှောက်ချင်ရတာလဲ၊ ခင်ဗျားကို ဘယ်သူက အလျှောက်ခိုင်းသလဲ၊ ကျုပ်ကို မနှောင့်ယှက်ရင် ခင်ဗျားကို ကျုပ် ဘာမှ ဒုက္ခပေးစရာ အကြောင်း မရှိဘူး'

ရှားလော့ဟုမ်းက အသက်ကို အနိုင်နိုင် ရှူလျက် ရှိရာမှ

'ကျွန်တော် မှတ်မိပါပြီဗျာ၊ မှတ်မိပါပြီ၊ စပရိန်ကလေးရယ်၊ သွေးရိုန် စုးပြီး သွေးတွေ ထွက်လာတယ်ဗျ၊ အဲဒီ သေတ္တာ၊ အဲဒီ သေတ္တာက စားပွဲပေါ် မှာ ရှိတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'အလို လက်စသတ်တော့ ဒီပေါ်မှာ ရောက်နေတာကိုး၊ ဟုတ်ပြီ ဒီ သေတ္တာပဲ၊ ဒီသေတ္တာကို ကျုပ် ယူသွားရမယ်၊ ကဲ ကိုယ့်လူ၊ ခင်ဗျား ဘာ တတ်နိုင်သေးသလဲ၊ ခင်ဗျား အားကိုးအားထား ပြုရမယ့် သက်သေခံ ပစ္စည်း ဆိုလို့ ဘာမှ မရှိတော့ဘူး မဟုတ်လား၊ ဒါ နောက်ဆုံး သက်သေခံ ပစ္စည်းပဲ၊ ဒါပေမဲ့ ကျုပ်ကို ဒီလောက် ဒုက္ခ ပေးခဲ့တဲ့လူ ဒီပစ္စည်းကလေး ပြန်ရရုံနှင့် ပြီး ရိုးလားဗျာ၊ ကျုပ် အကြောင်းကို သိအောင်တော့ ပြုရဦးမှာပေါ့၊ ခု ခင်ဗျား ကျုပ် လက်ချက်နှင့် သေရတာ ဆိုတာကို သိပြီး သေရတော့မယ်၊ ဗစ်တာ သေခဲ့ရတဲ့ အကြောင်းကို ခင်ဗျား ကောင်းကောင်း သိတယ် မဟုတ်လား၊ ခု လည်း ခင်ဗျားကို သူ့နောက်ကို ပို့လိုက်ရတော့မှာပဲ၊ ခင်ဗျား သေတော့မယ် ဗျ၊ သိရဲ့လား၊ ကျုပ် ဟောဒီမှာ ထိုင်ပြီး ခင်ဗျား သေတာကို ကြည့်သွားဦး မယ်'

ရှားလော့ဟုမ်း၏ အသံမှာ ခပ်သဲ့သဲ့ကလေးမျှသာ ပေါ်ထွက်လာ၏။

'ဘာ ဘာပြောတယ်၊ မီးထွန်းပေးပါ၊ ဟုတ်လား၊ ဩ လက်စသတ် တော့ ခင်ဗျား ရင်ထဲမှာ အမှောင်ကြီး ကျလာပြီ မဟုတ်လား၊ ရပါတယ်ဗျာ ထွန်းပေးတာပေါ့၊ မီးထွန်းရင် ခင်ဗျား သေတာကို ကျုပ် ကောင်းကောင်း ကြည့်လို့ ရတာပေါ့၊ ပိုတောင် ကောင်းသေး'

စမစ်သည် အခန်းထောင့်သို့ သွားကာ ခလုတ်ဖွင့် မီးအိမ်ကို ထွန်းလိုက် သဖြင့် အခန်းသည် လင်းသွားလေ၏။

'ဘယ်လိုလဲ မိတ်ဆွေကြီး၊ နောက်ထပ် ဘာလုပ်ပေးစေချင်သေးသလဲ၊ ဘာလိုချင်သေးသလဲ'

'စီးကရက်နှင့် မီးခြစ်ကလေး လှမ်းလိုက်ပါဗျာ'

ကျွန်ုပ်မှာ ဝမ်းသာခြင်း အံ့သြခြင်းတို့ကြောင့် ထ၍ ခုန်မိတော့မတတ် ပင် ဖြစ်သွားလေ၏။

ရှားလော့ဟုမ်း နောက်ဆုံး ပြောလိုက်သော အသံမှာ အနည်းငယ် နွမ်းနယ်နေဟန် ရှိသည့်တိုင် ကျွန်ုပ် သိသော ကျွန်ုပ် ကြားနေကျ ဖြစ်သော ပင်ကိုယ်သံ ဖြစ်လေ၏။

အတန်ကြာမျှ တိတ်ဆိတ်လျက် ရှိလေရာ ကာဗာတန် စမစ်သည် ခုတင် ဘေးတွင် ရပ်ကာ ရှားလော့ဟုမ်းကို တအံ့တသြဖြင့် စိုက်ကြည့် နေလိမ့်မည် ဟု ကျွန်ုပ် ထင်မိပေ၏။

အတန်ကြာသည့် အခါတွင် ကွဲအက် ခြောက်ကပ်သော အသံဖြင့်





'ဒါ ဘာသဘောလဲ'

'သရုပ်ဆောင်ပြီး လုပ်တယ် ဆိုတာ သရုပ်နှင့် တူရမှာပဗျာ၊ အခန်း တစ်ခန်း ကို အကောင်းဆုံး သရုပ်ဆောင် ပြချင်ရင် ကိုယ်ကိုယ်နှိုက်က တကယ် ဖြစ်ပြ ရမှာပေါ့၊ သောက်ကျိုးနည်းဗျာ၊ လုပ်လိုက်ရတာ သုံးရက်လုံးလုံး အရည်လည်း မသောက်ရ၊ အဖတ်လည်း မစားရ၊ ခု ခင်ဗျားက ရေလေး တစ်ဖန်ခွက် တိုက် တော့မှပဲ နေသာထိုင်သာ ရှိသွားတော့တယ်၊ အဆိုးဆုံးကတော့ ဆေးလိပ် ငတ် တာပဲဗျ၊ ဟောဒီမှာ စီးကရက် နည်းနည်း ရှိသေးတယ်၊ စီးကရက် သောက်ရ တာက ပိုကောင်းတယ်'

မီးခြစ် ခြစ်သံကို ကြားလိုက်ရလေ၏။

'အလို အလို၊ ညှော်သည်များလား မသိဘူး၊ ခြေသံ ကြားလိုက်တယ် မှတ်တယ်'

အပြင်ဘက်မှ ခြေသံများ ကြားရပြီးလျှင် တံခါး ပွင့်လာကာ အင်စပက် တော် မော်တန် ဝင်လာလေ၏။

'ကဲ အင်စပက်တော်ကြီး၊ အားလုံး ကိစ္စပြီးပါပြီဗျာ၊ ဟောဒီမှာ ခင်ဗျား တို့ လူ'

အင်စပက်တော် မော်တန်က ထုံးစံ အတိုင်း လိုအပ်သည့် သတိကို ဆောင်လျက်

'ဗစ်တာ ဆဲဗိတ် ဆိုသူကို သတ်မှုနှင့် ခင်ဗျားကို ဖမ်းတယ်'

ရှားလော့ဟုမ်းက ခစ်ခနဲ တစ်ချက်မျှ ရယ်လိုက်လျက်

'ရှားလော့ဟုမ်း ဆိုသူကို သတ်ရန် ကြံစည်မှုလည်း ပါသေးတယ်ဗျ'

'အင်စပက်တော်ကြီးရေ၊ လူမမာကြီးကို ကူညီချင်ရှာလို့ ထင်ပါရဲ့၊ ဟောဒီက မစ္စတာ စမစ်က မီးအိမ် ထွန်းပြီး အချက် ပြပေးတယ်ဗျ၊ သြော် သူ့ ကုတ်အင်္ကျီ ညာဘက် အိတ်ထဲမှာ ဆင်စွယ် သေတ္တာကလေး ရှိတယ်ဗျ၊ အဲဒီ သေတ္တာကလေးကိုလည်း သက်သေခံ ပစ္စည်း အဖြစ် ယူထားလိုက်စမ်း ပါဦး၊ ဟုတ်ပြီ၊ ကျေးဇူးပဲ၊ အလိုလေး၊ အသာ လုပ်ပါဗျာ၊ တော် တော် ကြာ သေတ္တာလေး ကျိုးပဲ့သွားပါ့မယ်၊ ဟောဒီမှာ ချဗျ၊ ဒီသေတ္တာဟာ အမှုမှာ တော် တော် အရေး ကြီးတယ်နော်'

လှုပ်လှုပ်ရှားရှား အသံများကို ကြားလိုက်ရပြီးလျှင် ချွင်ချွင် မြည်သော လက်ထိတ်သံ၊ နာကျင် ပြင်းပြစွာ အော်သံတို့ကို ဆက်တိုက် ကြားလိုက်ရလေ ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ လူ၊ ဘာမှတ်သလဲ၊ ခင်ဗျား နာသွားချင်သလား၊ ငြိမ်ငြိမ်နေ' ဟူသော အင်စပက်တော် မော်တန်၏ အသံနှင့် လက်ထိတ် ခတ်သံများကို ကြားလိုက်ရလေ၏။

'ဒါ ကျုပ်ကို သက်သက် ထောင်ဖမ်းတာပေါ့လေ၊ ဗျို့လူ ဟုမ်း၊ ထောင်ထဲ ရောက်မှာက ကျုပ် မဟုတ်ဘူး၊ ခင်ဗျားရယ်၊ သိလား၊ သူ့ ရောဂါကို ကုပေးဖို့ ခေါ်လို့ ကျုပ် ဒီကို ရောက်လာတာ၊ ကျုပ် သူ့ အတွက် စိတ်မကောင်းဖြစ်လို့ လာတာ၊ ဒီရောက်တော့ သူက ဟန်ဆောင်တယ်၊ ခု ကျုပ် မပြောတဲ့ စကားတွေကို လုပ်ကြံပြီး ရုံးတော်မှာ ထွက်တော့မယ်၊ လုပ်ပေါ့ဗျာ၊ ခင်ဗျား ကြိုက်သလောက် လိမ်ပေါ့၊ တစ်နေ့ကျရင် ကျုပ် အကြောင်း ခင်ဗျား သိမှာပေါ့'

ရှားလော့ဟုမ်းက

'အလို၊ ကျုပ် သူ့ကို လုံးလုံး သတိ မရဘူးဗျာ၊ အိုင်ဆေး ဝပ်ဆင်ရေ၊ ဆောရီးဗျာ၊ တောင်းပန်ပါတယ်၊ ကြည့်စမ်း၊ ခင်ဗျား ရှိတာကို လုံးလုံး သတိမရဘူး၊ မစ္စတာ ကာဗာတန် စမစ်၊ ဟောဒီက ဒေါက်တာ ဝပ်ဆင်နှင့် မိတ်ဆက်ပေးစရာ လိုမယ် မထင်ပါဘူးနော်၊ ညနေတုန်းက တွေ့ခဲ့ပြီးပြီပဲ၊ ဗျို့ မော်တန်၊ ခင်ဗျားမှာ ရထား ပါတယ်နော်၊ ကျုပ်လည်း ဌာနကို လိုက်ခဲ့မယ်ဗျာ၊ အသုံး တည့်လို တည့်ငြားပေါ့'

အဝတ်အစား လဲနေစဉ်တွင် ရှားလော့ဟုမ်းသည် ဘီစကွတ် မုန့်နှင့် ကလဲရက် ဝိုင်ကို သောက်ရင်း

'သောက်ကျိုးနည်း ဆာလိုက်တာဗျာ၊ ဒီလောက် တစ်ခါမှ မဆာဖူးဘူး၊ သို့သော်လည်း ခင်ဗျား သိတဲ့ အတိုင်း ကျုပ်က အအိပ် မမှန် အစားမမှန် ဖြစ်သလို နေတတ်တဲ့ လူမျိုး ဆိုတော့ ဒီပြင် လူတွေလောက်တော့ မဆာလှဘူးပေါ့၊ ကျုပ်မှာ အဘွားကြီး မစ္စက် ဟတ်ဆန် ယုံပြီး ခင်ဗျားကို သွားအကြောင်းကြားပေးအောင်၊ ခင်ဗျားကလည်း ယုံပြီး ဟိုလူကို သွား အကြောင်းကြားပေးအောင် လုပ်လိုက်ရတာဗျာ၊ အိုင်ဆေး ဝပ်ဆင်၊ စိတ် မရှိနှင့်ဗျာ၊ ခင်ဗျားမှာ အရည်အချင်းတွေ အများကြီး ရှိပေမဲ့ ဒီလို သရုပ်ဆောင်တာမျိုးကျတော့ ဖြစ်မှာ မဟုတ်ဘူး၊ ခင်ဗျား သရုပ်ဆောင် မကောင်းရင် ဟိုလူကို ဒီလိုက်လာအောင် ပြောနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျားကိုလည်း လိမ်လိုက်ရတာ၊ ဒီလူ လိုက်မလာရင်လည်း ကျုပ်တို့ စီမံကိန်းက သဲထဲ ရေသွန်ဖြစ်တော့မှာ၊ ဒီငနဲက လက်စားချေတတ်တဲ့ လူ ဆိုတော့ သူ့ လက်ရာကလေးကို ကြည့်ချင်မှာ၊ ဒီတော့ ဒီလူ လိုက်လာမယ် ဆိုတာ ကျုပ် တွက်ပြီးသား'



'ဒီပြင်ဟာတွေကတော့ ထားပါတော့ဗျာ၊ ဒါပေမဲ့ ခင်ဗျား မျက်နှာက ဖြူဖပ်ဖြူရော်နှင့်၊ အမူအရာတွေကို ကြည့်ရတာက တကယ့်ကို သေနာကို ခံစားနေရတဲ့ အတိုင်းပဲ'

'သုံးရက်လုံးလုံး ဘာမှ မစားမသောက်တော့ ဘယ် လှလှပပ ရှိတော့မလဲဗျ၊ လူမမာရုပ် ပေါက်နေရောပေါ့၊ ကျန်တာကတော့ သိပ် မခက်ပါဘူး၊ ရေမြှုပ်နှင့် တိုက်ချလိုက်ရင် ပြီးတဲ့ ကိစ္စတွေပါ၊ နဖူးကို ဗယ်ဆလင် သုတ်၊ မျက်လုံးထဲကို ပရုတ်ဆီ ထည့်၊ မေးရိုးတွေကို ဆေးနီ ခြယ်၊ နှုတ်ခမ်းပေါ်မှာ ပျား ဖယောင်းတွေ ကပ်ထားလိုက်ရင် လိုချင်တဲ့ ရုပ်မျိုးကို ရပြီပေါ့၊ မကျန်းမာချင်ယောင် ဆောင်တဲ့ အတတ်ပညာနှင့် ပတ်သက်ပြီး ကျုပ် လေ့လာထားတာကြာပြီဗျ၊ အဲဒီ အကြောင်းကို စာတမ်း တစ်စောင်တောင် ရေးမလို့ စိတ်ကူးနေသေးတယ်၊ ဒီအထဲမှာ မဆိုင်တဲ့ ကရောင်းဝက် ဒင်္ဂါး အကြောင်းတွေ၊ ကမာကောင်တွေ အကြောင်းကို လျှောက်ပြောနေတော့ ငန်းဝင်နေပြီလို့ပဲ ထင်သွားကြတာပေါ့'

'နို့ နေစမ်းပါဦး၊ ရောဂါ ကူးစက်စရာ အကြောင်းမရှိဘဲနှင့် ဘာဖြစ်လို့ ကျုပ်ကို ခင်ဗျား အနား အကပ်မခံတာလဲ'

'မေးမှ မေးရက်ပလေဗျာ၊ ခင်ဗျားရဲ့ ပညာ အရည်အချင်းတွေကို ကျော်ကမယ် အောက်မေ့တယ်လို့ ခင်ဗျား ထင်နေသလား၊ ခင်ဗျားလို စေ့စေ့စပ်စပ် စဉ်းစား ဆုံးဖြတ်တတ်တဲ့ လူတစ်ယောက် အနေနှင့် စမ်းသပ်ကြည့်လို့ ရှိရင် သွေးခုန်နှုန်းကလည်း ပုံမှန် အပူရှိန်ကလည်း ပုံမှန် ဖြစ်နေတဲ့ လူတစ်ယောက်ကို သေခါနီး လူတစ်ယောက်လို့ ဘယ်လက်ခံပါ့မလဲ၊ လေးကိုက်လောက် ကွာနေရင်တော့ ခင်ဗျားကို ကျုပ် လိမ်လို့ ရတာပေါ့၊ အနား ကပ်လာရင် ကျုပ် ဘယ့်နှယ်လုပ် လိမ်လို့ ရပါမလဲ၊ အလိမ် ပေါ်သွားရင် ဒီလောက် အရေးကြီးတဲ့ ဟန်မျိုးနှင့် စမစ်ကို ဘယ်သူ သွားခေါ်ပေးတော့မှာလဲ၊ သို့သော်လည်း သေတ္တာကို မထိနှင့် ဆိုတာတော့ တကယ်ဗျ၊ သေတ္တာကလေးကို ဖွင့်လိုက်ရင် မြွေပွေးများ ပေါက်သလို စပရိန်က ထောင်ထလိုက်လာလိမ့်မယ်၊ ဗစ်တာ ဆိုတဲ့ သူငယ်ကလေး သေရတာဟာ ဒီနည်းနှင့် သေခဲ့ရတာဗျ၊ ခင်ဗျား သိတဲ့ အတိုင်း ကျုပ်ဆီကို လူ အမျိုးမျိုး ဒေသ အသီးသီးက စာ အဆက်အသွယ်တွေ လာလေ့ ရှိတဲ့ အခါကျတော့ ကျုပ်ဆီ ရောက်လာတဲ့ အထုပ်တို့ ဘာတို့ ဆိုရင် အမြဲ သတိထားပြီး ဖောက်လေ့ ရှိတယ်၊ သို့သော်လည်း သူ့အကြံအတိုင်း အောင်သွားတယ် ဆိုတဲ့ ဟန်မျိုး လုပ်ပြလိုက်တော့ ခင်ဗျားတို့လည်း အံ့အားသင့်ကုန်



www.burmeseclassic.com

www.burmeseclassic.com

ကြတာပေါ့၊ အင်း တကယ်တော့ သိပ် မလွယ်လှဘူးဗျို့၊ တကယ့် ဇာတ်သမားလို တော်တော် သရုပ်ပါအောင် မနည်း လုပ်ယူရတယ်၊ ကဲ ကျေးဇူးပဲ အိုင်ဆေးရေ၊ ကျုပ်ကို ကုတ် အင်္ကျီလေး လှမ်းပေးလိုက်ဗျာ၊ ဌာနမှာ ကျုပ်တို့ တိစ္စကလေး ပြီးသွားရင် ဆင်ဆင် ပျော်ပွဲစားရုံမှာ အာဟာရကလေး ဘာလေး သွားပြီး မှီဝဲချည်ကြဦးစို့ရဲ့'

[မူရင်းဝတ္ထု *The Adventure of the Dying Detective.* ခေါင်း၏ နောက်ထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]



# သူတော်ယောင် လင်မယား



'နေစမ်းပါဦးဗျ၊ ဘာဖြစ်လို့ တူရကီကို အားပေးရတာလဲ'

ရှားလော့ဟုမ်းသည် ကျွန်ုပ် စီးထားသည့် ဖိနပ် ရှည်ကြီးများကို စူးစိုက် ကြည့်ရင်း မေးလိုက်လေ၏။ ထိုအချိန်က ကျွန်ုပ်မှာ ကြိမ်ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်လျက် ရှိပြီး ခြေထောက်များကို ဆန့်တန်းထားသည့် အတွက် မျက်စိလျင်သူ ပီပီ ကျွန်ုပ် ခြေထောက်များကို အာရုံစိုက်မိခြင်း ဖြစ်ဟန် တူပေ၏။

ကျွန်ုပ်မှာ အနည်းငယ် အံ့အားသင့်သွားကာ

'တူရကီကို အားပေးတာ မဟုတ်ပေါင်ဗျာ၊ အင်္ဂလိပ်ကို အားပေးတာပါ၊ အောက်စဖို့လမ်းက လာတီမာ ကုန်တိုက်က ဝယ်လာခဲ့တဲ့ ဖိနပ်ဗျ'

ရှားလော့ဟုမ်းသည် စိတ်ပျက်လက်ပျက်ဖြင့် ပြုံးလိုက်လျက်

'ဖိနပ်ကို ပြောတာ မဟုတ်ဘူးဗျ၊ တားကစ် ဘတ်သ်လို့ ခေါ်တဲ့ ပေါင်းအိုးထဲ ဆင်းပြီး ရေချိုးနှင့် ချွေးအောင်းလာတာကို ပြောတာ၊ တူရကီ ချွေးအောင်းနည်း ချွေးအောင်းလာတာကို ပြောတာ၊ ကြံကြီးစည်ရာဗျာ၊ ကိုယ့်အိမ်မှာကိုယ် ရေနွေးနှင့် ချိုးရင် ဝါန်းလည်း လန်း၊ ပိုက်ဆံကုန်လည်း သက်သာ၊ ခုတော့ ခင်ဗျားဟာက ပိုက်ဆံ အကုန်ခံပြီး ဆိုင်သွား ချွေးအောင်းရတယ်လို့ပဲ'

'ခုတစ်လောမှာ တယ်ပြီး နေလို့ ထိုင်လို့ မကောင်းချင်လှဘူးဗျာ၊ ခုဟာကလည်း ထ အသက်ကလေးကလည်း ရလာ ဆိုတော့ ချူချာချင်တယ်၊ တူရကီနည်းနှင့် ချွေးအောင်းလိုက်တော့ နည်းနည်း လန်းသွားတာပေါ့၊ တူရကီ ချွေး



www.burmeseclassic.com

www.burmeseclassic.com



အောင်နည်းဟာ ဆေးတစ်မျိုးလို့ ဆိုတယ် မဟုတ်လားဗျ၊ ခန္ဓာကိုယ် ဖွဲ့စည်းမှု စနစ်ကြီးကို ဆေးကြောပေးလိုက်ပြီး လန်းဆန်းစေတဲ့ နည်းတစ်နည်း ဆိုပါစို့'

ကျွန်ုပ်က ဆက်၍

'နေစမ်းပါဦးဗျ၊ ယုတ္တိကျကျ စဉ်းစားတတ်သူ တစ်ယောက် အဖို့ ကျုပ် ဖိနပ်ရှည်ကြီး စီးထားတာနှင့် တူရကီလို ချွေးအောင်းတဲ့ ကိစ္စဟာ ဆက်စပ် စဉ်းစားလို့ ရနိုင်တဲ့ ကိစ္စ တစ်ခု ဆိုတာတော့ ကျုပ် သဘော ပေါက်ပါတယ်၊ ဒါပေမဲ့ ခင်ဗျား ဘယ်လို လုပ်ပြီး ပြောနိုင်သလဲ ဆိုတာကိုတော့ ရှင်းစမ်းပါဦး'

ရှားလော့ဟုမ်းက ကျွန်ုပ်အား ပြုံးစစနှင့် ကြည့်လိုက်ရင်း

'သိပ် မခက်လှပါဘူးဗျာ၊ အခြေခံလောက်ပဲ ရှိတာပါ၊ ဥပမာ ပြတဲ့ အနေနှင့် ကျုပ် တစ်ခု ပြောလိုက်ဦးမယ်၊ ဒီနေ့ မနက်မှာ ခင်ဗျားဟာ တစ်ယောက် ယောက်နှင့် မြင်းရထား စီးလာခဲ့ရမယ်၊ ခုနက ကျုပ် ပြောတဲ့ ဟာလေးတွေက လည်း ဒီလို အခြေခံလေးတွေလောက်ပါပဲ'

ကျွန်ုပ် စိတ်ပျက်လက်ပျက်ဖြင့်

'နောက်ထပ် ဥပမာ တစ်ခု ထုတ်ပြတာနှင့် ရှင်းလင်းချက် ပေးပြီးသား ဖြစ်ရော့လားဗျ'

'မှန်လိုက်လေဗျာ၊ အလွန် နိုင်လုံ ခံ့ညားပြီး ယုတ္တိကျတဲ့ စကား တစ်ခွန်းပေပဲ၊ ဒီတော့ ကျုပ် ဘာကြောင့် ဒီလို ပြောရသလဲ၊ ဘယ် အချက်အလက် တွေကို ကြည့်ပြီး ပြောတာလဲ ကြည့်ရအောင်၊ မှန်း ဥပမာ တစ်ယောက်ယောက် နှင့် မြင်းရထား အတူ စီးခဲ့ရမယ် ဆိုတဲ့ ကောက်ချက်ကို ပထမဆုံး ရှင်းကြည့် မယ်၊ ခင်ဗျား ကုတ်အင်္ကျီရဲ့ ဘယ်ဘက် ပခုံးနှင့် ဘယ်ဘက် လက်မောင်းမှာ ရွှံ့စက်တွေ တင်နေတာကို ခင်ဗျား သတိ ထားမိလိမ့်မယ်ဗျ၊ ရထားရဲ့ အလယ် ကောင်မှာ ထိုင်လာတယ် ဆိုရင် ခင်ဗျားကို ဘာမှ ရွှံ့စက် စဉ်စရာ အကြောင်း မရှိဘူး၊ စဉ်တယ် ဆိုရင်လည်း နှစ်ဖက် မျှပြီး စဉ်နေရလိမ့်မယ်၊ ဒါကို ကြည့် ရင် ခင်ဗျားဟာ နှစ်ယောက်စီး ရထားကလေးမှာ ဘေးကို ကပ်ထိုင် လိုက်လာ တယ် ဆိုတာ ထင်ရှားတယ်၊ ဒါကို ထောက်ရင် ခင်ဗျား ဘေးမှာ လူ တစ် ယောက် ပါလာတယ် ဆိုတာလည်း ထင်ရှားတယ်ဗျ'

'အင်း၊ ဒါကတော့ ရှင်းပါတယ်လေ'

'ရှင်းသမှ ဟိုဘက်တောင် လွန်နေသေးတယ် မဟုတ်လား'

'ဒါပေမဲ့ ဖိနပ်သစ် စီးလာတာနှင့် ချွေးအောင်းလာတဲ့ ကိစ္စကကော ဗျာ'





'ဒါကလည်း ကလေးလေးတောင် တွေးနိုင်ပါသဗျား၊ ခင်ဗျား ဖိနပ်စီး ရင် ကြိုးကို ဒီလို ချည်နေကျ မဟုတ်ဘူးဗျ၊ ခု ခင်ဗျား စီးလာတဲ့ ဖိနပ်ပေါ်က ဖိနပ် ကြိုးချည်ပုံကို ကြည့်လိုက်တော့ လိပ်ပြာခေါက် ခေါက်ထားတယ်၊ ခါတိုင်း ခင်ဗျား ချည်နည်းမျိုး မဟုတ်ဘူး၊ ဒါ့ကြောင့် ခင်ဗျားဟာ တစ်နေရာရာမှာ ဖိနပ် ချွတ်ခဲ့ရမယ်၊ ကောင်းပြီ၊ ဖိနပ် ချွတ်ခဲ့လို့ ရှိရင် ခင်ဗျား ဖိနပ်ကြိုးတွေကို ဘယ်သူ ပြန်ချည်ပေးလိုက်သလဲ၊ ဖိနပ်ချုပ်သမားရင်လည်း ဖြစ်ရမယ်၊ ခင်ဗျား ဖိနပ်တွေဟာ အသစ်စက်စက်ကြီးတွေ ရှိနေတော့ ဖိနပ်ချုပ်သမား မဖြစ်နိုင်ဘူး၊ ဒီတော့ ဘယ်သူ ချည်ပေးတာပဲ ဖြစ်နိုင်တော့သလဲ၊ ချွေးအောင်းတဲ့ ဆိုင်က သူငယ်ကလေးပဲ ဖြစ်ရတော့မှာပေါ့ဗျ၊ ဒါလည်း မရှင်းဘူးလား၊ ဘယ့်နှယ့်လဲ၊ ဒါတွေ ထားပါတော့ဗျာ၊ ချွေးအောင်းလာတယ် ဆိုလို့ ပြောလိုက်ရဦးမယ်၊ တူရကီ ရေချိုးနည်းလို့ ခေါ်တဲ့ ချွေးအောင်းတဲ့ ကိစ္စဟာ ကျုပ် အဖို့တော့ တော်တော် အသုံး တည့်သွားပြီဗျ'

'ဘယ်လိုများ အသုံးတည့်တာလဲ'

'အပြောင်းအလဲကလေး ဘာလေး ရအောင် ချွေးအောင်းလာတယ်လို့ ခင်ဗျား ပြောခဲ့တယ် မဟုတ်လား၊ ဒီတော့ နောက်ထပ် အပြောင်းအလဲကလေး တစ်ခုများကော မလိုချင်ဘူးလား၊ လောဆိန်း (ဆွစ်ဇာလန်) ကို သွားရမယ်ဗျာ၊ ပထမတန်းက သွားရမယ်၊ ပိုက်ဆံ တစ်ပြားမှ မကုန်ဘူးဗျာ၊ ဟိုကျရင်လည်း မင်းညီ မင်းသားများလို စတိုင်ကျကျ နေရဦးမယ်ဗျာ'

'ဟန်ကျတာပေါ့ဗျ၊ ကိစ္စကကော'

ရှားလော့ဟုမ်းသည် ကုလားထိုင်ကို နောက်ပြန် မှီလိုက်ပြီးလျှင် အိတ် တပ်ထဲမှ မှတ်စု စာအုပ်ကလေးကို ထုတ်ယူလိုက်လေ၏။

'လောကမှာ ကြောက်စရာ အကောင်းဆုံး လူတန်းစားဟာ စိတ်လေ လေနှင့် သွားချင်ရာ သွားပြီး အဖော်မဲ့နေတဲ့ မိန်းမတွေပဲဗျ၊ ရုတ်တရက် ကြည့် လိုက်ရင်တော့ ဒီလို မိန်းမမျိုးတွေဟာ အန္တရာယ် မရှိသယောင် လူတွေ အတွက် အသုံး ကျသယောင် ထင်ရတယ်၊ ဒါပေမဲ့ တချို့ လူတွေ အဖို့ကျတော့ အဲဒီ မိန်းမမျိုးဟာ ရာဇဝတ်မှု ကျူးလွန်အောင် အားပေးအားမြှောက် ပြုသူတွေ ဖြစ် နေတတ်ကြတယ်၊ အဲဒီလို မိန်းမမျိုးမှာ အကူအညီ မရှိဘူး၊ အခြေတကျ မရှိ ဘူး၊ ဟိုတယ် တစ်ခုကနေ တစ်ခု တိုင်းပြည် တစ်ပြည်ကနေ တစ်ပြည် သွားနေ နိုင်လောက်အောင်လည်း သူတို့မှာ ပြည့်စုံနေကြတယ်၊ တစ်ခါတလေကျတော့ ခထင်ရှားတဲ့ တည်းခိုခန်းတွေမှာ ပျောက်ကွယ် သွားတတ်ကြတယ်၊ မြေခွေး



www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာ အဖော် ကွဲနေတဲ့ ကြက်ကလေး တစ်ကောင်နှင့် အတူတူပဲဗျ။ ဝါး စားလိုက်လို့ကလည်း အလွန် လွယ်တယ်၊ ခုဆိုရင် လေဒီ ဖရန့်စစ် ကားဖတ် ဆိုတဲ့ အမျိုးသမီး တစ်ယောက် ဘယ်လို ကံကြမ္မာမျိုးနှင့်များ တွေ့နေပြီလဲ မဆိုနိုင်ဘူး'

ရှားလော့ဟုမ်းသည် ယေဘုယျ အကြောင်းကို ပြောဆိုနေရာမှ ပုဂ္ဂလိက အကြောင်းသို့ ရောက်သွားသည့် အတွက် ကျွန်ုပ် များစွာ စိတ်သက်သာရာ ရသွားပါပေ၏။ ရှားလော့ဟုမ်းသည် သူ့ မှတ်စု စာအုပ်ကို ကြည့်လိုက်ပြီးလျှင်

'လေဒီ ဖရန့်စစ်ဟာ ကွယ်လွန်သူ အမတ်ချုပ်ကြီး ရက်ဖတန်ရဲ့ ကျန်ခဲ့တဲ့ တစ်ဦးတည်းသော သမီးဗျ၊ ခင်ဗျား သိတဲ့ အတိုင်း သူတို့ မျိုးရိုးဘွဲ့ကို ယောက်ျားများသာ ဆက်ခံပိုင်ခွင့် ရှိကြတယ်၊ အမတ်ချုပ်ကြီး ကွယ်လွန်သွားတဲ့ အခါကျတော့ သူ့ခမျာမှာ တော်တော်လေး ချို့တဲ့သွားရှာတယ်၊ သို့သော်လည်း အတော် ထူးခြားတဲ့ စပိန် ငွေထည်တွေနှင့် တော်တော် ထူးဆန်းတဲ့ စိန်တွေ ကျန်ရစ်ခဲ့တယ်၊ ဒီပစ္စည်းတွေကို သူကလည်း အတော်ကလေး စုံရေမက်ရေ ရှိတယ်၊ ဘယ်လောက်များ စုံမက် မြတ်နိုးသလဲ ဆိုရင် ဒီပစ္စည်းတွေကို ဘဏ်မှာတောင် အပ်မထားဘဲ သွားလေရာကို အမြဲ ယူသွားတတ်တယ်၊ သူ့ခမျာ သနားစရာဗျ၊ အမျိုးသမီးက ရုပ်ကလည်း ချော၊ အရွယ်ကလည်း အရွယ်ကောင်း၊ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်လောက်က လျှမ်းလျှမ်းတောက်ခဲ့တဲ့ မိသားစုထဲက ဆိုလို့ သူ တစ်ယောက်ပဲ ကျန်တော့တယ်'

'နို့ နေစမ်းပါဦး၊ ခု အဲဒီ အမျိုးသမီး ဘာဖြစ်လို့လဲ'

'အင်း ဘာဖြစ်သလဲ ဆိုတော့ ပျောက်သွားတာဗျ၊ ခု သေပဲ သေပလား ရှိသေးသလား ဆိုတာ ကျုပ်တို့ စုံစမ်းရမှာ၊ အမျိုးသမီးက တော်တော် စနစ်ကြီးတဲ့ မိန်းမတဲ့၊ လွန်ခဲ့တဲ့ လေးနှစ်လုံးလုံး လဆန်းလို့ ဒုတိယ လဝက်ကို ရောက်ပြီ ဆိုရင် ငယ်ငယ်တုန်းက သူ့ စာပြ ဆရာမ ဖြစ်ခဲ့ဖူးတဲ့ မစ္စ ဒေါ်ဗနေဆီကို စာရေးနေကျတဲ့၊ မစ္စ ဒေါ်ဗနေက ကမ်ဗာဝဲမှာ နေတယ်၊ ခု ကျုပ်ကို လာတိုင်တာက မစ္စ ဒေါ်ဗနေက လာတိုင်တာ၊ လေဒီ ဖရန့်စစ်ဆီက အကျိုးအကြောင်း စာ မရတာ ငါးပတ် နီးပါး ရှိသွားပြီတဲ့၊ နောက်ဆုံး ရေးလိုက်တဲ့ စာက လော်ဆိန်းမှာ ရှိတဲ့ နေရှင်နယ် ဟိုတယ်က နေပြီး ရေးလိုက်တဲ့ စာတဲ့၊ ကြည့်ရတာကတော့ လေဒီ ဖရန့်စစ်ဟာ လော်ဆိန်းမှာ မရှိတော့ဘူး ထင်တယ်တဲ့၊ ဘယ်သွားမယ် ဆိုတာကိုလည်း ဘယ်သူ့ကိုမှ မပြောခဲ့ဘူးတဲ့၊ ဆွေမျိုးသားချင်းတွေက တော်တော် စိတ်ပူနေကြတယ်၊ သူတို့ ဆွေမျိုးက ပစ္စည်းက





လည်း ရှိလေတော့ သူ့ကို လိုက်ရှာ ပေးပါတဲ့၊ ငွေ ဘယ်လောက် ကုန်ကုန် ကုန်ချင်သလောက် ကုန်ပါစေတဲ့'

'မစ္စ ဒေါ်ဗနေ တစ်ယောက်ပဲ သူနှင့် အဆက်အသွယ် ရှိသတဲ့လား၊ တခြား စာ အဆက်အသွယ် လုပ်နေတဲ့ လူများကော မရှိတော့ဘူးတဲ့လား'

'မလွဲနိုင်တဲ့ အဆက်အသွယ် တစ်ခုတော့ ရှိတယ်ဗျ၊ တခြား မဟုတ်ဘူး ဘဏ်တိုက်လေဗျာ၊ အပျိုကြီးတွေလည်း မသေအောင် ထမင်း စားရလေတော့ သူတို့ ငွေစု စာအုပ်ကို လှန်ကြည့်လိုက်ရင် သိတာပဗျာ၊ သူတို့ ငွေစု စာအုပ်တွေဟာ သူတို့ ဒိုင်ယာရီတွေပဲ၊ လေဒီ ဖရန့်စစ်က ဆီးလဗားစတား ဘဏ်တိုက်မှာ ငွေအပ်လေ့ ရှိတယ်ဗျ၊ ခု သူ့ ဘဏ်စာရင်းကို ကျုပ် သွားကြည့်ခဲ့ပြီးပြီ၊ သူ ပေးခဲ့တဲ့ နောက်ဆုံး ချက်လက်မှတ်ဟာ လော်ဆိန်းမှာ ပေးခဲ့တာ၊ သို့သော်လည်း နောက်ဆုံး အကြိမ် ထုတ်တုန်းက ငွေ တော်တော် များတော့ သူ့လက်ထဲမှာ ကျန်လိမ့်ဦးမယ်၊ အဲဒီနောက်မှာ ချက်လက်မှတ် တစ်စောင်ပဲ ထုတ်ရသေးတယ်'

'ဘယ်သူ့ကို ထုတ်ပေးတာလဲ၊ ဘယ်မှာလဲ'

'မစ္စ မေရီ ဒီဗိုင်း ဆိုတဲ့ အမျိုးသမီး တစ်ယောက်ကို ထုတ်ပေးတာဗျ၊ ဘယ်မှာ ထုတ်ပေးတယ် ဆိုတာတော့ ချက်လက်မှတ်ထဲမှာ မပါဘူး၊ ငွေကို ပြင်သစ်ပြည်က လေယွန်နေ ဘဏ်မှာ ထုတ်ပေးတာ၊ ငွေတော့ မများလှပါဘူး၊ ပေါင် ငါးဆယ်တည်းပါ'

'ဒါဖြင့် မစ္စ မေရီ ဒီဗိုင်း ဆိုတာကကော ဘယ်သူလဲ'

'ခု အဲဒီ မိန်းမကို လိုက်ရှာရလိမ့်မယ်၊ မစ္စ မေရီ ဒီဗိုင်းဟာ လေဒီ ဖရန့်စစ်ရဲ့ အိမ်ဖော် အမျိုးသမီး၊ လေဒီ ဖရန့်စစ်ဟာ ဒီအမျိုးသမီးကို ဘာကြောင့် ဒီချက် လက်မှတ် ထုတ်ပေးရသလဲ ဆိုတာ ကျုပ်တို့ စုံစမ်းရလိမ့်မယ်၊ သို့သော်လည်း ခင်ဗျား သုတေသနတွေကို ကြည့်လိုက်ရင် ဒီကိစ္စကလည်း ရှင်းသွားလိမ့်မယ် ထင်ပါတယ်'

'ကျွန်တော့် သုတေသန၊ ဟုတ်လား'

'ဟုတ်တယ်လေဗျာ၊ လော်ဆိန်းကို သွားပြီး ကျန်းမာရေး အတွက် ဘယ်လောက် ကောင်းသလဲ ဆိုတာကို သုတေသန လုပ်ကြည့်ပေါ့၊ ခင်ဗျား သိတဲ့ အတိုင်း ကျုပ်ကတော့ အက်ဗရစ်ရဲ့ ကိစ္စ မပြီးမချင်း လန်ဒန်က ခွာထွက်လို့ ရဦးမှာ မဟုတ်သေးဘူး၊ ပြီးတော့လည်း ကျုပ် အဖို့ ကိုယ့် တိုင်းပြည်က တတ်နိုင်သမျှ မခွာရေးဟာ ကျုပ်ရဲ့မူ ဖြစ်နေတယ်၊ ကျုပ် မရှိရင် စကော့တလန်



www.burmeseclassic.com

www.burmeseclassic.com



ယာဒ် စုံထောက် အဖွဲ့ဟာလည်း အထီးတည်း ဖြစ်နေတယ်၊ ဒီတော့ တိုင်းပြည်ကနေ ကျုပ် အပြင် ထွက်အောင် ချက်ကောင်းကို စောင့်နေတဲ့ လူဆိုးတွေက လက်ခမောင်း ခတ်ကြလိမ့်မယ်၊ ဒီတော့ အိုင်ဆေး၊ ခင်ဗျား လိုက်သွားစမ်းပါဗျာ၊ အကယ်၍များ စကား တစ်လုံးကို နှစ်ပဲနီလောက် အကုန်အကျ ခံပြီး ကျုပ် အကြံဉာဏ်ကလေး ဘာလေးကို လိုချင်ရင်တော့ ချက်ချင်း အကြောင်းကြားလိုက်ပါ၊ ဥရောပနှင့် ဆက်တဲ့ ကြေးနန်းရုံမှာ နေ့ရော ညရော အသင့်ရှိတယ်'

နောက် နှစ်ရက် ကြာသည့် အခါ၌ ကျွန်ုပ်သည် ဆွစ်ဇာလန်ပြည်၊ လောဆိန်းမြို့ နေရှင်နယ် ဟိုတယ်သို့ ရောက်သွားလေရာ နာမည်ကြီး မန်နေဂျာ တစ်ဦး ဖြစ်သည့် မစ္စတာ မိုးဇား ဆိုသူက ကျွန်ုပ်ကို ကောင်းစွာ ဆီးကြိုနေရာ ချပေးလေ၏။ ၎င်း၏ အဆိုအရ လေဒီ ဖရန့်စစ်မှာ ဤဟိုတယ်တွင် သီတင်းပတ် များစွာ တည်းခိုသွားခဲ့သည်ဟု သိရ၏။ လေဒီ ဖရန့်စစ်မှာ မျက်နှာမြင် ချစ်ခင်ပါစေ ဆိုသည့် ဆုတောင်း ပြည့်လေသလော မသိ၊ သူ့ကို တွေ့သူတိုင်းက ချစ်ခင် နှစ်သက်ကြ၏။ ယခုထက်တိုင် လှပ ချောမောနေသေးသည်ကို ထောက်လျှင် ငယ်စဉ်က အတော် ချောမည့် မိန်းမ တစ်ယောက် ဖြစ်သည်ဟု ခန့်မှန်းရလေ၏။ လေဒီ ဖရန့်စစ်တွင် အဖိုးတန် ပစ္စည်းများ ပါ မပါကို မသိရသော်လည်း သူ့ အခန်းတွင်းရှိ သေတ္တာကြီး တစ်လုံးမှာ အမြဲ သော့ခတ်ထားသည်ဟု အစေခံများထံမှ သိရကြောင်းဖြင့် မစ္စတာ မိုးဇားက ပြောပြလေ၏။ လေဒီ ဖရန့်စစ်၏ အိမ်ဖော် မေရီ ဒီဗိုင်းမှာလည်း သူ့ သခင်မကဲ့သို့ပင် ပေါပျူလာ ဖြစ်သည်ဟု သိရပေ၏။ မေရီ ဒီဗိုင်းမှာ ဟိုတယ်တွင် အမှုထမ်းသည့် အကြီးတန်း စားပွဲထိုး တစ်ယောက်နှင့် စေ့စပ်ထားသည့် အတွက် လိပ်စာကို ရရန် မခဲယဉ်းလှချေ။ ၎င်း၏ လိပ်စာမှာ ၁၁၊ ထရာဂျန့်လမ်း၊ မွန်ပီလီယာ ဖြစ်၏။ ကျွန်ုပ်သည် သူ ပြောသည့် လိပ်စာကို ရေးမှတ်လိုက်ပြီးလျှင် ရှားလော့ဟုမ်းသည် အချက်အလက်များ စုဆောင်းရာတွင် စေ့စပ် သေချာသူ ဖြစ်ပေ၏ဟုပင် အောက်မေ့ မိသေး၏။

ကျွန်ုပ် စုံစမ်း တွေ့ရှိရသည်တို့ အနက် မရှင်းလင်းသည့် အချက် ဟူ၍ တစ်ချက်သာ ရှိပေ၏။ ယင်းမှာ အခြား မဟုတ်။ လေဒီ ဖရန့်စစ်သည် အဘယ့်ကြောင့် လောဆိန်းမှ ရုတ်တရက် ထွက်ခွာသွားသနည်း ဆိုသည့် အချက် ဖြစ်၏။ ကျွန်ုပ် သိရသလောက်ဆိုလျှင် လေဒီ ဖရန့်စစ်သည် လောဆိန်းတွင် များစွာ ပျော်ရွှင်လျက် ရှိသည်ဟု သိရ၏။ ဟိုတယ်မှာ အလွန် လှပသည့် ကန်ကြီး





အနီးတွင် ရှိရာ မူလ အတိုင်း ဆိုလျှင် လေဒီ ဖရန့်စစ်သည် တစ်ရာသီလုံးလုံး ထိုဟိုတယ်တွင် နေထိုင်ရန် ဆုံးဖြတ်ထားပုံ ရပေ၏။ လေဒီ ဖရန့်စစ်သည် တစ်ပတ် အတွက် ငှားခ ငွေကို ကြိုတင် ပေးပြီးခါမှ တစ်ရက် ကြိုတင်၍ နို့တစ် ပေးကာ ဟိုတယ်မှ ထွက်ခွာသွားခဲ့ခြင်း ဖြစ်၏။

စုံစမ်းကြည့်သည့် အခါတွင် မည်သူမျှ မပြောနိုင်ဘဲ အိမ်ဖော် မေရီ ဒီဗိုင်း၏ ရည်းစားဖြစ်သူ အကြီးတန်း စားပွဲထိုး ဂျူးလ် ဗီးဗတ်သာလျှင် အကျိုးအကြောင်းကို အရိပ်အမြွက် ပြောပြနိုင်ပေ၏။ ၎င်း၏ အဆိုအရ ယခုကဲ့သို့ ရုတ်တရက် ထွက်ခွာသွားခြင်းမှာ အမျိုးသမီး ထွက်မသွားမီ တစ်ရက် နှစ်ရက် အလိုခန့်က ဟိုတယ်သို့ ရောက်လာသော အသား ညိုညို အရပ် မြင့်မြင့် မုတ်ဆိတ်နှင့် လူတစ်ယောက်နှင့် ပတ်သက်လိမ့်မည် ထင်ကြောင်းဖြင့် ပြောပြလေ၏။

'လူကတော့ တော်တော် ရိုင်းပျတဲ့လူ ခင်ဗျ' ဟု ဂျူးလ် ဗီးဗတ်က ကြောက်လန့်တကြား ပြောလေ၏။ ထိုလူမှာ မြို့ထဲရှိ ဟိုတယ် တစ်ခုတွင် အခန်း ငှားနေကြောင်းဖြင့်လည်း သိရ၏။ ထိုလူသည် ကန်ဘေးရှိ စင်္ကြံလမ်းပေါ်တွင် လေဒီ ဖရန့်စစ်အား စိတ်အား ထက်သန်စွာ စကား ပြောဆိုနေသည်ကို တွေ့ရကြောင်းဖြင့် ၎င်းက ပြောဆို၏။ နောက် တစ်ခေါက် လာရောက်သေးသော်လည်း လေဒီ ဖရန့်စစ်သည် ထိုလူကို အတွေ့ မခံတော့ဟု ဆို၏။ ထိုလူမှာ အင်္ဂလိပ် လူမျိုး ဖြစ်သော်လည်း အမည်ကိုမူ မသိရချေ။ ထို့နောက်တွင်မှ လေဒီ ဖရန့်စစ်သည် ဟိုတယ်မှ ထွက်ခွာသွားခြင်း ဖြစ်သည်ဟု သိရလေ၏။ ဂျူးလ် ဗီးဗတ်နှင့် ၎င်း၏ ရည်းစားတို့က ထိုလူ လာရောက်ခြင်းသည် လေဒီ ဖရန့်စစ် ထွက်ခွာသွားခြင်း၏ အကြောင်းနှင့် အကျိုး ဖြစ်သည်ဟု ပြောကြလေ၏။ စားပွဲထိုး ဂျူးလ်သည် သူ့ရည်းစား မေရီ ဒီဗိုင်း အဘယ့် ကြောင့် လိုက်မသွားသည်ကိုမူ ပြောဆိုခြင်း မပြုချေ။ ထိုကိစ္စကို မေးလျှင် ဂျူးလ်သည် ဘာမျှ ဖြေဆိုခြင်း မပြုတော့ချေ။ သိလိုလျှင် မွန်ပီလီယာတွင် နေသည့် မေရီထံသို့ သွားမေးပါဟုသာ ဖြေလေ့ ရှိပေ၏။

ဤသို့ဖြင့် ကျွန်ုပ် စုံစမ်း ထောက်လှမ်းမှု ပထမပိုင်းမှာ ပြီးဆုံးခြင်းသို့ ရောက်ခဲ့ပေ၏။ ဒုတိယ စုံစမ်းရမည့် အပိုင်းမှာ လောဆိန်းမှ ထွက်သွားပြီး လေဒီ ဖရန့်စစ်သည် မည်သည့် နေရာသို့ ရောက်သွားသနည်း ဆိုသည့် အချက် ဖြစ်လေ၏။ နေရာကို စုံစမ်းရာတွင် လျှို့ဝှက်ထားသဖြင့် ကျွန်ုပ်မှာ များစွာ အခက်အခဲ တွေ့ရပေ၏။ လေဒီ ဖရန့်စစ်သည် တစ်ယောက်ယောက်ကို မျက်



www.burmeseclassic.com

www.burmeseclassic.com



ခြည် ဖြတ်လိုသည့် အတွက် ဤသို့ လျှို့ဝှက်ထားခြင်း ဖြစ်သည်ဟု ကျွန်ုပ် ယူဆမိလေ၏။ မျက်ခြည် ဖြတ်လိုသည့် အတွက် မဟုတ်လျှင် အဘယ့်ကြောင့် လေဒီ ဖရန်စစ်နှင့် သူ့ပစ္စည်းများသည် ရိုင်းမြစ်ကမ်း ဘေးရှိ အနားယူ စခန်း ဖြစ်သည့် ဘေဒင်မြို့သို့ တခြားလမ်းမှ ကွေ့ပတ် ရောက်ရှိလာခဲ့ကြသနည်း။ ဤအကြောင်းကို ကျွန်ုပ် သိခြင်းမှာ လောဆိန်းရှိ ကွတ် ဘဏ်တိုက် ကိုယ်စားလှယ်ထံမှ သိခဲ့ရခြင်း ဖြစ်ပေ၏။

သို့ဖြင့် ကျွန်ုပ်သည် ဘေဒင်မြို့သို့ လိုက်လာခဲ့လေ၏။ ဘေဒင်သို့ မလာမီတွင် ရှားလော့ဟုမ်းထံသို့လည်း ကျွန်ုပ်၏ လုပ်ငန်း အခြေအနေများနှင့် ပတ်သက်၍ သံကြိုး တစ်စောင် ရိုက်ခဲ့လေရာ နောက်ပြောင် ကျီစယ်ဟန်ဖြင့် ကျွန်ုပ်အား ချီးမွမ်း ထောမနာ ပြုလိုက်သော သံကြိုးစာ တစ်စောင်ကိုလည်း ရရှိခဲ့လေ၏။

ဘေဒင်သို့ ရောက်လျှင် လေဒီ ဖရန်စစ်ကို စုံစမ်းရန် မခဲယဉ်းတော့ချေ။ လေဒီ ဖရန်စစ်သည် အင်္ဂလိပ် ဟိုတယ်တွင် ဆယ့်ငါးရက်ခန့် တည်းခိုသွားကြောင်းဖြင့် သိရ၏။ ထိုဟိုတယ်တွင် တည်းခိုနေစဉ် တောင် အမေရိက တိုက်တွင် သာသနာပြု လုပ်ငန်းများကို လုပ်နေသည့် ဒေါက်တာ ရှလေဆင်းဂျားနှင့် သူ၏ ဇနီးတို့နှင့်လည်း သိကျွမ်း ခင်မင်ခဲ့ကြသည်ဟု စုံစမ်း သိရှိရလေ၏။ တစ်ကိုယ်တည်း နေသည့် အပျိုကြီးများ ထုံးစံအတိုင်း လေဒီ ဖရန်စစ်သည် ဘာသာရေးကိုလည်း အလွန် ကိုင်းရှိုင်းသည်ဟု သိရပြန်လေ၏။ ဒေါက်တာ ရှလေဆင်းဂျား၏ ဥပမိရုပ် ကောင်းခြင်း၊ ဘာသာတရားကို ကိုင်းရှိုင်းခြင်း၊ သာသနာပြု လုပ်ငန်းကို လုပ်ရင်း အကြီးအကျယ် ရောဂါ ရလာသဖြင့် လာရောက် အနားယူ နေခြင်း စသည်တို့ကို သိရ မြင်ရသည့် အခါတွင် လေဒီ ဖရန်စစ်မှာ ထိုလူကို များစွာ ကြည်ညို လေးစားသွားသည်ဟု သိရ၏။ လေဒီ ဖရန်စစ်သည် ဒေါက်တာ ရှလေဆင်းဂျားကို ပြုစုရာတွင် သူ့ မိန်းမနှင့် အတူ ကူညီ ပြုစုသည် ဆို၏။

ဟိုတယ်မှ မန်နေဂျာ၏ ပြောစကား အရ ဆိုလျှင် ဒေါက်တာ ရှလေဆင်းဂျားသည် မနက် လင်းသည်နှင့် အမျိုးသမီး နှစ်ယောက် ဝဲယာ ရံကာ ဝရန်တာတွင် ပက်လက် ကုလားထိုင်ဖြင့် ထွက်ထိုင်လေ့ ရှိကြောင်း၊ မိဒီယန်နိုက် နိုင်ငံတော် ခေတ်က ပေါ်ပေါက်သည့် ခရစ်တော်၏ သာသနာ ပြန့်ပွားရာ နယ်ပယ်များ အကြောင်းကို ကျမ်းတစ်စောင် ပြုစုလျက် ရှိပြီး မြေပုံ တစ်ခုလည်း ရေးဆွဲလျက် ရှိကြောင်း၊ နောက်ဆုံးတွင် ကျန်းမာရေး အခြေအနေ





ကောင်းလာသည့် အတွက် ဒေါက်တာ ရှလေဆင်းဂျားနှင့် သူ့ဇနီးတို့မှာ လန်ဒန်သို့ ပြန်သွားကြပြီ ဖြစ်ကြောင်း၊ ၎င်းတို့နှင့် အတူ လေဒီ ဖရန်စစ်လည်း လိုက်ပါသွားကြောင်းဖြင့် သိခဲ့ရလေ၏။

ဤသည်မှာ လွန်ခဲ့သည့် သုံးပတ်ခန့်က ဖြစ်ပြီး ထိုနောက်တွင်မူ ၎င်းတို့နှင့် ပတ်သက်၍ မည်သို့မျှ မကြားရတော့ကြောင်းဖြင့် မန်နေဂျာက ကျွန်ုပ်အား ပြောဆိုလိုက်၏။ ၎င်း၏ အိမ်ဖော် မေရီ ဒီဗိုင်းမှာမူ ၎င်းတို့ မထွက်ခွာမီ ရက် အနည်းငယ်ခန့်က မျက်ရည်လည်ရွဲဖြင့် ပြန်ထွက်သွားသည်ကို မြင်လိုက်ကြောင်း၊ မိမိသည် ဤအလုပ်မှ ရာသက်ပန် ထွက်သွားပြီဟု အဖော်များကို ပြောသွားကြောင်းဖြင့်လည်း သိခဲ့ရပေ၏။ ၎င်းတို့ မထွက်ခွာမီတွင် ဒေါက်တာ ရှလေဆင်းဂျားသည် အားလုံး အတွက် ကျသင့်ငွေများကို ရှင်းလင်း ပေးသွားကြောင်းဖြင့်လည်း သိခဲ့ရပေ၏။

နောက်ဆုံးတွင် မန်နေဂျာက

'စကားမစပ် ခင်ဗျာ၊ လေဒီ ဖရန်စစ် အကြောင်းကို လာမေးတာ မိတ်ဆွေကြီးနှင့်ပါ ဆိုရင် နှစ်ယောက် ရှိသွားပြီ ခင်ဗျ၊ အလျင် အပတ်တုန်းကလည်း ဒီလိုပဲ လာပြီး လူတစ်ယောက် လာမေးသွားတယ်'

'နာမည်က ဘယ်သူတဲ့လဲ'

'နာမည်တော့ ပြောမသွားဘူး ခင်ဗျ၊ ဒါပေမဲ့ လူကတော့ အင်္ဂလိပ်လူမျိုးပဲ၊ ခပ်ဆန်းဆန်းရယ်'

'စကား ပြောရင် ခပ်ရိုင်းရိုင်းရယ်လေ' ဟု ရှားလော့ဟုမ်း၏ နည်းကို လိုက်ကာ ကျွန်ုပ်က အစ်ကြည့်လိုက်၏။

'ဟုတ်ပါ့ ခင်ဗျာ၊ အလွန် ရိုင်းပါ့၊ လူက ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ မုတ်ဆိတ်နှင့်၊ အသား ညိုညိုရယ်၊ သူ့ကို ကြည့်ရတာ အထက်တန်းစား ဟိုတယ်တွေမှာထက် တောက တည်းခိုရိပ်သာမျိုးလို ဟာမျိုးနှင့် တော်တဲ့ ဂိုက်မျိုးပါ၊ လူက ကြည့်ရတာကလည်း ရက်စက်ပုံပဲဗျ၊ သူ့လို လူနှင့်လည်း ပြိုင်လို့ မဖြစ်ဘူး ခင်ဗျ'

နေခြည် ရောက်လျှင် နှင်းပျောက်ရသကဲ့သို့ အမှုမှာ တဖြည်းဖြည်းနှင့် ပုံပေါ်စ ပြုလာခဲ့လေပြီ။ လေဒီ ဖရန်စစ် ဆိုသည့် ဘာသာတရားကို ကိုင်းရှိုင်းသည့် အမျိုးကောင်းသမီးသည် ရက်စက် ကြမ်းကြုတ်သည့် လူတစ်ယောက်၏ လိုက်လံ နှောင့်ယှက်ခြင်း ခံနေရသည်မှာ သေချာနေလေပြီ။ လေဒီ ဖရန်စစ်သည် ထိုလူကို ကြောက်လန့်နေမှန်း သိသာနိုင်ပေ၏။ သို့မဟုတ်လျှင် လော



www.burmeseclassic.com

www.burmeseclassic.com



ဆိမ်းမှ ထွက်ပြေးစရာ အကြောင်း မရှိချေ။ ထိုလူသည် ယခုတိုင် လေဒီ ဖရန့်စစ် နောက်သို့ လိုက်လျက် ရှိပေရာ အနေးနှင့် အမြန် တွေ့မည်မှာလည်း သေချာလှပေ၏။ ယခုလောက် ဆိုလျှင်ပင် တွေ့နေပြီလော။ ထို့ကြောင့်ပင်လျှင် လေဒီ ဖရန့်စစ်၏ အကြောင်းကို မကြားရခြင်း ဖြစ်သလော။ သူနှင့် အတူ ပါသွားသည့် ဒေါက်တာ ရှလေဆင်းဂျားတို့သည် ထိုလူက ခြိမ်းခြောက်ခြင်း၊ ငွေညှစ်ခြင်းကို အကာအကွယ် မပေးနိုင်ကြတော့ပြီလော။ မည်သည့် အကြံဆိုး မည်သည့် ရည်ရွယ်ချက်ဖြင့် ဤမျှလောက် နောက်က တကောက်ကောက် လိုက်နေရပေသနည်း။ ဤသည်တို့မှာ ကျွန်ုပ် ဖြေရှင်းရမည့် ပြဿနာများ ဖြစ်ပေ၏။

ကျွန်ုပ်သည် ပြဿနာကို အခြေအမြစ်မှ စ၍ မည်သို့ မည်ပုံ လိုက်နေကြောင်းကို ရှားလော့ဟုမ်းထံသို့လည်း စာ တစ်စောင် ရေးပို့ လိုက်လေ၏။ ရှားလော့ဟုမ်းက ကျွန်ုပ်၏ စာကို ပြန်ကြားသည့် အနေဖြင့် ဒေါက်တာ ရှလေဆင်းဂျား၏ လက်ဝဲဘက် နားရွက်ပုံကို လှမ်း၍ မေးလေ၏။ တစ်ခါတစ်ရံ၌ ရှားလော့ဟုမ်း၏ ဟာသမှာ ထူးဆန်းရုံမျှမက လှောင်သလို ထေ့သလို ရှိရကား အချိန်အခါ မဟုတ် နောက်ပြောင်ရမည်လောဟု ဆိုကာ ကျွန်ုပ်သည် သူ့ ကြေးနန်းကို အမှတ်တမဲ့ပင် ပစ်ထားလိုက်လေ၏။ စင်စစ်အားဖြင့်လည်း ကျွန်ုပ်မှာ သူ့ ကြေးနန်းကို မရခင်ကတည်းကပင်လျှင် မွန်ပီလီယာတွင် နေထိုင်သော အိမ်ဖော် အမျိုးသမီး မေရီ ဒီဗိုင်းထံသို့ ရောက်နေလေပြီ။

မေရီ ဒီဗိုင်းကို တွေ့ဆုံကာ အလွယ်တကူပင် အကျိုး အကြောင်းကို မေးမြန်းနိုင်ခဲ့လေ၏။

မေရီ ဒီဗိုင်းမှာ အလွန် သစ္စာ ရှိသည့် အိမ်ဖော် တစ်ဦး ဖြစ်ပြီး မိမိ၏ သခင်မသည် မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းဖော်မိပြီ ဖြစ်သည်ဟု ယူဆသည့် အတွက်ကြောင့် တစ်ကြောင်း၊ မိမိကိုယ်တိုင် မကြာမီ လက်ထပ်တော့မည် ဖြစ်သည့် အတွက်ကြောင့် တစ်ကြောင်း ယခုကဲ့သို့ အလုပ်မှ ထွက်ခြင်း ဖြစ်သည်ဟု သိရလေ၏။ ဘေဒင်သို့ ရောက်သည့် အခါတွင် သူ့ သခင်မမှာ အနည်းငယ် စိတ်တိုလျက် ရှိကာ တစ်စုံတစ်ရာ အတွက် ရတက်မအေး ဖြစ်နေဟန် ရှိကြောင်းဖြင့် ဝန်ခံ ပြောဆိုခြင်း ပြုလေ၏။ တစ်ခါတွင်မူ မိမိကိုပင် မယုံသင်္ကာ ဖြစ်ဟန် ပြသဖြင့် ယခုကဲ့သို့ စောစီးစွာ အလုပ်မှ ထွက်လာခြင်း ဖြစ်ကြောင်းဖြင့်လည်း ပြောဆိုလေ၏။ လေဒီ ဖရန့်စစ်သည် သူ့အား လက်ဖွဲ့အဖြစ် ပေါင် ငါးဆယ် ပေးလိုက်ကြောင်း၊ ကျွန်ုပ်ကဲ့သို့ပင် မေရီ ဒီဗိုင်းမှာ





လည်း ထို လူစိမ်းကို သင်္ကာမကင်း ဖြစ်ကြောင်းဖြင့်လည်း သိရလေ၏။ ထိုလူသည် ကန်ဘေး လူအများ မြင်နိုင်သည့် စင်္ကြံပေါ်တွင် လေဒီ ဖရန့်စစ်၏ လက်ကို ကြမ်းတမ်းစွာ ဆွဲကိုင်လိုက်သည်ကို မိမိ ကိုယ်တိုင် မြင်လိုက် ရကြောင်းဖြင့် မစ္စ မေရီ ဒီဗိုင်းက ပြောဆိုလေ၏။

ထိုလူမှာ ရက်စက် ကြမ်းကြုတ်သည့် လူ တစ်ယောက် ဖြစ်ဟန် တူကြောင်း၊ ထိုလူ၏ ရန်ကို ကြောက်သဖြင့် လန်ဒန်သို့ ဒေါက်တာ ရှလေဆင်းဂျားတို့ ဇနီး မောင်နှံနှင့် လိုက်ပါသွားသည်ဟု ယူဆကြောင်း၊ ထိုလူ့အကြောင်းနှင့် ပတ်သက်၍ မိမိအား ဘာမျှ ပြောဆိုဖူးခြင်း မရှိကြောင်း၊ သို့ရာတွင် သူ့ သခင်မကို ကြည့်ရသည်မှာ တော်တော် ထိတ်လန့် ကြောက်ရွံ့နေဟန် ရှိကြောင်းဖြင့် ပြောဆိုခြင်း ပြုလေ၏။

ထိုနေရာသို့ အရောက်တွင် မေရီ ဒီဗိုင်းသည် ကုလားထိုင်မှ ရုတ်တရက် ထရပ်လိုက်ပြီးလျှင် အံ့သြ ထိတ်လန့်သော မျက်နှာထားဖြင့်

'ဟော၊ ပြောရင်း ဆိုရင်း ခုထက်ထိ လိုက်နေတုန်းရှင့်၊ ဟိုမှာ မြင်ရဲ့လား၊ ကျွန်မ ပြောတဲ့ လူ'

ဖွင့်ထားသော ဧည့်ခန်း ပြတင်းပေါက်မှ ကြည့်လိုက်သည့် အခါတွင် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ အသား ညိုညို၊ မည်းနက်သော မုတ်ဆိတ်များ ရှိသည့် လူတစ်ယောက်သည် လမ်းမ တစ်လျှောက် အတိုင်း လျှောက်လာကာ အိမ်နံပါတ်များကို ကြည့်နေသည်ကို မြင်ရလေ၏။ ကျွန်ုပ်ကဲ့သို့ပင် ထိုလူသည်လည်း မေရီ ဒီဗိုင်းကို လိုက်ရှာနေကြောင်း သိသာနိုင်ပေ၏။

ကျွန်ုပ်သည် အောင့်အည်းခြင်းငှာ မတတ်နိုင်တော့ဘဲ လမ်းမသို့ ပြေးဆင်းလာကာ 'ခင်ဗျား အင်္ဂလိပ် လူမျိုးလား' မေးလိုက်လေ၏။

'ဟုတ်တော့ကော ခင်ဗျားက ဘာလုပ်မလို့လဲ' ဟု ကြောက်ဖွယ် မျက်မှောင်ကြီး ကုတ်၍ ပြောလေ၏။

'မိတ်ဆွေကြီးရဲ့ နာမည်ကကော'

'ဘာလို့ ပြောရမှာလဲဗျ'

အခြေအနေမှာ အတန်ငယ် ဆိုးနေလေပြီ။ ဤတွင် ဖြောင့်ကျကျ မေးခြင်းသည် အကောင်းဆုံး ဖြစ်သည်ဟု အမှတ်ရလာသဖြင့် ကျွန်ုပ်က 'လေဒီ ဖရန့်စစ် ဘယ်မှာလဲ' ဟု မေးလိုက်လေ၏။

ထိုလူသည် အံ့အား သင့်လျက် ကျွန်ုပ်ကို စားတော့ ဝါးတော့မတတ် စိန်းစိန်းကြီး ကြည့်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားနှင့် သူနှင့် ဘယ်လို ပတ်သက်သလဲ၊ ဘာဖြစ်လို့ သူ့နောက်ကို တကောက်ကောက် လိုက်နေရတာလဲ ပြောစမ်း'

ထိုလူသည် ဒေါသတကြီးဖြင့် အော်ကာ ကျားကြီး တစ်ကောင်ကဲ့သို့ ကျွန်ုပ်ကို ခုန်အုပ်လိုက်လေ၏။ ကျွန်ုပ်သည် လုံးထွေး သတ်ပုတ်ရင်း လူတော်တော် များများ၏ လက်ကို ဖမ်းယူ ဆုပ်ကိုင်ခဲ့ဖူးသော်လည်း ထိုလူ၏ လက်မှာ ပြွတ်တူကြီးဖြင့် ညှပ်ထားသည့်နှယ် ကျွန်ုပ်၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားပြီး ကျန် လက်တစ်ဖက်ဖြင့် ကျွန်ုပ်၏ လည်မျိုကို ညှစ်တော့မည် ပြုနေစဉ် မျက်နှာချင်းဆိုင် ပျော်ပွဲစားရုံ တစ်ခုထဲမှ အလုပ်သမား တစ်ယောက် သဖွယ် ဝတ်ဆင်ထားပြီး မုတ်ဆိတ်တို့ ရိတ်ထားခြင်း မရှိသည့် ပြင်သစ် လူမျိုး တစ်ယောက်သည် တုတ်ကြီး တစ်ချောင်း ကိုင်၍ ပြေးထွက်လာပြီးလျှင် ထိုလူ၏ လက်ကို တအား ရိုက်ချလိုက်သဖြင့် ထိုလူလည်း ကျွန်ုပ်ကို လွှတ်လိုက်ရလေ၏။ ထိုလူသည် ဒေါသတကြီးဖြင့် ရပ်နေပြီး ကျွန်ုပ်အား နောက်ထပ် သတ်ပုတ်ရအံ့လောဟု စဉ်းစားနေပြီးနောက် ကျိန်ဆဲကာ ကျွန်ုပ် ထွက်လာခဲ့သည့် အိမ်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

ကျွန်ုပ်က လာရောက် ကူညီသူကို ကျေးဇူး စကား ပြောရန် လှည့်လိုက်စဉ်

'ဘယ်လိုလဲဗျ အိုင်ဆေး၊ စုံထောက် နိုင်းပါတယ်၊ ကံကောင်းလို့ ခေါင်းမကွဲတာပါလား၊ ခင်ဗျားကို ဒီမှာ ထားခဲ့လို့တော့ မဖြစ်တော့ပါဘူး၊ ဒီနေ့ည အမြန် ရထားနှင့် လန်ဒန်ကို ပြန်ခေါ်သွားမှ ဖြစ်တော့မှာပါ'

နောက် တစ်နာရီခန့် ကြာသည့် အခါ၌ ရှားလော့ဟုမ်းသည် ခါတိုင်း ဝတ်နေကျ အဝတ်အစားဖြင့် ဟိုတယ်ရှိ ကျွန်ုပ် အခန်းတွင် ထိုင်လျက် ရှိလေ၏။

ကျွန်ုပ် နောက်သို့ ရှားလော့ဟုမ်း လိုက်လာရသည့် အကြောင်းမှာ အခြားကြောင့် မဟုတ်။ လန်ဒန်တွင် အလုပ် အားသည့် အတွက် ကျွန်ုပ်အား နောက်ခရီး တစ်ထောက်တွင် တွေ့ဆုံရန် လိုက်လာခဲ့ခြင်း ဖြစ်လေ၏။ ရှားလော့ဟုမ်းသည် အလုပ်သမား တစ်ယောက်၏ အဝတ်အစားကို ဝတ်ကာ ကျွန်ုပ် အလာကို ပျော်ပွဲစားရုံ တစ်ခုထဲမှ ထိုင်စောင့်နေခြင်း ဖြစ်လေ၏။

'အင်း ခင်ဗျား လိုက်ပုံ သိပ်မဆိုးလှပါဘူး၊ ရှေ့နောက် ညီညွတ်ပါပေတယ်၊ ကြီးကြီးကျယ်ကျယ် မှားတဲ့ အမှားရယ်လို့တော့ မရှိသေးပါဘူး၊ ခင်ဗျား လိုက်တာနှင့် ဟိုးလေးတကျော် ဖြစ်ကုန်ပြီး ကြော်ငြာ မောင်းခတ်လိုက်သလို အားလုံး ဟိုးလေးတကျော် ဖြစ်ရုံပဲ ရှိတယ်၊ ပြီးတော့ ဘာမှလည်း ရှာလို့မတွေ့ဘူး၊ မှားတာကတော့ ဒီတစ်ချက်ကလေးပါ'

'ခင်ဗျား လိုက်ရင်လည်း ဒီထက် ပိုပြီး ထူးချင်မှ ထူးမှာပါ' ဟု ကျွန်ုပ်က စိတ်တိုတိုဖြင့် ပြောလေ၏။

'ထူးချင်မှ ထူးမှာ မဟုတ်ဘူး ခင်ဗျ၊ ထူးတယ်၊ ဟောဒီ ခင်ဗျား တည်းနေတဲ့ ဟိုတယ်မှာ တည်းနေတဲ့ ဖိလစ် ဂရင်း ဆိုတဲ့ လူတစ်ယောက် ရှိတယ်၊ သူ့ကို စောင့်ကြည့်ရင် ကျုပ်တို့ ကိစ္စ အစအနကလေး ရနိုင်တယ်'

စားပွဲထိုးက လင်ဗန်းကလေး တစ်ခုပေါ်တွင် ကတ်ပြား တစ်ခုကို ယူလာပြီးနောက် မရှေး မနှောင်း ဆိုသလိုပင် ကျွန်ုပ်အား လမ်းပေါ်တွင် ရိုက်မောင်း ပုတ်မောင်း လုပ်မည် တကဲကဲ ဖြစ်ခဲ့သည့် ထောင်ထောင်မောင်းမောင်း မုတ်ဆိတ်နှင့်လူ ဝင်လာလေ၏။

ထိုလူသည် ကျွန်ုပ်ကို မြင်လိုက်လျှင် အနည်းငယ် လှုပ်ရှား သွားလေ၏။

'ဘယ်လိုလဲ မစ္စတာ ဟုမ်း၊ ခင်ဗျား စာရေးလိုက်လို့ ကျွန်တော် လာတာ၊ ဒီလူက ဘာဆိုင်လို့ ပါနေရပြန်တာလဲ'

'ကျွန်တော်တို့ကို ကူညီနေတဲ့ ကျွန်တော့် မိတ်ဆွေဟောင်းကြီး ဒေါက်တာ ဝပ်ဆင်ပါဗျ'

လူစိမ်းသည် နေလောင်သဖြင့် ညိုနေသည့် လက်တစ်ဖက်ကို ထုတ်ကာ ကျွန်ုပ်အား လက်ဆွဲ နှုတ်ဆက်ပြီးနောက် တောင်းပန်စကား ပြောဆိုခြင်း ပြုလေ၏။

'ဘယ်မှတော့ ထိသွားတယ် မထင်ပါဘူးနော် ဒေါက်တာ၊ ကျွန်တော်ကပဲ အမျိုးသမီးကို လိုက် နှောင့်ယှက်နေသယောင်ယောင် ခင်ဗျား စွပ်စွဲလေတော့ ကျွန်တော်လည်း စိတ်မထိန်းနိုင် ဖြစ်သွားတယ်ဗျာ၊ ခုတစ်လော ကျွန်တော်လည်း ဘယ်လို ဖြစ်နေမှန်း မသိပါဘူး၊ စိတ်ကလည်း သိပ်တိုတာပဲ၊ အခြေအနေက ကျွန်တော် သည်းမခံနိုင်လောက်အောင် ဖြစ်နေပြီ ခင်ဗျာ၊ ဒါထက် နေပါဦး၊ ကျွန်တော့်ကို စုံထောက်ကြီး ဘယ်လိုလုပ် သိတာလဲ'

'လေဒီ ဖရန်စစ်ရဲ့ စာပြ ဆရာမဟောင်း မစ္စ ဒူဗန် ဒေါ့ဗနေက ပြောလိုက်လို့ပါ'

'ဩော် ဩော်၊ ဟို ကက်ဦးထုပ်ကလေး ဆောင်းဆောင်းနေတဲ့ အဘွားကြီးလား၊ ဟုတ်ပြီ၊ ကျွန်တော် မှတ်မိပြီ'

www.burmeseclassic.com

www.burmeseclassic.com



'သူကလည်း ခင်ဗျားကို ကောင်းကောင်း မှတ်မိပါတယ်၊ ခင်ဗျား တောင်အာဖရိကကို ထွက်မသွားခင် ကတည်းက ဆိုပါတော့'

'ဪ လက်စသတ်တော့ စုံထောက်ကြီးက ကျွန်တော့် အကြောင်းကို အကုန် သိနေပြီကိုး၊ စုံထောက်ကြီးကို ကျွန်တော် ဘာမှ ဖုံးကွယ်နေစရာ မလိုတော့ပါဘူးဗျာ၊ ဖရန့်စစ်ကို ကျွန်တော် ချစ်တာလောက် ဘယ် ယောကျ်ားမှ မိန်းမ တစ်ယောက်ကို ချစ်နိုင်မယ် မထင်ပါဘူး၊ ကျွန်တော်က ငယ်ငယ်တုန်းက ကျွန်တော်တို့ အတန်းအစားက လူငယ်တွေလို ခပ်ရမ်းရမ်းသမားဗျ၊ ဒါပေမဲ့ ဖရန့်စစ်ရဲ့ စိတ်ကတော့ အင်မတန်ကို ဖြူစင်ပါတယ်ဗျာ၊ ဖရန့်စစ်ဟာ ကြမ်းတမ်း ရိုင်းပျတာကို နည်းနည်းကလေးမှ သည်းမခံနိုင်ဘူး၊ ကျွန်တော် ခပ်ရမ်းရမ်း နေတာ ထိုင်တာတွေကို သူ ကြားတော့ ဖရန့်စစ်ဟာ ကျွန်တော့်ကို စကား တစ်ခွန်းမှ မပြောတော့ဘူး ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော့်ကို သူ မချစ်ဘူးလား ဆိုတော့ မဟုတ်ပြန်ဘူး ခင်ဗျ၊ ကျွန်တော့်ကို သူ တော်တော် ချစ်ရှာပါတယ်၊ ကျွန်တော့်ကို ချစ်လွန်းတဲ့ အတွက် သူဟာ အိမ်ထောင်တောင် မပြုတော့ဘဲ တစ်ယောက်တည်း နေခဲ့ပါတယ်၊ နှစ်တွေ ညောင်းလာလို့ ကျွန်တော်လည်း တောင်အာဖရိကမှာ ငွေလေး ဘာလေး စုမိတော့ သူ့ကို လိုက်ရှာပြီး ပြေရာပြေကြောင်း ပြောနိုင်လိမ့်မယ်လို့ ကျွန်တော် ထင်ခဲ့တယ်၊ ခုထက်ထိ သူ အပျိုကြီး လုပ်နေတယ် ဆိုတာကိုလည်း ကျွန်တော် ကြားတယ်၊ ဒါနှင့် လိုက်ရှာတော့ လောဆိမ်းမှာ တွေ့ပြီး သူ့ကို ကျွန်တော် တတ်နိုင်သမျှ ဖျောင်းဖျပါတယ်၊ ဒါပေမဲ့ အသက် ကြီးလာလို့ လူသာ နည်းနည်း ကျတယ် စိတ်ကတော့ မကျဘူး ခင်ဗျ၊ နောက်တစ်ခေါက် ကျွန်တော် သူ့ဆီကို သွားတော့ မရှိတော့ဘူး၊ လောဆိမ်းက ထွက်သွားပြီ၊ ဒါနှင့် ကျွန်တော် သတင်း ကြားတာနှင့် ဘေဒင်ကို လိုက်သွားတယ်၊ ဒီမှာ သူ့ အိမ်ဖော် မေရီ ရှိတယ် ဆိုလို့ ဒီကို လိုက်လာခဲ့ပြန်တယ်၊ ကျွန်တော်က တောထဲ တောင်ထဲမှာ နေခဲ့ရတော့ စိတ်ကြမ်း လူကြမ်း ဖြစ်နေတယ် ခင်ဗျ၊ ဒေါက်တာ ဝပ်ဆင်က ကျွန်တော့်ကို ဟိုမေး ဒီမေး လုပ်တော့ ကျွန်တော်လည်း တော်တော် စိတ်ဆိုးသွားတယ်၊ ကဲပါ ခင်ဗျာ၊ ဒါတွေ ထားပါတော့၊ ခု ဖရန့်စစ် ဘယ်လို ဖြစ်နေသလဲ ဆိုတာကိုသာ ကျွန်တော် သိပါရစေ'

ရှားလော့ဟုမ်းသည် အလွန် လေးနက်သည့် ဟန်ဖြင့်

'ဒီကိစ္စက ကျုပ်တို့ လိုက်ရမယ့် ကိစ္စ ခင်ဗျ၊ ခင်ဗျား လန်ဒန် လိပ်စာက ဘယ်မှာလဲ'



'လန်ဒန် ဟိုတယ်ကို လာရင် တွေ့ပါတယ် ခင်ဗျာ'

'ကဲ ဒီလိုဆိုရင် ကျုပ် အကြံ ပေးမယ်၊ ခင်ဗျား လန်ဒန်ကို ပြန်ပါ၊ ကျုပ်တို့ အလိုရှိရင်သာ တစ်ဆိတ် အဆင်သင့် ရှိနေပါစေ၊ ခင်ဗျားကို ဟုတ်နိုးနိုး မျှော်လင့်ချက် မပေးချင်ဘူးဗျာ၊ သို့သော်လည်း လေဒီ ဖရန့်စစ်ရဲ့ လုံခြုံရေးနှင့် ပတ်သက်လာရင်တော့ ကျုပ်တို့ တတ်နိုင်သမျှ ကြိုးစားပါ့မယ် ဆိုတာ ကတိပေးပါတယ်၊ ခုတော့ ဒီလောက် အထိပဲ ပြောနိုင်သေးတယ်၊ အရေးရှိရင် ကျုပ်တို့နှင့် အဆက်အသွယ် လုပ်နိုင်အောင် ကျုပ်တို့ လိပ်စာ ကတ်ပြား ပေးပစ်ခဲ့မယ်၊ ကဲ ဝပ်ဆင်၊ ခင်ဗျား အထုပ်အပိုးတွေ ပြင်ချည်ဗျာ၊ ကျုပ်တော့ မနက်ဖြန်ည ခုနစ်နာရီခွဲမှာ အလွန် ငေါ်ပြတ်လာတဲ့ ခရီးသည် နှစ်ယောက် အတွက် စားကောင်းသောက်ဖွယ် ပြင်ထားဖို့ မစ္စက် ဟတ်ဆန်ဆီကို ကြေးနန်း ရိုက်လိုက်ဦးမယ်'

ဘေကာလမ်းရှိ ကျွန်ုပ်တို့ တိုက်ခန်းသို့ ပြန်ရောက်သည့် အခါတွင် ကြေးနန်း တစ်စောင် ရောက်နေသည်ကို တွေ့ရလေ၏။ ရှားလော့ဟုမ်းသည် ကြေးနန်းကို စိတ်အား ထက်သန်စွာ ကောက်ဖတ်လိုက်ပြီးလျှင် ကျွန်ုပ်ဆီသို့ လှမ်းပေးလိုက်လေ၏။ ပွဲနေသည် သို့မဟုတ် ပြတ်နေသည်ဟု ကြေးနန်းတွင် ပါရှိပြီး ဘေဒင်မှ ရိုက်လိုက်သော ကြေးနန်း ဖြစ်ကြောင်း တွေ့ရပေ၏။

'ဘာအဓိပ္ပာယ်လဲဗျ'

'အဓိပ္ပာယ် အကုန် ပါတယ်ဗျ၊ သာသနာပြု ဆရာရဲ့ ဘယ်ဘက် နားရွက်ကို ကြည့်ခဲ့ပါလို့ ကျုပ် မဆီမဆိုင် ကောက်ရိုက်လိုက်တဲ့ ကြေးနန်းကို ခင်ဗျား မှတ်မိသေးတယ် မဟုတ်လား၊ ခင်ဗျား ဘာမှ အကြောင်း မပြန်ဘူးလား'

'အဲဒီ ကြေးနန်းကို ရတော့ ကျွန်တော် ဘေဒင်မှာ မရှိတော့ဘူးလေ၊ ကြည့်ဖို့ အခွင့် မကြုံတော့ဘူး'

'ကျုပ် သိတယ်၊ ဒါ့ကြောင့် မိတ္တူ ကြေးနန်း တစ်စောင်ကို အင်္ဂလိပ် ဟိုတယ် မန်နေဂျာဆီကို ရိုက်လိုက်တာ၊ အဲဒါ သူ့ဆီက ပြန်တဲ့ ကြေးနန်းပဲ'

'သဘောက ဘာလဲ'

'သဘောက တော်တော် အန္တရာယ် ကြီးပြီး တော်တော် ကောက်ကျစ်တဲ့ လူတစ်ယောက်နှင့် ကျုပ်တို့ အလုပ် လုပ်နေရပြီ ဆိုတဲ့ သဘောပေါ့ဗျာ၊ တောင် အမေရိကတိုက်က သာသနာပြု ဒေါက်တာ ရှလေဆင်းဂျား ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

တခြားလူ မဟုတ်ဘူးဗျို့၊ ဩစတေလျမှာ သိပ် နာမည်ကြီးတဲ့ သူတော်ယောင် ဝိတာ ဆိုတဲ့ လူဗျ၊ သိရဲ့လား၊ ဘယ့်နှယ်ဗျာ၊ တိုင်းပြည်ကလေးနှင့် မလိုက် အောင် ဒီလောက် ဆိုးတဲ့ လူကိုလည်း မွေးတတ်ပါပေရဲ့၊ ဒီကောင်က လေဒီ ဖရန်စစ်လို ဘာသာတရား ကိုင်းရှိုင်းတဲ့ အမျိုးသမီးတွေကို ဖြားယောင်း ဖျက် ဆီးလေ့ ရှိသဗျ၊ သူ့မိန်းမ ဖရေဇာ ဆိုတဲ့ အင်္ဂလိပ်မကလည်း ယောက်ျားကို ပါရမီ ဖြည့်သဗျ။

'ကျုပ်က ခုဖြစ်တဲ့ လက်စလက်နကို ကြည့်လိုက်တော့ ဒီကောင်ပဲ ဖြစ်မှာပဲ ဆိုပြီး သံသယ ဖြစ်နေတာ၊ ခု နားရွက် တစ်ဖက် ပြတ်နေတယ် ဆို တော့ ကျုပ် သံသယဟာ ခိုင်လုံသွားပြီပေါ့၊ ၁၈၈၉ ခုနှစ် အယ်ဒီလိတ်မြို့က အရက်ဆိုင်ထဲမှာ ရန်ဖြစ်ကြလို့ ဒီကောင် နားရွက် တစ်ဖက် အကိုက်ခံရပြီး ပြတ်သွားတယ်ဗျ၊ အင်း တော်တော်ကို လက်ရဲဇက်ရဲ ရှိတဲ့ လင်မယားရဲ့ စက် ကွင်းထဲကို ကျုပ်တို့ အမျိုးသမီး ရောက်နေပြီဗျ၊ ခုလောက်ဆို အသက်နှင့် ခန္ဓာကိုယ်တောင် အိုးစား ကွဲနေလောက်ပြီလား မသိဘူး၊ အသက်နှင့် ကိုယ် အိုးစား မကွဲသေးဘူး ဆိုရင်လည်း တစ်နေရာရာမှာ ပိတ်လှောင်ခံထားရပြီဗျ၊ မစ္စ ဒေါ့ဗနေဆီကိုရော ဘယ်သူ့ဆီကိုမှ စာရေးနိုင်ဟန် မတူတော့ဘူး၊ အမျိုး သမီးဟာ လန်ဒန်ကို ရောက်ချင်မှတောင် ရောက်မယ်၊ သို့မဟုတ်ရင်လည်း ဖြတ်သွား ဖြတ်လာ လုပ်ရရုံလောက်ပဲ ရှိမယ်၊ လန်ဒန်ကို မရောက်လို့တော့ မဖြစ်နိုင်ဘူး ထင်တယ်၊ ဥရောပတိုက်က အမျိုးသားမှတ်ပုံတင် စနစ် အတိုင်း ဆိုရင် သူတို့ တစ်တွေ ဥရောပ ပုလိပ်ကို လိမ်ထွက်ဖို့ သိပ် မလွယ်လှဘူး၊ တခြားကို သွားဖို့ ဆိုတာလည်း သိပ်တော့ မလွယ်လှဘူး၊ လူတစ်ယောက်ကို ချုပ်နှောင် ဖမ်းထားဖို့ ဆိုတာဟာ လွယ်တဲ့ ကိစ္စမှ မဟုတ်တာ၊ အမျိုးသမီး ဟာ လန်ဒန်မှာ ရှိနေတယ်လို့ ကျုပ်ရဲ့ ပကတိ ဉာဏ်က ပြောနေတယ်ဗျာ၊ သို့ သော်လည်း ဘယ်မှာ ရှိနေတယ် ဆိုတာကိုတော့ ကျုပ် ခု မပြောနိုင်သေးဘူး နောင်ကျမှ လိုက်ကြည့်ရဦးမှာပဲ၊ ခု လောလောဆယ်တော့ ညစာ ကောင်း ကောင်း စားပြီး စိတ်ကို အနားပေးဖို့ အရေးကြီးတယ်၊ ညနေပိုင်း ကျရင်တော့ စကော့တလန်ယာဒ်က လက်စထရိတ်တို့ဆီကို သွားပြီး စကားလေး ဘာလေး ပြောကြည့်ရဦးမှာပဲ'

သို့ရာတွင် စကော့တလန်ယာဒ် စုံထောက် အဖွဲ့သည် လည်းကောင်း၊ သေးငယ်သည့်တိုင် စေ့စပ် သေချာလှသော ရှားလော့ဟုမ်း၏ တပည့် အသင်း အပင်းများသည် လည်းကောင်း ထိုပြဿနာကို ရှင်း၍ မရနိုင်ဘဲ ဖြစ်လျက်





ရှိလေ၏။ လူတွေ အုတ်အုတ်ကျက်ကျက် ဖြစ်နေသည့် လန်ဒန်မြို့ကြီးထဲတွင် သူတို့သုံးယောက်သည် ပျောက်ချက်သား ကောင်းလျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် သတင်းစာ ကြော်ငြာများဖြင့် စမ်းကြည့်၏။ သို့ ရာတွင် မအောင်မြင်ခဲ့ချေ။ သဲလွန်စများကို လိုက်၍ ခြေရာခံ၏။ သို့ရာတွင် ဘယ်ကိုမျှ မရောက်ခဲ့ချေ။ ရှုလေဆင်းဂျားလို လူမျိုး သွားတတ်သည့် စားကျက် များသို့ ရောက်ခဲ့သော်လည်း ခြေရာကိုမျှ ခံ၍ မရဘဲ ဖြစ်လျက် ရှိလေ၏။

သို့ဖြင့် တစ်ပတ်ခန့် ရင်တထိတ်ထိတ် နေခဲ့ရပြီး နောက်တွင် မျှော် လင့်ချက် ရောင်ခြည်ကလေး သန်းလာသည်ကို ကျွန်ုပ်တို့ မြင်လိုက်ရပေ၏။ ယင်းမှာ အခြား မဟုတ်။ ဝက်စမင်စတာလမ်းရှိ ဗီဗင်တန်၏ အပေါင်ဆိုင် တွင် ရှေး စပိန် ပန်းထိမ် လက်ရာဖြင့် လုပ်ထားသည့် ငွေဘယက်ကြီး တစ်ကုံး ကို လာရောက် ပေါင်နှံခြင်း ဖြစ်လေ၏။ ပေါင်နှံသူမှာ မုတ်ဆိတ်တို့ စင်ကြယ် စွာ ရိတ်ထားသည့် ဓမ္မဆရာ ယောင်ယောင် တရားဟောဆရာ ယောင်ယောင် ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းသည့် လူတစ်ယောက် ဖြစ်သည်ဟု သိရလေ ၏။ ကြည့်လိုက်ရုံဖြင့် အမည်နှင့် လိပ်စာကို လွှဲပေးထားကြောင်းကို သိနိုင် ပေ၏။

နားရွက်ကို သတိ မထားလိုက်မိသည့်တိုင် ပုံပန်း သဏ္ဌာန်မှာ ရှုလေ ဆင်းဂျား၏ ပုံပန်းသဏ္ဌာန်နှင့် တစ်ထပ်တည်း ဖြစ်နေပေ၏။

ထိုအတောအတွင်း၌ လန်ဒန် ဟိုတယ်တွင် နေသည့် ဖိလစ် ဂရင်းသည် ကျွန်ုပ်တို့ထံသို့ အကြောင်းထူး မထူး သုံးကြိမ်တိုင်တိုင် စုံစမ်းသေးရာ နောက် ဆုံး အကြိမ်မှာ အပေါင်ဆိုင် သတင်းကို သိရပြီး တစ်နာရီလောက် အတွင်း တွင် ဖြစ်လေ၏။ ဖိလစ် ဂရင်း၏ ကြီးခိုင်သော ခန္ဓာကိုယ်ကြီးပေါ်တွင် ဝတ် ဆင်ထားသည့် အဝတ်အစားတို့မှာ ချောင်ကျလျက် ရှိလေပြီ။ သူ့ကို ကြည့်ရ သည်မှာ စိုးရိမ်သောကကြောင့် ပိန်ချုံးလျက် ရှိလေ၏။

ကျွန်ုပ်တို့ထံသို့ ရောက်လာတိုင်း 'ဘာ သတင်းမှ မထူးတော့ဘူးလား ဗျာ' ဟု စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူလျက် ရှိလေ၏။

နောက်ဆုံး အခေါက်တွင်မူ ရှားလော့ဟုမ်းက

'ငနဲကတော့ လက်ဝတ်လက်စားတွေကို ထုတ်ပေါင်နေပြီဗျ၊ မကြာ ခင် မိလိမ့်မယ် ထင်တာပဲ'

'ဒီလိုဆို ဖရန်စစ် တစ်ခုခုတော့ ဖြစ်ပြီ ထင်ပါတယ်ဗျာ'

ရှားလော့ဟုမ်းက ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ခုချိန်ထိ လေဒီ ဖရန်စစ်ကို ချုပ်နှောင်ထားသေးတယ် ဆိုရင်တော့ လွှတ်လိုက်တာနှင့် သူတို့ လည်ပင်း သူတို့ ကြိုးကွင်း စွပ်သလို ဖြစ်မှာပဲဗျ၊ ဒီတော့ ကျုပ်တို့ အနေနှင့် အဆိုးဆုံးကို ရင်ဆိုင်ဖို့ အသင့် ပြင်ထားရမှာပဲ'

'ကျွန်တော် ဘာလုပ်ပေးနိုင်မလဲ'

'ဒီလူတွေနှင့် ခင်ဗျား မျက်နှာချင်းဆိုင် မတွေ့သေးဘူး မဟုတ်လား'

'မတွေ့သေးဘူးဗျ'

'မကြာခင်မှာ ဒီငနဲ တခြား အပေါင်ဆိုင် တစ်ခုကို သွားလိမ့်ဦးမယ်ဗျ၊ အဲဒီအခါကျတော့မှ ကျုပ်တို့ တစ်ချီ လိုက်ကြည့်ရဦးမှာပဲ၊ တစ်ချက် စဉ်းစားစရာ ရှိတာက ဗီဗင်တန်ရဲ့ အပေါင်ဆိုင်ကို ပစ္စည်း လာပေါင်တုန်းက ပေါင်ကြေးကလည်း ကောင်း အမေး အမြန်းလည်း သိပ် မရှိတော့ နောက်တစ်ခါ လာရင် ဒီ အပေါင်ဆိုင်ကိုပဲ လာမယ်လို့ ယူဆရတယ်၊ ကျုပ် အပေါင်ဆိုင်ကို စာရေး ပေးလိုက်မယ်၊ သူတို့က ဆိုင်ထဲမှာ ခင်ဗျားကို နေရာချပေးလိမ့်မယ်၊ အဲဒီ ငနဲ လာရင် နောက်ယောင်ခံပြီးသာ လိုက်သွားပေတော့၊ တိတ်တိတ်ပုန်း လိုက်နော်၊ ရုန်းရင်းဆန်ခတ်တွေ ဘာတွေ မလုပ်နှင့်၊ ကျုပ် မသိဘဲ ကျုပ် သဘော တူညီချက် မရဘဲ ဘာမှ မလုပ်ဘူးလို့ ယုံကြည်တဲ့ အတွက် ခင်ဗျားကို ခိုင်းလိုက်တာ'

နှစ်ရက်လုံးလုံး အော်နာရေဘီ ဖိလစ် ဂရင်း (၄င်းမှာ ကရိုင်းမီယန်း စစ်ပွဲ အတွင်းက အဇော့ ပင်လယ် ရေတပ်ကို ကွပ်ကဲ ဦးစီးခဲ့သည့် ရေတပ် ဗိုလ်ချုပ် ဖိလစ် ဂရင်း၏ သား ဖြစ်ပေ၏။) ထံမှ မည်သည့် အကျိုး အကြောင်း ကိုမျှ မကြားရချေ။

တတိယမြောက် ညနေ၌မူ ဖိလစ် ဂရင်းသည် ကျွန်ုပ်တို့ အိမ်ခန်းထဲ သို့ ဖျော့တော့သော မျက်နှာကို ဆောင်ကာ ကြံ့ခိုင်သော ကိုယ်ခန္ဓာကြီးပေါ်ရှိ ကြွက်သားများ အားလုံး တုန်ယင်လျက် ရှိရာမှ ကျွန်ုပ်တို့ အခန်းထဲသို့ အမော တကော ပြေးဝင်လာလေ၏။

'စုံထောက်ကြီးရေ၊ ဒီကောင်ကို တွေ့ခဲ့ပြီ ခင်ဗျ၊ တွေ့ခဲ့ပြီ'

ဖိလစ် ဂရင်းမှာ တုန်လှုပ် ချောက်ချားလျက် ရှိသဖြင့် စကားကိုပင် အဆက်အစပ် မပြောနိုင်တော့ချေ။ ရှားလော့ဟုမ်းက သူ့အား နှစ် သိမ့်ရာ နှစ်သိမ့်ကြောင်း ပြောပြီး ကုလားထိုင်တွင် အတင်း အထိုင်ခိုင်း ယူရ လေ၏။

'ကဲ ဆိုစမ်းပါဦး၊ အဖြစ်အပျက် အစဉ်အတိုင်း သိရအောင်'





'ဒီတစ်ခေါက် အပေါင်ဆိုင်ကို လာတာက သူ့ မိန်းမ ခင်ဗျ၊ လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ လာသွားတယ်၊ ဒါပေမဲ့ သူ ယူလာတဲ့ ငွေဘယက်ထဲ ဖရန်စစ်ရဲ့ ဘယက်ပါ ခင်ဗျာ၊ သေချာပါတယ်၊ မိန်းမက အရပ် မြင့်မြင့် မျက်နှာ ဖျော့ဖျော့ရယ်၊ မျက်လုံးကလည်း ကြီးကန်းတောင်းမှောက်ပဲ'

'အဲဒါ သူ့ မိန်းမပေါ့'

'အပေါင်ဆိုင်က ထွက်သွားတော့ ကျွန်တော် သူ့ နောက်က လိုက် သွားတယ် ခင်ဗျ၊ ပထမ ကင်ဆင်တန်လမ်း အတိုင်း သွားတယ်၊ ဒါနှင့် ကျွန် တော်လည်း သူ့ နောက်က လိုက်လာခဲ့တယ်၊ ပြီးတော့ ဆိုင်တစ်ဆိုင်ထဲကို ဝင်တယ် ခင်ဗျ၊ ဘာဆိုင်ထင်သလဲ စုံထောက်ကြီး၊ အသုဘခေါင်း ရောင်းတဲ့ ဆိုင် ခင်ဗျ၊ အသုဘခေါင်း ရောင်းတဲ့ ဆိုင်'

ရှားလော့ဟုမ်းသည် ရုတ်တရက် လှုပ်ရှားသွားလေ၏။ 'ဟုတ်လား' ဟု မေးလိုက်သော်လည်း ထို စကားလုံးများသည် အေးစက် တင်းမာသော မျက်နှာ နောက်ကွယ်ရှိ ပူလောင် ပြင်းပြသော စိတ်ဓာတ်ကို ဖော်ပြနေသကဲ့ သို့ ရှိပေ၏။

'အဲဒီ ဆိုင်ထဲ ရောက်တော့ ကောင်တာက မိန်းမနှင့် စကား ပြောနေ တယ် ခင်ဗျ၊ ကျွန်တော်လည်း နောက်က ဝင်လိုက်သွားတယ်၊ နောက်ကျသွား ပြီလို့ ပြောလိုက်သလိုလို ဘာလိုလိုပဲ ခင်ဗျ၊ သဲသဲကွဲကွဲတော့ မကြားလိုက် ဘူး၊ ဒါပေမဲ့ ဒီသဘောပဲ ထင်လိုက်တာပဲ၊ ဒီတော့ အမျိုးသမီးက တောင်းပန် ရှင်းပြနေတယ် ခင်ဗျ၊ ဟုတ်ပါတယ်ရှင်၊ စောစော ကတည်းက လာဖို့ပါတဲ့၊ ဒီတော့ ဆိုင်က မိန်းမက ဒါမျိုးက လုပ်ရိုးလုပ်စဉ် မဟုတ်တော့ လုပ်ရတာ ကြာတယ်ရှင့်လို့ ပြောတယ် ခင်ဗျ၊ ကျွန်တော့်ကို မြင်တော့ စကား ဖြတ်ပြီး ကြည့်နေကြတယ်၊ ဒါနှင့် ကျွန်တော်လည်း ဟိုမေး ဒီမေး လုပ်ပြီး ပြန်ထွက် လာခဲ့တယ်'

'ဟန်ကျလိုက်လေဗျာ၊ ပြီးတော့ကော ခင်ဗျား ဘာလုပ်သေးသလဲ'

'အမျိုးသမီးက ဆိုင်ထဲက ထွက်လာတယ် ခင်ဗျ၊ ကျွန်တော်က အနား က ဆိုင်တံခါး နောက်ကွယ်မှာ ပုန်းနေလိုက်တယ်၊ သူ့ကို ကြည့်ရတာ တော် တော် သင်္ကာမကင်း ဖြစ်နေတဲ့ ပုံပဲ၊ အပြင် ရောက်လာတော့ ဟိုဟို ဒီဒီကို ကြည့်နေတယ်၊ ပြီးတော့ ရထား တစ်စင်းကို ခေါ်ပြီး ထွက်သွားတယ်၊ အခန့် သင့်ပဲ အနားမှာ ရထား တစ်စင်း ရောက်လာတာနှင့် ကျွန်တော်လည်း တက် လိုက်သွားတယ်၊ ဘရစ္စတန် ရပ်ကွက်၊ အမှတ် ၃၆၊ ပေါလနေ [illegible]ခြံလမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ ဆင်းသွားတယ် ခင်ဗျ၊ ဒါနှင့် ကျွန်တော်လည်း သူတို့ ရထားကို ကျော်လာပြီး ပန်းခြံထောင့်နား ရောက်တော့ ရထားကို ပြန်လှည့်လိုက်တယ်၊ ပြီးတော့ စောင့်ကြည့်နေတယ်'

'ဘယ်သူ့ကို တွေ့ရသေးသလဲ'

'အောက်ထပ် ပြတင်းပေါက် တစ်ပေါက်က လွဲလို့ ကျန်တဲ့ ပြတင်းပေါက်တွေ အားလုံး ခန်းဆီးတွေ ချထားလို့ အထဲကို ဘာမှ မမြင်ရဘူး၊ ဒါနှင့် ကျွန်တော်လည်း အဲဒီနားမှာ ရပ်နေပြီး ဘာလုပ်ရင် ကောင်းမလဲလို့ ရပ်ပြီး စဉ်းစားတယ်၊ ဒီတုန်းမှာ အလုံ ပိတ်ထားတဲ့ ရထား တစ်စင်း ပေါက်လာပြီး ရထားပေါ်က လူ နှစ်ယောက် ဆင်းလာတယ်၊ ရထားပေါ်ကနေပြီး ပစ္စည်း တစ်ခုကို သယ်လာပြီး အိမ်ထဲကို သယ်သွားကြတယ်၊ ကြည့်လိုက်တော့ လားလား အသုဘခေါင်းကြီး ခင်ဗျ'

'ဟင်'

'ကျွန်တော်လည်း ဘာဖြစ်ဖြစ် အိမ်ထဲကို အတင်း ဝင်တော့မယ်လို့ စိတ်ကူးလိုက်သေးတယ်၊ ခေါင်း သယ်လာနိုင်အောင် တံခါး ဖွင့်လာတာကိုး ခင်ဗျ၊ တံခါး ဖွင့်ပေးတဲ့ သူက စောစောက ကျွန်တော် လိုက်ခဲ့တဲ့ အမျိုးသမီး ရယ် ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော် ဒီလို ရပ်ကြည့်နေတုန်းမှာ သူ ကျွန်တော့်ကို မြင်သွားတယ်၊ ကျွန်တော့်ကို မှတ်မိပုံ ရတယ်၊ ကျွန်တော့်ကို မြင်လိုက်တော့ လန့်သွားပြီး တံခါးကို ကပျာကယာ ပြန်ပိတ်လိုက်တယ် ခင်ဗျ၊ စုံထောက်ကြီးက ဘာမှ မလုပ်နှင့်လို့ ပြောလိုက်တာကို သတိရပြီး ကျွန်တော် စုံထောက်ကြီးဆီကို တန်းလာခဲ့တာပဲ ခင်ဗျ'

ရှားလော့ဟုမ်းသည် စာရွက်ပိုင်းကလေး တစ်ခုပေါ်တွင် စာ တစ်ကြောင်း နှစ်ကြောင်းကို ကောက်ခြစ်လိုက်ရင်း

'ခင်ဗျား လုပ်ခဲ့တာ ပိရိပါပေတယ်ဗျာ၊ ကျုပ်တို့မှာ ဝရမ်းတို့ ဘာတို့ မရှိသေးဘဲနှင့်တော့ ဘာမှ မလုပ်နိုင်သေးဘူးလေ၊ ဒီတော့ ခင်ဗျား ဒီစာရွက်ကလေးကို ယူပြီး ရုံးကိုသွား၊ ရုံးသွားပြီး ဝရမ်း တစ်စောင် လျှောက်ခဲ့၊ ဝရမ်း ရဖို့တော့ နည်းနည်း ခက်ကောင်း ခက်နိုင်တယ်၊ သို့သော်လည်း လက်ဝတ်လက်စားတွေကို ပေါင်တယ် ဆိုရင်တော့ ဝရမ်း လျှောက်လို့ ရနိုင်ကောင်းရဲ့လို့ မျှော်လင့်ရတာပဲ၊ ကျန်တဲ့ အသေးစိတ်တွေကိုတော့ လက်စထရိတ် ကြည့်လုပ်ပါလိမ့်မယ်'

'ဒီအတောအတွင်း ဖရန့်စစ်ကို သူတို့ သတ်လိုက်ရင် ဘယ့်နှယ် လုပ်



မလဲ စုံထောက်ကြီးရယ်၊ အသုဘ ခေါင်းကြီးက ဘာလုပ်ဖို့ ယူတာလဲ၊ သူ့ အလောင်းကို ထည့်ဖို့ ယူလာတာပဲ မဟုတ်လား'

'ဒီမှာ မစ္စတာ ဂရင်း၊ ကျုပ်တို့ လုပ်နိုင်တာ မှန်သမျှကို အစွမ်းကုန် လုပ်ပေးပါ့မယ်၊ စိတ်ချပါ၊ နောက် မကျစေရပါဘူး၊ ကျုပ်တို့ တာဝန် ထားစမ်းပါ'

မစ္စတာ ဖိလစ် ဂရင်း သုတ်သီးသုတ်ပျာ ထွက်သွားသည့် အခါ၌ ရှားလော့ဟုမ်းသည် ကျွန်ုပ်ဘက်သို့ လှည့်ပြီးလျှင်

'ကဲ အိုင်ဆေးရေး ဖိလစ် ဂရင်း ရောက်သွားရင်တော့ သက်ဆိုင်ရာ ပုလိပ်က သူ့ အလုပ်ကို သူ လုပ်လိမ့်မယ်ဗျ၊ ဒီတော့ ကျုပ်တို့ကလည်း တစ်ဖက်က လုပ်စရာ ရှိတာကလေးတွေကို လုပ်လိုက်ကြဦးစို့ရဲ့၊ အခြေအနေကို ကြည့်ရတာကတော့ တယ် မဟန်ချင်ဘူး၊ ဒီတော့ ကျုပ်တို့ဘက်ကလည်း ခပ်ကြမ်းကြမ်းကလေး လုပ်မှ တော်ကာ ကျမယ်၊ ပေါလနေ ပန်းခြံ ရပ်ကွက်ကို ခပ်မြန်မြန်ကလေး သွားမှ ဖြစ်မယ်'

ပါလီမန် အဆောက်အအုံကို ကျော်၍ ဝက်စမင်စတာ တံတားကြီးပေါ်သို့ ရထား ခပ်သုတ်သုတ် ဖြတ်မောင်းလာသည့် အခါတွင် ရှားလော့ဟုမ်းက

'အမှု တစ်ခုလုံးကို ဆက်စပ် တည်ဆောက် ကြည့်ကြရအောင်ဗျာ၊ သူတော်ယောင် လင်မယားဟာ စိတ်ညစ်နေတဲ့ အမျိုးသမီးကို သူ့ အိမ်ဖော်နှင့် ခွဲထုတ်လိုက်ပြီး လန်ဒန်ကို ဖြားယောင်း ခေါ်လာခဲ့တယ်ဗျ၊ အမျိုးသမီးဟာ သူ ရေးနေကျ အတိုင်း စာပြ ဆရာမဟောင်းဆီကို စာတို့ ဘာတို့ မှန်မှန် ရေးရင်လည်း ဒီစာတွေကို မထည့်ဘဲ ဖြတ်တောက်ထားပုံ ရတယ်၊ ပြီးတော့ သူတို့ ဂိုဏ်းဝင် ကြံရာပါ တစ်ယောက်ရဲ့ အကူအညီနှင့် လန်ဒန်မှာ ပရိဘောဂ အဆင်သင့် ရှိတဲ့ အိမ်တစ်ဆောင်ကို ငှားလိုက်တယ်၊ အဲဒီ အိမ်ထဲ ရောက်ပြီ ဆိုတော့ သူတို့ အဖို့ မခက်တော့ဘူး၊ အမျိုးသမီးကို ပိတ်လှောင်ထားလိုက်ပြီး သူတို့ မျက်စိကျနေတဲ့ လက်ဝတ်လက်စားတွေကို သိမ်းလိုက်ကြတယ်၊ ရတဲ့ ပစ္စည်းတွေကို တဖြည်းဖြည်း ထုခွဲပစ်တယ်၊ သူတို့အဖို့ အမျိုးသမီးရဲ့ နောက်ကို လိုက်ပြီး စုံစမ်းနေတဲ့ လူတွေ ရှိတယ် ဆိုတာ ထင်စရာ မရှိတဲ့ အခါကျတော့ ဒီပစ္စည်းတွေကို အေးအေးဆေးဆေးပဲ ထုခွဲနေကြတယ်၊ ခုနေ အမျိုးသမီးကို ပြန်လွှတ်လိုက်ရင် သူတို့ကို ဖော်ထုတ်ပြီး ပုလိပ် တိုင်လား ဘာလား လုပ်မှာ ဆိုတော့ အမျိုးသမီးကို မလွှတ်ဘဲ လှောင်မြဲ လှောင်ထားကြတယ်၊ သို့သော်လည်း အမျိုးသမီးကို အချိန် ရှိသရွေ့ သော့ပိတ် လှောင်ထားလို့ မဖြစ်

www.burmeseclassic.com

နိုင်ဘူး၊ ဒီတော့ သူတို့ အဖို့ တစ်ခုတည်းသော နည်းလမ်းက အမျိုးသမီးကို အစတုံး ဖျောက်ဖျက် ပစ်ဖို့ပဲ ရှိတော့တယ်'

'ကြည့်ရတာကတော့ ဒီအတိုင်း လုပ်တဲ့ ပုံပဲဗျ'

'နောက် တစ်နည်း စဉ်းစား ကြည့်ချင်သေးတယ်ဗျာ၊ ကိစ္စ တစ်ခုကို စဉ်းစားတဲ့ နေရာမှာ တွေးထောင့် နှစ်ခုက နေပြီး စဉ်းစားလို့ အဲဒီ တွေးထောင့် နှစ်ခုဟာ တစ်နေရာရာမှာ လာဆုံပြီ ဆိုရင် အမှန်နှင့် တော်တော် နီးစပ်သွားပြီလို့ ဆိုနိုင်တယ်ဗျ၊ ဒီတော့ ခု ကျုပ် စဉ်းစားချင်တာက အမျိုးသမီးက စပြီး မစဉ်းစားဘဲ အသုဘခေါင်းကို တွေ့တာက စပြီး နောက်ပြန်ပြီး စဉ်းစား ကြည့်ချင်တယ်၊ ဒီလို ကြည့်လိုက်တဲ့ အခါကျတော့ အမျိုးသမီးဟာ သေပြီလို့ ယူဆရတယ်၊ သေလို့ သင်္ဂြိုဟ်ရင် လိုအပ်တဲ့ သေစာရင်း လက်မှတ်နှင့် သင်္ဂြိုဟ်ပိုင်ခွင့် လက်မှတ်ကို ဆိုင်ရာက ယူရလိမ့်မယ်၊ အကယ်၍ အမျိုးသမီးကို သူတို့ သတ်တယ် ဆိုလို့ ရှိရင် သေစာရင်းတို့ ဘာတို့ တောင်းရဲမှာ မဟုတ်ဘူး၊ အလောင်းကို နောက်ဘက် ခြံထဲမှာ တိတ်တဆိတ် မြှုပ်စရာ အကြောင်း ရှိတယ်၊ သို့သော်လည်း ခုကိစ္စမှာတော့ သူတို့ လုပ်ပုံက အတိအလင်းပဲဗျ၊ သေရိုးသေစဉ် အသုဘ တစ်ခု အတိုင်း လုပ်နေတယ်၊ ဒီတော့ အဓိပ္ပာယ်က ဘာလဲ၊ ဒီကောင် တစ်သိုက်ဟာ သေလက်မှတ်ကို ထုတ်ပေးတဲ့ ဆရာဝန် မရိပ်မိအောင် အမျိုးသမီးကို တစ်နည်း တစ်ဖုံ သတ်ထားတာ ဖြစ်လိမ့်မယ်၊ သူ့ဘာသာ သွေးရိုး သားရိုး သေတဲ့ ပုံမျိုးပေါ့ဗျာ၊ ဥပမာ အဆိပ်သောက် သေတဲ့ ပုံမျိုး ဖြစ်အောင် လုပ်နိုင်တယ်၊ ဒါတောင်မှ သူတို့နှင့် ကြံရာပါ ဆရာဝန်မှ ဖြစ်မှာ၊ သူတို့ ဂိုဏ်းဝင် မဟုတ်တဲ့ ဆရာဝန် ဆိုရင် အလောင်းနားကို အကပ်ခံဖို့ သိပ်လွယ်တဲ့ ကိစ္စ မဟုတ်ဘူး'

'ဆေးလက်မှတ် အတုတို့ ဘာတို့ လုပ်ရင်ကော မဖြစ်ဘူးလား'

'အန္တရာယ် ကြီးလွန်းလှသဗျာ၊ ကျုပ် အထင်တော့ လုပ်မယ် မထင်ဘူး ဟေ့ သူငယ်၊ တို့များ ဒီနားမှာ ဆင်းမယ်ဟေ့၊ ဟောဒါက ခေါင်း ရောင်းတဲ့ ဆိုင်ပဲဗျ၊ စောစောက ကျုပ်တို့ ဖြတ်ခဲ့တာ အပေါင်ဆိုင် မဟုတ်ဘူးလား၊ ကဲ အိုင်ဆေး၊ ခင်ဗျား အထဲ ဝင်မေးဗျာ၊ ခင်ဗျား ဥပဓိရုပ်က သက်သာကင်းလောက်တဲ့ ရုပ်မျိုးပါ၊ ပေါလနေ ပန်းခြံလမ်းက အသုဘက မနက်ဖြန် ဘယ်အချိန် ချမှာလဲလို့ မေးခဲ့'

ဆိုင်ထဲ ဝင်၍ မေးသည့် အခါတွင် ဆိုင်ရှင် အမျိုးသမီးက မနက်ဖြန် မနက် ရှစ်နာရီတွင် ချမည် ဖြစ်ကြောင်း မဆိုင်းမတွ ပြောပြလိုက်ပေ၏။





'ကဲ ဘာမှ ရှုပ်စရာ မရှိတော့ပါဘူးဗျာ၊ အားလုံး ပေါ်ကုန်ပါပြီ၊ သူတို့က လုပ်ရိုးလုပ်စဉ်တွေ အားလုံး လုပ်ထားတယ်ဗျ၊ သူတို့မှာ ဘာမှ စိုးရိမ်စရာ ရှိတယ်လို့ ထင်ပုံ မရဘူး၊ ဒီအတိုင်း ဆိုတော့ ပြောင်ပြောင်ပဲ ထိပ်တိုက် ဝင်ရတော့မှာပဗျာ၊ ခင်ဗျားမှာ သေနတ် ပါတယ်နော်'

'ဟုတ်ကဲ့၊ ပါပါတယ်'

'ကိစ္စ မရှိပါဘူးလေ၊ ကျုပ်တို့က အားကောင်းပါတယ်၊ တရား နည်းလမ်းကျကျ ရန်ဖြစ်သူ အဖို့ လက်နက်စွမ်းအား သုံးဆ တိုး၏ ဆိုတဲ့ စကားပုံ ရှိတယ် မဟုတ်လား၊ သူတို့ လုပ်နေတာတွေကို ပုလိပ် လာအောင် စောင့်ကြည့် မနေနိုင်ဘူး၊ ကဲ သူငယ်ရေ၊ မင်း ပြန်တော့ဟေ့၊ အလျင်တုန်းကလည်း ကျုပ်တို့ ကံစမ်းခဲ့ဖူးသားပဲ၊ ခုလည်း တစ်ချီလောက် ကံစမ်းကြည့်လိုက်ကြသေးတာပေါ့'

လမ်းမပေါ်ရှိ ခပ်မည်းမည်း အိမ်ကြီး တစ်လုံး၏ တံခါး ရှေ့တွင် ရပ်လိုက်ပြီးလျှင် ရှားလော့ဟုမ်းသည် ခေါင်းလောင်းကြိုးကို ခပ်ပြင်းပြင်း ဆောင့်ဆွဲလိုက်လေ၏။ ချက်ချင်း တံခါး ပွင့်လာပြီး အရပ် မြင့်မြင့် မိန်းမ တစ်ယောက် လာနေသည်ကို မြင်ရလေ၏။

ထိုမိန်းမသည် အမှောင်ထဲသို့ အားစိုက်၍ ကြည့်လိုက်လျက် 'ဘာကိစ္စလဲ' ဟု သံပြတ်ဖြင့် မေးလေ၏။

'ဒေါက်တာ ရှလေဆင်းဂျားနှင့် စကား ပြောချင်လို့ပါ'

'ဒီအိမ်မှာ ဒေါက်တာ ရှလေဆင်းဂျား ဆိုတဲ့လူ မရှိပါဘူး' ဟု ဆိုကာ ထိုမိန်းမသည် တံခါးကို ပြန်ပိတ်မည် ပြုစဉ် ရှားလော့ဟုမ်းက တံခါးကို မပိတ်နိုင်အောင် ခြေထောက်ဖြင့် ကန့်ထားလိုက်ရင်း

'ဒါဖြင့် ဘယ်သူ ဖြစ်ဖြစ်ဗျာ၊ ဒီအိမ်မှာ နေတဲ့ လူနှင့် တွေ့ချင်တယ်'

အမျိုးသမီးသည် အတန်ကြာမျှ တွေသွားလေ၏။

ထိုနောက် တံခါးကို ဖွင့်ပေးလိုက်ပြီးလျှင် 'ဒါဖြင့် လာပါ၊ လောကကြီးမှာ ကျွန်မ ယောက်ျား ကြောက်ရမယ့် လူဆိုလို့ တစ်ယောက်မှ မရှိဘူး' ဟု ဆိုကာ တံခါးကို ပိတ်ပြီးနောက် ကျွန်ုပ်တို့ကို ဧည့်ခန်းဆီသို့ ခေါ်သွားလေ၏။ အိမ်ရှေ့ခန်းတွင် ဓာတ်ငွေ့ မီးအိမ်ကိုလည်း ထွန်းပစ်ခဲ့လေ၏။

'ခဏ နေရင် မစ္စတာ ပီတာ လာပါလိမ့်မယ်'

သူ ပြောသည့်အတိုင်းပင် ဘာမျှ မကြာလိုက်ချေ။ ကျွန်ုပ်တို့သည် ဖုန်တက်နေသည့် အခန်းထဲသို့ လှမ်းကြည့်နေစဉ်မှာပင် တံခါး ပွင့်လာပြီးနောက် ကိုယ်လုံးကိုယ်ပေါက် ကြီးကြီး၊ မုတ်ဆိတ်တို့ ရိတ်ထားပြီး ခေါင်းပြောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် လူတစ်ယောက်သည် အခန်းထဲသို့ ခပ်သွက်သွက် ဝင်လာလေ၏။ ကြီးမား နီရဲသော မျက်နှာကြီးနှင့် အစ်၍ တွဲကျနေသော ပါးစိုင်ကြီးများ ရှိလေရာ ရုတ်တရက် ကြည့်လျှင် သဘောထားကြီးဟန် ရှိသည့်တိုင် ထိုအရာများသည် ရက်စက် ကြမ်းကြုတ်ဟန် ရှိသော ပါးစပ်ကို ဖုံးကွယ်ခြင်း မပြုနိုင်ချေ။

ထိုလူက ဘာမျှ အရေးမကြီးသည့် ဟန်မျိုးဖြင့်

'မိတ်ဆွေကြီးတို့ အိမ်မှားလာပြီ ထင်တယ် ခင်ဗျ၊ တစ်ယောက်ယောက်က မှားပြလိုက်တယ် ထင်တယ်၊ လမ်းထဲကို ဆက်လျှောက်သွားရင်တော့ …'

ရှားလော့ဟုမ်းက လေသံ ပြတ်ပြတ်ဖြင့်

'လုပ်မနေပါနှင့်ဗျာ၊ အချိန် သိပ် မရှိဘူး၊ ခင်ဗျား အယ်ဒီလိတ်က ဟင်နရီ ပီတာ မဟုတ်လား၊ တောင် အမေရိကနှင့် ဘေဒင်က ဒေါက်တာ ရှလေဆင်းဂျားလို့ အမည် ပြောင်းထားတယ်၊ ကျုပ် နာမည် ရှားလော့ဟုမ်းတဲ့၊ ကြားဖူးတယ် မဟုတ်လား'

ရှလေဆင်းဂျား ခေါ် ပီတာသည် ဆတ်ခနဲ ဖြစ်သွားကာ ရှားလော့ဟုမ်းကို စိုက်ကြည့်လျက် ရှိလေ၏။

ထိုနောက် လေသံ ခပ်အေးအေးဖြင့်

'ရှားလော့ဟုမ်းလို့ ပြောတော့ကော ကျုပ်က ဘာကြောက်စရာ ရှိသလဲ၊ ကောင်းကောင်းမွန်မွန် နေတဲ့ လူတစ်ယောက်ပဲ၊ ခင်ဗျား ဘာလုပ်နိုင်တာ မှတ်လို့၊ ကဲ ကျုပ်အိမ်ထဲကို ဘာကိစ္စ လာသလဲ'

'ဘေဒင်က ခင်ဗျား ခေါ်သွားတဲ့ လေဒီ ဖရန့်စစ် ဘယ်ရောက်နေသလဲ ဆိုတာကို ကျုပ် သိချင်တယ်'

ပီတာက အေးအေးဖြင့်

'အတော်ပဲဗျ၊ ကျုပ်လည်း သူ့ကို လိုက်ရှာနေတာ၊ ငွေ အသုံး လိုလို့ဆိုပြီး ကျုပ်ဆီက ပေါင် တစ်ရာ ယူသွားတာ ခုထက်ထိ မပေါ်လာဘူး၊ သူ ထားသွားတဲ့ ဘယက်တွေကလည်း သွားရောင်းတောင် ဝယ်မယ့်လူ ရှိမှာ မဟုတ်ဘူး၊ ဘေဒင်မှာ ကျွန်တော်တို့ လင်မယားနှင့် တွေ့ကြတော့ ကျွန်တော့် မိန်းမကို တော်တော်လေး ခင်သွားတယ်၊ ဒါနှင့် ကျွန်တော်တို့နှင့် အတူ လန်ဒန် ရောက်အောင် လိုက်လာခဲ့တာ၊ လမ်းစရိတ်တွေတောင် ကျွန်တော်က ခံခဲ့ရသေးတယ်၊ လန်ဒန် ရောက်တော့ ပစ္စည်းတွေကို ထားပြီး ကျွန်တော်တို့ဆီက လစ်ထွက် သွားတာပဲ၊ မစ္စတာ ဟုမ်းကော သူ့ကိုများ တွေ့ပြီလား၊ တွေ့ရင် ကျွန်တော်တို့ကိုလည်း တစ်ဆိတ် အကြောင်း ကြားစမ်းပါဦး'





'မတွေ့သေးဘူးဗျ၊ ခု တွေ့အောင် ရှာမလို့ လာတာ၊ ဒီအိမ်ထဲမှာ မတွေ့ တွေ့အောင် ရှာရလိမ့်မယ်'

'ခင်ဗျားမှာ ဝရမ်းပါလို့လား'

ရှားလော့ဟုမ်းသည် အိတ်ထဲမှ ခြောက်လုံးပြူးကို ဆွဲထုတ်လိုက်လျက်

'ဒီထက် ကောင်းတဲ့ ဝရမ်း မလာခင်တော့ ဒီဝရမ်းနှင့်ပဲ ရှာမှာပေါ့'

'ဘာလဲ၊ ခင်ဗျား ကျုပ် အိမ်ကို တက်ပြီး အနုကြမ်း စီးတာလား'

ရှားလော့ဟုမ်းက ခပ်သောသောဖြင့်

'ဒါတော့ ခင်ဗျား ထင်ချင်သလို ထင်ပေါ့၊ ဟောဒီ ကျုပ်လူကိုလည်း ယီးတီးယားတား မအောက်မေ့နှင့်၊ ကဲ ကျုပ်တို့ ရှာမယ်'

ရှလေဆင်းဂျား ခေါ် ပီတာသည် တံခါးကို ဖွင့်ပေးလေ၏။

'အင်နီ၊ ပုလိပ်ကို သွား ခေါ်ချေစမ်း' ဟု ပြောသံ ကြားရပြီးလျှင် အောက်ထပ်သို့ ခပ်သုတ်သုတ် ဆင်းသွားသံ တံခါးကို ဖွင့်သံ ပြန်ပိတ်သံတို့ကို ကြားလိုက်ရလေ၏။

'အိုင်ဆေး၊ အချိန် သိပ် မရှိဘူးဗျို့၊ ဗျို့လူ ပီတာ၊ ကျုပ်တို့ကို နှောင့်ယှက်မယ်တော့ မကြံနှင့်နော်၊ ဒုက္ခ ရောက်သွားမယ်၊ စောစောက ခင်ဗျား အိမ်ကို သယ်လာတဲ့ အသုဘ ခေါင်း ဘယ်မှာလဲ'

'ခေါင်းက ဘာလုပ်မလို့လဲ၊ အလွတ် မဟုတ်ဘူးဗျ၊ အထဲမှာ အလောင်း ရှိတယ်'

'အဲဒီ အလောင်းကို ကြည့်ရလိမ့်မယ်'

'ကျုပ် ခွင့်ပြုမှ ကြည့်ရမယ်'

'မပြုလည်း ကြည့်မယ်ဗျာ'

ရှားလော့ဟုမ်းသည် ထိုလူကို ဖြတ်ခနဲ တွန်းဖယ်ကာ အတွင်းထဲသို့ ဝင်သွားလေ၏။ ရှေ့အခန်း တစ်ခန်းမှ တံခါးသည် ခပ်ဟဟ ဖြစ်လျက် ရှိသည်ကို တွေ့ရလေ၏။ အထဲသို့ ဝင်လိုက်သည့် အခါတွင် ထိုအခန်းမှာ ထမင်းစားခန်း ဖြစ်နေပြီး ခပ်မှိန်မှိန် လင်းနေသည့် မီးပဒေသာပွင့်အောက် စားပွဲ တစ်လုံးပေါ်၌ ခေါင်းတစ်လုံး ရှိလေ၏။ ရှားလော့ဟုမ်းသည် ဓာတ်ငွေ့ မီးအိမ် မီးစာကို မြှင့်လိုက်ပြီးလျှင် ခေါင်းဖုံးကို မလိုက်လေ၏။ ခေါင်းထဲ၌ကား ပိန်ချုံး ရှုံ့တွနေသော အလောင်း တစ်လောင်းကို တွေ့ရလေ၏။ အပေါ်မှ လာသည့် အလင်းရောင်တွင် သေသေချာချာ ကြည့်လိုက်ရာ အိုမင်းရွတ်တွ ဖြစ်နေသော မျက်နှာကို မြင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းမှာ အလွန် ကြုံလှီကွေး ရှုံ့တွလျက် ရှိသည့် အတွက် မည်သည့် ရောဂါ၊ မည်သည့် ရက်စက်မှု၊ မည်သည့် တော်မှတ်မှုဖြင့် သေခဲ့သည် ဖြစ်စေ ထိုအလောင်းသည် လှပ ချောမောသော လေဒီ ဖရန်စစ်၏ အလောင်း မဖြစ်နိုင်ချေ။ ရှားလော့ဟုမ်း၏ မျက်နှာပေါ်တွင် အံ့အားသင့်ခြင်းနှင့် စိတ်သက်သာရာ ရခြင်းတို့သည် တစ်ပြိုင်နက် ပေါ်လျက် ရှိလေ၏။

'အလို၊ တခြား တစ်ယောက်ရဲ့ အလောင်းပါလား'

ကျွန်ုပ်တို့ နောက်မှ လိုက်လာသည့် ရှလေဆင်းဂျား ခေါ် ပီတာက

'တစ်ချက်တော့ လွဲသွားပြီ မဟုတ်လားဗျ'

'ဒီမိန်းမက ဘယ်သူလဲ'

'သိချင်တယ် ဆိုရင်တော့ ပြောရတာပဗျာ၊ ကျုပ် မိန်းမ ငယ်ငယ်တုန်းက သူ့ကို ထိန်းခဲ့တဲ့ ကလေးထိန်း အဘွားကြီးဗျ၊ ရိုစ် စပင်ဒါတဲ့၊ ဘရစ္စတန် လူအိုရုံမှာ ပြန်တွေ့လို့ ကျုပ်တို့က ခေါ်လာတာ၊ ဒီရောက်တော့ ကျုပ်တို့ အမှတ် ၁၃၊ ဖားဗင့် ဗီလာက ဒေါက်တာ ဟော်ဆမ် ... မစ္စတာ ဟုမ်း လိပ်စာကိုလည်း သေသေချာချာ မှတ်ထားဦးနော်၊ အဲ ဒေါက်တာ ဟော်ဆမ်ကို ခေါ်ပြီး ခရစ်ယာန်ကောင်းတွေရဲ့ ထုံးစံ အတိုင်း ကျုပ်တို့က ဆေးကုပေးပြီး ပြုစု စောင့်ရှောက်ထားတာ၊ ကျုပ်တို့ ရောက်ပြီး သုံးရက် ကြာတော့ ဆုံးတာပဲ၊ ဆေးလက်မှတ်ထဲမှာတော့ လူကြီး ရောဂါလို့ ရေးထားတာပဲ၊ ဒါကတော့ ဆရာဝန်ရဲ့ မှတ်ချက်ပေါ့ဗျာ၊ ခင်ဗျားကတော့ ဒီထက် ပိုသိချင် သိမှာပေါ့၊ အသုဘကိစ္စကို ကင်ဆင်တန် ရပ်ကွက်က စတင်ဆမ် ခေါင်းဆိုင်ကို စီစဉ်ပေးဖို့ ကျုပ်တို့ လွှဲထားတယ်၊ မနက်ဖြန် မနက် ရှစ်နာရီမှာ သင်္ဂြိုဟ်မယ်၊ ကဲ ခင်ဗျားဘာ မေးချင်တာ ရှိသေးသလဲ၊ လန်ဒန် မြို့ကြီးကို ခါးစောင်း တင်နေတဲ့ လူတစ်ယောက် ဒီလောက် လွဲတာတော့ မဟန်ပါဘူးဗျာ၊ လေဒီ ဖရန်စစ်ကို တွေ့ရမလားလို့ မျှော်လင့်တကြီးနှင့် ခေါင်းဖုံးကို ဖွင့်လိုက်တော့ လေဒီ ဖရန်စစ်ကို မတွေ့ရဘဲ အသက် ကိုးဆယ်ကျော် အဘွားကြီးကို မြင်လိုက်တဲ့ အခါ ခင်ဗျား ပါးစပ်ကြီး ပြဲ မျက်လုံးကြီး ပြူး အံ့အားသင့်နေပုံကိုများ ဓာတ်ပုံ ရိုက်ထားလိုက်မိရင် ဘယ်လောက်များ ကောင်းမလဲ မသိဘူး'

ရှလေဆင်းဂျား ခေါ် ပီတာက လှောင်ပြောင်လျက် ရှိသည့်တိုင် ရှားလော့ဟုမ်း၏ မျက်နှာမှာ တုန်လှုပ်ခြင်း မရှိသော အသွင်ကို ဆောင်လျက် ရှိပေ၏။ သို့ရာတွင် လက်သီးများကို ကျစ်ကျစ် ပါအောင် ဆုပ်ထားသည်ကို ကြည့်ခြင်းအားဖြင့် စိတ်ထဲတွင် မည်မျှ ခံပြင်းနေသည်ကို သိသာနိုင်ပေ၏။





'ကျုပ်တို့ ရှာရလိမ့်မယ်'

ထိုအခိုက် ခန်းမဘက်ဆီမှ ခြေသံများနှင့် မိန်းမသံ တစ်သံကို ကြားလိုက်သဖြင့် ရှလေဆင်းဂျား ခေါ် ပီတာက

'ပြန်လာပလားဟေ့၊ မကြာခင် ရှင်းသွားတော့မှာပါကွာ၊ ကဲ အင်စပတ်တော်ကြီးတို့ ဒီဘက်ကို ကြွကြပါ၊ ဟောဒီ လူနှစ်ယောက်ဟာ ကျွန်တော့် အိမ်ထဲကို အတင်း ဝင်လာကြပါတယ် ခင်ဗျာ၊ မောင်းထုတ်လို့လည်း မရဘူး၊ အင်စပက်တော်မင်းတို့ ဒီလူနှစ်ယောက်ကို မောင်းထုတ်ပေးကြပါ'

အပေါက်ဝတွင် ပုလိပ်စာသင် တစ်ယောက်နှင့် ပုလိပ်သား တစ်ယောက် ရပ်နေသည်ကို မြင်ရလေ၏။ ရှားလော့ဟုမ်းသည် လိပ်စာ ကတ်ပြားကို အိတ်ထဲမှ ထုတ်လိုက်ကာ

'ကျုပ် နာမည်နှင့် လိပ်စာပါ၊ ဟောဒါက ကျုပ်မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်ပါ'

စာသင်က

'ဟာ၊ ဆရာတို့ကို မသိဘဲ နေပါ့မလား ခင်ဗျာ၊ သိတာပေါ့၊ ဒါပေမဲ့ ဝရမ်း မပါဘဲနှင့်တော့ ဝင်ခွင့် မရှိဘူး ခင်ဗျ'

'ဟုတ်ပြီလေ၊ ဝင်ခွင့် မရှိပါဘူး၊ ကျုပ် သိပါတယ်'

'စာသင်ကြီး၊ သူ့ကို ဖမ်းပါ' ဟု ပီတာက အော်လေ၏။

စာသင်က ဟန်ပါပါဖြင့်

'သူ့ကို ဖမ်းဖို့ လိုအပ်လာရင် ဘယ်မှာ ဖမ်းရမယ် ဆိုတာ ကျွန်တော်တို့ သိပါတယ်၊ ခုတော့ စုံထောက်ကြီးတို့ ဒီအိမ်ထဲက ထွက်ရလိမ့်မယ်'

'ကောင်းပါပြီလေ၊ ကိုင်း ဝပ်ဆင်ရေ၊ ကျုပ်တို့ သွားရလိမ့်မယ်ဗျ'

နောက် တစ်မိနစ် အကြာ၌ ကျွန်ုပ်တို့သည် လမ်းမပေါ်သို့ ပြန်ရောက်လာကြလေ၏။ ရှားလော့ဟုမ်းမှာ ခါတိုင်းကဲ့သို့ပင် အေးဆေး တည်ငြိမ်လျက် ရှိသော်လည်း ကျွန်ုပ်မှာမူ အစော်ကားခံရသည့် အတွက် အကြီးအကျယ် ဒေါသူလျက် ရှိလေပြီ။ ပုလိပ် စာသင်သည် ကျွန်ုပ်တို့ နောက်သို့ လိုက်လာကာ

'စိတ် မရှိပါနှင့် စုံထောက်ကြီး၊ ဥပဒေ အရမို့ လုပ်ရတာပါ'

'ကိစ္စ မရှိပါဘူးဗျာ၊ ဒီအတိုင်းပဲ လုပ်ရမှာပေါ့'

'အကြောင်း ခိုင်ခိုင်လုံလုံ မရှိဘဲနှင့်တော့ စုံထောက်ကြီးတို့ အိမ်ထဲကို ဝင်မှာ မဟုတ်ဘူးလို့တော့ ကျွန်တော် တွေးမိပြီးသားပါ၊ ကျွန်တော် လုပ်ပေးနိုင်တာ ရှိရင်တော့'



www.burmeseclassic.com

www.burmeseclassic.com



'အမျိုးသမီး တစ်ယောက် ပျောက်နေတယ်ဗျာ၊ ကျုပ်တို့က ဒီအိမ်ထဲမှာ ရှိတယ် ထင်တယ်၊ ဝရမ်း တစ်ခု ချက်ချင်း ရချင်တယ်'

'ဒီလိုဆိုရင် ဒီအိမ်ကို ကျွန်တော် စောင့်ကြည့်နေမယ်လေ၊ အကြောင်း ထူးရင် စုံထောက်ကြီးတို့ဆီကို ကျွန်တော် အသိပေးပါ့မယ်'

အချိန်မှာ ည ကိုးနာရီခန့် ရှိလေပြီ။ ကျွန်ုပ်တို့သည် မကျေမနပ်ဖြင့် ထွက်လာခဲ့ကြ၏။ ဗရစ္စတန် ရပ်ကွက် လူအိုရုံသို့ ပထမဆုံး သွားရောက်ခဲ့ကြရာ လွန်ခဲ့သည့် ရက် အနည်းငယ်ခန့်တွင် စေတနာရှင် ဖနီးမောင်နှံတို့က ၄င်းတို့ အိမ်တွင် တစ်ခါက အလုပ် လုပ်ခဲ့ဖူးသည့် ဒုက္ခိတ အဘွားကြီး တစ်ဦး ကို ခေါ်ဆောင် သွားခဲ့ကြသည်မှာ အမှန်ပင် ဖြစ်ကြောင်း တွေ့ခဲ့ရလေ၏။ ထို အဘွားကြီးကို ခေါ်သွားခွင့် ပြုရန် ဆိုင်ရာ ခွင့်ပြုချက် ရရှိခဲ့ပြီး ဖြစ်သည်မှာ လည်း အမှန်ပင် ဖြစ်လေ၏။ ထိုအဘွားကြီး ဆုံးသွားပြီ ဖြစ်ကြောင်းကို ကြား ရသည့် အခါတွင် ဆိုင်ရာတို့ကလည်း ဘာမျှ အံ့သြခြင်း မဖြစ်ကြတော့ချေ။

ကျွန်ုပ်တို့ ဒုတိယ သွားသည့် နေရာမှာ ဆရာဝန်၏ အိမ် ဖြစ်လေ၏။ မိမိအား လာခေါ်သဖြင့် လိုက်သွားခဲ့ကြောင်း၊ အဘွားကြီးမှာ လူကြီး ရောဂါ ဖြင့် သေခါနီးနေပြီ ဖြစ်ကြောင်း၊ မိမိ ရှေ့တွင်ပင် ဆုံးသွားသဖြင့် လက်မှတ် ထိုးပေးခဲ့ရကြောင်းဖြင့် ပြောပြလေ၏။

'စုံထောက်ကြီးတို့ စိတ်ချပါ၊ အားလုံး သွေးရိုးသားရိုး ဖြစ်တာပါ၊ ဒီ ကိစ္စမှာတော့ ဆန်းဆန်းပြားပြား မပါပါဘူး' ဟု ပြောလိုက်လေ၏။ ထို့ပြင် သူတို့ အတန်းအစားမျိုးတွင် အိမ်ဖော် ထားသည်ကို တွေ့ရသည့် အတွက် ထူးခြားသည်မှ အပ အိမ်ထဲတွင် အခြား သင်္ကာမကင်းစရာ ဆို၍ မတွေ့ခဲ့ရ ကြောင်းဖြင့် ပြောဆိုလေ၏။

နောက်ဆုံးတွင် ကျွန်ုပ်တို့သည် စကော့တလန်ယာဒ် စုံထောက်ရုံးသို့ လာခဲ့ကြလေ၏။ ဝရမ်း လျှောက်သည်မှာ ထုံးတမ်းစဉ်လာတွေကို လုပ်နေရသည့် အတွက် အနည်းငယ် ကြန့်ကြာလျက် ရှိပေ၏။ ဝရမ်းကို လက်မှတ်ထိုးမည့် တရားသူကြီး၏ လက်မှတ်ကို နောက်နေ့ မနက် ကိုးနာရီတွင် လက်စထရိတ် နှင့် အတူ သွားယူရမည် ဖြစ်ကြောင်း သိခဲ့ရလေ၏။ စောင့်ကြည့်နေသော စာသင်က အိမ်မည်းကြီးထဲတွင် မီးရောင်များ ဟိုမှ သည်မှ လှုပ်ရှားနေသည်ကို မြင်ရပြီး အထဲသို့ လည်းကောင်း အပြင်သို့ လည်းကောင်း အဝင်အထွက် မရှိ ဟု သတင်း ပို့သည်မှ အပ အခြား ထူးခြားချက် ဟူ၍ ဘာမျှ မရှိချေ။ သို့ဖြင့် တစ်နေ့ ကုန်ခဲ့ရလေ၏။



သို့ဖြစ်ရကား ကျွန်ုပ်တို့ အဖို့ စိတ်ရှည်သည်းခွာဖြင့် မနက်မြန် အထိ စောင့် ဆိုင်းရုံမှ တစ်ပါး အခြား နည်းလမ်း မရှိတော့ချေ။

ရှားလော့ဟုမ်းမှာ စကားလည်း မပြောနိုင်၊ အိပ်၍လည်း မပျော်နိုင်ချေ။ အိပ်ရာသို့ ကျွန်ုပ် ဝင်ခဲ့သည့် အခါတွင် ရှားလော့ဟုမ်းသည် ဆေးတံကို တစ်ဆုံ ပြီး တစ်ဆုံ ဖွာကာ ကုလားထိုင်တွင် လက်တင်ကာ လက်ချောင်းကလေးများ ဖြင့် တခေါက်ခေါက် ခေါက်၍ မျက်မှောင်ကုတ် စဉ်းစားရင်း ကျန်ရစ်ခဲ့လေ၏။ ကျွန်ုပ် တစ်ရေးနိုးသည့် အခါတွင်လည်း အိမ်ရှေ့ခန်းတွင် တရှပ်ရှပ် လျှောက် နေသော သူ့ ခြေသံကို ကြားနေရလေ၏။

မနက် မိုးစင်စင် လင်းသည့် အခါ ရှားလော့ဟုမ်းသည် ညဝတ် အင်္ကျီ ပိုသီပတ်သီဖြင့် ကျွန်ုပ်၏ အခန်းထဲသို့ ပြေးဝင်လာလေ၏။ ထိုနေ့ည တစ်ည လုံး မအိပ်ခဲ့ကြောင်းကို ဖျော့တော့၍ မျက်တွင်း ဟောက်ပက် ဖြစ်လျက် ရှိ သော မျက်နှာက ပြောပြလျက် ရှိပေ၏။

ရှားလော့ဟုမ်းသည် အလောတကြီးဖြင့်

'အိုင်ဆေး၊ အသုဘက ဘယ်အချိန် ချမှာတဲ့လဲ၊ ရှစ်နာရီနော်၊ ခု ခုနစ် နာရီ ခွဲပြီဗျ၊ ဒုက္ခပဲဗျာ၊ ကျုပ် ဦးနှောက်ဟာ တော်တော့်ကို ညံ့တဲ့ ဦးနှောက် ပါလားဗျို့ ဟင်၊ ကဲဗျို့ မြန်မြန် မြန်မြန်၊ သေရေးရှင်ရေး ဖြစ်နေပြီ၊ သေ ဖို့က အပုံ တစ်ရာ ရှင်ဖို့က တစ်ပုံပဲ ကျန်တော့တယ်၊ ကျုပ်ကိုယ်ကျုပ် ဘယ် တော့မှ ခွင့်မလွှတ်နိုင်တော့ဘူးဗျာ၊ နောက်ကျသွားရင်တော့ ကျုပ်ကိုယ်ကျုပ် ခွင့်လွှတ်လို့ ရတော့မှာ မဟုတ်ဘူး'

ငါးမိနစ် အတွင်း၌ ကျွန်ုပ်တို့သည် မြင်းရထားဖြင့် ဘေကာလမ်း အတိုင်း ဒုန်းစိုင်း၍ မောင်းလာခဲ့ကြလေ၏။ ဘစ်ဘင် နာရီစင်ကြီးကို ဖြတ်လာခဲ့သည့် အခါတွင်မှ ရှစ်နာရီ တိတိ ရှိနေလေပြီ။ သို့ရာတွင် အခြားသူများမှာလည်း ကျွန်ုပ်တို့ကဲ့သို့ပင် နောက်ကျလျက် ရှိသည်ကို တွေ့ရလေ၏။ ရှစ်နာရီ ထိုးပြီး ဆယ်မိနစ် ကြာသည့် အခါ၌ အသုဘခေါင်း ရောင်းသည့် ဆိုင်ရှေ့တွင် အသုဘ ရထား ရပ်ထားလျက် ရှိဆဲ ဖြစ်ပြီး ဆိုင်ရှေ့သို့ ကျွန်ုပ်တို့ မြင်းရထား ရပ် လိုက်သည့် အခါတွင်မှ လူသုံးယောက်သည် ခေါင်းကို မ၍ ဆိုင်ထဲမှ ထွက် လာသည်ကို မြင်ရလေ၏။ ရှားလော့ဟုမ်းသည် ရထားပေါ်မှ ခုန်ဆင်းကာ အသုဘခေါင်း ရှေ့မှ ဆီး၍ ရပ်လိုက်လေ၏။

ရှားလော့ဟုမ်းသည် ရှေ့ဆုံးမှ သယ်လာသူ၏ ရင်ဘတ်ကို လက်ဖြင့် ဆီးတွန်း ထားလိုက်လျက်



www.burmeseclassic.com

www.burmeseclassic.com



‘ခေါင်းကို ပြန်ချထားလိုက်၊ ခုချက်ချင်း ပြန်ချထားလိုက်စမ်း’

‘ဗျို့လူ၊ ဘာလာ လုပ်ပြန်တာလဲဗျ၊ ခုကော ဝရမ်း မပါဘဲနှင့် လုပ်ပြန်ပလား’

ရှလေဆင်းဂျား ခေါ် ပီတာမှာ မျက်နှာကြီး နီရဲလျက် ရှိကာ ခေါင်းကို ခြေရင်းမှ ကိုင်ထားရင်း လှမ်းအော်လျက် ရှိလေ၏။

‘ဝရမ်း လာနေပြီ၊ ဝရမ်း မလာမချင်း ဒီခေါင်းကို ဘယ်ကိုမှ မရွှေ့ပါနှင့်’

ရှားလော့ဟုမ်း၏ အာဏာစက်ကြောင့် ခေါင်းထမ်းသူတို့မှာ ခေါင်းကို ပြန်ချထားကြလေ၏။ ထိုအချိန်၌ ပီတာမှာ အိမ်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားပြီ ဖြစ်လေရာ ခေါင်းထမ်းသူများမှာ ရှားလော့ဟုမ်း၏ အမိန့်ကို နာခံလျက် ရှိကြပေ၏။

‘အိုင်ဆေး ဝပ်ဆင်၊ မြန်မြန်လေး လုပ်စမ်းဗျာ၊ ဟောဒီမှာ ဝက်အူလှည့်’

ခေါင်းကို စားပွဲပေါ် ပြန်တင်သည့် အခါတွင် ရှားလော့ဟုမ်းက ကျွန်ုပ်အား လှမ်းပြောလိုက်လေ၏။

‘ဟေ့လူတွေ၊ ဟောဒီမှာ မင်းတို့ အတွက် ရွှေဒင်္ဂါး တစ်ပြား ရော့၊ ခေါင်းဖုံးကို တစ်မိနစ် အတွင်း ပွင့်အောင် ဖွင့်ပေးစမ်း၊ ဘာမှ မမေးနှင့်ကွာ၊ ငါ ခိုင်းတာ လုပ်စမ်း၊ မြန်မြန်လေး၊ အေး ဟုတ်ပြီ၊ နောက် ဝက်အူ တစ်ခု ဖွင့်ဦး၊ နောက်တစ်ခု ဖွင့်စမ်း၊ ဟုတ်ပြီ၊ ပွင့်တော့မယ်၊ ပွင့်တော့မယ်၊ အား ဟုတ်ပြီ၊ ပွင့်ပြီ’

ကျွန်ုပ်တို့ အားလုံး ခေါင်းဖုံးကို ကြိုးစား၍ ဖွင့်လေ၏။ မူးမေ့သွားလောက်သည့် ပြင်းထန်သော ကလိုရိုဖောင်းနံ့ကြီးသည် အထဲမှ ထွက်လာလေ၏။ အထဲတွင်ကား အလောင်း တစ်လောင်း ရှိပြီးလျှင် ဦးခေါင်း ဘေးတွင် ဆေးရည် ဆွတ်ထားသည့် ဂွမ်းများကို အပြည့် သိပ်ထားလေ၏။ ရှားလော့ဟုမ်းက ထိုဂွမ်းအုံကြီးကို မ ယူလိုက်သည့် အခါတွင် လှပ ချောမောသော အသက် ခပ်ရွယ်ရွယ် မိန်းမ တစ်ဦး၏ ထင်းထင်းကြီး ပေါ်နေသော မျက်နှာကို မြင်ရလေ၏။ ရှားလော့ဟုမ်းသည် ထိုမိန်းမရွယ်၏ အလောင်းကို ပွတ်သပ် စမ်းကြည့်လိုက်ပြီးလျှင် ထိုင်နေသည့် အနေအထား ရောက်အောင် ဆွဲထူလိုက်လျက်

‘ဗျို့ အိုင်ဆေး၊ စမ်းကြည့်ပါဦးဗျ၊ အသက် မရှိတော့ဘူးလား၊ မရှိတော့ဘူးလား၊ လုပ်စမ်းပါဦး၊ ကျုပ်တို့ နောက်ကျသွားပြီလားဟင်’



ကျွန်ုပ်တို့ နောက်ကျခဲ့ဟန် တူလေပြီ။ သို့ရာတွင် နာရီဝက်ခန့် အတွင်း ကျွန်ုပ်တို့သည် မွန်းကျပ်ခြင်း၊ ကလိုရိုဖောင်းနံ့များကို အုပ်ခြင်းကြောင့် မေ့ နေသော လေဒီ ဖရန်စစ်ကို ပြန်၍ သတိရအောင် လုပ်နိုင်ခဲ့ပေ၏။ နောက်ဆုံး၌ကား ပါးစပ်ချင်း တေ့၍ လေမှုတ်ပေးခြင်း၊ အီသာ ထိုးပေးခြင်း၊ သိပ္ပံပညာ အရ တိုးတက်လာသော နည်းအမျိုးမျိုးဖြင့် ကုသပေးခြင်းတို့ကြောင့် အသက် မျှင်းမျှင်း ရှူလာကာ မျက်တောင်တို့ မျက်ခွံတို့ လှုပ်ရှားစ ပြုလာသည့် အခါ၌ကား စိတ်ချရသော အခြေအနေသို့ ရောက်ခဲ့လေပြီ။

ထိုစဉ် ရထား တစ်စင်း ရောက်လာသဖြင့် ရှားလော့ဟုမ်းက ပြတင်းပေါက် ခန်းဆီးကို ဆွဲဖယ်လိုက်လျက် ‘ဟော၊ လက်စထရိတ်ဆီမှာ ဝရမ်း ပါလာပြီ၊ ဒါပေမဲ့ သူ့ ငှက်တွေ ထပျံ ပြေးကုန်ကြပြီဗျ’ ဟု ပြောစဉ် လမ်းမြှောင် ကြားမှ လေးလံသည့် ခြေသံ တစ်ခုကို ကြားလိုက်ရသည့် အတွက် ‘ဟော၊ အမျိုးသမီးကို ကျုပ်တို့ထက် ပြုစုပိုင်ခွင့် ရှိတဲ့လူ လာပြီဗျ၊ ဂွတ် မောနင်း မစ္စတာ ဂရင်း၊ လေဒီ ဖရန်စစ်ကို မြန်မြန် ခေါ်သွားလေ ကောင်းလေပဲဗျ၊ ဒီ အတောအတွင်း အသုဘကိုတော့ ဆက်ချပေစေပေါ့ဗျာ၊ အဲဒီ အခေါင်းထဲမှာ အဘွားကြီးရဲ့ အလောင်း ကျန်နေလေရဲ့၊ နားနေရာကို တစ်ယောက်တည်း သွားပါစေတော့’ ဟု ပြောလေ၏။

ထိုနေ့ညတွင် ရှားလော့ဟုမ်းက

‘ဒီအမှုကို ခင်ဗျား မှတ်တမ်းထဲ ထည့်ရေးမယ် ဆိုရင်တော့ မြင်းကောင်း ခွာလိပ် ဖြစ်သွားရတဲ့ ကျုပ် အဖြစ်ကလေးကို ပြရာမှာ အင်မတန် ကောင်းတဲ့ နမူနာ ဖြစ်မှာပဲဗျို့၊ လူ ဆိုတာ ဒီလိုပါဗျာ၊ မမှားသော ရှေ့နေ မသေသော ဆေးသမား ဆိုတဲ့ စကားလိုပေါ့၊ သို့သော်လည်း ဒီအမှားကို မြင်ပြီး ချက်ချင်း ပြင်နိုင်တဲ့ လူဟာ ပဂေးလို့ ပြောရတော့မှာပဲ၊ ကျုပ်ကိုလည်း ဒီလောက်တော့ အမှတ် ပေးသင့်တယ်လို့ ထင်ပါတယ်။

‘မနေ့ညက စဉ်းစားလိုက်ရတာဗျာ၊ မနက် မိုး ထိန်ထိန် လင်းတော့မှပဲ သတိ ရတော့တယ်၊ ဖိလစ် ဂရင်းကို စုံစမ်းနိုင်းတော့ အသုဘ ခေါင်းဆိုင်က မိန်းမ ပြောလိုက်တဲ့ စကားလေ၊ ဒါမျိုးက လုပ်ရိုး လုပ်စဉ် မဟုတ်တော့ လုပ်ရတာ ကြာတယ်ရှင့်လို့ ပြောလိုက်တဲ့ စကားလေ၊ အဲဒါ ခေါင်း အကြောင်းကို ပြောတာဗျ၊ ခေါင်းက သာမန် ခေါင်းမှ မဟုတ်ဘဲဗျ၊ သာမန် ခေါင်း မဟုတ်ဘူး ဆိုတော့ အဓိပ္ပာယ်က အထူး အတိုင်းအထွာနှင့် လုပ်တယ် ဆိုတဲ့ သဘောပေါ့၊ ဘာဖြစ်လို့ အထူး တိုင်းထွာနေရတာလဲ၊ ဘာဖြစ်လို့လဲ၊ ခင်ဗျား စဉ်းစားကြည့်



www.burmeseclassic.com

www.burmeseclassic.com




စမ်း၊ ခေါင်းကြီးက မြင့်ပြီး အထဲမှာ အလောင်းက သေးသေးကလေးရယ်၊ ဒီလောက် ခြောက်သွေ့ ရှုံ့တွနေတဲ့ အလောင်း အတွက် ဒီလောက် ကြီးတဲ့ ခေါင်းကြီးကို ဘာဖြစ်လို့ လုပ်ရသလဲ၊ တခြား အလောင်း တစ်လောင်းကို ထည့်ချင်လို့ပေါ့ဗျ၊ နှစ်ယောက်စလုံးကို သေစာရင်း လက်မှတ် တစ်စောင်နှင့် မြှုပ်မလို့ စီစဉ်တာလေ၊ ကျုပ် တွေ့မသွားလို့ ရှိရင် ဒီအချက်ဟာ လယ်ပြင် ဆင်သွားသလို ရှင်းနေတယ်ဗျာ၊ ရှစ်နာရီ ဆိုရင် လေဒီ ဖရန့်စစ်ကို မြှုပ်ကြတော့မယ်၊ ဒီတော့ ကျုပ်တို့ အဖို့ အရေးကြီးဆုံးက ဒီခေါင်း မမြှုပ်သေးဘဲ တားထားဖို့ပဲဗျ။

'လေဒီ ဖရန့်စစ်ကို မသေသေးဘဲ တွေ့လိုက်ရတာကတော့ ကျုပ်တို့ သိပ် ကံကောင်းလွန်းလို့ပဲ၊ ကံက တော်တော်ကို ကောင်းလို့ ဒီလို တွေ့တာ၊ ကျုပ် သိသလောက် ပြောရရင် ရှလေဆင်းဂျားတို့ လူသိုက်ဟာ လူသတ်မှုကို တစ်ခါမှ မကျူးလွန်ခဲ့ဖူးသေးဘူးဗျ၊ တကယ်ကျတော့ လူတစ်ယောက်ကို သတ်ဖို့ ဆိုတာလည်း သိပ်လွယ်တဲ့ ကိစ္စမှ မဟုတ်တာဗျာ၊ သူတို့လည်း လက်တွန့်မှာပေါ့၊ ဒီတော့ သူတို့ ဘယ်လို ကြံသလဲ၊ ဒဏ်ရာ မပေါ်အောင် လုပ်တဲ့ နည်းနှင့် ခေါင်းထဲ ထည့်ပြီး မြှုပ်လိုက်ချင်တယ်၊ နောက်ကျ ပုလိပ်က အလောင်းကို ဖော်ပြီး စစ်ရင်လည်း သူတို့ အဖို့က လွတ်လမ်း ရှိနေသေးတယ်လေ၊ အမှုသွား အမှုလာကို ဆက်စပ်ကြည့်ရင် သူတို့မှာ ဒီအကြံအစည် ပေါ်ခဲ့ရမယ်ဗျ၊ ခင်ဗျား စဉ်းစားကြည့်လေ၊ အိမ် အပေါ်ထပ်မှာ အမျိုးသမီးကို အကြာကြီး လှောင်ထားတယ်၊ အမျိုးသမီး တစ်ယောက်တည်း ပိတ်ထားတဲ့နမှာ အတင်း ဝင်ပြီး ကလိုရိုဖောင်းနှင့် မေ့အောင် လုပ်လိုက်တယ်၊ ပြီးတော့ ပွေ့ယူလာတယ်၊ ချက်ချင်း ပြန် သတိ မရအောင် အထဲကိုလည်း ကလိုရိုဖောင်းတွေ ထည့်ပေးလိုက်တယ်၊ ပြီးတော့မှ ခေါင်းကို မူလီနှင့် စုပ်ထားလိုက်တယ်၊ တော်တော် ပက်စက်တဲ့ အကြံဗျာ၊ မှုခင်း ရာဇဝင်မှာတော့ အသစ်အဆန်းပဗျာ၊ အကယ်၍များ သူတော်ယောင် လင်မယားဟာ လက်စထရိတ်ရဲ့ လက်ထဲက လွတ်သွားလို့ ရှိခဲ့ရင် နောက်ထပ် ဘယ်လို အဆန်းတကြယ်တွေကိုများ လုပ်ပြဦးလေမလဲ မသိဘူး'

[မူရင်းဝတ္ထု *The Disappearance of Lady Frances Carfax.* ရှေ့ခေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် 'ပျောက်သောသူ ရှာလျှင် တွေ့' ဟူသော အမည်ဖြင့် မြန်မာမှု ပြုပြီး။]








The Chairman and Members of
THE LONDON TRANSPORT EXECUTIVE
request the pleasure of the company of
[handwritten name]
at
BAKER STREET STATION
(Platform No. 3)
on Monday, 5th October, 1953, at 3.0 p.m.
FOR THE CEREMONY OF NAMING ONE OF THE LONDON TRANSPORT ELECTRIC LOCOMOTIVES "SHERLOCK HOLMES"
and for the inaugural trip departing from
Baker Street at 3.20 p.m.


၁၉၅၃ ခု ဘေကာ လမ်း ဘူတာရုံတွင် ဖွင့်လှစ်သော ရှားလော့ဟုမ်း အမည်ရှိ မြေအောက် ရထားတွဲ ဖွင့်ပွဲနှင့် ထိုဖွင့်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားစာ

www.burmeseclassic.com

www.burmeseclassic.com





၁၉၅၀ မေလ ထုတ် စထရင်း မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ရှားလော့ဟုမ်း နေထိုင်ရာ ဘေကာ လမ်း ၂၂၁ ဘီ အိမ်နေရာနှင့် ပတ်ဝန်းကျင်ပြ မြေပုံ




၁၉၅၀ မေလ ထုတ် စထရင်း မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ရှားလော့ဟုမ်း နှင့် ဒေါက်တာ ဝပ်ဆင်တို့၏ အိပ်ခန်း ပုံစံ

www.burmeseclassic.com

www.burmeseclassic.com




# သရဲ ခြေထောက်



ရှားလော့ဟုမ်းနှင့် နှစ်ကာလ ကြာရှည်စွာ ရင်းရင်းနှီးနှီး နေခဲ့သည့် အတောအတွင်း ကြုံတွေ့ခဲ့သည့် ထူးဆန်းသော အတွေ့အကြုံများနှင့် စိတ်ဝင်စားဖွယ် ကောင်းသည့် အဖြစ်အပျက်များကို အခါအားလျော်စွာ မှတ်တမ်းတင်ခြင်း ပြုခဲ့ရာ၌ နာမည် ကြီးခြင်းကို ရွံ့မုန်းသည့် ရှားလော့ဟုမ်း၏ စိတ်ဓာတ်ကြောင့် ကျွန်ုပ်မှာ အမြဲလိုလိုပင် အခက်အခဲများကို တွေ့ရတတ်ပေ၏။

လေးနက်၍ လောကကြီးကို လှောင်ပြောင် အထင်သေးတတ်သည့် ရှားလော့ဟုမ်း၏ စိတ်၌ ဩဘာ လက်ခုပ်သံတို့သည် စက်ဆုပ်ဖွယ် ဖြစ်လျက် ရှိလေရာ အမှု တစ်ခုကို အောင်မြင်စွာ ဖြေရှင်းပြီးနောက် ဆိုင်ရာ ပုလိပ်တို့ကို လွှဲပေးလိုက်၍ ပရိသတ်က သက်ဆိုင်ရာ ပုလိပ်ဘက်ကို အဟုတ်မှတ် ချီးကျူးသည့် အခါတိုင်း ထိုအဖြစ်ကို ကြည့်၍ ပျော်ရွှင်ခြင်း ဖြစ်ရသည်မှာ ရှားလော့ဟုမ်း၏ ဝါသနာ တစ်မျိုး ဖြစ်သည်ဟု ဆိုရတော့မည်သာ ဖြစ်ပေ၏။

သို့ဖြစ်ရကား ယခုတစ်လောတွင် ကျွန်ုပ်၏ မှတ်တမ်းများကို စာဖတ်ပရိသတ် ရှေ့မှောက်သို့ ရေးသား တင်ပြခြင်း မပြုနိုင်ခဲ့သည်မှာ စိတ်ဝင်စားဖွယ် ကောင်းသည့် အမှု မရှိသောကြောင့် မဟုတ်ဘဲ ကျွန်ုပ် မိတ်ဆွေကြီး ထားရှိသည့် ထိုစိတ်သဘောထားကြောင့်ပင် ဖြစ်ပါသည်။

သူ၏ စွန့်စားခန်းများတွင် ကျွန်ုပ်ကို လိုက်ပါခွင့် ပြုခြင်းအားဖြင့် ရှားလော့ဟုမ်းသည် ကျွန်ုပ်အား ထူးခြားသည့် အခွင့်အရေး တစ်ရပ်ကို ပေးထားသည့် အလျောက် ထိုအခွင့်အရေးကလေး ဆုံးရှုံးသွားမည် စိုးသည့် အတွက်

www.burmeseclassic.com



ကျွန်ုပ်ကလည်း အချို့သော အကြောင်းများကို မရေးဘဲ ချန်လှပ်ထားရခြင်း ဖြစ်ပေ၏။

သို့ဖြစ်လေရာ လွန်ခဲ့သည့် အင်္ဂါနေ့က ရှားလော့ဟုမ်းထံမှ အောက်ပါ ကြေးနန်းတိုကလေးကို ရရှိသည့် အခါတွင် ကျွန်ုပ်မှာ အံ့အားသင့်လျက် ရှိပေ၏ (ရှားလော့ဟုမ်းသည် ကြေးနန်း ရိုက်၍ ရသော နေရာမျိုးတွင် စာဖြင့် ရေးသား ဆက်သွယ်လေ့ ရှိသည်ကို ကျွန်ုပ် တစ်ခါမျှ မတွေ့ဖူးသေးချေ။)။ သူ့ကြေးနန်းမှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

ကွန်းဝေါနယ်က အမှုကို ရေးသား တင်ပြဖို့ ကောင်းသည်၊ ကျွန်ုပ် လိုက်ဖူးသမျှထဲတွင် အထူးဆန်းဆုံး ဖြစ်သည်ဟု ပါရှိရာ ခုနစ်ဆွေး ရှစ်ဆွေး အမှုကြီးကို အဘယ်ကြောင့်များ ယခုမှ အမှတ်ရလေသနည်း၊ သို့မဟုတ်လျှင်လည်း မည်သည့် စိတ်ကူးမျိုး ပေါက်၍ ကျွန်ုပ်ကို အရေး ခိုင်းလေသနည်းဟု စဉ်းစား၍ မရအောင် ဖြစ်လျက် ရှိပေ၏။ သို့ရာတွင် စိတ်တစ်မျိုး ပြောင်းသွားကာ ရေးသားခြင်း မပြုရန် ကန့်ကွက်သည့် ကြေးနန်း တစ်စောင် ရောက်လာနိုင်သေးသည့် အတွက် ထိုကြေးနန်း မရောက်မီမှာပင် ကျွန်ုပ်သည် အမှု အသေးစိတ်များကို ရေးမှတ်ထားသည့် မှတ်စုဟောင်းများကို ပြန်ရှာကာ အဖြစ်အပျက်ကို ခပ်သွက်သွက် ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပေ၏။

ထိုနှစ်မှာ ၁၈၇၉ ခုနှစ်၊ နွေဦးပေါက် ရာသီ ဖြစ်ပြီး အလုပ်ကို ပြင်းပြင်းထန်ထန် လုပ်သည့် အတွက်ကြောင့် တစ်ကြောင်း၊ ထိုအထဲတွင် သူကိုယ်နှိုက်ကလည်း ရံခါရံခါ ဆိုသလို ပစ်စလက်ခတ် နေတတ်သည့် အတွက်ကြောင့် တစ်ကြောင်း အလွန် ကြံ့ခိုင်သည့် ရှားလော့ဟုမ်း၏ ကျန်းမာရေး အခြေအနေတွင် အနည်းငယ် ယိုယွင်းစ ပြုလာသည့် လက္ခဏာချက်များကို တွေ့ရပေ၏။ ထိုနှစ် မတ်လထဲ၌ ဟာလေလမ်းမှ နာမည်ကျော် သမားတော်ကြီး တစ်ဦးဖြစ်သူ ဒေါက်တာ မိုးအဂ္ဂါ (ထိုသမားတော်ကြီးနှင့် ရှားလော့ဟုမ်းတို့ ထူးထူးဆန်းဆန်း တွေ့ခဲ့ကြပုံကိုမူ နောင် အခွင့်သင့်သည့် အခါတွင် ရေးသားပါဦးမည်။) က ရှားလော့ဟုမ်းသည် အမှုများ လိုက်ခြင်းကို လုံးဝ ရပ်ထားလိုက်ပြီးလျှင် လုံးဝ အနားယူဖို့ လိုကြောင်း၊ ထိုသို့မှ အနားယူခြင်း မပြုလျှင် မကြာမီတွင်ပင် ဗုန်းဗုန်း လဲတော့မည် ဖြစ်ကြောင်းဖြင့် အတိအလင်း ထုတ်ဖော်သတိ ပေးခဲ့လေ၏။

ရှားလော့ဟုမ်းမှာ စိတ်ကို ကိုယ်နှင့် ခွာ၍ နေနိုင်သူ တစ်ယောက်ဖြစ်သည့် အလျောက် သူ့ ကျန်းမာရေးကို သူ လုံးဝ ဂရုစိုက်ခြင်း မပြုသည့်တိုင်





ယခု အတိုင်းသာ ဆက်သွားနေပါက အလုပ်မှ ရာသက်ပန် အနား ယူရတော့မည့် အရေးကို မြင်လာသည့် အတွက် နောက်ဆုံး၌ အလုပ်မှ အနား ယူတာ ရေပြောင်း မြေပြောင်း သွားရောက် နေထိုင်ရန် တိုက်တွန်းချက်ကို လက်ခံလိုက်ရလေ၏။

သို့ဖြင့် ထိုနှစ် နွေဦးပေါက်ခါစ၌ ကျွန်ုပ်တို့ နှစ်ယောက်သည် ကွန်းဝေါနယ် ပိုလဒူ ပင်လယ်ကွေ့ရှိ တည်းခိုရိပ်သာကလေး တစ်ခုတွင် ရောက်ရှိနေကြခြင်း ဖြစ်လေ၏။

ထိုနေရာမှာ အလွန် ထူးခြားသည့် နေရာ ဖြစ်ပြီး ကျွန်ုပ်၏ လူနာ ဖြစ်သည့် ရှားလော့ဟုမ်း၏ နောက်ကျိနေသော စိတ်ဓာတ်နှင့် ကိုက်ညီ လိုက်လျောသော နေရာ ဖြစ်ပါပေ၏။ စိမ်းလဲ့သော မြက်ပင်တို့ ပေါက်လျက် ရှိသော တောင်ကုန်းကလေး တစ်ခုပေါ်တွင် ဆောက်ထားသော ဆေးဖြူ သုတ်ထားသည့် ကျွန်ုပ်တို့ တည်းခိုရိပ်သာကလေး ပြတင်းပေါက်မှ ကြည့်လိုက်လျှင် များစွာသော သင်္ဘောသားတို့ အသက် ဆုံးခဲ့ရသော မည်းနက်သည့် ကျောက်ဆောင်များ၊ လှိုင်းပုတ်ထားသည့် ကျောက်တန်းများ ရှိ၍ သင်္ဘော သင်္ချိုင်းဟု ဆိုအပ်သော လခြမ်းပုံ ပင်လယ်ကွေ့ကို ခပ်ရေးရေး မြင်ရလေ၏။

မြောက်လေ ပြန်သည့် အခါတွင်မူ ထိုပင်လယ်ကွေ့မှာ ငြိမ်သက် အေးချမ်းလျက် ရှိသဖြင့် မုန်တိုင်းဒဏ်ကို ခံရသော သင်္ဘော အပေါင်းတို့၏ ခိုလှုံရာ နားနေရာ ဖြစ်ခဲ့ပေ၏။

ထိုနောက်တွင်မူ လေကြောင်းသည် ရုတ်တရက် ပြောင်းသွားတတ်ပြီးလျှင် အနောက်တောင် လေပြင်းသည် မဆင်ဘဲနှင့် ဖြန်းခနဲ တိုက်လာတတ်လေရာ ကျောက်ဆူးကို အမြန် နုတ်၊ ကမ်းမှ အမြန် ခွာရန် ကြိုးစားကြသည့်တိုင် များစွာသော သင်္ဘောတို့သည် အမြှုပ်တို့ တစီစီ တက်လျက် ရှိသည့် လှိုင်းလုံးကြီးများ ကြားတွင် ကျောက်ဆောင်များနှင့် ရိုက်မိပြီး ကွဲအက် နစ်မြုပ်ခဲ့ကြရလေ၏။ ကျွမ်းကျင်သော မာလိန်များမှာမူကား ထိုနေရာကို ရှောင်ကွင်းကြပေ၏။

ပင်လယ်ဘက်တွင်သာမက ကျွန်ုပ်တို့ တည်းခိုရိပ်သာ နောက်ဖေးမှ ပတ်ဝန်းကျင် ကုန်းမြေ တစ်ဝိုက်မှာလည်း စိတ်နောက်ကျိဖွယ် ကောင်းလှပေ၏။ ပတ်ဝန်းကျင် တစ်ဝိုက်မှာ ကုန်းမြေ မညီမညာ ဖြစ်နေသော ဖုန်းဆိုးကုန်းကြီးများ ဖြစ်ပြီးလျှင် လူသူ ကင်းမဲ့ကာ ညိုမှိုင်းမှိုင်း အရောင် ပေါက်လျက် ရှိလေ၏။ အခြား နေရာများတွင် ရှေးက ရှိခဲ့သော ရွာကြီး တစ်ရွာစ နှစ်ရွာစ၊



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးကျောင်း တစ်ကျောင်းစ နှစ်ကျောင်းစကို မြင်ရလေ၏။ ကြည့်လေရာ ဖုန်းဆိုးမြေ တစ်ဝိုက်တွင် စိုးစိုးမြုပ် ပျောက်ကွယ်သွားသော မျိုးနွယ် တစ်ရပ်၏ လက္ခဏာချက်များကိုသာ တွေ့ရပြီး ၎င်း၏ မှတ်တမ်း အဖြစ် ထူးဆန်းသော ပုံသဏ္ဌာန် ရှိသည့် ကျောက်တိုင်ကြီးများ၊ သင်္ချိုင်းပုံများ၊ ရှေးက တူးခဲ့ဟန် ရှိသော ကတုတ်ကျင်းဟောင်းများဖြင့် ပြည့်လျက် ရှိပေ၏။

ပျောက်ဆုံးသွားသော လူမျိုးများ၏ မှိုင်းညို့သော ပတ်ဝန်းကျင်နှင့် တကွ ထိုဒေသ တစ်ဝိုက်၏ လျှို့ဝှက် ဆန်းကြယ်သော အမှုတို့သည် ကျွန်ုပ် မိတ်ဆွေကြီး ရှားလော့ဟုမ်း၏ စိတ်ကူးနှင့် ကိုက်ညီလျက် ရှိလေရာ ရှားလော့ဟုမ်းသည် ထိုဖုန်းဆိုး စားကျက်ကြီးများပေါ်တွင် လမ်းလျှောက်ခြင်း၊ တစ်ယောက်တည်း တွေးတော စဉ်းစားခြင်းဖြင့် အချိန်ကုန်လေ့ ရှိပေ၏။ ရှားလော့ဟုမ်းသည် ရှေး ကွန်းဝေါ နယ်သားများ၏ ဘာသာစကားကိုလည်း စိတ်ဝင်စားစွာ လေ့လာလျက် ရှိပြီး ထိုဘာသာစကားမှာ ရှေးဟောင်း ကော်လဒီယန်း လူမျိုးတို့၏ စကားနှင့် နီးနွယ်လျက် ရှိသည်ဟု ယူဆသည့်ပြင် (ကျွန်ုပ် မှတ်မိသလောက် ပြောရလျှင်) ရှေးခေတ်က သံ အရောင်း အဝယ် လုပ်သည့် ဖိုနီးရှန်း ကုန်သည်များမှ တစ်ဆင့် ကူးလူး ရောက်ရှိလာခြင်း ဖြစ်သည်ဟု လည်း ယူဆပေ၏။

ရှားလော့ဟုမ်းသည် ဘာသာဗေဒနှင့် ပတ်သက်၍ ကျမ်းစာအုပ်များ ကို မှာယူ လေ့လာလျက် ထိုအယူအဆကို အခြေခံ၍ စစ်တမ်း တစ်စောင် ရေး ရန် ပြင်ဆင်လျက် ရှိစဉ် လန်ဒန်တွင် ကျွန်ုပ်တို့ ကြုံတွေ့ခဲ့သည့် အမှု များစွာ တို့ထက် ပို၍ ရှုပ်ထွေး ဆန်းကြယ်ပြီး ပို၍ စိတ်ဝင်စားဖွယ် ကောင်းသည့် အမှု တစ်မှုကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရသည့် အတွက် ကျွန်ုပ်က စိတ်ပျက်ခြင်း ဖြစ်ရသလောက် ရှားလော့ဟုမ်းမှာ ဟန်ပင် မဆောင်နိုင်တော့ဘဲ အလွန်အကြူး ဝမ်းမြောက်လျက် ရှိလေ၏။

ထိုအမှုကြောင့် အေးချမ်း၍ ကြည်လင် ချမ်းမြေ့ဖွယ် ကောင်းသော ကျွန်ုပ်တို့၏ နေ့စဉ် ဇယားမှာ ပျက်ပြားသွားခဲ့ပြီးလျှင် ကွန်းဝေါနယ်တွင်သာမက အနောက်တိုင်း အင်္ဂလန်ပြည် တစ်ခုလုံး တုန်လှုပ် ချောက်ချား သွားရသည့် အဖြစ်အပျက်များ ကြားတွင် ပါဝင်လျက်သား ဖြစ်နေကြလေ၏။

ထို စာဖတ်သူများသည် 'ကွန်းဝေါနယ်မှ ကြောက်ဖွယ် အဖြစ်အပျက်' ဟု ခေါ်သည့် ထို အဖြစ်အပျက် အကြောင်းကို မှတ်မိကြဦးမည် ဖြစ်သည့်တိုင် ထိုစဉ်က သတင်းစာများထဲတွင် အပြည့်အစုံ မပါခဲ့ချေ။



ယခု ဆယ့်သုံးနှစ် ကြာသည့် အခါကျမှပင်လျှင် ကျွန်ုပ်သည် ထို အဖြစ်အပျက် အသေးစိတ်ကို စာဖတ် ပရိသတ်များထံသို့ တင်ပြလိုက်ခြင်း ဖြစ်ပေ၏။

ကွန်းဝေါနယ် ဤဒေသ တစ်ဝိုက်တွင် ဟိုတစ်ခု သည်တစ်ခု တွေ့ရသော ဘုရားရှိခိုးကျောင်းများမှာ ရွာများ ဖြစ်ကြောင်းကို အထက်တွင် ကျွန်ုပ် ဖော်ပြခဲ့လေပြီ။

ကျွန်ုပ်တို့ တည်းခိုနေသည့် နေရာနှင့် အနီးဆုံး ရွာမှာ ရေညိုတို့ တတ် နေသည့် ရှေး ဘုရားရှိခိုးကျောင်းကြီးကို ဝိုင်းရံနေသော လူဦးရေ နှစ်ရာခန့်ရှိ ထရက်ဒါးနစ်ဟိုးလား အမည်ရှိ ရွာငယ်ကလေး ဖြစ်လေ၏။ ထိုရွာ ဘုရား ရှိခိုးကျောင်းရှိ တရားပြဆရာ မစ္စတာ ရောင်းဒဟေးမှာ ရှေးဟောင်း သုတေသန ကို ဝါသနာ ထုံသူ တစ်ယောက် ဖြစ်သည့် အတွက် ရှားလော့ဟုမ်းနှင့် မိတ်ဆွေ ဖြစ်ခဲ့ကြလေ၏။

မစ္စတာ ရောင်းဒဟေးမှာ လူလတ်ပိုင်း အရွယ် ဖြစ်၍ ခပ်ဖိုင့်ဖိုင့် ဖြစ် ပြီးလျှင် ရှေးဟောင်း ဒဏ္ဍာရီများကိုလည်း ပြောဆိုတတ်သူ တစ်ယောက် ဖြစ် လေ၏။ ၎င်း၏ ဖိတ်ကြားချက် အရ ကျွန်ုပ်တို့သည် သူ့ ကျောင်းသို့ သွား၍ လက်ဖက်ရည် သောက်ရာတွင် ဘုန်းကြီးကျောင်းတွင် အခန်း ငှားနေသော လူဖျို့ကြီး တစ်ဦး ဖြစ်သူ မစ္စတာ ထရီဂျင်းနစ် ဆိုသူ တစ်ဦးနှင့်လည်း အသိ အကျွမ်း ဖြစ်ခဲ့ကြလေ၏။ တရားပြ ဆရာမှာလည်း လူလွတ် တစ်ဦး ဖြစ်သည့် အတွက် လာရောက် ငှားရမ်း နေထိုင်သူနှင့် စိတ်သဘောချင်း မတူကြသည့် တိုင် တစ်ဖက် တစ်လမ်းမှ ဝင်ငွေ ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ရှိ လေ၏။

မစ္စတာ ထရီဂျင်းနစ်မှာ ပိန်ပိန်ပါးပါး၊ အသား ညိုညို၊ မျက်မှန်နှင့် ဖြစ်ပြီးလျှင် ခါးမှာ အတန်ငယ် ကုန်းလျက် ရှိရကား ငယ်စဉ် ကတည်းက ခါးကုန်း တစ်ယောက်ဟန် ပေါ်လျက် ရှိလေ၏။

ကျွန်ုပ်တို့ ရောက်သွားသည့် အခါတွင် တရားပြဆရာမှာ အာသွက်လျက် ရှိသလောက် မစ္စတာ ထရီဂျင်းနစ်မှာ နှုတ်ဆိတ်လျက် ရှိကာ မသာယာသော မျက်နှာထားဖြင့် ခပ်ကုပ်ကုပ် ထိုင်ရင်း ကိုယ်ရေးကိုယ်တာ ကိစ္စ တစ်ခုကို တွေးတော စဉ်းစားနေဟန် ရှိပေ၏။

မတ်လ ၁၆ ရက်နေ့၌ ကျွန်ုပ်တို့သည် နံနက် လက်ဖက်ရည် သောက် ပြီး၍ ဖုန်းဆိုးကုန်းတွင် လမ်းမလျှောက်မီ ဆေးလိပ် ကိုယ်စီဖြင့် ထိုင်နေကြစဉ်

www.burmeseclassic.com

ကျွန်ုပ်တို့ တည်းခိုရိပ်သာ ဧည့်ခန်းထဲသို့ ဖြန်းခနဲ ဝင်ရောက်လာသူ နှစ်ဦးမှာ အဆိုပါ ပုဂ္ဂိုလ် နှစ်ဦးပင် ဖြစ်ပေ၏။

တရားပြ ဆရာက တုန်လှုပ် ချောက်ချားလျက် ရှိသော အသံဖြင့်

'မစ္စတာ ဟုမ်းရေ၊ တော်တော် ထူးဆန်းပြီး တော်တော် ဝမ်းနည်းစရာ ကောင်းတဲ့ အဖြစ်အပျက် တစ်ခု မနေ့ညက ဖြစ်ခဲ့တယ် ခင်ဗျ၊ ကျွန်တော်ဖြင့် တစ်ခါမှ မကြားဖူးဘူး ခင်ဗျာ၊ ဒီအချိန်မှာ စုံထောက်ကြီးလိုလူ ဒီကို ရောက်နေတာတော့ ဘုရားက လွှတ်လိုက်တာပဲလို့တောင် ဆိုချင်တယ်၊ ဒီကိစ္စမျိုးကို ကိုင်တွယ်နိုင်တဲ့ လူ ဆိုလို့ စုံထောက်ကြီးက လွဲရင် အင်္ဂလန်မှာဖြင့် မရှိပါဘူးဗျာ၊ တကယ်ပါ'

ကျွန်ုပ်သည် ဘာမပြော ညာမပြောဖြင့် ကျွန်ုပ်တို့ အားလပ်ချိန်ကလေးကို လာရောက် နှောင့်ယှက်ခြင်း ပြုသည့် တရားပြ ဆရာကို မနှစ်သက်သော အကြည့်ဖြင့် လှမ်းကြည့်လိုက်၍ ရှားလော့ဟုမ်းမှာမူ ပါးစပ်တွင် ခဲထားသည့် ဆေးတံကို ချွတ်လိုက်ပြီးလျှင် အမဲလိုက်သမား၏ လေချွန်သံကို ကြားသည့် အမဲလိုက် ခွေးတစ်ကောင်နှယ် ကုလားထိုင်တွင် မတ်မတ် ထိုင်ရင်း နားကို စွင့်လျက် ရှိလေ၏။

ရှားလော့ဟုမ်းက ဆိုဖာတွင် ထိုင်ရန် လက်ပြလိုက်သည့် အခါ၌ တုန်လှုပ် ချောက်ချားလျက် ရှိသည့် တရားပြဆရာနှင့် သူ့ အဖော်သည် အေးချင်း ယှဉ်၍ ထိုင်လိုက်ကြလေ၏။

မစ္စတာ ထရီဂျင်းနစ်မှာ တရားပြ ဆရာထက် အနည်းငယ် ဣန္ဒြေရသည့်တိုင် လက်များ ဆတ်ခနဲ ဆတ်ခနဲ တုန်နေသည့် အတွက်ကြောင့် လည်းကောင်း၊ နက်မှောင်သော မျက်လုံးများ တဖျပ်ဖျပ် တောက်နေသည့် အတွက်ကြောင့် လည်းကောင်း သူတို့ နှစ်ယောက်မှာ စိတ် ထိခိုက်ခြင်း အရာတွင် အတူတူ ဖြစ်ကြောင်း သိသာနိုင်ပေ၏။

'ကျုပ် ပြောရမလား၊ ခင်ဗျား ပြောမလား' ဟု တရားပြ ဆရာက မေးလိုက်လေ၏။

ရှားလော့ဟုမ်းက 'ဘာပဲဖြစ်ဖြစ်လေ၊ စတွေ့တဲ့ လူက မစ္စတာ ထရီဂျင်းနစ် ဖြစ်ဟန် ရှိလေတော့ ခင်ဗျားက နောက်မှ သိရတယ်လို့ပဲ ပြောရမှာပေါ့၊ ဒီတော့ သူပဲ ပြောပါ' ဟု ပြောလိုက်လေ၏။

ကျွန်ုပ်သည် အဝတ်အစားကို ကပျာကယာ ဝတ်လာသည့် တရားပြ ဆရာနှင့် ကျကျနန ဝတ်စားထားသော အိမ်ငှားကို နှိုင်းယှဉ် ကြည့်လိုက်ပြီး





နောက် ထိုအချက်ကို ကြည့်၍ ကောက်ချက်ထုတ် ပြောဆိုလိုက်သော ရှားလော့ဟုမ်း၏ စကားကြောင့် နှစ်ယောက်စလုံး တအံ့တဩ ဖြစ်နေကြပုံကို ရယ်ချင်ပက်ကျိ ဖြစ်နေလေ၏။

နောက်ဆုံးတွင် တရားပြ ဆရာက

'ကျွန်တော် နည်းနည်း စကားဦး သန်းပြီး ပြောလိုက်မယ်ဗျာ၊ ဟောဒီက မစ္စတာ ထရီဂျင်းနစ်က အသေးစိတ် ပြောပြတော့ စုံထောက်ကြီး ပို ရေလည်လာမှာပေါ့၊ အဲဒီအခါကျတော့ ခုကိစ္စ ဖြစ်တဲ့ နေရာကို ကျွန်တော်တို့ ချက်ချင်း သွားသင့်သလား မသွားသင့်ဘူးလား ဆိုတာ စုံထောက်ကြီး ကိုယ်တိုင် ဆုံးဖြတ်ပါ၊ မဟုတ်ဘူးလား၊ မနေ့ညနေတုန်းက ဟောဒီက ကျွန်တော့် မိတ်ဆွေကြီး ထရီဂျင်းနစ်ရယ်၊ သူ့အစ်ကို နှစ်ယောက် ဖြစ်တဲ့ အိုဝင်နှင့် ဂျော့ရယ်၊ သူ့ညီမ ဗရင်ဒါရယ်၊ ထရီနှာဒယ် ဝါသာ ဆိုတဲ့ သူတို့ အိမ်မှာ ထိုင်ပြီး စကား ပြောနေကြတယ် ခင်ဗျ၊ သူတို့အိမ်က ဖုန်းဆိုးကုန်းပေါ်က ရှေးသချိုင်းကြီးနားမှာ၊ မနေ့ညက သူတို့အိမ်က ထမင်းစားခန်းမှာ မောင်နှမတစ်တွေ အပျင်းပြေ ဝိုင်းဖွဲ့ ပိုကာ ကစားကြပြီး ည ဆယ်နာရီလောက်ကျတော့ ပြန်လာခဲ့တယ်၊ ကောင်းကောင်းမွန်မွန် ပျော်ပျော်ရွှင်ရွှင်ပါပဲ။

'မနက်ကျတော့ သူက အစောကြီး ထတတ်သူ ဖြစ်လေတော့ ခပ်စောစော ထပြီး အဲဒီဘက်ကို လမ်းလျှောက် ထွက်သွားတယ်၊ လမ်းရောက်တော့ သူ့ကို လာခေါ်တဲ့ ဒေါက်တာ ရစ်ချတ်ရဲ့ မြင်းရထားနှင့် တွေ့တယ်၊ ဒေါက်တာ ရစ်ချတ်က အရေးကြီးတဲ့ ကိစ္စ ရှိလို့ သူ့ဆီ လာခေါ်တာလို့ ပြောသတဲ့၊ ဒါနှင့် မစ္စတာ ထရီဂျင်းနစ်လည်း အဲဒီ မြင်းရထားနှင့် လိုက်သွားတာပေါ့လေ၊ အိမ်ရောက်တော့ တော်တော် ထူးထူးဆန်းဆန်း ဖြစ်နေတာကို တွေ့ရတယ် ခင်ဗျ။

'အိမ်ရောက်လို့ ထမင်းစားခန်းထဲကို ဝင်လိုက်တဲ့ အခါကျတော့ သူ့ အစ်ကို နှစ်ယောက်ရယ်၊ သူ့ နှမရယ်၊ မနေ့ညက သူ ထွက်လာစဉ်က အတိုင်း စားပွဲမှာ ထိုင်လို့တဲ့ ခင်ဗျ၊ သူတို့ ရှေ့မှာလည်း ဖဲကွေ့ ချလို့တဲ့၊ ဖယောင်းတိုင်တွေကတော့ အောက်ခံ အထိ လောင်ပြီး ငြိမ်းလို့တဲ့၊ ညီမက ကုလားထိုင် နောက်ကို မှီပြီး ထိုင်လျက်ကြီး သေလို့တဲ့ ခင်ဗျ၊ အစ်ကို နှစ်ယောက်ကတော့ သတိ လက်လွှတ်ကုန်ဟန် တူပါရဲ့၊ ရယ်လိုက် အော်လိုက် သီချင်းတွေ ဆို လိုက်နှင့်တဲ့ ခင်ဗျ၊ သေသူ ညီမရဲ့ မျက်နှာမှာရော စိတ် ဖောက်ပြန်နေတဲ့ အစ်ကို နှစ်ယောက်ရဲ့ မျက်နှာမှာရော သူတို့ သုံးယောက်စလုံးရဲ့ မျက်နှာပေါ်မှာ အတော်ကြီးကို ထိတ်လန့် တုန်လှုပ်တဲ့ အမူအရာတွေ ပေါ်နေသတဲ့ ခင်ဗျ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့ ကြောက်နေလိုက်ပုံများ ဘယ်လောက် အထိ ဖြစ်နေသလဲ ဆိုရင် ကြည့်ရဲ စရာတောင် မရှိဘူးတဲ့ ခင်ဗျ။

'အိမ်မှာလည်း ထမင်းချက် မိန်းမကြီး မစ္စက် ပေါ်တာက လွဲရင် လူ စိမ်း သူစိမ်း တစ်ယောက်မှ မတွေ့ရဘူးတဲ့ ခင်ဗျ၊ မစ္စက် ပေါ်တာကတော့ မနေ့ညက သူ အိပ်မောကျနေတဲ့ အတွက် ဘာသံကိုမှ မကြားမိဘူးလို့ ပြော သတဲ့၊ အိမ်ထဲ လျှောက်ကြည့်တော့လည်း ပစ္စည်း ပျောက်နေတာတို့ ပစ္စည်း ဖရိုဖရဲ ဖြစ်နေတာတို့လည်း မတွေ့ရဘူးတဲ့ ခင်ဗျ၊ မိန်းမ တစ်ယောက် သေ လောက်အောင် ဖြစ်ပြီး အားကောင်းမောင်းသန် လူနှစ်ယောက် ရူးသွားလောက် အောင် ဘယ်လိုများ ကြောက်စရာ တွေ့လို့ပါလိမ့်လို့ စဉ်းစားလို့ မရနိုင်အောင် ဖြစ်နေတယ် ခင်ဗျာ၊ ဒါကတော့ အဖြစ်အပျက် အတိုချုပ်ပဲ၊ ဒီကိစ္စကို စုံထောက် ကြီး ဖြေရှင်းပေးနိုင်တယ် ဆိုရင်တော့ အတိုင်းထက် အလွန်ပါပဲ'

ကျွန်ုပ်တို့၏ မူလ ရည်ရွယ်ချက်မှာ အေးအေးဆေးဆေး အနားယူရန် လာရောက်ခြင်း ဖြစ်ရာ ရည်ရွယ်သည့် အတိုင်း အေးအေးဆေးဆေး နေထိုင်ရန် ရှားလော့ဟုမ်းအား ဖျောင်းဖျ၍ ရလိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ခဲ့၏။ သို့ရာ တွင် မျက်မှောင် ကုတ်ထားခြင်းနှင့် တင်းမာ လေးနက်သော မျက်နှာထားကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ မျှော်လင့်ချက်တို့မှာ အချည်းနှီးသာ ဖြစ်ကြောင်းကို ကျွန်ုပ် သိလိုက်လေပြီ။ ရှားလော့ဟုမ်းသည် တိတ်ဆိတ်စွာ ထိုင်ကာ ကျွန်ုပ်တို့၏ အေးချမ်းမှုကို လာရောက် ဖျက်ဆီးသည့် ထူးဆန်းသော ထိုအဖြစ်ကို စဉ်းစား တွေးတောလျက် ရှိလေ၏။

နောက်ဆုံးတွင် ရှားလော့ဟုမ်းက

'ကောင်းပြီလေ၊ ဒီကိစ္စကို ကျုပ် ကြည့်ပါဦးမယ်၊ အပေါ်ယံ ခင်ဗျားတို့ ပြောတဲ့ အတိုင်း ဆိုရင်တော့ ခုကိစ္စက တော်တော် ထူးခြားတဲ့ ဖြစ်ရပ်ပဲဗျ၊ ဒါထက် နေစမ်းပါဦး၊ အဲဒီနေရာကို ခင်ဗျား ကိုယ်တိုင် ရောက်ခဲ့ပြီးပလား မစ္စတာ ရောင်းဒဟေး'

'မရောက်ခဲ့သေးပါဘူး စုံထောက်ကြီး၊ မစ္စတာ ထရီဂျင်းနစ် ပြန်လာ ပြီး ပြောလို့ စုံထောက်ကြီးနှင့် တိုင်ပင်ရအောင် ဆိုပြီး သူ့ကို ခေါ်ပြီး ကတိုက် ကရိုက် ထွက်လာခဲ့တာပါ'

'အချင်း ဖြစ်တဲ့ အိမ်နှင့် ဒီနေရာနှင့် ဘယ်လောက် ဝေးသလဲ'

'ဖုန်းဆိုးကုန်း အတွင်းဘက်ကို တစ်မိုင် ပျော့ပျော့လောက် ဝင်သွား ရင် ရောက်ပါတယ်'





'ကဲ ဒီလိုဆိုရင် ကျုပ်တို့ လျှောက်သွားကြတာပေါ့၊ သို့သော်လည်း မသွားခင် မစ္စတာ ထရီဂျင်းနစ်ကို တစ်ခွန်း နှစ်ခွန်းတော့ မေးချင်သေးတယ်ဗျ'

မစ္စတာ ထရီဂျင်းနစ်မှာ တစ်ချိန်လုံး စကား တစ်လုံးမျှ ပြောဆိုခြင်း မပြုဘဲ ထိုင်လျက် ရှိသည့်တိုင် ချုပ်တည်းထားရဟန် ရှိသော သူ့ ခံစားချက် မှာ တရားပြ ဆရာထက်ပင် ပြင်းထန် ကြီးမားသည်ကို ကျွန်ုပ် သတိပြုမိလေ ၏။

မစ္စတာ ထရီဂျင်းနစ်သည် ဖျော့တော့သော မျက်နှာဖြင့် ထိုင်ကာ ရှား လော့ဟုမ်းကို စိုက်ကြည့်လျက် ရှိလေ၏။ သို့ စိုက်ကြည့် နေစဉ်တွင်လည်း သူ့ လက်မောင်းများသည် ဆတ်ခနဲ ဆတ်ခနဲ တုန်သွားကြသည်ကို ကျွန်ုပ် သတိပြုလိုက်မိပေ၏။ မစ္စတာ ရောင်းဒဟေးက သူ့ မိသားစုများ ဖြစ်ပျက်ပုံကို ပြောပြနေသည့် အခါ၌ သူ့ နှုတ်ခမ်းများသည် တရွရွ တုန်လျက် ရှိကာ သူ့ မျက်လုံးများသည် ကြောက်စဖွယ် မြင်ကွင်းကို ပြန်လည် မြင်ယောင်နေသည့် နှယ် တဖျပ်ဖျပ် တောက်ပလျက် ရှိလေ၏။

'မေးချင်တာ မေးပါ ခင်ဗျာ၊ ဒီအကြောင်းကို ကျွန်တော် သိပ်မပြော ချင်ပေမဲ့ ကျွန်တော် သိသလောက် ဖြေပါ့မယ်'

'မနေ့ညက ဖြစ်ပုံကို ပြောစမ်းဗျာ'

'ဟောဒီ ဆရာကြီး ပြောတဲ့ အတိုင်းပဲ၊ ကျွန်တော် မနေ့ညက သား ချင်း ဆွေမျိုးများဆီကို ထမင်း သွားစားပါတယ်၊ ထမင်း စားပြီးတော့ ကျွန် တော့် အစ်ကို အကြီးဆုံး ဂျော့က ပျင်းတယ်ကွာ၊ အပျင်းပြေ ပိုကာလေး ဘာ လေး ကစားရအောင်လို့ ပြောတာနှင့် ကိုးနာရီလောက်ကျတော့ ကျွန်တော်တို့ ဝိုင်းဖွဲ့ကြပါတယ်၊ ကျွန်တော် ပြန်တော့မယ် လုပ်တော့ ဆယ်နာရီ ထိုးပြီးလို့ ဆယ့်ငါးမိနစ် ရှိပါပြီ၊ ဒါနှင့် ကျွန်တော်လည်း သူတို့ကို နောက်ပြောင် နှုတ် ဆက်ပြီး ပြန်လာခဲ့ပါတယ်'

'ခင်ဗျားကို ဘယ်သူ တံခါး လိုက်ဖွင့်ပေးသလဲ'

'အဲဒီတုန်းက ထမင်းချက် အဘွားကြီး မစ္စက် ပေါ်တာလည်း အိပ် ပျော်နေလို့ ကျွန်တော့် ဘာသာ တံခါး ဖွင့်ပြီး ထွက်လာခဲ့ပါတယ်၊ သူတို့ ဖဲ ကစားနေတဲ့ အခန်း ပြတင်းပေါက်က ပိတ်ထားပေမဲ့ ခန်းဆီးတွေကိုတော့ တင်ထားတယ် ခင်ဗျ၊ ကျွန်တော် ဒီနေ့ မနက် ရောက်သွားလို့ ကြည့်တဲ့ အခါ ကျတော့လည်း မနေ့ညက အတိုင်းပဲ၊ တံခါးပေါက်ရော ပြတင်းပေါက်တွေမှာ ရော ခြေရာလက်ရာ ပျက်တာ မတွေ့ရဘူး၊ အိမ်ထဲကို လူစိမ်း သူစိမ်း ဝင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြေရာ လက်ရာလည်း ဘာမှ မတွေ့ရဘူး၊ ဒါပေမဲ့ ကျွန်တော့် အစ်ကို နှစ်ယောက်ကတော့ ကုလားထိုင်မှာ ထိုင်ရင်း ကြောက်လွန်းလို့ သွက်သွက်လည်အောင်ကို ရူးနေကြပြီး ကျွန်တော့် ညီမ ဗရင်ဒါကတော့ အကြောက် လွန်လို့ ကုလားထိုင် လက်တင်ပေါ်မှာ ခေါင်းစိုက်ကျပြီး သေနေတယ် ခင်ဗျ၊ ကျွန်တော်ဖြင့် ဒီမြင်ကွင်းကို မျက်စိထဲက ဘယ်တော့မှ ထွက်တော့မှာ မဟုတ်တော့ပါဘူး ခင်ဗျာ'

'အင်း၊ ခင်ဗျား ပြောတဲ့ အချက်အလက်တွေကဖြင့် တော်တော်ကို ထူးခြားပေတာပဲ၊ ဘာဖြစ်လို့ ဒီလို ဖြစ်တယ် ဆိုတာကိုတော့ ခင်ဗျား ကိုယ်တိုင် စဉ်းစားလို့ မရသေးဘူးပေါ့'

'စုံထောက်ကြီးရေ၊ ကျွန်တော့် အထင်တော့ နာနာဘာဝ ဝိနာဘာဝ ထင်တာပဲ၊ ဘယ်နည်းနှင့်မှ လူ မဖြစ်နိုင်ဘူး၊ အခန်းထဲကို တစ်ခုခု ဝင်လာတာ မြင်လိုက်တာနှင့် လိပ်ပြာ လွင့်စဉ်သွားပြီး သေတဲ့လူ သေ ရူးတဲ့လူ ရူးသွားတယ် ထင်တာပဲ၊ လူဆိုရင် ဒီလောက် ဘာဖြစ်စရာ လိုသလဲ ခင်ဗျာ'

ရှားလော့ဟုမ်းက

'အင်း တစ်ခုတော့ ရှိတယ်ဗျ၊ ခု ကိစ္စက လူလုပ်တာ မဟုတ်ဘူးဆိုရင် ကျုပ်လည်း ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး၊ လူ လုပ်တာ မဟုတ်ဘူးလို့ ကောက်ချက် ချချင်တယ် ဆိုရင်တော့ သဘာဝကျကျ စဉ်းစားချက်တွေ အားလုံးကို ကုန်အောင် နှိုက်ပြီးမှ စဉ်းစား ရလိမ့်မယ်ဗျ၊ သဘာဝကျကျ စဉ်းစားလို့ မရတော့ဘူး ဆိုမှ သဘာဝ မကျတဲ့ နည်းတွေကို စဉ်းစားရလိမ့်မယ်၊ ခင်ဗျားနှင့် ပတ်သက်လို့ ပြောရရင်တော့ ကျန်တဲ့ ညီအစ်ကို မောင်နှမတွေက အတူ နေပါလျက်နှင့် ခင်ဗျားက တစ်ယောက်တည်း အခန်း ငှားနေတယ် ဆိုတော့ ခင်ဗျားနှင့် ကျန် သားချင်းတွေ သိပ် အဆင် ပြေကြပုံ မပေါ်ဘူး'

'ဟုတ်ပါတယ် ခင်ဗျာ၊ သိပ် အဆင် မပြေလှပါဘူး၊ ဒါပေမဲ့ ဒါက ပြီးခဲ့ပါပြီ၊ ကျွန်တော်တို့ မွေးချင်း တစ်သိုက်က ရက်ဒရုမှာ သတ္တုတွင်းတွေ ရှိပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ သတ္တုတွင်းတွေကို ကုမ္ပဏီ တစ်ခုကို ရောင်းလိုက်ပြီး ရတဲ့ ငွေကလေးနှင့် အေးအေးဆေးဆေး ထိုင်စားနေခဲ့ကြပါတယ်၊ သတ္တုတွင်းတွေ ရောင်းလိုက်လို့ ရတဲ့ ပိုက်ဆံ ခွဲတဲ့ အခါကျတော့ ကျွန်တော်တို့ အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြလို့ တစ်ယောက်နှင့် တစ်ယောက် ခပ်တန်းတန်း ဖြစ်နေခဲ့ကြပါတယ်၊ ဒါပေမဲ့ ခုတော့ ဒီကိစ္စတွေ အားလုံး ပြေလည်သွားကြပြီး အလျှင်တုန်းကလိုပဲ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိကြပါတယ်'





'သူတို့ဆီကို အလည်ရောက်ခဲ့တုန်းက ခုကိစ္စ ပေါ်လာနိုင်တဲ့ လက္ခဏာ ချက်ရယ်လို့ ဘာမှ မတွေ့မိဘူးလား၊ သေသေချာချာ စဉ်းစား ကြည့်စမ်းပါ၊ သဲလွန်စကလေး တစ်ခု ရရင် ကျုပ်တို့အဖို့ အများကြီး တန်ဖိုး ရှိလာနိုင်တယ်'

'ဘယ်လို အတိတ် နိမိတ်မှ မတွေ့ရပါဘူး ခင်ဗျာ'

'ခင်ဗျား မွေးချင်း ပေါက်ဖော်တွေကို ကြည့်ရတာကလည်း ပျော်ပျော်ရွှင်ရွှင်ပဲလား'

'ဒီလောက် ပျော်တာ တစ်ခါမှတောင် မတွေ့ဖူးပါဘူး ခင်ဗျာ'

'ခင်ဗျား ညီအစ်ကို မောင်နှမတွေဟာ စိတ်ခိုင်ကြရဲ့လား၊ နည်းနည်းပါးပါး စိုးရိမ် ကြောင့်ကြတဲ့ လက္ခဏာတို့ ဘာတို့ကော မတွေ့မိဘူးလား'

'မတွေ့မိပါဘူး ခင်ဗျာ'

'ဒါဖြင့် ကျုပ်ကို အကူအညီ ဖြစ်မယ့် အချက်အလက် နောက်ထပ် ဘာမှ မပြောနိုင်တော့ဘူးပေါ့'

မစ္စတာ ထရီဂျင်းနစ်သည် အတန်ကြာမျှ စိတ်အား ထက်သန်စွာ စဉ်းစားလျက် ရှိလေ၏။ နောက်ဆုံး၌

'အဲ တစ်ခုတော့ ရှိတယ် ခင်ဗျ၊ ပိုကာ ကစားကြမယ်လို့ စားပွဲမှာ ထိုင်ကြတော့ ကျွန်တော်က ပြတင်းပေါက်ကို ကျောပေးပြီး ထိုင်တယ် ခင်ဗျ၊ ကျွန်တော်နှင့် ကျွန်တော့် အစ်ကို ဂျော့က စပ်တူ ကစားကြတော့ လက်လှန် ထိုင်ကြတဲ့ အတွက် သူက ပြတင်းပေါက်နှင့် မျက်နှာချင်းဆိုင် ကျတယ် ခင်ဗျ၊ တစ်ချီတော့ ကျွန်တော့်ကို ကျော်ပြီး နောက်ဘက်ကို စိန်းစိန်းကြီး ကြည့်နေတဲ့ အတွက် ကျွန်တော်လည်း နောက်ကို ပြန် လှည့်ကြည့်လိုက်မိတယ် ခင်ဗျ၊ ခန်းဆီးက တင်ထားပြီး ပြတင်းပေါက်တော့ ပိတ်ထားတယ် ခင်ဗျ၊ ဒါနှင့် မှန်ပြတင်းကနေ အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ အပြင် ခြံစည်းရိုးနားမှာ လှုပ်လှုပ် လှုပ်လှုပ် ဖြစ်နေတာကိုတော့ မြင်လိုက်တယ် ခင်ဗျာ၊ လူလား တိရစ္ဆာန်လားတော့ ကျွန်တော်လည်း မပြောတတ်ဘူး၊ ဒါနှင့် ကျွန်တော်က အစ်ကိုကို ဘာလဲလို့ မေးတော့ သူကလည်း ဒီလိုပဲ လူလိုလို အကောင်လိုလို မကွဲဘူးလို့ ပြောတယ် ခင်ဗျ၊ ထူးထူးခြားခြား ဆိုလို့ ဒီတစ်ချက်ပဲ ရှိတာပဲ ခင်ဗျ'

'ခင်ဗျားတို့ ထ မကြည့်ကြဘူးလား'

'မကြည့်မိဘူး ခင်ဗျ၊ ဘာမှ ဟုတ်မှာ မဟုတ်ဘူး ဆိုပြီး ဆော့ ကစားနေကြတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ပြန်လာတဲ့အခါကျတော့ ဆိုးဆိုးရွားရွား ဖြစ်မယ့် အရိပ် နိမိတ် ဆိုလို့ ဘာမှ မတွေ့ရဘူးလား'

'ဘာမှ မတွေ့ရပါဘူး ခင်ဗျာ'

'ဒီနေ့မနက် သတင်းကို ခင်ဗျား ဘယ်လို ဘယ်ပုံ ကြားတယ် ဆိုတာကို သိပ် မရှင်းသေးဘူးဗျ၊ ပြောစမ်းပါဦး'

'ကျွန်တော်က မနက်ဆိုရင် အိပ်ရာက စောစော ထပြီး လမ်းလျှောက်လေ့ ရှိပါတယ်၊ ဒါနှင့် ကျွန်တော် လမ်းလျှောက်လာတုန်း ဒေါက်တာ ရစ်ချတ်ရဲ့ မြင်းရထား ကျွန်တော့် အနား ရောက်လာတော့ ကျွန်တော်လည်း ရပ်တရက်မို့ လန့်သွားပါတယ်၊ အနား ရောက်တော့ ထမင်းချက် မိန်းမကြီး မစ္စက်ပေါ်တာက သူငယ်ကလေး တစ်ယောက်ကို လွှတ်ပြီး အခေါ် ခိုင်းလိုက်လို့ လာတာတဲ့၊ တော်တော် အရေးကြီးတယ်လို့ ပြောတယ်တဲ့၊ ဒါနှင့် ကျွန်တော်လည်း သူ့ရထားနှင့် တက် လိုက်လာခဲ့ပါတယ်၊ ကျွန်တော်တို့ ရောက်တော့ အဲဒီ အခန်းကို ဝင်ကြည့်ကြပါတယ်၊ ဖယောင်းတိုင် မီးနှင့် မီးလင်းဖို မီးက တော်တော် စောစော ကတည်းက ငြိမ်းနေဟန် တူတယ် ခင်ဗျ၊ သူတို့လည်း အမှောင်ကြီးထဲမှာ တော်တော်ကြာကြာ ထိုင်နေကြဟန် တူတာပဲ၊ ဒေါက်တာကတော့ ကျွန်တော့် ညီမ ဗရင်ဒါဟာ လွန်ခဲ့တဲ့ ခြောက်နာရီလောက်တုန်းက အသက် ပျောက်ခဲ့ဟန် တူတယ်တဲ့၊ ဒဏ်ရာ ဒဏ်ချက်တို့ ဘာတို့လည်း မတွေ့ရဘူး ခင်ဗျ၊ သိပ်ပြီး ထိတ်လန့် ကြောက်ရွံ့နေတဲ့ မျက်နှာနှင့် ကုလားထိုင် လက်တင်ပေါ် ခေါင်းတင်ပြီး သေနေတာပဲ၊ ဂျော့နှင့် အိုဝင်ကတော့ တွေ့ကရာ သီချင်းတွေ ဆိုပြီး ဝက်ဝံကြီး နှစ်ကောင်လို အော်နေကြတယ် ခင်ဗျ၊ ဟင်း ကြည့်ရတာ ကြောက်စရာကြီး ခင်ဗျာ၊ ကျွန်တော်ဖြင့် မကြည့်ရဲတာနှင့် မျက်နှာကို လွှဲထားတယ်၊ ဒေါက်တာ ရစ်ချတ် ဆိုတာလည်း မျက်နှာတွေ ဖြူဖပ်ဖြူရော် ဖြစ်နေတာပဲ၊ သတိ မေ့ပြီး လဲကျသွားလို့ ကျွန်တော်တို့ကပဲ ဝိုင်းပြီး နာတွေ ဘာတွေ နှပ်ယူ ရသေးတယ်'

ရှားလော့ဟုမ်းက ထိုင်ရာမှ ထ၍ ဦးထုပ်ကို လှမ်းယူလိုက်ပြီးလျှင်

'ထူးဆန်းတာကတော့ တော်တော် ထူးဆန်းတာပဲဗျို့၊ အကောင်းဆုံးတတော့ အဲဒီကို ချက်ချင်း လိုက်သွားတာ အကောင်းဆုံးပဲဗျ၊ ကြားလိုက်ရနှင့် ဒီလောက် စဉ်းစားစရာ ကောင်းတဲ့ အမှုမျိုးကို ကျုပ်ဖြင့် ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်ဗျ'



ထိုနေ့ မနက်က သွားရောက် စုံစမ်းရာတွင် ကျွန်ုပ်တို့မှာ များစွာ ခရီး မရောက်လှချေ။ သို့ရာတွင် စစချင်း ဆောက်နှင့်ထွင်း ဆိုသကဲ့သို့ ကျွန်ုပ် စိတ်တွင် နိမိတ် မကောင်းသည့် ဖြစ်ရပ် တစ်ခုနှင့် ကြုံတွေ့ရခြင်းကိုမူ ကျွန်ုပ် မေ့နိုင်တော့မည် မဟုတ်ချေ။

အချင်း ဖြစ်ပွားသော အိမ်သို့ သွားရာ အဝင်လမ်းကလေးမှာ ကျဉ်းမြောင်းသော လမ်းကြားကလေး တစ်ခု ဖြစ်လေ၏။ ကျွန်ုပ်တို့ တစ်သိုက်သည် ထိုလမ်းကြားကလေး အတိုင်း လျှောက်လာခဲ့ကြရာ ကျွန်ုပ်တို့ဆီသို့ လာနေသော မြင်းရထား တစ်စင်း၏ အသံကို ကြားသဖြင့် ကျွန်ုပ်တို့သည် ဘေးသို့ ကပ်၍ ရှောင် ရပ်ပေးလိုက်ကြ၏။ ကျွန်ုပ်တို့ အနီးမှ ဖြတ်မောင်းသွားသည့် အခါ၌ ကြောက်ဖွယ် ရှုံ့မဲ့နေသော မျက်နှာကြီး တစ်ခုသည် ဖြဲဖြဲကြီး လုပ်လျက် ကျွန်ုပ်တို့အား ကြည့်သွားသည်ကို ပိတ်ထားသော ပြတင်းကြားမှ ကျွန်ုပ် မြင်လိုက်ရလေ၏။ ပြူးပြူးကြီး ဖြစ်နေသော မျက်လုံးများနှင့် ဖြဲနေသော သွားကြီးများသည် တစ္ဆေ မျက်နှာကြီး တစ်ခုသဖွယ် ကျွန်ုပ်တို့ အနီးမှ ဖြတ်သွားလေ၏။

မစ္စတာ ထရီဂျင်းနစ်မှာ နှုတ်ခမ်းတွေ ဖြူဖပ်ဖြူရော် ဖြစ်လျက် ရှိရာမှ

'ကျွန်တော့် အစ်ကို နှစ်ယောက် ခင်ဗျ၊ လယ်စတန် အရူးထောင်ကို ပို့မလို့ ခေါ်သွားတာ'

ကျွန်ုပ်တို့သည် ရထား နက်နက်ကြီးကို ထိတ်လန့်တကြားဖြင့် မျှော်ကြည့် ကျန်ရစ်ခဲ့ကြပြီးနောက် အနိဋ္ဌာရုံတို့ ဖြစ်ပွားခဲ့ရာ အိမ်ကြီးဆီသို့ လာခဲ့ကြလေ၏။

အိမ်မှာ ကော့တစ်ချ် ခေါ် အိမ်ပုပု ဆိုရမည်ထက် ဗီလာ ခေါ် အိမ်မျိုး ဖြစ်၍ အတော် ကြီးသည့် အိမ်တစ်လုံး ဖြစ်ပြီးလျှင် အိမ် ပတ်ပတ်လည်တွင်လည်း ပန်းပွင့်တို့ ဝေဆာလျက် ရှိကာ လေကောင်းလေသန့် တညင်းညင်း တိုက်လျက် ရှိသော ဥယျာဉ် တစ်ခု ရှိလေ၏။ ထရီဂျင်းနစ်တို့ ထိုင်၍ ဖဲကစားခဲ့ကြသော အခန်း ပြတင်းပေါက်မှာ ဥယျာဉ်ဘက်တွင် ရှိပြီး (သူ့စကားအတိုင်း ပြောရလျှင်) သူတို့အားလုံးကို သွက်သွက် လည်အောင် လိပ်ပြာလွင့်မတတ် ကြောက်စရာ ကောင်းသည့် အရာကို မြင်လိုက်ရသည် ဆိုသည်မှာလည်း ထို ပြတင်းပေါက်မှ မြင်လိုက်ရခြင်း ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှားလော့ဟုမ်းသည် အိမ်ထဲသို့ မဝင်မီတွင် ဥယျာဉ်ထဲက လမ်းကလေး အတိုင်း ပန်းအိုးများ ကြားတွင် ဖြည်းညင်းစွာ လမ်းလျှောက်ကာ စဉ်းစား လျက် ရှိလေ၏။ ရှားလော့ဟုမ်းမှာ မည်မျှ အစဉ်းစား လွန်နေသည် မသိ၊ ပန်းပင် ရေလောင်းသည့် အိုးကြီး တစ်လုံးကို တိုက်မိသဖြင့် လမ်းတစ်လျှောက် တွင်သာမက ကျွန်ုပ်တို့ ခြေထောက်များပါ ရေတွေ စိုရွှဲကုန်သည်ကို ကျွန်ုပ် မှတ်မိလိုက်ပေသေး၏။

ကျွန်ုပ်တို့ အိမ်ထဲသို့ ရောက်သွားသည့် အခါတွင် သူငယ်မလေး တစ် ဦး၏ အကူအညီဖြင့် အိမ်မှု ကိစ္စ အားလုံးကို တာဝန်ယူ လုပ်ကိုင်ပေးရသော ကွန်းဝေါနယ်သူ ထမင်းချက် မိန်းမကြီး မစ္စက် ပေါ်တာက ကျွန်ုပ်တို့ကို ဆီး ကြိုလေ၏။

မစ္စက် ပေါ်တာသည် ရှားလော့ဟုမ်း မေးသမျှ မေးခွန်းများကို လိုလို ချင်ချင်ပင် ဖြေကြားခြင်း ပြုလေ၏။ ယမန်နေ့ညက ဘာသံမျှ မကြားမိကြောင်း၊ ယခုတစ်လောတွင် အိမ်သူ အိမ်သားများမှာ ရွှင်ရွှင်လန်းလန်း ရှိကြကြောင်း၊ ဤမျှ ရွှင်လန်း၍ ငွေရေးကြေးရေး ချောင်လည်ကြသည်ကို သူ တစ်ခါမျှ မတွေ့ဖူးသေးကြောင်း၊ မနက် လင်း၍ အခန်းထဲသို့ ဆင်းလာပြီး သူတို့ ဖြစ် ပျက်နေပုံကို မြင်လိုက်သည့် အခါတွင် ကြောက်လွန်းသဖြင့် မူးမေ့၍ သွား ကြောင်း၊ သတိ ပြန်ရသည့် အခါတွင် လေကောင်း လေသန့် ဝင်ရန် ပြတင်း ပေါက်ကို ဖွင့်ပြီး နောက်လမ်းကြား အတိုင်း ထွက်လာကာ ယာ အလုပ်သမား လူငယ်ကလေး တစ်ယောက်ကို ဆရာဝန် အခေါ် ခိုင်းလိုက်ကြောင်း၊ အလောင်း ကို အပေါ်ထပ်တွင် ပြင်ထားကြောင်း၊ ကြည့်လိုသည် ဆိုပါက အပေါ်ထပ်သို့ တက်ကြည့်နိုင်ကြောင်း၊ စိတ် ဖောက်ပြန်နေသည့် ညီအစ်ကို နှစ်ယောက်ကို သန်သန်မာမာ ယောကျ်ားကြီး လေးဦး ဝိုင်းဝန်းကာ အရူးထောင် ရထားပေါ် သို့ တင်ရကြောင်း၊ မိမိမှာမူ ဤအိမ်တွင် နောက်ထပ် တစ်ရက်မျှပင် မနေလို တော့ကြောင်း၊ စိန့်အိုက်ရှိ သူ့ဆွေမျိုးများထံသို့ ယနေ့ ညနေပင် ပြန်တော့မည် ဖြစ်ကြောင်းဖြင့် ပြောလေ၏။

ကျွန်ုပ်တို့သည် အပေါ်ထပ်သို့ တက်လာခဲ့ကြကာ အလောင်းကို စစ် ဆေး ကြည့်ကြလေ၏။ သေသူ မစ္စ ဗရင်ဒါမှာ ငယ်စဉ်က အတော် လှပ ချော မောသည့် မိန်းကလေး တစ်ယောက် ဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် အကျ ပိုင်းသို့ ရောက်နေလေပြီ။ ညိုစိမ့်၍ ပြတ်သား ကြည်လင်သော မျက်နှာသည် သေပြီးသည့် နောက်မှာပင် လှပ ချောမောဆဲ ရှိပေသေး၏။ သို့ရာတွင် မသေမီ





နောက်ဆုံး တွေ့လိုက်ရသည့် ခံစားချက် ဖြစ်သော ကြောက်ရွံ့ ထိတ်လန့်ခြင်း ဝေဒနာ၏ အရိပ်သည် မျက်နှာတွင် ယခုတိုင် ရေးရေးပေါ်လျက် ရှိပေ၏။

ကျွန်ုပ်တို့သည် သူ့ အိပ်ခန်းမှ အချင်း ဖြစ်ပွားသည့် အောက်ထပ် အခန်းသို့ ဆင်းလာခဲ့ကြလေ၏။ မီးလင်းဖို သံဘောင်ပေါ်တွင်မူ မနေ့ညက လောင်ကျွမ်းခဲ့သော ထင်းစများမှ ပြာမှုန့်များ ယခုတိုင် ရှိနေသေး၏။ စားပွဲ ပေါ်တွင် အဆုံးထိ လောင်ကျွမ်းထားသည့် ဖယောင်းတိုင် လေးတိုင်နှင့် ဖြန့် ထားသည့် ဖဲချပ်များကိုလည်း အတိုင်းသား တွေ့ရလေ၏။ ကုလားထိုင်များကို နံရံတွင် ပြန်ကပ်ထားသည်မှ လွဲလျှင် အားလုံးမှာ ယမန်နေ့ညက အနေအထား အတိုင်းပင် ရှိပေ၏။ ရှားလော့ဟုမ်းမှာ လျင်မြန် သွက်လက်သော ခြေလှမ်း များဖြင့် အခန်း ပတ်ပတ်လည်ကို လျှောက်ကြည့်လျက် ရှိလေ၏။ ထို့နောက် ကုလားထိုင်များကို ထိုင် ကြည့်ပြီး ယမန်နေ့ ညက အနေအထား အတိုင်း ကုလားထိုင်များကို ပြန်ရွှေ့လျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် အခန်းတွင်းမှ ဥယျာဉ်ကို မည်သည့် အကွာအဝေး အထိ မြင်ရသည်ကိုလည်း စမ်းသပ်ကြည့်၏။ ကြမ်းပြင်ကို လည်းကောင်း၊ မျက်နှာကြက်ကို လည်းကောင်း၊ မီးလင်းဖိုကို လည်းကောင်း စစ်ဆေးကြည့် ၏။ သို့ရာတွင် အမှောင်ထုကြီးထဲ၌ အလင်းရောင်ကို တွေ့ရပြီဟု အဓိပ္ပာယ် ထွက်သော အမူအရာများ ဖြစ်သည့် သူ့ မျက်လုံးများ ရုတ်တရက် တောက်ပ လာခြင်း၊ သူ့ နှုတ်ခမ်းတို့ တင်းတင်း စေ့သွားခြင်းတို့ကိုမူကား ကျွန်ုပ် တစ် ချက်မျှ မမြင်ရသေးချေ။

တစ်ကြိမ်တွင်မူ ရှားလော့ဟုမ်းက

'မီးဖိုက ဘာဖြစ်လို့ ဖိုထားတာလဲဗျ၊ ဒီလောက် ကျဉ်းတဲ့ အခန်းကလေး ထဲမှာ နွေခေါင်ခေါင်ကြီးတောင် မီးဖိုလေ့ ထုံးစံ ရှိသလား' ဟု မေးမြန်းလေ၏။

မနေ့ညက ချမ်းအေး၍ ခပ် ထိုင်းထိုင်း ဖြစ်နေကြောင်းဖြင့် မစ္စတာ ထရီဂျင်းနစ်က ရှင်းပြလေ၏။ ထို့ကြောင့် သူ ရောက်လာပြီး မကြာမီတွင် မီး ဖိုကြောင်းဖြင့် ပြောဆိုကာ 'စုံထောက်ကြီး ဘယ်လိုများ စီမံချင်သတုံး ခင်ဗျာ' ဟု မေးလေ၏။

ရှားလော့ဟုမ်းက ပြုံးလိုက်ပြီးလျှင် ကျွန်ုပ် လက်မောင်းကို ဆွဲကိုင်ကာ

'အိုင်ဆေး ဝပ်ဆင်ရေ၊ ဒီတစ်ခါလည်း ခင်ဗျား ဆူရင် ခံရဦးမှာပဲဗျ။ ဆူချင်လည်း ဆူတော့၊ ကျုပ်တော့ ဆေးတံ သောက်ပြီး ကိုယ့် ကိုယ် ကိုယ် အဆိပ်ခတ်တဲ့ လမ်းကို လိုက်ရလိမ့်ဦးမယ်၊ ကဲ မိတ်ဆွေကြီးများ ခွင့်ပြုမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်ဖြင့် ကျုပ်တို့ တည်းခိုရိပ်သာကို ခဏ ပြန်ချင်တယ်ဗျာ၊ ကြည့်ရသလောက်တော့ ဒီမှာ နေလို့လည်း နောက်ထပ် အချက်အလက်သစ်တွေ တွေ့တော့မယ် မထင်တော့ပါဘူး၊ မစ္စတာ ထရီဂျင်းနစ်ရေ၊ အချက်အလက်တွေကို ကျုပ် ပြန်စဉ်းစားကြည့်ဦးမယ်ဗျာ၊ အကယ်၍ အကြောင်း တစ်စုံတစ်ရာ ထူးတယ် ဆိုရင်တော့ ခင်ဗျားနှင့် ဟောဒီ ဆရာကြီးတို့ကို ဆက်သွယ်ပါ့မယ်၊ လောလောဆယ်တော့ အားလုံးကို နှုတ်ဆက်ပါတယ်'

ကျွန်ုပ်တို့ တည်းခိုရိပ်သာသို့ ပြန်ရောက်ပြီးသည့် အချိန်တွင် ရှားလော့ဟုမ်းမှာ စကား မပြောတော့ဘဲ စဉ်းစားခန်း ဝင်လျက် ရှိလေ၏။ ရှားလော့ဟုမ်းသည် လက်တင် ကုလားထိုင်တွင် ခွေ၍ ထိုင်လျက် ရှိရာမှ နဖူးကို ရှုံ့ကာ မျက်မှောင်ကြီး ကုတ်လျက် ငေးမိငေးရာကို ငေးကြည့်ရင်း ဆေးတံကို တစ်ဆုံပြီး တစ်ဆုံ မီးခိုး ထောင်းထောင်းထအောင် ဖွာလျက် ရှိရာ အရှည်ဝါသီတို့၏ မျက်နှာကဲ့သို့ ရှိသော ချုံးကျနေသည့် သူ့ မျက်နှာကို ကောင်းကောင်းပင် မမြင်ရတော့ချေ။ နောက်ဆုံးတွင် ရှားလော့ဟုမ်းသည် ဆေးတံကို ဘေးသို့ ချလိုက်ပြီးလျှင် ထိုင်ရာမှ ထလိုက်လေ၏။

ထိုနောက် တစ်ချက် ရယ်လိုက်လျက်

'ဒီအတိုင်းတော့ မဟန်ဘူးဗျာ၊ ကျုပ်တို့ ကမ်းနားက ကျောက်ဆောင်တွေ နားကို လျှောက်ပြီး အပျင်းပြေ ကျောက်တုံး ချွန်ချွန်ကလေးတွေ လိုက်ရှာရအောင်၊ ဒီအမှုရဲ့ သဲလွန်စကို ရှာရတာထက် အဲဒီ ကျောက်တုံး ချွန်ချွန်ကလေးတွေကို ရှာရတာက လွယ်လိမ့်မယ် ထင်ပါရဲ့၊ လုံလောက်တဲ့ အချက်အလက် မရှိဘဲ ဦးနှောက်ကို ဖျစ်ညှစ် စဉ်းစားတာဟာ စက် တစ်ခုကို ဆီမရှိဘဲ အရမ်း မောင်းတာနှင့် အတူတူပဲ၊ ကြာတော့ မခံနိုင်တော့ဘဲ ချုံးချုံးကျသွားတတ်တယ်၊ ပင်လယ် လေကောင်း လေသန့်ရယ်၊ နေရောင်ခြည်ရယ်၊ ပြီးတော့ စိတ်ရှည်မှုကလေးရယ်၊ ဒါတွေ ရရင်တော့ အဖြေ ပေါ်ကောင်းပါရဲ့'

ပင်လယ်ကမ်းနားရှိ ကျောက်တုံးများ အနီးသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းက

'ကျုပ်တို့ ကိုင်ရမယ့် အခြေအနေကို ခေါင်း အေးအေးနှင့် စဉ်းစားကြည့်စမ်း အိုင်ဆေး၊ ခု ကျုပ်တို့ သိရသလောက် အချက်အလက်ကလေးကို ကျေညက်နေဖို့ လိုတယ်ဗျ၊ ဒါမှ နောက်ထပ် အချက်အလက်သစ် ရရင် သူ့ နေရာနှင့်သူ အံဝင်ခွင်ကျ ထည့်နိုင်မှာပေါ့၊ မဟုတ်ဘူးလား၊ ပထမ အချက်အားဖြင့် ဒီကိစ္စမှာ နာနာဘာဝ ဝိနာဘာဝကြောင့် ဖြစ်တယ် ဆိုတာ ကျုပ်တို့



နှစ်ယောက်စလုံးက လက်မခံကြဘူးဗျ၊ ဒါကြောင့် မြသနာကို စပြီး စဉ်းစားတာနှင့် တစ်ပြိုင်နက် ဒီအချက်ကို ကျုပ်တို့ ဘေးဖယ် ထုတ်ထား လိုက်ရလိမ့်မယ်၊ ဟုတ်ပြီနော်။

'ဒီတော့ ခုအမှုမှာ သိလျက်နှင့် လုပ်သည်ပဲ ဖြစ်စေ၊ မသိဘဲနှင့် လုပ်သည်ပဲ ဖြစ်စေ လူ့ပယောဂ တစ်ခုခုကြောင့် ထိခိုက် နစ်နာ ဆုံးရှုံးသွားရတဲ့ လူ သုံးယောက် ရှိတယ်၊ ဒါက ဘယ်လိုပဲ ကြည့်ကြည့် မငြင်းနိုင်တဲ့ အချက်ပဲ၊ ဒီထက် ခိုင်မာတဲ့ အချက်အလက်တော့ မရှိနိုင်တော့ဘူး၊ ကောင်းပြီ၊ ဒါဖြင့်ရင် ဒီကိစ္စဟာ ဘယ်အချိန်မှာ ဖြစ်ပွားသလဲ၊ သူ့စကား အတိုင်း မှန်တယ်လို့ ထားပြီး တွက်လိုက်ရင် မစ္စတာ ထရီဂျင်းနစ် အဲဒီ အိမ်က ပြန်ထွက်လာပြီး နောက် မကြာခင်မှာ ဖြစ်တယ်ဗျ၊ မှတ်ထားနော်၊ ဒီအချက်ဟာ တော်တော် အရေးကြီးတယ်၊ လွယ်အောင် ပြောရရင် သူ ထွက်သွားပြီး မိနစ် အနည်းငယ် အကြာမှာ ဖြစ်တယ်လို့ပဲ ပြောရလိမ့်မယ်၊ ဖဲချပ်တွေက စားပွဲပေါ်မှာ ဖြန့်ချထားလျက်ဗျ၊ သူတို့ ခါတိုင်း အိပ်ရာ ဝင်ချိန်ထက် လွန်နေပြီ၊ သို့တိုင်အောင် သူတို့ သုံးယောက်စလုံး ကုလားထိုင်မှာ ထိုင်လျက် ဖြစ်နေကြတယ်၊ နေရာ မပြောင်းဘူး၊ ကုလားထိုင်တွေ ဘာတွေကို ရွှေ့တာလည်း မရှိဘူး၊ ဒီတော့ ကျုပ် နောက်တစ်ခါ ထပ်ပြောမယ်၊ ဒီကိစ္စ ဖြစ်တာဟာ သူ ထွက်သွားပြီး မကြာခင် တစ်နည်း ပြောရရင် မနေ့ညက ဆယ့်တစ်နာရီ မထိုးခင်မှာ ဖြစ်တာ၊ ဟုတ်တယ် မဟုတ်လား။

'နောက် ကျုပ်တို့ စုံစမ်းဖို့ အချက် တစ်ချက်ကတော့ အဲဒီ အခန်းထဲက ထွက်ပြီး ထရီဂျင်းနစ် ဘာလုပ်သလဲ ဆိုတဲ့ အချက်ပဲ၊ ဒါကို ကျုပ်တို့ တတ်နိုင်သမျှ စုံစမ်းဖို့ လိုလာတယ်၊ ဒါလည်း ဒီလောက် မခက်လှပါဘူး၊ သူ ဘာမှ မသိလိုက်ဘဲနှင့် စုံစမ်းလို့ ရပါတယ်၊ ခင်ဗျားလည်း ကျုပ်နည်းတွေကို သိသင့်သလောက် သိထားတဲ့ လူပဲ၊ ဥယျာဉ်ထဲမှာ ကြည့်တုန်းက ရေလောင်းတဲ့ အိုးကြီး ကျုပ် ဝင်တိုက်ထုတ်ပစ်လိုက်တာ ခင်ဗျား သတိ ထားမိလိုက်မှာပေါ့၊ တခြားကြောင့် တိုက်ပစ်လိုက်တာ မဟုတ်ဘူးဗျို့၊ ထရီဂျင်းနစ်ရဲ့ ခြေရာကို ထင်ထင်ရှားရှား မြင်ချင်လို့ အဲဒီ အိုးကြီးကို တိုက်ပစ်လိုက်တာ၊ ဒီပြင်နည်းနှင့် ဆိုရင် ဒီလောက် ထင်ရှားတဲ့ ခြေရာကို ရချင်မှ ရမယ်၊ ခုတော့ ရေတွေ ဖိတ်လို့ စိုကုန်တော့ မြေကြီးပေါ်မှာ သူ့ခြေရာကြီးကို ကောင်းကောင်းကြီး ရလိုက်တော့တာပေါ့၊ လမ်းကလည်း သဲကလေးတွေ ခင်းထားတော့ အတော်ပဲ၊ မနေ့ညကလည်း အတော်လေး အေးပြီး နှင်းကျထားလေတော့ ကိုယ့် လတ်



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ ခြေရာ ပုံစံ ရှိနေရင် ဒီပြင် ခြေရာတွေ ကြားထဲမှာ သူ့ခြေရာကို လိုက်ခဲ့ပြီး သူ့ လှုပ်ရှားမှုကို လေ့လာဖို့ သိပ် လွယ်သွားတော့တာပေါ့၊ ခုထိ ကြည့်ရတာကတော့ သူ ငှားနေတဲ့ ဘုန်းကြီးကျောင်းဘက်ကို ခပ်သုတ်သုတ် ပြန်သွားခဲ့တဲ့ ပုံပဲဗျ။

'ကောင်းပြီ၊ ထရီဂျင်းနစ်ဟာ ကျုပ်တို့ စဉ်းစားနေတဲ့ အမှု ဘောင်ထဲက ထွက်သွားပြီ ဆိုတော့ ကျန်ခဲ့တဲ့ သုံးယောက်ကို ဘယ်သူက လာပြီး နှောင့်ယှက် နိုင်သေးသလဲ ဆိုရင် အပြင်လူ တစ်ယောက်ယောက်က လာပြီး နှောင့်ယှက် နိုင်သေးတယ်ဗျ၊ ဒီလိုဆိုရင် အဲဒီ အပြင်က လာတယ် ဆိုတဲ့ လူကို ကျုပ်တို့ ဘယ်လိုလုပ်ပြီး စုံစမ်းကြမလဲ၊ ဘယ်လို လာပြီး ဘယ်ပုံ ဘယ်နည်း လုပ်လိုက်လို့ ကျန်တဲ့ လူသုံးယောက်ဟာ ဒီလောက် ကြောက်ရွံ့ ထိတ်လန့်သွားကြရသလဲ၊ ဒီ အပြင်လူဟာ မစ္စက် ပေါ်တာ မဟုတ်ဘူး ဆိုတာတော့ သေချာတယ်၊ ဒီတော့ မစ္စက် ပေါ်တာကိုလည်း ကျုပ်တို့ ဖယ်ထားလိုက်ရလိမ့်မယ်၊ ကြည့်ရတာကတော့ မစ္စက် ပေါ်တာ ဘာမှ သိပုံ မရဘူး။

'ဒါဖြင့်ရင် ခြံထဲကို လူတစ်ယောက် ဝင်လာပြီး ပြတင်းပေါက်နားမှာ လာရပ်၊ သူတို့ သွေးပျက်သွားစေလောက်တဲ့ ကြောက်စရာ တစ်ခုခုကို ပြလိုက်လို့လား၊ ဒီလို ပြလိုက်တဲ့ အထောက်အထားကော ရှိသလား၊ စဉ်းစားစရာ ဆိုလို့ ထရီဂျင်းနစ် ပြောတဲ့ စကား တစ်ခွန်းပဲ ရှိတယ်၊ သူတို့ ဖဲကစားနေကြတုန်းက သူ့ အစ်ကိုက ခြံထဲမှာ လှုပ်လှုပ် လှုပ်လှုပ်နှင့် အရာ တစ်ခုကို မြင်လိုက်တယ် ဆိုတဲ့ စကား တစ်ခွန်း ရှိတယ်ဗျ၊ အဲဒီ ညက မိုးသားတွေ အုပ်နေပြီး တော်တော် မှောင်တဲ့ ညဗျ၊ အခန်းထဲက လူသုံးယောက်ကို ခြောက်လှန့်ချင်ရင် လူလုံးကို မပြဘဲ မှန်ပြတင်းနားမှာ မျက်နှာကြီး ကပ်ပြီး ရုတ်တရက် ပြလိုက်ရုံနှင့် လန့်သွားနိုင်တယ်၊ ပြတင်းပေါက် အပြင်နားမှာ သုံးပေလောက် ကျယ်တဲ့ ပန်းခင်းကလေး တစ်ခု ရှိတယ်၊ ဒါပေမဲ့ အဲဒီ ပန်းခင်းပေါ်မှာလည်း ခြေရာတို့ ဘာတို့ကို မတွေ့ရဘူး၊ ဒီတော့ အပြင်က လူဟာ အခန်းထဲက လူသုံးယောက်ကို ဒီလောက် ကြောက်လန့်သွားအောင် ဘယ်လို လုပ်နိုင်သလဲ ဆိုတာကို စဉ်းစားလို့ မရအောင် ဖြစ်နေတယ်၊ နောက်တစ်ချက်က ဘာဖြစ်လို့ သူတို့ကို ခြောက်လှန့်ရသလဲ ဆိုတဲ့ ရည်ရွယ်ချက်ကို ရှာလို့ မရနိုင်အောင် ဖြစ်နေတယ်၊ ကျုပ်တို့ အခက်အခဲကို ခင်ဗျား မြင်ပြီနော် ဝပ်ဆင်'

'ဟုတ်ပါတယ်လေ၊ ရှင်းပါတယ်' ဟု ကျွန်ုပ်က ပြောလိုက်၏။

'သို့တိုင်အောင် နောက်ထပ် အချက်အလက် အသစ်ကလေး ဘာလေး





ရလာရင်တော့ ဒီအခက်အခဲဟာ ကျော်လွှားလို့ မရနိုင်တဲ့ အခက်အခဲ **မဟုတ်**ပါဘူး၊ ကျုပ် လိုက်ခဲ့တဲ့ အမှုတွေနှင့် ပတ်သက်လို့ ခင်ဗျား မှတ်ထားတဲ့ မှတ်တမ်းတွေထဲမှာ ခုလိုပဲ ဝိုးတိုးဝါးတား ဖြစ်တဲ့ အမှုတွေ အများကြီး ရှိပါတယ်၊ ခု လောလောဆယ် အချက်အလက် အသစ် မရခင်မှာတော့ ကျုပ်တို့ ဒီကိစ္စကို အသာ ချထားလိုက်ကြပြီး ကျောက်ခေတ် လူသား အကြောင်းကို လေ့လာကြည့်တာပဲ ကောင်းပါတယ်'

ကျွန်ုပ်သည် ရှားလော့ဟုမ်း၏ စိတ်တန်ခိုး အားကောင်းပုံကို ဖော်ပြခဲ့ဖူးသော်လည်း ကွန်းဝေါနယ်သို့ ရောက်ရှိနေစဉ် ထိုနေ့ နေ့ဦးပေါက် မနက်ကမူ သူ့ ရှေ့တွင် လွန်စွာ ဆန်းကြယ် လျှို့ဝှက်သည့် အမှုကြီး တစ်ခု ဖြေရှင်းရန် မရှိသည့်နှယ် ကျောက်ခေတ်သုံး လက်နက်များ၊ ကျောက်ခေတ်သုံး မြားများနှင့် အိုးကွဲများ အကြောင်းကို နှစ်နှစ်ကာကာ ပြောဆိုလျက် ရှိလေ၏။

ညနေပိုင်း တည်းခိုရိပ်သာသို့ ပြန်ရောက်၍ ကျွန်ုပ်တို့ကို စောင့်ဆိုင်းလျက် ရှိသည့် ဧည့်သည် တစ်ယောက်ကို တွေ့သည့် အခါကျမှပင် ကျွန်ုပ်တို့ စိတ်သည် အမှုဆီသို့ ပြန်ရောက်လာခဲ့ကြလေ၏။ ထိုဧည့်သည်သည် မည်သူမည်ဝါ ဖြစ်သည်ကိုမူ ကျွန်ုပ်တို့အား ပြောဖွယ် မလိုတော့ချေ။ ကြီးမား တုတ်ခိုင်သော ကိုယ်ခန္ဓာ၊ ကြောက်ဖွယ် ကောင်းသည့် မျက်လုံးများနှင့် သိမ်းငှက်၏ နှုတ်သီးကဲ့သို့ ကောက်သော နှာခေါင်းတို့ ရှိသော၊ ကြမ်းတမ်း၍ အရေးအကြောင်းတို့ အစင်းစင်း ပေါ်နေသည့် မျက်နှာ၊ ကျွန်ုပ်တို့ တည်းခိုရိပ်သာ မျက်နှာကြက်ကို တံမြက်စည်း လှည်းတော့မတတ် ထိုးထိုးထောင်ထောင် ဖြစ်နေသည့် ဖြူဖွေးသော ဆံပင်များနှင့် ဆေးပြင်းလိပ်ကို အဆက်မပြတ် သောက်သဖြင့် အရင်းတွင် ဝါကြန်ကြန် ဖြစ်လျက် အဖျားတွင် ဖြူဖွေးသွားသော မုတ်ဆိတ် ရှိသူမှာ အခြားသူ မဟုတ်။ လန်ဒန်နှင့် တောင် အာဖရိကတိုက်တွင် နာမည် ကျော်ကြားသော ခြင်္သေ့လိုက် မုဆိုးနှင့် နယ်သစ်များသို့ စွန့်စားသွားလာသူ ဒေါက်တာ လီယွန် စတန်းဒေး ဆိုသော ကိုယ်ခန္ဓာ အတ္တဘောကြီးပင် ဖြစ်ပေ၏။

ကျွန်ုပ်တို့သည် ဤနယ်တွင် ဒေါက်တာ စတန်းဒေး ရောက်ရှိ နေသည်ကို ကြားသိပြီး ဖြစ်ရုံမျှမက မိုးသို့ ထိုးလျက် ရှိသော သူ့ သဏ္ဌာန်ကို ဖုန်းဆိတ်မြေ တောလမ်းများပေါ်တွင် တစ်ခါ နှစ်ခါ မြင်လိုက်ပြီး ဖြစ်ပေ၏။ ထို့ရာတွင် ဒေါက်တာ စတန်းဒေးမှာ တစ်ကိုယ်တည်း နေရခြင်းကို နှစ်သက်ခြင်း၊ ခရီး မထွက်လျှင် ဗျူးချမ်းအာရီယန်း တောအုပ်ကြီးထဲရှိ တစ်လုံးတည်းသော



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုရိပ်သာတွင် နေထိုင်လေ့ ရှိခြင်းတို့ကြောင့် သူကလည်း ကျွန်ုပ်တို့ထံ လာရောက်ခြင်း မရှိ၊ ကျွန်ုပ်တို့ကလည်း သူ့ထံ သွားရောက် လည်ပတ်ရန် စိတ်မကူးခဲ့ချေ။

ဒေါက်တာ စတန်းဒေးသည် ထိုတောအုပ်ကြီးထဲရှိ ရိပ်သာတွင် တစ်ယောက်တည်း နေထိုင်ရင်း မြေပုံများ၊ စာအုပ်များနှင့် အမြဲတမ်း အလုပ် များနေပြီးနောက် သူ့တွင်လည်း အခြား ကိစ္စဝိစ္စ နည်းအောင် နေရုံမျှမက ရွာနီးချုပ်စပ် တစ်ဝိုက်ရှိ ရွာများမှ ကိစ္စများကိုလည်း များစွာ စိတ်ဝင်စားခြင်း မရှိလှချေ။

ထို့ကြောင့် ဆိုခဲ့သည့် ဆန်းကြယ်သော အမှုနှင့် ပတ်သက်၍ အကြောင်း မည်သို့ ထူးသနည်းဟု စိတ်အား ထက်သန်စွာ မေးမြန်း ပြောဆိုလျက် ရှိသည့် အခါတွင် ကျွန်ုပ်တို့မှာ အကြီးအကျယ် အံ့အားသင့်လျက် ရှိလေ၏။

'တောပုလိပ်ကို အားကိုးနေလို့ကတော့ ဘာမှ အရာရောက်မှာ မဟုတ်ပါဘူးဗျာ၊ စုံထောက်ကြီးကတော့ အတွေ့အကြုံ ရှိပြီးသား ဆိုတော့ ဒီအမှုတို့ ရှင်းနိုင်မလား မသိဘူး၊ ကျုပ်က ဒီကိစ္စကို စိတ်ဝင်စားရတာကတော့ တခြားကြောင့် မဟုတ်ဘူးဗျ၊ ကျုပ် ဒီမှာ လာလာပြီး အနားယူနေတုန်းမှာ ထရီဂျင်းနစ်တို့ အမျိုးနှင့် တော်တော်လေး ရင်းနှီးခဲ့ကြလို့ပါ၊ ဒါတွင် မကဘူး၊ ဆွေမျိုးနီးစပ် တော်နေသေးတယ်ဗျ၊ ခု သူတို့ သတင်းကို ကြားလိုက်ရတော့ ကျုပ် တော်တော်လေးကို စိတ်မကောင်းဖြစ်တယ်ဗျာ၊ ကျုပ် အာဖရိကတိုက်ကို ထွက်မလို့၊ ပလင်းမောက် အထိတောင် ရောက်ပြီ၊ ဒီနေ့ မနက်မှာ ဒီသတင်းကို ကြားတော့ စုံစမ်းတဲ့ နေရာမှာ အကူအညီ ရလိုရငြား ဆိုပြီး ချက်ချင်း ပြန်လှည့်လာခဲ့တာဗျ'

ရှားလော့ဟုမ်းသည် မျက်ခုံးကို ပင့်လိုက်လျက်

'ဒါဖြင့် ဒေါက်တာ သင်္ဘော မမီတော့ဘူးပေါ့'

'ကိစ္စမရှိဘူးလေ၊ နောက်တစ်ပတ် သင်္ဘောနှင့်ကျမှပဲ လိုက်တော့မယ်'

'အင်း ဒါပေါ့လေ၊ မိတ်ဆွေရင်းချာ ဆိုတာ ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့'

'မိတ်ဆွေတွင် မကဘူး ခင်ဗျ၊ ဆွေမျိုးလည်း တော်သေးတယ်'

'သြော် သြော် ဟုတ်ပါပြီ၊ ဒေါက်တာ့ အမေဘက်က ဆွေမျိုးတွေပေါ့၊ ဒေါက်တာရဲ့ ပစ္စည်းတွေကကော၊ သင်္ဘောပေါ်ကို တင်လိုက်ပြီလား'

'တချို့ တင်လိုက်ပါပြီ၊ ဒါပေမဲ့ အများစုကတော့ ဟိုတယ်မှာ ထားပစ်ခဲ့တယ်'





'ဟုတ်ပြီ ခင်ဗျ၊ သို့သော်လည်း ဒီသတင်းက ပလင်းမောက်က ထုတ်တဲ့ သတင်းစာတွေထဲမှာတော့ မပါနိုင်သေးဘူးနော်'

'ကြေးနန်း ရောက်လာလို့ သိရတာဗျ'

'ကြေးနန်းက ဘယ်သူက ရိုက်လိုက်တဲ့ ကြေးနန်းလဲ ခင်ဗျာ၊ မေးပါရစေ'

ဒေါက်တာ စတန်းဒေးမှာ အနည်းငယ် မျက်နှာပျက်သွားလေ၏။

'မစ္စတာ ဟုမ်းက တယ်လည်း စပ်စုသကိုးဗျ'

'ဒါ ကျွန်တော့် အလုပ်ကိုး ခင်ဗျ'

ဒေါက်တာ စတန်းဒေးသည် ကြိုးစား၍ ဣန္ဒြေဆည်လိုက်လျက်

'မပြောနိုင်စရာ အကြောင်း မရှိပါဘူးဗျာ၊ ကြေးနန်းကတော့ ဟောဒီက တရားပြဆရာ မစ္စတာ ရောင်းဒဟေးက ရိုက်လိုက်တာပါ၊ သူ့ကြေးနန်းကြောင့် လာတယ် ပြောပါစို့'

'ကျေးဇူးပါပဲဗျာ၊ ဒေါက်တာကြီး မေးတဲ့ စောစောက စကားကို ကျွန်တော် ဖြေရရင်တော့ ဒီအမှုနှင့် ပတ်သက်လို့ ကျွန်တော့် စိတ်ထဲမှာ တယ်ပြီး မရှင်းလင်းလှသေးပါဘူး၊ သို့သော်လည်း ဖြေရှင်းနိုင်လိမ့်မယ်လို့တော့ ထင်ပါတယ်၊ ခုတော့ ဒီလောက်ပဲ ပြောနိုင်ပါသေးတယ်'

'နေစမ်းပါဦး၊ စုံထောက်ကြီးက ဘယ်သူ့ကိုများ မသင်္ကာ ဖြစ်သတုံးဗျာ'

'ဒါတော့ ကျွန်တော် မပြောနိုင်ပါဘူး ခင်ဗျာ'

'ဒီလိုဆိုရင်လည်း ကျုပ် သက်သက် အချိန် ကုန်တာပေါ့ဗျာ၊ ပြန်ရုံပဲ ရှိတော့တာပေါ့'

ဒေါက်တာ စတန်းဒေးသည် မရွှင်သော နှလုံးဖြင့် ကျွန်ုပ်တို့ တည်းခိုရိပ်သာမှ ထွက်သွားလေရာ နောက် ငါးမိနစ် အကြာ၌ ရှားလော့ဟုမ်းသည်လည်း နောက်မှ လိုက်သွားလေ၏။

ညနေစောင်း၍ ပြန်ရောက်လာသည့် အခါတွင် နှေးကွေးသော ခြေလှမ်းများနှင့် ချုံးကျလျက် ရှိသော မျက်နှာတို့ကို ကြည့်လိုက်ခြင်းဖြင့် ရှားလော့ဟုမ်းမှာ အမှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ တိုးတက်မှု မရှိခဲ့ကြောင်းကို သိသာနိုင်ပေ၏။

ရှားလော့ဟုမ်းသည် ခပ်စောစောက ရောက်နေသည့် ကြေးနန်း စာအိတ်ကို ဖောက်၍ ဖတ်လိုက်ပြီးလျှင် မီးဖိုထဲသို့ ပစ်ချ လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ပလင်းမောက် ဟိုတယ်က လာတဲ့ ကြေးနန်းဗျ၊ သူ တည်းတဲ့ ဟိုတယ်နာမည်ကို တရားပြ ဆရာဆီက ရတာနှင့် သူ ပြောတဲ့ အတိုင်း ပလင်းမောက် ဟိုတယ်ကို ရောက် မရောက် သိရအောင်လို့ ကြေးနန်း လှမ်းရိုက်ပြီး မေးတာ၊ ကြည့်ရတာကတော့ မနေ့ညက သူ တကယ် အဲဒီ ဟိုတယ်မှာ တည်းခဲ့ပြီး ပစ္စည်း တချို့ကို အာဖရိက ထွက်တဲ့ သင်္ဘော တစ်စင်းပေါ် တင်၊ ကျန်ပစ္စည်းတွေကို ဟိုတယ်မှာ ထားခဲ့ပုံ ရတယ်ဗျ၊ ပြီးတော့မှ ဒီကိစ္စ အတွက် ဒီကို ပြန်လာပုံပဲ၊ ဘယ်လို သဘော ရသလဲဗျ၊ အိုင်ဆေး'

'သူကတော့ အမှုကို တော်တော် စိတ်ဝင်စားနေတာပဲ'

'ဟုတ်တယ်ဗျ၊ လူကြီးကို ကြည့်ရတာ ဒီအမှုကို တော်တော် စိတ်ဝင်စားနေတယ်၊ ဘာ့ကြောင့် ဒီလောက် စိတ်ဝင်စားနေသလဲ ဆိုတာ မသိရတော့ ခက်နေတယ်ဗျာ၊ ဒါကို သိရရင်တော့ ရှင်းသလောက် ဖြစ်သွားမှာပဲ၊ ကဲဗျာ အချိန် တန်တော့ နွားပိန် ကန်လိမ့်မပေါ့၊ ဘာ ဒီလောက် စိတ်ပျက် နေစရာလိုသလဲ၊ ကျုပ်တို့ လက်ထဲမှာ အချက်အလက်မှ ပြည့်ပြည့်စုံစုံ မရသေးဘဲ၊ ဘယ်တတ်နိုင်မလဲ၊ အချက်အလက် ရပြီးရင်တော့ ဒီအခက်အခဲတွေ ရှင်းသွားမှာပေါ့'

ရှားလော့ဟုမ်း ပြောသည့် အတိုင်း ထိုအမှုသည် မည်သည့် အခါမှ ရှင်းမည်ကို လည်းကောင်း၊ နောက်ထပ် တွေ့ရှိသည့် အချက်အလက်များသည် မည်မျှ အန္တရာယ်ရှိ ဖြစ်၍ ကျွန်ုပ်တို့၏ တွေးထောင့်များကို မည်သို့ မည်ပုံ ပြောင်းလဲစေလိမ့်မည်ကို လည်းကောင်း ကျွန်ုပ် အနည်းငယ်မျှ မစဉ်းစားမိခဲ့ချေ။

နောက်တစ်နေ့ မနက်၌ ကျွန်ုပ်သည် ပြတင်းပေါက်တွင် ရပ်ကာ မှတ်ဆိတ် ရိတ်လျက် ရှိစဉ် မြင်းခွာသံကို ကြားရသဖြင့် လှမ်းကြည့်လိုက်ရာတွင် လမ်းတစ်လျှောက် ဒုန်းစိုင်း မောင်းလာသော ဒေါက်ကပ် တစ်စီးကို မြင်ရလေ၏။

ဒေါက်ကပ်သည် ကျွန်ုပ်တို့ တည်းခိုရိပ်သာတွင် ရပ်လိုက်ပြီးနောက် တရားပြ ဆရာသည် ဒေါက်ကပ်ပေါ်မှ ဒရောသောပါး ခုန်ဆင်း လာပြီးလျှင် ခြံထဲသို့ ဝင်သည့် လမ်းကလေး အတိုင်း ပြေးဝင်လာသည်ကို တွေ့ရလေ၏။ ရှားလော့ဟုမ်းမှာ အဝတ်အစား လဲပြီးပြီ ဖြစ်သည့် အတွက် ကျွန်ုပ်တို့သည် အောက်ထပ်သို့ ဆင်းလာခဲ့ကြလေ၏။

ကျွန်ုပ်တို့ ဧည့်သည်မှာ များစွာ တုန်လှုပ် ချောက်ချားလျက် ရှိသည့် အတွက် စကားကိုပင် ပီသအောင် မပြောနိုင်တော့ချေ။



နောက်ဆုံးတွင်မှ မောကြီး ပန်းကြီးဖြင့်

'စုံထောက်ကြီးရေ၊ ကျွန်တော်တို့ အားလုံးကိုတော့ နာနာဘာဝ ပူးပြီထင်တာပဲ၊ ကျွန်တော့် ကျောင်းကိုလည်း နာနာဘာဝ စီးပြီ ခင်ဗျ၊ မကောင်းဆိုးဝါးမှ အကြီးအကျယ် ဝင်တာ'

တရားပြဆရာသည် စိတ် လှုပ်ရှားလွန်းသဖြင့် ကခုန်နေသကဲ့သို့ ခုန်ပေါက်လျက် ရှိလေရာ ဖြူရော်သော မျက်နှာနှင့် ထိတ်လန့် ကြောက်ရွံ့နေသော မျက်လုံးများကိုသာ မမြင်ရလျှင် ရယ်စရာပင် ကောင်းနေလိမ့်မည်ဟု ကျွန်ုပ် ထင်မိပေ၏။

နောက်ဆုံးတွင်မှ တရားပြ ဆရာသည် လာရောက်သည့် အကြောင်းကို ပြောဆိုခြင်း ပြုနိုင်ပေ၏။

'ကျွန်တော့် ကျောင်းမှာ နေတဲ့ ထရီဂျင်းနစ်ရယ် ခင်ဗျ၊ မနေ့ညက သေသွားပြန်ပြီ ခင်ဗျ၊ အလျင် သူ့ မွေးချင်း ပေါက်ဖော်တွေ ဖြစ်သလို ထိတ်လန့်ပြီး သေသွားတာ ခင်ဗျ'

ရှားလော့ဟုမ်းသည် ဖြုန်းခနဲ ထိုင်ရာမှ ထရပ်လိုက်ကာ အားစိုက်ရန် အဆင်သင့် ဖြစ်လျက် ရှိပေ၏။

'ခင်ဗျား ဒေါက်ကပ်ထဲမှာ ကျုပ်တို့ နှစ်ယောက် လိုက်လို့ ရပါ့မလား'

'ရပါတယ်'

'အိုင်ဆေး ဝပ်ဆင်ရေ၊ မနက် လက်ဖက်ရည် နောက်မှ သောက်ရအောင်ဗျာ၊ ကဲ မစ္စတာ ရောင်းဒဟေး၊ ကျုပ်တို့ လိုက်မယ်၊ ခြေရာလက်ရာ မပျက်ခင် မြန်မြန်လေး မောင်းစမ်းဗျာ၊ မြန်မြန်'

မစ္စတာ ထရီဂျင်းနစ်မှာ ဘုန်းကြီးကျောင်းတွင် အခန်း နှစ်ခန်း ငှားထားပြီး ထောင့်ကလေးထဲတွင် ရှိ၍ အောက်ထပ်တွင် ဧည့်ခန်း ရှိပြီး အပေါ်ထပ်မှာ အိပ်ခန်း ဖြစ်လေ၏။ အိပ်ခန်း ပြတင်းပေါက်မှ ကြည့်လိုက်လျှင် တိုင်ထောင် ကစားသည့် ကွင်းကလေး တစ်ကွင်း ရှိပြီး ထိုကွင်းမှာ ပြတင်းပေါက် အစပ်နား အထိ ရောက်လာ၏။ ကျွန်ုပ်တို့မှာ ပုလိပ်နှင့် ဆရာဝန်တို့ထက် စောရောက်သွားသဖြင့် အနေအထား အားလုံးကို ခြေရာ လက်ရာ မပျက် တွေ့ရလေ၏။

နှင်းတို့ ထူထပ်စွာ ကျနေသော ထိုနေ့မနက် ကျွန်ုပ်တို့ ရောက်သွားသည့် အခါတွင် မြင်ရသည့် ရှုခင်းကို ကျွန်ုပ် အသေးစိတ် ပြောပြပါဦးမည်။ ထို မြင်ကွင်းကိုမူ ကျွန်ုပ် တစ်သက်တွင် မေ့ပျောက်၍ ရနိုင်တော့မည် မထင်ချေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း တစ်ခုလုံးမှာ မှောင်မည်း မွန်းကျပ်လျက် ရှိလေ၏။ ကျွန်ုပ်တို့ ရှေ့က ဝင်သွားသည့် အစေခံ သူငယ်မသာ ပြတင်းပေါက်ကို မဖွင့်လိုက်လျှင် အခန်းမှာ ထိုထက်ပင် မည်းမှောင် မွန်းကျပ်နေပေလိမ့်မည်။ အခန်းထဲမှ စားပွဲပေါ်တွင် မှန်အိမ် တစ်အိမ် ထွန်းထားသဖြင့် ထိုမှန်အိမ်မှ ထွက်သော မီးခိုးများကြောင့်လည်း ဖြစ်နိုင်ပေ၏။ ထိုမှန်အိမ် အနီး ကုလားထိုင် တစ်လုံးပေါ်တွင်မူ မစ္စတာ ထရီဂျင်းနစ်သည် ထိုင်လျက် ရှိ၍ ခေါင်းသည် အထက်သို့ မော့လျက် ရှိသည့် အတွက် မုတ်ဆိတ်သည် ထောင်လျက် ရှိရာ မျက်မှန်သည် နဖူးပေါ်သို့ ရောက်နေလေ၏။ ပိန်ချုံး ချောင်ကျနေသည့် သူ့ မျက်နှာမှာ ပြတင်းပေါက်ဘက်သို့ မျက်နှာမူလျက် ရှိပြီး မျက်နှာပေါ်တွင်လည်း သေသူ သူ့ ညီမကဲ့သို့ အလွန်အမင်း ထိတ်လန့်သော အသွင် ပေါ်လျက် ရှိသည်ကို တွေ့ရလေ၏။ ကိုယ်ခန္ဓာမှာ ကောက်ကွေး တွန့်လိမ်လျက် ရှိပြီး လက်များ ကုပ်နေသည်ကို ထောက်လျှင် ကြောက်လန့်ပြီး အသက် ထွက်နေဟန် တူသည်ဟု ယူဆရပေ၏။ ကိုယ်ပေါ်တွင် အဝတ်အစားများကို အပြည့်အစုံ ဝတ်ထားသော်လည်း ကပျာကယာ ဝတ်စားထားဟန် ရှိလေ၏။ အိပ်ရာကို ကြည့်ရှုသည့် အခါတွင် မနေ့ညက အိပ်ရာပေါ်တွင် အိပ်ခဲ့သည့် လက္ခဏာများ တွေ့ရသဖြင့် မနက် လင်းအားကြီးပိုင်းကျမှ ထိုအဖြစ်မျိုး ကြုံရခြင်း ဖြစ်သည်ဟု ခန့်မှန်းရပေ၏။

အခန်းတွင်းသို့ ဝင်လိုက်သည်နှင့် ရှားလော့ဟုမ်း၏ မျက်နှာထား ပြောင်းသွားသည်ကို မြင်လိုက်သည့် အခါ၌ အပြင်ပန်း သဏ္ဌာန်အားဖြင့် အေးစက်စက် နိုင်သလောက် အတွင်းတွင် သံတွေခဲကဲ့သို့ ပူပြင်းသော ရှားလော့ဟုမ်း၏ စွမ်းအားကို ကျွန်ုပ် ချက်ချင်း သတိပြုလိုက်မိလေပြီ။

ရှားလော့ဟုမ်း၏ အကြောအခြင်များသည် ချက်ချင်း တောင့်တင်း သွားကြကာ ဖျတ်လတ်သည့် အနေအထားသို့ ရောက်သွားပြီးလျှင် မျက်နှာသည် တင်းသွားရာမှ မျက်လုံးများသည် တောက်ပလာကြလျက် သူ့ကိုယ်လက် အင်္ဂါများသည် လှုပ်ရှားရန် အဆင်သင့် ဖြစ်သည့် အနေဖြင့် တုန်ယင်လျက် ရှိကြလေ၏။ ရှားလော့ဟုမ်းသည် မြက်ခင်းပြင်သို့ ထွက်သွားလိုက်၊ ပြတင်းပေါက်ကို ကြည့်လိုက်၊ အခန်းကို စစ်ဆေးလိုက်၊ အပေါ်ထပ် အိပ်ခန်းကို တက်ကြည့်လိုက်ဖြင့် ရှိလေရာ သူ့ကို ကြည့်ရသည်မှာ အနံ့ကို လိုက်နေသည့် ရှာနေသည့် အမဲလိုက်ခွေး တစ်ကောင်နှင့် တူလှပေ၏။

အိပ်ခန်းထဲသို့ ရောက်သည့် အခါတွင် ရှားလော့ဟုမ်းသည် အိပ်ခန်းပတ်ပတ်လည်ကို လျှောက်ကြည့်ပြီးနောက် ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်





သည်တွင် မြူးထူးစရာ အသစ် တစ်ခုကို တွေ့သည့် အလား ဝမ်းမြောက် ဝမ်းသာဖြင့် အားပါးတရ အော်လိုက်လေ၏။ ထိုနောက် လှေကား အတိုင်း အောက်ထပ်သို့ ပြေးဆင်းသွားပြန်ကာ ဖွင့်ထားသော ပြတင်းပေါက်မှ အပြင်ဘက် မြက်ခင်းပြင်သို့ ခုန်ထွက်လိုက်ပြီးလျှင် မြက်ခင်းပေါ်တွင် ဝမ်းလျား မှောက်၍ တစ်စုံတစ်ရာကို ကြည့်နေပြန်လေ၏။ ထို့နောက် အခန်းထဲသို့ ဝင်လာခဲ့ပြန်လေရာ သူ့ အပြုအမူ အားလုံးမှာ သားကောင် နောက်သို့ ထက်ကြပ် လိုက်နေသော မုဆိုး တစ်ယောက်နှင့် တူလျက် ရှိလေ၏။

ရှားလော့ဟုမ်းသည် သာမန် စားပွဲတင် မှန်အိမ်ကို သေချာစွာ စစ်ဆေးကြည့်ရှုပြီးနောက် မှန်အိမ် အောက်ခံ ရေနံဆီ ထည့်သည့် ခွက်ကို တိုင်းထွာနေပြန်လေ၏။ ထို့နောက် မှန်ဘီလူးကို ထုတ်ကာ မီးပြောင်းထိပ်တွင် အုပ်ထားသည့် လချေးပြားကလေးကို ကြည့်ရှုပြီးလျှင် ထိုလချေးပြား အပေါ်ယံတွင် ကပ်နေသည့် မှိုင်းများကို ခြစ်ချပြီး စာအိတ် တစ်အိတ်တွင် ထည့်၍ မှတ်စု စာအုပ်ကြားထဲသို့ ထည့်လိုက်လေ၏။ နောက်ဆုံး ဆရာဝန်နှင့် ပုလိပ်တို့ ရောက်လာသည့် အခါတွင် ရှားလော့ဟုမ်းသည် တရားပြ ဆရာကို လက်ယပ် ခေါ်ကာ ကျွန်ုပ်တို့ သုံးယောက်သည် မြက်ခင်းပြင်ဘက်သို့ ထွက်လာခဲ့ကြလေ၏။

'ဟန်တော့ကျပြီဗျို့၊ ကျုပ်တို့ စုံစမ်းတာကလေးတွေ အချည်းနှီးတော့ မဖြစ်တော့ဘူး၊ ကျုပ်ကတော့ ပုလိပ်နှင့် သိပ်ပြီး မဆွေးနွေးချင်သေးတာနှင့် ရှောင်ထွက်လာတာ၊ ဒီတော့ မစ္စတာ ရောင်းဒဟေး၊ ကျုပ်ကို တစ်ခု လုပ်ပေးဗျာ၊ ပုလိပ် အင်စပက်တော်ကို ကျုပ်က နှုတ်ဆက်လိုက်ကြောင်း ပြောပြီးတော့ အိပ်ခန်း ပြတင်းပေါက်နှင့် ဧည့်ခန်းက မှန်အိမ်ကို သေသေချာချာကလေး စစ်ဆေးပါလို့ ပြော၊ ဒီနှစ်ခုစလုံးကို ကြည့်ရတာ ကျုပ် မသင်္ကာဘူးဗျာ၊ နှစ်ခုပေါင်းကြည့်ရင်တော့ တော်တော့်ကို ရှင်းနေပြီ၊ နောက်ထပ် ပုလိပ်ဘက်က သိချင်တာ ရှိရင် ကျုပ် တည်းခိုရိပ်သာမှာ ရှိတယ်လို့၊ ကဲ အိုင်ဆေး ဝပ်ဆင်ရေ၊ ကျုပ်တို့ တစ်နေရာရာ သွားနေရရင် ကောင်းမယ် ထင်တယ်'

သက်ဆိုင်ရာ ပုလိပ်ဘက်သည် အပျော်တမ်း စုံထောက် တစ်ဦးက ဝင်ရောက် စုံစမ်းနေသည့် အတွက် မကျေမနပ် ဖြစ်သောကြောင့်လော၊ သို့တည်း မဟုတ် သူတို့ ကိုယ်တိုင် သဲလွန်စကို ခြေရာခံမိပြီဟု ထင်နေသောကြောင့်လော၊ အဘယ်ကြောင့် ဟူ၍ကား မသိရချေ။ သို့ရာတွင် နောက် နှစ်ရက်လုံးလုံး ကျွန်ုပ်တို့ထံသို့ မည်သည့် အကြောင်းကြားချက်မှ ရောက်မလာသည်မှာကား အမှန်ပင် ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ်ရက် အတွင်း၌မူ ရှားလော့ဟုမ်းသည် တည်းခိုရိပ်သာတွင် ဆေးတံ သောက်လိုက်၊ စဉ်းစားလိုက်ဖြင့်သာ အချိန်ကုန်လျက် ရှိပေ၏။ သို့ရာတွင် အမျှားအားဖြင့်ကား ဖုန်းဆိုးကုန်းပေါ်သို့ တစ်ယောက်တည်း လမ်းလျှောက် ထွက်သွားလေ့ ရှိပြီး မည်သည့် နေရာသို့ ရောက်ခဲ့ကြောင်းကိုလည်း ကျွန်ုပ်အား တစ်လုံးမျှ ပြောဆိုခြင်း မရှိချေ။

စမ်းသပ်မှု တစ်ခု ပြုလုပ်သည်ကို မြင်ရသည့် အတွက်မူ ရှားလော့ဟုမ်း မည်သို့ စုံစမ်းနေသည်ကို ကျွန်ုပ် အကဲခတ်နိုင်ပေ၏။ ရှားလော့ဟုမ်းသည် အချင်း ဖြစ်သည့် မနက်က မစ္စတာ ထရီဂျင်းနစ်၏ ဧည့်ခန်းတွင် တွေ့ခဲ့ရသည့် မှန်အိမ်မျိုး တစ်လုံးကို ဝယ်လာခဲ့လေ၏။ ထိုမှန်အိမ်ထဲတွင် မစ္စတာ ရောင်း ဒယေား၏ ကျောင်းတွင် အသုံးပြုသည့် ရေနံဆီ အမျိုးအစားကို ထည့်ထွန်းကာ ရေနံဆီ ကုန်သည့် အချိန်ကို သေချာစွာ မှတ်သားထားလေ၏။

သူ ပြုလုပ်သည့် အခြား စမ်းသပ်မှု တစ်ခုမှာ လွန်စွာမှ စိတ်မချမ်းသာစရာ ကောင်းလှသည့် အတွက် ကျွန်ုပ်သည် ထိုအဖြစ်ကို မေ့နိုင်တော့မည် မဟုတ်တော့ချေ။

တစ်ညနေတွင် ရှားလော့ဟုမ်းက ကျွန်ုပ်အား

'အိုင်ဆေး၊ ဒီအမှုနှင့် ပတ်သက်လို့ ကျုပ်တို့ ကြားရတဲ့ သတင်း အမျိုးမျိုးတွေထဲမှာ တခြား ဘယ်အချက်တွေ ဘယ်လောက် ကွဲကွဲ အချက် တစ်ချက်တော့ တစ်သမတ်တည်း တူနေတယ် ဆိုတာ ခင်ဗျား သတိ ထားမိရဲ့လား၊ တခြား မဟုတ်ဘူးဗျ၊ အမှု နှစ်မှုစလုံးမှာ အချင်း ဖြစ်တဲ့ အခန်းထဲကို ပထမဆုံး ရောက်သွားတဲ့လူ ခံစားရတဲ့ အခြေအနေပဲ၊ မစ္စတာ ထရီဂျင်းနစ်ဟာ သူ့ အစ်ကို အိမ်ကို အလည်သွားကြည့်တဲ့ အခါကျတော့ သူနှင့် အတူ လိုက်လာတဲ့ ဆရာဝန်ဟာ အခန်းထဲကို ဝင်ဝင်ချင်း မူးမေ့သွားတယ် ဆိုတာလေ၊ မှတ်မိသေးတယ် မဟုတ်လား၊ ခု ဒီလို ဘာကြောင့် ဖြစ်ရသလဲ ဆိုတာ ကျုပ် ရှာလို့ တွေ့ပြီဗျ၊ နောက်ပြီးတော့ ထမင်းချက် မိန်းမကြီး မစ္စက် ဝေါလတာ ပြောတဲ့ စကားလည်း ရှိသေးတယ်၊ သူ ဝင်သွားတော့ မူးမေ့ လဲကျသွားတယ်တဲ့၊ ပြန်ပြီး သတိရတော့မှ ပြတင်းပေါက်ကို သွားဖွင့်ရတယ် ဆိုတဲ့ စကားလေ၊ ဒုတိယ မစ္စတာ ထရီဂျင်းနစ် သေလို့ ကျုပ်တို့ သူ့ အခန်းထဲ ဝင်ကြည့်ကြတော့လည်း အခန်းက မည်းမှောင် မွန်းကျပ်နေတာကို ခင်ဗျား သတိထားမိရဲ့လား၊ ဒါတောင် အစေခံက ပြတင်းပေါက်ကို သွားဖွင့်ပေးပြီးသားနော်၊ ခု ကျုပ် လိုက် စုံစမ်းလိုက်တော့ အဲဒီ အစေခံမကလေးဟာ နေထိုင် မကောင်းလို့ အိပ်ရာပေါ်က





တောင် မထနိုင်ရှာဘူးတဲ့၊ ဒီတော့ ဒီလောက် ဆိုရင် ကျုပ်တို့ စဉ်းစားလို့ ရလောက်ပြီပေါ့ဗျာ။

'ဒီနှစ်မှုစလုံးမှာ ဖြစ်ပျက်ပုံဟာ အခန်းထဲမှာ အဆိပ်နဲ့ မွန် နေ တဲ့ အထောက်အထားပဲဗျ၊ ပြီးတော့ ဒီနှစ်မှုစလုံးမှာ အချင်း ဖြစ်တဲ့ အချိန်က အခန်းထဲမှာ မီးတွေ ရှိတယ် ဆိုတာကို တွေ့ရတယ်ဗျ၊ ပထမ အမှုတုန်းက အခန်းထဲက မီးလင်းဖိုမှာ မီး ထည့်ထားတယ်၊ ဒုတိယ အမှုမှာ အခန်းထဲမှာ မှန်အိမ် ထွန်းထားတယ်၊ အခန်းထဲမှာ မီးရှိစေချင်တယ်၊ ဒီတော့ ဘာလုပ်သလဲ၊ မှန်အိမ်ကို တစ်ညလုံးတွင် မကဘူး၊ နေ့ခင်း ကြောင်တောင် အထိ ထွန်းထားတယ်ဗျ၊ မှန်အိမ်ကို ရေနံဆီ အပြည့် ထည့်ထွန်းကြည့်ပြီး ရေနံ ဘယ်လောက် ကုန်သလဲ ဆိုတာကို ယှဉ်ကြည့်ပြီးမှ ကျုပ် ပြောတာ၊ ဒီတော့ ဘာဖြစ်သလဲ၊ မီးရှိတာရယ်၊ အခန်းထဲမှာ လေလုံပြီး မွန်းကျပ်နေတာရယ်၊ လူတွေ ရူးလျှင် ရူး မရူးလျှင် သေရတာရယ်၊ ဒီအချက် သုံးချက်ဟာ တစ်ခုနှင့် တစ်ခု ဆက်စပ်နေတယ် ဆိုတာ လေ့လာလို့ ရတယ်၊ ဒီအထိ ရှင်းပြီနော်၊ ရှင်းတယ် မဟုတ်လား'

'အင်း၊ ရှင်းသလိုလိုတော့ ရှိပါရဲ့'

'ထားပါတော့ဗျာ၊ အနည်းဆုံး အလုပ် စလုပ်ရမယ့် အခြေခံ အချက် တစ်ခု အနေနှင့်ပဲ ထားပါတော့၊ ဒီတော့ ဒါကို အခြေခံပြီး ဆက်တွေးကြည့်ရင် အမှု နှစ်ခုစလုံးမှာ လေထုကို အဆိပ် သင့်စေမယ့် ပစ္စည်း တစ်ခုခု မီးရှို့ထားတယ် ဆိုတာ ထင်ရှားနေတယ်၊ ကောင်းပြီ၊ ညီမ သေသွားပြီး အစ်ကို နှစ်ယောက် သွက်သွက်လည်အောင် ရူးသွားတဲ့ ပထမ အမှုကို ကြည့်ကြရအောင်၊ အဲဒီ ပစ္စည်းကို မီးထဲ ထည့်လိုက်တယ်၊ အဲဒီတုန်းက ပြတင်းပေါက်တွေက အလုံ ပိတ်ထားတယ်၊ သို့သော်လည်း မီးလင်းဖိုမှာ ခေါင်းတိုင် ရှိနေလေတော့ အဆိပ်ငွေ့တွေဟာ အထက်ကို တက်သွားတယ်၊ ဒါကြောင့် ပထမ အမှုတုန်းက အဆိပ်ငွေ့ဟာ ဒုတိယ အမှုမှာလောက် မပြင်းဘူး၊ ဒုတိယ အမှုကျတော့ အခန်းထဲမှာတွင် ပိတ်လှောင်နေတဲ့ အတွက် အဆိပ်ငွေ့က ပိုပြင်းတယ်၊ ခု ဖြစ်လာတဲ့ အဖြစ်အပျက်တွေကို ကြည့်လိုက်တော့ ဒီအတိုင်းပဲ အဓိပ္ပာယ် ထွက်နေတယ်၊ ပထမ အမှုကို ကြည့်လေ၊ လူသုံးယောက် အခန်းထဲမှာ ရှိတဲ့ အနက် ပိုပြီး အာရုံ ထက်မြက်တဲ့ ကိုယ်အင်္ဂါ ဖွဲ့စည်းမှု ရှိတယ်လို့ ယူဆရတဲ့ မိန်းမ တစ်ယောက် သေသွားရပြီး ကျန်တဲ့ ယောကျ်ား နှစ်ယောက်မှာတော့ အဆိပ်က သိပ်မပြင်းတဲ့ အတွက် ယာယီ သို့မဟုတ် ရာသက်ပန် ရူးရုံလောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြတယ်၊ ဒုတိယ အမှုမှာတော့ ရှင်းပါတယ်၊ အဆိပ်က အခန်းထဲမှာ လောင်နေတော့ သိပ်ပြင်းတဲ့ အတွက် ယောက်ျားကြီး တစ်ယောက်လုံး သေသွားတာပဲဗျ၊ ဒါကြောင့် အချက်အလက်တွေကို ကြည့်ရင် မီးနှင့် ရှို့ရတဲ့ အဆိပ်တစ်မျိုးကို သုံးပြီး သတ်တယ်လို့ ယူဆစရာ ဖြစ်နေတယ်။

'ကျုပ် ခေါင်းထဲမှာ ဒီတွေးလုံးက တော်တော်လေး ခိုင်ခိုင် ဝင်နေလေတော့ မစ္စတာ ထရီဂျင်းနစ်ရဲ့ အခန်းကို ရောက်တဲ့ အခါမှာ အဲဒီ အဆိပ်အကြွင်း အကျန်ကလေးများ တွေ့ရလို တွေ့ရငြား လိုက်ရှာမိတာပေါ့ဗျာ၊ ဒီအကြွင်း အကျန်ကို ရှာလို့ အလွယ်ဆုံး နေရာကတော့ မှန်အိမ်ကို ကာထားတဲ့ လချေး အကာဗျ၊ ကံကောင်းချင်တော့ အဲဒီ လချေး အကာပေါ်မှာ မှိုင်းတွေ တက်နေတာကို သွားတွေ့ရတယ်ဗျ၊ ပြီးတော့ မီးစာအိမ် နှုတ်ခမ်းမှာ မီးမလောင်လို့ ကျန်နေတဲ့ ညိုတိုတို အမှုန့်ကလေးတွေကို သွားတွေ့ရတယ် ခင်ဗျ၊ အဲဒီအထဲက တစ်ဝက်ကို ခင်ဗျား မြင်တဲ့ အတိုင်း ကျုပ် စာအိတ်ထဲ ထည့်ပြီး ယူလာခဲ့တာပဲ'

'ဘာဖြစ်လို့ တစ်ဝက်ပဲ ယူလာခဲ့တာလဲ'

'ကျုပ် အဖို့ သက်ဆိုင်ရာ ပုလိပ်ဘက်ကို အတားအဆီး ဖြစ်လို့ မကောင်းဘူးလေ၊ သူတို့ဖို့လည်း ချန်ခဲ့ဦးမှပေါ့၊ ဒါကြောင့် ကျုပ် တွေ့တဲ့ သက်သေခံအထောက်အထားကို သူတို့ ရချင် ရပါစေ ဆိုပြီး ချန်ပစ်ခဲ့တာ၊ သူတို့ ဉာဏ်ရှိလို့ ရှာတတ်ရင် လချေး အကာပေါ်မှာ အဆိပ်မှုန့်ကလေးတွေ ကျန်နေရစ်ခဲ့သေးတယ်ဗျ၊ ကဲ အိုင်ဆေးရေ၊ ဒီတော့ ကျုပ်တို့ မှန်အိမ်ကလေးကို ထွန်းကြည့်လိုက်ကြဦးစို့ရဲ့၊ သို့သော်လည်း ကျုပ်တို့ လူကြီး လူကောင်း နှစ်ယောက် မာလက ရှာန် မကြွရလေအောင် ပြတင်းပေါက်တွေ ဘာတွေကိုတော့ ကြိုကြိုတင်တင် ဖွင့်ထားမှဗျို့၊ ခင်ဗျားကတော့ အသက်ကို ဉာဏ်စောင့် ဆိုတဲ့ စကားလို ဒီကိစ္စမျိုးမှာ ဘေးကင်းရန်ကင်း နေတော့မယ်လို့ ဆုံးဖြတ်ရင် ဝေးဝေးကရှောင်ပေတော့၊ ဩော် ဘာလဲ ခင်ဗျားလည်း ကြည့်မယ် ဟုတ်စ၊ ကျုပ်လူအကြောင်းကို ကျုပ် သိတာပေါ့၊ ကောင်းပြီလေ၊ ဒီလိုဆိုရင် ခင်ဗျားက ဖွင့်ထားတဲ့ ပြတင်းပေါက်နားက လက်တင် ကုလားထိုင်မှာ ထိုင်၊ ကျုပ်က ခင်ဗျားနှင့် မျက်နှာချင်းဆိုင် တည့်တည့် ဟောဒီက ကုလားထိုင်မှာ ထိုင်မယ်၊ ထိုင်နေတဲ့ နေရာတွေဟာ မှန်အိမ် တစ်ဖက် တစ်ချက် အကွာအဝေး အတူတူပဲဗျ၊ တံခါးမကြီးကိုတော့ ဖွင့်ထားရင် ကောင်းမယ်၊ ကျုပ်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် လှမ်းပြီး အကဲခတ်နေနော်၊ နည်းနည်း အခြေအနေ





လှုပ်ပုံ မပေါ်ရင် စမ်းသပ်မှုကို ရပ်ပစ်လိုက်ကြတာပေါ့၊ ဟောဒီမှာ ကျုပ် ယူလာခဲ့တဲ့ အမှုန့် အကြွင်း အကျန်ကလေးတွေ၊ စာအိတ်ထဲက မှောက်ချလိုက်ပြီး မှန်အိမ်ပေါ်ကို တင်လိုက်မယ်၊ ကဲ အိုင်ဆေးရေ ထိုင်ပြီး အခြေအနေကို ကြည့်ပေတော့ဗျို့'

မကြာလိုက်ချေ။ ကုလားထိုင်တွင် ကျွန်ုပ် ထိုင်၍ မကြာမီမှာပင် မွှန်ထူသွားစေသော အနံ့ တစ်ခုကို ရလိုက်ပြီးလျှင် ကျွန်ုပ်မှာ အော်ဂလီဆန်၍ လာလေ၏။ ပထမ တစ်ချက်ကို ရှူလိုက်မိရုံဖြင့် ကျွန်ုပ် ဦးနှောက်နှင့် ကျွန်ုပ်စိတ်မှာ ထိန်း၍ မရအောင် ဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်၏ မျက်စိ ရှေ့တွင် မည်းမှောင်သော မီးခိုးလုံးများသည် ဖုံးစ ပြုလာခဲ့ကာ မီးခိုးလုံးထဲမှ ကြောက်စရာကောင်းသော အရာများသည် ကျွန်ုပ်ကို ခုန်အုပ်တော့မည့်ကဲ့သို့ မှတ်ထင်လိုက်ရလေ၏။ မည်းမှောင်သော မီးခိုးလုံးများ ကြားတွင် သဏ္ဌာန် အမျိုးမျိုးသည် လှုပ်ရှား သွားလာလျက် ရှိပြီး ထိုသဏ္ဌာန်များ အားလုံးသည် တံခါးပေါက်မှ အရိပ် မည်းမည်းနှင့် သဏ္ဌာန်ကြီး တစ်ခု ဝင်ရောက် လာတော့မည်ဟု ကျွန်ုပ်အား သတိ ပေးနေသကဲ့သို့ ရှိလေ၏။ ထိုအချိန်၌ကား ကျွန်ုပ် တစ်ကိုယ်လုံးမှာ အေးစက် တောင့်တင်းကာ အကြီးအကျယ် ထိတ်လန့်လျက် ရှိလေပြီ။ ကျွန်ုပ်၏ အထင်တွင် ကျွန်ုပ်၏ ဆံပင်များသည် ဆွဲဆုပ်ယူလိုက်သကဲ့သို့ ထောင်ထသွားကာ မျက်လုံးကြီးတွေ ပြူးထွက်လျက် ရှိပြီး ပါးစပ်သည် ဟသွားလျက် လျှာကြီးသည် သားရေပတ်ကြီး တစ်ခုနှယ် တန်းလန်း ထွက်ကျလာသည်ဟု ထင်မှတ်လိုက်မိလေ၏။

ကျွန်ုပ်၏ ဦးခေါင်းထဲတွင်ကား အသံများသည် တစီစီ ဖြစ်လာခဲ့ကာ ခေါင်းသည် အက်ကွဲ ထွက်သွားတော့မတတ် ထင်ရလေ၏။

ကျွန်ုပ်သည် ပါးစပ်မှ အသံထွက် အော်ဟစ် ကြည့်ရန် ကြိုးစားသေးသော်လည်း ကျွန်ုပ်၏ အသံသည် ခြောက်သွေ့ ကွဲအက်လျက် ရှိကာ ကိုယ့်အသံဟု မထင်မိဘဲ အဝေးကြီးမှ လာနေသော အသံ တစ်သံဟု ထင်ရလေ၏။ ကျွန်ုပ်သည် ကြိုးစား၍ သတိကို ဖြစ်စေလျက် မည်းမှောင်သော မီးခိုးများ အကြားမှ နေ၍ ရှားလော့ဟုမ်း၏ မျက်နှာကို ကြည့်လိုက်သည့် အခါတွင် သေသူ နှစ်ဦး၏ မျက်နှာပေါ်တွင် တွေ့ရသကဲ့သို့ ရှားလော့ဟုမ်း၏ မျက်နှာမှာလည်း တင်းမာ ချောင်ကျလျက် ရှိပြီး အကြီးအကျယ် ထိတ်လန့်နေသည့် ပုံကို မြင်လိုက်ရလေ၏။ ထိုသဏ္ဌာန်ကို မြင်လိုက်ရသည့် အခါတွင်မှ ကျွန်ုပ်သည် သတိ ရလာကာ အားတင်းပြီးနောက် ကုလားထိုင်မှ တစ်ဟုန်ထိုး ထပြေး

www.burmeseclassic.com



လာခဲ့ပြီးလျှင် ရှားလော့ဟုမ်း၏ လက်မောင်းကို ဆွဲ၍ တံခါးမှ အပြင်သို့ ပြေးလာခဲ့ကြလေ၏။

ခဏ ကြာသော အခါ၌ကား ကျွန်ုပ်တို့ နှစ်ယောက်သည် မြက်ခင်းပေါ်တွင် လဲကျသွားလေရာ ကျွန်ုပ်တို့ မျက်စိ ရှေ့တွင် ရစ်ဝဲနေသည့် မီးခိုးလုံးများကို ဖောက်ထွင်း ကျလာသည့် တောက်ပသော နေခြည်များကို မြင်လိုက်သည့် အခါကျမှပင် ကျွန်ုပ်တို့သည် သတိ ကောင်းကောင်း ပြန်ရလာကြလေ၏။

ခဏ ကြာသော အခါ၌ နှင်းများသည် တဖြည်းဖြည်း လွင့်စဉ်သွားကြသကဲ့သို့ ကျွန်ုပ်တို့ မျက်စိထဲတွင် ရစ်ဝဲနေသည့် မီးခိုးများသည်လည်း တဖြည်းဖြည်း လွင့်စဉ် ပျောက်ကွယ်သွားကြလေ၏။ သတိ ကောင်းစွာ ရလာသော အခါ၌ ကျွန်ုပ်တို့ နှစ်ယောက်သည် မြက်ခင်းပေါ်တွင် ထထိုင်ကာ စေးထန်းနေသော နဖူးပြင်ကို သုတ်ရင်း ကျွန်ုပ်တို့ နှစ်ယောက် ဖြတ်သန်းခဲ့ရသည့် ကြောက်မက်ဖွယ် အတွေ့အကြုံမှ အရိပ်အယောင်များ ကျန် မကျန် တစ်ယောက်ကို တစ်ယောက် မျက်လုံး အဝိုင်းသားဖြင့် ငေးကြည့်နေမိကြလေ၏။

နောက်ဆုံးတွင် ရှားလော့ဟုမ်းက မူမမှန်သော အသံဖြင့်

'တယ် ကြောက်စရာ ကောင်းပါကလားဗျို့၊ အိုင်ဆေးရေ၊ ခင်ဗျားကိုတော့ ကျေးဇူးလည်း တင်တယ်၊ တောင်းလည်း တောင်းပန်ပါတယ်ဗျာ၊ ဒီလို စမ်းသပ်မှုမျိုးကို ကျုပ် တစ်ယောက် အနေနှင့်တောင် မလုပ်သင့်တာ၊ ခုတော့ ခင်ဗျားကိုပါ အလုပ်ခိုင်းလိုက်မိတယ်၊ ဆောရီးဗျာ'

ကျွန်ုပ်မှာလည်း ရှားလော့ဟုမ်း ဤမျှ စိတ်ထိခိုက်ခြင်း ဖြစ်သည်ကို တစ်ခါမျှ မမြင်ဖူးသည့် အတွက် သူ့ကို အားနာ သနား ဖြစ်သွားရာမှ

'ကိစ္စ မရှိပါဘူးဗျာ၊ ကျွန်တော့် အဖို့ ခင်ဗျားကို ကူရတာဟာ ကြုံတောင့် ကြုံခဲ အခွင့်အရေးကြီး တစ်ရပ် ဖြစ်လေတော့ ကျွန်တော် ဝမ်းသာပါတယ်'

ထို့နောက်တွင်ကား ရှားလော့ဟုမ်းသည် သူ့အဖြစ်ကိုသူ လှောင်ပြောင်ရယ်မောလေ့ ရှိသည့် ပုံမှန် အနေအထားသို့ ပြန်ရောက်သွားကာ လှောင်ပြောင်အထင်သေးဟန်ဖြင့်

'ကျုပ်တို့ကို ရူးအောင် လုပ်လို့ ဘယ်ရမလဲဗျ၊ အချည်းအနှီးပဲ ဖြစ်တော့မှာပေါ့၊ ဘေးလူ မြင်ရင် ဒီလောက် အတတ်ဆန်းပြီး စမ်းတဲ့ လူတွေ ဘာထူးပြီး ရူးစရာ လိုသေးသလဲ၊ နဂိုကတည်းက ရူးပြီးသားလို့ ပြောမှာပေါ့၊





တကယ်ပဲဗျာ၊ ဒီအဆိပ်ဟာ ဒီလောက် ပြင်းပြီး ဒီလောက် ချက်ချင်း လက်ငင်း ထိရောက်လိမ့်မယ်လို့ မထင်မိဘူး'

ရှားလော့ဟုမ်းသည် အိမ်ထဲသို့ ပြေးဝင်သွားကာ လက်ကို ဆန့်တန်း၍ မှန်အိမ်ကို ကိုင်လာပြီးလျှင် အနီးရှိ ချုံကြားထဲသို့ လွှင့်ပစ်လိုက်လေ၏။

'အခန်းထဲကို ချက်ချင်း ဝင်လို့ မဖြစ်သေးဘူးဗျ၊ အဆိပ်ငွေ့ ပြယ်သွားအောင် နည်းနည်းတော့ စောင့်ရလိမ့်ဦးမယ်၊ ဒီလူတွေ ရူးပြီး ဘယ်လို သေသွားတယ် ဆိုတာကို ဒီလောက် ဆိုရင် ခင်ဗျား ရှင်းလောက်ရောပေါ့'

'အင်း ရှင်းပါပြီဗျာ'

'ဒါပေမဲ့ ဘာ့ကြောင့် ဒီလို လုပ်ရသလဲ ဆိုတာကတော့ ခုထက်ထိ မရှင်းသေးဘူးဗျ၊ လာဗျာ ဟောဒီ ပန်းရုံ အောက်မှာ ထိုင်ပြီး ဆွေးနွေးကြသေးတာပေါ့၊ ဒီအနံ့ကြီးဟာ ကျုပ် လည်ချောင်းထဲမှာ ခုထက်ထိ ကျန်နေသေးတယ်ဗျ၊ ခုအတိုင်း ဆိုရင်တော့ ပထမ အမှုမှာ တရားခံဟာ ထရီဂျင်းနစ် ဆိုတာ ထင်ထင်ရှားရှားကြီး ညွှန်နေပြီဗျ၊ အဲ ဒုတိယ အမှုမှာတော့ သူကိုယ်တိုင် သည်ပင်လျှင် သားကောင် ဖြစ်သွားတာပေါ့ဗျာ။

'ပထမအားဖြင့် သူတို့ ညီအစ်ကို မောင်နှမ တစ်တွေဟာ စိတ်ဝမ်းကွဲနေကြတယ်၊ နောက်တော့ ပြေလည်သွားတယ်လို့ ပြောတာ ခင်ဗျား မှတ်မိသေးတယ် မဟုတ်လား၊ သူတို့ စိတ်ဝမ်းကွဲတာဟာ ဘယ်လောက် ပြင်းထန်သလဲ၊ ပြီးတော့ သူတို့ ပြန်လည် သင့်မြတ်သွားကြတာကကော ဘယ်နည်း ဘယ်ပုံ ပြန်လည် သင့်မြတ်သွားကြသလဲ ဆိုတာကိုတော့ ကျုပ်တို့လည်း မသိလိုက်ရဘူးဗျ၊ ထရီဂျင်းနစ် ဆိုတဲ့ လူကို ကြည့်ရတာကတော့ မျက်နှာကလည်း မြေခွေး မျက်နှာဗျ၊ ရှည်မျောမျောနှင့်၊ မျက်မှန် အောက်က မျက်လုံးတွေကလည်း ခပ်သေးသေး၊ ပြူးကြောင်ကြောင်နှင့်၊ တော်တော် ကောက်ကျစ်မယ့် ပုံပဲ၊ ဒီရုပ်မျိုးဟာ အကောက် ကြံတတ်တဲ့ ရုပ်မျိုး၊ ပြီးတော့ ခင်ဗျား သတိ ထားမိလိမ့်မယ်၊ သူတို့ ဖဲကစားနေတုန်း ခြံထဲမှာ လှုပ်လှုပ် လှုပ်လှုပ်နှင့် လူလိုလို အကောင်လိုလို မြင်တယ် ဆိုတာကလည်း သူ့ပါးစပ်က ပြောတဲ့ စကားဗျ၊ သူ ပြောလိုက်တော့ ကျုပ်တို့တောင် အမှုကို မေ့ပြီး အဲဒီ အရာကို စိတ်ဝင်စားသလို ဖြစ်သွားကြသေးတယ် မဟုတ်လား၊ ဒါကို ထောက်ရင် ကျုပ်တို့ကို တခြား အာရုံ ရောက်အောင် လမ်းလွှဲချင်တဲ့ ရည်ရွယ်ချက် ဒီလူမှာ ရှိရမယ်၊ နောက်ဆုံးအားဖြင့် သူ ထွက်သွားပြီး မကြာခင် ဒီကိစ္စ ဖြစ်တယ် ဆိုတော့ ဒီ အဆိပ်မှုန့်ကို မီးထဲ သူ မထည့်ရင် ဘယ်သူ ထည့်တာ ဖြစ်နိုင်သေးသလဲ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပြီး အပြင်လူ တစ်ယောက်ယောက် ဝင်လာတယ် ဆိုရင် ကျန်ရစ် ခဲ့တဲ့ သူ့ အစ်ကို နှစ်ယောက်နှင့် သူ့ ညီမဟာ နေရာကတော့ ထရမှာ အမှန် ပဲဗျ၊ ပြီးတော့ ကွန်းဝေါလို ကျေးလက်မှာ ည ဆယ်နာရီ ကျော်ပြီးရင် ဘယ် ဧည့်သည်မှ လာရိုး ထုံးစံ မရှိဘူး၊ ဒါတွေကို ထောက်ကြည့်လိုက်ရင် တရား ခံဟာ ထရီဂျင်းနစ် ဖြစ်ကြောင်း သက်သေခံ အထောက်အထားတွေ အားလုံး က ညွှန်ပြနေကြတယ်'

'ဒါဖြင့် သူ သေသွားတာကကော၊ ကိုယ့်ကိုယ်ကိုယ် သတ်သေသွား တယ်လို့ ပြောမလား'

'အင်း ရုတ်တရက် ကြည့်လိုက်ရင်တော့ မဖြစ်နိုင်ဘူးလို့ မပြောနိုင် ဘူးဗျ၊ ကိုယ့် မွေးချင်း အရင်းခေါက်ခေါက်တွေကို ဒီလို ကြံစည်တဲ့ လူဟာ လိပ်ပြာ မသန့် ဖြစ်ပြီး နောင်တကြီးစွာ ရမှာ အမှန်ပဲ၊ သို့သော်လည်းပဲ ဒီအချက် ကို ဆန့်ကျင်နေတဲ့ တွေးစရာတွေ အများကြီး ရှိနေတယ်၊ ဒီနေ့ ညနေမှာ ဒီ အကြောင်းတွေကို ပါးစပ်က ထုတ်ဖော် ပြောတာကို ကြားရအောင် ကျုပ် အစီ အစဉ် တစ်ခုတော့ လုပ်ထားပြီးပါပြီ၊ ဟောဗျ၊ ပြောရင်းဆိုရင်း ရောက်တောင် လာပြီ၊ ကဲ ကြွပါ ဒေါက်တာ စတန်းဒေး၊ အခန်းထဲမှာ ကျွန်တော်တို့ ဓာတု ဗေဒ စမ်းသပ်မှုကလေး တစ်ခု လုပ်ထားတဲ့ အတွက် ဒေါက်တာကြီးလို ထင် ရှားတဲ့ ဧည့်သည်မျိုးကို ဧည့်ခန်းထဲမှာ ဧည့်မခံတာကိုတော့ ခွင့်လွှတ်ပါ'

ခြံတံခါး ဖွင့်သံ ကြားလိုက်ရပြီးလျှင် ခြံ အဝင် လမ်းကလေး အတိုင်း လျှောက်လာသော ဒေါက်တာ စတန်းဒေးကို တွေ့လိုက်ရလေ၏။ သူသည် ပန်းရုံကလေး အောက်တွင် ထိုင်နေသည့် ကျွန်ုပ်တို့ကို မြင်သော အခါတွင် အနည်းငယ် အံ့အားသင့်လျက် ရှိနေ၏။

'စုံထောက်ကြီး ကျွန်တော့်ကို အခေါ် လွှတ်လိုက်တယ် ဆို၊ လွန်ခဲ့တဲ့ တစ်နာရီလောက်ကတွင် စုံထောက်ကြီး စာကို ရလို့ ထွက်လာခဲ့တာပဲ၊ ဘာ များ အရေးတကြီး ကိစ္စ ရှိပါလိမ့်'

'လူချင်း မခွဲခင် ရှင်းစရာ ရှိတာကလေး ရှင်းလိုက်ချင်လို့ပါ ခင်ဗျာ၊ ဒေါက်တာကြီး ခုလို လာတွေ့တာကိုတော့ အများကြီး ကျေးဇူးတင်ပါတယ်၊ အိမ်ပြင်မှာ ဧည့်ခံရတဲ့ အတွက်လည်း ခွင့်လွှတ်ပါ ခင်ဗျာ၊ သို့သော်လည်း ကျွန်တော့် မိတ်ဆွေကြီး ဒေါက်တာ ဝပ်ဆင်နှင့် ကျွန်တော်တို့ဟာ ကွန်းဝေါနယ် မှ ကြောက်ဖွယ် အဖြစ်လို့ သတင်းစာတွေက ရေးကြတဲ့ ကိစ္စနှင့် ပတ်သက် ပြီး နောက်ထပ် ဖြည့်စွက်စရာ ကလေးတွေ နည်းနည်းပါးပါး တွေ့ထားလို့ပါ၊



ဒါကြောင့် လောလောဆယ်မှာတော့ ကျွန်တော်တို့ သန့်ရှင်းတဲ့ နေရာကလေး ကို ရွေးထားတာပါ၊ ပြီးတော့လည်း ကျွန်တော်တို့ ခု ဆွေးနွေးမယ့် ကိစ္စက ဒေါက်တာကြီးရဲ့ ကိုယ်ရေးကိုယ်တာနှင့် တိုက်ရိုက် သက်ဆိုင်နေလေတော့ အခန်း ထဲမှာ ဆွေးနွေးရင် ချောင်းမြောင်း နားထောင်တဲ့ လူတွေ ရှိရင် မကောင်းဘူး ပေါ့ ခင်ဗျာ'

ဒေါက်တာ စတန်းဒေးသည် ဆေးပြင်းလိပ်ကို ပါးစပ်မှ ချွတ်လိုက်ပြီး လျှင် ရှားလော့ဟုမ်းကို စားတော့ ဝါးတော့မည့်နှယ် စိန်းစိန်းကြီး စိုက်ကြည့် လျက် ရှိလေ၏။

'ဘာများပါလိမ့်ဗျာ၊ ကျုပ်ကို ထိခိုက်နိုင်တဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စ တွေကို ဆွေးနွေးချင်တယ် ဆိုတော့ ဘာကိစ္စများပါလိမ့်'

'တခြား မဟုတ်ပါဘူး ခင်ဗျာ၊ မစ္စတာ ထရီဂျင်းနစ်ကို သတ်တဲ့ ကိစ္စ ပါ'

လက်နက် ယူလာခြင်း မပြုသည်မှာ မှားလေပြီဟု ကျွန်ုပ် ထင်လိုက်မိ လေ၏။ ဒေါက်တာ စတန်းဒေး၏ ကြောက်ဖွယ် ကောင်းသော မျက်နှာကြီး သည် ချက်ချင်း ညိုမှိုင်းသွားလျက် မျက်လုံးကြီးများ ပြူးလာပြီးနောက် နဖူး ပေါ်တွင်လည်း အကြောကြီးများ ထောင်ထလာကြကာ လက်သီးကို ကျစ်ကျစ် ပါအောင် ဆုပ်ရင်း ရှားလော့ဟုမ်း အနီးသို့ တိုးလာလေ၏။ ထို့နောက် ရုတ် တရက် ရပ်တန့် လိုက်ပြီးလျှင် မနည်းကြီး ကြိုးစား၍ အေးစက် တည်ငြိမ်သည့် အမူအရာကို ဆောင်လိုက်လေရာ ထိုအမူအရာမှာ ဒေါသကြီးဖြင့် ဆူပူ အော် ဟစ် ကြိမ်းမောင်း နေသည်ထက်ပင် ပို၍ ကြောက်စရာ ကောင်းလှပေသည်ဟု ကျွန်ုပ် စိတ်တွင် ထင်လိုက်မိပေသေး၏။

'ဒီမှာ ကိုယ့်လူ၊ ကျုပ်က ဥပဒေ မဲ့တဲ့ လူရိုင်းတွေ ကြားမှာ နှစ်ပေါင်း များစွာ နေလာခဲ့တဲ့ လူနော်၊ ဥပဒေတို့ ဘာတို့ကို သိပ် ဂရုစိုက်တဲ့လူ မဟုတ် ဘူး၊ တောထဲ တောင်ထဲမှာ ဥပဒေ ဆိုတာ ကျုပ်က လုပ်ခဲ့တာ၊ ဒါလေးကိုတော့ ခင်ဗျား ကောင်းကောင်း သတိ ထားပါ၊ ကျုပ် ခင်ဗျားကို ဘာမှ အန္တရာယ် မပေးချင်သေးဘူး'

'ဒေါက်တာကြီးကိုလည်း ကျွန်တော် ဘာအန္တရာယ်မှ မပေးချင်ပါဘူး၊ ပုလိပ်ကို မတိုင်ဘဲ ဒေါက်တာကြီးကို အခေါ် လွှတ်လိုက်တာကို ကြည့်ပါတော့၊ အန္တရာယ် မပေးချင်လို့ အခေါ် လွှတ်လိုက်တယ် ဆိုတာ ထင်ရှားပါတယ်'

ဒေါက်တာ စတန်းဒေးသည် အကြောက်ကြောက် အလန့်လန့်ဖြင့်

www.burmeseclassic.com

အသက်ကိုမျှ ကောင်းစွာ မရှူနိုင်ဘဲ ခုံတန်းပေါ်တွင် ထိုင်ချလိုက်လေ၏။ ဤသည်မှာ သူ့တစ်သက်တွင် ပထမဆုံး အကြိမ် ကြောက်ဖူးခြင်း ဖြစ်လိမ့်မည် ဟုပင် ကျွန်ုပ် ထင်မိပေ၏။ ရှားလော့ဟုမ်း၏ လေသံနှင့် အပြောအဆိုမှာ တည်ငြိမ် အေးဆေးရုံမျှမက တန်ခိုး အာဏာစက် ပြင်းသည့် အတွက် ဒေါက်တာကြီးမှာ ရင်ဆိုင်ရန် မဝံ့တော့ချေ။ ဒေါက်တာ စတန်းဒေးသည် လက်များကို လှုပ်ယမ်းကာ အထစ်ထစ် အငေါ့ငေါ့ဖြင့် စကား မပြောနိုင်ဘဲ ဖြစ်လျက် ရှိလေ၏။ နောက်ဆုံးတွင်မှ

'ခင်ဗျား ဘာဆိုလိုတာလဲ၊ ကျုပ်ကို အစ်အောက် မေးတယ် ဆိုရင်တော့ ခင်ဗျား လူရွေး မှားသွားပြီဗျ။ ကျုပ်က ဒီလို အစ်အောက် မေးလို့ ရတဲ့ လူစားမျိုး မဟုတ်ဘူး၊ ကဲ ရှပ် တယ် ဗျာ၊ ဝေ့လည်ချောင်ပတ်တွေ ပြောမနေနှင့်၊ ခင်ဗျား ဘာ ဆိုလိုချင်တာလဲ'

ရှားလော့ဟုမ်းက

'ကျုပ် ပြောမယ်ဗျ၊ ခင်ဗျားကို ကျုပ် ခေါ်ပြောရတဲ့ အကြောင်းက ကျုပ် ပွင့်ပွင့်လင်းလင်း ပြောရင် ခင်ဗျားကလည်း ပွင့်ပွင့်လင်းလင်း ပြောလိမ့်မယ် ယူဆလို့ ပြောတာပဲ၊ နောက်ထပ် ကျုပ် ဘာလုပ်မလဲ၊ ဘယ်ခြေလှမ်းကို လှမ်းမလဲ ဆိုတာကတော့ ခင်ဗျားကိုယ် ခင်ဗျား ဘယ်လို ခုခံ ကာကွယ်မလဲ ဆိုတဲ့ အပေါ်မှာ တည်တယ်'

'ဘာ ကျုပ်ကိုယ်ကျုပ် ခုခံ ကာကွယ်တယ် ဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ'

'ကျုပ်က ဘာအတွက် ကိုယ့်ကိုယ်ကိုယ် ခုခံ ကာကွယ်ရမှာလဲ'

'မစ္စတာ ထရီဂျင်းနစ်ကို သတ်မှု အတွက် ခုခံ ကာကွယ်ရမှာပေါ့'

ဒေါက်တာ စတန်းဒေးသည် နဖူးကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပြီးနောက်

'စုံထောက်ကြီး တစ်ယောက် အနေနှင့် ခင်ဗျား အောင်မြင်တယ် ဆိုတာဟာ ခုလို ဖြန်းလုံး ဖြီးလုံး အစ်လုံး အောက်လုံးတွေကြောင့် အောင်မြင်တာကိုး'

ရှားလော့ဟုမ်းက မျက်နှာထား ခပ်တင်းတင်းဖြင့်

'ဒီမှာ ဒေါက်တာ စတန်းဒေး၊ ဖြန်းတာက ကျုပ် မဟုတ်ဘူး၊ ခင်ဗျား။ ကျုပ် ဘာကြောင့် ဒီလို ပြောရသလဲ ဆိုတာ အချက်အလက်တွေနှင့် သက်သေပြမယ်၊ ခင်ဗျား ပစ္စည်း တချို့ကို အာဖရိကတိုက်ကို တင်လွှတ်လိုက်ပြီး ပလင်း





မောက်ကနေ ခင်ဗျား ပြန်လာတဲ့ အခါကျတော့ ခင်ဗျားဟာ ဒီအမှုနှင့် တစ်စိတ် တစ်ပိုင်း ပတ်သက်နေတယ် ဆိုတာကို အလိုလို ဖော်ပြီးသား'

'ကျုပ် ပြန်လာတာက ...'

'ခင်ဗျား ပြတဲ့ အကြောင်းပြချက်တွေကို ကျုပ် ကြားပြီးပါပြီလေ၊ ဒါပေမဲ့ ဒီအကြောင်းပြချက်တွေဟာ မခိုင်လုံဘူးဗျ၊ ဒါ ထားလိုက်ပါတော့လေ၊ ပြီးတော့ ခင်ဗျား ကျုပ်ဆီကို ရောက်လာပြီး ဘယ်သူ့ကို သင်္ကာမကင်း ဖြစ်သလဲလို့ မေးတယ်၊ ဒီတုန်းက ကျုပ်က မဖြေခဲ့ဘူး၊ ဒီတော့ ခင်ဗျား ဒီကနေပြီး ဘုန်းကြီးကျောင်းကို ပြန်သွားတယ်၊ အပြင်မှာ တော်တော်ကြာကြာ စောင့်နေတယ်၊ ပြီးတော့ ခင်ဗျား တည်းခိုရိပ်သာကို ပြန်သွားတယ်'

'ခင်ဗျား ဘယ်လိုလုပ် သိသလဲ'

'နောက်က လိုက်ကြည့်တာပေါ့'

'ကျုပ် မတွေ့ပါလား'

'တွေ့အောင် လိုက်ကြည့်လို့ ဖြစ်မလားဗျ၊ မတွေ့အောင် လိုက်တာပေါ့၊ အဲဒီညက ခင်ဗျား အိပ်လို့ မပျော်ဘူး၊ တစ်ညလုံး စီမံကိန်းတွေ ချတယ်၊ မနက်ကျတော့ ဒီစီမံကိန်းကို အကောင်အထည် ဖော်ခဲ့တယ်၊ မနက် မိုးလင်းခါနီးတော့ ခင်ဗျား တည်းခိုရိပ်သာက ထွက်လာပြီး ခင်ဗျား ခြံဝင်း တံခါးနားမှာ ရှိတဲ့ ကျောက်စရစ်ခဲ နီနီကလေးတွေကို အိတ်ထောင်ထဲမှာ အပြည့် ထည့်တယ်'

ဒေါက်တာ စတန်းဒေးသည် ဆတ်ခနဲ ဖြစ်သွားကာ ရှားလော့ဟုမ်းကို အလွန် အံ့အားသင့်သော အမူအရာဖြင့် ကြည့်လျက် ရှိလေ၏။

'ပြီးတော့ တစ်မိုင်လောက် ဝေးတဲ့ ဘုန်းကြီးကျောင်းကို ခပ်သုတ်သုတ် လျှောက်လာခဲ့တယ်၊ အဲဒီတုန်းက ခု ခင်ဗျား စီးလာတဲ့ အောက်ခံခုံက အစင်းအစင်းတွေ ထစ်ထားတဲ့ တင်းနစ် ရိုက်တဲ့ ဖိနပ်ကို စီးထားတယ်၊ ဘုန်းကြီးကျောင်း ရောက်တော့ ဘေး ခြံစည်းရိုးကနေ ဝင်၊ သစ်သီးခြံကို ဖြတ်ပြီး ထရီဂျင်းနစ်ရဲ့ အိပ်ခန်း ပြတင်းပေါက်နားကို လာခဲ့တယ်၊ အဲဒီတော့ မိုး စင်စင်လင်းနေပြီ၊ ဒါပေမဲ့ ဟိုဆရာတွေ မနိုးကြသေးဘူး၊ အဲဒီနား ရောက်တော့ အိတ်ထဲက ခဲလုံးကလေးတွေကို ထုတ်ပြီး အပေါ်ထပ် ပြတင်းပေါက်ကို ပစ်တင်လိုက်တယ်'

ဒေါက်တာ စတန်းဒေးသည် ထိုင်ရာမှ ထလိုက်လေ၏။

'ခင်ဗျား ကိုယ်တိုင်ကိုက မှော်အတတ် တတ်နေတဲ့ လူပဲ'

ရှားလော့ဟုမ်းက ပြုံးလိုက်လျက်



www.burmeseclassic.com

www.burmeseclassic.com



'ထရီဂျင်းနစ် ပြတင်းပေါက်က ထကြည့်အောင် ခင်ဗျား နှစ်ခါ သုံးခါလောက် ပြတင်းပေါက်ကို ခဲလုံးကလေးတွေနှင့် ပေါက်တယ်၊ ဟိုလူက ပြတင်းပေါက်နား လာရပ်တော့ အောက်ကို ဆင်းလာဖို့ ခင်ဗျား လက်ယပ်ခေါ်တယ်၊ ထရီဂျင်းနစ်က အဝတ်အစား ကပျာကယာ လဲပြီး ဧည့်ခန်းမှာ ထိုင်စောင့်တယ်၊ ခင်ဗျားက ပြတင်းပေါက်ကနေပြီး ကျော်ဝင်လာတယ်၊ အခန်းထဲမှာ ခင်ဗျားတို့ နှစ်ယောက် စကား ပြောကြတယ်၊ သို့သော် သိပ်တော့ မကြာလိုက်ပါဘူး၊ စကား ပြောတုန်းက ခင်ဗျားက အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတယ်၊ ပြီးတော့ ခင်ဗျား အခန်းထဲက ထွက်လာပြီး ပြတင်းပေါက်ကို ပိတ်၊ အပြင်ဘက် မြက်ခင်းပေါ်မှာ ရပ်ပြီး ဆေးလိပ် သောက်ရင်း အခြေအနေကို အကဲခတ်တယ်၊ နောက်ဆုံး ထရီဂျင်းနစ် သေတဲ့ အခါကျတော့မှ ခင်ဗျား လာခဲ့တဲ့ လမ်းအတိုင်း ပြန်လာခဲ့တယ်၊ ကဲ ဒေါက်တာ စတန်းဒေး၊ ဒီတော့ ခင်ဗျား အပြုအမူတွေကို ဘယ်လို ပြောမလဲ၊ ဘာရည်ရွယ်ချက်နှင့် ဒီလို လုပ်ခဲ့သလဲ၊ ခင်ဗျား ကျုပ်ကို လိမ်ပြောမယ် သို့မဟုတ် ယီးတီးယားတား လုပ်မယ်တော့ မကြံနှင့်၊ ယီးတီးယားတား လုပ်ရင်တော့ ဒီအမှုကို ကျုပ် လက်ထဲက တစ်ခါတည်း လွှတ်ပြီး ဆိုင်ရာကို အပ်လိုက်မယ်'

ရှားလော့ဟုမ်း၏ စကားကို နားထောင်နေစဉ် အတွင်း၌ကား ဒေါက်တာ စတန်းဒေး၏ မျက်နှာမှာ သွေး မရှိတော့သည့်နှယ် ဖြူရော်သည်ထက် ဖြူရော်လာခဲ့လေပြီ။

ဒေါက်တာ စတန်းဒေးသည် ခေါင်းကို လက်ဖြင့် အုပ်ကိုင်ကာ အတန်ကြာမျှ စဉ်းစားလျက် ရှိ၏။ ထို့နောက်တွင် ခေါင်းကို မော့လိုက်လျက် အိတ်ထဲမှ ဓာတ်ပုံ တစ်ပုံကို ထုတ်၍ သစ်သား ခုံကြမ်းပေါ်သို့ ပစ်ချလိုက်လေ၏။

'ဟောဒါကြောင့် လုပ်တာပဲဗျ'

ဓာတ်ပုံမှာ လှပ ချောမောသော အမျိုးသမီးငယ် တစ်ယောက်၏ ကိုယ်တစ်ပိုင်းပုံ ဖြစ်လေ၏။ ရှားလော့ဟုမ်းက ငုံ့ကြည့်လိုက်ပြီးလျှင်

'ဗရင်ဒါရဲ့ ပုံပါလား'

'ဟုတ်တယ်ဗျ၊ ဗရင်ဒါရဲ့ ပုံပဲ၊ ကျုပ် သူ့ကို ချစ်ခဲ့တာ တော်တော်ကြာပြီ၊ သူကလည်း ကျုပ်ကို ချစ်ခဲ့တယ်၊ ဒါကြောင့် ကျုပ်ဟာ လူပြော သူပြော ခံပြီး ကွန်းဝေါကို လာ လာနေတာပဲ၊ ကမ္ဘာပေါ်မှာ ကျုပ် ချစ်ရမယ့်သူ တွယ်တာရမယ့်သူ ဆိုလို့ သူတစ်ယောက်ပဲ ရှိတယ်၊ ဒါကြောင့် ကျုပ် ဒီကို လာ လာနေတာ၊ ဒါပေမဲ့ ကျုပ်မှာ သူ့ကို လက်ထပ်လို့ မရဘူး၊ ကျုပ်ကို စွန့်





သွားတဲ့ သားကြီး မယားကြီး ရှိတယ်၊ ကျုပ်တို့ရဲ့ စိတ်ပျက်စရာ အင်္ဂလိပ်ဥပဒေကြီးကြောင့် သူ့ကို ကွာရှင်းလို့လည်း မရဘူး၊ ဗရင်ဒါဟာ ကျုပ်ကို နှစ်ချီပြီး စောင့်ခဲ့တယ်၊ ကျုပ်ကလည်း ဗရင်ဒါကို နှစ်ချီပြီး စောင့်ခဲ့တယ်၊ ခုတော့ ကျုပ်တို့ စောင့်ခဲ့ရတဲ့ အတွက် ဘယ်လို ရလဒ်မျိုးကို ရခဲ့ကြပြီလဲ'

ငိုရှိုက်လျက် ရှိခြင်းကြောင့် သူ၏ ကြီးနိုင်သော ကိုယ်ခန္ဓာကြီးသည် တသိမ့်သိမ့် ခါလျက် ရှိလေ၏။ ဒေါက်တာ စတန်းဒေးသည် မုတ်ဆိတ် အောက်မှ လည်ပင်းကို လက်ဖြင့် ဆုပ်ကိုင်လိုက်၏။ ထို့နောက် သူ့ကိုယ်သူ ချုပ်တည်းကာ စကားကို ဆက်ပြောပြန်လေ၏။

'တရားပြ ဆရာဟာ ကျုပ်တို့ အကြောင်းတွေကို အကုန် သိတယ်ဗျ၊ ဗရင်ဒါဟာ ဘယ်လောက် မြင့်မြတ်တဲ့ မိန်းမ တစ်ယောက် ဆိုတာ သူ ပြောပြလိမ့်မယ်၊ ဒါကြောင့် သူ ကျုပ်ဆီကို ကြေးနန်း ရိုက်တာ၊ ဒီကြေးနန်းကြောင့် ကျုပ် ပြန်လာခဲ့တာ၊ ကျုပ် ချစ်တဲ့ မိန်းမ တစ်ယောက် ဒီလို ဖြစ်သွားတယ်ဆိုတော့ သင်္ဘောပေါ်ကို ကျုပ် ပါမသွားကော ဘာအရေးလဲ၊ ကျုပ် အာဖရိကကို မသွားရတော့ကော ဘာအရေးကြီးသလဲ၊ ဒီတော့ ကျုပ် ဘာကြောင့် ပြန်လာရတယ် ဆိုတာကို သိပြီ မဟုတ်လား'

'ဆက်ပါဦး'

ဒေါက်တာ စတန်းဒေးသည် အိတ်ထဲမှ စက္ကူဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ်ကို စားပွဲပေါ်သို့ တင်လိုက်လေ၏။ အထုပ်ပေါ်တွင်မူ *'Radix Pedis diaboli'* ဟု ရေးသားထားပြီး အောက်တွင် အဆိပ်ဟု စာလုံး အနီဖြင့် ရေးထားလေ၏။ ထို့နောက် ကျွန်ုပ်ဆီသို့ ထိုးပေးလိုက်လျက်

'ဟောဒီက မိတ်ဆွေကြီးက ဆရာဝန်လို့ ကြားဖူးတယ် ခင်ဗျ၊ ဒီဆေးမြစ် အကြောင်းကို ကြားဖူးသလား မသိဘူး'

'သရဲခြေထောက်မြစ်တဲ့ ခင်ဗျ၊ ကျွန်တော်တော့ မကြားဖူးပါဘူး'

'အေးလေ၊ ဒီဆေးက ဆရာဝန် အလုပ်နှင့် ဆိုင်မှ မဆိုင်ဘဲကိုး၊ ဘူဒါပက်မှာ ရှိတဲ့ ဓာတ်ခွဲခန်း တစ်ခုထဲမှာ နမူနာ အဖြစ် ထားတဲ့ အထုပ်မှ အပဥရောပမှာ ဘယ်မှာမှ ဒီဆေးမှုန့် မရှိဘူး ခင်ဗျ၊ ဒါကြောင့် ဆေးဝါးဆိုင်ရာ စွယ်စုံကျမ်းတွေထဲမှာရော အဆိပ် ဆေးဝါး ဗေဒနှင့် ပတ်သက်တဲ့ စာတွေထဲမှာရော မပါဘူးဗျ၊ အမြစ်က လူခြေထောက်လိုလို ဆိတ်ခြေထောက်လိုလို သဏ္ဌာန် ရှိတယ်၊ ဒါကြောင့် အဲဒီ အမြစ်ကို သရဲခြေထောက်မြစ်လို့ သာသနာပြု ဆရာ တစ်ဦးက နာမည် ပေးခဲ့တာ၊ အနောက် အာဖရိကမှာတော့ ဆေးဆရာတွေက



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ကောင်းတဲ့ အဆိပ်ဆေးလို့ အသိအမှတ် ပြုပြီး လျှို့ဝှက် ထားကြတယ်၊ အဲဒီ အမြစ်ကို အူဘန်ဂီ ဆိုတဲ့ ပြည်နယ် တစ်ခုမှာ ကျုပ် ခက်ခက်ခဲခဲ ရလာခဲ့တာ'

ဒေါက်တာ စတန်းဒေးသည် စာရွက်ကို ဖြန့်၍ နီညိုညို အရောင် ရှိသည့် အမှုန့်ကလေးများကို ပြလေ၏။

'ဟုတ်ကဲ့၊ ဆိုပါဦး'

'ခင်ဗျားကတော့ အကုန်လုံး နီးပါးလောက် သိနေလေတော့ ခင်ဗျားကို ကွယ်ဝှက်နေလို့လည်း မထူးတော့ပါဘူးလေ၊ ဖြစ်ပျက်သမျှကို ကျုပ် အကုန် ပြောပြပါ့မယ်၊ ထရီဂျင်းနစ် မိသားစု တစ်တွေနှင့် ကျုပ်နှင့် ဘယ်လို အဆက်အသွယ် ရှိတယ် ဆိုတာကိုတော့ ခင်ဗျားကို ပြောခဲ့ပြီးပြီဗျ၊ သူတို့ နှမကို ကြိုက်မိလေတော့ ကျုပ်လည်းပဲ အစ်ကိုတွေကို တည့်အောင် ပေါင်းရတာပေါ့ဗျာ၊ သူတို့ မွေးချင်းတွေ အချင်းချင်း ငွေရေးကြေးရေး ကိစ္စနှင့် ပတ်သက်ပြီး စိတ်ဝမ်းကွဲကြလို့ ထရီဂျင်းနစ် ဆိုတဲ့ လူက ကျန်တဲ့ ညီအစ်ကို မောင်နှမတွေနှင့် အခေါ်အပြော သိပ်မရှိခဲ့ဘူးဗျ၊ သို့သော်လည်း နောက်ပိုင်းမှာတော့ ပြေလည် သွားကြဟန် တူတယ်၊ ဒါနှင့် ဒီပြင် အစ်ကိုတွေကို ပေါင်းသလို ထရီဂျင်းနစ် ဆိုတဲ့ လူကိုလည်း ကျုပ် ပေါင်းရတာပေါ့ဗျာ၊ မော်တီမာ ထရီဂျင်းနစ် ဆိုတဲ့ လူက တော်တော် ကောက်ကျစ် စဉ်းလဲတဲ့ လူဗျ၊ အကြံကလည်း ကြီးပါဘိသနှင့်၊ ကျုပ် ဒီလူကို မသင်္ကာ ဖြစ်နေတာ ကြာလှပြီ၊ ဒါပေမဲ့ ကျုပ်နှင့်ကတော့ ဘာမှ ဖြစ်စရာ အကြောင်းရယ်လို့ ကြီးကြီးမားမား မရှိပါဘူး။

'အဲ လွန်ခဲ့တဲ့ နှစ်ပတ်လောက် တစ်နေ့ကျတော့ အထူးအဆန်း ပစ္စည်းကလေးတွေကို လျှောက်ပြတယ် ခင်ဗျ၊ အဲဒီလို ပြရင်း ဒီအမြစ်မှုန့်ကိုလည်း ပြလိုက်မိတယ်၊ ပြီးတော့ ဒီအမြစ်ရဲ့ အာနိသင်တွေ ဒီအမြစ်ဟာ ဦးနှောက်ထဲမှာ ရှိတဲ့ ကြောက်ရွံ့ ထိတ်လန့်တဲ့ အာရုံကြောတွေကို ဘယ်လို ထိန်းချုပ်တဲ့ အကြောင်း၊ အဲဒီ လူရိုင်းတွေထဲမှာ မှော်ဆရာက ဒီဆေးမြစ်ကို သုံးပြီး စမ်းရင် လူရိုင်းတွေ ရူးရင် ရူး မရူးရင်လည်း သေရတဲ့ အကြောင်း ပြောပြမိတယ်၊ ပြီးတော့ ကျွန်တော်တို့ ဥရောပ သိပ္ပံပညာဟာ ဒီဆေးမြစ်ကို ရှာလို့ မတွေ့သေးတဲ့ အကြောင်းကိုလည်း ကျွန်တော်က ပြောပြတယ်ဗျ၊ ကျွန်တော်လည်း ဒီအခန်းထဲက ဘယ်ကိုမှ မထွက်ပါဘူး ခင်ဗျာ၊ ဒါပေမဲ့ ဘယ်လိုလုပ်ပြီး ဒီဆေးမြစ်ကို ရသွားတယ်လို့ မဆိုနိုင်ပါဘူး၊ ကျွန်တော့် အထင်တော့ ကျွန်တော်က တစ်ဖက် လှည့်ပြီး ဗီရိုတွေ သေတ္တာတွေကို ဖွင့်နေတုန်းမှာ ဒီသရဲခြေထောက်မြစ် အမှုန့်





တွေကို ယူသွားတယ် ထင်တာပဲ၊ ဒီဆေးမြစ်ကို သုံးရင် ဘယ်လောက် အချိန် ကြာကြာ သုံးရတယ်၊ အသုံးခံရတဲ့ လူမှာ ဘယ်လို ဖြစ်တယ် ဆိုတာတွေကို ကျွန်တော့်ကို ခရေစေ့တွင်းကျ မေးတယ် ခင်ဗျ၊ ဒါပေမဲ့ ဗဟုသုတ လိုချင်လို့ သွေးရိုးသားရိုး မေးတယ်ပဲ အောက်မေ့တာပေါ့ ခင်ဗျာ၊ သုံးဖို့ မေးတယ်လို့ ဘယ် ဥပဒ် မိပါ့မလဲ။

'ကျွန်တော်လည်း ဒီအကြောင်းကို လုံးလုံး သတိ မရပါဘူး၊ ပလင်းမောက်ကို ရောက်လို့ တရားပြု ဆရာဆီက ကြေးနန်း ရတော့မှပဲ သိတော့တာပါပဲ၊ ကြည့်ရတာကတော့ ကိစ္စ ဖြစ်တဲ့ အချိန် ဆိုရင် ကျွန်တော်ဟာ ပင်လယ်ထဲကို ရောက်နေတော့မယ်၊ ဒီသတင်းကိုလည်း ဘာမှ ကြားရတော့မှာ မဟုတ်ဘူး၊ ပြီးတော့ ကျွန်တော်လည်း အာဖရိကမှာ တော်တော်နှင့် ပြန်လာမှာ မဟုတ်ဘူးလို့ သူ တွက်ပုံ ကျတယ် ခင်ဗျ၊ ဒါပေမဲ့ ဒီသတင်းကို ကြားတော့ ကျွန်တော် ချက်ချင်း ပြန်လာခဲ့တာပဲ၊ ဒီရောက်လို့ အသေးစိတ်ကို ကြားလိုက်ရတော့ ကေန္တ ကျွန်တော့် ဆေးမှုန့်ကို သုံးပြီ ဆိုတာ ကျွန်တော် သိလိုက်ပါပြီ၊ ဒါနှင့် ဒီပြင် ဘယ်နည်းများ ဖြစ်နိုင်သေးသလဲ ဆိုပြီး သိရအောင် ကျွန်တော် ခင်ဗျား ဆီကို လာစုံစမ်းပါသေးတယ်၊ ဒါပေမယ့် ဒီပြင်နည်း မဟုတ်ဘူး ဆိုတာ ကျွန်တော် သေချာသွားပါပြီ၊ ဒါဟာ ကေန္တ မော်တီမာ ထရီဂျင်းနစ်ရဲ့ လက်ချက်ပဲ ဖြစ်ရမယ်လို့လည်း ကျွန်တော် တွက်လိုက်ပါတယ်၊ ကြည့်ရတာကတော့ ဒီပြင် မွေးချင်း ပေါက်ဖော်တွေ ရူးကုန်ရင် ဘုံပိုင် ပစ္စည်းတွေကို သူ တစ်ယောက်တည်းပဲ လက်ဝါးကြီး အုပ်ရတော့မယ် ဆိုပြီး သရဲခြေထောက် အမြစ်မှုန့်ကို သုံးလိုက်တော့ အစ်ကို နှစ်ယောက်လည်း သွက်သွက် လည်အောင် ရူး၊ ညီမလည်း ဆုံး၊ ညီမမှ လောကကြီးမှာ ကျွန်တော် အချစ်ဆုံး ဖြစ်တဲ့ ဗရင်ဒါ ခင်ဗျ၊ ဒီတော့ ဒီလူဟာ ရာဇဝတ်မှုကြီးကို ကျူးလွန်ခဲ့တဲ့သူ၊ ဒီလူကို ဘယ်လို ပြစ်ဒဏ် စီရင်ဖို့ ကောင်းသလဲလို့ ကျွန်တော် တွေးကြည့်တယ်။

'ကိစ္စကို ရေလည်အောင် ဖွင့်ပြောပြီး ပုလိပ်ကို တိုင်ရမလား၊ တိုင်ရင်ကော ကျွန်တော့်မှာ ဘာ သက်သေ အထောက်အထား ရှိသလဲ၊ ကျွန်တော့်မှာ အချက်အလက်တွေတော့ ရှိပါရဲ့၊ ဒါပေမဲ့ ဂျူရီလူကြီးတွေက ဒီလောက် ဆန်းကြယ်တဲ့ အဖြစ်အပျက်ကို ယုံပါ့မလား၊ ကျွန်တော့် စိတ်ထဲမှာ သူ့ကို တိုင်ရမလား မတိုင်ရဘူးလားနှင့် ဒွိဟ ဖြစ်နေတယ် ခင်ဗျာ၊ ဒါပေမဲ့ တိုင်တိုင် မတိုင်တိုင် သူ့ကိုတော့ တစ်ခုခု လုပ်မှ ဖြစ်မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်၊ ကျွန်တော့်မှာလည်း သူ့ကို လက်စားချေချင်လို့ လက်ကလည်း ယားနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ ခင်ဗျ၊ ကျွန်တော့် ဘဝဟာ ဥပဒေတို့ ဘာတို့ မရှိတဲ့ တောကြီး တောင်ကြီး ထဲမှာ အချိန် ကုန်ခဲ့ရတယ် ဆိုတာ စုံထောက်ကြီးကို ကျွန်တော် ပြောခဲ့ပြီးပါပြီ၊ ဒီတော့ ကိုယ့် တရားကို ကိုယ် စီရင်တာပဲ ကောင်းတယ် ဆိုပြီး ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်၊ ခုတော့ ကျွန်တော့် တရားကို ကျွန်တော် စီရင်ပြီးပါပြီလေ၊ ကာလဝိပါက် နောက်ပိုးတက်_ ဆိုသလို ဒိပြင်လူတွေ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်မျိုးကို သူလည်း ကြုံရမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ် ခင်ဗျ၊ ဒီတော့ သူ့ကို ဘယ်လို စီရင်မလဲ၊ ဒီနည်းနှင့် စီရင်မလား၊ ဒါမှမဟုတ် ကျွန်တော့် လက်နှင့် သတ်မလားလို့ ကျွန်တော် စဉ်းစားပါတယ်၊ အဲဒီတုန်းကတော့ ကျွန်တော့် စိတ်ဟာ ဘယ်လောက်တောင် ဖြစ်နေသလဲ ဆိုရင် တစ်ပြည်လုံးမှာ ကျွန်တော့်လောက် ကိုယ့်အသက်ကို တန်ဖိုး မထားတဲ့ လူတောင် ရှိမယ် မထင်ပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီလူကို လက်စား ချေရရင် တော်ပြီလို့ပဲ အောက်မေ့မိတယ်။

'ကဲ စုံထောက်ကြီးကို ကျွန်တော် မခြွင်းမချန် ပြောပြီးပါပြီ၊ ကျန်တာတွေကိုတော့ စုံထောက်ကြီး ဘာသာပဲ တွေးယူပါတော့၊ ခင်ဗျား ပြောတဲ့ အတိုင်း အဲဒီနေ့ညက တစ်ညလုံး အိပ် မပျော်ဘူး၊ မနက်လည်း လင်းရော သူ နေတဲ့ ကျောင်းဘက်ကို ထွက်လာခဲ့တာပါပဲ၊ သူ့ကို နိုးရမှာ ခက်လိမ့်မယ် လေ ဆိုပြီး ကျွန်တော် ခြံဝက ကျောက်စရစ်ခဲ တစ်ဆုပ်ကို ကောက်ထည့် သွားပါတယ်၊ အဲဒီ ခဲလုံးကလေးတွေနှင့် ပြတင်းပေါက်ကို ကျွန်တော် ပေါက် နိုးပါတယ်၊ သူ ဆင်းလာပြီး ကျွန်တော့်ကို ပြတင်းပေါက်က အဝင်ခိုင်းပါတယ်၊ အထဲ ရောက်တော့ ကျွန်တော် လာခဲ့တဲ့ အကြောင်းကို ပြောပါတယ်၊ ကျုပ် လာတာဟာ တရားသူကြီး အနေနှင့်ရော ခင်ဗျားကို သေတွင်း ပို့မယ့်လူ အနေ နှင့်ရော လာတာပဲလို့ ပြောပါတယ်၊ ကျွန်တော့် ခြောက်လုံးပြူးကိုလည်း မြင် ရော ဒီကောင်ဟာ ကုလားထိုင်ပေါ်မှာ ငူငူကြီး ထိုင်ကျသွားတယ် ခင်ဗျ၊ ဒီတွင် မှန်အိမ်ကို ထွန်း၊ ဆေးမြစ်မှုန့်ကို မီးပေါ် ဖြူး၊ ပြတင်းပေါက် အပြင်ဘက်က ရပ်ပြီး ဘယ်မှ မထွက်နှင့်၊ ထွက်ရင် အပစ်ပဲလို့ ကျွန်တော် ပြောပါတယ်၊ ထွက်ရင်လည်း ကျွန်တော် တကယ် ပစ်မှာပဲ၊ မကြာပါဘူး ခင်ဗျာ၊ ငါးမိနစ် အတွင်း၌ သေသွားတာပါပဲ၊ သေပုံကလည်း မြန်လိုက်တာ ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲက သိပ်တော့ မကျေနပ်ချင်ဘူး ခင်ဗျ၊ သူ့မှာ ဗရင်ဒါ သေ သလို မဟုတ်ဘဲ အလွယ်တကူနှင့် သေသွားရလို့ ကျွန်တော် တော်တော် စိတ် ပျက်သွားတယ်၊ ကဲ ကျွန်တော့် အဖြစ်အပျက်ကတော့ ဒါပါပဲ စုံထောက်ကြီး





ရယ်၊ ခင်ဗျားသာ မိန်းမ တစ်ယောက်ကို ချစ်ခဲ့ရင် ခင်ဗျားလည်း ဒီလိုပဲ လုပ် မှာပါပဲ၊ အေးလေ ဘယ်လိုပဲဖြစ်ဖြစ် ခု ခင်ဗျား လက်ထဲမှာ ကျွန်တော် ရောက် နေပြီ၊ ခင်ဗျား ကြိုက်သလို လုပ်နိုင်ပါတယ်၊ ခုအချိန်မှာ ကမ္ဘာပေါ်မှာ သေရ မှာကို ကျွန်တော်လောက် မကြောက်တဲ့ကောင် တစ်ယောက်မှ ရှိမှာ မဟုတ် ဘူးလို့ ကျွန်တော် ပြောခဲ့ပြီပဲ'

ရှားလော့ဟုမ်းသည် အတန်ကြာမျှ တိတ်ဆိတ်စွာ ထိုင်လျက် ရှိလေ၏။ နောက်ဆုံးတွင် ရှားလော့ဟုမ်းက

'ခင်ဗျား စိတ်ကူးကကော ဘယ်လို ရှိသလဲ'

'ကျွန်တော်ကတော့ အလယ်ပိုင်း အာဖရိကတိုက်မှာ သွားနေမယ်လို့ စိတ်ကူးထားတယ် ခင်ဗျ၊ အဲဒီမှာ ကျွန်တော် လုပ်စရာ ကိုင်စရာ ရှိတာကလေး တွေလည်း တစ်ဝက်လောက်တော့ ပြီးနေပါပြီ'

'ဒါဖြင့်လည်း ကျန်တာ တစ်ဝက်ကို သွားလုပ်တော့ဗျာ၊ ကျုပ် အနေနှင့် ကတော့ ခင်ဗျားကို ဟန့်တားစရာ ဘာမှ အကြောင်း မရှိပါဘူး'

ဒေါက်တာ စတန်းဒေးသည် သူ၏ ကြီးခိုင်သော ခန္ဓာကိုယ်ကြီးကို မတ်လိုက်ပြီးလျှင် တည်ငြိမ်စွာ ဦးညွှတ်ပြီးနောက် ပန်းရုံ အောက်မှ ထွက်ခွာ သွားလေ၏။ ရှားလော့ဟုမ်းသည် ဆေးတံကို ညှိလိုက်ပြီးလျှင် သူ့ဆေးအိတ်ကို ကျွန်ုပ်ထံသို့ လှမ်းပေးလိုက်လေ၏။

'ကဲ အဆိပ်ငွေ့ကို ရှူပြီးတဲ့နောက် အဆိပ် မဖြစ်တဲ့ အခိုးအငွေ့လေး နည်းနည်းပါးပါး ရှူကြည့်တာပေါ့ဗျာ၊ ဒီအမှုဟာ ယုန်က မတိုး ပိုက်က တိုး ဆိုသလို ကျုပ်တို့က မတိုးဘဲ အမှုက လာတိုးတယ် ဆိုတာ ခင်ဗျား သဘောတူ လိမ့်မယ် ထင်တယ် အိုင်ဆေး၊ ဒီအမှုကို ကိုင်တွယ်ရာမှာ ကျုပ်တို့မှာ ဘယ် သူ့ အပေါ်မှလည်း တာဝန် မရှိဘူး၊ လွတ်လွတ်လပ်လပ် ကျုပ်တို့ သဘောနှင့် ကျုပ်တို့ ဝင်ကိုင်တာပဲ၊ စုံစမ်းမှုဟာ လွတ်လွတ်လပ်လပ် ရှိသလို ကျုပ်တို့ လုပ်ဆောင်ချက်တွေဟာ လွတ်လပ် ရပေလိမ့်မယ်ဗျ၊ ဒီတော့ ခင်ဗျား ဒေါက် တာ စတန်းဒေးကို အပြစ် ဆိုမလား'

'မဆိုထိုက်ပေဘူးပေါ့ဗျာ'

'ကျုပ် တစ်သက်မှာ မိန်းမ တစ်ယောက်ကို တစ်ခါမှ မချစ်ခဲ့ဖူးပါဘူး သို့သော်လည်း အကယ်၍ ချစ်မိခဲ့ပြီး ကျုပ် ချစ်တဲ့ မိန်းမ တစ်ယောက်ဟာလည်း အလားတူ ကံကြမ္မာမျိုးများ ကြုံတွေ့ခဲ့လို့ ရှိရင်တော့ ကျုပ်လည်း ဥပဒေမဲ့ ခြင်္သေ့လိုက် မုဆိုးလို လုပ်မိမှာ အမှန်ပဲဗျ၊ မပြောနိုင်ဘူး တကယ်ပါ၊ ထဲ



www.burmeseclassic.com

www.burmeseclassic.com



အိုင်ဆေးရေ၊ လယ်ပြင် ဆင်သွားသလို ထင်ရှားနေတဲ့ အချက်ကို ရှင်းပြခြင်းအားဖြင့် ခင်ဗျား အသိဉာဏ်ကို စော်ကားခြင်း မပြုလိုပါဘူး၊ ကျုပ် စုံစမ်းမှုကို ဘယ်က စပြီး ခြေရာကောက်တယ် ထင်သလဲ သိရဲ့လား၊ ပြတင်းပေါက် ဘောင်ပေါ်မှာ တင်နေတဲ့ ကျောက်စရစ်ခဲကလေး တစ်လုံးက ခြေရာခံလာခဲ့တယ်ဗျ၊ ဒီခဲလုံးကလေးဟာ ဘုန်းကြီး ကျောင်းဝင်းထဲမှာ ရှိတဲ့ ခဲလုံးမျိုး မဟုတ်ဘူး၊ ကွဲပြားတယ်၊ ဒါနှင့် စတန်းဒေးကို အာရုံစိုက်ပြီး သူ့ တည်းခိုရိပ်သာ တစ်ဝိုက်ကို လိုက်ကြည့်တော့မှ အဲဒီ ကျောက်စရစ်ခဲလုံးကလေးမျိုးကို သွားတွေ့တာ၊ နေ့ခင်းကြောင်တောင်ကြီး လင်းနေတဲ့ မှန်အိမ်နှင့် လချေး အကာပေါ်မှာ တွေ့ရတဲ့ အမှုန့်ကလေးတွေကတော့ အဲဒီ ကွင်းဆက်ကြီးထဲမှာ ပါနေကြတဲ့ ဆက်ထုံးကလေးတွေပဗျာ၊ ကဲ အိုင်ဆေးရေ၊ ဒီကိစ္စကို ခေါင်းထဲက ဖျောက်ပစ်လိုက်ပြီး ကဲလတစ်မျိုးရင်း ဘာသာ စကားကြီးရဲ့ ကွန်းဝေါ မျိုးခွဲ စကားတွေထဲမှာ ရှေးဟောင်း ကောလဒီယန်း လူမျိုးတွေရဲ့ ရင်းမြစ် စကားတွေ ဘယ်လောက်များပါနေသလဲ ဆိုတာကို လိပ်ပြာ သန့်သန့်နှင့် လေ့လာလိုက်ကြဦးစို့ရဲ့'

[မူရင်းဝတ္ထု *The Adventure of the Devil's Foot.* ရှေ့ဥဒေါင်း၏ စုံထောက် ဦးစံရှား ဝတ္ထုများတွင် ရှာမတွေ့။]

## နောက်ဆုံး ဦးညွှတ်ခြင်း
### (ရှားလော့ဟုမ်း၏ နိဂုံးခန်း တစ်ခန်း)



ထိုညမှာ ကမ္ဘာ့ သမိုင်းတွင် ကြောက်စရာ အကောင်းဆုံး ဖြစ်သည့် ဩဂုတ်လ နှစ်ရက်နေ့ည ကိုးနာရီ အချိန် ဖြစ်လေ၏။ ကျွန်ုပ်တို့၏ ပျက်စီး ယိုယွင်းစ ပြုနေသော ကမ္ဘာကြီးကို ဘုရားသခင်သည် ကျိန်ဆဲ၍ ဖြစ်ဒဏ် ပေးထားသည့်နှယ် ပုလောင် အိုက်စပ်၍ တိတ်လျက် ရှိသည့် လေထုထဲတွင် ကြောက်စဖွယ် တိတ်ဆိတ်မှုနှင့် ဝိုးတဝါး မျှော်လင့်ချက်တို့သည် ရောထွေး နိုအောင်းလျက် ရှိပေ၏။

နေဝင်သွားသည်မှာ အတန်ကြာမျှ ကြာခဲ့လေပြီ။ သို့ရာတွင် အိုင်းအနာကြီး တစ်ခုနှင့် တူသည့် ရဲရဲ နီသော အဝိုင်းကြီး တစ်ခုသည် အနောက်ဘက် ကောင်းကင်တွင် ချိတ်ဆွဲလျက် ရှိပြီး ကြယ်ပွင့်တို့သည် တဖျပ်ဖျပ် တောက်ပလျက် ရှိကြလေ၏။ အောက်ပင်လယ်ကွေ့ထဲ၌မူ သင်္ဘောမှ မီးရောင်ကလေးများသည် တလက်လက် ဖြစ်လျက် ရှိကြလေ၏။

နာမည်ကျော် ဂျာမန် လူမျိုး နှစ်ယောက်သည် ခြံဝင်းထဲရှိ လမ်းကလေး ဘေးမှ အုတ်တံတိုင်း အနီးတွင် ရပ်လျက် ရှိလေ၏။ သူတို့ နောက်တွင် အဆောင်များ အထပ်ထပ် ထုတ်ထားသည့် အိမ် ခပ်နိမ့်နိမ့်၊ ခပ်ရှည်ရှည် တစ်လုံးကို မြင်ရလေ၏။ ဂျာမန် နှစ်ဦးသည် လွန်ခဲ့သည့် လေးနှစ်ခန့်က ဗွန်ဘော့ဂ် အမည်ရှိ ဂျာမန် သူလျှို တစ်ဦး လင်းယုန် တစ်ကောင်ကဲ့သို့ နားနေရာ ဖြစ်သော ကျောက်ဖြူ ကမ်းပါးကြီးများ အောက်ရှိ ကျယ်ပြန့်သော ဘောင်ပြင်ကြီးကို ငေးစိုက်ကြည့်ရင်း ခေါင်းချင်း ဆိုင်ကာ တစ်စုံတစ်ရာကို အရေးတကြီး တိုင်ပင်လျက် ရှိကြလေ၏။ အောက်မှ နေ၍ ကြည့်လိုက်လျှင် ရဲခနဲ ရဲခနဲ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားသော ၄င်းတို့ စီးကရက် မီးများသည့် အမှောင်ထဲသို့ ငုံ့ကြည့်နေသော မကောင်းဆိုးဝါး တိရစ္ဆာန်ကြီး မာစ်ကောင်၏ မီးဝင်းဝင်း တောက်နေသော မျက်လုံးကြီး နှစ်လုံးနှင့် တူမိလေ၏။

ဖွန် ဘော့ဂ်ဆိုသူမှာ အခြားသူ မဟုတ်။ ဂျာမန် ဘုရင် ကိုင်ဇာ၏ သူလျှိုများထဲတွင် ပြိုင်ဘက် ကင်းသည့် သူလျှို အကျော်အမော် တစ်ဦးပင် ဖြစ်၍ အလွန် အရည်အချင်း ကောင်းသည့် အတွက် သူ့ကို အရေးအကြီးဆုံး တိုင်းပြည် ဖြစ်သည့် အင်္ဂလန်ပြည်ရှိ ဂျာမန် သံရုံးသို့ ပို့လိုက်ခြင်း ဖြစ်လေ၏။ သို့ရာတွင် ထိုလူ ဂျာမန် သံရုံးသို့ ရောက်သည့် အတွက်မှ ကမ္ဘာပေါ်တွင် အဖြစ်အပျက် အမှန်ကို အသိဆုံး ဖြစ်သည့် လူခြောက်ဦး အဖို့ ပို၍ ပီတိ ဖြစ်လျက် ရှိကြလေ၏။ ၄င်းတို့အနက် တစ်ယောက်မှာ သူနှင့် ယခု အတူ စကားပြောနေသူ သံရုံး ပထမ အတွင်းဝန် အမတ်ကြီး ဖွန် ဟာလင်း ဖြစ်လေ၏။ ၄င်း၏ မြင်းကောင်ရေ တစ်ရာအား ရှိသည့် မာစီဒီးဘင့် ကားကြီးသည် တောလမ်းကလေး တစ်ခုတွင် ပိတ်ရပ်ထားကာ သခင် အလာကို စောင့်ကြိုလျက် ရှိလေ၏။

အတွင်းဝန်က

'အဖြစ်အပျက်တွေကို ကြည့်လိုက်ရင်တော့ ခင်ဗျားလည်း တစ်ပတ်လောက် ဘာလင်ကို ပြန်ရလိမ့်မယ် ထင်တယ်ဗျ၊ ဘာလင် ရောက်ရင်တော့ ခင်ဗျားကို ဝက်ဝက်ကွဲအောင် ဆီးကြိုကြတာကို တွေ့ရမှာပဗျာ၊ အထက်တန်း အာဏာပိုင်တွေက ဒီမှာ ခင်ဗျား လုပ်ခဲ့တာတွေနှင့် ပတ်သက်လို့ ဘယ်လို သဘော ထားတယ် ဆိုတာ ကျုပ် ကောင်းကောင်း သိတယ်'

အတွင်းဝန်မှာ ကိုယ်လုံး ကိုယ်ပေါက် ထွားကျိုင်းလျက် ကိုယ်ခန္ဓာကြီးခိုင်သလောက် အရပ်ကြီးကလည်း မိုးသို့ ထိုးလျက် ရှိလေ၏။ ထိုလူသည် စကားကို စဉ်းစား၍ ဖြည်းညင်းစွာ ပြောတတ်လေရာ ထိုအရည်အချင်းကြောင့်ပင်လျှင် သူ၏ လုပ်ငန်းတွင် အရေးပါသော နေရာကို ရရှိခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေ၏။

ဖွန် ဘော့ဂ်က ရယ်လိုက်လေ၏။

'အဲဒီ လူတွေကို တစ်ပတ် ရိုက်ဖို့တော့ သိပ် မခက်ပါဘူးဗျာ၊ သူတို့လောက် ထူတဲ့ အတုံး လူမျိုး ရှိမယ်တောင် မထင်ပါဘူး'

တစ်ယောက်က ခပ်တွေတွေဖြင့်

'အင်း ဒါတော့ ကျုပ် မသိဘူးလေ၊ သူတို့မှာ ထူးဆန်းတဲ့ ကန့်သတ်





ချက် စည်းကမ်းတွေ ရှိတယ်ဗျ၊ ဒီတော့ သူတို့ရဲ့ အားနည်းချက် ကန့်သတ်ချက်တွေကို လေ့လာဖို့ လိုလိမ့်မယ်၊ အပေါ်ယံ ကြည့်လိုက်ရင်တော့ ခပ်ရိုးရိုး ခပ်အအပဲလို့ ထင်ရတာပဲ၊ သို့သော်လည်း ဒီလို အတာ ရိုးတာဟာ နိုင်ငံခြားသား တစ်ယောက်ကို ထောင်တာလည်း ဖြစ်နိုင်တာပဲ၊ ရုတ်တရက် ကြည့်လိုက်ရင်တော့ သူတို့ကို ကြည့်ရတာ တော်တော်ကို ပျော့တယ်လို့ ထင်ရတယ်၊ အဲဒီမှာ အခက်အခဲနှင့် ကြုံလာပြီ ဆိုတာနှင့် တစ်ပြိုင်နက် ဒီလူတွေဟာ သူတို့ ကန့်သတ်ချက် စည်းကမ်းကို ကျော်လာပြီး တစ်မျိုး ဖြစ်လာကြတော့တာပဲ၊ အဲဒီအခါကျတော့ ကိုယ့်ဘာသာ ကိုယ် ကြည့်နေပေတော့ပဲ၊ သိပ်တော့ မလွယ်လှဘူး၊ ဥပမာအားဖြင့် ပြောမယ်ဗျာ၊ ဒီလူတွေက ကျွန်းကလေး တစ်ကျွန်းပေါ်မှာ နေကြရတဲ့ လူတွေ ဆိုတော့ ကျွန်းပေါ်မှာ နေတဲ့ လူတွေ ထုံးစံ သူတို့မှာ လုပ်ရတာကလေးတွေ ရှိနေတယ်ဗျ'

'ဘယ်လို ဟာတွေလဲဗျ၊ ဟိတ်ဟန် ထုတ်ရတာမျိုးတွေလား' ဟု ဖွန် ဘော့ဂ်က ရိုးနေဟန်ဖြင့် ပြောလိုက်၏။

'ခပ်ဆန်းဆန်း ဗြိတိသျှ ထုံးစံကလေးတွေ ဆိုပါစို့ဗျာ၊ ဒါနှင့် ပတ်သက်လို့ ကျုပ် ဘယ်လို မှားခဲ့တယ် ဆိုတာကလေးကို ခင်ဗျားကို ပြောပြဦးမယ်၊ ကျုပ် အမှားတွေကို ပြောရမယ် ဆိုရင်တော့ တသီကြီးပေါ့လေ၊ ခင်ဗျားကတော့ ကျုပ် အလုပ် အကြောင်း ကောင်းကောင်း သိလေတော့ ပြောရတာ မခက်လှပါဘူး၊ အဲဒါက ကျုပ် ရောက်ခါစက ဖြစ်တာဗျ၊ ဝန်ကြီး အဖွဲ့ဝင် တစ်ယောက် သီတင်းကုန်ရက်မှာ လုပ်တဲ့ သူ့ ပါတီကလေး တစ်ခုကို ကျုပ်ကို ဖိတ်တယ်၊ အဲဒီမှာ ဆိုရင် လွတ်လွတ်လပ်လပ် ပြောချင်ရာ ပြောကြတာပေါ့ဗျာ'

'အင်း ကျွန်တော်လည်း ရောက်ဖူးပါတယ်' ဟု ဖွန် ဘော့ဂ်က ပြောလေ၏။

'ဒါနှင့် ကျုပ်လည်း ဒီ ညေ့ခံပွဲကလေး အကြောင်းကို ဘာလင်ကို အကျဉ်းချုပ် အစီရင်ခံစာ ပို့တာပေါ့ဗျာ၊ သို့သော်လည်း ကျွန်တော်တို့ ဝန်ကြီးချုပ်က ဒီလို ကိစ္စမျိုးမှာ ခပ်ကြွားကြွား ဆိုတော့ အဲဒီ ပါတီမှာ ဘယ်သူတွေ ဘာပြောတယ် ဆိုတာ သူတို့ ဝန်ကြီး တစ်ယောက်ကို ထုတ်ပြောလိုက်တယ်ဗျ၊ ဒီတော့ ဒီသတင်းကို ဘယ်က ရသလဲ ဘာလဲနှင့် လိုက်လာတော့ နောက်ဆုံး ကျုပ်ဆီကို လိုက်လာတော့တာပေါ့ဗျာ၊ ဒါမျိုးကတော့ အင်္ဂလိပ်တွေက မလွှတ်ဘူးဗျို့၊ ခပ်တင်းတင်း လုပ်တယ်၊ ခု ဒီလိုနှင့် ကျုပ် နေလာရတာ နှစ်နှစ် ရှိပြီ၊ ခု ခင်ဗျားလို ဟန်မျိုးနှင့်တော့ ကိုက်ပါတယ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူးဗျ၊ ဟန်လို့ မပြောပါနှင့်၊ ဟန် ဆိုတာ အတု လုပ်လို့ ရတယ်၊ ကျွန်တော့် အကျင့်က ပင်ကိုပါ၊ ကျွန်တော်က အားကစား စိတ်ဓာတ်မွေးကတည်းက ပါလာတာပါ၊ ဒီလို နေရတာကိုလည်း ကျွန်တော် ကြိုက်တယ်လေ'

'ဒီလိုဆိုရင်တော့ ပိုပြီး ဟန်ကျတာပေါ့ဗျာ၊ ခင်ဗျားက သူတို့နှင့် အတူ ရှက်လှေ ပြိုင်တယ်၊ အတူ တောလိုက်တယ်၊ ပိုလို ကစားတယ်၊ အားကစားတိုင်းမှာ လိုလို ခင်ဗျားက သူတို့နှင့် ယှဉ်ပြိုင်နိုင်တယ်၊ အိုလံပစ်မှာတောင် ခင်ဗျားက ဆုရခဲ့တဲ့ လူပဲဟာ၊ အင်္ဂလိပ် အရာရှိတွေနှင့်လည်း လက်ဝှေ့ ကစားတယ်လို့ ကျုပ် သတင်း ကြားသေးတယ်၊ ဒီတော့ ဘာဖြစ်သလဲ၊ ဘယ်သူကမှ ခင်ဗျားကို အလေးအနက် မထားကြဘူးပေါ့၊ အားကစားသမားကောင်း၊ ဂျာမန်တွေထဲမှာ ပေါင်းလို့ သင်းလို့ ကောင်းတဲ့လူ၊ အရက်ဆိုလည်း ပြိုင်သောက်နိုင်တယ်၊ ညကလပ်တွေကိုလည်း ရောက်တယ်၊ မြို့လုံးပတ်လည် သွားတယ်၊ ခပ်ပျော့ပျော့ ခပ်ရမ်းရမ်း နေပြလိုက်တယ်၊ ဒါပေမဲ့ ဟောဒီက ခင်ဗျား ကျေးလက် အိမ်ကလေးကတော့ အင်္ဂလန် တစ်ပြည်လုံးကို ကိုင်မွှေတဲ့ နေရာကလေးဗျ၊ လူကို ကြည့်တော့ တောလိုက် ဝါသနာ ပါတဲ့ မြေပိုင်ရှင်ကလေး၊ ဒါပေမဲ့ ဥရောပမှာတော့ အတော်ဆုံး ထောက်လှမ်းရေးသမားပဲ၊ အင်း ကိုယ့်လူ တော်ပါပေတယ်၊ ရှားပါပေတယ်၊ တကယ်ပါ'

'ကျွန်တော့်ကို ဒီလောက်လည်း မမြှောက်ပါနှင့် ခင်ဗျာ၊ ရှင်းရှင်း ဝန်ခံရရင် ကျွန်တော် ဒီကို ရောက်နေတာ လေးနှစ် ရှိပြီဗျ၊ ဒါပေမဲ့ ဘာကိုမှ မည်မည်ရရ မလုပ်ရသေးဘူး၊ ကျွန်တော့် စတိုခန်းလေးကိုလည်း လိုက် မပြရသေးဘူး၊ ခဏ ဝင်ကြည့်ပါလား'

စာကြည့်ဆောင် တံခါးမှာ မြက်ခင်းနှင့် ကပ်လျက် ရှိပေ၏။ ဗွန် ဘော့သည် တံခါးကို တွန်း၍ အထဲသို့ ဝင်သွားပြီးနောက် လျှပ်စစ် မီးခလုတ်ကို ဖွင့်လိုက်လေ၏။ ထို့နောက် သူ နောက်မှ လိုက်လာသော အတွင်းဝန်ကို ဝင်စေပြီးလျှင် တံခါးကို ပိတ်လိုက်ကာ ပြတင်းပေါက်ရှိ အခန်းဆီးများကို သေချာစွာ ဆွဲစေလိုက်လေ၏။ သို့ဖြင့် အခန်းကို လုံခြုံအောင် သေသေချာချာ ကြည့်ရှုစစ်ဆေးပြီးမှ နေလောင်ထားသည့် မျက်နှာ သွယ်သွယ်ကို ဧည့်သည်ဘက်သို့ လှည့်လိုက်လေ၏။

'အရေးကြီးတဲ့ စာရွက် စာတမ်းတွေကိုတော့ ပို့လိုက်ပြီ ခင်ဗျ၊ မနေ့က ကျွန်တော့် မိန်းမနှင့် အစေခံတွေ ဖလပ်ရှင်းကို ထွက်သွားကြတော့ သိပ်



အရေးမကြီးတဲ့ စာရွက် စာတမ်းတွေလောက်ကိုပဲ ယူသွားကြတော့တယ်၊ ဒီဖြင့် စာရွက် စာတမ်းတွေ အတွက်ကတော့ သံရုံးက တာဝန်ခံပြီး လုံခြုံအောင် လုပ်ပေးဖို့ လိုလိမ့်မယ် ထင်တယ်ဗျာ'

'ခင်ဗျား နာမည်ကို ကျွန်တော်တို့ ကြိုတင်ပြီး ဟိုတယ်မှာ စာရင်းသွင်းပြီးပါပြီ၊ ခင်ဗျား အတွက်ရော ခင်ဗျား ပစ္စည်းတွေ အတွက်ရော ဘာမှ အခက်အခဲ ရှိတော့မှာ မဟုတ်ပါဘူး၊ ပြီးတော့ ကျွန်တော်တို့လည်း ပြန်ဖို့ လိုချင်မှ လိုဦးမှာပါ၊ အင်္ဂလိပ်ဟာ ပြင်သစ်ကို ဝင်ကူပြီး တိုက်ပေးချင်မှ တိုက်ပေးမှာပါ၊ အင်္ဂလိပ်နှင့် ပြင်သစ် ကြားမှာ မဟာမိတ် စာချုပ် မချုပ်ရသေးဘူးဆိုတာ ကျွန်တော်တို့ သေသေချာချာ သိထားပါတယ်'

'ဘယ်လဂျီယန်နှင့်ကော'

'ဘယ်လဂျီယန်နှင့်လည်း စာချုပ် ချုပ်မထားဘူးဗျ'

ဗွန် ဘော့က ခေါင်းကို ယမ်းလိုက်လျက်

'မဖြစ်နိုင်ဘူး ထင်တယ်၊ စာချုပ် တစ်ခု ချုပ်ထားတယ်၊ ကိုယ့် မဟာမိတ်တွေ ဒီလို ဖြစ်နေတာကို သူ လက်ပိုက် ကြည့်နေရင် သူ့ သိက္ခာဟာ ဘယ်မှာ ရှိတော့မှာလဲ'

'လောလောဆယ်မှာတော့ သူ့အဖို့ ငြိမ်းချမ်းရေး လိုနေသေးတယ်လေ'

'ဒါပေမဲ့ သူ့ သိက္ခာကကောဗျာ'

'ခက်လိုက်ပါဘိဗျာ၊ ခု ကျုပ်တို့ ခေတ်ဟာ သိက္ခာတွေ ဘာတွေကို ကြည့်နေတဲ့ ခေတ် မဟုတ်ဘူးဗျ၊ အလိုက်သင့် အလျားသင့် နေတဲ့ ခေတ်ကြီး၊ ဂုဏ်သိက္ခာ ဆိုတာ အလယ်ခေတ်က အမြတ်တနိုး ထားခဲ့တဲ့ ပစ္စည်းပါ၊ ဒီခေတ်မှာ ဒါကို သိပ်ပြီး အမြတ်တနိုး မထားကြတော့ဘူး၊ ဒါတွေ အပ ထားဦး၊ အင်္ဂလန်ဟာ စစ်တိုက်ဖို့ အဆင်သင့် မဖြစ်သေးဘူးဗျ၊ စစ်တိုက်ဖို့ စဉ်းကိုမစဉ်းစားနိုင်သေးဘူး၊ ကျုပ်တို့က စစ်စရိတ် အဖြစ် သန်းငါးဆယ် စုတယ်ဆိုတဲ့ သတင်းဟာ လန်ဒန်တိုင်း သတင်းစာ မျက်နှာဖုံးမှာ စာလုံးမည်းကြီးတွေနှင့် ပါပြီးပြီ၊ ဒါပေမဲ့ အင်္ဂလိပ်တွေကတော့ အိပ်ပျော်နေတုန်းပဲ ရှိသေးတယ်၊ ကျုပ်တို့ကို ဟိုက ဒီက မေးတာကလေးတွေတော့ ရှိသပေါ့ဗျာ၊ ကျုပ်ကလည်း ဖြေရတာတော့ ရှိသပေါ့၊ သို့သော်လည်း လက်နက် ခဲယမ်းမီးကျောက် အခြေအနေ၊ ရေငုပ် သင်္ဘော တည်ဆောက်ရေး အခြေအနေ၊ ဗုံးတွေ ဘာတွေ ထုတ်လုပ်တဲ့ အခြေအနေ စတဲ့ အရေးကြီးတဲ့ ကိစ္စတွေမှာ ခင်ဗျား လူတွေ ဘာမှ မမြင်ရသေးဘူးဗျ၊ ခု ကျုပ်တို့က အိုင်ယာလန်မှာ ပြည်တွင်းစစ် ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆွဲပေးထားတယ်၊ ကန့်ကွက်ပွဲတွေ ဖြစ်အောင် သွေးထိုး လှုံ့ဆော်ထားတယ်၊ ဒီလို အချိန်မှာ အင်္ဂလန်ဟာ ဘယ်လို လုပ်ပြီး စစ်ထဲ ဝင်တိုက်နိုင်ပါ့မလဲ၊ ဒါဟာ ခုလောလောဆယ် အခြေအနေပဲဗျ'

'ဖြစ်လာမယ့် အလားအလာကို တွက်ကြည့်ရလိမ့်မယ်လေ'

'ဒါကတော့ တစ်ပြဿနာပေါ့ဗျာ၊ ကျုပ် ထင်ပါတယ်၊ အင်္ဂလန်နှင့် ပတ်သက်လို့ ကျုပ်တို့ အစိုးရပိုင်းမှာလည်း သတ်သတ် စီမံကိန်း ရှိလိမ့်မယ် ထင်တာပဲ၊ အဲဒီ အခါကျရင်တော့ ခင်ဗျား အပိုင်းက အရေးကြီး လာပြီပေါ့၊ ဘယ်လိုပဲ ဖြစ်ဖြစ် အင်္ဂလန်နှင့်တော့ ဒီနေ့လား နက်ဖြန်လားပဲဗျ၊ သူတို့က ဒီနေ့ တိုက်ချင်တယ် ဆိုရင် ကျုပ်တို့ကတော့ အဆင်သင့်ပဲ၊ မနက်ဖြန် ဆိုရင်တော့ ကျုပ်တို့မှာ ပိုပြီးတောင် အဆင်သင့် ဖြစ်လိမ့်ဦးမယ်၊ ကျုပ် အထင်တော့ အင်္ဂလိပ်ဟာ ကျုပ်တို့ကို သူ တစ်ဦးတည်း တိုက်တာထက် မဟာမိတ်တွေနှင့် ပေါင်းပြီး တိုက်သင့်တယ် ထင်တာပဲ၊ အေးလေ၊ ဒါက ကျုပ်တို့ အလုပ် မဟုတ်ပါဘူး၊ သူ့ အလုပ်ပဲ၊ ဒီတစ်ပတ်ဟာ သူတို့ အတွက် သေရေးရှင်ရေးကို ဆုံးဖြတ်မယ့် အပတ်ပဲဗျ၊ ဒါထက် နေစမ်းပါဦး၊ ခင်ဗျား စာရွက် စာတမ်းတွေကို ပြမယ်ဆို'

အတွင်းဝန်သည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေရာ သူ့ နဖူးကြီးသည် ပြောင်လက်လျက် ရှိ၏။ ဗွန် ဘော့ဂ်မှာ ဆေးပြင်းလိပ်ကို ဖွာလျက် ရှိလေ၏။

ဝက်သစ်ချသား ကာထားပြီး စာအုပ်များ တန်းစီနေသည့် အခန်းကြီး ထိပ်တွင် ကန့်လန့်ကာကြီး တစ်ခု ဆွဲထားလေ၏။ ကန့်လန့်ကာကို ဆွဲဖွင့်လိုက်သည့် အခါတွင် ကြေးဝါကပ် မီးခံသေတ္တာကြီး တစ်လုံး ပေါ်လာလေ၏။ ဗွန် ဘော့ဂ်သည် သူ့နာရီ ကြိုးမှ သော့ တစ်ချောင်းကို ဖြုတ်ယူလိုက်ပြီးလျှင် သော့အိမ်ကို ဟိုလှည့် ဒီလှည့် လုပ်ပြီးနောက် တံခါးကို ဖွင့်လိုက်လေ၏။

ထို့နောက် ကြည့်သာအောင် ကိုယ်ကို ဖယ်ပေးလိုက်ပြီးလျှင် လက်ယပ်ခေါ်ကာ

'ဒီမှာ လာကြည့်လှည့် ခင်ဗျ'

အလင်းရောင်သည် မီးခံသေတ္တာထဲသို့ တည့်တည့်ကြီး ထိုးကျလျက် ရှိသဖြင့် သံရုံး အတွင်းဝန်သည် မီးခံသေတ္တာထဲရှိ ခိုအိမ်ပေါက်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလျက် ရှိလေ၏။ ခိုအိမ်ပေါက်ထဲတွင် စာ ကပ်ထားသည့် အတွက် ထိုစာတန်းများကို အပြေးအလွှား လျှောက် ဖတ်လိုက်သည်တွင် ရေကုမ္ပဏီ ဆိုင်ရာ၊ သင်္ဘောဆိပ် ကာကွယ်ရေး ကိစ္စများ၊ လေယာဉ်ပျံများ၊ အိုင်





ယာလန်ပြည်ဆိုင်ရာ၊ အီဂျစ်ပြည်ဆိုင်ရာ၊ ပေါ့စမောက် ခံတပ်များ၊ ရေလက်ကြား ကာကွယ်ရေး စစ်ကြောင်း၊ ရိုးဆိုက် စသည်များနှင့် အခြားသော စာတန်းများ ဖြစ်လေ၏။ ခိုအိမ်ပေါက်တိုင်းတွင် စာရွက်များ ပုံကြမ်းများဖြင့် ပြည့်နှက်လျက် ရှိလေ၏။

'ဟန်ကျလိုက်လေဗျာ' ဟု အတွင်းဝန်က ဆိုကာ ဆေးပြင်းလိပ်ကို ချလိုက်ပြီးလျှင် လက်ခုပ်တီးလိုက်လေ၏။

'အဲဒီ လေးနှစ် အတွင်း ကျွန်တော် စုထားတာတွေပဲ ခင်ဗျ၊ လူကို ကြည့်တော့သာ အရက် သောက်ပြီး တောလိုက်တဲ့ မြေရှင်ကလေးပေမဲ့ လုပ်ထားတာတွေကတော့ မနည်းပါဘူးဗျ၊ ဒါပေမဲ့ ကျွန်တော် ရထားတာတွေထဲမှာ အဖိုး အတန်ဆုံးတွေ မပါသေးဘူး ခင်ဗျ၊ နိဒါန်းပဲ ရှိသေးတယ်' ဟု ဆိုကာ ရေတပ်ဘက်ဆိုင်ရာ အချက်ပြ ဆက်သွယ်မှုများ ဟု စာကပ်ထားသည့် ခိုအိမ်ပေါက်ကို ပြလေ၏။

'တော်တော့်ကို စုံနေပါပေါ့လား'

'ဒါတွေက သိပ် ခေတ်မမီတော့ဘူးဗျ၊ နောက်ကျသွားပြီ၊ အိမ်သာသုံးစက္ကူ လုပ်ဖို့ပဲ ကောင်းတော့တယ်၊ ရေကြောင်း ဝန်ကြီးဌာနက သတင်း ရသွားလို့ သူတို့ စကားဝှက်တွေ အားလုံးကို ပြောင်းလိုက်ပြီ၊ ဒီတစ်ချီ တော်တော်လေးကို နာသွားတယ် ခင်ဗျာ၊ ကျွန်တော့် ထောက်လှမ်းရေး လုပ်ငန်း တစ်လျှောက်လုံးမှာ ဒီလောက် နာတာ တစ်ခါမှ မရှိဖူးသေးဘူး၊ ဒါပေမဲ့ ကျွန်တော့် ချက်လက်မှတ် စာအုပ်နှင့် အယ်လတာ မောင့် ဆိုတဲ့ လူကြောင့် ဒီနေ့ည ဆိုရင် ဒီထက် အဖိုးတန်တဲ့ သတင်းတွေကို ရတော့မှာပါ'

အတွင်းဝန်သည် လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ပြီးလျှင် စိတ်ပျက်လက်ပျက်ဖြင့်

'ဒုက္ခပဲဗျာ၊ ကျွန်တော် စောင့်ချိန် ရမှာ မဟုတ်တော့ဘူး၊ အခြေအနေက မိနစ်နှင့် အမျှ ပြောင်းနေတော့ သံရုံးမှာ ကျွန်တော်တို့ အားလုံး အွန်ဂျူတီ ရှိနေမှ ဖြစ်မှာ၊ ခင်ဗျားဆီက သတင်းကောင်း ကြားရလိမ့်မယ်လို့ မျှော်လင့်နေရတော့မှာပဲ၊ အယ်လတာ မောင့်က ဘယ်အချိန် လာမယ် ဆိုတာ ပြောပြီးပလား'

ဗွန် ဘော့ဂ်သည် ကြေးနန်း တစ်စောင်ကို ထိုး၍ ပြလေ၏။

ယနေ့ည ဆက်ဆက် လာမည်။ မီးပွင့်သော ပလပ်အသစ်များ ယူခဲ့မည်။ အယ်လတာ မောင့်။

'မီးပွင့်တဲ့ ပလပ် ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်မှာ ကားတွေ ရှိတော့ သူက မက္ကင်းနစ် တစ်ယောက် အနေနှင့် လာမှာ ခင်ဗျ၊ ကျွန်တော်တို့ စကားဝှက်တွေ အားလုံးကို မော်တော်ကားပစ္စည်း နာမည်တွေ ပေးထားတယ်၊ ရေဒီယေးတား ဆိုရင် စစ်သင်္ဘော၊ ဆီပိုက်ဆိုရင် ဖျက်သင်္ဘော စသဖြင့်ပေါ့လေ၊ မီးပွင့်တဲ့ ပလပ် ဆိုတာက ရေတပ်ဘက်က အချက်ပြ စကားဝှက်တွေကို ပြောတာ'

'နေ့လယ်မှာ ပို့စမောက်က ရိုက်လိုက်တာဗျ' ဟု အတွင်းဝန်က ကြေးနန်းတွင် ရိုက်ထားသည့် တံဆိပ်ကို ကြည့်၍ ပြောလိုက်၏။

'ဒါထက် နေစမ်းပါဦး၊ ဘယ်လောက် ပေးရသလဲ'

'ဒီကိစ္စ တစ်ခု အတွက် သူ့ကို ပေါင် ငါးရာ ပေးရမယ်၊ ပုံမှန် ပေးထားတဲ့ လခလည်း ရှိတယ်'

'တော်တော် လောဘကြီးတဲ့ ကောင်ဗျာ၊ ဒီသစ္စာဖောက်တွေဟာ အသုံးတော့ ကျပါရဲ့၊ ဒါပေမဲ့ ကျုပ်တော့ ဒီကောင်တွေ ဒီလောက် ပိုက်ဆံရတာကို ကြည့်ပြီး သိပ်တောင် မနာလိုချင်ဘူး'

'ကျွန်တော်ကတော့ ဒီလူကို မနာလို မဖြစ်ဘူး ခင်ဗျ၊ တော်တော် အလုပ် ကျွမ်းကျင်တဲ့ လူ၊ ပိုက်ဆံ ကောင်းကောင်း ပေးရင် ပစ္စည်း ကောင်းကောင်း ပေးတယ်၊ ပြီးတော့ ဒီလူက သစ္စာဖောက်လည်း မဟုတ်ပါဘူး၊ သူက အိုင်းရစ်နှင့် အမေရိကန် ကပြား ဆိုတော့ အင်္ဂလန်ကို ဘာ သစ္စာ စောင့်သိစရာ ရှိသလဲ'

'ဘာ၊ သူက အိုင်းရစ် အမေရိကန် ကပြားလား'

'စကား ပြောကြည့်လိုက်ရင် သိပါတယ်၊ တစ်ခါတလေကျတော့လည်း ကျွန်တော် ဒီလူကို နားမလည်ဘူး၊ သူ့ကို ကြည့်ရတာ တစ်ခါတလေကျတော့ အင်္ဂလိပ် လူမျိုးရဲ့ ဘုရင်မင်းမြတ်ကို တော်တော် မုန်းတီးတဲ့ပုံ၊ တစ်ခါတလေကျတော့လည်း ဘုရင်မင်းမြတ်ရဲ့ အင်္ဂလိပ် လူမျိုးကို တော်တော် မုန်းတီးတဲ့ပုံပဲ ခင်ဗျ၊ တကယ် ပြန်တော့မလို့လား၊ ခဏနေရင် ရောက်လာမှာပဲ ဥစ္စာ'

'ပြန်မှ ဖြစ်မယ်ဗျ၊ ခုတောင် အချိန် တော်တော် ကြာသွားပြီ၊ ကောင်းပြီလေ၊ မနက်ဖြန် မနက်မှာ ခင်ဗျားကို မျှော်နေမယ်၊ ခင်ဗျား ပြောတဲ့ အချက်ပြ စကားဝှက် စာအုပ်ကို ရပြီ ဆိုရင်တော့ အင်္ဂလန်မှာ ခင်ဗျား လုပ်ခဲ့သမျှတွေထဲမှာ နံပါတ်ဝမ်းပေါ့ဗျာ၊ ဘာလဲဗျ၊ တိုကေးဝိုင်လား'

ချိပ်ပိတ်ထားပြီး ဖုန် အလိမ်းလိမ်း တက်နေသော ပုလင်း တစ်လုံးနှင့် လင်ဗန်းထဲရှိ ဖန်ခွက် နှစ်လုံးကို လက်ညှိုးထိုး၍ မေးလိုက်လေ၏။





'မသွားခင် တစ်ခွက် တစ်ဖလားလောက် သောက်သွားပါဦးလား'

'တော်ပြီဗျာ၊ အရက်လေး ဘာလေး သောက်ကြမလို့လား'

'အယ်လတာ မောင့် ဆိုတဲ့ လူက ဝိုင် အမျိုးမျိုးကို သောက်ဖူးတယ် ခင်ဗျ၊ ကျွန်တော် သိမ်းထားတဲ့ တိုကေးကို တော်တော် သဘောကျနေတာ၊ ပြီးတော့ လူက နည်းနည်းလည်း ချေးများတတ်တဲ့ လူ ဆိုတော့ သူ့ကို နည်းနည်း ရှင်လာအောင် လုပ်ပေးရတယ်၊ သူ့ကို လေ့လာတာပေါ့လေ'

၎င်းတို့ နှစ်ယောက်သည် မြက်ခင်းပြင်ဘက်သို့ ထွက်လာခဲ့ကြလေ၏။ မြက်ခင်း တစ်ဖက်တွင် ဒရိုင်ဘာက စက်နှိုးလိုက်သဖြင့် မာစီဒီးကားကြီးသည် တုန်ခါစ ပြုလာလေ၏။

အတွင်းဝန်သည် ဖုန်ကာ အင်္ကျီကြီးကို ကောက်၍ စွပ်လိုက်ပြီးနောက်

'ဟောဟိုက လက်လက် လက်လက်နှင့်ဟာ ဟားဝစ် ဆိပ်ကမ်း မဟုတ်လား၊ ကြည့်စမ်းဗျာ၊ ဘယ်လောက် အေးချမ်း ငြိမ်သက်သလဲ၊ နောက် တစ်ပတ် ဆိုရင် ဒီမီးရောင်တွေတွင် မကတော့ဘူး၊ ကျုပ်တို့ သင်္ဘောတွေက မီးတွေကို မြင်ရတော့မယ်၊ အဲဒီအခါကျတော့ ဒီလောက် အေးချမ်း ငြိမ်သက်နိုင်ရှာမှာ မဟုတ်တော့ဘူး၊ အကယ်၍ ကျုပ်တို့ရဲ့ ဇက်ပလင် လေယာဉ်တွေလည်း မှန်းတဲ့ အတိုင်း ထုတ်လုပ်နိုင်လာပြီ ဆိုရင်တော့ အင်္ဂလန် ကောင်းကင် တစ်ခိုဟာလည်း အေးချမ်း ငြိမ်သက်နိုင်ရှာမှာ မဟုတ်တော့ဘူးဗျ၊ အလို သူက ဘယ်သူလဲဗျ'

သူတို့နောက်မှ အိမ်ကြီးပေါ်တွင် ပြတင်း တစ်ပေါက်သာလျှင် မီးလင်းလျက် ရှိလေ၏။ အခန်းထဲတွင် မှန်အိမ် တစ်လုံး လင်းလျက် ရှိပြီး မှန်အိမ်ဘေးရှိ စားပွဲတွင်မူ တောဦးထုပ် တစ်လုံးကို ဆောင်းထားသည့် အသား နီနီနှင့် အဘွားကြီး တစ်ယောက် ထိုင်လျက် ရှိလေ၏။ အဘွားကြီးသည် တင့်တင့်ဖြင့် သိုးမွေး ထိုးလျက် ရှိရာမှ တစ်ခါတစ်ရံတွင် အနီးရှိ ခွေးခြေ တစ်လုံးပေါ်တွင် ထိုင်နေသည့် ကြောင်နက် တစ်ကောင်ကို အသာအယာ ပွတ်သပ်ပေးလျက် ရှိလေ၏။

'မာသာ ဆိုတဲ့ အဘွားကြီးပါ၊ ကျွန်တော့် အိမ်မှာ အိမ်စေ ဆိုလို့ သူ တစ်ယောက်ပဲ ကျန်ခဲ့တော့တယ်'

အတွင်းဝန်က ရယ်လိုက်၏။

'ကြည့်စမ်းဗျာ၊ သိုးမွေးကို စိတ်ပါလက်ပါ ထိုးပြီး အေးအေးဆေးဆေး ထိုင်နေပုံကတော့ တကယ့် အင်္ဂလိပ် အမျိုးသမီး ပီသပါပေတယ်၊ ဒါ သွားမယ်ဗျို့၊ အော်ရီဗွား'



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး လက်ပြ နှုတ်ဆက်ပြီးနောက် အတွင်းဝန်သည် ကားထဲသို့ ဝင်ထိုင်လိုက်လေရာ ခဏ ကြာလျှင် မီးရောင်တန်း နှစ်တန်းသည် အမှောင်ထုကို ဖောက်ထွင်း၍ ထွက်ခွာသွားလေ၏။ အတွင်းဝန်သည် ဇိမ်ကျလှသည့် ကားကြီးထဲတွင် နောက်မှီ၍ ထိုင်ရင်း မကြာမီ ဖြစ်ပွားတော့မည့် စစ်ကြီးအကြောင်းကို တွေးတော လိုက်ပါလာခဲ့လေရာ ရွာတစ်ရွာ အနီး လမ်းကျဉ်းကလေး တစ်ခုသို့ ရောက်လျှင် မျက်နှာချင်းဆိုင်မှ လာသော ဖို့ ကားငယ်ကလေး တစ်စီးအား ရှောင်လာခဲ့သည်ကိုပင် သတိ မထားလိုက်မိချေ။

အဝေးတွင် မော်တော်ကား မီးရောင်များ မှေးမှိန် ပျောက်ကွယ်သွားသည့် အခါ၌ ဗွန် ဘော့ဂ်သည် စာကြည့်ဆောင်ထဲသို့ ပြန်ဝင်လာခဲ့လေ၏။ သူ ပြန်လာသည့် အခါတွင် သူ့ အိမ်စေ အဘွားကြီးမှာ မီးကို ငြိမ်းကာ အိပ်ရာသို့ ဝင်သွားခဲ့လေပြီ။ သားမယားနှင့် အစေခံများကို ဂျာမနီသို့ ပြန်ပို့လိုက်ပြီ ဖြစ်သည့် အတွက် ကျယ်ဝန်းလှသော သူ့ အိမ်ကြီးမှာ အကြီးအကျယ် တိတ်ဆိတ်လျက် မည်းမှောင်လျက် ရှိလေရာ သူ့ အဖို့ အသစ်အဆန်း ဖြစ်လျက် ရှိပေ၏။ သူတို့ အားလုံး ဘေးကင်း လုံခြုံရာသို့ ရောက်ပြီဟု လည်းကောင်း၊ မီးဖိုထဲတွင် တကုပ်ကုပ် လုပ်နေသည့် အိမ်စေ အဘွားကြီးမှ လွဲလျှင် ဤအိမ်ကြီးတွင် သူ တစ်ယောက်တည်းသာ နေထိုင်လျက် ရှိသည်ဟု လည်းကောင်း တွေးမိသည့် အခါတွင် ဗွန် ဘော့ဂ်မှာ စိတ်သက်သာရာ ရသွားလေ၏။ သူ့ စာကြည့်ဆောင်ထဲတွင် ပစ္စည်းများကို သိမ်းဆည်းရဦးမည်ဟု သတိရသဖြင့် သူကိုယ်တိုင် စာရွက်စာတမ်းများကို ထုတ်၍ မီးရှို့ပစ်လျက် ရှိလေရာ ချောမော ခံ့ညားသော သူ့ မျက်နှာသည် မီးတောက်များမှ အရောင်ကြောင့် နီရဲလျက် ရှိလေ၏။ မီးခံသေတ္တာထဲမှ အဖိုးတန် စာရွက်စာတမ်းများကို ယူကာ စားပွဲ အနီးတွင် ရှိသည့် သားရေ လက်ဆွဲအိတ် တစ်လုံးထဲသို့ သေသပ်စွာ ထည့်လျက် ရှိလေ၏။ သို့ရာတွင် စာရွက်စာတမ်းများကို ထည့်နေစဉ် အဝေးမှ ကားသံ သဲ့သဲ့ တစ်ခုကို ကြားလိုက်ရလေ၏။

နားပါးသော ဗွန် ဘော့ဂ်သည် အားရဝမ်းသာဖြင့် တစ်ချက် လေချွန်လိုက်ပြီးနောက် သားရေအိတ်ကို ပိတ်၊ မီးခံသေတ္တာကို သော့ခတ်ပြီး နောက်အိမ်ရှေ့ မြက်ခင်းပြင်သို့ ထွက်လာခဲ့လေ၏။

သူ ရောက်သွားသည့် အခါ၌ ဂိတ်ဝတွင် ရပ်လိုက်သော ကား ခပ်သေးသေး တစ်စင်းကို တွေ့ရလေ၏။

လူတစ်ယောက်သည် ကားပေါ်မှ ဆင်းလာကာ သူ့ ဆီသို့ ခပ်သွက်သွက်





လျှောက်လာသည်တွင် အသက် ကြီးကြီး၊ ကိုယ်လုံး ကိုယ်ပေါက် တောင့်တောင့်၊ မုတ်ဆိတ် ဖြူဖြူနှင့် ကားဒရိုင်ဘာသည် ကြာရှည် လေးမြင့်စွာ စောင့်ရတော့မည်ကို သိသည့်နှယ် ကားပေါ်တွင် သက်သောင့်သက်သာ ဖြစ်အောင် နေရာပြင်၍ ထိုင်လိုက်လေ၏။

ဗွန် ဘော့ဂ်သည် ဧည့်သည်ထံသို့ ခပ်သုတ်သုတ် ပြေးသွားကာ

'ဘယ်လိုလဲဗျို့'

ထိုလူက အဖြေ ပေးသည့် အနေဖြင့် အညိုရောင် စက္ကူဖြင့် ထုပ်ထားသည့် အထုပ်ကလေး တစ်ခုကို ခေါင်းပေါ်သို့ မြှောက်ပြလေ၏။

'ဒီနေ့ညတော့ ဝမ်းသာပေတော့ဗျို့၊ ဝက်ပေါင်ခြောက်တော့ ရလာပြီ' ဟု ထိုလူက ပြောလေ၏။

'စကားဝှက်တွေကော'

'ကျွန်တော့် ကြေးနန်းမှာ ပါတဲ့ အတိုင်းပေါ့၊ နောက်ဆုံး စကားဝှက်အားလုံး ပါတယ်၊ အလံနှင့် အချက် ပြတာ၊ မီးနှင့် အချက် ပြတာ၊ ကရာကာတွန်းနှင့် အချက် ပြတာ၊ အကုန်ပေါ့၊ တစ်ခုတော့ ရှိတယ်ဗျ၊ ကော်ပီပဲ ရမယ်၊ မူရင်းတော့ မရနိုင်ဘူး၊ မူရင်းကို ယူလာရတာ သိပ် အန္တရာယ် ကြီးတယ်၊ ဒါပေမဲ့ ပစ္စည်းက အမျိုးမှန်တွေပါ၊ စိတ်ချပါ'

ထိုလူက ရင်းရင်းနှီးနှီး ပခုံးကို ခပ်ကြမ်းကြမ်း ပုတ်၍ ပြောလိုက်သဖြင့် ဗွန် ဘော့ဂ်မှာ အောင့်သွားလေ၏။

'လာလေ၊ အထဲမှာ ကျွန်တော် တစ်ယောက်တည်းရယ်၊ ကျွန်တော် ခင်ဗျားကို မျှော်နေတာ အတော်ပဲ၊ ကောင်းပါတယ်၊ ကော်ပီပဲ ကောင်းပါတယ်၊ ကော်ပီက မူရင်းထက်တောင် ပိုကောင်းသေးတယ်၊ မူရင်း ပျောက်နေရင် စကားဝှက်တွေကို အကုန် ပြန်ပြောင်း ပစ်တော့မှာပေါ့၊ ကော်ပီက စိတ်တော့ ချရပါတယ်နော်'

အိုင်းရစ် အမေရိကန် ကပြားသည် အိမ်ထဲသို့ ဝင်လာကာ ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်လိုက်ပြီး ရှည်လျားသည့် ခြေထောက်များကို ဆန့်တန်းလိုက်လေ၏။ ထိုလူမှာ အရပ် ရှည်ရှည်၊ ပိန်ပိန်ပါးပါး ဖြစ်ပြီး အသက် ခြောက်ဆယ်ခန့် ရှိလေပြီ။ မျက်နှာမှာ ပြတ်သား ကြည်လင်သော ဥပဓိရုပ် ရှိပြီး မုတ်ဆိတ်မွေး ခပ်သေးသေး ထားသဖြင့် သူ့ ရုပ်ကို ကြည့်ရသည်မှာ ကာတွန်းထဲမှ ဦးလေး ဆမ် အရုပ်နှင့် တူနေလေ၏။ ထိုလူသည် ကုလားထိုင်တွင် ထိုင်ပြီးလျှင် ခဲထားသည့် ဆေးပြင်းလိပ်ကို မီးခြစ်ခြင် ညှိနေလေ၏။

www.burmeseclassic.com



နောက် အခန်း ပတ်ပတ်လည်ကို ကြည့်လိုက်လျက်

'ပြောင်းဖို့ ရွှေ့ဖို့ အသင့် ပြင်ထားတာလား' ဟု ပြောရင်း ကန့်လန့်ဖြတ် ဖွင့်ထားသဖြင့် ပေါ်နေသော မီးခံသေတ္တာကို လှမ်းကြည့်လိုက်ပြီးနောက်

'ခင်ဗျား စာရွက်စာတမ်းတွေကို ဒီသေတ္တာထဲမှာ သိမ်းထားတယ်ဆို ကျွန်တော့်ကို မပြောဖူးပါဘူး'

'ဘာဖြစ်လို့လဲ'

'ဖြစ်မှ ဖြစ်ရလေဗျာ၊ ဒီလောက် ကြီးတဲ့ မီးခံသေတ္တာထဲမှာ ဒီအတိုင်း ထားရတယ်လို့ပဲ၊ မြင်ရုံနှင့် ခင်ဗျားကို သူလျှိုမှန်း သိမှာပေါ့၊ ကျုပ်လိုကောင် ဆိုရင် ခင်ဗျား မီးခံသေတ္တာကို ငါးသေတ္တာ ဖောက်တဲ့ ဖောက်တံနှင့်တောင် ဖွင့်လို့ ရသေးတယ်၊ ကျုပ် ရေးတဲ့ စာတွေကို ဒီလို ပစ်စလက်ခတ် သိမ်းထား မှန်းသာ သိရင် ခင်ဗျားဆီကို စာတောင် ရေးမှာ မဟုတ်ဘူး'

'ကြည့်ရင်တော့ ဖွင့်ရတာ လွယ်သလိုပဲဗျ၊ ဒါပေမဲ့ ဒီသေတ္တာကို ခင်ဗျား ဖြတ်ချင်တဲ့ ပစ္စည်းနှင့် ဖြတ်၊ ဖြတ်လို့ မရဘူးဗျ'

'သော့နှင့် ဖွင့်မှာပေါ့ဗျ'

'သော့က အာမခံသော့ဗျ၊ ဂဏန်းနှင့် လှည့်ရတာ၊ ဒါတောင် တစ်ထပ် မဟုတ်ဘူး၊ နှစ်ထပ်'

'ကဲ ကျုပ်ကို ရှာကြည့်လေ၊ ဖွင့်ပြမယ်'

'မလွယ်ပါဘူးဗျာ၊ သော့ကို ဖွင့်ချင်ရင် ခင်ဗျား စကားလုံး တစ်လုံးဆို စာလုံးပေါင်းပြီး လှည့်ရမယ်၊ ပြီးတော့ ဒါနှင့် မရသေးဘူး၊ ဂဏန်း တချို့ကို လည်း လှည့်ရဦးမယ်'

ဗွန် ဘော့ဂ်သည် သော့ပေါက်ရှိ နှစ်ထပ် လှည့်ရသော သော့ခလောက် အိမ်ကို ပြလေ၏။

'အပေါ်က သော့အိမ်ပိုင်းက စာလုံးပေါင်းကို လှည့်ရမှာဗျ၊ အောက် က သော့အိမ်ပိုင်းက ဂဏန်း လှည့်ရမှာ'

'ဩော် ဒီလိုလား၊ ဒီလိုဆိုရင်တော့ မဆိုးလှပါဘူး'

'ခင်ဗျား ထင်သလောက်တော့ မလွယ်လှဘူးဗျ၊ ဒီ သော့အိမ်ကို လွန်ခဲ့ တဲ့ လေးနှစ်က လုပ်ထားတာ၊ သော့ကို ဖွင့်တဲ့ စကားဝှက်နှင့် ဂဏန်းတွေက ဘာတွေ ဖြစ်မယ် ထင်သလဲ'

'ဒါတော့ မပြောတတ်ဘူးလေဗျာ'

'စကားလုံးက ဩဂုတ်လတဲ့ဗျ၊ ဂဏန်းက ၁၉၁၄ တဲ့ဗျ'



အမေရိကန်သည် အံ့အံ့ဩသင့်သွားကာ ချီးကျူး အံ့ဩဟန် ပေါ်သွား၏။

'ပိုင်လိုက်လေဗျာ၊ အကြောင်းအရာနှင့် စကားလုံးနှင့်တော့ လိုက်ပါ သတယ်'

'ဟုတ်တယ်ဗျ၊ ဒီ သော့ဖွင့် စကားဝှက်ကို ကျုပ်တို့ လူတွေတောင် စိတ်မကူးမိကြဘူး၊ မနက်ဖြန် မနက် ဆိုရင်တော့ ဒီ မီးခံသေတ္တာကို ပိတ်လိုက် တော့မယ်လေ'

'ဒီလိုဆိုရင် ကျွန်တော့် ကိစ္စကိုလည်း ရှင်းပေးသွားဦးလေ၊ ကျွန်တော် သည်း ဒီလောက် အသုံးမကျတဲ့ တိုင်းပြည်မှာ တစ်ယောက်တည်း ကြာကြာ နေချင်တော့ဘူး၊ ကျွန်တော် သိသလောက် ဆိုရင် အင်္ဂလိပ်ဟာ တစ်ပတ် လောက် အတွင်းမှာ လှုပ်ရှား လာလိမ့်မယ်လို့ ထင်တယ်၊ ဒီတော့ တခြား တိုင်းပြည်က နေပြီး သူ့ ခြေလှမ်းကို စောင့်ကြည့်တာက ပိုကောင်းမယ် ထင် တယ်'

'ခင်ဗျားက အမေရိကန် နိုင်ငံသား အဖြစ် ယူထားတယ် မဟုတ်လား'

'ဂျက် ဂျိမ်းဟာလည်း အမေရိကန် နိုင်ငံသားပဲဗျ၊ ဒါပေမဲ့ သူလည်း ထောင်တလင်းမှာ အဖမ်းခံရတာပဲ၊ ဗြိတိသျှ ပုလိပ်ကို အမေရိကန် နိုင်ငံသားလို့ သွားပြောလည်း ထူးမှာ မဟုတ်ပါဘူး၊ အင်္ဂလိပ် ဥပဒေဟာ အင်္ဂလိပ် ဥပဒေ ပဲ ပြောရမှာပဲ၊ ဂျက် ဂျိမ်း အကြောင်း စပ်မိလို့ ပြောလိုက်ရဦးမယ်၊ ခင်ဗျား တို့ လူတွေကို ထားပုံက လုံလုံခြုံခြုံလည်း မရှိပါလားဗျ'

'ခင်ဗျား ဘာကို ဆိုလိုတာလဲ'

'ခင်ဗျားက သူတို့ အလုပ်ရှင် မဟုတ်လား၊ သူတို့ လုံလုံခြုံခြုံ ရှိ မရှိ ကို ခင်ဗျား ကြည့်ရမှာပေါ့၊ ဒါပေမဲ့ ခင်ဗျား လူတွေ ဒုက္ခရောက်ပြီး ဗြိတိသျှ ပုလိပ် လက်ကို ရောက်ရောက်ကုန်ကြတာပဲ၊ ခင်ဗျားတို့က ဘာမှလည်း အကာ အကွယ် မပေးနိုင်ဘူး၊ ဥပမာ ဂျိမ်း ဆိုရင် ...'

'ဒါကတော့ သူ့ အပြစ်နှင့် သူကိုးဗျ၊ ကျွန်တော် ဘာတတ်နိုင်မှာလဲ၊ ခင်ဗျား ကောင်းကောင်း သိပါတယ်၊ သူက လုပ်တာ ကိုင်တာ သိပ် လောကြီး တယ်'

'အင်း လူကလည်း နည်းနည်းတော့ ထူလို့ပါလေ၊ ပြီးတော့ ဘိုးလစ် ဆိုရင်လည်း ...'

'ဒီလူကလည်း အရူးပဲဗျ'



www.burmeseclassic.com

www.burmeseclassic.com



'အင်း သူလည်း အဖမ်းခံရခါနီးမှာ တော်တော်လေး ကြောင်သွားတယ်ဗျ၊ အေးလေ၊ တစ်နေ့လုံး မတစ်ရာသားတွေနှင့် ပေါင်းပြီး ပုလိပ်တွေ ကြားထဲမှာ အလုပ် လုပ်နေရတော့ တော်တော်တန်တန် လူလည်း ဘယ်ခံနိုင်ပါတော့မလဲ၊ ကြောင်ရောပေါ့၊ ပြီးတော့ စတိန်းနား ဆိုရင်လည်း ...'

ဗွန် ဘော့ဂ်သည် ဆတ်ခနဲ လှုပ်ရှားသွားကာ နီရဲသော သူ့ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။

'စတိန်းနား ဘာဖြစ်လို့လဲ'

'စတိန်းနားကို မိသွားပြီ ခင်ဗျ၊ မနေ့ညတုန်းက စတိန်းနား အိမ်ကို တက်ရှာတယ်၊ လူရော သူ့ စာရွက်စာတမ်းတွေရော ပို့စမောက် ထောင်ထဲမှာ ရောက်နေပြီ၊ ခင်ဗျားတို့ကတော့ လွတ်သွားပါရဲ့၊ သူ့ခမျာတော့ ထောင်ထဲမှာ နေပေရော့ပဲ၊ ဒါတောင် ကြိုးမကျရင် ကံကောင်း၊ ဒါကြောင့်မို့ ခင်ဗျားတို့လိုပဲ ကျွန်တော်လည်း တတ်နိုင်သမျှ အမြန်ဆုံး လစ်ချင်ပြီဗျ၊ ဒီမှာ မနေချင်တော့ဘူး'

ဗွန် ဘော့ဂ်သည် စိတ်ခိုင်သူ တစ်ယောက် ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် အတော် အတန် ထိန်းချုပ်နိုင်သူ တစ်ဦး ဖြစ်သည့်တိုင် ထိုသတင်းကို ကြားလိုက်ရသည့် အခါတွင် အတော်ကြီး တုန်လှုပ် ချောက်ချားသွားသည်ကို မြင်လိုက်ရလေ၏။

'စတိန်းနားကို ဘယ်လိုလုပ်ပြီး ဖမ်းမိသွားတာလဲဗျ၊ ဒီတစ်ချက်တော့ တော်တော် နာတာပဲ'

'ဒီတစ်ချက်တွင် မဟုတ်ဘူးဗျ၊ နောက်ထပ် နာစရာတွေ ရှိသေးတယ်၊ လာလိမ့်ဦးမယ်၊ ခုဆိုရင် ကျွန်တော့် နောက်ကို ကပ်လိုက်နေပြီ'

'တကယ် ပြောနေတာလား'

'တကယ်ပေါ့ဗျ၊ ကျွန်တော် နေတဲ့ အိမ်ရှင် အမျိုးသမီးကြီးကို လာပြီး စုံစမ်းနေကြပြီ၊ ဒီသတင်းကို ကြားတာနှင့် တစ်ပြိုင်နက် ကျွန်တော် လစ်မှ ကောင်းပြီ၊ ဒါပေမဲ့ ကျွန်တော် သိချင်တာက ဗြိတိသျှ ပုလိပ်ဟာ ဒီသတင်းကို ဘယ်ကနေ ရသလဲ ဆိုတာ သိချင်တယ်ဗျ၊ ခု ကျွန်တော် ခင်ဗျားတို့နှင့် အလုပ်တွဲလုပ်မှ အဖမ်းခံရတဲ့လူ တော်တော် များနေပြီ၊ စတိန်းနား ဆိုရင် ငါးယောက်မြောက်ပဲဗျ၊ လစ်ရင် လစ် မလစ်ရင် ခြောက်ယောက်မြောက် လူဟာ ကျွန်တော် ဖြစ်မှာပဲ၊ ဒီတော့ ဒါကို ခင်ဗျား ဘာပြောမလဲ၊ ကိုယ့်လူတွေ ဒီလို တစ်ယောက်ပြီး တစ်ယောက် အဖမ်းခံနေရတာကို ခင်ဗျားတို့ ကြည့်နေတော့မှာလား'



ဗွန် ဘော့ဂ်၏ မျက်နှာသည် သွေးရောင် လျှမ်းလာလေ၏။

'ဒါဖြင့် ကျုပ်ဟာ ကျုပ် သူလျှိုတွေကို ထောင်ထဲ ပို့နေတယ်လို့ ခင်ဗျား ဆိုချင်သပေါ့'

'ဒီလိုတော့ မဆိုလိုပါဘူးလေ၊ သို့သော်လည်း ကျွန်တော်တို့ အထဲမှာ သူတို့လူ ရောက်ရင် ရောက် မရောက်ရင်လည်း တစ်နေရာရာတော့ မှားနေပြီ ထင်တယ်ဗျ၊ ဒီတော့ လက်သည်ကို ရှာဖို့ ခင်ဗျားမှာ တာဝန် ရှိတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေ ကျုပ်အနေနှင့်ကတော့ ဒီမှာ ကြာကြာ မနေနိုင်တော့ဘူး၊ ဟော်လန်ကို လစ်မယ်၊ မြန်မြန် လစ်လေ ကောင်းလေပဲ'

ဗွန် ဘော့ဂ်သည် ဒေါသကို ချုပ်တည်းလိုက်လျက်

'ကျွန်တော်တို့ အောင်ပွဲကို လှမ်းမြင်နေရပြီဗျ၊ ပြီးတော့ ကျွန်တော်တို့ လက်တွဲ အလုပ် လုပ်လာတာလည်း ကြာပြီ၊ ဒီတော့ ဒီလို အချိန်မှာ ရန်ဖြစ်နေလို့ အကျိုး မထူးပါဘူး၊ ခင်ဗျားဟာ ကျုပ်တို့ အတွက် တော်တော် အရေးကြီးတဲ့ အလုပ်တွေကို လုပ်ပေးခဲ့တယ်၊ စွန့်စွန့်စားစားလည်း လုပ်ခဲ့တယ်၊ ဒါတွေကို ကျုပ်တို့ မမေ့ပါဘူး၊ ဒီတော့ ခင်ဗျား ဟော်လန်ကို သွားချင်သပဆိုရင် သွားပါ၊ ရော့တာဒမ် ကျတော့ နယူးယောက်ကို ထွက်မယ့် သင်္ဘောနှင့် လိုက်သွားပေါ့၊ နောက် တစ်ပတ်လောက် ရှိရင် ဘယ်သင်္ဘောမှ စိတ်ချရတော့မှာ မဟုတ်ဘူး၊ ကောင်းပြီလေ၊ ဒီစာထုပ်ကို ကျုပ်ကို ပေးခဲ့၊ ဒီပြင် စာရွက်စာတမ်းတွေနှင့် အတူ ပို့လိုက်တော့မယ်'

အမေရိကန်သည် လက်ထဲတွင် အထုပ်ကို ထောင်ပြလိုက်လေ၏။ သို့ရာတွင် လှမ်းပေးခြင်း မပြုချေ။

'ဘော်ကော ဘယ်မလဲ'

'ဘာဗျ'

'ဝက်ဗျာ၊ ပိုက်ဆံဗျာ၊ ပေါင် ငါးရာလေ၊ ဟိုကောင် ကကျည်ကကြောင် လုပ်နေလို့ဗျ၊ ဒါနှင့် သူ့ကို ဒေါ်လာ တစ်ရာ ပိုပေးခဲ့ရသေးတယ်၊ မပေးလို့ ကတော့ ခင်ဗျားရော ကျုပ်ရော ကျွတ်နေမှာပဲ၊ မပေးရင် မရဘူး လုပ်နေလို့ ကျုပ် ဒေါ်လာ တစ်ရာ ထပ်ပေးခဲ့ရတယ်၊ အားလုံးပေါင်း ဆိုရင် ကျုပ်မှာ ပေါင် နှစ်ရာလောက် ကုန်ခဲ့တယ်၊ ဒီတော့ ကျုပ် အတွက် ရစရာ ရှိတာကို မရရင်တော့ ပေးနိုင်ဘူး၊ ရှင်းရှင်းပဲ'

ဗွန် ဘော့ဂ်သည် နာကြည်းစွာဖြင့် ပြုံးလိုက်၏။

'ခင်ဗျား ကျုပ်ကို ဒီလောက်မှ မယုံဘူးလားဗျာ၊ ခင်ဗျား အထုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



တော့ မပေးသေးဘဲ ပိုက်ဆံ အလျင် လိုချင်လို့တော့ ဖြစ်မလားဗျ'

'ဒါကတော့ အလုပ်ကိစ္စပဲဗျ'

'ကောင်းပါပြီဗျာ၊ ဒီလိုဆိုရင်လည်း ရပါတယ်'

ဗွန် ဘော့ဂ်သည် စားပွဲတွင် ထိုင်ကာ ချက်လက်မှတ် တစ်စောင်ကို ရေးပြီးနောက် ချက်လက်မှတ်ကို ဆုတ်လိုက်လေ၏။ သို့ရာတွင် ချက်လက်မှတ်ကို အမေရိကန် လူမျိုးအား မပေးသေးချေ။

'ကောင်းပြီ၊ မစ္စတာ အယ်လတာ မောင့်၊ ခင်ဗျားက ဒီလို ပြောလာရင် ကျုပ်ဘက်ကလည်း ပြောရလိမ့်မယ် ခင်ဗျ၊ ခင်ဗျား ကျုပ်ကို မယုံရင် ကျုပ်က လည်း ခင်ဗျားကို မယုံနိုင်ဘူး၊ နားလည်တယ် မဟုတ်လား'

ဗွန် ဘော့ဂ်သည် စားပွဲမှနေ၍ အမေရိကန် လူမျိုးကို နောက်ပြန် လှည့် ကြည့်လိုက်ရင်း

'ဟောဒီ စားပွဲပေါ်မှာ ချက်လက်မှတ် တစ်စောင် တင်ထားတယ်၊ ဒီ တော့ ခင်ဗျား ချက်လက်မှတ်ကို သွားမယူခင် ခင်ဗျား အထုပ်ကို စစ် မစစ် ကျုပ် ကြည့်ရလိမ့်မယ်'

အမေရိကန်သည် ဘာမျှ မပြောတော့ဘဲ အထုပ်ကို ကမ်းပေးလိုက်လေ ၏။

ဗွန် ဘော့ဂ်သည် ကြိုးကို ဖြေပြီးနောက် နှစ်ထပ် ပတ်ထားသည့် စက္ကူ ကို ခွာလျက် ရှိပေ၏။ ထို့နောက်တွင် သူ့ ရှေ့ရှိ အပြာရောင် စာအုပ်ကလေးကို တအံ့တဩဖြင့် တိတ်ဆိတ်စွာ ကြည့်လျက် ရှိလေ၏။ အဖုံးတွင်မူ ပျား မွေးမြူ ရေး လက်စွဲကျမ်း ဆိုသည့် စာလုံးများကို ရွှေရောင်ဖြင့် ရိုက်နှိပ်ထားလေ၏။ ဂျာမန် သူလျှို ဗွန် ဘော့ဂ်သည် မဆီမဆိုင် တပ်ထားသည့် ခေါင်းစဉ်ကို တစ် ခဏမျှသာ ကြည့်လိုက်နိုင်၏။ နောက် တစ်ခဏတွင်မူကား လက်နှစ်ဖက်သည် ပြုတ်တူဖြင့် ညှပ်လိုက်သကဲ့သို့ နောက်မှ သူ့လည်ကုပ်ပေါ်သို့ ရောက်လာကာ ကလိုရိုဖောင်း မှုဆေး ဆွတ်ထားသည့် ရေမြှုပ်လုံး တစ်ခုသည် ရှုံ့မဲ့နေသော သူ့မျက်နှာ ရှေ့သို့ ရောက်လာလေ၏။

ရှားလော့ဟုမ်းသည် နာမည်ကျော် အင်ပီးရီးယဲ တိုကေးဝိုင် ပုလင်းကို လှမ်းပေး လိုက်ပြီးနောက်

'အိုင်ဆေး ဝပ်ဆင်၊ နောက်တစ်ခွက်လောက် ချလိုက်ပါဦးဗျ'





စားပွဲ အနီးတွင် ထိုင်နေသည့် ကိုယ်လုံး တုတ်တုတ် ထားအမှိုင်ဘာသည် ဖန်ခွက်ကို ရှေ့သို့ တိုးပေးလိုက်ရင်း

'သောက်ကျိုးနည်းကောင်းတဲ့ ဝိုင်ပါလားဗျို့'

'ဘယ့်နှယ် ပြောပါလိမ့် အိုင်ဆေးရယ်၊ ကမ္ဘာကျော်တဲ့ ဝိုင်ပဲဟာ၊ ဟော ဟို ဆိုဖာပေါ်မှာ စန့်စန့်ကြီး သတိ မေ့နေတဲ့ ကျုပ်မိတ်ဆွေကြီးက သေသေ ချာချာကို ပြောသွားတာ၊ ဒီဝိုင်ဟာ ရွှန်ဗရန်း နန်းတော်ထဲက အမတ်ကြီး ဖရန့် ရဲ့ အရက် လှောင်ခန်းထဲက ယူလာတဲ့ ဝိုင်တဲ့ ခင်ဗျ၊ အိုင်ဆေး မရှိမသေဗျာ၊ ပြတင်းပေါက်ကလေး ဖွင့်လိုက်စမ်းပါ၊ ကလိုရိုဖောင်းနံ့ကြီး ခံပြီး သောက်ရ တာ အရသာ ပျက်လှတယ်'

မီးခံသေတ္တာမှာ ပွင့်လျက် ရှိလေပြီ။ ရှားလော့ဟုမ်းသည် မီးခံသေတ္တာ ရှေ့တွင် ရပ်လျက် အထဲရှိ စာရွက်စာတမ်း ဖိုင်တွဲကြီးများကို တစ်ခုပြီး တစ်ခု လျင်မြန်စွာ စစ်ဆေး ကြည့်ရှုပြီးနောက် ဗွန်ဘော့ဂ်၏ လက်ဆွဲအိတ်ထဲသို့ သေ သပ်စွာ ထည့်လျက် ရှိလေ၏။ ဂျာမန် လူမျိုး ဗွန် ဘော့ဂ်မှာ လက်နှင့် ခြေထောက် တို့တွင် ကြိုးတုပ် ခံထားရလျက် ဆိုဖာပေါ်တွင် တရှူးရှူးဖြင့် အိပ်ပျော်လျက် ရှိလေပြီ။

'သိပ် အလျင်လိုစရာ မလိုပါဘူး၊ ဖြည်းဖြည်းပေါ့၊ ကျုပ်တို့ကို နှောင့် ယှက်မယ့် လူရယ်လို့ မရှိတော့ပါဘူး၊ ခေါင်းလောင်းကလေး တီးလိုက်စမ်းပါ ဗျာ၊ အိမ်ထဲမှာ ဘယ်သူမှ မရှိတော့ဘူးဗျ၊ အဲ သူ့ အခန်းကိုသူ ပိုင်ပိုင်နိုင်နိုင် ကြီး လုပ်သွားတဲ့ မာသာ ဆိုတဲ့ ထမင်းချက် မိန်းမကြီးပဲ ရှိတော့တယ်၊ ကျုပ်က မာသာကို ဒီမှာ အလုပ် သွင်းပေးတယ်လေဗျာ၊ အဘွားကြီးရေ ကိစ္စ အားလုံး ချောချောမောမောပဲဗျို့'

ချိုသာသော မျက်နှာ ရှိသည့် အဘွားကြီး မာသာသည် တံခါးဝတွင် ပေါ်လာလေ၏။

မာသာသည် ရှားလော့ဟုမ်းကို ပြုံး၍ နှုတ်ဆက်လိုက်ပြီးနောက် ဆိုဖာ ပေါ်တွင် စန့်စန့်ကြီး လဲနေသည့် ဗွန် ဘော့ဂ်ကို အကြောက်ကြောက် အလန့် လန့်ဖြင့် လှမ်းကြည့်နေလေ၏။

'ဒေါ်ရာ ဒေါ်ချက်တို့ ဘာတို့ ဘာမှ မရှိပါဘူး အဘွားကြီးရဲ့၊ အားလုံး ချောချောမောမောပါ'

'တော်ပါသေးရဲ့ စုံထောက်ကြီးရယ်၊ အိမ်ရှင် တစ်ယောက် အနေနှင့် ထတော့ ကောင်းပါတယ်ရှင်၊ ကျွန်မကို မနေ့က သူ့ သားမယားတွေနှင့် အတူ



www.burmeseclassic.com

www.burmeseclassic.com



ဂျာမနီကို လိုက်သွားစေချင်တာ၊ လိုက်သွားရင်တော့ စုံထောက်ကြီး စီမံကိန်း အတိုင်း ဘယ်ဖြစ်တော့မလဲ စုံထောက်ကြီးရယ်၊ မဟုတ်ဘူးလား'

'လိုက်လို့ ဘယ်ဖြစ်မလဲ အဘွားကြီးရဲ့၊ ခင်ဗျား ဒီမှာ ရှိနေလို့ ကျုပ်တို့မှာ စိတ်ဇအေး လက်အေး ရှိတာပေါ့၊ ဒီနေ့ည ဆိုရင် ခင်ဗျားဆီက အချက်ပြတာကို ကျုပ်တို့ စောင့်နေရတာ'

'ဒီနေ့ည လာတဲ့ လူက သံရုံး ပထမ အတွင်းဝန်လေ'

'ကျုပ် သိပါတယ်၊ လမ်းမှာတောင် သူ့ကားနှင့် တွေ့လိုက်သေးတယ်'

'ကိုယ်တော်မြတ်က ပြန်ပဲ မပြန်နိုင်ဘူးရှင်၊ သူ ဒီမှာ ရှိနေရင် စုံထောက်ကြီး စီမံကိန်းကို ဘယ့်နှယ်လုပ် အကောင်အထည် ဖော်နိုင်ပါ့မလဲ'

'ဟုတ်တာပေါ့၊ ဘယ်လုပ်လို့ ရတော့မလဲ၊ ဒါနှင့် ကျွန်တော်တို့လည်း နာရီဝက်လောက် စောင့်နေရသေးတယ်ဗျ၊ ခင်ဗျား မှန်အိမ် ငြိမ်းသွားတော့မှ အားလုံး ရှင်းသွားပြီ ဆိုပြီး ကျုပ်တို့ လာခဲ့ကြတာ၊ မနက်ဖြန်ကျရင် လန်ဒန်ထကလားရစ် ဟိုတယ်ကို လာခဲ့လေ၊ ကျုပ် ရှိမယ်'

'ကောင်းပါပြီရှင်'

'သူ့ ပစ္စည်းတွေ ဘာတွေကိုတော့ အဆင်သင့် ထုပ်ပိုး ပြင်ဆင်ပြီးပြီနော်'

'ပြီးပါပြီ၊ ဒီနေ့ သူ စာ ခုနစ်စောင် ထည့်တယ်ရှင့်၊ လိပ်စာကိုတော့ မှတ်ထားလိုက်တယ်'

'ကောင်းလိုက်လေ ခင်ဗျာ၊ ကဲ ဒါတွေကိုတော့ မနက်ဖြန်မှ ကြည့်တော့မယ်လေ၊ ဂွတ်နိုက် မာသာ'

အဘွားကြီး ပြန်သွားသည့် အခါတွင် ရှားလော့ဟုမ်းက

'ဒီစာရွက် စာတမ်းတွေကတော့ သိပ် အရေးမကြီးလှပါဘူးဗျာ၊ ဒီစာရွက် စာတမ်းထဲမှာ ပါတဲ့ အကြောင်းအရာတွေကို သူတို့ ဂျာမန် အစိုးရဆီ ပို့ပြီးတာ ကြာလှပါပြီ၊ ဒါပေမဲ့ စာရွက် စာတမ်းတွေက မူရင်းတွေ ဆိုတော့ တိုင်းပြည် အပြင်ကို ရောက်ဖို့တော့ မကောင်းလှဘူးပေါ့'

'နို့ ဘာမှ အသုံးမကျတော့တာ ဘာလုပ်ဦးမှာလဲ'

'အသုံး ကျသင့်သလောက်တော့လည်း ကျသေးတာပေါ့ဗျာ၊ ရာဇဝင်ရေးတဲ့ အခါကျတော့ ရန်သူက ဘယ်အချက်တွေကို ရသွားတယ်၊ ဘယ်အချက်တွေကို မရဘူး ဆိုတာလောက်တော့ အနည်းဆုံး လူထု သိအောင် ပြနိုင်တာပေါ့၊ အမှန်က ဒီစာရွက် စာတမ်းတွေဟာ ကျုပ်ဆီက တစ်ဆင့် သွားတဲ့ စာရွက် စာ





တမ်းတွေချည်းပဲ၊ ဒီတော့ အဖိုး မတန်ဘူးလို့တော့ လုံးလုံး မပြောနိုင်သေးဘူး၊ ကျုပ် ပေးလိုက်တဲ့ စာရွက်တွေ အတိုင်း လာရင် သင်္ဘောလမ်းတွေမှာ မိုင်းတွေ အားလုံး မြှုပ်ထားတယ်ဗျ၊ ဒီမိုင်းပြင်ကြီးထဲကို ဂျာမန် သင်္ဘောတွေ ဝင်လာပြီး မြုပ်ကုန်မှာ မြင်ယောင်သေးတော့ဗျာ၊ အလို'

ရှားလော့ဟုမ်းသည် စကားကို ဖြတ်ကာ သူ့ မိတ်ဆွေဟောင်းကြီးကို ပခုံးမှ ကိုင်လိုက်ရင်း

'အလို၊ ခင်ဗျားကို မီးရောင်မှာ သေသေချာချာကို မကြည့်ရသေးဘူး၊ ခင်ဗျားကတော့ သိပ်ပြီး မကျပါလား၊ မကျတဲ့ အပြင် ခါတိုင်းလိုပဲ ဖျတ်ဖျတ်လတ်လတ်ပဲဗျ၊ လူငယ်ကလေး တစ်ယောက် ကျနေတာပဲ'

'ကျွန်တော့် စိတ်ထဲမှာတော့ အနှစ် နှစ်ဆယ်လောက် ပြန်ငယ်သွားတယ် ထင်မိတယ်ဗျ၊ ဟားဝစ်ကို ဆင်းလာခဲ့ပါ ဆိုတဲ့ ခင်ဗျား ကြေးနန်းကို ရတော့ ကျွန်တော်ဖြင့် ဝမ်းသာလိုက်တာဗျာ၊ ဒီလောက် တစ်ခါမှ ဝမ်းမသာဖူးဘူး၊ ခင်ဗျားကော၊ မုတ်ဆိတ်မွေးကြီး တပ်ထားတာက လွဲရင် သိပ် မပြောင်းဘူးဗျ၊ နည်းနည်းတော့ ကျတာပေါ့ဗျာ'

'အင်း၊ ဒါကတော့ တိုင်းပြည် အတွက် လုပ်ခဲ့ရတာကိုးဗျ၊ မနက်ဖြန် ဆိုရင်တော့ ဒီဘဝ တစ်ခန်း ရပ်တော့မှာပဗျာ၊ ဆံပင်ကို ညှပ်၊ တခြား အပြောင်းအလဲကလေးတွေကို လုပ်ပြီးလို့ မနက်ဖြန် ကလားရစ် ဟိုတယ်ကျတော့ အမေရိကန် ဟန်ဆောင်ခဲ့တဲ့ အရေကို ခွာနိုင်တော့မှာပါ၊ ကျုပ်လည်း အမေရိကန် ဟန်ဆောင်ပြီး ဗန်းစကားတွေ ပြောခဲ့ရတာနှင့် အကျင့်ပါပြီး ကျုပ် အင်္ဂလိပ် လေသံတွေ ပျောက်ကုန်ပြီ ထင်ပါရဲ့ဗျာ'

'နို့ နေစမ်းပါဦး၊ ခင်ဗျား အလုပ်က အနားယူပြီ မဟုတ်လား၊ တောင်နိုင်းမှာ ပျားမွေး စာဖတ်ပြီး အေးအေးဆေးဆေးပဲ နေတော့မယ်လို့ ကြားတာ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်၊ ဟောဒီမှာ ကျုပ် အေးအေးဆေးဆေး နေတဲ့ အတောအတွင်း ကျုပ် လုပ်ခဲ့တဲ့ အလုပ်လေးတွေ'

ရှားလော့ဟုမ်းသည် စားပွဲပေါ်မှ စာအုပ်ကို ကောက်ယူလိုက်ပြီးလျှင် ခေါင်းစဉ် အပြည့်အစုံကို ကျွန်ုပ်အား ဖတ်ပြလေ၏။

ခေါင်းစဉ် အပြည့်အစုံမှာ *'ပျားမွေးမြူရေး လက်စွဲကျမ်း၊ ပျားဘုရင်မကို သီးခြား ထားရာမှ လေ့လာ တွေ့ရှိချက်များ'* ဟူ၍ ဖြစ်လေ၏။

'ဒီကျမ်းကို ကျုပ် တစ်ယောက်တည်း ရေးတာဗျ၊ တစ်ခါတုန်းက လန်ဒန်



www.burmeseclassic.com

www.burmeseclassic.com



မှုခင်း လောကကို ကျုပ် စောင့်ကြည့်သလို ခုလည်း တဝီဝီ အလုပ် လုပ်နေတဲ့ ဂိုဏ်းကလေးတွေကို နေ့မအိပ် ညမအိပ် စောင့်ကြည့်ရာက ပေါ်ထွက်လာတဲ့ ရလဒ်ပေါ့'

'ဒါဖြင့် ခု ဒီလုပ်ငန်းကိုကော ဘယ်လို အဆက်အသွယ် ရပြီး လုပ်တာလဲ'

'ကျုပ်လည်း ကျုပ်ကိုယ်ကျုပ် အံ့သြနေတာပဲ၊ နိုင်ငံခြားရေး ဝန်ကြီး လောက် ဆိုရင်တော့ ကျုပ် ငြင်းပါတယ်ဗျာ၊ ခုဟာက ဝန်ကြီးချုပ် ကိုယ်တိုင်က ကျုပ် တဲကလေးကို လိုက်လာပြီး ... ပြဿနာက တခြားကြောင့် မဟုတ်ဘူးဗျ ဟောဟို ဆိုဖာပေါ်မှာ စန့်နေတဲ့ ငနဲဟာ တော်တော် ဉာဏ်သွားတဲ့ ကောင် ကျုပ်တို့ ပုလိပ် အဖွဲ့ထက် အများကြီး ရှေ့က ပြေးနေတယ်၊ ခပ်ရှင်းရှင်း ပြောရရင်တော့ ကျုပ်လို တော်တော် ဉာဏ်များတဲ့ လူမျိုး၊ ကျုပ်တို့လက်ထဲ လျှို့ဝှက် သတင်းတွေ အမြဲ ပေါက် ပေါက်နေတော့ ဘယ်လို ပေါက်သလဲ ဆို တာကို ရှာလို့ မရဘဲ ဖြစ်နေကြတယ်၊ တချို့ သူလျှိုတွေကို သံသယ ဖြစ်တယ် တချို့ကိုလည်း ဖမ်းမိတယ်၊ သို့သော်လည်း ကိုင်းဖျား ကိုင်းနားကိုသာ မိပြီး အညွှာကို ကိုင်လို့ မရဘဲ ဖြစ်နေတယ်၊ ဒီအညွှာကို ခြေမှ ပင်စည်ကို ချိုင်မှ ကိစ္စ ပြတ်မှာ၊ ဒါနှင့် ကျုပ်ကိုင်ဖို့ ကက်ဘိနက်က အတင်း နိုင်းလို့ ဝင်လုပ်ရ တာ၊ ဒီကိစ္စကို လိုက်ဖို့ ကျုပ် နှစ်နှစ်လောက် ကြိုးစားခဲ့ရတယ်ဗျ၊ သူတို့လည်း တော်တော်လေး ဖြန့်သွားကြတယ်၊ ကျုပ် ရှီကာဂိုကို သွားပြီး သင်တန်း တက် တယ်၊ ပြီးတော့ ဘတ်ဖဲလိုးမှာ ရှိတဲ့ အိုင်းရစ် လျှို့ဝှက် အသင်းကို ဝင်တယ် အိုင်ယာလန်ကို ပြန်လာပြီးတော့ စကစ်ဘာရင်မှာ ဖြစ်တဲ့ အဓိကရုဏ်းတွေထဲ မှာ ဝင်ပါတယ်၊ ဒီတွင် ဂျာမန် သူလျှို ဗွန် ဘော့ဂ်ရဲ့ လူတစ်ယောက်က ကျုပ် ကို မျက်စိ ကျသွားပြီး ကျုပ်ကို မွေးလို့ ထောက်ခံတယ်၊ အထဲကို ဝင်ရတာ ဆိုတော့ သိပ် မလွယ်လှဘူး၊ အထဲ ရောက်တော့ ဗွန် ဘော့ဂ်က ကျုပ်ကို သူ့ လက်ရုံး တစ်ဆူလို အားထားတယ်၊ ကျုပ်က အထဲကနေ သူ့ စီမံကိန်းတွေကို မသိမသာ ဝင်ဖျက်ပြီး သူ့ လူ ငါးယောက်ကို ထောင်ထဲ ပို့ပစ်ခဲ့တယ်၊ ကျုပ် သူတို့ကို အသာပဲ စောင့်ကြည့်နေတယ်ဗျ၊ အဲ မှည့်ပြီ ဆိုတာနှင့် အသာကလေး ခူးလိုက်ရုံပဲ၊ ဘယ်လိုလဲ ကိုယ့်လူ၊ ကိုယ့်လူ တော်တော် ဖြန့်သွားပြီ မဟုတ် လား'

နောက်ဆုံး စကားများမှာ ဗွန် ဘော့ဂ်ကို လှမ်းပြောလိုက်ခြင်း ဖြစ်လေ ၏။



ဗွန် ဘော့ဂ်သည် မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်ရင်းက ပါးစပ် အဟောင်းသားဖြင့် ရှားလော့ဟုမ်း၏ စကားများကို နားထောင်လျက် ရှိလေ၏။ ယခုအချိန်၌ကား ဗွန် ဘော့ဂ်၏ မျက်နှာသည် ရှုံ့မဲ့လျက် ရှိကာ ဂျာမန် ဘာသာဖြင့် ဆဲရေး တိုင်းထွာလျက် ရှိလေပြီ။ ဗွန် ဘော့ဂ်က ဆဲရေး တိုင်းထွာနေသည့် အချိန်တွင် ရှားလော့ဟုမ်းမှာ စာရွက်စာတမ်းများကို စိမ်ပြေ နပြေ စစ်ဆေး ကြည့်ရှုလျက် ရှိလေ၏။

မောပန်းသွားဟန်ဖြင့် ဗွန် ဘော့ဂ်က ဆဲရေး တိုင်းထွာခြင်းကို ရပ် လိုက်သည့် အခါတွင် ရှားလော့ဟုမ်းက

'ဂျာမန် ဘာသာ စကားဟာ တော်တော် သုတိသာယာ မရှိတဲ့ စကား ဖြစ်ပေမဲ့ ဘာသာ စကားတွေထဲမှာတော့ တော်တော်လေးကို ခွန်အား ရှိတဲ့ ဘာသာ စကားဗျ၊ အလို အလို'

စာရွက် တစ်ရွက်ကို လက်ဆွဲအိတ်ထဲသို့ ထည့်တော့မည် အပြုတွင် ခဲတံဖြင့် ရေးထားသည်ကို မြင်သဖြင့် ရှားလော့ဟုမ်းက အော်လိုက်ခြင်း ဖြစ် လေ၏။

'နောက်ထပ် ငှက်တစ်ကောင်တော့ လှောင်အိမ်ထဲကို ထည့်ရလိမ့်ဦး မယ် ထင်တယ်ဗျ၊ စစ်ရုံးက ငွေစာရင်းမင်းကြီးကို ကျုပ် စောင့်ကြည့်နေတာ တော့ ကြာပြီ၊ ဒါပေမဲ့ ဒီလောက်တော့ လုပ်လိမ့်မယ် မထင်မိဘူးဗျာ၊ မစ္စတာ ဗွန် ဘော့ဂ်၊ ခင်ဗျား အမြင်နော်၊ သက်သေ လိုက်ရလိမ့်မယ်'

ဂျာမန်သည် ဆိုဖာပေါ်တွင် အနိုင်နိုင် အားယူ၍ ထကာ ရှားလော့ ဟုမ်းအား အံ့သြခြင်း၊ ရွံ့မုန်းခြင်းတို့ဖြင့် စိုက်ကြည့်လျက် ရှိလေ၏။ အတန် ကြာမှ သေချာစွာ စဉ်းစားပြီးနောက်

'ဗျို့ အယ်လတာ မောင့်၊ ခင်ဗျားတော့ သိကြရောပေါ့ဗျ၊ တစ်နေ့တော့ တွေ့ကြဦးမှာပေါ့'

'အင်း ဓာတ်ပြားဟောင်းကြီးပါဗျာ၊ အလျင်တုန်းကလည်း ဒီ တေး သီချင်းဟောင်းကို မကြာခဏ ကြားဖူးခဲ့ပါပြီ၊ သွားလေသူ ပါမောက္ခ မော်ရီ ယာတီ ဆိုတဲ့ ငနဲကြီးဆို ဒီဓာတ်ပြားကို ခဏ ခဏ ဖွင့်တာပေါ့၊ သူတွင် မကာ ဘူးဗျ၊ ဗိုလ်မှူးကြီး ဆီဗတ်စတီယန် မိုရန် ဆိုရင်လည်း ဒီသီချင်းကို အလွန် ကြိုက်ဟန် တူတယ်၊ ဒါပေမဲ့ ကျုပ်ကတော့ တောင်ပိုင်း သွားပြီး ပျား မွေးမြူ နေလျက်ပါပဲ'

ဂျာမန်သည် တုပ်နှောင်ထားသော ကြိုးများကို ရုန်းကန်ရင်း ဝါးစား

www.burmeseclassic.com



တော့မတတ် ကြည့်လျက် ရှိရာမှ 'သစ္စာဖောက်၊ တန်ပြန် သူလျှို' ဟု အော်ဟစ်လျက် ရှိလေ၏။ ရှားလော့ဟုမ်းက ပြုံးကာ

'မလုပ်ပါနှင့်ဗျာ၊ ဒီလောက်လည်း မဆိုးသေးပါဘူး၊ တကယ်ကတော့ ကျုပ် ပြောတာတွေကို ခင်ဗျားလည်း ကြားပြီးရောပေါ့၊ ရှီကာဂိုက အယ်လ်တာ မောင့် ဆိုတဲ့ လူက တကယ် မရှိပါဘူး၊ ကျုပ် သုံးခဲ့တဲ့ လူပါ၊ ခု သူ လည်း မရှိတော့ပါဘူး'

'ဒါဖြင့် ခင်ဗျားက ဘယ်သူလဲ'

'ကျုပ် ဘယ်သူလဲ ဆိုတာ သိပ် အရေး မကြီးလှပါဘူးဗျာ၊ သို့သော် လည်း ခင်ဗျားက ဒီလောက်တောင် သိချင်နေတယ် ဆိုရင်တော့ ပြောရမှာပေါ့၊ ကျုပ် အဖို့ ခင်ဗျား ဆွေမျိုးတွေနှင့် တွေ့ရတာ ဒီအကြိမ်ဟာ ပထမဆုံး အကြိမ် မဟုတ်ပါဘူး၊ ဟိုတုန်းက ဂျာမနီမှာ ကျုပ် တော်တော်ကြာကြာ အလုပ် လုပ်ခဲ့ ဖူးပါတယ်၊ ခင်ဗျားလည်း ကျုပ် နာမည်ကို ကြားဖူးကောင်း ကြားဖူးလိမ့်မယ် ထင်ပါတယ်'

'ဘယ်သူလဲဗျ၊ ပြောမှာဖြင့် ပြောပေါ့' ဟု ဂျာမန်က အော်၏။

'ခင်ဗျား အစ်ကိုကြီး ဟိုင်းရစ် အင်္ဂလန်မှာ လာပြီး သံအမတ် လုပ်တုန်းက ခင်ဗျားတို့ရဲ့ ဘိုဟီးမီးယား ဘုရင်နှင့် ကချေသည် အိုင်ရင်း အဒ်လာတို့ ကိစ္စကို ရှင်းအောင် လုပ်ပေးခဲ့တာ ကျုပ်ပဲဗျ၊ ပြီးတော့ ခင်ဗျား မယ်တော်ရဲ့ အစ်ကို အကြီးဆုံး မြို့စားကြီး ဗွန်ဇူဂရပ်ဖင်စတိန်းကို ကလော့မင်း ဆိုတဲ့ လူသတ်သမား လက်ထဲက ကယ်ခဲ့တာလည်း ကျုပ်ပဲ၊ ပြီးတော့ ...'

ဗွန် ဘော့ဂ်က အံ့အားသင့်လျက် မတ်တတ် ရပ်လိုက်ရာမှ

'ခင်ဗျားလား'

'ဟုတ်ပါသတဲ့ဗျာ'

ဗွန် ဘော့ဂ်သည် တစ်ချက်မျှ ညည်းတွားကာ ဆိုဖာပေါ်သို့ ပစ်ထိုင် လိုက်လေ၏။

'ဩော် လက်စသတ်တော့ ကျုပ်တို့ ရတဲ့ သတင်းတွေ အားလုံးဟာ ခင်ဗျားဆီက တစ်ဆင့် လာတာတွေကိုး၊ အမယ်လေးဗျ၊ သေပါပြီဗျ၊ ကိုယ့် ကျိုး နည်းကုန်ပါပြီဗျ'

'သတင်းတွေက သတင်းမှားတွေ များတယ်ဗျ၊ သတင်း တစ်ခုထို လက်ခံရင် မှန် မမှန် စစ်ဆေးရမယ်၊ ခုတော့ ခင်ဗျားမှာ စစ်ဆေးချိန် မရဘူး





ခင်ဗျားတို့ ရေတပ် အင်္ဂလန်ကို လာတိုက်ရင်တော့ သူတို့ ထင်တာထက် ကြီးတဲ့ အမြောက်ကြီးတွေ၊ သူတို့ သိထားတာထက် သုံးဆလောက် မြန်တဲ့ ဖျက် သင်္ဘောတွေနှင့် ပက်ပင်း တိုးရှာတော့မှာပဲ'

ဗွန် ဘော့ဂ်သည် စိတ်ပျက်ခြင်း ကြီးစွာဖြင့် သူ့ လည်ပင်းကို ဆုပ်ကိုင် လိုက်လေ၏။

'နောက် အချိန် တန်တဲ့ အခါကျတော့ ခင်ဗျား ရနေတဲ့ သတင်းတွေ ဟာ ဘယ်လောက် မှားတဲ့ သတင်းတွေ ဆိုတာ အသေးစိတ် သိလာပါလိမ့်ဦး မယ်လေ၊ သို့သော်လည်း ခင်ဗျားမှာ ဒီပြင် ဂျာမန် လူမျိုးတွေနှင့် မတူတဲ့ အရည်အချင်း တစ်ခုတော့ ရှိတယ်ဗျ မိတ်ဆွေကြီးရေ၊ ခင်ဗျားလည်း အား အစားသမား တစ်ယောက်ပဲဗျာ၊ စိတ်ရှည်ရှည်ထားပါ၊ ခင်ဗျားဟာ ကျုပ်တို့လူ တော်တော်များများကို တစ်ပတ် ရိုက်ခဲ့တာဗျ၊ သို့သော်လည်း နောက်ဆုံးကျ တော့ မြွေပွေး ပိုးထိတာပေါ့ဗျာ၊ အေးလေ ဘာပဲဖြစ်ဖြစ် ခင်ဗျားလည်း ခင်ဗျား တိုင်းပြည် အတွက် အကောင်းဆုံး လုပ်ခဲ့တာပဲ၊ ကျုပ်လည်း ကျုပ်တို့ တိုင်းပြည် အတွက် အကောင်းဆုံး လုပ်ခဲ့ရတာပေါ့၊ ဒါဟာ သဘာဝကျပါတယ်၊ ပြီးတော့ လည်း ...'

ထို့နောက် ရှားလော့ဟုမ်းသည် ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် လဲနေသူ ၏ ပခုံးကို ကြင်နာစွာ ကိုင်လိုက်လျက်

'ကျုပ်လို လူကို အရှုံးပေးရတာဟာ အညံ့စား ရန်သူကို အရှုံး ပေးရ တာထက် ဂုဏ်ရှိပါတယ်၊ ကဲ အိုင်ဆေး ဝပ်ဆင်ရေ၊ စာရွက် စာတမ်းတွေ တော့ အဆင်သင့် ဖြစ်ပြီဗျ၊ ကျုပ်တို့ အကျဉ်းသားကို တွဲပြီး ကားပေါ် တင်ပေး စမ်းပါဦးဗျာ၊ လန်ဒန်ကို တိုက်ရိုက် သွားကြတာပေါ့'

ဗွန် ဘော့ဂ်မှာ စိတ်ဆိုးလျက် ရှိသည့် အပြင် သန်မာ ထွားကျိုင်းသူ တစ်ယောက် ဖြစ်သည့် အတွက် သူ့ကို ကားပေါ် တင်ရသည်မှာ များစွာ မလွယ်လှချေ။ နောက်ဆုံး၌ ကျွန်ုပ်တို့ နှစ်ယောက်သည် ဗွန်ဘော့ဂ်ကို လက် မောင်း တစ်ဖက်တစ်ချက်မှ ညှပ်ကိုင်ကာ ခြံဝင်းပေါက် လမ်းကလေး အတိုင်း ခေါ်ဆောင် လာခဲ့သည်တွင် ခပ်စောစောက သူ့အား ဂျာမန် အတွင်းဝန်က ချီး ကျူးခဲ့စဉ်ကကဲ့သို့ပင် ဂုဏ်ယူ ဝင့်ကြွားစွာဖြင့် ဖြည်းညင်းစွာ လိုက်ပါလာ လေ၏။

တစ်ကိုယ်လုံး ကြိုးများဖြင့် တုပ်နှောင်ထားသည့်တိုင် ကားပေါ်သို့ တင် ခါနီးတွင် ရုန်းကန်နေသေးသဖြင့် သူ့ကို ကား နောက်ခုံပေါ်တွင် ခက်ခက်ခဲခဲ

www.burmeseclassic.com



တင်ခဲ့ကြပေ၏။ သူ၏ အဖိုးတန် လက်ဆွဲအိတ်ကိုလည်း သူ့ ဘေးတွင် တင် ဆောင်လာခဲ့လေ၏။

နောက်ဆုံးတွင် သူ့ကို ကြိုးချည်၍ ကားပေါ်တွင် နေရာ ချပေးပြီးသည့် အခါ၌ ရှားလော့ဟုမ်းက

'ဘယ့်နှယ်လဲ မိတ်ဆွေကြီး၊ သက်သောင့်သက်သာတော့ ရှိပါတယ် နော်၊ အခြေအနေ ပေးသလောက်တော့ သက်သောင့်သက်သာ ရှိအောင် လုပ်ထေး ထားတာပဲဗျာ၊ ဆေးပြင်းလိပ် တစ်လိပ်လောက် မီးညှိပေးပြီး ခင်ဗျား ပါးစပ်မှာ တပ်ပေးမယ်လေ၊ စော်ကားတယ်လို့တော့ မထင်ပါဘူးနော်'

သို့ရာတွင် ဂျာမန်ကား စိတ်ဆိုးလျက် ရှိသဖြင့် မည်သည့် အရာကိုမျှ လက်မခံချေ။

'ဒီမှာ မစ္စတာ ရှားလော့ဟုမ်း၊ ခင်ဗျားတို့ အစိုးရ လုပ်ခိုင်းလို့ ဒီလို လုပ်တာ မှန်ရင်တော့ ဒါဟာ ကျုပ်တို့ အပေါ်မှာ စစ်ကြေငြာတဲ့ အပြုအမူ တစ်ရပ်ပဲဗျာ'

ရှားလော့ဟုမ်းက လက်ဆွဲအိတ်ကို ပုတ်ပြလိုက်ရင်း

'ခင်ဗျားတို့ အစိုးရက ဒီလို လုပ်တာကကောဗျာ'

'ခင်ဗျားက အရပ်သား စုံထောက်ပဲ၊ ဒီတော့ ကျုပ်ကို ဖမ်းဖို့ ဝရမ်း မရှိဘူး၊ ခု ခင်ဗျား လုပ်ပုံဟာ ဥပဒေမဲ့ရာလည်း ရောက်တယ်၊ စော်ကားရာ လည်း ရောက်တယ်ဗျ'

'မှန်ပါတယ်ဗျာ'

'ဂျာမန် နိုင်ငံခြားသား တစ်ယောက်ကို ပြန်ပေးဆွဲတယ်ပေါ့'

'ပြီးတော့ သူ့ရဲ့ ကိုယ်ရေးကိုယ်တာ စာရွက် စာတမ်းတွေကို ခိုးတယ် ဆိုပါတော့'

'ဒီလိုဆိုရင် ခင်ဗျားတို့ လုပ်တာကို ခင်ဗျားတို့ ကောင်းကောင်း သိ တယ်ပေါ့၊ ခင်ဗျားရယ်၊ ဟောဒီက ခင်ဗျားရဲ့ ကြံရာပါရယ်၊ ရွာထဲကို ဖြတ် သွားလို့ ကျုပ် အော်ဟစ် အကူအညီ တောင်းရင် ...'

'မိတ်ဆွေကြီးရယ်၊ ခင်ဗျား ဒီလောက်တောင် မိုက်မဲမယ် ဆိုရင်တော့ ခင်ဗျား မှားမှာပေါ့၊ ကျုပ်တို့ ရွာကလေးတွေက ထမင်းဆိုင်ကလေးတွေမှာ နာမည်က ရှားနေတာ၊ စောက်ထိုး ဆွဲထားသော ဂျာမန် ထမင်းဆိုင် ဆိုတဲ့ နာမည် တစ်ခု တိုးအောင် လုပ်သလို ဖြစ်နေမှာပေါ့၊ သတိထားပါ၊ အင်္ဂလိပ် လူမျိုးဟာ အင်မတန် စိတ်ရှည်တဲ့ လူမျိုးပါ၊ ဒါပေမဲ့ ခုအခါမှာတော့ အင်္ဂလိပ်



တွေ တော်တော် စိတ်ဆိုးနေကြတယ်ဗျ၊ ဒီတော့ ခင်ဗျား သူတို့ကို သိပ် သွားစ မနေနှင့်၊ ကျုပ်တို့နှင့် ငြိမ်ငြိမ် လိုက်လာပြီး စကော့တလန်ယာဒ်ကိုသာ ငြိမ်ငြိမ် လေး လိုက်ခဲ့ပေတော့၊ အဲဒီ ရောက်တော့မှ အတွင်းဝန် ဗွန်ဟာလင်းကို ခေါ်ပြီး ခင်ဗျား အတွက် ကြိုတင် ငှားထားတဲ့ သံတမန် အခန်းတွေမှာ မနေနိုင်တော့ ဘူး ဆိုတာကလေးကို အကြောင်းကြားလိုက်ပေါ့၊ ကဲ အိုင်ဆေး ဝပ်ဆင်ရေ၊ ခင်ဗျားလည်း ကျုပ်နှင့် အတူ လိုက်မှာ ဆိုတော့ လန်ဒန်ကို ရောက်မှာပါ၊ ဟောဒီ မြက်ခင်းပေါ်မှာ ရပ်စမ်းပါဦးဗျာ၊ ဒီအကြိမ်ဟာ ကျုပ်တို့ နောက်ဆုံး အေးအေးဆေးဆေး တွေ့ရတဲ့ အကြိမ် ဖြစ်ချင် ဖြစ်မှာ'

မိတ်ဆွေ နှစ်ယောက်သည် မိနစ် အတန်ကြာမျှ စကား ပြောဆိုလျက် ရှိကြလေ၏။ သူတို့၏ အကျဉ်းသမားက ကြိုးများကို ဖြေရန် ကြိုးစားနေစဉ်တွင် သူတို့ နှစ်ယောက်သည် ရှေးဟောင်း နှောင်းဖြစ်များကို ပြောဆိုလျက် ရှိကြလေ ၏။ မော်တော်ကားဆီသို့ တိတ်ဆိတ်စွာ လျှောက်လာခဲ့ကြသည့် အခါတွင် ရှားလော့ဟုမ်းက အလင်းရောင် ဖိတ်ဖိတ်လက်နေသည့် ပင်လယ်ပြင်ကို လက် ညှိုး ထိုးပြလိုက်ပြီးနောက် ခေါင်းကို ဖြည်းညင်းစွာ ယမ်းလျက် ရှိလေ၏။

'အိုင်ဆေးရေ၊ အရှေ့လေ တိုက်နေပါလားဗျို့'

'အရှေ့လေ မဟုတ်ဘူး ထင်ပါတယ်၊ နွေးနေသားပဲ'

'သြော် ဖြစ်မှ ဖြစ်ရလေ ကိုယ့်လူရယ်၊ အမြဲ ပြောင်းနေတဲ့ ခေတ်ကြီး မှာ ခင်ဗျားကတော့ တစ်နေရာတည်းမှာ ကျောက်ချ ရပ်နေပြီး အပြောင်းအလဲ မရှိဘဲကိုး၊ ခု အရှေ့လေ တိုက်နေတယ်ဗျ၊ ဒီလို လေမျိုးဟာ အင်္ဂလန်ပြည်မှာ တစ်ခါမှ မတိုက်ဖူးဘူး၊ လေကတော့ တော်တော် ပြင်းပြီး တော်တော် အေးမယ့် လေပဲ၊ လေပြင်းကြီး မတိုက်ခင် ကျုပ်တို့လည်း ခံမှ ခံနိုင်ပါဦးမလား မသိဘူး၊ သို့သော်လည်း ဒီလေက ဘုရားသခင်က မှုတ်ထုတ်လိုက်တဲ့ လေပါလေ၊ မုန် တိုင်းကြီး ပြီးသွားလို့ ရှိရင် နေရောင်ခြည်ထဲမှာ ကျုပ်တို့ တိုင်းပြည်ဟာလည်း ပိုသန့်ရှင်း ပိုသာယာ ပိုအားကောင်းတဲ့ တိုင်းပြည် တစ်ပြည် ဖြစ်လာတော့မှာ ပါ၊ ကဲ သွားစို့ဗျို့ အိုင်ဆေး၊ အချိန်တောင် တော်တော်ကလေး နှောင်းသွားပြီ၊ ကျုပ်လည်း စာစာစီးစီး ဘဏ်တိုက်ကို သွားပြီး ပေါင်ငါးရာ ထုတ်ရဦးမယ်၊ အဆင်မသင့်လို့ ချက်လက်မှတ် ပိုင်ရှင်က ပြန်ပြီး ရပ်သိမ်းလိုက်မှဖြင့် ဒုက္ခ

[မူရင်းဝတ္ထု *His Last Bow*. ရှေ့ဥဒေါင်း၏ စုံထောက် ဦးစံရွှေ ဝတ္ထုများ ၌ ရှာမတွေ့။]

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ တစ်ဝန်းလုံးမှ သူ့ စာဖတ် ပရိသတ်များက
ယနေ့ထက်တိုင် အသက် ထင်ရှား ရှိနေဆဲဟု မှတ်ယူပြီး
သူ နေထိုင်ရာ ၂၂၁ ဘီ၊ ဘေကာလမ်း၊ လန်ဒန်မြို့သို့
စာတတန် ပေတတန် ဆက်သွယ်ခြင်း ခံနေရသေးသည့်
ကမ္ဘာကျော် စုံထောက်ကြီး ရှားလော့ဟုမ်းနှင့်
သူ့မိတ်ဆွေ ဒေါက်တာ ဝပ်ဆင်တို့၏
မရိုးနိုင်သော ဂန္ထဝင်မြောက် လျှို့ဝှက်သည်းဖို စုံထောက် ဝတ္ထုတိုများ

## ရှားလော့ဟုမ်း၏ မှတ်တမ်းများ
## ရှားလော့ဟုမ်း ပြန်လာပြီ
## ရှားလော့ဟုမ်း၏ စွန့်စားခန်းများ
## ရှားလော့ဟုမ်း၏ အမှုတွဲများ
## ရှားလော့ဟုမ်း၏ နောက်ဆုံး ဦးညွတ်ခြင်း
## ရှားလော့ဟုမ်း၏ သည်းထိတ်ရင်ဖို
## [မြသန်းတင့် မြန်မာပြန်သည်။]

ကမ္ဘာ့ ဘာသာ အသီးသီးသို့ ပြန်ဆိုပြီး ဖြစ်သော
ရှားလော့ဟုမ်း စုံထောက် ဝတ္ထုတိုများကို
မူရင်း အတိုင်း ပြည့်ပြည့်စုံစုံ အရသာမပျက် ပြန်ဆိုချက်များ

စာမူ ခွင့်ပြုချက်များ
(၅၀၁၁၂၂၀၈၀၉၊ ၅၀၁၃၅၇၀၉၀၉၊ ၅၀၁၅၇၅၁၀၀၉၊ ၅၀၁၆၂၃၁၁၀၉၊ ၅၀၁၅၃၂၁၀၀၉၊ ၅၀၁၇၇၁၁၂၀၉)

ဘဝတက္ကသိုလ် စာပေမှ ဆက်တိုက် ထွက်နေပြီ။

www.burmeseclassic.com